အတွဲ (၁)

# ကမ္ဘာနဲ့ သတ္တဝါအစ
# ယဉ်ကျေးမှုအစ



ရုပ်စုံ
အခြေခံသမိုင်း
(ဦးနု)




**စကြာဝဠာ**

နေနဲ့ နေကိုလှည့်ပတ်နေတဲ့ (ဒီကမ္ဘာအပါအဝင်) ဂြိုဟ်တွေ

# ရုပ်ဝိုအခြေခံသမိုင်း

ပြုစုရေးသားသူ-ဦးနု

## အတွဲ - ၁

ကမ္ဘာနဲ့ သတ္တဝါအစ၊
ယဉ်ကျေးမှု အစ၊
(အီဂျစ်နဲ့ အနောက်အာရှ)

အောင်လောက စာပဒေသာ ၂-(ပထမတွဲ)

ထုတ်ဝေသူ - မောင်အောင်
အောင်လောက စာပေဒေသာ
၁၅၀ - ၄၅ လမ်း၊ ရန်ကုန်မြို့။
မှတ်ပုံတင် အမှတ် (၀၅၄၄)

ပထမနှိပ်ခြင်း အုပ်ရေ - ၅,၀၀၀
၁၉၆၈ ခုနှစ်

ပုံနှိပ်သူ - ဦးဘကျော်
ကုသလဝတီပုံနှိပ်တိုက်
၆၀ - ရေကျော်လမ်း၊ ရန်ကုန်မြို့။
မှတ်ပုံတင် အမှတ် (၀၀၂၂)

# ရုပ်စုံအခြေခံသမိုင်း

ပြုစုရေးသားသူ–ဦးနု

## အတွဲ-၁

ကမ္ဘာနဲ့ သတ္တဝါအစ၊
ယဉ်ကျေးမှု အစ၊
(အီဂျစ် နဲ့ အနောက်အာရှ)

အောင်လောက စာပဒေသာ ၂-(ပထမတွဲ)

ထုတ်ဝေသူ - မောင်အောင်
အောင်လောက စာပဒေသာ
၁၅၀-၄၅ လမ်း၊ ရန်ကုန်မြို့။
မှတ်ပုံတင် အမှတ် (၀၅၄၄)

ပထမနှိပ်ခြင်း အုပ်ရေ- ၅,၀၀၀
၁၉၆၈ ခုနှစ်

ပုံနှိပ်သူ - ဦးဘကျော်
ကုသလဝတီပုံနှိပ်တိုက်
၆၀-ရေကျော်လမ်း၊ ရန်ကုန်မြို့။
မှတ်ပုံတင် အမှတ် (၀၀၂၂)

# တင်ဆက်လွှာ

တိုင်းသူပြည်သား၊ ရှင်လူများအတွက်၊
အထူးသဖြင့်၊ ကျောင်းများတက္ကသိုလ်များတွင်
အထက်တန်းပညာကို မသင်ခဲ့ရဘူးသူများအတွက်
"ကျဲရုပ်စုံ **အခြေခံသမိုင်း**"ကို၊ မေတ္တာရှေ့ထား၍
လေးစားစွာတင်ဆက်လိုက်ခြင်းဖြစ်ပါသည်။

လိုက သိမ်းပါ။ သမိုင်းစာအုပ်များနဲ့ သမိုင်းအကြောင်းကို၊ကျွန်တော် စပြီးရေးထားတဲ့ စာရွက်များကို ပြန်လိုချင်တယ်၊ တတ်နိုင်ယင် ဒါတွေကိုပြန်ရအောင် ဆောင်ရွက်ပေးပါလို့၊ ကိုခင်ဇော်နဲ့ မစောရင်တို့ကို ကျွန်တော်ပြောတယ်။ ပဲခူးတိုင်းမင်းကြီး မစ္စတာ-စွင်သင်ဘင့်ကို ဒီအကြောင်းပြောပါ့မယ်လို့ သူတို့တာဝန်ယူသွားကြတယ်။

သူတို့ပြန်သွားပြီး မကြာခင် ပဲခူးတိုင်းမင်းကြီး၊ မစ္စတာ- စွင်သင်ဘင့် ထောင်ထဲကိုအလယ်လာတယ်။သမိုင်းစာအုပ်တွေအကြောင်း ကျွန်တော့်ကိုမေးတယ်။ ကျွန်တော်က အကြောင်းစုံ ပြောပြတဲ့အခါ သမိုင်းရေးတာကို တားဘို့မကောင်းဘူးလို့ပြောသွားပြီး၊ သူလဲ အပြင်ဘက်မှာ ကြိုးစားပါသေးတယ်။ စစ်ရိပ်စစ်ငွေ့တွေဟာ အရှေ့တောင်အာရှတိုက်ဘက်မှာ၊ တနေ့တခြားပိုမို ပြင်းထန်လာတာကြောင့်၊ သူလဲ ဆက်ပြီးမကြိုးစားနိုင်တော့ဘူး၊ လက်လျှော့လိုက်ရတယ်။

အထိန်းသိမ်းခံရတဲ့ဘဝက၊ လွတ်မြောက် လာပြန်ပါတော့လဲ နိုင်ငံရေးလုပ်ငန်းတွေကို တခုပြီးတခု ဆက်ပြီး လုပ်နေရတဲ့ အ တွက်၊ ကျွန်တော် အမတန်ရေးချင်နေတဲ့ သမိုင်းကိုဆက်ရေးဘို့ အခွင့်မရခဲ့ဘူး။

၁၉၆၂-ခု၊ မတ်လထဲမှာ တော်လှန်ရေးအစိုးရတို့ရဲ့ ထိန်းသိမ်းတာကိုခံရပြန်တဲ့အခါ၊ ကျွန်တော် အမတန် ရေးချင်နေတဲ့ သမိုင်းကို ရေးသားဘို့ အခွင့်ကောင်းတခုကို ကျွန်တော်ရခဲ့တယ်။

သမိုင်းရေးမယ်ဆိုယင်၊ မှီငြမ်းပြုဘို့စာအုပ်တွေ လိုလိမ့်မယ်။ အဲဒါကြောင့် မှီငြမ်းစာအုပ်တွေကို ရနိုင်သလောက်ရှာဖွေပြီး ပို့လိုက်စမ်းပါလို့ သမီးကြီး မိစန်းနဲ့ သားငယ်မောင်အောင်ကို မှာလိုက်တဲ့အတွက်၊ သမိုင်းမှီငြမ်းစာအုပ်တွေကိုပို့လိုက်ကြတယ်။

အဲဒီစာအုပ်တွေထဲက၊ ရှပ်စုံအခြေခံသမိုင်း အတွဲ(၁)အတွက် မှီငြမ်းပြုခဲ့တဲ့ စာအုပ်စာရင်းကို၊ ဒီစာအုပ်ရဲ့ နောက်ပိုင်း စာမျက်နှာ ၃၃၄ မှာ ဖော်ပြထားပါတယ်။

ဝန္ဒာမိ ရတနတ္တယေ၊ ဝန္ဒာမိ မာတာပိတရေ။
ဝန္ဒေမဟံ အာစရိယေ၊ မေ ဘဝန္တု သဒါသုခီ။

ရတနာသုံးပါးကို ရှိခိုးပါ၏။ မိဘ နှစ်ပါးကို ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။ ဆရာသမားများကို ရှိခိုးပါကုန်၏။ အကျွန်ုပ်အား ကိုယ်စိတ်နှစ်ဖြာ၊ အခါခပ်သိမ်း ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း။

# နိဒါန်း

သမိုင်းထဲမှာ၊ စိတ်တက်ကြွစရာတွေ၊ ရှောင်ရှားစရာတွေ၊ အတုယူစရာတွေ ပြည့်နှက်နေအောင်ပါတယ်။ ဒါတွေကို သမိုင်းရဲ့ သင်ခန်းစာတွေလို့ခေါ်တယ်။ ဒီသင်ခန်းစာတွေကို၊ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ၊ အထူးသဖြင့် နောင်တခေတ်မှာ ခေါင်းဆောင်ဖြစ်မယ့်လူငယ်တွေ ဖတ်ရယင်၊ အများကြီးအကျိုးရှိလိမ့်မယ်လို့၊ ကျွန်တော် အထူး ယုံကြည်တယ်။

ဒီယုံကြည်ချက်နဲ့၊ အခြေခံသမိုင်းတစောင်ရေးဘို့၊ ၁၉၄၀-ခုနှစ်မှ ၁၉၄၂-ခုနှစ်အထိ၊ အင်္ဂလိပ်အစိုးရတို့ရဲ့အထိန်းသိမ်းကိုခံနေရစဉ်အတွင်း၊ ကျွန်တော်ကြိုးစားခဲ့ပါတယ်။ အခြေခံသမိုင်းကို ရေးလို့ အတော်ကလေး အရှိန်ရလာတဲ့အခါ၊ ကျွန်တော်တို့ကို ဖမ်းထားတဲ့ အင်းစိန်ထောင်တွင်းရှိ၊ နိုင်ငံရေးအကျဉ်းသမားအားလုံးဆီက စာအုပ်စာတန်းနဲ့တကွ၊ ရေးပြီးသားစာရွက်တွေအားလုံးကို အာဏာပိုင်များက သိမ်းယူသွားပါတယ်။

များမကြာခင်၊ ကောလိပ်ကျောင်းနေဘက် သူငယ်ချင်းတဦးဖြစ်တဲ့ ကိုခင်ဇော်နဲ့ ဇနီး မစောရင်တို့ ကျွန်တော်နဲ့တွေ့ရအောင်၊ ထောင်ကို အလယ်လာကြပါတယ်။ ကျွန်တော်ပိုင် တခြားစာအုပ်များကို သိမ်း

လိုက သိမ်းပါ။ သမိုင်းစာအုပ်များနဲ့ သမိုင်းအကြောင်းကို၊ကျွန်တော် စပြီးရေးထားတဲ့ စာရွက်များကို ပြန်လိုချင်တယ်၊ တတ်နိုင်ယင် ဒါတွေ ကိုပြန်ရအောင် ဆောင်ရွက်ပေးပါလို့၊ ကိုခင်ဇော်နဲ့ မစောရင်တို့ကို ကျွန်တော်ပြောတယ်။ ပဲခူးတိုင်းမင်းကြီး မစ္စတာ-စွင်သင်ဘင့်ကို ဒီအ ကြောင်းပြောပါ့မယ်လို့ သူတို့ တာဝန်ယူသွားကြတယ်။

သူတို့ပြန်သွားပြီး မကြာခင် ပဲခူးတိုင်းမင်းကြီး၊ မစ္စတာ- စွင် သင်ဘင့် ထောင်ထဲကိုအလယ်လာတယ်။သမိုင်းစာအုပ်တွေအကြောင်း ကျွန်တော့်ကိုမေးတယ်။ ကျွန်တော်က အကြောင်းစုံ ပြောပြတဲ့အခါ သမိုင်းရေးတာကို တားဘို့မကောင်းဘူးလို့ပြောသွားပြီး၊ သူလဲ အပြင် ဘက်မှာ ကြိုးစားပါသေးတယ်။ စစ်ရိပ်စစ်ငွေ့တွေဟာ အရှေ့တောင် အာရှတိုက်ဘက်မှာ၊ တနေ့တခြားပိုမို ပြင်းထန်လာတာကြောင့်၊ သူလဲ ဆက်ပြီးမကြိုးစားနိုင်တော့ဘူး၊ လက်လျှော့လိုက်ရတယ်။

အထိန်းသိမ်းခံရတဲ့ဘဝက၊ လွတ်မြောက် လာပြန်ပါတော့လဲ နိုင်ငံရေးလုပ်ငန်းတွေကို တခုပြီးတခု ဆက်ပြီး လုပ်နေရတဲ့ အ တွက်၊ ကျွန်တော် အမတန်ရေးချင်နေတဲ့ သမိုင်းကိုဆက်ရေးဘို့ အခွင့်မရ ခဲ့ဘူး။

၁၉၆၂-ခု၊ မတ်လထဲမှာ တော်လှန်ရေးအစိုးရတို့ရဲ့ ထိန်းသိမ်း တာကိုခံရပြန်တဲ့အခါ၊ ကျွန်တော် အမတန် ရေးချင်နေတဲ့ သမိုင်းကို ရေးသားဘို့ အခွင့်ကောင်းတခုကို ကျွန်တော်ရခဲ့တယ်။

သမိုင်းရေးမယ်ဆိုယင်၊ မှီငြမ်းပြုဘို့စာအုပ်တွေ လိုလိမ့်မယ်။ အဲဒါကြောင့် မှီငြမ်းစာအုပ်တွေကို ရနိုင်သလောက်ရှာဖွေပြီး ပို့လိုက် စမ်းပါလို့ သမီးကြီး မိစန်းနဲ့ သားငယ်မောင်အောင်ကို မှာလိုက်တဲ့ အတွက်၊ သမိုင်းမှီငြမ်းစာအုပ်တွေကိုပို့လိုက်ကြတယ်။

အဲဒီစာအုပ်တွေထဲက၊ ရုပ်စုံအခြေခံသမိုင်း အတွဲ(၁)အတွက် မှီငြမ်းပြုခဲ့တဲ့ စာအုပ်စာရင်းကို၊ ဒီစာအုပ်ရဲ့ နောက်ပိုင်း စာမျက်နှာ ၃၃၄"မှာ ဖော်ပြထားပါတယ်။

လေးနှစ်ကျော်ကျော်လောက်၊ အထိန်းသိမ်း ခံနေရတဲ့အထဲက နှစ်နှစ်ခွဲလောက် အတွင်းမှာ၊ လောကုတ္တရာ စာပေ များကို ဘတ်ပြီး 'အမြတ်ဆုံးသုံးဆူ'၊'အမြတ်ဆုံးရွှေပြည်'၊ 'အမြတ်ဆုံး အောင်နိုင်ခြင်း' ဆိုတဲ့ လောကုတ္တရာ ကျမ်းသုံးစောင်ကိုလဲ ရေးနိုင် ခဲ့ တယ်။ ဘာသာ ရေးဝတ္ထု သုံးပုဒ်ကိုလဲ ရေးနိုင်ခဲ့တယ်။နောက် နှစ်နှစ်လောက်အတွင်း မှာ အခြေခံသမိုင်းကို အတော်အတန်ရေးနိုင်ခဲ့တယ်။ အထိန်းသိမ်းခံ ဘဝက လွတ်မြောက် လာ တဲ့ အခါ၊ ကျန် အပိုင်းများကို ဆက် ရေး ရတယ်။

ဒီသမိုင်းကို ဘာကြောင့်အခြေခံသမိုင်းလို့ ခေါ်ရသလဲ။ ကမ္ဘာ့ သမိုင်းဆိုတာ၊ အမတန် ရှည်လျားတယ်။ ကမ္ဘာ့သမိုင်းကို ပြည့်ပြည့် စုံစုံရေးမယ်ဆိုယင်၊ သမိုင်းဆရာ ၃၀ ခလောက် ပါဝင်တဲ့ အဖွဲ့ဟာ၊ အနဲဆုံး ၁၀ နှစ် လောက် ရေးရမယ်။ အခုလို ကမ္ဘာ့ သ မိုင်း ကြီး တစောင်လောက် ပေါ်လာ နိုင် မယ် ဆို ယင်၊ ပြည်ထောင်စု အတွက် အများကြီး အကျိုးရှိမယ်။ ကျွန်တော်ရေးတဲ့ သမိုင်း ကတော့၊ အဲဒီ လောက်အထိ ကျယ်ပြန့်တဲ့သမိုင်းမျိုး မဟုတ်ပါဘူး။ ကမ္ဘာ့ သမိုင်း ဆိုတာဘာလဲလို့ မြှော်ကြည့်နိုင်ရုံလောက်၊ အခြေခံ ကလေး ပေး မဲ့ စာအုပ်ဖြစ်ပါတယ်။ အဲဒါကြောင့်၊ ဒီသမိုင်းကို **အခြေခံသမိုင်း** လို့ ခေါ်ထားတာဖြစ်ပါတယ်။ အဲဒီ သမိုင်းထဲမှာ သက်ဆိုင်ရာ ရုပ်ပုံ ဓာတ်ပုံ၊ မြေပုံများကိုလဲ တတ်နိုင်သလောက် ထည့်သွင်းဖေါ်ပြထားမှာ၊ ဖြစ်တဲ့ အတွက်၊ **ရုပ်စုံ အခြေခံသမိုင်း** လို့၊ ထပ်မံပြီး အမည်ပေးထား ခြင်းဖြစ်ပါတယ်။

ဒီသမိုင်းဟာ ကျွန်တော်ရေးပြီးတဲ့အချိန်မှာ တွင်းထဲကတူးပြီး ခါစ ကျောက်တုံးအကြမ်းကြီးလို ဖြစ်နေသေးတယ်။ ဒီ ကျောက် တုံး ကြမ်းကြီးကို လူတွေသုံးစွဲနိုင်တဲ့ ဘဝရောက်အောင် အတော်ပြုပြင်ယူရ သလို၊ ကျွန်တော်ရေးတဲ့သမိုင်းကိုလဲ စက်ပေါ်တင်နိုင်တဲ့ဘဝကို ရောက် လာအောင် အတော်ပြုပြင်ယူရပါတယ်။ အသေးအဖွဲ့ကလေး တွေ ပါ မကျန်၊ များစွာအပင်ပန်းခံပြီး ပြုပြင်ပေးတဲ့၊ စာပေဗိမာန် အုပ် ချုပ် ရေးမှူးဟောင်း ဦးစံထွားကို အထူး ကျေးဇူးတင်ကြောင်း ဒီနေရာမှာ မှတ်တမ်းတင်ထားလိုပါတယ်။

ပန်းချီ ပုံဆွဲတာဝန်ယူတဲ့ ဦးဘသန့်ကိုလဲ၊ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ထားလိုပါတယ်။

အဖက်ဖက်က ဝိုင်းဝန်း ကူညီကြပြီး၊ နံမယ် မဖော်လိုကြတဲ့ ပညာရှင်များကိုလဲ ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါတယ်။

သမိုင်းကိုရေးတဲ့အခါ သားသမီးများကို ပုံပြောသလိုရေးထား ပါတယ်။

ဒီသမိုင်းကို ဖတ်သူတွေဟာ၊ သမိုင်းရဲ့သခ်ဏ်းစာတွေကို ရသင့် သလောက် ရနိုင်ကြသည်ဖြစ်၍၊ ပြည်ထောင်စုရဲ့ အကျိုးကို သယ်ပိုး ရွက်ဆောင် နိုင်ကြပါစေသော်။

မောင်နု။
၁၉-၇-၆၇။

# အမှာစကား

ရုပ်စုံအခြေခံသမိုင်းကို ရေးတဲ့နေရာမှာ၊ သမိုင်း ဖြစ်စဉ်တွေကို **ကမ္ဘာသုံးသက္ကရာဇ်**နဲ့ပဲ၊ ဖော်ပြထားတယ်။ ကမ္ဘာသုံး သက္ကရာဇ်ဟာ၊ ခရစ် ဖွားမြင် တဲ့ နှစ် က စ ပြီး ရေတွက်တယ်။ ဘီစီ၊ အေဒီ ဆိုတာကို အခဏ်း ၂ အဆုံးမှာ ရှင်းပြထားတယ်။ သမိုင်းဖြစ်ရပ်တခုခုကို၊ ဗမာ သက္ကရာဇ်အရ သိလိုတဲ့အခါ၊ ခရစ်သက္ကရာဇ် နဲ့ ဗမာသက္ကရာဇ် ကွာခြားတဲ့ (၁၉၆၇-၁၃၂၉)=၆၃၈-နှစ်ကို အဲဒီကမ္ဘာသုံး သက္ကရာဇ်မှ နုတ်လိုက်ယင်၊ အလွယ်တကူ ရနိုင်ပါတယ်။

ရှေးခေတ်သမိုင်း အကြောင်းရပ် တချို့ရဲ့ ခုနှစ်သက္ကရာဇ် နဲ့ ပတ်သက်ပြီး၊ သမိုင်းဆရာအချင်းချင်း သဘောကွဲလွဲမှုတွေ ရှိကြတယ်။ ရုပ်စုံအခြေခံသမိုင်း အတွဲ(၁)ရဲ့ခုနှစ်သက္ကရာဇ်တွေဟာ၊ ဂျွန်-ဟမ္မာတန် တည်းဖြတ်ပြီး၊ ၁၉၃၇ ခုနှစ် နယူးယောက်မြို့၊ဒဗလျူ-အိတ်-ဝိုက်ကုမ္ပဏီ က ထုတ်ဝေခဲ့တဲ့ 'ရုပ်စုံကမ္ဘာ့သမိုင်းသစ်'က ယူထားခြင်း ဖြစ်ပါတယ်။ (စာမျက်နှာ ၃၃၄၊ မှိုင်ခြမ်းစာအုပ်-အမှတ် ၁၇။)

**အောက်ခြေမှတ်စုမှာ** (က) အသံလှယ်စကား နဲ့ ဝေါဟာရ တွေကို ဖော်ပြ ထား တယ်။ အင်္ဂလိပ် အခေါ်အဝေါ်ပေါ်မှာ မူတည် ထားတဲ့အတွက်၊ မူတည်ထားတဲ့ **အင်္ဂလိပ်စကား** တွေကို ပေး ထား တယ်။ အင်္ဂလိပ်အခေါ်အဝေါ်ပေါ်မှာ မူတည်ထားတယ်လို့ဆိုပေတဲ့လဲ၊ ဗမာလူထုက လက်ခံ ထားပြီးဖြစ်တဲ့ နိုင်ငံခြားစကား အသံလှယ်တွေ ကိုတော့၊ လက်ခံထားပြီးဖြစ်တဲ့အတိုင်းပဲ ထားတယ်။

**ပုံစံ**—Mediterranean Sea = မြေထဲပင်လယ်။
Asia = အာရှ။
Christ = ခရစ်။
The Jews = ရေဝတီလူမျိုး။

အင်္ဂလိပ်စကားကို ဖတ်တဲ့ပြောတဲ့အခါ၊ နောက်ဆုံးအက္ခရာကို လေးနက်စွာ ဖတ်မှ ပြောမှ ပီသတယ်။ ဗမာစကား ဖတ်တဲ့ ပြောတဲ့ အခါကျတော့ ဒီလိုမဟုတ်ဘူး။ အဲဒါကြောင့်၊ ဗမာစကားမှာမရှိတဲ့၊ နောက်ဆုံး အက္ခရာသံတွေကို ထဲ့မပြတော့ဘူး။ **ဗ မာ နှုတ် နဲ့ ပြော လွယ်အောင်ပဲ အနီးဆုံး အသံလှယ်**ထားတယ်။

အသံထွက်မှန်နိုင်သလောက်မှန်အောင်လဲ၊ စာအုပ်နောက်ပိုင်း အက္ခရာစဉ် အညွှန်းမှာ၊ အသံထွက် ပေးထားလေ့ရှိတဲ့ ကမ္ဘာ့သမိုင်း စာအုပ်တွေနဲ့ရော၊ သမိုင်းဝင်နာမည်ကြီးတွေရဲ့ အသံထွက်တွေပါတဲ့ အင်္ဂလိပ်အဘိဓာန်တွေနဲ့ရော၊ **စစ်ဆေးပြီး အသံလှယ်**ကို ညှိထားပေး တယ်။ သို့သော် ဘာသာခြားအခေါ်အဝေါ်ဟာ၊ တဦးရဲ့နားမှာ ကြား ရတဲ့အသံနဲ့ အခြားတဦးရဲ့ နားမှာ ကြားရတဲ့အသံ မတူပဲ၊ ကွဲပြား နေတတ်တဲ့အတွက်၊ အင်္ဂလိပ်ကျမ်းတွေမှာရော၊ ဗမာကျမ်းတွေမှာပါ၊ **ကြောင်းတူ သံကွဲ**များ တွေ့ရတတ်တယ်။

တဖန် ကြားရတဲ့ အသံတမျိုးတဲကိုပဲ၊ သတ်ပုံအမျိုးမျိုးနဲ့ ရေးနိုင် သေးတဲ့အတွက်၊ **ကြောင်းတူ သတ်ပုံကွဲ**တွေကိုလဲ တွေ့ ရ တတ် တယ်။

**ဝေါဟာရ**တွေကို၊ စာပေဗိမာန်ထုတ် ဝေါဟာရဘဏ်ရှိ ဝေါ ဟာရတွေနဲ့ ညှိထားပေးတယ်။

(ခ) ဗဟုသုတကိုလိုကြွယ်ဝလိုတဲ့ စာဖတ်ပရိသတ်အဖို့၊ သမိုင်း အကြောင်းရပ်တခုခုနဲ့ စပ်လျဉ်းပြီး၊ ထွေထွေထူးထူး၊ ထပ်မံလေ့လာ လိုသေးယင်၊ ဆက်လက်ပြီး နှိုက်နှိုက်ချွတ်ချွတ် လေ့လာနိုင်ရအောင်၊ **မြန်မာ့စွယ်စုံကျမ်း**ကို ရည်ညွှန်းပြီး၊ ဘယ်အတွဲ၊ ဘယ်မျက်နှာမှာ ဖတ်ရှု နိုင်သေးတယ်ဆိုတာကိုလဲ (ကွင်းပိတ်နဲ့) ဖော်ပြထားတယ်။

အဲဒါအပြင်လဲ၊ 'စာလုံးတသောင်း၊ ရုပ်ကောင်းတခု'ဆိုတာလို၊ ရုပ်စုံအခြေခံသမိုင်းကို လေ့လာတဲ့အခါ၊ ကွက်ကွက် ကွင်းကွင်း သိ မြင် မှတ်သားစေလိုတဲ့ စေတနာနဲ့ **ရုပ်ပုံပေါင်း မြောက်မြားစွာ**ကို ရှာဖွေ ထည့်သွင်းထားပါတယ်။ ပုဂ္ဂိုလ် အကြောင်းရပ် ရုပ်ပုံအမှတ်ကို သူ့ နေရာနဲ့သူ၊ စာကိုယ်ထဲမှာပဲ (ကွင်းပိတ်နဲ့) ဖော်ပြထားပေတဲ့၊ စာအုပ် အကွက်ရိုက်တဲ့အခါမှာဘော့၊ ရှုချင်စဖွယ်ဖြစ်အောင်လဲ၊သင့်တော်သလို နေရာချထားပေးရတယ်။

သမိုင်းဖြစ်ရပ်တွေဟာ၊ ဘယ်တိုင်းပြည်ဘယ်ဒေသမှာ၊ ဖြစ်ပျက် ခဲ့တယ်ဆိုတာ၊ သဲသဲကွဲကွဲသိနိုင်ရအောင်လဲ၊ လိုအပ်တဲ့ နေရာတိုင်းမှာ **မြေပုံ**ရေးဆွဲ ထည့်သွင်းယားပါတယ်။

အခဏ်းတခဏ်း ပြီးဆုံးတိုင်း၊ အခဏ်းမှာပါတဲ့ အကြောင်းအချက်တွေထဲက၊ 'အခွံကိုခွာ၊ အကာကိုပစ်၊ အနှစ်ကိုယူ' နိုင်ဘို့လဲ **မှတ်စရာ…ခု**၊ ဂရုပြုဆိုပြီး၊ ဘောင်ခတ်ပြထားပါတယ်။

ခု-သက္ကရာဇ်အလိုက်၊သမိုင်းစဉ်ကိုလေ့လာလိုယင်၊**ရစ်စုံအခြေခံသမိုင်း ပြက္ခဒိန်**ကို ကြည့်ပါ။

ခေတ်ကာလ အသီးသီးမှာ၊ စင်ပြိုင်ထွန်းကားနေတဲ့ တိုင်းပြည်နိုင်ငံတွေကို၊ ရှင်းရှင်းလင်းလင်းဖြစ်ရအောင် လေ့လာလိုတဲ့အခါ၊ **အချိန်ဇယား**ကို ရှုပါ။

အကြောင်းရပ်တခုခုကို စာအုပ်ထဲ ရှာဖွေလိုတဲ့အခါ၊ အလွယ်တကူ ရှာတွေ့ရအောင်၊ စာအုပ် နောက်ဆုံးပိုင်းမှာ ထည့်သွင်းထားတဲ့ **အက္ခရာစဉ်အညွှန်း**ကို အသုံးပြုပါ။

# ကျေးဇူးတင်လွှာ

ဓာတ်ပုံ၊ ရုပ်ပုံတွေကို၊ အောက်ပါ ကျမ်း တွေက ရ ရှိတဲ့ အတွက်၊ ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါတယ်။

## ရုပ်စုံအခြေခံသမိုင်း အတွဲ(၁)မှာ ပါတဲ့ ဓါတ်ပုံ၊ ရုပ်ပုံစာရင်း

၁။ မြန်မာ့စွယ်စုံကျမ်း (စာပေဗိမာန်)
ပုံ ၄၊ ၁၆၊ ၁၁၀၊ ၁၁၃၊ ၁၄၁

၂။ နှစ်ငါးဆယ် 'သိပ္ပံရေးရာ' (စာပေဗိမာန်)
ပုံ ၁၊ ၂၇

၃။ The Ancient World (R.B. Mowat & T. Kelly)
ပုံ ၃၁၊ ၃၉၊ ၄၁၊ ၅၁၊ ၆၆-က၊ ၁၀၃၊ ၁၃၀

၄။ The Pictorial History Book (Sampson Low)
ပုံ ၂၊ ၃၊ ၃၆

၅။ Man and His World (J. Mainwaring)
ပုံ ၂၂၊ ၁၂၃

၆။ General Zoölogy (T.I. Storer & R.L. Usinger)
ပုံ ၇၊ ၈၊ ၉၊ ၁၀၊ ၁၃

၇။ The Miracle of Life (edited by H. Wheeler)
ပုံ ၅၊ ၂၃၊ ၂၅

၈။ The Marvels and Mysteries of Science (E. Hawks)
မျက်နှာစာပုံ။

၉။ Britain's Food
ပုံ ၃၈၊ ၄၂

၁၀။ The New Practical Standard Dictionary
(C. E. Fung & Wagnall)
ပုံ ၁၁၊ ၁၂၈

၁၁။ LIFE Nature Library 'The Universe'
(by David Bergamini and the editors of LIFE)
ပုံ ၂၈

၁၂။ World History (Hayes, Moon, Wayland)
ပုံ ၄၇၊ ၆၄၊ ၇၆၊ ၈၆

၁၃။ Tutankhamen (Cristiane Desroches-Noble Court)
ပုံ ၄၈၊ ၄၉

၁၄။ The Adventure of Man (H. P. Happold)
ပုံ ၅၀၊ ၁၄၇

၁၅။ The World's Greatest Wonders (Home Library Club)
ပုံ ၅၄၊ ၇၂၊ ၁၃၉၊ ၁၄၀

၁၆။ Outlines of The World's History (Sanderson)
ပုံ ၅၆၊ ၈၈၊ ၉၀

၁၇။ The New Illustrated World History
(John Hammerton)
ပုံ ၅၉၊ ၆၀၊ ၆၈၊ ၆၉၊ ၇၀၊ ၈၇၊ ၉၆၊ ၁၄၅၊ ၁၄၈

၁၈။ The Epic of Man (by editors of LIFE)
ပုံ ၆၅

၁၉။ World History in Picture & Story
(M.R. Cumberledge)
ပုံ ၇၃၊ ၁၂၉၊ ၁၃၁၊ ၁၃၈-က

၂၀။ The World's History (Lane, Goldman, Hunt)
ပုံ ၁၀၅၊ ၁၁၉၊ ၁၄၉

၂၁။ The Outline of History (H.G. Wells)
ပုံ ၆၊ ၁၂၊ ၁၄၊ ၁၅၊ ၁၆-က၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၄၊
၃၀၊ ၃၂၊ ၃၃၊ ၃၇၊ ၇၄၊ ၈၅

၂၂။ Ancient Times—A History of the Early World
(J.H. Breasted)
ပုံ ၂၉၊ ၃၄၊ ၃၅၊ ၄၀၊ ၅၂၊ ၅၃၊ ၅၇၊ ၆၂၊ ၆၆၊ ၇၁၊ ၇၅၊ ၇၇၊
၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၉၊ ၉၅၊ ၁၀၀၊ ၁၀၈၊
၁၁၁၊ ၁၁၇၊ ၁၂၁၊ ၁၂၄၊ ၁၂၅၊ ၁၃၃၊ ၁၃၄၊ ၁၃၇၊ ၁၃၈၊
၁၄၄၊ ၁၅၀

၂၃။ The New Pictured Encyclopædia
(edited by Sir John Hammerton)
ပုံ ၂၆၊ ၂၆-က၊ ၅၀၊ ၆၁၊ ၆၃၊ ၆၆၊ ၆၇၊ ၉၄၊ ၁၀၄၊ ၁၀၆၊ ၁၀၉၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၀၊ ၁၂၀၊ ၁၂၂၊ ၁၃၅၊ ၁၃၆၊ ၁၄၃၊ ၁၅၁

၂၄။ The Historians' History of the World
(edited by H.S. Williams)
ပုံ ၄၆၊ ၉၁၊ ၉၂၊ ၉၃၊ ၉၇၊ ၉၀၊ ၉၉၊ ၁၀၁၊ ၁၀၂၊ ၁၀၇၊ ၁၁၂၊ ၁၂၆၊ ၁၂၇၊ ၁၃၂၊ ၁၄၂၊ ၁၄၆

## ရှစ်စုံအခြေခံသမိုင်း အတွဲ-၁ မှာပါတဲ့ မြေပုံစာရင်း

| | | စာမျက်နှာ |
|---|---|---|
| ၁ | ကမ္ဘာမှာ ဦးစွာပထမ ယဉ်ကျေးမှုအစပြုတဲ့ ဒေသတွေ.... | ၁၁၅ |
| ၂ | အီဂျစ်အင်ပိုင်ယာ .... | ၁၂၀ |
| ၃ | အနောက်အာရှ၊ မြေသြဇာကောင်းလှ၊ လခြမ်းဒေသ .... | ၁၇၃ |
| ၄ | အဆီးရီးယန် နဲ့ ဘက်ဘီလိုးနီးယန်အင်ပိုင်ယာ .... | ၂၀၂ |
| ၅ | ပယ်လက်စတိုင် (ဟီးဘရူးတွေရဲ့ဒေသ) .... | ၂၂၉ |
| ၆ | ဒုတိယ-ဟစ်တိုက် အင်ပိုင်ယာ .... | ၂၇၆ |
| ၇ | မီးဒီးယန်အင်ပိုင်ယာ .... | ၂၉၀ |
| ၀ | ပါရှန်အင်ပိုင်ယာ .... | ၃၁၂ |

# မာတိကာ

အခန်း စာမျက်နှာ


နိဒါန်း .... .... .... ဂ
အမှာစကား .... .... .... ဈ
ကျေးဇူးတင်လွှာ .... .... .... ဍ

## အပိုင်း (က) သမိုင်းမတင်မီခေတ်

### ၁။ ကမ္ဘာနဲ့သတ္တဝါအစ

သိပ္ပံပညာအရ၊ ကမ္ဘာကြီးဖြစ်ပေါ်လာပုံ .... .... ၂
သိပ္ပံပညာအရ၊ သတ္တဝါတွေဖြစ်ပေါ်လာပုံ .... .... ၇
သက်မဲ့ကပ်ကျောက်လွှာ .... .... .... ၁၃
သက်စကပ်ကျောက်လွှာ .... .... .... ၁၆
သက်ဦးကပ်ကျောက်လွှာ .... .... .... ၁၈
သက်လယ်ကပ်ကျောက်လွှာ .... .... .... ၂၁
သက်နှောင်းကပ်ကျောက်လွှာ .... .... ၂၃
လူဘယ်လိုဖြစ်လာသလဲ .... .... .... ၂၈
ရှေးဟောင်းသုတေသနဗေဒ .... .... .... ၄၀
ဘုရားဟောအရ၊ ကမ္ဘာနဲ့သတ္တဝါအစ
ကမ္ဘာကြီးဖြစ်ပေါ်လာပုံ .... .... .... ၆၃
သတ္တဝါတွေဖြစ်ပေါ်လာပုံ .... .... .... ၇၀

### ၂။ ကျောက်ခေတ်

ရှေးကျောက်ခေတ် .... .... .... ၈၀
အလယ်ကျောက်ခေတ် .... .... .... ၈၇
နှောင်းကျောက်ခေတ် .... .... .... ၉၄

## အပိုင်း (ခ) ရှေးဟောင်းခေတ် အီဂျစ် နဲ့ အနောက်အာရှ

### ၃။ အီဂျစ်။

ပထမပြည်ထောင်စု .... .... .... ၁၁၉
စိုက်ပျိုးရေး .... .... .... .... ၁၂၃
အစိုးရဆည်မြောင်းဌာန .... .... .... ၁၂၅

အခန်း စာမျက်နှာ


ဟစ်တိုက် အင်ပိုင်ယာ .... .... .... ၂၇၉
အုပ်ချုပ်ရေး .... .... .... .... ၂၀၂
တပ်မတော် .... .... .... .... ၂၀၄
လူမှုရေးရာ .... .... .... ၂၀၅
ပ-ဟစ်တိုက်အင်ပိုင်ယာ .... .... .... ၂၀၉
ဒု-ဟစ်တိုက်အင်ပိုင်ယာ .... .... .... ၂၉၀
ဘုရင်-ဖွပ်ပီလူးယူမား .... .... .... ၂၉၀

၁၀။ အနောက်အာရှ- အာရိယန်လူမျိုး
မီးဒီးယန် နဲ့ ပါရှန်အင်ပိုင်ယာ

(က) မီးဒီးယန်အင်ပိုင်ယာ .... .... .... ၂၉၇
ဇိုရိအက်စတာ .... .... .... .... ၂၉၉

(ခ) ပါရှန်သမိုင်း .... .... .... ၃၀၃
ဆိုင်းရပ်-ဘုရင်ခေတ် .... .... .... ၃၀၄
ပါရှန်အင်ပိုင်ယာနဲ့ ဒရိုင်းယပ်-ဘုရင် .... ၃၁၀
ပါရှန်အင်ပိုင်ယာ အုပ်ချုပ်ပုံစနစ် .... .... ၃၁၄
ဇပ်ဆီးဘုရင်နဲ့ ဆက်ခံတဲ့ဘုရင်တွေ.... .... ၃၂၁
ပါရှန်အင်ပိုင်ယာက ကျန်ရစ်တဲ့အမွေ .... ၃၂၄
ကမ္ဘာ့အနီးအရှေ့ပိုင်းရဲ့အမွေ .... .... ၃၃၁

မိုငြမ်းစာအုပ်များ .... .... .... ၃၃၄
ပြက္ခဒိန် .... .... .... .... ၃၃၅
သမိုင်းအချိန်ဇယား .... .... .... ၃၄၀
ဖြည့်စွက်ချက် .... .... .... .... ၃၅၀
အမှားပြင်ချက်.... .... .... .... ၃၅၂
အညွှန်း .... .... .... .... ၃၅၃


✧✧✧✧✧✧✧✧✧✧✧

# ကမ္ဘာနဲ့သတ္တဝါအစ

## အခန်း ၁။

### သိပ္ပံပညာအရ၊ ကမ္ဘာ နဲ့ သတ္တဝါအစ

မမြရီတို့၊ စန်းစန်းတို့၊ ဖိုးတိုက်တို့၊ ဖိုးအောင်တို့၊ သန်းသန်းတို့၊ ချိုချိုတို့၊ မြေးကြီး ခင်ပြုံးတို့ လာကြဟေ့....။

မင်းတို့ကို ဖေဖေဝတ္ထုတွေပြောခဲ့တာ (၁)ကာမတဏှာ ဝတ္ထုရယ်၊ (၂) ငရဲဆိုတဲ့ဂျိုနဲ့လား ဝတ္ထုရယ်၊ (၃) ဘျေးဇူးရှင် ဝတ္ထုရယ် အားလုံး ဝတ္ထု ၃-ပုဒ်ရှိသွားပြီ။ ဖေဖေ့ဝတ္ထုတွေဟာ ဘယ်လိုဝတ္ထုတွေ မဆိုနိုင်ဘူး၊ ဝတ္ထုလို့သာ ဆိုရတယ်၊ ဖေဖေဟာ သူဟော ချင်တဲ့တရားတွေကို လျှောက်ဟောနေဘာပဲလို့ ဖေဖေ့ကွယ်ရာမှာ မင်းတို့ အတင်းပြောနေကြတယ် မဟုတ်လား။

မင်းတို့ပြောယင်လဲ ခံရမှာပဲ။ ဖေဖေနားလည်နေတဲ့တရားတော်တွေကို၊ ဖေဖေသိသလိုပဲ မင်းတို့ကိုလဲ သိပ်ပြီးသိစေချင်နေတယ်။မင်းတို့ကို တရားသက်သက်ဟောယင်၊မင်းတို့ နားထောင်မှာ မဟုတ်ဘူး။အဲဒီတော့ မင်းတို့ နားထောင်ချင်အောင်၊ ဖတ်ချင်အောင်၊ မင်းတို့အကြိုက် ဝတ္ထုတွေကို ဖန်တီးပြီး ဒီဝတ္ထုတွေထဲမှာ ဖေဖေဟောချင်တဲ့ တရားတွေ ထဲ့ပေးလိုက်ရတာပဲ။ ဆေးခါးကြီးကို စားချင်အောင်၊ အပေါ်ရံက သကြားအုပ်ပေးလိုက်ရသလိုပေါ့ကွယ်။

ဖေဖေအခုပြောမှာကတော့ ဝတ္ထုမဟုတ်ဘူး၊ အခြေခံ သမိုင်းဖြစ်တယ်။ ဒီကမ္ဘာထဲမှာကမ္ဘာသူကမ္ဘာသားတွေဖြစ်နေယင်၊ဒီကမ္ဘာရဲ့ သမိုင်းကိုသိသင့်တယ်။သမိုင်းဆရာတွေသိသလောက် မသိနိုင်တောင် အကြမ်းလောက်တော့ သိသင့်တယ်။

အခြေခံသမိုင်းဆိုတာ တခြား မဟုတ်ပါဘူး။ ဒီကမ္ဘာကြီးမှာ ရှေးအကျဆုံးလူတွေကစပြီး၊ အခုခေတ် လူတွေအထိ၊ ကမ္ဘာသူကမ္ဘာသားတွေဟာ ဘယ်လိုနေထိုင်ကြတယ်၊ သူ တို့ ဘယ် လို စီး ပွား ရှာ ကြတယ်၊ သူတို့ယဉ်ကျေးမှုဟာ ဘယ်လိုတိုးတက်လာတယ်၊ သူတို့ကိုဘယ်လို အုပ်ချုပ်တယ်၊ သူတို့တတွေ၊ တနိုင်ငံနဲ့တနိုင်ငံ ဘယ်လို ဆက်သွယ်ကြတယ်၊ တနိုင်ငံနဲ့တနိုင်ငံ ဘာ့ကြောင့်စစ်ဖြစ်ကြတယ်၊ နိုင်ငံတွေဟာ ဘာကြောင့် တိုးတက်လာတယ်၊ ဘာကြောင့်ပျက်စီးသွားတယ်၊ အစရှိတဲ့ လူနဲ့ဆိုင်တဲ့ အကြောင်း အရာ တွေ ကိုရေး ထားတဲ့ စာ တန်းကြီးပါပဲ။

အဲဒီတော့၊ ဒီသမိုင်းကို အကြမ်းလောက် သိယင် တောင်၊ ငါ့သား ငါ့သမီးတို့မှာ ဗဟုသုတတွေတော်တော်တိုးလှပြီ။ ဗဟုသုတတွေအပြင်၊ နိုင်ငံရေးသမားတွေ မကြာခဏ ပြောပြောနေကြတဲ့ 'သမိုင်းသင်ခန်းစာ'ဆိုတာတွေလဲ၊ ဒီအခြေခံသမိုင်းထဲမှာ ငါ့သားတွေ သမီးတွေ အများကြီးတွေ့ရမယ်။ မင်း တို့ သာ သုံးတတ် ကြ မယ် ဆို ယင်၊ ဒီသင်ခန်းစာတွေဟာ မင်းတို့ရဲ့တိုင်းပြည်နဲ့ လူမျိုးအတွက် အင်မတန်အဘိုးတန်တဲ့ သင်ခန်းစာတွေဖြစ်လာနိုင်တယ်။

## ကမ္ဘာကြီးဖြစ်ပေါ်လာပုံ

ကဲ-အခြေခံသမိုင်းကို ပြောမယ်ဆိုယင်၊ ဒီကမ္ဘာကြီး ဘယ်လိုဖြစ်လာတယ်ဆိုတာက စပြီးပြောရလိမ့်မယ်။ အခု ပြောမဲ့အချက်တွေဟာ၊ **သိပ္ပံပညာရှင်တွေ တွေးဆ ခန့်မှန်းတဲ့အချက်တွေ ဖြစ်တယ်ဆိုတာ ဧသသေချာချာ မှတ်ထားကြစေချင်တယ်။**

နေလ ကြယ်တွေအကြောင်းကို ဖေါ်ပြထားတဲ့ပညာကို **နက္ခတ္တဗေဒ**[၁] လို့ခေါ်တယ်။ ဒီပညာကို အထူးလေ့လာပြီး၊ အထူးတတ်ကျွမ်းတဲ့ပုဂ္ဂိုလ်ကို နက္ခတ်ပညာရှင်လို့ ခေါ်တယ်။ **ဆာ-ဂျိမ်း-ဂျီအင်း**[၂]ဆိုတဲ့ (ပုံ-၁) နက္ခတ်ပညာရှင်ကြီး တဦးက ဒီ က မ္ဘာ ကြီး ဖြစ်ပေါ်လာပုံကို

---

၁။ နက္ခတ္တ ဗေဒ = အက်စထရွန်နိုမီ(Astronomy
(မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၇၀),

၂။ ဆာ-ဂျိမ်း-ဂျီအင်း = Sir James Jeans
(မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၁၃၉),



(ပုံ-၁) ဆာ-ဂျိမ်း-ဂျီအင်း

နှစ်ပေါင်း၃၀-ကျော်လောက်က ဒီလို ခန့်မှန်းပစ်ခဲ့တယ်။

လွန်ခဲ့တဲ့နှစ် သန်းပေါင်း ၂,၀၀၀(နှစ်ထောင်) ကျော်လောက် က၊ ကောင်းကင်မှာ မြင် နေ ရတဲ့ ကြယ်[1] တွေ ထဲ က၊ ကြယ်ကြီး တစင်းဟာ အာကာသ တခွင်မှာ လျှောက်လို့ နေရင်း နေ[2]ကြီး အနား ကို မတော် တ ဆရောက်လာတယ်။ နေနဲ့လကြောင့်၊ ဒီကမ္ဘာမှာ တခါတခါ ဒီရေတက်လာသလို၊ ဒီကြယ်ကြီးကြောင့်၊ နေကြီးပေါ်မှာ ကြွတက်မှုကြီးတခု ဖြစ်ပေါ်လာတယ်။ ဒီကြွတက်မှုကြီးဟာ၊ လကြောင့် သမုဒ္ဒရာထဲမှာဖြစ်ပေါ်လာတဲ့ ဒီရေမျိုးထက်၊ အဆပေါင်း အများကြီး ကြီးကျယ်တယ်။ကြယ်ကြီးဟာ နေနဲ့ နီးကပ် လာလေလေ၊ ဒီ ကြွ တက် မှုကြီးဟာ ကြီး လာ လေ လေ ဖြစ် ပြီး၊ နောက်ဆုံးမှာ အင် မ တန် ကြီးမားတဲ့ တောင်ကြီးလို ဖြစ်လာတယ်။ ဒီကြယ်ကြီးဟာ နေနားက ဖြတ်ပြီး တခြားကိုဆုတ်မသွားခင်ပဲ၊ ဒီ ကြွ တက် မှု ကြီးဟာ ပေါက်ကွဲသွားတယ်။ ဒီပေါက်ကွဲရာက ထွက်လာတဲ့ အပိုင်း အစ တွေ ဟာ၊ အဲဒီအချိန်ကတဲကစပြီး နေကိုပတ်ချာလှည့်နေကြတယ်။ ဒီအပိုင်းအစတွေဟာ၊ နှစ်ပေါင်း အတော်ကြာလာတဲ့အခါ၊ ဂြိုဟ်[3]တွေ ဖြစ်လာကြတယ်။

---

၁။ **ကြယ်** = (မြန်မာ့စွယ်စုံကျမ်း တွဲ ၂၊ နှာ ၁၂၉)
၂။ **နေ** = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၂၂)
၃။ **ဂြိုဟ်များ** = **Planets** (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၁၀၁)

အဲဒီဂြိုဟ်တွေထဲမှာ ဒီကမ္ဘာလဲ အပါအဝင်ဖြစ်တယ်လို့ ဆာ-ဂျိမ်း-ဂျီအင်းက ကမ္ဘာဖြစ်ပေါ်လာပုံ[၁]ကို၊ အနှစ် ၃၀-လောက်က ခန့်မှန်းပစ်ခဲ့တယ်။

သူခန့်မှန်းတဲ့ အချိန်လောက် တုန်းကတော့၊ ဒီခန့်မှန်းချက်ကို လက်ခံတဲ့လူတွေ တော်တော်များတယ်။ ဒါပေမဲ့ အခုခေတ် နက္ခတ်ပညာရှင်တွေ ခပ်များများကတော့၊ဒီခန့်မှန်းချက်ကို လက်မခံကြတော့ဘူး။ အခုခေတ် နက္ခတ်ပညာရှင်တွေက၊ ကမ္ဘာကြီးဖြစ်ပေါ်လာပုံ[၂]ကို အခုလို ခန့်မှန်းကြပြန်တယ်။

ကောင်းကင်မှာ မြင်နေရတဲ့ ကြယ်တွေထဲမှာ၊လုံးချင်းကြယ်တွေ ရှိသလောက်၊နှစ်လုံးစီ တွဲနေကြတဲ့ **ကြယ်စုံတွဲ**[၃]တွေလဲ ရှိကြတယ်။

အဲဒီကြယ်စုံတွဲတွေဟာ၊တစင်းကိုတစင်းပတ်ပြီး လှည့်နေကြတယ်။ သူတို့ရဲ့အကွာအဝေးဟာ အမျိုးမျိုးရှိတယ်၊ တချို့ဟာ တစင်းနဲ့တစင်း အလင်းရောင်နှစ်[၄]တနှစ်ရဲ့ဆယ်ပုံတပုံလောက်ဝေးတယ်။တချို့ကျတော့ အလင်းရောင်မိနစ်ရဲ့အစိတ်အပိုင်းတပိုင်းလောက်ပဲဝေးတယ်။အလင်းရောင်ဟာ တစက္ကန့်ကို မိုင်ပေါင်း ၁၈၆,၀၀၀ (တသိန်း ရှစ်သောင်းခြောက်ထောင်)လောက်အထိ သွားနိုင်တယ်။အဲဒီတော့ အလင်းရောင် တမိနစ်ဆိုယင် ဘယ်နှစ်မိုင်၊တနာရီ၊တနေ့၊တနှစ်ဆိုယင် ဘယ်နှစ်မိုင်စီရှိမယ်ဆိုတာ တွက်ယူနိုင်ပါတယ်။ ကောင်းကင်မှာ ရှိကြတဲ့ကြယ်တွေဟာ တစင်းနဲ့တစင်း အင်မတန် ဝေးလွန်းလို့၊ သူတို့ရဲ့ အကွာအဝေးကို နက္ခတ်ပညာရှင်တွေဟာ ရိုးရိုးမိုင်နဲ့ မပြကြတော့ဘူး။ အလင်းရောင်မိုင်နဲ့ပြကြတယ်။

---

၁။ ကမ္ဘာဖြစ်ပေါ်လာပုံ = The Mysterious Universe (Sir James Jeans) p. 2

၂။ ကမ္ဘာကြီးဖြစ်ပေါ်လာပုံ = The Nature of the Universe (Fred Hoyle), p. 86-93

၃။ ကြယ်စုံတွဲ = Binary Stars

၄။ အလင်းရောင်နှစ်=Light year (အဖြေသိချင်ယင်၊မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၃၁၉၊ စကြာဝဠာမှာကြည့်ပါ။)

(၁) နေကြီးဟာ အစတုန်းကကြယ်စုံတွဲ ဖြစ်တယ်။ သူနဲ့တွဲတဲ့ ကြယ်ကြီးဟာ သူနဲ့အလင်းရောင် နာရီတနာရီလောက် ဝေးတယ်၊ **အဲဒီကြယ်ကြီးဟာ နေထက်ကြီးတယ်**။ ပတ်နေကျအတိုင်း နေကိုပတ်ပြီး လှဲ့နေတယ်။ (ပုံ-၂)

(၂) တနေ့ကျတော့၊ အဲ **ဒီကြယ်ကြီးဟာ အကြီးအကျယ် ပေါက်ကွဲသွားတယ်**။ အဲဒီလိုပေါက်ကွဲပြီဆိုယင်ဒီပေါက်ကွဲမှုကြောင့်ဖြစ်ပေါ်လာတဲ့ အလင်းရောင်ကြီးဟာ၊ကြယ်ပေါင်းသန်းပေါင်း ၁၀,၀၀၀ (တသောင်း)လောက်က ထွက်နေတဲ့ အလင်းရောင်လောက် လင်းပြီး ဒီအလင်းရောင်ကြီးကို ကောင်းကင်မှာ ရက်ပေါင်း အတော်ကြာကြာ မြင်နေရတယ်။

(၃) ဒီလို **ပေါက်ကွဲရာကထွက်လာတဲ့ အပိုင်းအစ ခပ်များများဟာ**၊ နေနဲ့ အင်မတန်ဝေးတဲ့ အာကာသကြီးထဲမှာ၊တနာရီကို မိုင်ပေါင်း သန်းပေါင်းများစွာ သွားနေတဲ့ အင်မတန်ကြီးကျယ်တဲ့ အရှိန်ကြီးနဲ့ **လွင့်စင်ကုန်ကြတယ်**။ **ခဲတ်ငွေ့ အစိတ်အပိုင်း အချို့လောက်ပဲ နေရဲ့ အနီးအနားမှာ ကျန်ရစ်တယ်**။

(၄) ဒီကျန်ရစ်တဲ့ **ခဲတ်ငွေ့တွေဟာ ပန်ကန်ပြား ဝိုင်းကြီးလို**၊ အတော်ကြာကြာ **နေကို ပတ်ချာလှဲ့နေကြတယ်**။ နှစ်ပရိစ္ဆေဒ အတော်ကြာတဲ့အခါ၊ ဒီခဲတ်ငွေ့တွေဟာ အပိုင်းပိုင်း ပြတ်ထွက်ကြတယ်။

ဒီခဲတ်ငွေ့အပိုင်းကြီးတွေကမှ၊ကမ္ဘာလုံးအရွယ်လောက်ရောက်အောင်၊ **မူလဂြိုဟ်**[၁]တွေဟာ နှစ်ပေါင်းသန်းပေါင်း၁၀၀၀(တထောင်) လောက်ကြာတယ်။ အဲဒီနောက် အာကာဓနုသတ္တိ (ဒြပ်ဆွဲအား)အရှိန်တိုးလာတဲ့အတွက် ဂြိုဟ်ကြီးတွေအရွယ်အထိ ရောက်အောင် မူလဂြိုဟ်တွေဟာ နှစ်ပေါင်း ၁၀၀,၀၀၀(တသိန်း)လောက်ပဲ ကြာမြင့်တော့တယ်လို့ဆိုကြတယ်။

---

၁။ မူလဂြိုဟ်တွေ = Primordial Planets. The Nature of the Universe. [Fred Hoyle] p.91-93 (The author is an outstanding American Astronomer.)




(ပုံ-၂) ၁။ ကြယ်စုံတွဲ (နေနဲ့တွဲတဲ့ကြယ်ကြီးဟာ နေထက်ကြီးတယ်)။ ၂။ နေကို လှည့်ပတ်နေတဲ့ကြယ်ကြီးဟာ၊ အကြီးအကျယ်ပေါက်ကွဲသွားတယ်၊ ၃။ ဓာတ်ငွေ့ အစိတ်အပိုင်းအချို့လောက်ပဲ၊ နေရဲ့ အနီးအနားမှာကျန်ရစ်တယ်၊ ၄။ ဓာတ်ငွေ့တွေဟာ၊ ပန်ကန်ပြားပိုင်းကြီးလို၊ နေကို ပတ်ချာလှဲ့နေတယ်။

သူတို့ရဲ့ဝင်ရိုးပေါ်မှာလည်နေကြတဲ့ ဒီမူလဂြိုဟ်တွေ(ပုံ-၃)ရဲ့ အရှိန်ဟာ၊ အင်မတန်ပြင်းလွန်းတယ်။ ဒါကြောင့် သူတို့ဟာ ကြာရှေမခံဘူး။ မကြာခင် ပေါက်ကွဲကုန်ကြတယ်။

ဒီလိုပေါက်ကွဲတဲ့အခါ၊ အတုံးအတစ်တွေဟာ (ဂျူပီတာ[၁]၊ ဆက်တန်[၂]၊ယူရာနပ်[၃]၊နက်ပကျွန်း[၄]တို့လို)ဂြိုဟ်ကြီးတွေဖြစ်လာကြတယ်။ ခပ်ကြီးကြီး အစက်တွေဟာ၊ (မာကျူရီ[၅]၊ဗီးနပ်[၆]၊ကမ္ဘာ[၇]တို့နဲ့မား[၈]လို) ဂြိုဟ်ငယ်တွေဖြစ်လာကြတယ်။ ခပ်သေးသေးအစက်တွေကတော့၊ ဂြိုဟ်တွေကို ပတ်ချာလှည့်နေတဲ့၊ (လလို) အရံဂြိုဟ်တွေ ဖြစ်လာကြတယ်လို့ ခန့်မှန်းကြပြန်တယ်။ (မျက်နှာစာပုံ)

## သတ္တဝါတွေ ဖြစ်ပေါ်လာပုံ

ဒီကမ္ဘာကြီး ဖြစ်ပေါ်ဖြစ်ပေါ်လာခြင်း၊သတ္တဝါတွေမပေါ်ပေါက်ကြသေးဘူး။ဘယ်တုန်းကမှ စပြီး၊ ဒီကမ္ဘာကြီးထဲမှာသတ္တဝါတွေ ပေါ်ပေါက်လာကြတယ်၊ အဲဒီသတ္တဝါတွေဟာ ဘယ်လိုစပြီး ပေါ်ပေါက်လာကြတယ်၊ ဘယ်လို တိုးတက်လာကြတယ်၊ လူဆိုတာ ဘယ်ခေတ်လောက်တုန်းကမှ ဒီ ကမ္ဘာကြီးထဲမှာ ပေါ်လာတယ်၊ ပေါ်ခါစ လူတွေဟာ၊ ဘယ်လို လူစားမျိုးတွေဖြစ်တယ် ဆိုတာတွေကျတော့၊ နက္ခတ်ပညာနဲ့ မဆိုင်တော့ဘူး။ ဒါတွေကိုနားလည်ဘို့ အတွက် မြေကြီးထဲက တူးဖေါ် ရရှိတဲ့ အရိုးတွေကို လေ့လာကြရတယ်။ ဒီလို အရိုးတွေကို လေ့လာတဲ့ ပညာကို **ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ**[၉] လို့ ခေါ်တယ်။

ဒီအရိုး(ပုံ-၄) တွေကို လေ့လာတဲ့အခါ၊ကမ္ဘာကြီးရဲ့ရှေးအကျဆုံး ကျောက်လွှာကစပြီး ခုခေတ် ကျောက်လွှာအထိ ကျောက်လွှာ

---

၁။ ဂျူပီတာ = Jupiter
၂။ ဆက်တန် = Saturn
၃။ ယူရာနပ် = Uranus
၄။ နက်ပကျွန်း=Neptune
၅။ မာကျူရီ = Mercury
၆။ ဗီးနပ် = Venus
၇။ ကမ္ဘာ=(မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၁၊ နှာ ၄၀၂ )
၈။ မား=Mars

၉။ ကျောက်ဖြစ် ရုပ်ကြွင်းဗေဒ = ပါလီအွန်တော်လော်ဂျီ(Paleontology) (မြန်မာ့စွယ်စုံကျမ်း၊အတွဲ ၂၊ နှာ ၅၅။ တွဲ ၈၊နှာ ၃၁၈)



(ပုံ-၃) နှစ်တွေအတော်ကြာတဲ့အခါ၊ဓါတ်ငွေ့အပိုင်းတွေကမှ အစိုင်အခဲတွေဖြစ်ပြီး၊နှစ်တွေ နောက်ထပ် အတော်ကြာတဲ့ အခါ မူလဂြိုဟ်တွေဖြစ်လာကြတယ်။



(ပုံ-၄) 'ထရိုင်လိုဘိုက်'ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်း။

အထပ်ထပ်ကိုပါ လေ့လာ ရပြန်တယ်။ဒီလိုကျောက်လွှာအထပ်ထပ်ကို လေ့လာတဲ့ ပညာကို**ဘူမိဗေဒ**[၁] လို့ ခေါ်တယ်။

အဲဒီလိုအရိုးနဲ့ကျောက်လွှာကို လေ့လာပြီးတဲ့နောက်၊ သတ္တဝါတွေဟာ တကပ်က တကပ်ကို ဘယ်လို တိုးတက်လာကြတယ် ဆိုတာကို လေ့လာရ ပြန်သေးတယ်။ အဲဒီလို သတ္တဝါတွေရဲ့တိုးတက်မှုကို **ဆင့်ကဲဖြစ်လာခြင်း**[၂]လို့ ခေါ်တယ်။ အဲဒီတော့သိပ္ပံပညာအရ၊ သတ္တဝါတွေရဲ့အကြောင်းကို သိချင်ယင်၊ကျောက်ဖြစ် ရုပ်ကြွင်းဗေဒ၊ ဘူမိဗေဒ၊ သိပ္ပံပညာနှစ်ရပ်နဲ့၊ ဆင့်ကဲဖြစ်လာ ခြင်း အီဗော်လျူးရှင်းဆိုတဲ့ သိပ္ပံသီအိုရီကိုလေ့လာကြ ရမယ်။(ချား-ဒါဝင် ပုံ-၅)

သတ္တဝါတွေ ဘယ်အချိန်လောက်တုန်းက စပြီး ဖြစ် လာကြတယ်၊ လူဆိုတာ ဘယ်လိုဖြစ်ပေါ်လာတယ်ဆိုတာတွေကို၊ ဒီသိပ္ပံပညာရှင်တွေက ဘယ်လိုပြောတယ်ဆိုတာ မပြောပြခင်၊ ဒီပညာရှင်တွေဟာ ဘယ်လို လူစားတွေဖြစ်တယ်ဆိုတာကို နဲနဲရှင်းပြဘို့လိုလိမ့်မယ်။

အနောက်နိုင်ငံက သိပ္ပံပညာရှင်တွေအတော်ခပ်များများဟာ ဗုဒ္ဓဘာသာဝင်တွေလို ကံ-ကံရဲ့ အကျိုးကို ယုံကြည်ကြတဲ့သူတွေမဟုတ်ဘူး။ သူတို့ဟာ ဥစ္ဆေဒဝါဒသမားတွေဖြစ်တယ်။ ဥစ္ဆေဒဝါဒသမားတွေဟာ အရင်ဘဝတွေရှိတယ်ဆိုတာလဲ မယုံဘူး။ လူတွေသေယင် ဘဝတပါး

---

၁။ ဘူမိဗေဒ = ဂျီဩလောဂျီ(Geology)
၂။ ဆင့်ကဲဖြစ်လာခြင်း = အီဗော်လျူးရှင်း (Evolution)
(ချား-ဒါဝင်-မြန်မာ့စွယ်စုံကျမ်း၊တွဲ ၅၊နှာ ၂၆၀)



(ပုံ-၅) အီမေဗ်လျူးရှင်း သီအိုရီဆရာ 'ချားလ်-ဒါဝင်'
(မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၅၊ နှာ ၂၆၀)

သို့ ပြောင်းသွားတယ်ဆိုတာ လဲမယုံဘူး။ လူ့ဘဝဟာ၊ ငြိမ်းဆုံးရော၊ ပြုတ်ရော လို့လဲ ယုံကြည်နေတယ်။

အဲဒီသိပ္ပံပညာရှင်တွေဟာ၊ ကျောက်လွှာတွေထဲမှာ သူတို့ တွေ့ရတဲ့ အရိုးတွေကို လေ့လာပြီး၊ ခုတင်က ပြောခဲ့တဲ့ အချက်တွေကို **ခန့်မှန်း**ကြတာပါပဲ။ ဒီပညာရှင်တွေ ပြောတာ နားလည်ဘို့အတွက် သူတို့လေ့လာတဲ့ကျောက်လွှာ[၁]တွေဟာ ဘယ်လို ဖြစ်လာတယ်၊ ဒီကျောက်လွှာတွေထဲမှာ အရိုးတွေ ဘယ်လို ရောက်လာကြတယ်ဆိုတာတွေကို နဲနဲရှင်းပြဘို့ လိုလိမ့်မယ်။

**ကမ္ဘာအစတုန်းက၊ပူလောင်နေတဲ့ မိုးတွေရွာ**ချတာ အင်မတန် များလာတဲ့အခါ၊ ပူလောင်နေတဲ့ မြစ်တွေချောင်းတွေ ဖြစ်လာကြပြီး၊ ဒီမြစ်တွေချောင်းတွေဟာ ပင်လယ်ထဲစီးဆင်းကြတယ်။ အဲဒီလို စီးဆင်း

---

၁။ ဘူမိပညာရှင်တွေဟာ အပေါ်ရံ မြေလွှာထဲရှိတဲ့ ကျောက်တုံး၊ ကျောက်ခဲ၊ ချော်တွေလို၊ မာကျောတဲ့အရာကိုပဲဖြစ်ဖြစ်၊ သဲ၊ ရွှံ့၊ နွံ့တို့လို၊ ပွပျော့နူးညံ့တဲ့ အရာကိုပဲဖြစ်ဖြစ်၊ အားလုံးကို 'ကျောက်'လို့ပဲ ခေါ်ကြတယ်။ (ကျောက် = မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၂၇)

တဲ့ အခါ ကုန်းပေါ်က ကျောက်တုံးအစအန သဲ၊ ရွံ့အစရှိတာတွေဟာ မြစ်ရေ ချောင်းရေတွေထဲမှာပါသွားပြီး၊ **ပင်လယ်ထဲမှာအနယ်ထိုင်ကြ** တယ်။ ကမ္ဘာမှာသတ္တဝါတွေဖြစ်ပေါ်လာကြတဲ့အခါ၊ ဒီသတ္တဝါတွေထဲက သတ္တဝါအချို့ရဲ့ အရိုးတွေဟာ၊ သဲ၊ မြေကြီး၊ ကျောက်ခဲတွေနဲ့ အတူတူ ပင်လယ်ထဲမှာအနယ်ထိုင်ကြပြန်တယ်။ အဲဒီလိုအနယ်ထိုင်[၁]တာတွေဟာ ကျောက်လွှာတလွှာဖြစ်သွားတယ်။ နောက်ထပ်ပြီး အနယ်ထိုင်ကြတာ တွေလဲ၊ အဲဒီလိုပဲ နောက်ထပ်ပြီး ကျောက်လွှာတွေဖြစ်လာကြပြန်တယ်။

နှစ်တွေ အတော်ကြာတဲ့အခါ၊ ပင်လယ်အောက်က မီးတောင် တွေပေါက်ကွဲမှုကြောင့်လဲ၊ ဒီကျောက်လွှာတွေဟာ ပင်လယ်ရေအောက် မှာ မြုပ်နေရာက၊ ပင်လယ် ရေမျက်နှာပေါ်မှာ ပေါ်ထွက် လာတယ်။ ပင်လယ်ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ကုန်းတွေ နိမ့်ကျသွားပြီး၊ ပင်လယ်ရေ တွေ တခြားစီးသွားတာကြောင့်လဲ၊ အဲဒီလိုပင်လယ်အောက်မှာ အနယ် ထိုင်နေတဲ့ ကျောက်လွှာတွေဟာ၊ ကုန်းဖြစ်လာကြတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း သန်းပေါင်းများစွာ အတွင်းမှာ၊ **ဒီလို ပင်လယ်တလှည့် ကုန်း တလှည့်** ဖြစ်တာမျိုးတွေဟာ အကြိမ်ကြိမ်ဖြစ်ဘူးတယ်။

ပင်လယ်အောက်က ကျောက်လွှာတွေဟာ ကုန်းဖြစ်လာတဲ့အခါ **မိုးဒဏ်လေဒဏ်**တွေကြောင့်၊ သူတို့ရဲ့အပေါ်ရံကျောက်လွှာ တချို့ဟာ၊ လွင့်စင်ကုန်ကြတယ်။ အဲဒီအခါ၊ အောက်မှာရှိတဲ့ ကျောက်လွှာဟောင်း တွေရဲ့ တစိတ်တဒေသဟာ ပေါ်ထွက်လာတယ်။ အဲဒီလို နည်းမျိုးနဲ့ ကျောက်လွှာဟောင်းတွေကို တွေ့ရတယ်။

သိပ္ပံနည်း[၂]နဲ့ **ဒီကျောက်လွှာတွေကို** စမ်းသပ်ကြည့်တဲ့အခါ ကျောက်လွှာတလွှာရဲ့ အသက်ဟာ၊ နှစ်ပေါင်းသန်းပေါင်းဘယ်လောက် ကြာပြီဆိုတာ ခန့်မှန်းနိုင်ကြတယ်။ အဲဒီလို ခန့်မှန်းပြီး၊ ဒီကျောက်လွှာ တွေကို –(က) သက်မဲ့ကပ်ကျောက်လွှာ
(ခ) သက်စကပ်ကျောက်လွှာ

---

၁။ ကျောက်ဖြစ်ရုပ်ကြွင်းတွေဟာ၊ အနည်ကျကျောက်လွှာတွေမှာတွေ့ရတာ များတယ်။

၂။ ကျောက်လွှာတွေကို စမ်းသပ်ကြည့်တဲ့ သိပ္ပံနည်း = Radio-active dating (LIFE Nature Library, THE EARTH. p. 132)

၁-သက်ဦး(ပထမ)ကပ်ကျောက်လွှာ
၂-သက်လယ်(ဒုတိယ)ကပ်ကျောက်လွှာ
၃-သက်နှောင်း (တတိယ)ကပ်ကျောက်လွှာ

ဆိုပြီး ကျောက်လွှာငါးမျိုး ခွဲထားတယ်။ ကျောက်လွှာကြီး[၁] တခုတခု ဖြစ်အောင် နှစ်ပေါင်း သန်းပေါင်းများစွာ ကြာတယ်။ ကျောက်လွှာကြီးတခုတခုမှာ ကျောက်လွှာငယ် ကလေးတွေ ရှိနေကြပြန်တယ်။

ရှေးအကျဆုံး ကျောက်လွှာကြီးဟာ အောက်ဆုံးမှာ ရောက်နေပြီး၊ နောက်အကျဆုံးကျောက်လွှာဟာ အပေါ်ဆုံးမှာရောက်နေမယ် ဆိုတာ၊ သဘောပေါက်ကြမှာပေါ့။ အဲဒီတော့ ဒီကျောက်လွှာတွေ နေပုံကို မျက်စိထဲမှာ မှန်းကြည့်နိုင်အောင်၊ အပေါ်ဆုံး ကျောက်လွှာကြီးကစပြီး အောက်ဆုံးကျောက်လွှာအထိ၊ သူတို့ရဲ့ ကျောက်လွှာငယ် ကလေးတွေနဲ့အတူတူ၊ ဒီလိုဖော်ပြချင်တယ်။ ပြီးတော့မှ ဒီကျောက်လွှာတွေကို တခုစီရှင်းပြမယ်။

| **ကျောက်လွှာကြီးများ** | **ကျောက်လွှာငယ်များ** |
|---|---|
| သက်နှောင်း(တတိယ)ကပ် ကျောက်လွှာ | ပဥ္စမအလွှာ<br>စတုတ္ထအလွှာ<br>တတိယအလွှာ<br>ဒုတိယအလွှာ<br>ပထမအလွှာ |
| သက်လယ် (ဒုတိယ) ကပ်ကျောက်လွှာ | စတုတ္ထအလွှာ<br>တတိယအလွှာ<br>ဒုတိယအလွှာ<br>ပထမအလွှာ |
| သက်ဦး (ပထမ) ကပ်ကျောက်လွှာ | ဆဋ္ဌမအလွှာ<br>ပဥ္စမအလွှာ<br>စတုတ္ထအလွှာ |

၁။ The Reader's Digest, GREAT WORLD ATLAS p.112

| | |
|---|---|
| သက်ဦး*(ပထမ)ကပ်ကျောက် | တတိယအလွှာ<br>ဒုတိယအလွှာ<br>ပထမအလွှာ |
| သက်စကပ်ကျောက်လွှာ | ဒုတိယအလွှာ<br>ပထမအလွှာ |
| သက်မဲ့ကပ်ကျောက်လွှာ | |

*(စာမျက်နှာ ၁၄၊ ၁၅ ရှု).

ကျောက်လွှာတွေဟာ၊ အခုပြထားတဲ့အတိုင်း၊ သက်မဲ့ ကပ်ကျောက်လွှာက အောက်ဆုံးမှာရှိပြီး၊ သက်နှောင်း (တတိယ)ကပ်ကျောက်လွှာက အပေါ်ဆုံးမှာရောက်နေတယ်။ သက်နှောင်း(တတိယ) ကပ်ကျောက်လွှာပြီးယင်၊ အခုကပ်ကျောက်လွှာကို ရောက်လာတာပဲ။ ကဲ-အခုဒီကျောက်လွှာတွေရဲ့အကြောင်းကို၊အောက်ဆုံးကနေပြီး၊တလွှာစီရှင်းပြလိုက်အုံးမယ်။

## (က) သက်မဲ့ကပ်ကျောက်လွှာ

ရှေးအကျဆုံးဖြစ်တဲ့ **သက်မဲ့ကပ်ကျောက်လွှာ**ဟာ၊ ကျောက်လွှာတွေရဲ့ အောက်ဆုံးမှာ ရောက်နေတယ်။ ဒီကျောက်လွှာမှာ သတ္တဝါနဲ့တူတာဆိုလို့ ဘာတခုမှ မတွေ့ရဘူး။ ဒီကမ္ဘာမှာ[၁] သတ္တဝါတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း သန်းပေါင်း ၆၀၀(ခြောက်ရာ)လောက်ကမှ စပြီး

---

၁။ The Outline of History (H.G.Wells) p. 19

တချို့ကလဲ နှစ်ပေါင်း သန်းပေါင်း ၃၀၀ (သုံးရာ) လို့ ခန့်မှန်းကြတယ်။

LIFE Nature Library. THE EARTH (Arthur Beiser and The Editors of LIFE) p. 133

တချို့ကလဲ သက်ရှိပေါ်ခဲ့တာဟာ၊ နှစ်ပေါင်း သန်းပေါင်း ၁၅၀၀ မှ ၂၀၀၀ ထိလို့လဲ ခန့်မှန်းကြသေးတယ်။ သက်ရှိ ပေါ်လာတဲ့ ကာလကို အောက်ပါအတိုင်း နှစ်ပိုင်းခွဲကြပြန်တယ်။

(က) Cryptozoic aeon (Hidden life) မထင်ရှားတဲ့ လျှို့ဝှက်သက်ရှိ ပေါ်လာတဲ့ နှစ်အသင်္ချေဟာ၊ ကျောက်လွှာဦးဆုံး ပေါ်လာကထဲက အစပြုပြီး၊ နှစ်ပေါင်းသန်းပေါင်း-၆၀၀ ထိလို့ဆိုတယ်၊

(ခ) Phanerozoic aeon (Visible life) ထင်ရှားမျက်မြင်ဖြစ်တဲ့ သက်ရှိပေါ်လာတာဟာ၊ နှစ်ပေါင်းသန်းပေါင်း ၆၀၀ လို့ဆိုတယ်။

* (ကိန်း ဂဏန်းတွေဟာ၊ အနှစ်သန်းပေါင်းကိုပြတယ်။)

### သက်နှောင်း (တတိယ)ကပ် ကျောက်လွှာကြီး (ကင်နိုဇိုးအစ်ကပ်) - Cainozoic Rocks/Era

| | | | | |
|---|---|---|---|---|
| ပဉ္စမ ကျောက်လွှာငယ် - | (ပလိုင်းစတိုဆင်းယုဂ်) | (၁-၀) | Pleistocene Period | |
| စတုတ္ထ ကျောက်လွှာငယ် - | (ပလိုင်အိုဆင်းယုဂ်) | (၆၃-၁) | Pliocene Period | Tertiary Period တာရှရီယုဂ် |
| တတိယ ကျောက်လွှာငယ် - | (မိုင်အိုဆင်းယုဂ်) | | Miocene Period | |
| ဒုတိယ ကျောက်လွှာငယ် - | (ဩလီဂိုဆင်းယုဂ်) | | Oligocene Period | |
| ပထမ ကျောက်လွှာငယ် - | (အီအိုဆင်းယုဂ်) | | Eocene Period | |

### သက်လယ်(ဒုတိယ)ကပ် ကျောက်လွှာကြီး - (မက်ဇိုဇိုးအစ်ကပ်) - Mesozoic Rocks/Era

| | | | |
|---|---|---|---|
| စတုတ္ထ ကျောက်လွှာငယ် - | (ရှေးခရီးတေးရှပ်ယုဂ်) | (၁၃၅-၆၃) | Early Cretaceous Period |
| တတိယ ကျောက်လွှာငယ် - | (နှောင်းခရီးတေးရှပ်ယုဂ်) | | Later Cretaceous Period |
| ဒုတိယ ကျောက်လွှာငယ် - | (ယူရဆစ်ယုဂ်) | (၁၈၁-၁၃၅) | Jurassic Period |
| ပထမ ကျောက်လွှာငယ် - | (ထရိုင်ယဆစ်ယုဂ်) | (၂၃၀-၁၈၁) | Triassic Period |

**သက်ဦး(ပထမ)ကပ် ကျောက်လွှာကြီး - (ပါလေအိုဇိုးအစ်ကပ်) Palaeozoic Rocks/Era**

| | | | |
|---|---|---|---|
| ဆဋ္ဌမ ကျောက်လွှာငယ်- | (ပါမီယန်ယုဂ်) | (၂၀၀-၂၃၀) | Permian Period |
| ပဥ္စမ ကျောက်လွှာငယ် - | (ကာဗွန်နီယုဂ်) | (၃၄၅-၂၀၀) | Carboniferous Period |
| စတုတ္ထ ကျောက်လွှာငယ်- | (ဒီဗိုနီယန်ယုဂ်/ငါးယုဂ်) | (၄၀၅-၃၄၅) | Devonian Period |
| တတိယကျောက်လွှာငယ်- | (ဆစ်လူရီယန်ယုဂ်) | (၄၂၅-၄၀၅) | Silurian Period |
| ဒုတိယ ကျောက်လွှာငယ်- | (ဩဒိုဗစ်ရှင်ယုဂ်) | (၅၀၀-၄၂၅) | Ordovician Period |
| ပထမ ကျောက်လွှာငယ်- | (ကမ်ဗရီယန်ယုဂ်) | (၆၀၀-၅၀၀) | Cambrian Period |

---

**သက်စကပ်ကျောက်လွှာကြီး - (ပရိုတာအိုဇိုးအစ်ကပ်) - Proterozoic Rocks/ Era**

| | | | |
|---|---|---|---|
| ဒုတိယကျောက်လွှာငယ် - | (တော်ရစ်ဒိုးနီးယန်ယုဂ်) | ( ? -၆၀၀) | Torridonian Period |
| ပထမကျောက်လွှာငယ် - | (လူဝီးစီးယန်ယုဂ်) | | Lewisian Period |

---

**သက်မဲ့ကပ် ကျောက်လွှာကြီး - (အေဇိုးအစ်ကပ်) - Azoic Rocks/ Era**

---

ကပ် = Era. ယုဂ် = Period. ခေတ် = Age.

("ကပ်"လောက်လဲမကြာမြင့်ဝဲ၊ "ခေတ်"ထက်လဲပိုပြီး ကြာမြင့်တဲ့၊ ကာလ အပိုင်းအခြားကို "ယုဂ်" လို့ ခေါ်တယ်)။

LIFE Nature Library- "THE EARTH." The Record of the Rocks p.136-137

ဖြစ်ပေါ်လာကြတယ်လို့ သိပ္ပံပညာရှင်တွေက ခန့်မှန်းကြတယ်။ အဲဒီတော့၊ သက်မဲ့ ကပ်ကျောက်လွှာရဲ့ အသက်ဟာ နှစ်ပေါင်းသန်းပေါင်း ၆၀၀(ခြောက်ရာ)ကျော်နေပြီလို့ မှန်းရတယ်။

## (ခ) သက်စကပ်ကျောက်လွှာ

သက်မဲ့ကပ်ကျောက်လွှာအပေါ်မှာ **သက်စကပ်ကျောက်လွှာ**ကို တွေ့ရတယ်။ဒီကျောက်လွှာမှာ ကျောက်လွှာငယ်နှစ်ခုရှိတယ်။ ဒီကပ်မှာ စပြီးဖြစ်ပေါ်လာတဲ့ သတ္တဝါတွေဟာ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေ ပြည့်ပြည့်စုံစုံရှိတဲ့ သတ္တဝါမျိုးတွေမဟုတ်သေးဘူး။ဒါကြောင့် ဒီကျောက်လွှာတွေထဲမှာ အရိုးတွေကိုတော့ မတွေ့ရဘူး။ အဲဒီလို မတွေ့ရတဲ့ အတွက် အဲဒီကပ်က ဖြစ်ပေါ်ခဲ့တဲ့ သတ္တဝါတွေဟာ၊ ဘယ်လို ပုံပန်း သဏ္ဌာန်ရှိတယ်ဆိုတာမသိနိုင်ဘူး။

ဒါပေမဲ့ ဒီခေတ်ရဲ့ ပထမကျောက်လွှာငယ်ပြီးတဲ့နောက်၊ **ဒုတိယ ကျောက်လွှာငယ်**ထဲမှာ ရွှံ့ပေါ်မှာဖြစ်ဖြစ်၊ ရွှံ့ထဲမှာဖြစ်ဖြစ်၊ တီကောင်တွေ ထွားသွားထားတဲ့ အရာမျိုးတွေအများကြီးတွေ့ရတယ်။ ဒီလိုအရာမျိုးတွေကိုတွေ့ရတဲ့ ကျောက်လွှာဟာ၊ ပေပေါင်း ထောင်ပေါင်းများစွာ ထူတယ်။အဲဒီအရာတွေကိုကြည့်ပြီး၊ ဒီကပ်မှာ သတ္တဝါတွေပေါ်စပြုပြီ[၁] လို့ ခန့်မှန်းကြတယ်။

နောက်ပြီးတော့လဲ ဒီအရာတွေရှိတဲ့ ကျောက်လွှာဟာ၊ပေပေါင်း ထောင်ပေါင်းများစွာ ထူတဲ့အတွက်၊ ဒီသက်စကပ်ဟာ သက်ဦး (ပထမ)၊ သက်လယ်(ဒုတိယ)၊ သက်နှောင်း (တတိယ)ကပ်သုံးကပ် ပေါင်းထားတဲ့ အချိန်ကာလထက်ပိုပြီး ကြာမယ်လို့ ခန့်မှန်းကြတယ်။

အဲဒီလို ပေပေါင်း ထောင်ပေါင်းများစွာ ထူတဲ့၊ တွားသွားရာတွေနဲ့ ကျောက်လွှာတွေကိုကြည့်ပြီးတော့၊ အဲဒီကပ်အတွင်းမှာ သတ္တဝါတွေဟာ ကိုယ်အင်္ဂါမစုံလင်သေးပဲ ရေမှော်တဝက် သတ္တဝါတဝက်လိုလို သတ္တဝါမျိုးတွေက၊ ကိုယ်အင်္ဂါအတော်ကလေး ပြည့်ပြည့်စုံစုံ ရှိတဲ့ သတ္တဝါတွေဖြစ်လာအောင်၊ အတော်ကြီးကြိုးပမ်းနေကြပုံ ရတယ်လို့လဲ သိပ္ပံပညာရှင်တွေက ခန့်မှန်းကြတယ်။

---

၁။ သတ္တဝါတွေပေါ်စပြုပြီ = (ကမ္ဘာဦး တိရစ္ဆာန်များ = မြန်မာ့စွယ်စုံကျမ်း တွဲ ၁၊ နှာ ၄၅၀-၄၅၄)



(ပုံ-၆) သက်ဦးကပ်(ရှေးပိုင်း) သတ္တဝါတွေ

ဒီကပ်ရဲ့နောက်၊ သက်ဦး (ပထမ)ကပ်ရဲ့ ပထမ ကျောက်လွှာယံမှာ၊ ကိုယ်အင်္ဂါများ တော်တော်ကလေး ပြည့်ပြည့်စုံစုံ ဖြစ်လာတဲ့ သတ္တဝါတွေရဲ့ ပုံပန်းသဏ္ဍာန်တွေကို တွေ့ရတယ်။ အဲဒီ တွေ့ရတာတွေဟာ၊ သက်စကပ်သတ္တဝါတွေနဲ့ပတ်သက်ပြီး သူတို့ရဲ့ ခန့်မှန်းခြေကို ထောက်ခံတယ်လို့၊ ဒီသိပ္ပံပညာရှင်တွေ ယူဆကြတယ်။

## ၁။ သက်ဦး (ပထမ) ကပ်ကျောက်လွှာ

အဲဒီ သက်စကပ်ကျောက်လွှာပေါ်မှာ၊ သက်ဦး(ပထမ) ကပ်ကျောက်လွှာကို တွေ့ရတယ်။ အဲဒီကျောက်လွှာမှာ ကျောက်လွှာငယ်ခြောက်ခုရှိတယ်။ ဒီကျောက်လွှာငယ် ခြောက်ခုမှာ တွေ့ရတဲ့ သတ္တဝါတွေရဲ့ပုံပန်းသဏ္ဍာန်တွေဟာ၊ တလွှာနဲ့တလွှာ မတူကြဘူး။ တလွှာထက်တလွှာတိုးတက်လာတာကို တွေ့ရတယ်(ပုံ-၆)။ ဒီကပ်ရဲ့ **ပထမကျောက်လွှာငယ်**မှာပဲ (ကျောရိုးရှိတဲ့သတ္တဝါ[၁]မျိုးကလွဲပြီး) အခုအထိထင်ရှားရှိနေတဲ့ သတ္တဝါ အမျိုးအစားတွေ ခပ်များများ တွေ့ရတယ်။ အဲဒီကျောက်လွှာမှာ ထရိုင်လိုဘိုက်[၂](ပုံ-၇)နဲ့ ဘရက်ကီယာပေါ့[၃](ပုံ-၈) ဆိုတဲ့ ရေသတ္တဝါတွေကို အများဆုံး တွေ့ရတယ်။

**ဒုတိယကျောက်လွှာငယ်**ရဲ့ သက်တမ်းကုန်ဆုံးခါနီးလောက်မှာ ပထမကျောက်လွှာငယ်မှာ တွေ့ခဲ့ရတဲ့ သတ္တဝါမျိုးတွေ အပြင်၊ ရှေးအကျဆုံး ငါးတွေလို့ ခေါ်နိုင်တဲ့ ပုံသဏ္ဍာန်တွေကို တွေ့ ရ တယ်။ နောက်ပြီးတော့ မော်လပ်စကာ[၄] သတ္တဝါများ (ပုံ-၉)၊ ပင်လယ်ငှက်

---

၁။ (ကျောရိုးရှိသတ္တဝါ = မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၂၅)

၂။ **ထရိုင်လိုဘိုက်** ရေသတ္တဝါ = Trilobites
ဖုဟိုက် ကိုယ်အင်္ဂါအစိတ်အပိုင်း သုံးခုရှိပြီး ပျောက်ကွယ် သွား ပြီး ဖြစ်တဲ့ '**ကရပ်စတေးဆီး**'ကောင်။
(ထားဝယ်) ဗီလား၊ (ရခိုင်) ရေကင်းမျိုးထဲကဖြစ်မယ်။

၃။ **ဘရက်ကီယာပေါ့** ရေသတ္တဝါ = Brachiapods
ခရုအမျိုးအနွယ်ဖြစ်တယ်။

၄။ **မော်လပ်စကာ** သတ္တဝါမျိုး = Mollusca
ခရုပက်ကျိ၊ ယောက်သွား၊ ကမာ (မုတ်ကောင်)
ကင်မွန် (ထားဝယ်)ဆိုတာတွေဟာ၊ မော်လပ်စကာ သတ္တဝါမျိုးထဲ ပါဝင်တယ်။




(ပုံ-၇) ထရိုင်လိုဘိုက်

မွေးကောင်[၁] များ (ပုံ-၁၀)နဲ့ သန္တာတွေ[၂] (ပုံ- ၁၁) တောင်ပုံ ရာပုံ ပွားများ လာတာကိုလဲ တွေ့ရတယ်။

**တတိယကျောက်လွှာငယ်**ကို ရောက်တော့၊ ဒုတိယကျောက်လွှာငယ်တုန်းက တွေ့ခဲ့ရတဲ့ သတ္တဝါမျိုးတွေကိုပဲ ထပ်တွေ့ရတယ်။ ဒါပေမဲ့ ဒီသတ္တဝါတွေဟာ၊သူတို့ဆင်းသက်ပေါက်ဖွားရာ ဖြစ်တဲ့ ဒုတိယကျောက်လွှာငယ်က သတ္တဝါတွေနဲ့ ထပ်တူထပ်မျှ မတူကြတော့ပဲ၊ ထူးခြားချက်တွေ ပါနေတာကို၊ ပါရဂူတွေ ထင်ထင်ရှားရှားတွေ့ကြရတယ်။

**စတုတ္ထကျောက်လွှာငယ်** ကို ရောက်တဲ့အခါ၊ ငါးတွေရဲ့ အရိုးတွေကို အမြောက်အမြား စပြီးတွေ့ရတယ်။ အဲဒါကြောင့် ဒီကျောက်လွှာငယ် ကာလကို ငါးခေတ်[၃](ပုံ-၁၂)လို့ ခေါ်ကြတယ်။ ဒါပေမဲ့ ငါးအမျိုးအစားကတော့၊ ခုခေတ် လောက်မများဘူး။ ဒီစတုတ္ထကျောက်လွှာငယ်ဖြစ်နေတဲ့ အချိန်အခါလောက်မှာ၊ ကုန်း သတ္တဝါတွေ စတင်ပေါ်ပေါက်လာကြတဲ့ သက်သေအထောက်အထားများကိုတွေ့ရတယ်။

---

၁။ **ပင်လယ်ငှက်မွေးကောင်** = Sea-Lilies

၂။ **သန္တာ** = Corals

၃။ ငါးခေတ်=(ငါး=မြန်မာ့စွယ်စုံကျမ်း၊ တွဲ၃၊ နှာ ၂၂၅)




(ပုံ-၈) ဘရက်ကီယာပေါ့

ဒီကုန်းသတ္တဝါတွေကတော့ တခြားမဟုတ်ပါဘူး။ ကင်းခြေများလို "အာသရိုပေါ့"[1] သတ္တဝါတွေ (ပုံ-၁၃) ဖြစ်တယ်။

**ပဋ္ဌမကျောက်လွှာငယ်** အချိန်ကိုရောက်လာတော့၊ ကျောက်မီးသွေးဖြစ်ဘို့ အခြေအနေတွေ စတင်ပေါ်ပေါက်လာတာကို တွေ့ရတယ်။ အဲဒါကြောင့် အဲဒီအချိန်မှာ သစ်တောတွေ(ပုံ-၁၄)စတင်ပြီး




(ပုံ-၉) မော်လပ်စက

အကြီးအကျယ် ပေါ်ပေါက်လာပြီလို့ ယူဆရတယ်။ ဒါပေမဲ့ သစ်ပင်တွေကတော့၊ အခုကပ်ကမ္ဘာ သစ်ပင်တွေနဲ့မတူကြဘူး။ အဲဒီအချိန်မှာ ရေနဲ့ကုန်း နှစ်ခုလုံးမှာနေနိုင်တဲ့ သတ္တဝါမျိုးတွေနဲ့၊ မိကျောင်းလို၊

၁။ ကင်းခြေများလို **အာသရိုပေါ့** သတ္တဝါ= Centipede-like arthropods အင်ဆက်ပိုး၊ ပင့်ကူ၊ ကနန်း (ပုဇွန်လုံး) တွေဟာ 'အာသရိုပေါ့' သတ္တဝါမျိုးထဲ ပါဝင်တယ်။

ဖွတ်၊ ပုတတ်လို[၁]၊ မြွေလို၊ တွားသွားတတ်တဲ့ သတ္တဝါမျိုးတွေ (ပုံ-၁၅)စတင်ပြီး ပေါ်ပေါက်လာကြတယ်။



**ပင်လယ်ဒှက်မွေးကောင်**

(ပုံ-၁၀)

**ဆဋ္ဌမကျောက်လွှာခေတ်** မှာတော့၊ အဲဒီ ကပ် ရဲ့ နောက်၊ သက်လယ် (ဒုတိယ)ကပ်နဲ့ စပ်ကူး မတ်ကူး ကြားကာလ ဖြစ်တယ်။ အဲဒီအချိန်မှာ၊ ဩစတြေလျ၊ တောင်အာဖရိက၊ အိန္ဒိယနဲ့ တောင်အမေရိကတို့ရဲ့ နေရာဒေသများများမှာ ရေခဲတွေ လွှမ်းမိုးတုန်း ရှိသေးတယ်လို့ သိပ္ပံ ပညာ ရှင် တွေ ခန့်မှန်းကြတယ်။ အခု ပြောခဲ့တဲ့ အချက်တွေကို ထောက်ခြင်းအားဖြင့်၊ ဒီသက်ဦး (ပထမ) ကပ် မှာမှ၊ သတ္တဝါတွေ အများကြီး တိုးတက် ဖြစ်ထွန်းလာတယ်ဆိုတာ ထူးထူးခြားခြားကြီး တွေ့ကြရတယ်။

## ၂။ သက်လယ် (ဒုတိယ) ကပ်ကျောက်လွှာ

အခုပြောခဲ့ပြီးတဲ့ သက်ဦး (ပထမ) ကပ်ကျောက်လွှာပေါ်မှာ၊ သက်လယ်(ဒုတိယ)ကပ်ကျောက်လွှာကို တွေ့ရတယ်။

အဲဒီကပ်မှာ ကျောက်လွှာခေတ်ပေါင်း လေးခုရှိတယ်။

**ပထမကျောက်လွှာခေတ်**အချိန်မှာ [၂]တွားသွားတတ်တဲ့ သတ္တဝါတွေအများကြီး ပေါ်ပေါက် နေကြပြီ။ အဲဒီ အကောင် တွေ ထဲ မှာ

၁။ (ဖွတ်၊ပုတတ်=မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၇၊ နှာ ၃၂၇)

၂။ (တွားသွားကောင်=မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၅၊ နှာ ၁၀၁)

ဒိုင်နိုဆော၁လို့ခေါ်တဲ့တွားသွားတတ်တဲ့၊အင်မတန်ကြီးမားတဲ့အကောင်ကြီးတွေ(ပုံ-၁၆)ကိုလဲတွေ့ရတယ်။ အဲဒါကြောင့် ဒီကျောက်လွှာငယ် အချိန်ကာလကို၊ 'ဒိုင်နိုဆောခေတ်'လို့ခေါ်ကြတယ်။ သားငယ်သ မီးငယ်များကို နို့တိုက်တတ်တဲ့သတ္တဝါမျိုးတွေလဲ၊ဒီအချိန်မှာစတင်ပေါ်ပေါက်နေကြပြီ။ ပင်လယ်သတ္တဝါတွေလဲ အတော်များများပေါ်လာကြပြီ။ ဒီသတ္တဝါတွေဟာ၊သက်ဦး(ပထမ)ကပ်ကပင်လယ်သတ္တဝါမျိုးတွေနဲ့၊သိသိသာသာကြီး ကွဲသွားကြပြီ၊ မတူကြတော့ဘူး။



(ပုံ-၁၁) အသွင်အမျိုးမျိုးရှိတဲ့ သန္တာ

ဒုတိယ **ကျောက်လွှာငယ်**မှာတွေ့ရတဲ့ ဒိုင်နိုဆော သတ္တဝါကြီးတွေဟာ(ပုံ-၁၆-က)၊ပထမကျောက်လွှာငယ်တုန်းက တွေ့ရတဲ့သတ္တဝါကြီးတွေထက် အများကြီး ပိုပြီး ကြီးထွားနေ ကြတာကို တွေ့ ရ ပြန်တယ်။ အဲဒီကျောက်လွှာငယ် အချိန်မှာတွေ့ရ တဲ့ ငှက် တွေဟာ၊ ရှေးအ ကျ ဆုံး ငှက်၂တွေ (ပုံ-၁၇) ဖြစ်တယ်။

**တတိယ နဲ့ စတုတ္ထ ကျောက်လွှာ ငယ်**တွေမှာ သတ္တဝါနဲ့ ပတ်သက်လို့၊ ပထမ နဲ့ ဒုတိယကျောက်လွှာငယ်တို့ထက်၊ဘာမှ ထူးထူးခြားခြားမတွေ့ရဘူး။ဒါပေမဲ့ စတုတ္ထကျောက်လွှာငယ်အချိန်လောက်မှာ၊ အခုခေတ်မှာ တွေ့နေရတဲ့ သစ်ပင်ငယ်တွေ၊ ငါးတွေနဲ့ အမျိုးချင်းတူကြတဲ့၊ သစ်ပင်ငယ်တွေ ငါးတွေစတင်ပေါ်ပေါက်နေကြပြီ(ပုံ-၁၈)။

---

၁။ ဒိုင်နိုဆော =Dinosaur
(ဒိုင်နိုဆော=မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၅၊ နှာ ၃၁၃)
၂။ (ငှက်=မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၂၅၆)

## ၃။ သက်နှောင်း(တတိယ)ကပ်ကျောက်လွှာ

အခုပြောခဲ့ပြီးတဲ့ သက်လယ် ( ဒုတိယ ) ကပ် ကျောက်လွှာ ပေါ်မှာ၊ သက်နှောင်း (တတိယ)ကပ် ကျောက်လွှာကို တွေ့ရတယ်။ ဒီကျောက်လွှာမှာ ကျောက်လွှာငယ်ပေါင်း ငါးခု ရှိတယ်။ **ပထမက စထုတ္ထအထိကျောက်လွှာငယ်** တွေက တော့၊ သက်နှောင်း ( တ တိ ယ ) ကပ် ကျောက် လွှာကြီး ထဲမှာ လုံး လုံး ယား ယား ရှိတယ်။ **ပဉ္စမကျောက်လွှာငယ်** က တော့၊ သက် နှောင်း



(ပုံ-၁၂) ငါးခေတ်

(တတိယ)ကပ် ကျောက်လွှာကြီးရဲ့ နောက်အကျဆုံး ကျောက်လွှာငယ် ဖြစ်တယ်။ ဒီကျောက်လွှာငယ်ရဲ့ အချိန်ကာလဟာ၊ အခုခေတ် အနီး အနားအထိ ရောက်လာတယ်။

အဲဒီ သက်နှောင်း(တတိယ)ကျောက်လွှာကပ်ကို ရောက်လာတဲ့ အခါ၊ လွန်ခဲ့တဲ့ကပ်တုန်းက၊ စတင် ပေါ်ပေါက်လာတဲ့ ခလေးတွေကို **နို့တိုက်တတ်တဲ့သတ္တဝါမျိုး**[၁] (ပုံ-၁၉) တွေဟာ၊ တခြားသတ္တဝါတွေ ထက် ထူးခြားတဲ့ ကုန်းသတ္တဝါတွေ ဖြစ်နေတာကို တွေ့ရတယ်။ အရင် ကပ်တုန်းက ထူးခြားခဲ့တဲ့၊ အင်မတန် ကြီးမားတဲ့ ဒိုင် နို ဆော အစရှိတဲ့တွားသွားတတ်တဲ့ သတ္တဝါကြီးတွေဟာ၊ ဒီသက်နှောင်း (တတိယ) ကပ်မှာ ပျောက်သွားကုန်ကြပြီ။ ဒီကပ်မှာ တွေ့ရတဲ့ တွားသွားတတ်တဲ့သတ္တဝါတွေကတော့ သေးတယ်၊ မကြီးဘူး။



(ပုံ-၁၃) ကင်းခြေများလို 'အာသရိုပေါ့'

---

၁။ နို့တိုက်သတ္တဝါ = Mammals (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၆၂)

ထေခွၢလၢင်ႉဖှ့ၢ်ဒိးလီၤစ့ၤယဲၤဃၢ (၃၄-၅)



သက်နှောင်း(တတိယ)ကပ်ဟာ တဖြေးဖြေး ကြာလာလေလေ၊ သတ္တဝါတွေရဲ့ပုံသဏ္ဌာန်တွေဟာ၊ အခုခေတ်သတ္တဝါတွေရဲ့ ပုံသဏ္ဌာန်တွေနဲ့ တူလာလေလေပဲ(ပုံ-၂၀)။ ဒီကပ်မှာ အထူးခြားဆုံး အချက်တချက်ကတော့၊ တခြားမဟုတ်ဘူး။ သတ္တဝါတွေရဲ့ ဦးနှောက်ဟာ၊ ရှေးကပ်တွေက သတ္တဝါတွေရဲ့ ဦးနှောက်ထက် တိုးတက်လာတဲ့အချက်ပဲဖြစ်တယ်။ ဒီတိုးတက်လာတဲ့ဦးနှောက်အရ၊ ဒီကပ်က သတ္တဝါတွေမှာ သိုမှီးစုဆောင်းချင်တဲ့ ဝါသနာတွေ၊ သင်ကြားယင် တတ်နိုင်တဲ့ ဝါသနာတွေ၊ ပေါ်ပေါက်လာကြပြီဆိုတာ ထင်ရှားတယ်။

ဒီသက်နှောင်း(တတိယ)ကပ်ရဲ့ **ပဉ္စမကျောက်လွှာငယ်** ထဲမှာ ရေခဲတွေ လွှမ်းမိုးခဲ့ဘူးတဲ့ သက်သေအထောက်အထားတွေ ထင်ထင်ရှားရှားတွေ့ရတယ်။ အဲဒါကြောင့် ဒီကျောက်လွှာငယ်ကာလကို ရေခဲခေတ်လို့ခေါ်ကြတယ်၊ အဲဒီရေခဲခေတ်ဟာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးသိန်းနဲ့-ငါးသိန်း အတွင်းလောက်ကနေပြီး၊ လွန်ခဲ့တဲ့နှစ်ပေါင်း လေးသောင်းလောက်အထိ ကျယ်ပြန့်ခဲ့တယ်လို့ ခန့်မှန်းကြတယ်။ အဲဒီရေခဲခေတ်တုန်းက ရေခဲတွေဟာ၊ ဥရောပတိုက်တွေမှာဆိုယင် ဘောလတစ်ပင်လယ်[1]ကမ်းခြေအထိ၊ အင်္ဂလန်မှာဆိုယင် တင်းမြစ်[2]အထိ၊ မြောက်အမေရိကတိုက်မှာဆိုယင် နယူးအင်္ဂလန်[3]အထိ၊ မြောက်အမေရိကတိုက်နဲ့ အလယ်ပိုင်းခပ်ကျကျမှာဆိုယင် အိုဟိုင်းယိုး[4]အထိ၊ အာရှတိုက်မှာဆိုယင် ဆိုင်ဘေးရီးယား[5]နဲ့ ယူဖရေးတီး တိုက်ဂရစ်မြစ်တွေရဲ့အထက်ပိုင်းအထိ၊ ရေခဲလွှမ်းမိုးခဲ့ဘူးတဲ့ သက်သေ အထောက်အထားတွေကို တွေ့ရတယ်။

ဒီရေခဲတွေဟာ၊ အခုပြောခဲ့တဲ့ဒေသတွေအထိ၊ နှစ်ပေါင်းထောင်ပေါင်းများစွာ ဆင်းလာလိုက်၊ နောက်ပြီးတော့ နှစ်ပေါင်းထောင်ပေါင်းများစွာ မြောက်ဘက်ကို ပြန်ဆုတ်သွားလိုက်နဲ့၊ လေးကြိမ်တိုင်တိုင်၊အဲဒီလို ဆင်းလိုက် ဆုတ်လိုက်ဖြစ်နေတဲ့ သက် သေ အထောက်

---

၁။ ဘောလတစ်ပင်လယ်=The Baltic Sea

၂။ တင်းမြစ်=R.Thames

၃။ နယူးအင်္ဂလန်=New England

၄။ အိုဟိုင်းယိုး=Ohio

၅။ ဆိုင်ဘေးရီးယား=Siberia

အထားအတွက်ကိုလဲ၊ဘူမိဗေဒပညာရှင်တွေတွေ့ရတယ်။ ရေခဲပြင်ကြီးဟာ အခုလို လေးကြိမ်တိုင်တိုင် တက်လိုက်ဆုတ်လိုက်ဖြစ်ခဲ့တဲ့အတွက်၊ပထမ




(ပုံ-၁၅) ရေနဲ့ ကုန်း နှစ်ခုစလုံးမှာ နေနိုင်တဲ့ ကုန်းနေသတ္တဝါတွေ

ရေခဲခေတ်၊ ဒုတိယ ရေခဲခေတ်၊ တတိယ ရေခဲခေတ်၊ စတုတ္ထရေခဲခေတ် လို့၊ရေခဲခေတ်ကို လေးပိုင်းပိုင်းထားကြပြန်တယ်။

အဲဒီရေခဲခေတ်ထဲမှာ၊ မျောက်ဝံလိုမကတက လူလိုမကျတကျ သတ္တဝါတွေ(ပုံ-၂၁) ပေါ်လာကြပြီလို့၊ သိပ္ပံပညာရှင်တွေခန့်မှန်းကြ

တယ်။ အဲဒီမျောက်ဝံတဝက် လူတဝက် သတ္တဝါတွေဟာ သက်နှောင်း (တတိယ) ကပ်အစလောက်က ပေါ်လာတဲ့၊ သစ်ပင်ပေါ်မှာ မနေပဲ မြေပေါ်မှာအနေများတဲ့၊ မတ်တပ်ရပ်ပြေးနိုင်တဲ့ မျောက်ဝံ[၁] တမျိုးက ဆင်းသက်လာတယ်။ ဒီမြောက်ဝံမျိုးကလဲ၊ သက်လယ်(ဒုတိယ)ကပ်ရဲ့ သစ်ပင်ပေါ်မှာနေတဲ့ မျောက်ဝံတမျိုးက ဆင်းသက်လာတယ်။ အဲဒီ မျောက်ဝံတဝက် လူတဝက်သတ္တဝါတွေဟာ၊ တစတစ တိုးတက်လာ လိုက်ကြတာ၊ နောက်ဆုံးမှာ လူတွေဖြစ်လာကြတယ်လို့ သိပ္ပံပညာရှင် တွေက ယူဆကြတယ်။

**သိပ္ပံလောကထဲမှာ အယူအဆတွေဟာ၊ တခေတ်ပြီး တခေတ် ပြောင်းနေတယ်ဆိုတော့၊** လူနဲ့ပတ်သက်တဲ့ အယူအဆလဲ မခံနိုင်ဘူး။ တနေ့ကျယင်၊ ပြောင်းလဲရမှာပါပဲ။

၂၀ ရာစု အစလောက်အထိ၊ **ရုပ်မှန်သမျှဟာ** ဒြပ်ဖြစ်တယ်၊ နောက်ဆုံးအထိ ခွာတ်ခွဲချလိုက်ယင်၊ **အနုမြူ** မှာ အဆုံးသတ်မယ်။ အနုမြူကို နောက်ထပ်ခွဲစိပ်လို့မရတော့ဘူးလို့၊ သိပ္ပံလောကထဲမှာ ယူဆကြတယ်။

၂၀ ရာစုအလယ်လောက်ကို ရောက်လာတဲ့အခါ၊ သိပ္ပံပညာဟာ အများကြီးတိုးတက်လာတယ်။ တိုးတက်လာတဲ့အလျောက်၊ ရှေးတုန်းက ခွဲလို့မရဘူးဆိုတဲ့ အနုမြူကို သိပ္ပံပညာရှင်တွေ ခွဲစိပ်လို့ ရသွားကြတယ်။

အဲဒီအခြေအနေက၊ တဖြေးဖြေး တိုးတက်လာလိုက်တာ ရုပ်ကို နောက်ဆုံးအထိ ခွာတ်ခွဲချလိုက်ယင်၊ တလောကလုံးမှာ၊ အရေ၊ အဖတ်၊ ဒြပ်ဆိုတာမရှိဘူး[၂]၊ သူ့သဘောကိုသူဆောင်နေတဲ့ **သဘောမျှသာ** ရှိတယ် ဆိုတာအထိ၊ သိပ္ပံပညာရှင်တွေ တွေ့လာကြတယ်၊ (ဘယ်လိုတွေ့လာ

---

၁။ မျောက်ဝံ= Ape (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၃၆၅)

၂။ The New Pictured Encyclopædia (edited by Sir John Hammerton,)Volume 1. ATOM. p: 345

In some of the latest theories of matter, the atom cannot be pictured or imagined; it is a string of mathematical symbols representing something which we cannot fathom, since it is no loger a concrete thing, but only an abstract idea.

ကြတယ်ဆိုတာ 'သိပ္ပံပညာနှင့် ဗုဒ္ဓတရားတော်' ဆိုတဲ့ မိန့်ခွန်းထဲမှာ အကျယ်တဝင့် ဖေါ်ပြခဲ့ပြီးပြီ။ နောက်ထပ်အကျယ်ချဲ့ပြီး၊ သိပ္ပံကျမ်း တစောင် သီးသန့်ထုတ်ဝေပါဦးမည်။)

အခုလိုတွေလာတဲ့ အချိန်ကစပြီး၊ သိပ္ပံလောကကြီး တခုလုံးမှာ၊ အယူအဆတွေဟာ၊ တမျိုးတဖုံ ပြောင်းသွားခဲ့ကြတယ်။ ဒီပြောင်းလဲမှုဟာ၊ သိပ္ပံလောကထဲမှာ၊ **အကြီးဆုံးတော်လှန်ရေးကြီး** ဖြစ်တယ်လို့တောင်၊ သိပ္ပံပညာရှင်[၁]တွေက ကျေညာခဲ့ကြတယ်။

အဲဒီလိုပဲ၊ သိပ္ပံပညာဟာ၊ အခုအခြေအနေမှာ၊ အဆမတန်တိုးတက်လာတဲ့အတွက်၊ လူနဲ့ပတ်သက်တဲ့ ဗဟုသုတအသစ်တွေကို၊ နောက်ထပ်တွေ့ရယင်၊ သိပ္ပံလောထဲမှာ အယူအဆတွေဟာ၊ တမျိုးတဖုံ ပြောင်းလဲသွားရမယ်။

ဒါပေမဲ့၊ ဒီကနေ့အထိကတော့၊ ဥဗ္ဗေဒဝါဒကို ယုံကြည်နေကြတဲ့ သိပ္ပံပညာရှင်တွေဟာ၊ လူဟာ လူတဝက် မျောက်တဝက်ဘဝက တိုးတက်လာတယ်ဆိုတဲ့ဝါဒကို၊ တန်းတန်းစွဲယုံကြည်နေကြတုန်းပဲ ရှိသေးတယ်။ သတ္တဝါတွေဟာလူဖြစ်တဲ့အထိ၊ တစတစဘယ်လိုတိုးတက်လာကြတယ်ဆိုတာကို၊ သူတို့ပြောပြတာ၊ အတော်စိတ်ဝင်စားစရာ ကောင်းတယ်။ သူတို့ဘယ်လိုပြောတယ်ဆိုတာ၊ နားထောင်လိုက်ကြအုံးစို့။

## လူဘယ်လိုဖြစ်လာသလဲ

သိပ္ပံပညာရှင်တွေ အတော်ခပ်များများဟာ၊ ဥဗ္ဗေဒဝါဒသမားတွေဆိုတာ အပေါ်နားဆီမှာ ပြောခဲ့ပြီးပြီ။ အဲဒီလို ဥဗ္ဗေဒဝါဒသမားတွေအနေနဲ့ လူဘယ်လိုဖြစ်လာတယ်ဆိုတာကို **ကြံကြံဖန်ဖန်တွေးကြတယ်**။ သူတို့ ဘယ်လိုတွေးတယ်ဆိုတာ ပြောပြအုံးမယ်။

ချင်းပန်ဇီး[၂]၊ အိုရန်းဦးတန်း[၃]၊ ဂိုရီးလ[၄]ဆိုတဲ့ **မျောက်ဝံတွေနဲ့လူ**တွေဟာ နှစ်ပေါင်းများစွာကြာတဲ့ အချိန်တုန်းက တိရစ္ဆာန်တမျိုးထဲက

၁။ The Limitations of Science (J.W.N. Sullivan), p. 66

၂။ ချင်းပန်ဇီး=Chimpanzee (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၃၇၀)

၃။ အိုရန်းဦးတန်း=Orang-Utan (Orang-outang)

၄။ ဂိုရီးလ=Gorilla (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၇၇)

ဆင်းသက်ပေါက်ဖွားလာကြတဲ့ သတ္တဝါတွေဖြစ်တယ်။ အဲဒီတိရစ္ဆာန်မျိုးကလဲ ခလေးတွေကို နို့တိုက်မွေးတတ်တဲ့၊ အင်မတန် ရှေးကျတဲ့ တိရစ္ဆာန်တမျိုးက ဆင်းသက်ပေါက်ဖွားလာကြတာဖြစ်တယ်။ အဲဒီ နို့တိုက်မွေးတတ်တဲ့ တိရစ္ဆာန်မျိုးကလဲ၊ အဆိပ်မရှိတဲ့ တွားသွားတတ်



(ပုံ-၁၆) 'ဒိုင်နိုဆောကြီး'ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်း
(အမေရိကန် သဘာဝပြတိုက်မှာ တွေ့ရပုံ)

တဲ့ သတ္တဝါတမျိုးက ဆင်းသက်ပေါက်ဘွားလာတယ်။ အဲဒီတွားသွား တတ်တဲ့ သတ္တဝါတမျိုးဆိုတာကလဲ၊ ရေရော ကုန်းပါနေနိုင်တဲ့ သတ္တဝါ အဆက်ဆက်က ဆင်းသက်ပေါက်ဘွားလာတယ်။ အဲဒီသတ္တဝါတွေ ကလဲ၊ရှေးအကျဆုံး ငါးအမျိုးက ဆင်းသက်ပေါက်ဘွားလာကြတယ်။ **အခုလိုလူ့ရဲ့မျိုးရိုးအစဉ်** (ပုံ-၂၂)အဆက်ကို ရေးဆွဲတာဟာ၊ အရမ်း ရေးဆွဲတာမဟုတ်ဘူး။ ကျောရိုးရှိတဲ့ တခြားသတ္တဝါတွေရဲ့ ကိုယ်အင်္ဂါ **အစိတ်အပိုင်း**နဲ့ လူရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို **ယှဉ်ကြည့်ပြီး** (ပုံ-၂၃)ဆွဲတာလို့၊ ဒီသိပ္ပံပညာရှင်တွေက ဆိုကြတယ်။

လူဟာ ပဋိသန္ဓေတည်စကစပြီး မွေးတဲ့အထိ၊ အဆင့်အဆင့်တိုး တက်လာပုံဟာ၊ အခု သူတို့ရေးဆွဲထားတဲ့ လူ့ရဲ့ မျိုးရိုးအစဉ်အဆက်ကို ထောက်ခံတယ်လို့ သူတို့က ပြောကြတယ်။ ကိုယ်ဝန်အတော်ရင့်လာတဲ့ အခါ၊ကိုယ်ဝန်မှာ ငါးဘဟက်တွေလိုဘဟက်တွေပေါ်လာတယ်။ကိုယ် ဝန်ရဲ့ကျောက်ကပ်နဲ့ နှလုံးဟာ ငါးရဲ့ကျောက်ကပ်နဲ့ နှလုံးနဲ့တူတယ်။ အဲဒီနောက် ကိုယ်ဝန်ဟာ၊ တဆင့်ပြီးတဆင့် တိုးတက်လာပုံကို စစ် ဆေးကြည့်ယင် ရေရောကုန်းပါနေနိုင်တဲ့ သတ္တဝါမျိုးနဲ့ တွားသွားတဲ့ သတ္တဝါမျိုးတွေရဲ့ ပုံသဏ္ဌာန်တွေနဲ့ တူလာပြန်တယ်။

ဒါထက် တိုးတက်ရင့်လာပြန်တဲ့အခါ၊ ဒီကိုယ်ဝန်မှာ ရှေးကျ တဲ့ နို့တိုက်သတ္တဝါတွေရဲ့ အင်္ဂါအစိတ်အပိုင်းတွေ ပေါ်လာပြန်တယ်။ ဒီကိုယ်ဝန်မှာ မမွေးဖွားခင် အတော်ကြာကြာ အမြီးကလေးတခုရှိ နေတယ်။ အဲဒီအချက်ကိုထောက်ပြီး **လူအဖြစ်နဲ့မွေးလာရမဲ့အချိန်မှာ တောင်မှ၊ လူဟာ လူအဖြစ်နဲ့မစခဲ့ဘူး၊ လူဖြစ်အောင် အဆင့်ဆင့်တိုး တက်လာခဲ့ရတယ်လို့** ဒီသိပ္ပံပညာရှင်တွေက ပြောကြတယ်။

တိုတိုပြောကြစို့၊ ငါးကနေပြီး အခုပြောခဲ့တဲ့ မျိုးရိုးအစဉ်အ ဆက်အတိုင်း တိုးတက်လာလိုက်တာ၊ နောက်ဆုံးမှာ မျောက်ဝံကနေ လူအထိတိုးတက်လာကြတယ်လို့၊ဒီသိပ္ပံပညာရှင်တွေက ကြံကြံစည်စည် ယုံကြည်ကြတယ်။ ငါးကနေပြီး မျောက်ဝံအထိ၊ တဆင့်ပြီးတဆင့် တိုး တက်လာပုံကို၊ **သူတို့နည်းနဲ့သူတို့**ပြနိုင်တယ်။ ဒါပေမဲ့ **မျောက်ဝံကနေ ပြီး လူအထိ တိုးတက်လာ**ပုံကို ပြဘို့ကတော့၊ သူတို့မှာအခက်အခဲတခု




(ပုံ-၁၆ က)  သက်လယ်ကပ်-ရှေးပိုင်း ဒိုင်နိုဆောခေတ်

ရှိနေတယ်။ မျောက်ဝံကနေ တချက်ထဲခုန်ပြီး လူဖြစ်မလာနိုင်ဘူး၊ မျောက်ဝံကနေပြီး **လူတပိုင်း-မျောက်ဝံတပိုင်း**ဖြစ်တဲ့ သတ္တဝါတမျိုးဖြစ်ရအုံးမယ်။ အဲဒီအဆင့်ကိုရောက်ပြီးမှ လူဖြစ်လာနိုင်မယ်လို့ သူတို့ယူဆတယ်။အဲဒါကြောင့် မျောက်ဝံနဲ့ လူရဲ့ကြားမှာရှိတဲ့၊မျောက်ဝံတပိုင်း လူတပိုင်းသတ္တဝါတမျိုးကို၊ သူတို့ကြိုးစားပြီး ရှာကြပြန်တယ်။

အဲဒီလို သူတို့ရှာတဲ့အခါ၊ တခါတခါ **ခေါင်းခွံ**တပိုင်းကိုတွေ့ရတယ်၊ တခါတခါ **သွား**တချောင်းနှစ်ချောင်းကို တွေ့ရတယ်။ တခါတခါ **မေးရိုးအပိုင်းအစ**ကို တွေ့ရတယ်၊ဒီဟာတွေကိုတွေ့ရတဲ့ မြေကြီးရဲ့ အသက်ဟာ၊ မျောက်ဝံကနေပြီး မျောက်ဝံတဝက်လူတဝက်သတ္တဝါမျိုး ဖြစ်လာနိုင်လောက်တဲ့ အချိန်နဲ့လဲ ကိုက်ညီမယ်၊ တွေ့ရတဲ့ ခေါင်းခွံတခြမ်းသွားတချောင်းမေးရိုးတပိုင်းဟာလဲ၊ မျောက်ဝံရဲ့ခေါင်းခွံ၊ သွား၊ မေးရိုးလဲမက၊ လူ့ခေါင်းခွံ၊ သွား၊ မေးရိုးလဲ မကျတကျ၊ပုံပန်းသဏ္ဌာန်မျိုးရှိနေမယ်ဆိုယင်၊ ဒီခေါင်းခွံ ဒီမေးရိုး ဒီသွားကို မှုတည်ပြီး၊ သူတို့နဲ့ သင့်တော်တဲ့ ပုံသဏ္ဌာန်တွေ ဖြစ်လာအောင် အရုပ်လုပ်ကြတယ်။

သူတို့မှာ သွားတချောင်းထဲ တွေ့ရပေတဲ့လဲ၊ အလဟဿမဖြစ်ဘူး ။ ဥပမာ သွားတချောင်းတွေ့ယင်၊ ဒီလိုသွားမျိုးရှိတဲ့ သတ္တဝါရဲ့ခေါင်းဟာ ဘယ်လောက်ကြီးရမယ်၊ ဦးနှောက်ဟာ ဘယ်လိုနေရမယ်၊ မျက်လုံးအိမ်ဟာဘယ်လောက်ကျယ်ရမယ်၊ မေးရိုးဟာ ဘယ်လောက်ရှေရမယ်၊ အရပ်ဟာ ဘယ်လောက်ရှေရမယ်၊ခြေလက်တွေဟာ ဘယ်လိုဖြစ်ရမယ်လို့၊ သူတို့တတ်ထားတဲ့ ပညာတွေနဲ့ တွက်ချက်ပြီး၊ သွားတချောင်းကနေ သင့်တော်တဲ့ အရုပ်တရုပ်ဖြစ်အောင် လုပ်ယူတာပါပဲ။

အရုပ်ဖြစ်ပြီဆိုတော့မှ ဒီလိုသတ္တဝါဟာ သူတို့လိုက်ရှာနေတဲ့ **မျောက်ဝံတဝက်-လူတဝက်သတ္တဝါ** ဖြစ်နိုင်မဖြစ်နိုင်ကို သေ့လာကြတယ်၊ **တော်တော်တော့ကြိုးစားတဲ့လူတွေပါပဲ**။

သိပ္ပံသမားမဟုတ်တဲ့လူတွေအဘို့ကတော့၊ ဒါတွေဟာ၊**ရယ်စရာ**ကြီးတွေလိုဖြစ်နေမှာပဲ။ ဒါပေမဲ့၊ ဒီသိပ္ပံပညာရှင်တွေရဲ့ ရှေမှာတော့ သူတို့ရဲ့ ပညာကို ဒီလိုသွားပြီးရယ်လို့မရဘူး။ ဗုဒ္ဓဘာသာကို အခြားလူတဦးဦးကရယ်ယင်၊ ဗုဒ္ဓဘာသာဝင်တွေ မခံနိုင်ဘူး၊ အစွမ်းကုန်



(ပုံ-၁၇) ရှေးအကျဆုံး ပျံနိုင်တဲ့ ငှက်တွေ

ကာကွယ်ကြမှာလိုပဲ၊ ဒီသိပ္ပံပညာရှင်တွေကလဲ၊ ဘာသာတခု အနေနဲ့ ကိုးကွယ်ထားတဲ့ သူတို့ရဲ့ပညာကို၊ တယောက်ယောက်ကသွားပြီးရယ်ယင်၊ မခံဘူး။ အစွမ်းကုန်ကာကွယ်ကြမှာပဲ။ သူတို့အတွက်၊ သူတို့ရဲ့ ပညာဟာ၊ ကိုးကွယ်တဲ့ဘာသာတခုလို ဖြစ်နေတယ်။

ဒီသိပ္ပံပညာရှင်တွေမှာ၊ ဒီအယူအဆနဲ့ ပတ်သက်ပြီး၊ **ပြစရာ သက်သေအထောက်အထားတွေ၊ များများစားစား မရှိပါဘူး။** သူတို့ ကိုင်ထားကြတဲ့ အထောက်အထားတွေကို အကျဉ်းချုံးပြီးပြောပါမယ်။

မျောက်ဝံတဝက် လူတဝက်ရဲ့ အရိုးတွေအဖြစ်နဲ့ သိပ္ပံပညာရှင်တွေ ရထားခဲ့တဲ့ အရိုးတွေဟာ၊ အခုပြောပြမဲ့နေရာတွေက ရတဲ့အရိုးတွေဖြစ်တယ်။ ၁၈၉၁-ခုနှစ်က၊ **ဂျာဗာကျွန်း၊ ထရိနီ**[၁] ဆိုတဲ့ အရပ်မှာ၊ ခေါင်းခွံအပေါ်ပိုင်းတခု သွားတချို့နဲ့ပေါင်ရိုးတချောင်းကိုတွေ့ရတယ်။ **ဂျာမဏီပြည်၊ ဟိုင်ဒယ်လဗတ်**[၂] အရပ်မှာ မေးရိုးတခုကို တွေ့ရတယ်။ **အင်္ဂလန်ပြည်၊ ပစ်လဒေါင်း**[၃] အရပ်မှာ ၁၉၁၂-ခုနှစ်က၊ ခေါင်းခွံတခြမ်း မေးရိုးနဲ့ သွားအချို့ကို တွေ့ရတယ်။

အဲဒီသိပ္ပံပညာရှင်တွေဟာ၊ **ဂျာဗာက** ရလာတဲ့ **ခေါင်းခွံ**ကို စစ်ဆေးကြည့်တဲ့အခါ၊ ဦးနှောက်အိမ်ဟာ **ချင်းပန်ဇီး**[၄] လို့ခေါ်တဲ့ မျောက်ဝံရဲ့ ဦးနှောက်အိမ်လဲ မက၊ လူရဲ့ ဦးနှောက်အိမ်လဲ မကျတာကို တွေ့ရတယ်။ ပေါင်ရိုးကတော့၊ လူလို မတ်တတ်ရပ်နိုင် ပြေးနိုင်ပြီး၊ သွားတဲ့လာတဲ့ ပြေးတဲ့နေရာတွေမှာ၊ မျောက်ဝံတွေလို လက်တွေကို မသုံးရတဲ့အတွက်၊ လက်တွေကို လူတွေလို လွတ်လွတ်လပ်လပ် သုံးနိုင်တဲ့သတ္တဝါ တမျိုးရဲ့ ပေါင်ရိုးဆိုတာကိုလဲ၊ သိပ္ပံပညာအရ တွေ့ကြရပြန်တယ်။ ဒီအရိုးတွေကို တွေ့ရတဲ့ မြေကလဲ၊ ရေခဲခေတ်ရဲ့ ရှေးက ကုန်သွားခဲ့တဲ့ သက်နှောင်း(တတိယ)ကပ်၊ စတုတ္ထကျောက်လွှာနဲ့ တူတာကိုလဲ တွေ့ရတယ်။ အဲဒီအချက်တွေကို မှီပြီး၊ ဒီသိပ္ပံပညာရှင်တွေဟာ ဒီအရိုးတွေက အရပ်တရပ် ဖြစ်အောင် လုပ်ယူကြတယ်။ ဒီလို လုပ်ပြီးတော့မှ ဒီသတ္တဝါတွေဟာ လူလဲမဟုတ်ဘူး၊ သစ်ပင်ပေါ်မှာနေတဲ့ ချင်းပန်ဇီးဆိုတဲ့ မျောက်ဝံလဲ မဟုတ်ဘူး၊ ဒါကြောင့် ဒီသတ္တဝါကို (ပုံ-၂၄) **ပီသီကန်သရိုပတ်-အီရက်တတ်**[၅] လို့ အမည်ပေးကြတယ်။ လမ်းလျှောက်တတ်တဲ့ မျောက်ဝံတဝက်-လူတဝက်လို့ အဓိပ္ပါယ်ရတယ်။

---

၁။ ဂျာဗာကျွန်း၊ ထရိနီ = Trinil in Java
၂။ ဂျာမဏီပြည်၊ ဟိုင်ဒယ်လဗတ် = Heildelberg in Germany
၃။ အင်္ဂလန်ပြည်၊ ပစ်လဒေါင်း = Piltdown in England
၄။ ချင်းပန်ဇီး = Chimpanzee
၅။ ပီသီကန်သရိုပတ်-အီရက်တတ် = Pithecanthropus Erectus




(ပုံ-၁၈) သက်လယ်ကပ်-နှောင်းပိုင်း သတ္တဝါတွေ

ဂျာမဏီပြည်၊ ဟိုင်ဒယ်လဘတ် ဒေသမှာ နောက်ထပ်တွေ့ရတဲ့ အရိုးကတော့ မများဘူး၊ မေးရိုးတခုထဲဖြစ်တယ်။ သဲတွင်း တတွင်းကို တူးလို့ ပေ-၈၀ လောက်ရှိတဲ့အခါ၊ ဒီမေးရိုးကိုတွေ့ရတယ်။ ဒီမေးရိုး ကို လေ့လာကြည့်တဲ့အခါ၊ ဒီမေးရိုးဟာ လူမေးရိုးနဲ့တူတဲ့ မေးရိုး မျိုးပဲ။ ဒါပေမဲ့ ဒီမေးရိုးရှင်မှာ လူတွေလို မေးစေ့ရှိဟန် မတူဘူး။ ဒီ

မေးရိုးဟာ အတွင်းဘက်မှာ ကျဉ်းနေတဲ့အတွက် ဒီမေးရိုးပိုင်ရှင်ဟာ၊ လူတွေလို စကားကို သွက်သွက်လက်လက် ပြောနိုင်ပုံလဲ မပေါ်ဘူးလို့ သိပ္ပံပညာရှင်တွေက ခန့်မှန်းကြတယ်။ ဒီမေးရိုးနဲ့ အတူ တွေ့ရတဲ့ ကျောက်ကရိယာ တန်ဆာပလာတွေရဲ့ လက်ရာဟာ၊ ရှေးအကျဆုံး ကျောက်ပေါက်ဆိန်တွေထက် ပိုပြီးတိုးတက်နေတာကို တွေ့ရတဲ့အတွက် ပထမ ရေခဲခေတ်က ပေါ်ပေါက်ခဲ့တဲ့ မျောက်ဝံမက လူမကျ သတ္တဝါတွေထက်၊ ဒီမေးရိုးပိုင်ရှင်လို သတ္တဝါတွေက နဲနဲနောက်ကျပြီး ပေါ်လာတယ်လို့လဲ သိပ္ပံပညာရှင်တွေက ယူဆတယ်။

ဒီလို မျောက်ဝံမက လူမကျတဲ့ သတ္တဝါတွေရဲ့ အရိုးတွေကို ရှာကြရင်း၊ တခါတော့ ရယ်စရာတခု ဖြစ်သွားခဲ့ဘူးသေးတယ်။ ၁၉၁၂-ခုနှစ်လောက်မှာ **ချားဒေါ်ဆင်**[၁] ဆိုတဲ့ အင်္ဂလိပ် တဦးက၊ **အင်္ဂလန်တောင်ပိုင်း၊ ပစ်လဒေါင်း**အရပ်မှာ၊ မျောက်ဝံမက လူမကျတဲ့ သတ္တဝါတဦးရဲ့ ဦးခေါင်းခွံတပိုင်းနဲ့ မေးရိုးတခုကို တွေ့ရတယ်လို့ ကျေညာတယ်။ ဒီခေါင်းခွံတခြမ်းမှာရှိတဲ့ ဦးနှောက်အိမ်က၊ လူရဲ့ဦးနှောက်အိမ်ပဲ။ ဒါပေမဲ့ မေးရိုးကတော့၊ မျောက်ဝံရဲ့ မေးရိုးဖြစ်တယ်။ သွားတွေကျတော့ လူသွားတွေနဲ့ တူနေပြန်တယ်။ ဒီမေးရိုးကို တွေ့တွေ့ချင်း သွားစွယ်မပါဘူး၊ ပျောက်နေတယ်။ ဒီခေါင်းခွံနဲ့မေးရိုးက၊ အရုပ်ဖြစ်အောင်လုပ်ပြီးမှ၊ ပျောက်နေတဲ့ သွားစွယ်ကို မူလတွေ့တဲ့ နေရာမှာပဲ ပြန်တွေ့တယ်။ အဲဒီသွားစွယ်နဲ့ သိပ္ပံပညာရှင်တွေ အတု လုပ်ထားတဲ့ သွားစွယ်ဟာ၊ တထေရာထဲ တူနေတယ်။ ဒီခေါင်းခွံတခြမ်းနဲ့ မေးရိုးကို သိပ္ပံနည်းနဲ့ စစ်ဆေးကြည့်တဲ့အခါ၊ သူတို့ရဲ့အသက်ဟာ နှစ်ပေါင်း ၅၀၀,၀၀၀ (ငါးသိန်း)ကျော်နေပြီဆိုတာကို တွေ့ရတယ်။ ဒီအချက်ကို ထောက်ပြီး၊ မျောက်ဝံက လူဖြစ်လာတယ်ဆိုတဲ့ ဝါဒကို ယုံကြည်တဲ့ လူတွေဟာ၊ အင်မတန်ကြီး ဝမ်းသာအားရဖြစ်ကြတယ်။

သူတို့ရဲ့ ဝါဒကို လက်မခံတဲ့ လူတွေက(အထူးသဖြင့် ခရစ်ယန်ဘုန်းကြီးတွေက) လူဟာ မျောက်ဝံက ဖြစ်လာတယ် ဆိုယင်၊ မျောက်ဝံနဲ့ လူကြားမှာရှိမဲ့၊ **မျောက်ဝံမက လူမကျတဲ့ သတ္တဝါ** တမျိုးကို ပြပါလို့ပြောတိုင်း၊ ဒီဝါဒကိုယုံကြည်သူတွေဟာ လက်မှိုင်ချခဲ့

---

[၁] ချား-ဒေါ်ဆင် = Charles Dawson




(ပုံ-၁၉) သက်နှောင်းကပ်-ရှေးပိုင်း နို့တိုက်သတ္တဝါ

ရတာချည်းပဲ။ မယုံကြည်သူတွေက တောင်းဆိုတဲ့သတ္တဝါမျိုးကို သူတို့ မပြနိုင်ခဲ့ဘူး။ အဲဒါကြောင့် အခုပြောခဲ့တဲ့ ခေါင်းခွံတခြမ်းနဲ့ မေးရိုးကို တွေ့တဲ့အခါမှာ၊ သူတို့တတွေဟာ လက်ခမောင်းခတ်ပြီး၊ မျောက်ဝံနဲ့ လူကြားမှာရှိတဲ့၊ ပျောက်နေတဲ့အဆက်ကို ဒို့တတွေရှာနေတာ ဒီတခါ

တွေ့ရပြီလို့ ဟစ်အော်ကြွေးကြော်ကြတယ်၊ ကြုံးဝါးကြတယ်။ မယုံကြည်တဲ့ဘက်က လူတွေကလဲ၊ ဒါဟာ မဖြစ်နိုင်ဘူးလို့ ယုံကြည်ကြသူတွေလိုပဲ ပြင်းပြင်းထန်ထန် ပြန်ပြီး ကြုံးဝါးကြတယ်။ အဲဒီ ခေါင်းခွံတခြမ်းနဲ့ မေးရိုးကိစ္စပြီး၊ ဒီတွေ့စ အချိန်အခါက အင်္ဂလန်မှာ အတော်ကြီး ချောက်ချားသွားခဲ့ဘူးတယ်။

အနှစ်၄၀-တိုင်တိုင် ဒီခေါင်းခွံ ဒီမေးရိုး ဒီသွားတွေကိုမျောက်ဝံ တဝက် လူတဝက်ရဲ့ခေါင်းခွံ၊ မေးရိုး၊ သွားတွေလို့၊ယုံကြည်သူတွေက ယုံကြည်လာခဲ့ကြတယ်။ ၁၉၅၂-ခုလောက်ကျတော့၊ နောက်ဆုံးပေါ် လောကဓာတ်နည်းတွေနဲ့ စမ်းသပ်ကြည့်တဲ့အခါ၊ ခေါင်းခွံနဲ့ မေးရိုး ဟာ၊ သတ္တဝါတဦးထဲက ရတာမဟုတ်ဘူး။ ခေါင်းခွံက လူရဲ့ခေါင်းခွံ ပါပဲ။ ဒီခေါင်းခွံရဲ့အသက်ဟာ ငါးသိန်းမဖြစ်နိုင်ဘူး။ အလွန်ဆုံးငါး သောင်းလောက်ပဲရှိနိုင်မယ်။ မေးရိုးကတော့ အခုခေတ် မျောက်ဝံရဲ့ မေးရိုးပဲ။ ခေါင်းခွံနဲ့ မေးရိုးရဲ့အသက်ဟာ၊ အနှစ် ငါးသိန်းလောက် ရှိပြီလို့ ထင်ရအောင်၊ အင်မတန် အထက်တန်းကျတဲ့ ဆေးတမျိုးနဲ့ ဆိုးထားတယ်။ သွားတွေဟာ လူရဲ့သွားတွေနဲ့တူအောင် သွေးထားတယ်ဆိုတဲ့ အချက်တွေကို၊ သိပ္ပံပညာရှင်တွေ တွေ့ကြရတယ်။ အဲဒီလို အနှစ် ၄၀-ကြာတော့မှပဲ၊ မျောက်ဝံတဝက် လူတဝက် သတ္တဝါရဲ့ ခေါင်းခွံနဲ့ မေးရိုးဖြစ်တယ်ရယ်လို့ ယုံကြည်သူတွေက လက်သီး လက်မောင်းတန်းပြီး ကြုံးဝါးခဲ့တဲ့ ခေါင်းခွံနဲ့မေးရိုးဟာ ပျက်လုံးကြီးတခု အနေနဲ့ ဇာတ်သိမ်းသွားခဲ့ရတယ်။

ကျောက်လွှာတွေထဲမှာတွေ့ရတဲ့အရိုးတွေကိုကြည့်ပြီး တိရစ္ဆာန်ရော လူပါ သတ္တဝါမှန်သမျှ ဖြစ်ပေါ်လာကြပုံကို လေ့လာတဲ့ပညာကို **ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ**လို့ ခေါ်တယ်လို့ ပြောခဲ့ပြီးပြီ။ အဲဒီ သတ္တဝါ တွေထဲကမှ လူသတ္တဝါသက်သက်ဖြစ်ပေါ်လာပုံအစရှိတဲ့လူအကြောင်း တွေကို ဖော်ပြထားတဲ့ပညာကို **မနုဿဗေဒ**[၁]လို့ ခေါ်တယ်။ ဒီပညာကို လိုက်စားတဲ့ ပညာရှင်တွေကို **မနုဿဗေဒပညာရှင်**[၂]လို့ ခေါ်တယ်။

---

၁။ မနုဿဗေဒ = အန်သရိုပေါလော်ဂျီ Anthropology (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၈၊ နှာ ၄၃၀)

၂။ မနုဿဗေဒပညာရှင် = အန်သရိုပေါလော်ဂျစ် Anthropologist




(ပုံ-၂၀) သက်နှောင်းကပ်-ရှေးပိုင်း-နို့တိုက်သတ္တဝါတွေ။
(အခုခေတ် သတ္တဝါတွေရဲ့ ပုံသဏ္ဍာန်တွေနဲ့ တူလာတယ်)

ရှေးခေတ်ဟောင်း သမိုင်းကို ရေးဘို့အတွက်၊ ဒီမနုဿဗေဒပညာဟာ အားကိုးလောက်အောင် မနိုင်ခန့်ဘူး။ ဒါကြောင့် ရှေးခေတ်ဟောင်း သမိုင်းဆရာတွေဟာ၊မျောက်ဝံတပိုင်းလူတပိုင်းသတ္တဝါတွေရဲ့သမိုင်းကို

ရေးဘို့အတွက် ဒီမနုဿဗေဒတခုထဲကို အားကိုးလို့မဖြစ်ဘူး။ ဒီလိုဆိုယင်၊ ဒီသမိုင်းဆရာတွေ ဘယ်ပညာတွေကို နောက်ထပ်ပြီး အားကိုးကြရသေးသလဲ။ ရှင်းပြပါ့မယ်။

## ရှေးဟောင်း သုတေသနဗေဒ [၁]

ရှေးဟောင်းပစ္စည်းတွေကို လေ့လာဘို့ ဝါသနာပါတဲ့ သူတွေဟာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတရာလောက်ကစပြီး ကမ္ဘာ့အရပ်ရပ်မှာ ရှေးဟောင်းပစ္စည်းတွေကို လိုက်လံရှာဖွေကြတယ်။ အဲဒီလို လိုက်လံရှာဖွေကြရင်း၊ သူတို့ရဲ့အမြင်အားဖြင့် ထူးနေတဲ့ ကျောက်တုံးတွေကို တွေ့ရတယ်။ အဲဒီသူတွေက၊ ဒီကျောက်တုံးတွေဟာ၊ နဂိုကျောက်တုံးတွေမဟုတ်ဘူး၊ အင်မတန်ရှေးကျတဲ့ခေတ်တွေကလူတွေဟာ၊ သူတို့ရဲ့ကရိယာတန်ဆာပလာတွေ၊ လက်နက်တွေအဖြစ်နဲ့ အသုံးပြုသွားကြတဲ့ကျောက်ပစ္စည်းတွေ ဖြစ်မှာပဲလို့ယူဆကြတယ်။ ဒါပေမဲ့၊ သာမန်အမြင်နဲ့ကြည့်မယ်ဆိုယင်၊ ဒီကျောက်တုံးတွေမှာ ဘာမှ ထူးခြားချက်မတွေ့ရပဲ၊ ခပ်ရိုးရိုး ခပ်ကြမ်းကြမ်းကျောက်တုံးအဖြစ်ကိုသာ တွေ့ရတဲ့အတွက် လူတွေအတော်ခပ်များများက၊ ဒီကျောက်တုံးတွေကို ကြည့်ပြီးရယ်ကြတယ်။

ဒီကျောက်တုံးတွေရဲ့ပုံသဏ္ဍာန်က ထိပ်ဘက်မှာကားပြီးအောက်ဘက်ကို ရှူးသွားတယ်။ အရှေက ၃ နှစ် လက်မ ခွဲလောက် ရှိတယ်။ ဒီကျောက်တုံးတွေကို ကျောက်ပေါက်ဆိန်သဘောမျိုး သုံးကြတာပါပဲ။ ဒါပေမဲ့ အခုခေတ် ပေါက်ဆိန်လို လက်ကိုင်ရိုး မရှိဘူး။ ထိပ်ဘက်က လက်နဲ့ ဆုပ်ကိုင်ပြီး အချွန်ဘက်နဲ့ ပေါက်တယ်လို့ ယူဆကြတယ်။ ဒီကျောက်ပေါက်ဆိန်တွေကို ပြင်သစ်၊ အင်္ဂလန်၊ အယ်ဂျီးရီးယား [၂] က နေပြီး နိုင်းအောက်မြစ်ဝှမ်းအထိ နယ်မြေများနဲ့မြေထဲပင်လယ်ကမ်းခြေတလျှောက်မှာ တွေ့ရတယ်။ တခြားနေရာ တချို့မှာလဲ အနဲအကျဉ်းတွေ့ရတယ်။ လက်ကိုင်ရိုးပါတဲ့ ကျောက်ပေါက်ဆိန်တွေကို ကျောက်ခေတ်ရဲ့နောက်ပိုင်းကို အတော်ရောက်လာတော့မှ တွေ့ရတယ်။

ဘူမိဗေဒပညာရှင်တွေကဒီကျောက်ပေါက်ဆိန်တွေကိုသိပ္ပံနည်းအရစစ်ဆေးကြည့်တဲ့အခါ ဒီကျောက်ပေါက်ဆိန်တွေထဲက ရှေးအကျဆုံး

---

၁။ ရှေး ဟောင်း သု တေ သ န ဗေ ဒ = အာ ကီ ယော လော် ဂျီ Archaeology

၂။ အယ်ဂျီးရီးယား = Algeria




(ပုံ-၂၁)သက်နှောင်းကပ်-နှောင်းပိုင်း-သတ္တဝါတွေထဲမှာ
မျောက်ဝံမက လူမကျသတ္တဝါ။

ကျောက် ပေါက်ဆိန်တွေဟာ ရေခဲခေတ်ရဲ့ ရှေးက ကုန်ဆုံး သွား တဲ့ သက်နှောင်း(တတိယ)ကပ် စတုတ္ထကျောက်လွှာက ကျောက်ပေါက်ဆိန် တွေဖြစ်နေတာကိုတွေ့ရတယ်။နောက်ပြီးတော့ ပထမ ရေခဲခေတ်တခေတ်



(ပုံ-၂၂) ကျောက်လွှာအထပ်တပ်မှာ သိပ္ပံပညာရှင်တွေ ယူဆချက်အရ၊
ဖြစ်ပေါ်ခဲ့ဘူးတယ်ဆိုတဲ့ သတ္တဝါအမျိုးမျိုးပုံ။

လုံးရဲ့ ကျောက်လွှာငယ်ထဲမှာလဲ ဒီလို ကျောက်ပေါက်ဆိန်မျိုးတွေကို ထပ်မံပြီး တွေ့ရပြန်တယ်။

အဲဒီတော့မှ ဒီကျောက်ပစ္စည်းတွေကို လေ့လာပြီး၊ လူဆိုယင်လဲ ဒါ့ထက်ကောင်းတဲ့ ကျောက်ပစ္စည်းတွေကို လုပ်နိုင်ရမယ်။ အဲဒီတော့၊ ဒီကျောက်ပစ္စည်းတွေကို လုပ်သွားတာ၊ လူ မ ဖြစ် နိုင်ဘူး။ ဒီကျောက်ပစ္စည်းတွေဖြစ်ပေါ်လာတဲ့ ခေတ်တုန်းက၊ လူသားစင်စစ်တွေ ဖြစ်ပေါ်နေပြီဆိုတဲ့ အထောက်အထားတွေကိုလဲ မတွေ့ရဘူး။ တိရစ္ဆာန် စင်စစ်ဆိုပြန်ယင်လဲ၊ ဒီကျောက်ပစ္စည်းမျိုးကို ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူး။ အဲဒီတော့ ဒီကျောက်ပစ္စည်းတွေကို လုပ်သွားတဲ့ သတ္တဝါတွေဟာ **တိရစ္ဆာန်လဲမက၊ လူလဲမကျ** တဲ့ သတ္တဝါတွေဖြစ်ရမယ်လို့ သိပ္ပံပညာရှင်တွေက ယူဆကြတယ်။

ဒီ **လက်လုပ် ကျောက်ပစ္စည်းတွေ** [၁]၊ **လက်နက် တွေဟာ** [၂]၊ သဘာဝအတိုင်း သူ့အလိုလို ဖြစ်နေတဲ့ ကျောက်တုံးတွေ မဟုတ်ဘူး။ အသုံးပြုဘို့အတွက် တစုံတယောက်က ပြုပြင်ထားတဲ့ လက်လုပ်ကျောက်ပစ္စည်းတွေ ဖြစ်ရမယ်လို့ ယူဆကြတယ်။

အခုလို ရှေးဟောင်းပစ္စည်းတွေကို လေ့လာတဲ့ပညာကို **ရှေးဟောင်း သုတေသနဗေဒ** လို့ ခေါ်တယ်။ ဒီပညာကို လေ့လာလိုက်စားတဲ့ ပညာရှင်တွေကို၊ **ရှေးဟောင်း သုတေသနပညာရှင်**လို့ ခေါ်တယ်။ ဒီရှေးဟောင်းပစ္စည်းတွေကို တခါတလေ လယ်ထွန်ရင်း၊ မြေဆွရင်းနဲ့ လွယ်လွယ်ကူကူ တွေ့ရတယ်။ တခါတခါကျတော့ ငွေတွေ အများကြီး အကုန်အကျခံပြီး လူတွေအများကြီးနဲ့ ရက်တွေ လတွေ အတော်ကြာကြာ မြေကြီးထဲမှာ တူးယူကြရတယ်။

ရှေးဟောင်းသုတေသနဗေဒပညာရှင်တွေကလဲ၊ဒီကျောက်ပစ္စည်းဟောင်းတွေ ပေါ်လာတဲ့ခေတ်ကို **ကျောက်ခေတ်** လို့ အမည်ပေးကြပြန်တယ်။ဒီကျောက်ပစ္စည်းတွေကို သေသေချာချာလေ့လာတဲ့အခါ ခေတ်ရဲ့ နောက်ဘက်ကို ရောက်လာလေလေ၊ ကျောက်ပစ္စည်းတွေမှာ မြင်ရတဲ့ လက်ရာတွေဟာတိုးတက်လာလေလေဆိုတာကို တွေ့ရပြန်တယ်။အဲဒီလို

---

၁။ လက်လုပ်ကျောက်ပစ္စည်း = Artifact

၂။ ကျောက်လက်နက် = Eolith




(ပုံ-၂၃) ဂိုရီးလနဲ့ လူရဲ့၊ ခန္ဓာကိုယ် အရိုးအိမ်နှစ်ခုကို ယှဉ်ကြည့်ယင်၊ ဂိုရီးလမှာရော လူမှာရော၊ အရိုးပေါင်း-၂၀၆ ချောင်းစီပဲရှိကြတယ်။ အရိုး အချင်းချင်း၊ တည်နေရာဟာလဲ တူကြတယ်။
အရိုးသွင်ပြင်ပဲ ခြားနားတယ်။

လက်ရာတိုးတက်မှုကိုကြည့်ပြီး ရှေးဟောင်း သုတေသနဗေဒ ပညာရှင်တွေက ကျောက်ခေတ်ကို **ရှေးကျောက်ခေတ်** [၁]၊ **အလယ်ကျောက်ခေတ်** [၂]၊ **နှောင်းကျောက်ခေတ်** [၃] လို့ သုံးပိုင်းပိုင်းထားကြတယ်။

**ရှေးခေတ်ဟောင်းသမိုင်းကိုရေးတဲ့အခါ၊ ရှေးဟောင်း သုတေသနဗေဒကို အများကြီးအားကိုးပြီး ရေးရတယ်** ဆိုတာ မှတ်ထားကြစေချင်တယ်။ အခုခေတ်လူတွေဟာ၊ စုံထောက်ဝတ္ထုတွေကို ဖတ်ဘူးကြမှာပေါ့။ ဥပမာ-ပစ္စည်းချမ်းသာပြီး မြို့အစွန်နားမှာ ခြံကြီးနဲ့တယောက်ထဲနေတဲ့ ဒေါ်သင်းဆိုတဲ့ မိန်းမကြီးတဦးကို သတ်သွားတယ် ဆိုပါစို့။ သတ်တုန်းက ဘယ်သူမှ မမြင်လိုက်ရဘူး။

ဒါပေမဲ့ ပုလိပ်တွေရောက်လာပြီး ကြည့်တဲ့အခါ၊ ဒေါ်သင်းရဲ့ အိပ်ခန်းထဲမှာ၊ ဝတလုံး ဆေးပြင်းလိပ်တို တတို တွေ့ ရ တယ်။ သာမန်ခြေရာတွေထက်ကြီးတဲ့ ခြေရာတွေကိုလဲ တွေ့ရတယ်။ ဒေါ်သင်းရဲ့အိပ်ခန်းဝမှာ၊လက်နှိပ်ဓာတ်မီးတခု ကျနေတာကိုတွေ့ရတယ်။ အခန်းထဲက သံသေတ္တာပွင့်နေတာကိုလဲတွေ့ရတယ်။

အိမ်ထဲက အစေခံမကလေးတွေကို စုံစမ်းတဲ့အခါ၊ ခြံထဲမှာ မာလီလုပ်တဲ့ ဖိုးထောင်ဟာ၊ဝတလုံးဆေးပြင်းလိပ်ကို အားကြီးကြိုက်တယ်လို့သိရတယ်။ ပုလိပ်ဟာ ဖိုးထောင်ကို တွေ့တဲ့အခါ၊ ဖိုးထောင်ရဲ့ ခြေဆန်လက်ဆန်ကြီးတွေဟာ၊ထွားကြိုင်းနေတာကို တွေ့ရတယ်။ အဲဒါကြောင့် ဖိုးထောင်ကိုဖမ်းပြီး သူ့အိမ်ခန်းထဲကို ဝင်ရှာတဲ့အခါ၊ ရေချိုးခန်းထဲမှာ သွေးစွန်းနေတဲ့ ချည်လုံချည်တထည် တွေ့ရတယ်။သူ့သေတ္တာထဲက၊ လက်မှတ်မပါတဲ့ မိန်းမလက်ရေးနဲ့ ရေးထားတဲ့ စာတစောင်ကိုလဲ ပုလိပ်က တွေ့ရပြန်တယ်။ စာထဲမှာ ''ဖိုးထောင်၊ နင်ထွက်သွားကထဲက ငါနေလို့မဖြစ်ဘူး၊ မြန်မြန်ပြန်လာပါ။ နင် သုံးချင်သလောက် ငါပေးပါမယ်''လို့ ရေးထားတယ်။

ပုလိပ်လဲ ဒီပစ္စည်းတွေကို သိမ်းလာပြီး၊ လက်နှိပ်ဓာတ်မီးနဲ့ ဖိုးထောင်ရဲ့ လက်ပုံစံတွေကို၊ လက်ပုံစံဌာနကို ပို့လိုက်တယ်။ သွေးစွန်း

---

[၁]။ ရှေးကျောက်ခေတ် = Old Stone Age

[၂]။ အလယ်ကျောက်ခေတ် = Middle Stone Age

[၃]။ နှောင်းကျောက်ခေတ် = New Stone Age

နေတဲ့ ချည်လုံချည်ကို ဓါတုဗေဒဌာနကို ပို့လိုက်တယ်။ ဒေါ်သင်း ရေးထားတဲ့ စာတွေနဲ့ ဖိုးထောင်သေတ္တာထဲကတွေ့တဲ့စာကို လက်ရေးဘက်ဆိုင်ရာဌာနကို ပို့လိုက်တယ်။

လက်နှိပ်ဓာတ်မီးပေါ်မှာတွေ့ရတဲ့လက်ပုံစုံတွေနဲ့ ဖိုးထောင်ရဲ့လက်ပုံစံတွေနဲ့အတူတူပဲလို့လက်ပုံစံဌာနကအကြောင်းပြန်တယ်။ ဓါတုဗေဒဌာနကလဲ ဖိုးထောင်ရဲ့ လုံချည်ပေါ်မှာတွေ့ရတဲ့အကွက်ဟာ လူသွေးကွက်ဖြစ်တယ်လို့ အကြောင်းကြားတယ်။ ဒေါ်သင်းရဲ့ စာတွေထဲက လက်ရေးနဲ့ ဖိုးထောင်သေတ္တာထဲကမိတဲ့စာထဲက လက်ရေးဟာ အတူတူပဲလို့လဲ လက်ရေးဘက်ဆိုင်ရာဌာနက အကြောင်းပြန်တယ်။

အဲဒီအချက်တွေ စုပေါင်းပြီးတော့မှ၊ ဒေါ်သင်းကို သတ်တာ ဖိုးထောင်ပဲလို့ ပုလိပ်ကဖိုးထောင်အပေါ်မှာလူသတ်မှုနဲ့စွဲချက်တင်လိုက်တယ်၊ ဒါတင်မကသေးဘူး၊ ဖိုးထောင်သေတ္တာထဲကမိတဲ့ ဒေါ်သင်းရဲ့ စာကိုကြည့်ပြီး၊ ဒီဒေါ်သင်းဟာ ဖိုးထောင်နဲ့ တိတ်တိတ်ပုန်း ဖြစ်နေတယ်။ ဒီအမယ်ကြီးဟာ ကပ်စေးနဲတယ်။ ဖိုးထောင်က သူသုံးဘို့ ငွေတောင်းတာ မရတဲ့အတွက် စိတ်ကောက်ပြီး တခြားထွက်သွားတယ်။ အမယ်ကြီးက စာရေးပြီး ပြန်ခေါ်တယ်။ ဖိုးထောင် ပြန်ရောက်လာပြန်တော့လဲ၊ဖိုးထောင်ဟာ သူလိုချင်တဲ့အတိုင်း ငွေတောင်းလို့မရဘူး။အဲဒါကြောင့်၊ ပစ္စည်းယူရအောင် ဒေါ်သင်းကိုသတ်တယ်လို့တောင်၊စိတ်ကူးကောင်းတဲ့ ပုလိပ်က စွဲချက်ထဲမှာ ထဲ့ရေး ထားလိုက်သေးတယ်။

ဒီလိုသတ်ထာကို ဘယ်သူမှ မမြင်လိုက်ရတဲ့ လူသတ်မှု တမှုမှာ သက်သေခံအထောက်အထားတွေကို၊ကိုယ်တိုင်လဲစုံစမ်း၊ သူတို့ မတတ်နိုင်တဲ့ အချက်တွေကျတော့ သက်ဆိုင်ရာတွေရဲ့ အကူ အညီကို ယူပြီးမှ၊ ပုလိပ်ဟာ စွဲချက်ကိုရေးရသလို၊ ဘယ်သမိုင်းဆရာမှ မမှီလိုက်တဲ့ **ရှေးခေတ်ဟောင်း သမိုင်းကို ရေးတဲ့နေရာမှာလဲ၊သမိုင်းဆရာတွေဟာ တွေ့ရတဲ့ရှေးဟောင်းပစ္စည်းတွေကို သူတို့ကိုယ်တိုင်လဲ၊ စုံစမ်း၊** သူတို့မတတ်နိုင်တဲ့အချက်တွေကျတော့၊ **နက္ခတ်ပညာရှင်တွေ၊** ဘူမိဗေဒပညာရှင်တွေ၊ **ရှေးဟောင်း သုတေသနပညာရှင်တွေရဲ့ အကူအညီကို ယူပြီး** ရှေးခေတ်ဟောင်း သမိုင်းတစောင်ဖြစ်အောင်၊ သူတို့ဉာဏ်ရှိသလောက် ချဲ့ထွင်ပြီး ရေးသွားကြတာပဲ။

စုံထောက်ဝတ္ထုနဲ့ ယှဉ်ပြရတာက၊ သဘောပေါက်အောင်သာ ယှဉ်ပြရတာ။ အမှန်စင်စစ်မှာတော့ ရှေးခေတ်ဟောင်းသမိုင်းကို ရေးရတာက၊လူသတ်မှုပေါ်အောင် စုံထောက်ရတာထက်ခက်တယ်။လူသတ်မှုမှာ များသောအားဖြင့် လူသတ်မှုကို တိုက်ရိုက် ထောက်ခံနေတဲ့ သက်သေအထောက် အထားတွေကို လုံလုံလောက်လောက် တွေ့နိုင်တယ်။ ရှေးခေတ်ဟောင်း သမိုင်းကိုရေးရတဲ့အခါ၊ ခိုင်လုံတဲ့ သက်သေအထောက်အထားတွေကို လုံလုံလောက်လောက်မရနိုင်ဘူး။ ရှေးခေတ်ဟောင်းသမိုင်းအတွက် မှီငြမ်းပြုရတဲ့နက္ခတ်ပညာဆိုတာဟာ၊အခုအခါ အတော် တိုးတက်နေတယ်လို့ ဆိုရပေမဲ့၊ **ဒီကမ္ဘာကြီးဖြစ်ပေါ်လာပုံကို ဖော်ပြထားတဲ့အချက်တွေဟာ၊နက္ခတ်ပညာရှင်တွေရဲ့ ခန့်မှန်းချက်တွေသာ ဖြစ်တယ်**။ ဒီကနေ့အထိ၊ ဘယ်သိပ္ပံ ပညာရှင်ကမှ အတည်တကျ မပြောနိုင်သေးဘူး။

ကျောက်ဖြစ်ရုပ်ကြွင်းဗေဒနဲ့ ဘူမိဗေဒ၊ အီဗော်လျူးရှင်း ဆိုတဲ့ သိပ္ပံသီအိုရီတွေ ပေါ်လာတာလဲ သိပ်မကြာလှသေးဘူး။ နှစ်ပေါင်းလေး ငါးဆယ်လောက်ပဲရှိအုံးမယ်။ အဲဒီအချိန် အတောအတွင်းမှာလဲ ဒီပညာကို လိုက်စားတဲ့လူတွေ နဲနဲပဲရှိသေးတယ်။ ဘူမိဗေဒပညာရှင်တွေ လက်ကိုင်လုပ်ပြီးပြောနေတဲ့ ကျောက်လွှာတွေဆိုတာလဲ [၁] ဥရောပတိုက်၊ အာရှတိုက်တို့၊ အာဖရိကတိုက်တို့ရဲ့ နေရာအနှံ့အကျဉ်းမှာသာ တွေ့ရသေးတဲ့ ကျောက်လွှာတွေ ဖြစ်တယ်။ နောက်ပြီးတော့လဲ အခု စုံစမ်းနေတဲ့ ကျောက်လွှာတွေထဲမှာ ဟိုနေရာတစ၊ ဒီနေရာတစလောက်သာ တွေ့ရတဲ့၊ အားလုံးပေါင်း ၂၀၀(နှစ်ရာ)လောက်သာ ရှိသေးတဲ့ အရိုးတွေကိုဆက်ကြည့်ပြီး၊အဲဒီကျောက်လွှာကပ်တွေတုန်းကဒီသတ္တဝါတွေသာ ရှိတယ်၊ လူတွေလဲ မပေါ်သေးဘူး။ ကျောက်လွှာ ထဲမှာ

---

၁။ The EPIC OF MAN (by the editors of LIFE)
The Quest for Primitive Man, p. 28.

The whole history of man's evolution, as far as it is known, has been traced in the remains of about 200 skulls and other collections of bones that have been pieced together at scattered sites in Europe, Asia and Africa. The scientists who have studied these remains are the first to declare that their knowledge of early man is still highly imperfect and incomplete.



ဂီသီကာန်သရိုပတ်-အီရက်တတ်

(ပုံ-၂၄)

အရိုးတွေ ရတဲ့ သတ္တဝါမျိုးကလွဲပြီး တခြား သတ္တဝါတွေလဲမရှိဘူးလို့အတိအကျ ပြောဘို့ခက်တယ်။

အိန္ဒိယနဲ့ တရုပ်ပြည်မှာဆင်တူရိုးမှားကိစ္စမျိုး ဖြစ်ခဲ့ဘူးပြီ။

လက်ဦး တွေ့ရတဲ့ အထောက်အထားလောက်ကိုသာ ကြည့်ပြီး အိန္ဒိယထဲကို အာရိယန်လူမျိုးစုတွေဝင်မလာခင်တုန်းက၊ အိန္ဒိယမှာ ယဉ်ကျေးမှု မရှိတဲ့ အရိုင်းအစိုင်းတွေသာ နေထိုင်ခဲ့ကြဘူးတယ်လို့၊သမိုင်းဆရာတွေကမှတ်ချက်ချခဲ့ကြတယ်။

ဒီလို မှတ်ချက်ချပြီးလို့ အတော်ကလေး ကြာတဲ့အခါ၊ အိန္ဒုမြစ်ဝှမ်းမှာ**မိုဟန်ဂျို-ဒါရို**၊**ဟာရပ္ပ** အစရှိတဲ့ မြို့ဟောင်းတွေကို တူးဖော်တွေ့ရှိကြရတယ်။ လေ့လာကြည့်ကြတဲ့အခါ၊ မိုဟန်ဂျို-ဒါရိုရဲ့ ယဉ်ကျေးမှုဟာ၊ အင်မတန် အထက်တန်းကျတဲ့ ယဉ်ကျေးမှု ဖြစ်တယ်။ ဒီယဉ်ကျေးမှုဟာ၊ အာရိယန်လူမျိုးစုတွေ အိန္ဒိယထဲကို ဝင်မလာခင်ကထဲက ရှိနေတယ်ဆိုတဲ့ အချက်တွေကို တွေ့ကြရတယ်။

**တရုပ်ပြည်**မှာလဲ ဒီလိုပဲ၊ မူလတွေ့ရသမျှ အထောက်အထားတွေလောက်ကိုသာကြည့်ပြီး၊ ရှေးစာဟောင်းတွေထဲမှာ ပါတဲ့ ရှင်ဘုရင်တွေကို၊ သမိုင်းဝင် ရှင်ဘုရင်တွေ အဖြစ်နဲ့ သမိုင်းဆရာတွေက လက်မခံကြဘူး။ ဒီရှင်ဘုရင်တွေဟာ၊ ရှေးဟောင်း ပုံပြင်တွေထဲက "ပုံပြင်ရှင်ဘုရင်"တွေသာ ဖြစ်တယ်လို့၊ သမိုင်း ဆရာတွေက မှတ်ချက်ချခဲ့ကြတယ်။ ဒီလိုမှတ်ချက်ချပြီး အတော်ကလေးကြာတဲ့အခါ၊ အက္ခရာတွေထိုးထားတဲ့ အရိုးတွေနဲ့ လိပ်ခွံတွေကို တွေ့တော့မှ "ပုံပြင်ရှင်ဘုရင်"

တွေလို့ သူတို့မှတ်ချက်ချခဲ့ကြတဲ့ ရှင်ဘုရင်တွေကို၊ သမိုင်းဆရာတွေဟာ သမိုင်းဝင် ရှင်ဘုရင်တွေအဖြစ်နဲ့ လက်ခံလာခဲ့ကြတယ်။

ဒီအကြောင်းတွေ အစုံအလင်ကို၊ အိန္ဒိယနဲ့ တရုပ် သမိုင်းကို ပြောတဲ့ အခါကျတော့မှ စုံစုံလင်လင်ပြောတော့မယ်။ ဒီနေရာမှာတော့ ဒီလောက်နဲ့ပဲ လုံလောက်ပြီ။

အမှန်စင်စစ် **ရှေးဟောင်းသုတေသနဗေဒ၊ ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ၊ ဘူမိဗေဒ၊ အီဗော်လျူးရှင်း၊ မနုဿဗေဒ** အစရှိတဲ့ **သိပ္ပံပညာ၊ သိပ္ပံသီအိုရီတွေဟာ**၊ ဒီကနေ့အဘို့မှာ အတော်တိုးတက်နေပေတဲ့၊ **နိုင်လုံတဲ့ပညာ နိုင်လုံတဲ့ အယူအဆတွေ မဟုတ်သေးဘူး။**

ဒီပညာတွေဆိုင်ရာပါရဂူတွေ တကယ်လေ့လာရမဲ့ သက်သေပစ္စည်းအထောက်အထားတွေဟာ၊ **ဒီကမ္ဘာမြေကြီးရဲ့အောက်**၊ နေရာအတော်များများမှာ မြုပ်နေကောင်း မြုပ်နေပေလိမ့်အုံးမယ်လို့၊ ယူဆနိုင်စရာ အကြောင်းရှိတယ်။

**ဗမာတွေထဲမှာ** လူတချို့ရှိတယ်။ သိပ္ပံက ဒီလိုဆိုတယ်ဆိုယင် **ဒီအ**တိုင်း မှန်ရမယ်၊ ဒီအတိုင်းဖြစ်ရမယ်လို့၊ ဒီလူတွေဟာ မျက်စိမှိတ်ပြီး ဇွတ်အတင်း ပြောတာပဲ။ သိပ္ပံပါရဂူ အစစ်ကြီးတွေတောင်၊ ဒီလို ဘယ်တော့မှ မပြောရဲကြဘူး။ ဒီလိုပြောရဲတဲ့ တို့ဗမာ တချို့ရဲ့ သတ္တိဟာ၊ အာဃသတ္တိပဲ။အင်မတန် အံ့ဩဘို့ကောင်းတယ်။ သိပ္ပံပါရဂူကြီးတွေက၊ သိပ္ပံနဲ့ ပတ်သက်ပြီး ဘယ်လို ပြောတယ်ဆိုတာ၊ သက်ဆိုင်တဲ့ နေရာရောက်တော့ ထဲ့ပြီး ပြောသွားပါမယ်။

တယ်လီစကုပ်[၁]ဆိုတဲ့ အဝေးကြည့် မှန်ပြောင်းကြီးတွေနဲ့ ကြယ်ကြီးတွေကို အဝေးလှမ်းပြီး ကြည့်ရတဲ့ ကိစ္စတွေမှာ၊ သာမန်အားဖြင့် မမြင်ရအောင် သေးလှတဲ့ အမှုန်အမွှားတွေကို မိုင်ကရိုစကုပ်[၂]လို့ ခေါ်တဲ့ မှန်ဘီလူးနဲ့ အနီးကပ်ကြည့်ရတဲ့ကိစ္စတွေမှာ၊ ဖန်ပြွန်ထဲမှာ ထဲ့ပြီး စမ်းသပ်နိုင်တဲ့ ကိစ္စတွေမှာ၊ သိပ္ပံပညာဟာ ရှေးကနဲ့ မတူဘူး။ ပိုပြီး တိတိကျကျ မှန်မှန်ကန်ကန် ပြောလာနိုင်တယ် ဆိုတာ မှန်တယ်။

---

၁။ တယ်လီစကုပ် = Telescope - အဝေးကြည့် မှန်ပြောင်း

၂။ မိုင်ကရိုစကုပ်= Microscope - အဏုကြည့်မှန် (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၂၄)

သိပ္ပံပညာနဲ့ လေယာဉ်ပျံတွေ၊ သင်္ဘောတွေ၊ မီးရထားတွေ၊ စက်ရုံတွေ၊ ဂြိုဟ်တုတွေကို လုပ်နိုင်စတယ်ဆိုတာလဲ မှန်တယ်။ ဒါပေမဲ့ **ကမ္ဘာကြီး ဖြစ်ပေါ်လာပုံ၊ သတ္တဝါတွေ ဖြစ်ပေါ်လာပုံနဲ့ ပတ်သက်ပြီး၊ ဒီအချက်ဟာ အမှန်ပဲလို့၊သိပ္ပံပညာရှင်တွေ လက်ညှိုးထိုးပြနိုင်တာ တခုမှ မရှိသေးဘူး။**

ခေတ်တခေတ်မှာ ရှိနေတဲ့ သိပ္ပံကရိယာ တန်ဆာပလာတွေကို သုံးပြီး၊ သိပ္ပံပညာရပ်တမျိုး ပေါ်လာတယ်။ နောက် တခေတ်ကျပြန်တော့၊ သိပ္ပံကရိယာ တန်ဆာပလာတွေဟာ အင်မတန် တိုးတက်လာပြန်တဲ့အတွက်၊ အရင်ခေတ်က အမှန်ပဲလို့ ယူဆထားတဲ့သိပ္ပံပညာရပ်တချို့ရဲ့ အမှားတွေကို တွေ့ရပြီး၊ သိပ္ပံပညာရပ်တမျိုး နောက်ထပ်ပေါ်လာပြန်တယ်။လွန်ခဲ့တဲ့ နှစ်ပေါင်း၃၀၀-ကျော်အတွင်းမှာပဲ၊အခုပြောခဲ့တဲ့နည်းအတိုင်း၊ကြက်ပျောက် ငှက်ပျောက် ပျောက်သွားခဲ့ကြရတဲ့**သိပ္ပံသဘောတရားတွေဟာ၊ အတော်များလှပြီ။** 'အက်တမ်-သီအိုရီ'[၁] ဟာ အခုပြောတဲ့အချက်အတွက် အင်မတန်ကောင်းတဲ့ သာဓကတခု ဖြစ်တယ်။ ဒီ အက်တမ်-သီအိုရီအကြောင်းကို ရှေးနားဆီက ရှင်းပြခဲ့ပြီ။ (စာမျက်နှာ ၂၇-၅)

**သိပ္ပံပညာနဲ့ ပတ်သက်ပြီး၊**သိပ္ပံပါရဂူကြီးတဦးဖြစ်တဲ့ **ဆာ-ဂျိမ်း ဂျီအင်း** ပြောတာကို နားထောင်ကြရအောင်။

"အခု နောက်ဆုံးတွေ့နေရတဲ့ သိပ္ပံပညာအရ၊သတ္တဝါတွေဟာ ဒီကမ္ဘာကြီးထဲမှာ မတော်တဆ ဖြစ်ပေါ်လာကြတယ်ဆိုတဲ့၊ သိပ္ပံပညာရှင်တွေ အရင်တုန်းက အရင်စလို ယူဆခဲ့တဲ့ အယူအဆကိုမပြင်ပဲ မနေနိုင်ဘူး။ ပြင်ရမယ်လို့ ဆာ-ဂျိမ်း-ဂျီအင်းကပြောတယ်။ ဒီလိုပြောပြီးတဲ့နောက်မှ၊ အခုလို ဆက်ပြောပြန်တယ်။

(က) ကျွန်ုပ်တို့ သိပ္ပံပညာရှင်တွေဟာ(လူသတ္တဝါတွေ၊ကမ္ဘာတွေ ဖြစ်ပေါ်လာပုံနဲ့ပတ်သက်ပြီး)စာပိုဒ်တိုင်းမှာ အရေးကြီးတဲ့အချက် အဖြစ်နဲ့ ကြားညှပ် ထဲ့ခဲ့သမျှ၊

(ခ) ကျွန်ုပ်တို့ ပြောပြီးခဲ့သမျှ၊

---

၁။ အက်တမ်-သီအိုရီ = Theory of Atom

(ဂ) အစမ်းသဘောမျိုးနဲ့တင်ပြခဲ့တဲ့ကျွန်ုပ်တို့ရဲ့ယူဆချက်တွေ မှန်သမျှဟာ၊ ခပ်ရှင်းရှင်းပြောရယင်၊ **အတွေးတွေသာ ဖြစ်သေးတယ်၊ မသေချာသေးဘူး။**

လူတွေရဲ့ အသိဉာဏ်နဲ့၊ ဘယ်တော့မှ မမှီနိုင်လောက်အောင် ဖြစ်ကောင်းဖြစ်နေတဲ့ အင်မတန် နက်နဲလှတဲ့ ပြဿနာတချို့ကို၊ ယခု နောက်ဆုံးပေါ် သိပ္ပံပညာက၊ ဘယ်လိုများ ဖြေရှင်းပေးနိုင်မယ်ဆိုတာ ကို သိရအောင် ကျွန်ုပ်တို့ ကြိုးစားကြည့်ပါသေးတယ်။ အလွန်တကာ့ အလွန်ဆုံး အလင်းရောင် မှုန်မှုန်ကလေးမျှထက် ပိုပြီးမြင်ရတယ်လို့ ကျွန်ုပ်တို့ မပြောနိုင်ဘူး။ ကျွန်ုပ်တို့မြင်ရတာဟာ၊ ကျွန်ုပ်တို့ရဲ့ မျက်စိကို လှည့်စားနေတာမျိုးလို ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့၊ ဒီမှုန်မှုန် မွှားမွှားကလေးလောက် မြင်ရဘို့ကိုပဲ၊ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ မျက်စိကို တအားကုန်စိုက်ထားရတယ်။

အဲဒါကြောင့်၊ ဒီကနေ့သိပ္ပံပညာမှာ မဖောက်မပြန် မှန်ကန်တဲ့ သဘောတရားနဲ့ ပတ်သက်ပြီး ကျေညာဘို့ အချက်တချက် ရှိနေပြီလို့ ကျွန်ုပ်တို့ပြောဘို့ ခဲယဉ်းတယ်။အမှန်စင်စစ်ဆိုယင်၊ သိပ္ပံပညာဟာ ဒီလို ကျေညာချက်မျိုးတွေကို မလုပ်ပဲရပ်ပစ်လိုက်ယင် ပိုကောင်းမယ်။ အသိ ဉာဏ်ဆိုတဲ့ မြစ်ကြီးဟာ၊မကြာခဏနောက်ဘက်ကိုပြန်ပြီးစီးခဲ့ဘူးပြီ" လို့ ဆာ-ဂျိမ်း-ဂျီအင်း က ပြောခဲ့ဘူးတယ်။ အဲဒီစကားတွေကိုလဲ ကောင်း ကောင်း မှတ်ထားစေချင်တယ်။

"သိပ္ပံပညာဟာ၊ ဘယ်တော့မှ ပြည့်စုံမှာ မဟုတ်ဘူး။ တချိန်ချိန် မှာ သိရတဲ့အချက်တွေထက်၊ နောက်ထပ်ပြီး သိနိုင်စရာအကြောင်းတွေ အမြဲတမ်းရှိနေအုံးမှာပဲ။ သိပ္ပံပညာဟာ၊ သူပြောသမျှ လုံးဝမှန်ပြီလို့ ဘယ်တော့မှ မဆိုနိုင်ဘူး။ သိပ္ပံလောကမှာ အမှန်အဖြစ်နဲ့ လက်ခံထား တယ်ဆိုတဲ့ သိပ္ပံပညာရပ်တွေဟာ၊ ဘယ်တော့မှမဖေါက်မပြန် မှန်ကန် ပြီဆိုတဲ့ သိပ္ပံပညာရပ်တွေ မဟုတ်သေးပါဘူး။ အခုအချိန်အထိ သိရ သလောက် အချက်တွေကို အကောင်းဆုံး ရှင်းပြနိုင်တဲ့ ပညာရပ်တွေ မျှသာဖြစ်တယ်"လို့၊ **အင်ဒရာဒေး**[၁]နဲ့ **ဟပ်စလီ**[၂] (ပုံ-၂၅)ဆိုတဲ့ သိပ္ပံ

၁။ အင်ဒရာဒေး= Andrade
၂။ ဟပ်စလီ= Huxley



(ပုံ-၂၅) ဟပ်စလီ

ပညာရှင်ကြီး နှစ်ဦးက၊ သူတို့ နှစ်ဦး ရေးထားတဲ့ သိပ္ပံပညာ မိတ်ဆက်စာအုပ်ရဲ့၊ သိပ္ပံသမိုင်း အခန်းမှာ၊ အတိအလင်း ပြော ထားတဲ့ စကား တွေ ကိုလဲ ကောင်း ကောင်း မှတ် ထားကြ စေချင်တယ်။

ဒီပညာရှင်ကြီး နှစ်ဦး ပြောတဲ့ စကားကို သဘောပေါက်အောင် ထင်ရှားတဲ့ **သာဓက** တခုကို ပြောပြမယ်။ ပါရဂူကြီး **နယူတန်**[၁] ဆိုယင်(ပုံ-၂၆၊ ၂၆-က) သိပ္ပံလောကမှာ မသိတဲ့လူ မရှိပါဘူး။ ဒီပါရဂူကြီးက **အာကာစုနသတ္တိ**[၂] ဆိုတာ ရှိတယ်လို့ နှစ်ပေါင်း ၃၀၀-လောက်တုန်းက ပြောသွားဘူးတယ်။ ဒီသတ္တိကို အင်္ဂလိပ်လို 'ဂရဲဗီးတေးရှင်း' လို့ ခေါ်တယ်။ ရုပ်မှန်သမျှမှာ ဒီသတ္တိရှိနေတယ်။ ဒီသတ္တိကြောင့်၊ ရုပ်တခုဟာ တခြားရုပ်တခုကို ဆွဲထားနိုင်တယ်။ ဥပမာ၊ သစ်သီးဟာ သစ်ပင်က ကြွေတဲ့အခါ၊ လေထဲမှာ တံ့မနေပဲ မြေကြီးပေါ်ကို ကျလာတာ၊ တခြားကြောင့် မဟုတ်ဘူး၊ မြေကြီးမှာရှိတဲ့ ဒီသတ္တိက ဆွဲလိုက်တာကြောင့်ဖြစ်တယ်။ ဒီကမ္ဘာမြေကြီးနဲ့ တခြားဂြိုဟ်တွေဟာ၊ တခြားကို ထွက်မသွားနိုင်ပဲ၊ နေကိုပတ်နေကြတာ

၁။ နယူတန် = Newton (1642—1727) (မြန်မာ့ စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၁၅၈)

၂။ အာကာစုနသတ္တိ = ဂရဲဗီးတေးရှင်း Gravitation- ဖြစ်ဆွဲအား



(ပုံ-၂၆-က) နယူတန်ရဲ့ အဝေးကြည့်မှန်ပြောင်း

ဟာလဲ၊တခြားကြောင့် မဟုတ်ဘူး၊နေမှာရှိတဲ့ ဒီသတ္တိက ဆွဲထားတာကြောင့် ဖြစ်တယ်လို့ ပါရဂူကြီး နယူတန်က ရှင်းပြတယ်။

**ဒီသဘောတရားမှာ၊ မကျေနပ်စရာကောင်းတဲ့ အချက်တွေ အများကြီး ရှိတယ်**[၁]**။** ဥပမာ၊ တလောကလုံးမှာ အမြန်ဆုံး သွားနိုင်တဲ့သတ္တိရှိတဲ့ အလင်းရောင်တို့ လျှပ်စစ်ဓာတ်အားတို့တောင်၊ ၁၈၆,၀၀၀ မိုင်ရှိတဲ့ အကွာအဝေးကို တစက္ကန့် ကြာအောင် သွားရတယ်။ အာကဗုန သတ္တိကတော့၊ မိုင်ပေါင်း ကုဋေပေါင်းများစွာ ကွာဝေးနေပေတဲ့၊ စက္ကန့်မခြားပဲ တရှိန်ထဲဆွဲနိုင်တဲ့ သတ္တိရှိတယ်လို့ဆိုတယ်။ ဒီအချက်ကြောင့်လဲ၊ အာကဗုနသတ္တိသဘောတရားကို၊သိပ္ပံရှင်တွေခပ်များများက၊ သဘောမကျဘူး၊အတွေးရခက်နေတယ်။

နောက်တချက် ရှိသေးတယ်။ အလင်းရောင် မလာနိုင်အောင် ကာထားနိုင်တယ်၊ အပူမလာနိုင်အောင် ကာထားနိုင်တယ်၊ လျှပ်စစ်ဓာတ်နဲ့ သံလိုက်ဓာတ်တွေ မလာအောင်လဲ ကာ ထားနိုင် တယ်။ ကုန်ကုန်ပြောလိုက်မယ်၊ဖေါက်ထွင်းဝင်နိုင်တဲ့သတ္တိရှိတဲ့ဓါတ်တွေထဲမှာ အပြင်းဆုံး ဓာတ်တခုလို့ဆိုတဲ့ အိပ်စရေး[၂] ကိုတောင်၊ မလာအောင် ကာထားနိုင်တယ်။ အာကဗုနသတ္တိ မလာနိုင်အောင်တော့၊ ဘာနဲ့မှ ကာထားလို့မရဘူး။ ဥပမာ၊ ဆယ် ပိဿာ လေး တဲ့ အ လေး တ ခု ကို အ ပေါ် မြှောက် ပြီး ကြိုးနဲ့ဆွဲထား။ နောက်ပြီးတော့ ကမ္ဘာမှာရှိတဲ့ သတ္တုအမျိုးမျိုး၊ ကျောက်အမျိုးမျိုးကိုယူခဲ့။ တခြားပစ္စည်းတွေ ရှိသေး ယင်လဲယူခဲ့။နောက်ပြီးတော့၊မြေကြီးရဲ့အာကဗုနသတ္တိက မဆွဲနိုင်အောင် ဒီ အကာ အကွယ် ပစ္စည်းတွေကို ဆယ်ပိဿာ အလေးနဲ့ မြေကြီးရဲ့ ကြားမှာ အထပ်ထပ်ပုံထား။ လေထဲမှာ ဆွဲထားတဲ့ ဆယ် ပိဿာ

၁။ The Limitations of Science (J. W.N.Sullivan) p. 58-60

၂။ အိပ်စရေး = X-ray

အလေးဟာ ဆယ်ပိဿာပဲလေးတာပဲ၊ နဲနဲကလေးမျှ မလျော့သွားဘူး။ ဒီအချက်ကြောင့်လဲ **အာကမ္မနသတ္တိ** သဘောတရားကို၊ သိပ္ပံပညာရှင် ခပ်များများက သဘောမကျဘူး။

ဒါပေမဲ့ သစ်သီးကြွေတဲ့အခါ၊ ခဲကို မြှောက် ပစ် လိုက်တဲ့အခါ၊ တခြားကို ထွက်မသွားပဲ၊ လေထဲမှာ တံ့မနေပဲ၊ မြေကြီးပေါ်ကို ကျလာတာဟာ ဘာကြောင့်လဲဆိုတာ ရှင်းပြဘို့အတွက်၊ ဒီနည်းထက်ကောင်းတဲ့နည်းကို အဲဒီအခါက ဘယ်သူမှ မစဉ်းစား မကြံစည်နိုင်တဲ့အတွက် ပါရဂူကြီး နယူတန် ပြောတဲ့သတ္တိကိုပဲ၊ သိပ္ပံလောကက လက်ခံခဲ့ကြရတယ်။ **ဒီကမ္ဘာကြီးနဲ့ ဂြိုဟ်တွေဟာ နေကို ဘာ့ကြောင့်ပတ်နေကြတယ်** ဆိုတာကို ရှင်းပြဘို့အတွက်လဲ၊ ဒီနည်းထက်ကောင်းတဲ့နည်းကို အဲဒီအခါက ဘယ်သူမှ မစဉ်းစား မကြံစည်နိုင်တဲ့အတွက်၊ နယူတန် ပြောတဲ့ ဒီသတ္တိကိုပဲ သိပ္ပံလောကက လက်ခံခဲ့ကြရတယ်။

ဒီသတ္တိကိုပဲ အကိုးအကားလုပ်ပြီး ရှာဖွေခဲ့တဲ့အတွက်၊ **လီဗားရီးယား**[၁] ဆိုတဲ့ ပြင် သစ် သင်္ချာ ပါရ ဂူ တ ဦး ဟာ၊ ဟိုအခါတုန်းက ဘယ်သူမှ မတွေ့ရသေးတဲ့ နက်ပကျွန်[၂] ဆိုတဲ့ ဂြိုဟ်ကိုတောင်၊ ရှာတွေ့ခဲ့သေးတယ်။

ရှာတွေ့ပုံကလေးကို နဲနဲပြောပြလိုက်အုံးမယ်။ အဲဒီအခါတုန်းက နေကို ပတ်နေကြတဲ့ ဂြိုဟ်ကိုးလုံးထဲက ခုနစ်လုံးကိုသာတွေ့ရသေးတယ်။ အဲဒီ ဂြိုဟ်ခုနစ်လုံးထဲမှာ ယူရာနပ်[၃] ဂြိုဟ်က အပြင်ဘက် အကျဆုံးပဲ။ အဲဒီဂြိုဟ်ရဲ့ အသွားအလာကို လေ့လာတဲ့အခါ၊ ဖောက်ပြန်နေတာကလေးတွေကို နက္ခတ်ပါရဂူတွေ တွေ့နေရတယ်။ အဲဒီ ဖောက်ပြန်မှုကလေးတွေကို သင်္ချာနည်းနဲ့ တွက်ကြည့်တဲ့အခါ၊ ဘယ်နေရာမှာရှိနေတဲ့၊ ဘယ်လောက် ကွာဝေးတဲ့၊ တစက္ကန့်ကို ဘယ်နှစ်မိုင်လောက်သွားနေတဲ့၊ ဘယ်လောက်ကြီးတဲ့ ဂြိုဟ်တလုံးရဲ့ အာကမ္မနသတ္တိက၊ဒီယူရာနပ်ကို ဆွဲထားတဲ့အတွက် ယူရာနပ်ရဲ့ အသွားအလာဟာ၊ ဒီလို ဖောက်ပြန်

---

၁။ လီဗားရီးယား = Leverrier, French Mathematician

၂။ နက်ပကျွန် = Neptune (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၇၀)

၃။ ယူရာနပ် = Uranus (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၁၀၊ နှာ ၄၆၀)



(ပုံ-၂၆) နယူတန်

နေတာလို့ တွက်ရတယ်။ အဲဒီလိုတွက်ပြီး ကောင်းကင်ကိုမှန်ပြောင်းနဲ့ ကြည့်တဲ့အခါ၊ တွက်ထားတဲ့ နေရာတိတိကျကျမှာပဲ၊ **နက်ပကျွန်ဂြိုဟ်**ကို သွားတွေ့ရတယ်။

အဲဒီလိုဆိုတော့၊ ဒီအာကမ္ဗုန သတ္တိဆိုတဲ့ သဘောတရားဟာ မှန်သလို ဖြစ်မနေဘူးလား။ မှန်တယ်ဆိုယင်၊ အလားတူအခြားပြဿနာတွေကိုလဲ ဒီနည်းနဲ့ ဖြေရှင်းနိုင်ရမယ်။ ဒါပေမဲ့ အလားတူ တခြား ပြဿနာတခုကို ဖြေရှင်းကြည့်တဲ့အခါ၊ ဖြေရှင်းလို့ မရပြန်ဘူး။

မရပုံကလေးကိုလဲ ပြောပြလိုက်အုံးမယ်။ နေနဲ့အနီးဆုံးဂြိုဟ်ကို **မာကျူရီ**[၁] လို့ ခေါ်တယ်။ ဒီဂြိုဟ်ရဲ့ နေကို ပတ်နေတဲ့လမ်းဟာ၊ ဘဲဥပုံသဏ္ဌာန်လို မနေပဲ နဲနဲဖောက်ပြန်နေတယ်။ နယူတန်ရဲ့သတ္တိသဘောတရားအရဆိုယင်၊ဒီလိုဖြစ်ရတာ တခြားကြောင့်မဟုတ်ဘူး။တခြားဂြိုဟ်

---

၁။ မာကျူရီ = Mercury - ဗုဒ္ဓဟူးဂြိုဟ်

တွေရဲ့ အာကာသနှုန်သတ္တိတွေက ဒီမာကျူရီကို ဆွဲထားတာကြောင့် ဖြစ်တယ်၊ အဲဒါကြောင့် ဒီသတ္တိတွေက မာကျူရီကို ဆွဲထားလို့ မာကျူရီရဲ့ အသွားအလာဖောက်ပြန်တယ်ဆိုယင်၊ ဘယ်လောက် ဖောက်ပြန်နိုင်မလဲလို့ သင်္ချာပါရဂူတွေတွက်ကြည့်ကြတယ်။ သူတို့ရတဲ့အဖြေနဲ့ တကယ်ဖောက်ပြန်နေတာနဲ့ အတော်ကွာနေတာကို တွေ့ရတယ်။ အဲဒါကြောင့် ဒီအချက်နဲ့ပတ်သက်ပြီး သင်္ချာပါရဂူတွေ လက်မှိုင်ချခဲ့ရတာ နှစ်ပေါင်း အတော်ကြာသွားခဲ့တယ်။

ဒါပေမဲ့၊ နက်ပကျွန်ကို ရှာတွေ့ခဲ့တဲ့ ပြင်သစ် သင်္ချာပါရဂူကြီး လီဗားရီးယားကတော့၊ လွယ်လွယ်နဲ့ အရှုံးမပေးချင်ဘူး။ သူဟာ အာကာနှုန်သတ္တိ သဘောတရားကို သိပ်ယုံတယ်။ အဲဒါကြောင့် မာကျူရီရဲ့ အသွားအလာ ဖောက်ပြန်မှုဟာ၊ တခြားကြောင့် မဟုတ်ဘူး။ နေနဲ့ မာကျူရီတို့ရဲ့ ကြားထဲမှာရှိတဲ့ အတွင်းဂြိုဟ်တခုရဲ့ အာကာနှုန်သတ္တိကြောင့် ဖြစ်ရမယ်လို့၊ တထစ်ချဆုံးဖြတ်တယ်။ ဒီဂြိုဟ်ကိုတွေ့ယင်၊ ဗာလကန် [၁] လို့ နံမယ်ပေးမယ်ဆိုပြီးတောင် ကျေညာတယ်။ အဲဒီကထဲက စပြီး ဒီအတွင်းဂြိုဟ်ကို ရှာလိုက်ကြတာ၊ ဒီနေ့သာထိရော ရှာမတွေ့ကြဘူး။

အဲဒီလို အာကာနှုန်သတ္တိသဘောတရားကို ယုံရမှာလဲ အခက်၊ မယုံရမှာလဲအခက်ဖြစ်နေကြတုန်း၊ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀-လောက်က **အိုင်စတိုင်** [၂] ဆိုတဲ့(ပုံ-၂၇) သိပ္ပံပါရဂူကြီးတဦး ပေါ်လာတယ်။

* အိုင်စတိုင်က အာကာနှုန သဘောကိုတော့လက်ခံတယ်။ ဒါပေမဲ့ သူ့ အာကာနှုနသဘောက နယူတန်တို့လူစုံယူဆတဲ့၊ အရာတခုကအခြားအရာတခုကို ဆွဲယူထားနိုင်တဲ့ အားသဘောမျိုး မဟုတ်ဘူး။ အရာတခုက အခြားအရာတခုကို ဆွဲယူထားသလို မြင်နေရတာဟာ၊ တခြားမဟုတ်၊ မျက်စိရဲ့လှည့်စားမှုမျှသာ ဖြစ်တယ်လို့ အိုင်စတိုင်ကဆိုတယ်။

ဒီလှည့်စားမှုဟာလဲ၊ တခြားအကြောင်းကြောင့် ဖြစ်ပေါ်လာတာ မဟုတ်ဘူး။ အနန္တစကြာဝဠာ [၃] ကြီးကို စက်ကြီးတခုလို မှားမှား

---

၁။ ဗာလကန် = Vulcan

၂။ အိုင်စတိုင် = Einstein (1879—1955)

၃။ အနန္တစကြာဝဠာ = The Universe

* The Universe and Dr. Einstein (Lincoln Barnett) p. 84



(ပုံ-၂၇) အိုင်စတိုင်

ယွင်းယွင်း ယူဆထားမှုကြောင့်ပဲ ဖြစ်တယ်။ ဒီလို အမှားမှားအယွင်းယွင်း ယူဆနေသရွေ့ကာလပတ်လုံး၊ ဒီစက်ကြီးထဲက အစိတ်အပိုင်းတွေဟာ၊ တခုကိုတခု ဆွဲယူထားနိုင်ကြတယ်လို့ပဲ မှတ်ထင်နေကြမှာပဲလို့ အိုင်စတိုင်က ပြောတယ်။

အိုင်စတိုင်ရဲ့ အာကမုန သဘောထဲမှာ၊ အား[၁] သဘောမျိုးဟာ နဲနဲကလေးမှ မပါဘူး။ သူ့ အာကမုနသဘောရဲ့ အတိုချုပ် ကဒီလို။

ဒြပ်[၂] တိုင်းမှာ၊ အာကမုနနယ်[၃] ရှိတယ်။ ဒီနယ်ရဲ့ အင်အားကတော့၊ ဒြပ်ပစ္စည်းပေါ်မှာတည်တယ်။ တချို့ဒြပ်တွေမှာ၊ ပြင်းထန်တဲ့

---

၁။ အား = Force
၂။ ဒြပ် = Matter
၃။ အာကမုနနယ် = Gravitational Field

သတ္တိရှိတဲ့ အာကာနုနယ်ရှိတယ်။ တချို့မှာ၊ ဖျော့တော့တဲ့ သတ္တိရှိတဲ့ အာကာနုနယ်ရှိတယ်။

အဲဒီ အာကာနုနယ်အပြင်၊ဒြပ်တိုင်းမှာ အင်နားရှား [၁] ဆိုတဲ့ သတ္တိလဲ ရှိသေးတယ်။ ဒီသတ္တိကို နှစ်မျိုးခွဲထားတယ်။

ပထမတမျိုးဟာ၊ ဒြပ်ကို တခြားသို့ ရွေ့မသွားစေပဲ တနေရာထဲမှာ တည်ငြိမ်နေစေတယ်။ ဒုတိယအမျိုးကတော့၊ ဒြပ်ကို ဖြောင့်ဖြောင့်ကြီး ရွေ့သွားနေအောင် လုပ်ပေးနိုင်တယ်။

ကြယ်တွေနဲ့ ဂြိုဟ်တွေဟာ၊ တနေရာက တနေရာကို ရွေ့သွားနေတာ တခြားကြောင့် မဟုတ်ဘူး။ ဒီကြယ်တွေနဲ့ ဂြိုဟ်တွေမှာ ရှိနေတဲ့ အင်နားရှားရဲ့ ဒုတိယသတ္တိကြောင့် ဖြစ်တယ်။ အဲဒီ ကြယ်တွေ ဂြိုဟ်တွေဟာ၊ အခုပြောခဲ့သလို ဖြောင့်ဖြောင့်ကြီး သွား နေ ရာ က ပြင်းထန်တဲ့ သတ္တိရှိတဲ့ အာကာနုနယ်တခုထဲကိုရောက်တဲ့အခါ၊ ဖြောင့်ဖြောင့်မသွားနိုင်တော့ပဲ၊ အဲဒီနယ်ရဲ့ အနေအထားကိုလိုက်ပြီး ကွေ့ကောက်သွားရတယ်။ နေကို ဂြိုဟ်တွေပတ်ပြီး သွားနေတာဟာ၊ နေရဲ့ ဆွဲအားကြောင့် မဟုတ်၊ နေရဲ့ အာကာနုနယ်ကို လိုက်ပြီး၊ ဂြိုဟ်တွေ သွားနေရတာကြောင့်ပဲ ဖြစ်တယ်လို့ အိုင်စတိုင်ကဆိုတယ်။

အဲဒီ အိုင်စတိုင်ရဲ့ အာကာနုနသဘောဟာ၊ဒြပ်တခုက အခြားဒြပ်တခုကို ဆွဲယူထားတယ်ဆိုတဲ့၊ နယူတန်ရဲ့ အာကာနုန အားမျိုးနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတယ်။

နယူတန်ရဲ့ အာကာနုနအားသဘောအရ(၁)မာကျူရီဟာနေနဲ့ အနီးကပ်ဆုံးဖြစ်တယ်။ (၂) သိတ်သေးပြီး၊ သူ သွားနေတဲ့အရှိန်ဟာ သိတ်ပြင်းတယ်။ (၃) နေရဲ့ အာကာနုနယ် တခုလုံးအတွင်း၊မာကျူရီ သွားနေတဲ့ လမ်းကြောင်း တလျှောက်မှာ၊ အာကာနုနယ်ဟာ အားအကောင်းဆုံး ဖြစ်တယ် ဆို တဲ့ အ ချက် သုံး ချက် ကို ထဲ့တွက်ဘို့ မလိုဘူး။

ဂြိုဟ်အားလုံးဟာ၊ နေရဲ့ဆွဲအားကြောင့် နေကို လှည့်ပတ်နေကြရတာဖြစ်တဲ့အတွက်၊ တခြားဂြိုဟ်အားလုံးဟာ သူတို့ရဲ့လမ်းကြောင်းအတိုင်း မှန်မှန်သွားယင်၊မာကျူရီလဲ သူ့လမ်းကြောင်းအတိုင်း မှန်မှန်

---

၁။ အင်နားရှား = Inertia (နေမြ)



(ပုံ-၂၈) အမေရိကန်ပြည်ထောင်စုနိုင်ငံ၊ ကာလီဖိုးနီးယား ပြည် နယ် မောင့်-ပလိုမာတောင်ပေါ် နက္ခတ်မျှော်စင်က ကြည့်မှန်ခွက် အချင်း လက်မ နှစ်ရာရှိတဲ့၊ အလွန်ဝေးလံတဲ့ ကြယ်တွေ နက္ခတ် တွေ ကိုပင် ကြည့်မြင်နိုင်တဲ့၊ အဝေးကြည့်မှန်ပြောင်းကြီး။

သွားရမယ်၊ နယူတန်ရဲ့ ဂိုဏ်းတော်သားတွေက၊ အဲဒီလို ယူဆတယ်။ ဂြိုဟ်ရဲ့ အသွားအလာကို အကဲခတ်ကြည့်တဲ့ အခါ၊ မာကျူရီဟာ တခြား ဂြိုဟ်တွေလို မဟုတ်ပဲ၊ သူ့လမ်းကြောင်းက နဲနဲ နဲနဲ ရွေ့ရွေ့သွားနေ တာကို တွေ့ရတယ်။ အဲဒါကြောင့် နယူတန်ရဲ့ ဂိုဏ်းတော်သားတွေဟာ ဒီပြဿနာကို မဖြေရှင်းနိုင်ပဲ လက်မှိုင်ချခဲ့ကြရတာဖြစ်တယ်။

* အိုင်စတိုင်ရဲ့ အာကာနှုန်းသဘောအရဆိုယင်တော့၊ မာကျူရီရဲ့ပြဿနာကို ဖြေရှင်းတဲ့အခါ၊ ခုနကပြောခဲ့တဲ့ အချက် သုံးချက်ကို ထဲ့ပြီး စဉ်းစားရမယ်။မစဉ်းစားလို့မဖြစ်ဘူး။ အဲဒီလိုစဉ်းစားတဲ့အခါ မာကျူရီရဲ့ သိတ်ပြင်းတဲ့ အရှိန်နဲ့ အာကာနှုန်းနယ်ရဲ့ အင်အားကြီးမှုကြောင့် မာကျူရီရဲ့လမ်းကြောင်း တရွေ့ရွေ့ ပြောင်းသွားတာ၊ နှစ်ပေါင်း သုံးသန်းကြာတဲ့အခါ၊ နေကို တပတ် ပတ်မိမယ်လို့၊ အိုင်စတိုင်ရဲ့ သဘောတရားအရ တွက်လို့ရတယ်။ မာကျူရီလဲ ဒီအတိုင်းပဲ တရွေ့ရွေ့ပြောင်းနေတာကို တွေ့ရတယ်။ အဲဒီတော့မှပဲ၊ နယူတန်သဘောတရားနဲ့ ဖြေရှင်းလို့မရတဲ့ မာကျူရီပြဿနာဟာ၊ အိုင်စတိုင်သဘောတရားနဲ့ ဖြေရှင်းလို့ ပြေရှင်းသွားတယ်။

ဒီလို စာရွက်ပေါ်မှာ တွက်ပြီး ဖြေရှင်းတာလောက်နဲ့၊ သိပ္ပံပညာ ရှင် တွေ က မကျေနပ် ဘူး။ နေရဲ့ အာကာနှုန်းနယ်ထဲကို ဖြတ်သွားတဲ့အခါ၊ ဒီလို ဖြတ်သွားတဲ့အရာဝတ္ထုဟာ၊ သူ့ရဲ့ ဖြောင့်ဖြောင့်သွားနေတဲ့ လမ်းကြောင်းက၊ ကောက်ပြီး သွားမသွားဆိုတာကို၊သိပ္ပံပညာရှင်တွေက လက်တွေ့ စမ်းကြည့်ချင်တယ်။ † အဲဒီလို စမ်းချင်ယင်၊ နေရဲ့အာကာနှုန်းနယ်ထဲကို ဖြတ်သွားတဲ့ ကြယ်အလင်းရောင်ကို ဓာတ်ပုံရိုက်ကြည့်ကြလို့၊ အိုင်စတိုင်က အကြံပေးတယ်။ ဒီလို ဓါတ်ပုံရိုက်ကြည့်ယင်၊ ကြယ်အလင်းရောင်ဟာ ဖြောင့်ဖြောင့်ကြီး လာနေရာက နေရဲ့ အာကာနှုန်းနယ်ထဲကိုဖြတ်တဲ့အခါ၊ နေရှိရာဘက်ကို ၁.၇၅ စက္ကန့်လောက် ကောက်နေတာတွေ့ရလိမ့်မယ်လို့လဲ၊အိုင်စတိုင်က ဟောကိန်းထုတ်ပေးလိုက်တယ်။ ဒီအတိုင်း မဖြစ်ယင်၊ သူ ထူထောင်ထားတဲ့ ရီလေတစ်ဗစ်တီ သဘောတရား[၁] တခုလုံးဟာ၊ မှားနေပြီလို့လဲထပ်ပြီး ပြောလိုက်ပြန်သေးတယ်။

အိုင်စတိုင်ပြောသလို ဓာတ်ပုံ ရိုက်ဘို့ဆိုတာ၊ အခါခပ်သိမ်း မဖြစ်နိုင်ဘူး။ နေကြတ်[၂]တဲ့အခါမှ ဖြစ်တယ်။ အဲဒါကြောင့်၊သိပ္ပံပညာရှင်တွေဟာ၊ ၁၉၁၉-ခုနှစ်၊ မေလ ၂၉-ရက်နေ့အထိ စောင့်နေကြရ

၁။ ရီလေတစ်ဗစ်တီ သဘောတရား = Principle of Relativity

၂။ နေကြတ်ခြင်း = Solar Eclipse

* The Universe and Dr. Einstein (Lincoln Barnett) p. 88-89
† p. 94



(ပုံ-၂၈-က) မောင့်-ပလိမာ နက္ခတ်မျှော်စင်မှာ တပ်ဆင်ထားတဲ့ နက္ခတ် အသံဖမ်း ရေဒီယို တယ်လီစကုတ်ကြီး

---

တယ်။ အဲဒီနေ့ရောက်တဲ့အခါ၊ အာဖရိကတိုက်မှာ ဓာတ်ပုံတွေနဲ့ အသင့်စောင့်နေတဲ့ သိပ္ပံပညာရှင်တွေဟာ၊ ကြတ်နေတဲ့ နေနဲ့တကွ၊ အနီးဆုံးကြယ်တွေကိုပါ ဓာတ်ပုံရိုက်ယူကြတယ်။ ဓာတ်ပုံတွေကို စစ်ဆေးကြည့်တဲ့အခါ၊ ကြယ်အလင်းရောင်တွေဟာ၊ ပျမ်းမျှခြင်းအားဖြင့် ၁.၆၄ စက္ကန့်လောက် နေဘက်ကို ကောက်နေတာ တွေ့ရတယ်။

အဲဒီ အချိန်က စပြီး၊ နယူတန်ရဲ့ 'ဆွဲ' အား သဘောဟာ (အခြေခံ သိပ္ပံပညာသင်ကြားတဲ့ဆီမှာ အသုံးချတာက လွဲလို့) သိပ္ပံအထက်တန်းလောကထဲက ပျောက်ကွယ်သွားတယ်။ အခုအခါမှာ

ဆိုယင်၊ သံလိုက်က သံကိုဆွဲတယ်ဆိုတဲ့ အသုံးအနှုန်းမျိုးဟာလဲ၊ သိပ္ပံ အထက်တန်းလောကထဲမှာ မသုံးတော့ဘူး။ အဲဒီ အသုံးအနှုန်းအစား၊ သံလိုက်စက်ကွင်း ၁ အရ၊ သံက လိုက်ပြီး လှုပ်ရှားပေးရတယ် ဆိုတဲ့ အသုံးအနှုန်းမျိုးကိုသာ သုံးတော့တယ်။

* နယူတန်နဲ့ အိုင်စတိုင်တို့ နှစ်ဦးကို၊ သိပ္ပံပညာရှင် တဦးက ဒီလို နှိုင်းယှဉ်ပြထားတယ်။ ခလေးတယောက်ဟာ၊ ချိုင့်တွေ ကမူ တွေရှိတဲ့ မြေပြင်ပေါ်မှာ ကျောက်ဒိုးတွေကို လှိမ့်ပြီး ကစားနေတာကို ဆယ်ထပ်တိုက်ပေါ်က လူတယောက်၊ ခလေးနားက မြေပေါ်မှာ ရပ်နေတဲ့ လူတယောက်၊ အဲဒီ လူနှစ်ယောက်က ကြည့်နေတယ်။ ဆယ်ထပ်တိုက်ပေါ်က လူက၊ မြေမျက်နှာမှာ ချိုင့်တွေ ကမူတွေရှိနေတာကို မမြင်ရဘူး။ မြေပေါ်က လူက မြင်နေရတယ်။ အဲဒီလို ချိုင့်တွေ ကမူ တွေရှိနေတဲ့ အတွက်၊ လှိမ့်လိုက်တဲ့ ကျောက်ဒိုး တချို့ဟာ၊ ရံဘန်ရံခါ ကမူတခုကို ဝင်တိုက်မိတဲ့အတွက်၊ ရှေ့တဲ့တဲ့ကို ဆက် ပြီး မလိမ့်နိုင် တော့ပဲ၊ အခြားတဘက်ကို လွင့်စင်သွားတယ်။ အဲဒါကိုကြည့်ပြီး၊ဆယ် ထပ်တိုက်ပေါ်က လူက၊ ကျောက်ဒိုးဟာ ရှေ့တဲ့တဲ့မသွားပဲ၊ တခြား ဘက်ကို လွင့်စင်သွားတာဟာ၊ တခြားကြောင့် မဟုတ်ဘူး၊ ဆွဲအားတခု ခုကြောင့်ဖြစ်ရမယ်လို့ တွေးတောကြံဆတယ်၊ မြေပေါ်က လူကတော့၊ မြေပြင်ရဲ့ မညီညွတ်မှုကို၊ သူကိုယ်တိုင် မြင်နေရတဲ့အတွက်၊ ဒီလို မတွေးဘူး။ ကျောက်ဒိုးဟာ တဲ့တဲ့ မသွားပဲ၊ တခြားကို လွင့်သွား တာဟာ၊ တခြားကြောင့် မဟုတ်၊ ကမူနဲ့ တိုက်မိတာကြောင့်ပဲဖြစ်တယ် လို့၊ ဟုတ်တိုင်းမှန်ရာကို ပြောနိုင်တယ်။

အဲဒီလူ နှစ်ဦးထဲက၊ နယူတန်ဟာ ဆယ်ထပ်တိုက်ပေါ်က လူ နဲ့တူတယ်။ အိုင်စတိုင်ဟာ၊ မြေပေါ်မှာရပ်ကြည့်နေတဲ့ လူနဲ့တူတယ် လို့၊သိပ္ပံပညာရှင်တချို့က ဝေဖန်တယ်။

အိုင်စတိုင်ရဲ့သဘောတရားဟာလဲ၊ မဖေါက်မပြန် မှန်ကန်တဲ့ သဘောတရားမဟုတ်ဘူး။ နောက်တခေတ်ခေတ်ကျယင်၊ သူ့ သဘော တရားထက် ပိုပြီး တိကျမှန်ကန်တဲ့ သဘောတရားတွေ ပေါ်လာပြီး၊

---

၁။ သံလိုက်စက်ကွင်း = Magnetic Field

* The Universe and Dr. Einstein (Lincoln Barnett) p. 87.

အာကာနှုနသတ္တိ ရေစုံမျှောသလို၊ သူ့ သဘောတရားတွေလဲ ရေစုံမျှော နိုင်စရာအကြောင်းရှိတယ်။

အဲဒီသာဓကကလေးနဲ့ပဲ''**သိပ္ပံပညာဟာ၊ဘယ်တော့မှ ပြည့်စုံမှာ မဟုတ်ဘူး။** တချိန်ချိန်မှာ သိရတဲ့အချက်တွေထက်၊ နောက်ထပ် မံပြီး သိနိုင်စရာအကြောင်းတွေ အမြဲတမ်းရှိနေအုံးမှာပဲ။ သိပ္ပံပညာ ဟာ၊ သူပြောသမျှ လုံးဝမှန်ပြီလို့ ဘယ်တော့မှ မဆိုနိုင်ဘူး။ သိပ္ပံလောက မှာ အမှန်အဖြစ်နဲ့ လက်ခံထားတယ်ဆိုတဲ့ သိပ္ပံပညာရပ်တွေဟာ ဘယ်တော့မှ မဖေါက်မပြန်၊ မှန်ကန်ပြီဆိုတဲ့ သိပ္ပံပညာရပ်တွေ မဟုတ် သေးပါဘူး။ အခုအချိန်အထိ သိရသလောက်အချက်တွေကို အကောင်း ဆုံး ရှင်းပြနိုင်တဲ့ ပညာရပ်တွေမျှသာ ဖြစ်တယ်''လို့၊ အင်ဒရာဒေးနဲ့ ဟပ်စလီတို့ ပြောတဲ့စကားကို သဘောပေါက်လောက်ပါပြီ။

အဲဒါကြောင့်၊သိပ္ပံပညာရှင်တွေရဲ့ တွေးဆချက်အရ၊ ကမ္ဘာနဲ့ သတ္တဝါတွေ ဘယ်လိုဖြစ်လာကြတယ်ဆိုတာကို ရှောက်ပြောနေတာ ဟာ၊ **ကြားရသူတွေ ဗဟုသုတ ဖြစ်ရုံလောက်အတွက်ပဲ၊ ဒါတွေကို လက်ခံဘို့အတွက် မဟုတ်ဘူးဆိုတဲ့** အချက်ကိုလဲ၊ ကောင်းကောင်း မှတ် ထားကြစေချင်တယ်။

## ဘုရားဟောအရ၊ ကမ္ဘာနဲ့ သတ္တဝါအစ

ကမ္ဘာနဲ့ သတ္တဝါ ဖြစ်ပေါ်လာပုံကို၊ မြတ်စွာဘုရား ဟောတော် မူထားတာ ရှိတယ်။ မြတ်စွာဘုရားဟာ၊ သာမန်အားဖြင့်ဆိုယင်၊ ကမ္ဘာ အကြောင်း၊ သတ္တဝါအကြောင်းဆိုတဲ့၊ လောကီ အကြောင်းတွေကို ဟောတော်မမူဘူး။ ဒါပေမဲ့ ဒီအကြောင်းတွေဟောလို့ နာရတဲ့သူတွေ မှာ ကုသိုလ်ဖြစ်မယ်၊ သံသရာဝဋ်ဆင်းရဲတွေကို ကြောက်တဲ့စိတ်တွေ ဖြစ်မယ်ဆိုယင်၊ ဒီတရားမျိုးကို ရံဖန်ရံခါ ဟောတော်မူတယ်။

## ကမ္ဘာကြီး ဖြစ်ပေါ်လာပုံ

မြတ်စွာဘုရားရဲ့ တရားတော်အရ၊ ၃၁ ဘုံဆိုတာ ရှိတယ်။ ဒီ-၃၁ဘုံကို ဒီလိုရေရတယ်။ငရဲ[၁]သားတွေနေတဲ့ဘုံကတဘုံ၊ တိရစ္ဆာန်

၁။ ငရဲ= (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၂၀၄)

တွေနေတဲ့ဘုံက တဘုံ၊ ပြိတ္တာတွေနေတဲ့ဘုံကတဘုံ၊ အသူရကာယ်တွေနေတဲ့ဘုံက တဘုံ၊လူတွေနေတဲ့ဘုံကတဘုံ၊ နတ်[၁] တွေနေတဲ့ဘုံက ခြောက်ဘုံ၊ ဗြဟ္မာ[၂] တွေနေတဲ့ဘုံက ၂၀၊ အားလုံးပေါင်း ၃၁ ဘုံဖြစ်တယ်။

ဒီ ၃၁ ဘုံကို စကြဝဠာတခုလို့ ခေါ်တယ်။ ဒီလို **စကြဝဠာတွေဟာ အာကာသကြီးထဲမှာ အနန္တရှိတယ်။** မရေမတွက်နိုင်အောင်များတယ်။ ဒီစကြဝဠာတွေထဲမှာလဲ **သတ္တဝါတွေ အနန္တရှိကြတယ်။**

ဒီတရားတော်ကို နှစ်ပေါင်း ၃၀-လောက်တုန်းက အနောက်နိုင်ငံတွေမှာ သွားဟောယင်၊ အနောက်နိုင်ငံသားတွေက ရယ်ကြမှာပဲ။ အခုတော့၊ အမေရိကန်ပြည် မောင့်ဝီလဆင်[၃] နဲ့ မောင့်ပလိုမာ[၄] ဆိုတဲ့ တောင်တွေပေါ်မှာ အလင်းနှစ်ပေါင်း သန်းပေါင်း ၁၀၀၀ (တထောင်)လောက်အထိ မြင်နိုင်တဲ့၊ အဝေးကြည့် မှန်ပြောင်းကြီးတွေကို(ပုံ-၂၈) (ပုံ ၂၈-က)တပ်ဆင်ပြီးကထဲက နက္ခတ်ပညာဟာ တမျိုးပြောင်းသွားတယ်။

အလင်းရောင်ဟာ၊ တစက္ကန့်ကို မိုင်ပေါင်း ၁၈၆,၀၀၀(တသိန်းရှစ်သောင်း ခြောက်ထောင်)အထိ သွားနိုင်တယ်။ တနှစ်ဆိုယင် မိုင်ပေါင်း ၆,၀၀၀,၀၀၀,၀၀၀,၀၀၀ (ကုဋေခြောက်သိန်း)အထိ သွားနိုင်တယ်။ အလင်းရောင် နှစ်ပေါင်း သန်းပေါင်း တထောင်မှာ ဘယ်နှစ်မိုင်ရှိမယ်ဆိုတာ တွက်သာကြည့်ပေတော့။

---

၁။ နတ်= (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၁၂၈)

၂။ ဗြဟ္မာ=(မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၈၊ နှာ ၂၃၁)

၃။ မောင့်ဝီဆလင်-**နက္ခတ်မျှော်စင်**= Mt. Wilson Observatory

၄။ မောင့်ပလိုမာ- နက္ခတ်မျှော်စင် = Mt. Palomar Observatory

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ပဆာဒီးနားအရပ်မှာရှိတယ်။ ဝီလဆင်တောင်ကုန်းပေါ်ရှိ နက္ခတ်မျှော်စင်က အဝေးကြည့်မှန်ပြောင်းကြီးရဲ့ကြည့်မှန်ခွက်**အချင်း**ဟာ၊ လက်မတရာရှိတယ်။ ပလိုမာ တောင်ကုန်းပေါ်မှာရှိတဲ့ နောက်ဆုံးပေါ် မှန်ပြောင်းကြီးရဲ့ ကြည့်မှန်ခွက် အချင်းကတော့၊ လက်မ နှစ်ရာရှိတယ်။ (နက္ခတ်မျှော်စင် = မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၇၅)

အဲဒီ မှန်ပြောင်းကြီးတွေနဲ့ ကြည့်တဲ့အခါ၊ ကောင်းကင်မှာ ညတိုင်းလိုလို မြင်နေရတဲ့ **ကြယ်အုပ်စုကြီး**[၁] **မျိုး တွေ ၁၀ ကုဋေ** လောက်ကိုတွေ့ရတယ်[၂]။ **ဒီမှန်ပြောင်းကြီးတွေနဲ့ မမြင်နိုင်တဲ့ အာကာသ ကြီး တခွင်မှာလဲ၊ ဒီကြယ်အုပ်စုကြီးမျိုးတွေ အနန္တရှိကြလိမ့်အုံးမယ်လို့** နက္ခတ်ပညာရှင်တွေ ယုံကြည်ကြတယ်။ ဒီလိုရှိတယ်ဆိုတာကိုလဲ၊ သူတို့ မှာရှိတဲ့ ရေဒီယိုကရိယာတမျိုးနဲ့ စမ်းကြည့်လို့ ရတယ်။(ပုံ ၂၀-က)

နောက်ပြီးတော့လဲ **ကြယ်အုပ်စုကြီးတစုတစုမှာ၊ ကြယ်ပေါင်း ၁၀ ကုဋေကနေပြီး၊ ကုဋေ ၁၀၀၀(တထောင်)လောက်အထိ ရှိတာ** ကို တွေ့ကြရပြန်တယ်[၃]။ **ကြယ်အုပ်စုတိုင်းမှာလဲ၊ ဂြိုဟ်အဖွဲ့ တွေဟာ တသန်းကျော်လောက်က တကုဋေလောက်အထိ ရှိမယ်လို့** ခန့် မှန်း ကြတယ်။

အဲဒီတော့ အဝေးကြည့်မှန်ပြောင်းကြီးတွေနဲ့ မြင်ရတဲ့ **စက် ဝိုင်းအတွင်းမှာရှိနေတဲ့ ကြယ်အုပ်စုကြီး ၁၀ ကုဋေမှာဆိုယင်၊ ဂြိုဟ် အဖွဲ့တွေဟာ ကုဋေကုဋာရှိနေပြီ**။[၄]

အနှစ်သုံးဆယ်လောက်က၊ သိပ္ပံပညာရှင်တွေက ဂြိုဟ်တိုင်းမှာ သတ္တဝါတွေရှိနိုင်တယ်လို့ မပြောဘူး။ သူတို့လက်ထက်တုန်းက ထွန်း ကားနေတဲ့ နက္ခတ်ပညာအရ၊ သတ္တဝါရှိနိုင်တဲ့ ဂြိုဟ်တွေဟာ၊ အင် မတန့် အင်မတန်နဲနေတယ်။ အခုခေတ် တိုးတက်နေတဲ့ နက္ခတ် အစ ရှိတဲ့ သိပ္ပံပညာတွေအရ၊ အခုပြောခဲ့တဲ့ ဂြိုဟ်တွေထဲမှာ သတ္တဝါတွေ ဖြစ်ထွန်းနိုင်တယ်ဆိုတာကို တွေ့ရတယ်။

ဂြိုဟ်အဖွဲ့[၅] ဆယ်ဖွဲ့တဖွဲ့မှာပဲ၊သက်ရှိတွေရှိတယ်ဆိုယင်တောင်၊ ကြယ်အုပ်စုတိုင်းမှာရှိတဲ့ ဂြိုဟ်အဖွဲ့ တသန်းလောက်မှာ သတ္တဝါတွေ ဖြစ်ထွန်းနိုင်တယ်[၆]။ ဘာပဲပြောပြော သတ္တဝါတွေ ဖြစ်ထွန်းနိုင်တာ၊

---

၁။ ကြယ်အုပ်စုကြီးတွေ = Galaxies
၂။ The Nature of the Universe (Fred Hoyle) p. 100
၃။ ... ... ... ... p. 98–99
၄။ ... ... ... ... p: 101
၅။ ဂြိုဟ်အဖွဲ့ = Planetary System
၆။ The Nature of the Universe (Fred Hoyle) p. 95

ဂြိုဟ်အဖွဲ့ တသိန်းအောက်ကိုတော့ ဘယ်နည်းနဲ့မှ မလျော့နိုင်ဘူးလို့၊ ဒီပညာရှင်တွေက အမတန် ခိုင်ခိုင်မာမာကြီးပြောနေကြတယ်။

အဲဒီလိုဆိုယင်၊ ဒီဂြိုဟ်အဖွဲ့ ကုဋေကုဋာမှာ သတ္တဝါတွေ အနန္တ ရှိကြလိမ့်မယ်။ အဲဒါဟာ အဝေးကြည့် မှန်ပြောင်းကြီးတွေနဲ့ ကြည့်လို့ မမြင်နိုင်တဲ့ ကြယ်အနန္တ၊ ဒီကြယ်တွေမှာရှိကြတဲ့ ဂြိုဟ်အနန္တနဲ့၊ ဒီဂြိုဟ်တွေမှာရှိကြတဲ့ သတ္တဝါအနန္တ မပါသေးဘူး။

နှစ်ပေါင်း ၂၅၀၀-ကျော်လောက်က မြတ်စွာဘုရားဟောကြား **ထားတော်မူခဲ့တဲ့ "စကြာဝဠာအနန္တ၊ သတ္တဝါအနန္တ" ဆိုတဲ့ တရားတော်ကို၊ သိပ္ပံပညာရှင်တချို့ အခုလို သဘောပေါက်** လာကြတာဟာ အင်မတန် ဝမ်းသာစရာကောင်းတယ်။

မြတ်စွာဘုရားရဲ့ တရားတော်အရ၊ ဒီ **စကြာဝဠာ**တွေ ဖြစ်ပေါ် လာတာဟာ အင်မတန်ကြီးကြာလာတဲ့အခါ၊ သူတို့လဲ အနိစ္စသဘော ကို မလွန်ဆန်နိုင်တဲ့အတွက် ပျက်ကြရတယ်။

**မပျက်ပဲတည်နေတာ ဘယ်လောက်အထိကြာပါသလဲ** ဘုရား လို့၊ ရဟန်းတပါးက လျှောက်မေးတဲ့အခါ၊ မြတ်စွာဘုရားက **ဘယ် လောက်**ကြာတယ်ဆိုတာ နှစ်အပိုင်းအခြားနဲ့ ပြောဖို့ မလွယ်ဘူးလို့ **အမိန့်ရှိ**တော်မူတယ်။

ဒီလိုဆိုယင် ဥပမာနဲ့ကော ပြလို့ ဖြစ်ပါ့မလားဘုရားလို့ ထပ် လျှောက်တဲ့အခါ၊ ဥပမာနဲ့တော့ ပြနိုင်တယ်လို့ဖြေကြားပြီး[၁]၊ အမြင့် တယူဇနာ၊ အရှေ့တယူဇနာ၊ အကျယ်တယူဇနာရှိတဲ့ ကျောက်တောင်

---

LIFE Nature Library, THE EARTH (Arthur Beiser and the Editors of LIFE) p. 132

၁။ ကမ္ဘာ့ရဲ့ သက်တမ်းဟာ၊ ဘယ်လောက် ကြာမြင့်ပြီ ဆိုတာကို၊ နှစ်ပေါင်း သန်းပေါင်းတွေနဲ့ဖော်ပြရယင်၊သဘောပေါက်ချင်မှပေါက်မယ်။ 'အိတ်-မင်-လွန်း' ရေးသားတဲ့ 'လူတို့ဇာတ်' ခေါ် ကမ္ဘာ့သမိုင်းစာအုပ်က၊ဥပမာတခုကို တင်ပြရယင်၊ ပိုပြီးသဘောပေါက်လွယ်မယ်ဆိုပြီး၊ ဥပမာတခုကို အဲဒီစာအုပ်မှာ ကောက်နုတ်တင်ပြထားတယ်။

ဒီတင်ပြထားတဲ့ ဥပမာဟာ၊ ဘုရားဟောဥပမာနဲ့ **တထေရာထဲ** ဖြစ်နေ တဲ့အတွက်၊ ယာဘက်မျက်နှာအောက်ခြေမှတ်စုမှာ၊ မူရင်းအတိုင်း ကောက်နုတ် ဖော်ပြထားပါတယ်။

ကြီးကို အနှစ်တရာကြာတိုင်း ကြာတိုင်း၊ အင်မတန် နူးညံ့တဲ့ ကတ္တီပါနဲ့ တကြိမ်တကြိမ် ပွတ်ပေးတဲ့အတွက် ဒီကျောက်တောင်ကြီးဟာ ကုန်သွားတဲ့တိုင်အောင် ဒီကမ္ဘာကြီးဟာ မပျက်သေးဘူး။

အမြင့်တယူဇနာ၊ အချေတယူဇနာ၊ အကျယ်တယူဇနာ ရှိတဲ့ မြို့ရိုးကြီးနဲ့ အပြည့် မုန်ညင်းစေ့တွေထဲ့ထား။ အနှစ်တရာကြာယင် တခါ အဲဒီ မုန်ညင်းစေ့ပုံကြီးထဲက မုန်ညင်းစေ့ တစေ့ တစေ့ကိုကောက်ပြီး တခြားမှာ သွားပစ်။ အဲဒီမုန်ညင်းစေ့တွေဟာ ကုန်သွားသည့်တိုင်အောင်၊ ဒီကမ္ဘာကြီးဟာ မပျက်သေးဘူး။ ကမ္ဘာကြီးရဲ့ အသက်ဟာ၊ ဒါလောက်အထိ ရှေတယ်လို့ မြတ်စွာဘုရားက မိန့်တော်မူတယ်။

အဲဒီကမ္ဘာကြီးအပါအဝင်ဖြစ်တဲ့ စကြာဝဠာဟာ၊ အင်မတန့်အင်မတန်ကြီး ကြာလာတဲ့အခါ ပျက်ကြတယ်။ ပျက်ယင်၊ စကြာဝဠာ ကုဋေတသိန်း အတူတူပျက်ကြတယ်။ ပြန်ဖြစ်တဲ့အခါ ၊စကြာဝဠာကုဋေ တသိန်း အတူတူပြန်ဖြစ်ကြတယ်။

ကမ္ဘာကြီးဟာ၊ အခုလို အင်မတန့် အင်မတန်ကြီး အသက်ရှေတယ်ဆိုတာ၊ အနောက်နိုင်ငံတွေမှာ သိလာတာ တယ်မကြာသေးဘူး။ အင်္ဂလန်မှာ ၁၈၈၉-ခုနှစ်က ထုတ်ဝေခဲ့တဲ့ ကမ္ဘာ့ သမိုင်း[၁] ဆိုတဲ့ စာအုပ်ထဲမှာဆိုယင်၊ ဒီကမ္ဘာကြီးကို ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၄၀၀၄-နှစ်တုန်းက အော်တမ်ရာသီ[၂] မှာ ဖန်ဆင်း ပြီးစီးခဲ့တယ်လို့

---

(ဝဲဘက်အောက်ခြေမှတ်စုမှအဆက်)

We toss millions and thousands of millions about very glibly. And yet they are such staggering large units of time that it is worth pausing to try to emphasize just how long 4.5 thousand million years really is. Hendrik Van Loon did it with his fanciful paragraph to his famous book, 'The Story of Mankind.'

"High up in the North in the land called Svitjod, there stands a rock. It is a hundred miles high and a hundred miles wide. Once every thousand years a little bird comes to this rock to sharpen its beak,

When the rock has thus been worn away, then a single day of eternity will have gone by."

၁။ ကမ္ဘာ့သမိုင်း= Universal History

၂။ အော်တမ် = Autumn (ဆောင်းဦးရာသီ)

တောင်ဖော်ပြထားခဲ့ဘူးတယ်။ဒီဖော်ပြချက်အရ ဒီကမ္ဘာကြီးရဲ့အသက်ဟာ ငါးထောင်ကျော်လောက်ပဲ ရှိသေးတယ်။

၂၀-ရာစုထဲကိုရောက်လာတော့မှ၊ သိပ္ပံပညာ တိုးတက်လာပြီး ဒီကမ္ဘာကြီးရဲ့အသက်ကိုခန့်မှန်းတဲ့ သိပ္ပံနည်းတွေ ပေါ် လာ တယ်။ စမ်းတဲ့နည်းတွေကတော့ အများကြီးပဲ။ အဲဒီနည်းတွေထဲမှာ တနည်းကတော့၊ ဒီလို။ယူရေးနီယမ်သတ္တု[၁]ဟာ၊ သူ့ဟာသူအလိုလို ခဲ[၂]သတ္တုအဖြစ်ကို တဖြည်းဖြည်းဘာဝပြောင်းသွားတယ်။ အဲဒီ ဘာဝ ပြောင်းတဲ့အချိန်ကာလဟာ၊ ဘယ်ရာသီမှာပဲဖြစ်ဖြစ် ဘယ်လောက်အတိမ်အနက်မှာပဲဖြစ်ဖြစ် တမျိုးထဲပဲ။အဲဒါကြောင့် ယူရေးနီယမ်ဟာ ခဲဖြစ်တဲ့အထိအချိန်ဘယ်လောက်ကြာအောင် ဘာဝပြောင်းရတယ်ဆိုတာ၊သိပ္ပံပညာအရ အတိအကျသိရတယ်။

ကမ္ဘာရဲ့အသက်ကိုခန့်မှန်းဘို့အတွက်၊ သိပ္ပံပညာရှင်တွေ တွေ့ရတဲ့ ကျောက်လွှာတွေထဲမှာ ရှေးအကျဆုံးဆိုတဲ့ ကျောက်လွှာ တွေ ကို စုံစမ်းကြည့်တဲ့အခါ၊ တချို့ ကျောက်လွှာတွေထဲမှာ ယူရေးနီယမ် နဲ့ ခဲသတ္တုကိုတွေ့ရတယ်။ ယူရေးနီယမ်ဟာ၊ ကျောက်လွှာစပြီး ဖြစ်လာတဲ့ အခြေအနေထဲက ဒီကျောက်လွှာထဲမှာ ပါလာတယ်။ ယူရေးနီယမ်က ခဲဘာဝကိုပြောင်းသွားတယ်ဆိုပေမဲ့၊ ခဲတိုင်းဟာ ယူရေးနီယမ် ဘာဝက ပြောင်းလာတာမဟုတ်ဘူး။ ယူရေးနီယမ်က ဘာဝပြောင်းလာခဲ့တဲ့ ခဲဟာ တခြားခဲတွေနဲ့ မတူဘူး။ ပိုပြီးပေါ့တယ်။ အဲဒီ အလေးချိန်ကိုကြည့်ပြီး တွေ့ရတဲ့ခဲဟာ ယူရေးနီယမ်က ဖြစ်လာတဲ့ခဲလား၊ တခြားနည်းနဲ့ ဖြစ်လာတဲ့ ခဲလားဆိုတာ ပြောနိုင်တယ်။ အဲဒီအချက်တွေကို စုပေါင်းပြီး တွက်ကြည့်တဲ့အခါ၊ ကမ္ဘာ့ရဲ့ သက်တမ်းဟာ၊ နှစ်ပေါင်း သန်းပေါင်း ၁၄၀၀ (တထောင့်လေးရာ) ထက် မလျော့နိုင်ဘူးလို့ တွေ့ရတယ်။ အဲဒါကြောင့်မယုတ်မလွန်အောင် ဒီကမ္ဘာရဲ့သက်တမ်းကို နှစ်ပေါင်း သန်းပေါင်း ၂၀၀၀ (နှစ်ထောင်) ခန့်လို့[၃]သိပ္ပံ ပညာရှင်တွေက ခန့်မှန်းကြတယ်။

---

၁။ ယူရေးနီယမ်= (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၁၀၊ နှာ ၄၆၆)
Uranium (The Principle of radio-active dating)

၂။ ခဲ= Lead (LIFE Nature Library THE EARTH) p. 132

၃။ The Nature of the Universe (Fred Hoyle) p. 72.

ဒီခန့်မှန်းချက်ကို ထောက်ခံနေတဲ့ တခြားနည်းတနည်းရှိသေးတယ်။ ဒီနည်းကတော့ ကျောက်လွှာတွေ ဖြစ်ပေါ်လာအောင် အချိန်ဘယ်လောက်ကြာတယ်ဆိုတာကို တွက်တဲ့နည်း ဖြစ်တယ်။ အင်္ဂလန်မှာကျောက်လွှာ တပေ ဖြစ်အောင် နှစ်ပေါင်း ၃,၀၀၀ခန့်ကြာတယ်။ မြောက်အမေရိကမှာ နှစ်ပေါင်း ၉,၀၀၀ လောက်ကြာတယ်၊ အီဂျစ်ပြည်မှာတော့ နှစ်ပေါင်း ၄၀၀-၅၀၀လောက်ပဲကြာတယ်။ အဲဒါတွေကိုကြည့်ပြီး ပျမ်းမျှခြင်း အားဖြင့် ကျောက်လွှာ တပေ ဖြစ်အောင် နှစ်ပေါင်း ၄,၀၀၀ လောက်ကြာတယ်လို့ သိပ္ပံပညာရှင်တချို့က ခန့်မှန်းကြတယ်။

ဒီကနေ့အထိ ဘူမိဗေဒ သိပ္ပံပညာရှင်တွေ စမ်းသပ် ပြီးခဲ့တဲ့ အတိုင်းအထွာတွေအရ၊အောက်ဆုံးကျောက်လွှာက အပေါ်ဆုံးအထိ ပေပေါင်း၅၂၉,၀၀၀ (ငါးသိန်း နှစ်သောင်း ကိုးထောင်) ထူတယ်[၁]။ တပေကို နှစ်ပေါင်း ၄,၀၀၀ (လေးထောင်)ခန့် ကြာတယ်ဆိုယင်၊ ပေပေါင်း ၅၀၀,၀၀၀ (ငါးသိန်း) ကျော်မှာ နှစ်ပေါင်းသန်းပေါင်း ၂,၀၀၀(နှစ်ထောင်)ကျော်ခန့်ကြာတယ်။ အဲဒီနည်းနဲ့ ကမ္ဘာမြေကြီးရဲ့အသက်ဟာ၊ နှစ်ပေါင်း သန်းပေါင်း ၂,၀၀၀ (နှစ်ထောင်) ခန့်ရှိပြီလို့လဲ ခန့်မှန်းကြတယ်။ **ကမ္ဘာမြေကြီးရဲ့ အသက်**ဟာ နှစ်ပေါင်းသန်းပေါင်း ၄,၅၀၀ (လေးထောင် ငါးရာ) ကျော်ပြီလို့ ခန့်မှန်းတဲ့ သိပ္ပံပညာရှင်တချို့လဲ ရှိကြသေးတယ်[၂]။

---

၁။ The Limitations of Science (J.W.N. Sullivan) p. 80-81

၂။ သိပ္ပံပညာရှင် တချို့ကတော့လဲ၊ **ကမ္ဘာ့ရဲ့သက်တမ်းဟာ**၊

(က) ကမ္ဘာ့ အပေါ်ရံမြေလွှာ၊ အစိုင်အခဲ မဖြစ်ခင်က နှစ်ပေါင်း သန်းပေါင်း ၁,၀၀၀။

(ခ) ကမ္ဘာ အပေါ်ရံ မြေလွှာ၊ အစိုင်အခဲ ဖြစ်ပြီးခါမှ နှစ်ပေါင်း သန်းပေါင်း ၃,၀၀၀။

(ဂ) ကျောက်လွှာတွေထဲ ရုပ်ဖြစ်ကျောက်ကြွင်းကျန်ရစ်ခဲ့တဲ့ ကာလက နှစ်ပေါင်းသန်းပေါင်း ၆၀၀၊ အစုစု နှစ်ပေါင်း သန်းပေါင်း ၄,၆၀၀,ရယ်လို့ တွက်ချက် အဖြေပေးကြတယ်။

The Reader's Digest GREAT WORLD ATLAS p. 112
LIFE Nature Library THE EARTH p. 132

ကမ္ဘာတွေဟာ အင်မတန်အိုလာပြီး ပျက်ချိန် ရောက်တဲ့အခါ၊ နေတွေဟာ တစင်းပြီး တစင်း ခုနစ်စင်းအထိ ထွက်လာတယ်။ အဲဒီလို ထွက်လာတဲ့ နေခုနစ်စင်းရဲ့ အပူရှိန်ကြောင့် ပထမဈာန် ဗြဟ္မာဘုံလို့ ခေါ်တဲ့ အောက်ဆုံး ဗြဟ္မာဘုံ သုံးဘုံအထိ၊ ၃၁-ဘုံထဲက ဘုံတွေဟာ အားလုံး မီးလောင်ကုန်တယ်။ အဲဒီလို မီးလောင်ခံရတဲ့ ကမ္ဘာကို **မီးဖျက်တဲ့ကမ္ဘာ**[၁]လို့ ခေါ်တယ်။

တခါတခါ နေခုနစ်စင်း မထွက်ပဲ၊ မိုးအကြီးအကျယ် ရွာပြီး ပျက်တဲ့ကမ္ဘာမျိုးလဲ ရှိသေးတယ်။ အဲဒီ မိုးရေတွေဟာ ရေရိုးရိုးမဟုတ်ဘူး၊ သူတို့နဲ့ ထိလိုက်ယင် သံတိုးကျောက်တိုးဆိုတဲ့ အမာဆုံး ပစ္စည်းတွေတောင် အရည်ပျော်ကြရတယ်။ အဲဒီလို မိုးရေနဲ့ အဖျက်ခံရတဲ့ ကမ္ဘာကို **ရေဖျက်တဲ့ကမ္ဘာ**လို့ ခေါ်တယ်။ မိုးဖျက်တဲ့အခါ ပထမဈာန် ဗြဟ္မာဘုံသုံးဘုံအထက်က ဒုတိယဈာန် ဗြဟ္မာဘုံလို့ ခေါ်တဲ့ဗြဟ္မာဘုံ သုံးဘုံအထိ ပျက်ကုန်ကြတယ်။

တခါတခါ၊ လေ အကြီးအကျယ်တိုက်ထာကို ခံရပြီး ပျက်တဲ့ ကမ္ဘာမျိုးလဲ ရှိသေးတယ်။ အဲဒီလို**လေအဖျက်ခံရတဲ့ကမ္ဘာ**ကို၊ လေဖျက်တဲ့ကမ္ဘာလို့ ခေါ်တယ်။ လေဖျက်တဲ့အခါ၊ ဒုတိယဈာန် ဗြဟ္မာဘုံတွေရဲ့အထက်က တတိယဈာန် ဗြဟ္မာဘုံလို့ ခေါ်တဲ့ ဗြဟ္မာဘုံသုံးဘုံအထိ ပျက်ကုန်ကြတယ်။

---

၁။ နှစ်ပေါင်းသန်းပေါင်း ၅-သိန်း၊ ၆-သိန်းကြာတဲ့အခါ၊ ကမ္ဘာကြီးဟာ မီးလောင်ကျွမ်းပြီး ပျက်စီးသွားမယ်လို့၊ အခုခေတ် သိပ္ပံပညာရှင်တွေကလဲ သူတို့နည်းနဲ့သူတို့ သေချာစွာ တွက်ချက်ပြီး၊ဟောကိန်းထုတ်လာကြပြီ။သူတို့ရဲ့ ဟောစာတန်းကို မူရင်းအတိုင်း အောက်တွင် တင်ပြထားပါတယ်။

LIFE Nature Library THE EARTH (by Arthur Beiser and the Editors of LIFE) p. 165.

" Between about five and six hundred thousand million years from now, the sun will swell from its present size until it fills most of the volume between itself and the innermost planet, Mercury ....................Its outpouring of energy will raise the terrestial temperature to about 1000° F, a heat so grilling that tin, lead and zinc will long since have melted, the oceans will form an enveloping cloud of steam and sulphur—the Bible's brimstone--will boil on the earth's surface."

အဲဒီလို ကမ္ဘာ ပျက်ခါနီးတဲ့ အခါ၊ ငရဲသူ - ငရဲသားတွေ၊ တိရစ္ဆာန်တွေ၊ အသူရကာယ်တွေဆိုတဲ့ အပါယ် လေးဘုံသားတွေဟာ ရှေးဘဝတွေတုန်းက သူတို့ လုပ်ခဲ့ဘူးတဲ့ ကုသိုလ် ကံ တ ခု က ဝင် ပြီး အကျိုးပေးတာကို ခံရတဲ့အတွက်၊ ရှေးဦးစွာ နတ်တွေဖြစ်ကြတယ်။ အဲဒီလို နတ်တွေဖြစ်ပြီး၊ ဈာန်တရားတွေလို့ခေါ်တဲ့ စိတ် တည်ငြိမ်အောင် လုပ်တဲ့ တရားတွေကို အားထုတ်ကြပြန်တယ်။ အဲဒီ ဈာန်တရားတွေ ကြောင့် သူတို့သေတဲ့အခါ၊ မပျက်ပဲ ကျန်နေတဲ့ ဗြဟ္မာဘုံတွေမှာ ဗြဟ္မာ တွေ သွားဖြစ်ကြတယ်။ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေလဲ၊ ဈာန်တရားတွေ အားထုတ်ကြပြီး၊ မပျက်ပဲ ကျန်နေတဲ့ ဗြဟ္မာဘုံတွေမှာ ဗြဟ္မာတွေ သွားဖြစ်ကြတယ်။

အခုပြောခဲ့တဲ့ ကမ္ဘာဖျက် မီးတွေလောင်နေတဲ့ အချိန်ကာလ၊ ကမ္ဘာဖျက် မိုးတွေ ရွာနေတဲ့ အချိန်ကာလ၊ ကမ္ဘာဖျက်လေတွေ တိုက် နေတဲ့ အချိန်ကာလဟာ၊ ကမ္ဘာကြီး တည်မြဲနေတဲ့ သက်တမ်းလောက်ပဲ ကြာတယ်။ မီးအလောင်၊ မိုးအရွာ၊ လေအတိုက် ရပ်သွားပြီးတဲ့နောက်၊ ပျက်သွားတဲ့ဘုံတွေနေရာမှာ ဘာမှမရှိပဲ ဟာလာဟင်းကြီးဖြစ်နေတယ်။

ဒီလို ဟာလာ ဟင်းလင်းကြီး ဖြစ်နေတဲ့အချိန်ကာလလဲ၊ ကမ္ဘာ ကြီးတည်မြဲနေတဲ့ သက်တမ်းလောက်ပဲ ကြာတယ်။ အဲဒီလို ဟာလာ ဟင်းလင်းကြီး ဖြစ်နေတဲ့နောက်၊ ကမ္ဘာပြုမိုးရွာချတယ်။ အဲဒီ ကမ္ဘာပြု မိုးကြီးရွာချတဲ့ အချိန်ကစပြီး၊ ဘုံတွေပြန်ဖြစ်လာတဲ့အထိ အချိန်ကာလ လဲ၊ ကမ္ဘာကြီးတည်မြဲနေတဲ့ သက်တမ်းလောက်ပဲ ကြာတယ်။ ဘုံတွေ ပြန်ဖြစ်လာတဲ့အခါ၊ ပျက်သွားတဲ့ ဗြဟ္မာဘုံတွေကစပြီး ပြန်ဖြစ်လာ တယ်။ ဗြဟ္မာဘုံတွေ ဖြစ်ပေါ်လာပြီးတဲ့အခါ၊ နတ်ဘုံ လေးဘုံ ဖြစ်ပေါ် လာတယ်။ နတ်ဘုံ လေးဘုံ ဖြစ်ပေါ်ပြီးတဲ့အခါ၊ စတုမဟာရာဇ်နတ်တွေ၊ တာဝတိံသာနတ်တွေ၊ လူတွေ၊ အသူရကာယ်တွေ၊ ပြိတ္တာတွေ၊ တိရစ္ဆာန် တွေ၊ ငရဲသားတွေနေတဲ့ **ကမ္ဘာကြီးဖြစ်ပေါ်လာတယ်။**

## သတ္တဝါတွေ ဖြစ်ပေါ်လာပုံ

ဒီကမ္ဘာကြီးဖြစ်ပေါ်ခါစ၊ ကုန်းပေါ်မှာရှိနေတဲ့ ရေတွေတောင် ပျောက်မသွားသေးခင် အချိန်လောက်မှာ၊ ဥပစာ ဈာန်[၁] စိတ်နဲ့ သေတဲ့

၁။ ဈာန် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၄၊ နှာ ၃၆၉)

ဗြဟ္မာတွေဟာ လူ့ပြည်မှာ လူလာဖြစ်ကြတယ်။ ချာန်အကြောင်းကို၊ ဒီမှာ ရှင်းမပြတော့ဘူး သိပ်ရှေသွားလိမ့်မယ်။ 'အမြတ်ဆုံး သုံးဆူ' ဆိုတဲ့ စာအုပ်မှာ ကြည့်ကြပေတော့။

ဥပစာချာန်ဆိုတာ၊ ပထမချာန်လောက်လဲ မတည်ငြိမ်ဘူး၊ ဒါပေမဲ့ စိတ်ရိုးရိုးထက်လဲ ပိုပြီး တည်ငြိမ်တယ်။ ပထမ ချာန်စိတ်နဲ့သေတဲ့ ဗြဟ္မာဆိုယင်၊ ပထမ ချာန် ဗြဟ္မာဘုံမှာ ဗြဟ္မာပြန်ဖြစ်မယ်။ ဥပစာချာန်စိတ်နဲ့ သေတဲ့အတွက်၊ဗြဟ္မာပြန်မဖြစ်ပဲ၊ လူ့ဘုံမှာ လူလာဖြစ်ရတယ်။ အဲဒီလို လူလာဖြစ်တဲ့အခါ၊ ဥပစာချာန်ရဲ့ အကျိုးကြောင့် ဒီလူတွေမှာ ကိုယ်ရောင်ကိုယ်ဝါတွေရှိတယ်။ ကောင်းကင်မှာ သွားလာနေနိုင်တဲ့ တန်ခိုးဣဒ္ဓိပါဒ်တွေလဲရှိတယ်။ ချာန်ကြောင့် သူတို့မှာ ဖြစ်ပေါ်လာတဲ့ ပီတိတွေဟာ၊ သူတို့ အ တွက် အာဟာရတွေ ဖြစ် နေ တယ်။ ဒါကြောင့် သူတို့ဟာ အစာမစားပဲ နေနိုင်ကြတယ်။

ဒီလို ကမ္ဘာဦးလူတွေ ဖြစ်ပေါ်လာကြပြီး အတော်ကြာတဲ့အခါ၊ ရေတွေလျော့ကျသွားပြီး၊ **ရသာပထဝီ**လို့ ခေါ်တဲ့ မြေဆီ အလွှာကြီး ဖုံးလွှမ်းနေတဲ့ ကုန်းပေါ်လာတယ်။ ဒီမြေဆီလွှာကြီးကို ကြည့်ရတာ၊ နွားနို့ကျိုတဲ့အခါ နွားနို့အထက်မှာ တက်နေတဲ့ မလိုင်ပြင်ကြီးနဲ့ တူတယ်။ အနံ့ကလဲ သိပ်မွှေးတယ်။ အရသာကလဲ သိပ်ကောင်းတယ်။ ဒါကြောင့် ကမ္ဘာဦးလူတွေထဲက အတော်များများဟာ ဒီမြေဆီတွေကို စားကြတယ်။ဒီလိုစားမိတဲ့အတွက် ကမ္ဘာဦး လူတွေမှာ ကိုယ် ရောင်ကိုယ်ဝါတွေ ကွယ်ပျောက်ကုန်ကြတယ်။

နောက် အ တော် ကြာ တဲ့ အ ခါ ကမ္ဘာဦး သူတွေမှာ၊ ကိုယ်အကုသိုလ်တွေ၊နှုတ်အကုသိုလ်တွေ၊ စိတ်အကုသိုလ်တွေ များလာကြတဲ့အတွက်၊ မြေဆီလွှာကြီး ကွယ်ပျောက်သွားတယ်။ အဲဒီ မြေဆီလွှာကြီးအစား၊ **ဘူမိပပ္ပဋက**လို့ ခေါ်တဲ့ မြေလွှာတမျိုး ပေါ်လာတယ်။ ဒီမြေလွှာလဲ တော်တော် အရသာရှိတာပဲ။ ဒါပေမဲ့ ပထမလောက် မြေဆီမရှိဘူး။ လူတွေရဲ့ အကုသိုလ်တွေကြောင့်၊ ဒီမြေလွှာလဲ ကွယ်ပျောက်သွားတဲ့အခါ၊ **ပဒါလတာ**လို့ ခေါ်တဲ့ **နွယ်တမျိုး** ပေါ်လာပြန်တယ်။ ဒီနွယ်လဲ တော်တော်အရသာရှိတာပဲ။ဒါပေမဲ့ မြေလွှာလောက်မရှိဘူး။ ဒီနွယ်လဲ လူတွေရဲ့အကုသိုလ်ကံတွေကြောင့် ကွယ်ပျောက်သွားပြန်တဲ့အခါ၊ **သလေးကောက်ပင်**တွေ ပေါက်လာကြပြန်တယ်။

ကမ္ဘာဦးလူတွေဟာ မြေဆီလွှာနဲ့ နွယ်တွေကို စားနေတုန်းက ကျင်ကြီး ကျင်ငယ် သွားဘို့မလိုဘူး။သလေးထမင်းကို စားတဲ့အခါ၊ ကျင်ကြီး ကျင်ငယ် သွားဘို့လိုလာတယ်။အဲဒါကြောင့် ဖြဟ္မာတွေမဖြစ်ခင်က၊ ယောကျ်ား ဖြစ်ခဲ့ဘူးတဲ့ သူတွေမှာ ယောကျ်ားအင်္ဂါတွေ ပေါ်လာတယ်။ မိန်းမ ဖြစ်ခဲ့ဘူးတဲ့ သူတွေမှာ မိန်းမအင်္ဂါတွေ ပေါ်လာတယ်။ ဒီယောကျ်ားနဲ့ မိန်းမတွေဟာ၊ တယောက်အင်္ဂါကိုတယောက် တစိမ့်စိမ့်ကြည့်ကြယင်းက ကာမရာဂစိတ်တွေ ပေါ်လာကြတယ်။ ဒီစိတ်တွေပြင်းထန် လာတဲ့အခါ မချုပ်တီး နိုင်ကြတော့ပဲ၊ ဒီယောကျ်ားတွေနဲ့ ဒီမိန်းမတွေ ကာမရာဂစပ်ယှက်ကုန်ကြတယ်။ ဒီကိစ္စဟာလူတွေမြင်လို့ မကောင်းတဲ့အတွက်၊ ဒီကမ္ဘာဦးသူတွေဟာ အိမ်တွေကို စပြီး ဆောက်ကြရတယ်။

သလေးကောက်ပင်တွေလဲ တနေ့စာတနေ့စာ ရိတ်ယူကြတုန်းက ရိတ်ပြီးသားနေရာမှာ အလိုအလျောက် ကောက်ပင်အသစ်တွေ ပေါက်လာတယ်။ နောက်တော့ ကမ္ဘာဦးလူတွေဟာ လောဘကြီးပြီး သုံးလေးရက်စာလောက် ရိတ်ယူတဲ့အခါ၊ သ လေး ကောက် ပင် တွေ လဲ ကွယ်ပျောက်ကုန်ပြန်တယ်။ အဲဒါကြောင့် လူတွေဟာ မြေတွေကိုဝေယူကြပြီး ကိုယ့်ဟာကိုယ် ကောက်ပဲသီးနှံ စိုက်စားကြတယ်။ အဲဒီအထဲမှာ လူရှုပ်လူပွေတွေက သူများလယ်တွေယာတွေထဲက ကောက်ပဲသီးနှံတွေကို လိုက်ခိုးကြတယ်။ လယ်ပိုင်ယာပိုင်တွေက တကြိမ်နှစ်ကြိမ် သတိပေးပါသေးတယ်။ တဘိယအကြိမ်ကျတော့ သူခိုးတွေကို ဝိုင်းရိုက်ကြတယ်။ ဒီကမ္ဘာဦးသူတွေမှာ ဒီလိုခိုးမှုတွေ ရိုက်မှုတွေပေါ်လာကြတဲ့အတွက် သူတို့ကို အုပ်ချုပ်ဘို့ သူတို့အထဲက အရည်အချင်းနဲ့ ပြည့်စုံသူတဦးကို ရွေးကောက်တင်မြှောက်ကြတယ်။ လူတွေက ဒီလိုဝိုင်းပြီး ရွေးကောက်တင်မြှောက်ကြတဲ့အတွက် ဒီပုဂ္ဂိုလ်ကို **'မဟာသမ္မတ'** လို့ ခေါ်တယ်။ လယ်ခမြေတွေကို အုပ်ချုပ်ရပြီး တောင်သူလယ်သမားတွေဆီက ဆယ်ခိုင်တခိုင်ရတဲ့အတွက် ဒီပုဂ္ဂိုလ်ကို 'ခတ္တိယ' လို့လဲခေါ်တယ်။ တိုင်းသူပြည်သားလူအများကို နှစ်သိမ့်အောင် စောင့်ရှောက်တတ်တဲ့အတွက်၊ ဒီပုဂ္ဂိုလ်ကို 'ရာဇ' လို့လဲ ခေါ်တယ်။သူက ဆင်းသက်ပေါက်ဖွားလာတဲ့ အဆက်အနွယ်တွေဟာခတ္တိယလူတန်းစား ဖြစ်လာတယ်။

အဲဒီခတ္တိယလူတန်းစား ဖြစ်ပေါ်လာပြီးတဲ့နောက်၊ **ဗြဟ္မဏ** ဆိုတဲ့ လူတန်းစားတမျိုး ပေါ်ပေါက်လာပြန်တယ်။ ဒီပုဂ္ဂိုလ်တွေဟာ တိုင်းသူပြည်သားတွေကို လက်ရှိဘဝနဲ့နောင်ဘဝ ကောင်းစားရေး အတွက် ဆုံးမတယ်။ လိုတဲ့အခါ ဂါထာမန္တရားကိုမန်းမှုတ်ပေးတယ်။ ယတြာချေပေးတယ်။ နောင်ဘဝမှာ ကောင်းရာ မွန်ရာ ရောက် အောင် အစီအရင်တွေကို လုပ်ပေးတယ်။ လူတွေမေးတဲ့အခါဗေဒင်ဟောတယ်။ အဲဒီအလုပ်တွေကြောင့် ဗြဟ္မဏတွေဟာ တိုင်းသူ ပြည် သား တွေ ရဲ့ အကြည်ညိုခံကြရတယ်။ အပူဇော်ခံကြရတယ်။ တိုင်းသူပြည်သားတွေ အပေါ်မှာ သူတို့ဟာ သိပ်ပြီး ဩဇာရှိတယ်။ ဒီဗြဟ္မဏ လူတန်းစားပြီး တဲ့နောက် **ဝေဿ**ဆိုတဲ့ လူတန်းစားတမျိုး ပေါ်ပေါက် လာပြန်တယ်။ ဒီလူတန်းစားဟာ တခြားမဟုတ်ဘူး။ လယ်ပိုင်ရှင် ယာပိုင် ရှင် တွေ၊ ကုန်သည်တွေပဲဖြစ်ကြတယ်။ ဝေဿ လူတန်းစားပြီးတဲ့နောက် **သုဒ္ဒ** ဆိုတဲ့ လူတန်းစားတမျိုး ပေါ်ပေါက် လာပြန်တယ်။ ဒီလူတန်းစားက တော့ အလုပ်ကြမ်းသမားတွေပဲဖြစ်ကြတယ်။ ဒီကနေ့ ကမ္ဘာ့ အရပ်ရပ် မှာရှိနေကြတဲ့ ကမ္ဘာသူ ကမ္ဘာသားတွေဟာ ဒီလူတန်းစား လေးမျိုးက ဆင်းသက်ပေါက်ဖွားလာကြတဲ့ လူ တွေဖြစ်ကြတယ်။

အခုပြောခဲ့တဲ့အတိုင်း ပျက်ခဲ့ရတဲ့စကြာဝဠာ[၁]တွေဟာ တသိန်း ရှိပြီ၊ တသန်းရှိပြီ၊ တကုဋေရှိပြီ၊ တသင်္ချေရှိပြီလို့ ဂဏန်းနဲ့ ရေတွက်မပြ နိုင်တော့ဘူး။ မရေမတွက်နိုင်အောင် များနေပြီ။ အခုလို ဖြစ်လာလိုက်၊ ပျက်သွားလိုက်။ ဖြစ်လာလိုက်၊ ပျက်သွားလိုက်နဲ့၊ဖြစ်ပျက်နေတဲ့ အစဉ် ကြီးဟာ အစမထင်တဲ့ အတိတ်ကာလကြီး တခုလုံးမှာလဲ ဖြစ်ပျက်ခဲ့ပြီး၊ နောင်ကိုလဲ ဒီလိုပဲအဆုံးမရှိအောင် ဆက်ပြီးဖြစ်နေအုံးမှာပဲလို့၊မြတ်စွာ ဘုရားက ဟောကြားတော်မူတယ်။

၂၀ ရာစု အလယ်ပိုင်း အနီးလောက်အထိ သိပ္ပံပညာရှင်တွေ ယူဆလာခဲ့ကြတဲ့ အယူအဆဟာ၊ အခုဘုရားဟောနဲ့ ဆန့်ကျင်နေတယ်။ သူတို့က ဒီကြယ်တွေ ဒီဂြိုဟ်တွေဟာ၊ ဒီဘဝါပဲ ဒီလိုဖြစ်ရမယ်။ **တနေ့** သောအခါ သူတို့ပျက်သွားပြီးယင်၊ ဒီလိုကြယ်မျိုးတွေ၊ ဂြိုဟ်မျိုးတွေ

---

၁။ စကြာဝဠာ= Solar System

နောက်ထပ် မမြင်ရတော့ဘူးလို့ ယူဆတယ်။ ဒီသိပ္ပံပညာရှင်တွေရဲ့ သဘောတရားကို 'စူပါဒင့်-သီအိုရီ'[၁] လို့ခေါ်တယ်။

လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်လောက်ကစပြီး၊ သိပ္ပံသဘောတရား တမျိုး ပေါ်ပေါက်လာပြန်တယ်။ ဒီသဘောတရားတမျိုးအရ ကြယ်အုပ်စုကြီးတွေဟာ၊ အစမထင်တဲ့အတိတ်ကာလကြီးတလျှောက်လုံးမှာ အကြိမ်ပေါင်းမရေမတွက်နိုင်အောင် ဖြစ်ခဲ့ဘူးကြပြီ၊ ဖြစ်ပြီးပျက်ခဲ့ဘူးကြပြီ။ အဲဒီ ဖြစ်ပျက်နေတဲ့ အစဉ်ကြီးဟာ ဘယ်တော့မှမဆုံးဘူး။ နောင်ကိုလဲ ဒီလိုပဲဆက်ပြီး ဖြစ်ပျက်နေအုံးမှာပဲလို့ ယူဆကြတယ်။ ပျက်သွားတဲ့ ကြယ်အုပ်စုကြီးတွေ နေရာမှာ၊ ကြယ်အုပ်စုကြီးတွေ နောက် ထပ် ပြီး ဖြစ်ဘို့အတွက် များများမလိုဘူး။ အာကာသကြီးထဲ အထပ်ထပ်ရှိတဲ့တိုက်ကြီး တနေရာစာလောက်မှာ တနှစ်ကြာမှ အနုမြူမှုန် တ မှုန် လောက် တမှုန်လောက် ဖြစ်ယင်၊ လုံလောက်ပြီ[၂] ဖြစ်နိုင်တယ်လို့ အတိအလင်း ဆိုကြတယ်။ ကြယ်အုပ်စုကြီးတွေဟာ တခါထဲဖြစ်ပြီး ပျက်သွားတဲ့အခါ နောက်ထပ် မဖြစ်တော့ဘူးဆိုတာ၊ သဘာဝတရားကြီးနဲ့ ဆန့်ကျင်နေတယ်လို့ ဒီပညာရှင်တွေက အတိအလင်းဆိုကြတယ်။ ဒီသိပ္ပံပညာရှင်တွေရဲ့ သဘောတရားကို **'စတယ်ဒီစတိတ်-သီအိုရီ'**[၃] လို့ ခေါ်တယ်။

သိပ္ပံပညာဟာ တိုးတက်လာတာနဲ့အမျှ၊ ဘုရားဟောနဲ့ ဆန့်ကျင်တဲ့ 'စူပါဒင့်-သီအိုရီ' ဟာ သိပ္ပံလောကထဲက ကွယ်ပျောက်သွားပြီး၊ **ဘုရားဟောနဲ့ ကိုက်ညီတဲ့ 'စတယ်ဒီစတိတ်-သီအိုရီ' သာ ကျန်ရစ်လိမ့်မယ်။** ရှေးတုန်းကလဲဒီလိုပဲ၊ ဘုရားဟောနဲ့မကိုက်ညီတဲ့ သိပ္ပံသဘောတရားတခုဟာ၊ သိပ္ပံလောကကြီးထဲက ကွယ်ပျောက် သွားခဲ့ရဘူးပြီ။ ဘုရားဟောနဲ့ ကိုက်ညီတဲ့ သိပ္ပံသဘောတရားသာ ကျန်ရစ်ခဲ့ဘူးတယ်။ အဲဒီအဖြစ်အပျက်ကလေးကို ဒီနေရာမှာ အကျဉ်းချုံးပြီး နဲနဲလောက် ပြောလိုက်ရအုံးမယ်။

---

၁။ စူပါဒင့်-သီအိုရီ = The Super Dense Theory
Introducing Science by Alan Isaacs p. 226
LIFE Nature Library THE UNIVERSE p: 175

၂။ The Nature of the Universe (Fred Hoyle) p. 114

၃။ စတယ်ဒီစတိတ်-သီအိုရီ = The Steady State Theory
Introducing Science by Alan Isaacs p. 227
LIFE Nature Library THE UNIVERSE p. 174

နှစ်ပေါင်း ၂၅၀၀ ကျော်လောက်က၊ မြတ်စွာဘုရားက တလောက လုံးမှာ ရှိတဲ့ ရုပ်မှန်သမျှကို နောက်ဆုံးအထိ ခွဲကြည့်မယ်ဆိုယင် နောက်ဆုံးမှာ အရေဆိုတာလဲမရှိ။ အဖတ်ဆိုတာလဲမရှိ။ အစိုင်အခဲဆို တာလဲမရှိ။ **မာစေတတ်တဲ့သဘော၊ ယိုစီးတတ်တဲ့သဘော၊ စေ့ပူစေ တတ်တဲ့သဘော၊ လှုပ်ရှားတွန်းကန်တတ်တဲ့သဘော၊ ဟာလာဟင်း လင်းဖြစ်စေတတ်တဲ့သဘော ဆိုတဲ့သဘောငါးမျိုးကိုသာ တွေ့ရမယ်လို့ ဟောတော်မူတယ်။** သိပ္ပံပညာက ၁၉ ရာစုကုန်ခါနီးအထိ 'အက်တမ်-သီအိုရီ'ကို သိပ္ပံသီအိုရီကြီးတခုအဖြစ်နဲ့ လက်ကိုင်ထားတုန်း ရှိသေး တယ်။ အက်တမ်-သီအိုရီအရ၊ ရုပ်မှန်သမျှကို နောက်ဆုံးအထိ ခွဲကြည့်လိုက်ယင်၊ အက်တမ်ဆိုတဲ့ အနုမြူမှုန်တွေကို တွေ့ရမယ်။ အနုမြူဟာ နောက်ဆုံးပဲ၊ သူ့ကို ထပ်ပြီး ခွဲလို့ မရဘူးလို့ သိပ္ပံ ပညာရှင်တွေက ဆိုကြတယ်။

၂၀-ရာစု အစလောက်မှာ၊ အနုမြူကို ထပ်ပြီး ခွဲလို့ရလာ ကြတယ်။ အဲဒီလို ခွဲလို့ ရတဲ့အခါ၊ **တလောကလုံးမှာ အစိုင် အခဲ အရေအဖတ်မရှိ၊ သဘောသက်သက်မျှသာ ရှိတယ်**[၁] ဆိုတဲ့ အချက် ကြီးကို သွားပြီးတွေ့ကြတယ်။ ဒီလိုတွေ့တာနဲ့ တပြိုင်နက်၊ သိပ္ပံလောက ကြီး တခုလုံး တုန်လှုပ်သွားတယ်။ သိပ္ပံလောကကြီးတခုလုံးမှာ ရှေး အယူတွေကို တော်လှန်ပစ်နိုင်တဲ့ တော်လှန်ရေးမှန်သမျှထဲမှာ ဒီတော် လှန်ရေးကြီးဟာ အကြီးဆုံးထိပ်ခေါင်တင်ကြီး ဖြစ်တယ်လို့၊ သိပ္ပံပညာ ရှင်ကြီးတွေ ကိုယ်တိုင်က တခဲနက် ဟစ်အော် ကြွေးကြော်ခဲ့ကြရတယ်။ အဲဒီအချိန်ကစပြီး၊ အက်တမ်-သီအိုရီဆိုတဲ့ ဘုရားဟောနဲ့ ဆန့်ကျင်တဲ့ သီအိုရီဟာ၊ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားပြီး၊ **ဘုရားဟောနဲ့ ကိုက်ညီတဲ့ သီအိုရီသာ သိပ္ပံပညာရှင်တွေ အားလုံး လက်ခံနိုင်တဲ့ သီအိုရီအဖြစ်နဲ့ ကျန်ရစ်တယ်။**

အနုမြူကို ဘယ်လို ခွဲတယ် အစရှိတာတွေကိုတော့ ဒီမှာ မပြောနိုင်တော့ဘူး၊ သိတ်ရှေသွားလိမ့်မယ်။ ဒါကြောင့် 'အမြတ်ဆုံး ရွှေပြည်'ဆိုတဲ့ စာအုပ်ရဲ့ သိပ္ပံနဲ့ ဗုဒ္ဓဝါဒ အခန်းကိုပဲ ဖတ်ကြပေ

---

၁။ The New Pictured Encyclopædia, Vol. I, ATOM, p. 345
Limitations of Science (J.W.N. Sullivan) p. 68

တော့။ အခုပြောခဲ့တဲ့ အချက်တွေကို ထောက်ထားပြီးတော့၊ ဂြိုဟ်တုတွေ၊ ဒုန်းပျံတွေ၊ အနုမြူဗုံးတွေကို လုပ်နိုင်တဲ့ **သိပ္ပံပညာဟာ၊ ကမ္ဘာနဲ့ သတ္တဝါတွေ ဘယ်လိုဖြစ်လာကြသလဲဆိုတဲ့ ပြဿနာကို ဖြေရှင်းဖို့ အတွက်၊ အခု အချိန်အထိ အားမကိုးလောက်သေးဘူးဆိုတာ အမတန် ကြီး ထင်ရှားနေပါပြီ။**

---

အခန်း ၁။

## ကမ္ဘာနဲ့သတ္တဝါအစ

### မှတ်စရာ ငါးခု၊ ဂရုပြု

(၁) အပါယ် ၄ဘုံ၊ လူ့ဘုံ ၁၊ နတ်ဘုံ ၆၊ ဗြဟ္မာဘုံ ၂၀၊ စုစုပေါင်း ၃၁-ဘုံရှိတယ်။ ဒီ ၃၁-ဘုံကို စကြာဝဠာလို့ခေါ်တယ်။

စကြာဝဠာတွေ အနန္တ၊ သတ္တဝါတွေအနန္တရှိတယ်။

စကြာဝဠာတွေဟာ ဖြစ်လာလိုက် ပျက်သွားလိုက်နဲ့ ဆုံးစမရှိဘူး ရယ်လို့၊ **မြတ်စွာဘုရားဟောကြားတော်မူခဲ့တယ်။**

(၂) အခုအခါ၊ ရောမ အဝေးကြည့် မှန် ပြောင်း ကြီး တွေ နဲ့ ကောင်းကင်ကို နက္ခတ်ပညာရှင်တွေ ကြည့်တဲ့အခါ၊ ညအချိန်မြင်ရတဲ့ ကြယ်အုပ်စုကြီးတွေဟာ ၁၀-ကုဋေလောက်ရှိတယ်။

မှန်ပြောင်းကြီးတွေနဲ့ ကြည့်လို့မမြင်နိုင်တဲ့၊ ဒီလိုကြယ်အုပ်စုကြီးမျိုး တွေဟာ၊ အာကာသကြီး တခွင်မှာ အနန္တရှိကြလိမ့်မယ်လို့လဲ နက္ခတ် ပညာရှင်တွေက ယုံကြည်ကြသေးတယ်။

ကြယ်အုပ်စုတိုင်းမှာ၊ ကြယ်ပေါင်း အနဲဆုံး ၁၀-ကုဋေက၊ ကုဋေ ၁,၀၀၀ လောက်အထိ၊ များပြားတာကိုလဲ မြင်ကြရပြန်တယ်။

ကြယ်အုပ်စုတိုင်းမှာ၊ ဂြိုဟ်အဖွဲ့တွေဟာ တသန်းကျော်က တကုဋေ လောက်ထိရှိကြတယ်လို့ နက္ခတ်ပညာရှင်တွေက ဆိုကြတယ်။

အဲဒီတော့၊ အာဝဇ္ဇကြည့် မှန်ပြောင်းကြီးတွေနဲ့ မြင်ရတဲ့ စကြဝဠာ အတွင်းမှာ ရှိနေတဲ့ ကြယ်အုပ်စုကြီး ၁၀-ကုဋေမှာဆိုယင်၊ ဒီဂြိုဟ်အဖွဲ့ တွေဟာ၊ ကုဋေကုဋာရှိနေပြီ။ ဒီတော့ **မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ''စကြာဝဠာတွေ အနန္တ''ဆိုတာကို၊အခုခေတ် နက္ခတ်ပညာရှင်တွေဟာ၊ လုံးဝဝန်ခံနေကြပြီ။**

(၃) ကြယ်အုပ်စုကြီးတွေဟာ၊ ဖြစ်ခဲ့ပျက်ခဲ့ဘူးကြပြီ။

ပျက်သွားတဲ့ ကြယ်အုပ်စုကြီးတွေ နေရာမှာ၊ ကြယ်အုပ်စုကြီးတွေ နောက်ထပ်ဖြစ်ဘို့၊အာကာသကြီးထဲ၊ မိုးမျှော်တိုက်တနေရာစာလောက် မှာ၊ တနှစ်ကြာမှ အနုမြူမှုန် တမှုန်ဖြစ်ယင်၊ လုံလောက်ပြီလို့ ဆိုပြန် တယ်။

နောင်ကိုလဲဒီလိုပဲ၊ ကြယ်အုပ်စုကြီးတွေဟာ ဆက်လက်ပြီး ဖြစ်ပျက် နေဦးမှာပဲလို့ ဆိုတဲ့ 'စတယ်ဒီစတိတ်-သီအိုရီ' ကို နက္ခတ်ပညာရှင် တွေက လက်ခံလာကြတယ်။

**ဒီအချက်မှာလဲ၊ ခေတ် နက္ခတ်ပညာရှင်တွေဟာ၊ ဘုရားဟောကို တိုက်ရိုက်ထောက်ခံရာရောက်တယ်။**

(၄) မျက်မြင်လောကမှာ၊ သတ္တဝါတွေ ထင်ရှား ပေါ်ပေါက် လာတာ၊နှစ်ပေါင်း သန်းပေါင်း ၆၀၀-ကျော်ရှိပြီ၊ မထင်မရှားသက်ရှိ ပေါ်ခဲ့ပြီးတဲ့ကာလပါ ထည့်ပေါင်းလိုက်ယင်၊ နှစ်ပေါင်း သန်းပေါင်း ၁,၅၀၀ မှ ၂,၀၀၀ ထိရှိပြီလို့၊ သိပ္ပံပညာရှင်တွေက တွက်ချက် ခန့် မှန်းကြတယ်။

သက်ရှိတွေဟာ၊အဆင့်ဆင့် လူ့ဘဝတိုင်အောင် 'ဆင့်ကဲ့တိုးတက် လာတယ်' လို့ အီဗော်လျူးရှင်း- သီအိုရီ ဆရာ၊ ချား- ဒါဝင် က အဆိုပြုတယ်။

ဒီကမ္ဘာမှာလိုပဲ၊ ဂြိုဟ်တွေအသီးသီးမှာလဲ၊ သတ္တဝါတွေ ဖြစ်ထွန်းနိုင်တယ်လို့၊ အခုခေတ် နက္ခတ်ပညာရှင်တွေက ဆိုကြပြန်တယ်။ ဒီကမ္ဘာမှာပဲ သတ္တဝါတွေဟာ၊ မခရေ တွက်နိုင်အောင် ရှိနေတာမြင်နေရတော့၊ စကြာဝဠာမှာ သတ္တဝါတွေ အနန္တရှိမှာမလွဲဘူး။ ဂြိုဟ်အဖွဲ့ကုဋေကုဋာမှာ ဆိုယင်တော့၊ စဉ်းစားသာ ကြည့်ပေတော့၊ သတ္တဝါ တွေဟာ အနန္တောအနန္တရှိနေမှာကို ယုံမှားဘွယ်မရှိတော့ဘူး။

ဒီတော့၊ **မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့အတိုင်း၊ ''သတ္တဝါတွေအနန္တ'' ဆိုတာကိုလဲ၊ အခုခေတ်သိပ္ပံပညာရှင်တွေဟာ၊ အကြွင်းမဲ့ထောက်ခံနေကြပြီ။**

(၅) **သိပ္ပံပညာအရ၊ ကမ္ဘာအစ**ကို သိချင်ယင်၊ ရုပ်ပုံ ၂၊ ၃ နဲ့ မျက်နှာစာပုံ၊ သုံးပုံကိုရှုပြီး ခေါင်းစဉ်းနဲ့အတူ၊ လေ့လာပါ။

**ကမ္ဘာရဲ့သက်တမ်းဟာ-**

| | | |
|---|---|---|
| (က) | ကမ္ဘာရဲ့အပေါ်ရုံလွှာဟာ အစိုင်အခဲမဖြစ်မီ နှစ်ပေါင်းသန်းပေါင်း .... .... | ၁,၀၀၀ |
| (ခ) | ကမ္ဘာရဲ့အပေါ်ရုံလွှာဟာ အစိုင်အခဲဖြစ်ပြီး နောက်နှစ်ပေါင်း သန်းပေါင်း .... | ၃,၀၀၀ |
| (ဂ) | ကျောက်လွှာတွေမှာ ကျောက်ဖြစ်ရုပ် ကြွင်း ကျန်ရစ်ခဲ့တဲ့ ကာလက နှစ်ပေါင်းသန်းပေါင်း | ၆,၀၀ |
| | အစုစုနှစ်ပေါင်း သန်းပေါင်း .... | ၄,၆၀၀ |

လို့ဆိုတယ်။ သိပ္ပံပညာရှင်တချို့ကတော့လဲ၊ နှစ်ပေါင်း သန်းပေါင်း ၂,၀၀၀လို့ အဖြေပေးကြတယ်။

အဲဒါကြောင့်၊ **သိပ္ပံပညာဟာ၊ ကမ္ဘာနဲ့သတ္တဝါအစ** ပြဿနာကို **ဖြေရှင်းပေးဘို့၊ ခုအချိန်ထိ အားမကိုးလောက် သေးဘူးဆိုတာ၊ ထင်ရှားနေပါပြီ။**



(ပုံ-၂၉)

# အခန်း ၂။

## ကျောက်ခေတ်

ရှေးဟောင်း ကျောက်ပစ္စည်းတွေမှာ တွေ့ရတဲ့ လက်ရာတွေကို ကြည့်ပြီး၊ ကျောက်ခေတ်ကို ရှေးကျောက်ခေတ်၊အလယ်ကျောက်ခေတ်၊ နှောင်းကျောက်ခေတ်ရယ်လို့ သုံးခေတ် ခွဲထားတဲ့အကြောင်း၊ အရင် အခန်းတုန်းက ပြောခဲ့ပြီးပြီ။

## ရှေးကျောက်ခေတ်

ရှေးကျောက်ခေတ်က၊မျောက်ဝံလဲမကလူလဲမကျတကျသတ္တဝါ တွေဟာ မြေထဲပင်လယ်[1] ပတ်ဝန်းကျင်မှာ နေထိုင်ခဲ့ကြတယ်။ အဲဒီ အခါက ရာသီဥတုဟာ အင်မတန် အေးတဲ့အတွက်၊ သူတို့မှာ **ရာသီဥတု**ဆိုတဲ့ ရန်သူလဲရှိတယ်။ အဲဒီ ခေတ်က သူတို့နေတဲ့ ဒေသတွေမှာ၊ အမွေးရှေကြီးတွေ၊ အစွယ်ရှေကြီးတွေနဲ့ **ဆင်ကြီး**[2] တွေ၊ အမွေးရှေကြီး တွေ **သုံးပေလောက်ရှိတဲ့** ချိုကြီးတွေနဲ့ ကြံ့ကြီးတွေ၊ အစွယ်ကြီးတွေ အပြင်ထွက်နေတဲ့ **ကျားကြီး**တွေ၊ဝံပုလွေကြီးတွေရှိနေတဲ့အတွက်၊ သူတို့ မှာ **သားရဲတိရစ္ဆာန်** ရန်သူတွေလဲရှိတယ်။

ဒီသားရဲတိရစ္ဆာန် ရန်သူတွေရဲ ဘေးက သူတို့ကိုယ်ကို ကာကွယ် ဘို့အတွက်၊ သူတို့တတွေဟာ **ကျောက်ပေါက်ဆိန်**ဆိုတဲ့(ပုံ-၂၉)လက်

---

(ပုံ-၂၉) ရှေးကျောက်ခေတ်- ကျောက်ပေါက်ဆိန်၊ နိုင်းမြစ် (ရှေး) အောက်ခင်းတထပ်က ရရှိတယ်။

၁။ မြေထဲပင်လယ် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၃၉၃)

၂။ မမ္မုတ်ဆင်ကြီး = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၃၃၇)



(ပုံ-၃၀) နီအန်ဒါသယ်- လူ

နက်ကို တီ ထွင် ကြရတယ်။ ဒီလက်နက်နဲ့ သူတို့ကိုယ်ကိုလဲ ကာကွယ်ကြတယ်။ အမဲလိုက်တဲ့နေရာတွေမှာလဲ အသုံးပြုခဲ့ကြ တ ယ်။ အဲ ဒီ အချိန် အ ခါ တုန်းက၊ အခုခေတ် ခွေး[၁]မျိုးတွေ မပေါ် သေးဘူး။ ဒီခွေးတွေ ဆင်းသက် ပေါက်ဖွားရာ မျိုးရိုးဖြစ်တဲ့ ဝံပုလွေတွေသာ ပေါ်သေးတယ်။ အဲဒါကြောင့် ဒီ လူလိုလိုလူကြီးတွေဟာ အမဲလိုက်တဲ့နေရာမှာ ခွေးကိုသုံးမသွားနိုင်ခဲ့ဘူး။

ဒီရှေးကျောက်ခေတ်ထဲမှာ ပေါ်ခဲ့ဘူးတဲ့ လူမဖြစ်တဖြစ် သတ္တဝါတွေထဲမှာ၊ အထင်ရှားဆုံးလို့ သိပ္ပံပညာရှင်တွေ ယူဆတဲ့ သတ္တဝါတွေကို၊ နီအန်ဒါသယ်-လူ[၂] (ပုံ-၃၀)လို့ ခေါ်တယ်။ ဂျာမဏီပြည်၊ ဒပ်ဆယ်ဒေါ့[၃]အနားက နီအန်ဒါသယ်အရပ်မှာ အရိုးတွေကိုတွေ့ရတယ်။ အဲဒီအရပ်ကို အစွဲပြုပြီး ဒီအရိုးတွေပိုင်ရှင်ကို 'နီအန်ဒါသယ်- လူ' လို့၊ သိပ္ပံပညာရှင်တွေက အမည်ပေးကြတယ်။ ဒီအရိုးတွေဟာ **စတုတ္ထရေခဲခေတ်**အတွင်းလောက်က အရိုးတွေဖြစ်တယ်။ သူတို့နဲ့အတူ တွေ့ရတဲ့ ကျောက်ပစ္စည်းတွေရဲ့ လက်ရာတွေကတော့၊ **တတိယ ရေခဲခေတ်**လောက်မှာတွေ့ရတဲ့ ကျောက်ပစ္စည်းတွေရဲ့ လက်ရာနဲ့တူကြတယ်။ အဲဒါကြောင့် တတိယရေခဲခေတ်တုန်းက ကျောက်ပစ္စည်းတွေကို လုပ်သွားကြတဲ့ လူလိုလိုသတ္တဝါတွေကိုလဲ 'နီအန်ဒါသယ်-လူ'လို့ပဲ သိပ္ပံပညာ

၁။ ခွေး = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၄၄၆)
၂။ နီအန်ဒါသယ်-လူ=(ဟိုမို-နီအန်ဒါ-သယ်လင်စစ်) Homo Neanderthalensis
၃။ ဒပ်ဆယ်ဒေါ့ = Dusseldorf

ရှင်တွေက ခေါ်ကြတယ်။ တတိယ ရေခဲခေတ်က 'နီအန်ဒါသယ်-လူ' တွေရဲ့ အရိုးတွေကိုတော့၊ ဘယ်နေရာမှာမှ အခုထက်ထိ ရှာမတွေ့ကြသေးဘူး။

သိပ္ပံပညာရှင်တွေရဲ့ ခန့်မှန်းချက်အရ၊ သူတို့ရဲ့ **ပုံပန်းသဏ္ဌာန်**ဟာ ပုတယ်၊ တောင့်တယ်၊ မဖြောင့်ဘူး၊ ခပ်ကိုင်းကိုင်းနေတယ်။ မျက်နှာထားကတော့၊ လူယက် တိရစ္ဆာန်နဲ့ပိုတူတယ်။ ဒီသတ္တဝါတွေရဲ့ ဦးနှောက်ဟာ၊ အခုခေတ် လူတချို့ရဲ့ ဦးနှောက်ထက် ပိုကြီးတယ်။ ဒါပေမဲ့ ဦးနှောက်ရဲ့ အပေါ်ပိုင်းတွေမှာတော့၊ အခုခေတ် လူတွေရဲ့ ဦးနှောက်တွေလို တိုးဘက်နေတာ မတွေ့ရဘူး။ ဒီ 'နီအန်ဒါသယ်-လူ' တွေဟာ၊ရေခဲခေတ်အစက မျောက်ဝံတဝက်-လူတဝက် သတ္တဝါတွေထက် ကျောက်ပစ္စည်းတွေကို လုပ်တဲ့နေရာမှာ ပိုစွမ်းတယ်။ မီး[၁]ကိုလဲ သုံးတတ်လာတယ်။ **သေတဲ့အခါ အလောင်း**တွေကိုလဲ အခမ်းအနားနဲ့မြှုပ်တတ်လာကြတယ်။ ဒီ 'နီအန်ဒါသယ်-လူ'တွေဟာ၊ **နှစ်ပေါင်းနှစ်သိန်း**လောက်ခံတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀,၀၀၀ လောက်က **စပြီး**၊ ဒီ'နီအန်ဒါသယ်-လူ'တွေ ဟာ တခါထဲ ကွယ်ပျောက်သွားကြတယ်။ အခုခေတ် လူတွေရဲ့ အစဖြစ်တဲ့ လူတွေက သုတ်သင်ပစ်လိုက်ထာကို ဒီ 'နီအန်ဒါသယ်-လူ'တွေ ခံသွားကြရတယ်လို့၊တချို့သမိုင်းဆရာတွေက ယူဆကြတယ်။

စိတ်ကူးကောင်းတဲ့ **ဝါသင်တန်-စမစ်**[၂]ဆိုသူ ပညာရှင်တဦးက၊ ဒီ 'နီအန်ဒါသယ်-လူ'တွေ အကြောင်းကို ရေးထားတာ ဖတ်လို့အတော်ကောင်းတယ်။ သူရေးထားတဲ့အထဲက နဲနဲထုတ်ပြီးပြောမယ်။

ရှေးခေတ်ဟောင်းက လူတွေမှာ၊ ရေသယ်စရာ ရေအိုးတို့ ခွက်တို့ မရှိဘူး။ အဲဒါကြောင့် ဒီရှေးခေတ်ဟောင်းက လူတွေဟာနေယင်၊ များသောအားဖြင့် အနီးအနားမှာ သူတို့ သုံးချင်တဲ့ ကျောက်ပစ္စည်းတွေ လုပ်ဘို့၊ ကျောက်တုံးတွေရနိုင်တဲ့ **ကျောက်တောင်ရှိတဲ့ မြစ်တို့ချောင်းတို့ ကမ်းဘေးမှာ နေတတ်ကြတယ်**။

---

၁။ မီး=(မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၃၆)
၂။ ဝါသင်တန်-စမစ် = Worthington Smith

ဒီလူတွေအတွက် မီးဟာ သိတ်အရေးကြီးတယ်။ မီးဟာ သူတို့ကို တွေ့ရာသီဥတုနဲ့ **သားရဲတိရစ္ဆာန်တွေရဲ့ ဘေးက ကာကွယ်ပေးတယ်။** ညအိပ်တဲ့အခါ သူတို့ဟာ မီးဖိုပြီး အဲဒီမီးနားမှာပဲ စုအိပ်ကြရတယ်။ ဒီခေတ်က မီးတခါသေသွားယင် လွယ်လွယ်နဲ့ ပြန်မွေးလို့မရဘူး။ အဲဒါကြောင့် ဒီလူတွေဟာ မီးမသေအောင် အမြဲသော်လဲ မီးထိုးပေးနေရတယ်။ မီးကို အရှင်း မလိုချင်တဲ့ အခါမျိုးကျတော့ မီးခဲတွေကို ပြာနဲ့ဖုံးထားကြတယ်။ လိုတဲ့ထင်းအတွက် မိန်းမတွေက အမြဲတမ်းထင်းခွေပေးရတယ်။ မီးဖြစ်အောင် ဒီလူတွေဟာ သစ်ရွက်ခြောက်တွေပေါ်မှာ သံဒိုက်ကျောက် [၁] တမျိုးကို မီးခတ်ကျောက်နဲ့ ခတ်ကြဟန် လက္ခဏာရှိတယ်။ လေမတိုက်အောင် သူတို့စခန်းချတဲ့နေရာတဘက်မှာ **သစ်ကိုင်းသစ်ခက်တွေနဲ့** ကာထားကြလိမ့်မယ်။ သူတို့ဟာ **တိရစ္ဆာန်သားရေကို အဝတ်အဖြစ်နဲ့** ဝတ်ကြတယ်။ တခါတရံ အခင်းအဖြစ်နဲ့လဲ သုံးကြတယ်။

သူတို့ဟာ **အုပ်နဲ့ နေကြတယ်။** တအုပ်တအုပ်မှာလဲ များများစားစားမရှိပါဘူး။ **ယောကျ်ားကြီး**ဆိုလို့ တယောက်လောက်ပဲ ရှိမယ်။ သူကတော့ ဒီအုပ်မှာ အကြီးအကဲပဲ။ **မိန်းမတွေ**ကတော့ တော်တော်ကလေး များမယ်။ သားတွေ သမီးတွေလဲရှိကြတယ်။ **သားတွေ** လူလားမြောက်တာနဲ့ တပြိုင်နက်၊ သူ့မိန်းမတွေနဲ့ ရှုပ်ရှုပ်ပွေပွေဖြစ်မှာစိုးလို့သူ့အုပ်ထဲမှာ မထားဘူး။ နှင်ချင်လဲ နှင်ပစ်လိုက်တယ်။ သတ်ချင်လဲ သတ်ပစ်လိုက်တယ်။ နှင်ပစ်လိုက်တဲ့အခါ၊ သူ့ **သမီးတချို့**လဲ ဒီသူငယ်တွေနဲ့ လိုက်ချင်လိုက်သွားတတ်တယ်။ တခါတခါကျတော့လဲ သားတယောက်ယောက်က အဖေကိုသတ်ပြီး၊ ဒီအုပ်ထဲမှာ အကြီးအကဲလုပ်တတ်တယ်။

ဒီလူတွေဟာ၊ **သစ်သီးသစ်ဥတွေကိုလဲ စားတယ်။အသားကိုလဲ စား**တယ်။ တခါတလေ သားကောင်ကြီးတွေ သေနေတာ တွေ့ယင် အသားဟာ ပုပ်သိုးနေပေစေ ဒီလူတွေ မရှောင်ဘူး စားကြတာပဲ။

---

၁။ သံဒိုက်ကျောက် = Iron Pyrites = (အိုင်ယန်-ပိုင်ရိုင်တီး)
ဗဟန်း ကျောက်၊ ဗဟန်း ရွှေဝါ = (မြန်မာ့ စွယ် စုံ ကျမ်း၊ တွဲ ၇၊ နှာ ၃၀၇)

တခါတလေ သိပ်ပြီးတော့လဲ ငတ်နေမယ်၊ အစာကလဲ ရှာမတွေ့ဘူး ဆိုယင်၊ ဒီလူတွေဟာ သူတို့အုပ်ထဲက အားအင်ချိနဲ့နေတဲ့ သူတယောက် ယောက်ကိုဖြစ်စေ၊ ချူချာပြီး သူတို့အပေါ်မှာ တာဝန်ကြီးတခု ဖြစ်နေတဲ့ ခလေးတွေကိုဖြစ်စေ သတ်စားကြတယ်။

**ရှေးကျောက်ခေတ်တုန်းက ရေခဲတွေဟာ မြေထဲပင်လယ်ရဲ့ မြောက်ပိုင်း အထိ** ရောက် တယ်။ ဥရောပ မြောက်ပိုင်းမှာ ရေခဲဖြစ် သွားတဲ့ ရေခိုးရေငွေ့တွေဟာ၊ အာဖရိကတိုက်မြောက်ပိုင်းက အခု **အခါ ဆဟာရ**[၁] သဲကန္တာရလို့ခေါ်တဲ့ ဒေသတဝိုက်မှာ မိုးရေဖြစ်ပြီး ရွာချတယ်။ အဲဒါကြောင့်၊အဲဒီဒေသကြီးဟာ အခုအခါလို သဲကန္တာရ ကြီး မဟုတ်သေးပဲ၊ စိမ်းလန်းစိုပြေတဲ့ **တောအုပ်ကြီး**တွေရှိနေတဲ့ ဒေသ ကြီး ဖြစ်တယ်။ ဥရောပတိုက် မြောက်ပိုင်းမှာ ရေခဲကြောင့် အင်မတန် ကြီးအေးလာတဲ့အတွက်၊ အဲဒီဥရောပတိုက်မြောက်ပိုင်းရဲ့ တောနက် တွေထဲမှာရှိတဲ့ ရေမြင်းတို့၊ သုံးပေလောက်ရှိတဲ့ ချိုကြီးတွေရှိတဲ့ ကြံ့တို့၊ အင်မတန်ကြီးတဲ့ အစွယ်ရှိတဲ့ **ဆင်ကြီး**တို့၊ **ပြောင်**တို့၊ **ဒရယ်**တို့၊ မြင်း ရိုင်းတို့ အစရှိတဲ့ **တောကောင်သားကောင်တွေဟာ၊ သူတို့ရဲ့ နေရာ ဟောင်းတွေကို စွန့်ပြီး၊ ဆဟာရဒေသမှာရှိတဲ့ တောနက်ကြီးတွေထဲ ကို ရွှေ့ပြောင်းသွားကြတယ်။**

အဲဒီအချိန်အခါက ဥရောပတိုက်ရဲ့ အနေအထားဟာ၊ အခု အနေထားနဲ့ မတူသေးဘူး (ပုံ-၃၁)။ ဥရောပတိုက်ရဲ့ အနောက်နဲ့ အနောက်မြောက်ဘက်မှာရှိတဲ့ အခုအခါ အတ္တလန္တိတ် သမုဒ္ဒရာဖြစ် နေတဲ့ ဒေသတချို့ဟာ၊အဲဒီအခါက ကုန်းတွေဖြစ်နေသေးတယ်။ နောက် ပြီးတော့လဲ ဒီကမ္ဘာကြီးရဲ့ မြောက်ဝင်ရိုးစွန်းနဲ့ တောင်ဝင်ရိုးစွန်း နှစ်ခုစလုံးကို လွှမ်းမိုးထားတဲ့၊ အင်မတန် ကြီးမားလှတဲ့ ရေခဲပြင်ကြီးက အတ္တလန္တိတ်သမုဒ္ဒရာထဲက ရေတွေ အတော်ခပ်များများကို နုတ် လိုက်တဲ့အတွက်၊ မြေထဲပင်လယ်ရဲ့ ရေမျက်နှာဟာ နိမ့်ကျသွားတယ်။ မြေထဲပင်လယ်ဟာ၊ အတ္တလန္တိတ်သမုဒ္ဒရာနဲ့ အဆက်ပြတ်သွားပြီး တချို့နေရာတွေမှာ ကုန်းပေါ်လာတယ်။ တချို့ နက်တဲ့ နှစ်နေရာမှာ

---

၁။ ဆဟာရသဲကန္တာရ = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၄၊ နှာ ၁၃၂)
မြင်း=(မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၄၄၂)




(ပုံ-၃၁) အဖြူရောင်ဟာ ရေခဲပိုင်း၊ မျဉ်းမတ်ဟာ ရေခဲခေတ်တုန်းက ကုန်းပိုင်း၊ အမဲရောင်ဟာ ရေပိုင်း၊ အစက်စက်ဟာ ကနေ့ ဥရောပတိုက် ပိုင်းကို ပြတယ်။

မြေထဲ ပင်လယ်ငယ်နှစ်ခု ဖြစ်လာနိုင်စရာအကြောင်းရှိတယ်လို့ သိပ္ပံ ပညာရှင်တွေက ခန့်မှန်းကြတယ်။

အဲဒါကြောင့် အအေးမခံနိုင်လို့ ဥရောပ မြောက်ပိုင်းမှာရှိတဲ့ နေရာဟောင်းတွေကို စွန့်ပြီး၊ဆဟာရဒေသကို ပြောင်းပြေးကြတဲ့ တောကောင် သားကောင်တွေဟာ၊ **အီတလီနဲ့စစ္စလီကတလမ်း၊ ဂျီဘရော်လတာက တလမ်း၊** ဒီ **ကုန်းလမ်းနှစ်လမ်း**နဲ့ သွားကြတယ်လို့ သမိုင်း ဆရာတွေက ခန့်မှန်းကြတယ်။

မြေထဲပင်လယ်မြောက်ပိုင်းမှာနေတဲ့ **မျောက်ဝံတပိုင်းလူတပိုင်း သတ္တဝါတချို့**လဲ၊ တောကောင် သားကောင်တွေကို အမဲလိုက်ရင်းနဲ့ ဆဟာရ ဒေသကို တဖြေးဖြေးရောက်လာကြတယ်။

ရေခဲခေတ်ရဲ့ အလယ်လောက်ကို ရောက်တဲ့အခါ၊ ဆဟာရ ဒေသတပိုက်မှာ အစဉ်ရွာချပေးနေကျမိုးဟာတဖြေးဖြေး**ခေါင်းပါးပြီး**

နောက်ဆုံးမှာ ပြတ်သွားတယ်။ ဘာဖြစ်လို့ ဒီလို ဖြစ်ရတယ် ဆိုတာ တော့၊ ဘယ်ပညာရှင်မှ ခန့်မှန်းလို့ မရကြသေးဘူး။ အဲဒီလို မိုးပြတ် သွားတာကို အကြောင်းပြုပြီး၊ တောအုပ်ကြီးတွေနဲ့ စိမ်းလန်းစိုပြေခဲ့တဲ့ **ဆဟာရ** ဒေသကြီးဟာလဲ၊ နှစ်ပေါင်း ထောင်ပေါင်းများစွာ ကြာလာ တဲ့အခါ **သဲကန္တာရကြီး**ဖြစ်လာတယ်။ အဲဒါကြောင့် **တောကောင် သားကောင်တွေဟာ**၊ဆဟာရသဲကန္တာရကြီးကိုစွန့်ပြီး **နိုင်းမြစ်ဝှမ်းကို ပြောင်းရွှေ့လာကြတယ်**။သူတို့ကို အမဲလိုက်ရင်း ရှေးကျောက်ခေတ်က လူတပိုင်းမျောက်ဝံတပိုင်းတွေလဲ နိုင်းမြစ်ဝှမ်းကို ရောက်လာကြတယ်။

နိုင်းမြစ်ဝှမ်းရဲ့ အကျယ်ဟာ မိုင် ၃၀ ကျော်ကျော်လောက်ရှိလိမ့် မယ်။ ဒီ နိုင်းမြစ်ဝှမ်းမှာလဲ၊ဆဟာရ သဲကန္တာရမှာလိုပဲ မိုးမရွာဘူး။ ဒါပေမဲ့ နိုင်းမြစ်မှာ ရေထတဲ့အခါ၊ မြစ်ရေဟာ **မြစ်ဝှမ်းတခုလုံးကို ရေလွှမ်းမိုးတယ်**။ ရေထဲမှာပါလာတဲ့ နုံးမြေတွေကလဲ သစ်ပင်ဝါးပင် တွေအတွက် အင်မတန်ကောင်းတဲ့ မြေဩဇာ ဖြစ်တယ်။ အဲဒါကြောင့် နိုင်းမြစ်ဝှမ်းဟာ သစ်ပင်ဝါးပင်တွေနဲ့ စိမ်းစိမ်းလန်းလန်း စိုစိုပြေပြေ ဖြစ်နေတယ်။ မြစ်ဝှမ်းရဲ့ နှစ်ဘက်စလုံးကို ဆဟာရသဲကန္တာရကြီးကလဲ ကာပေးထားတယ်။ နောက်ပြီးတော့လဲ ဒီမြစ်ဝှမ်းဒေသဟာ၊ ဥရောပ မြောက်ပိုင်းလိုလဲ မအေးဘူးဆိုတော့၊ အဲဒီဒေသဟာ ဘုမ္မိနက်သန် မှန်တဲ့ နေရာတခု ဖြစ်နေတယ်။

စတုတ္ထရေခဲခေတ်ဟာ၊လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀,၀၀၀ လောက် မှာ စခဲ့ပြီး နှစ်ပေါင်း ထောင်ပေါင်းများစွာ ကြာတဲ့အခါ ပြန်ဆုတ် သွားတယ်။ အဲဒီလို **စတုတ္ထရေခဲခေတ် ကုန်ဆုံးသွားတဲ့ အချိန်လောက် ကစပြီး၊ ရှေးဟောင်းကျောက်ပစ္စည်း အကြမ်းစားကြီးတွေကို မတွေ့ ရတော့ဘူး**။ အဲဒါကြောင့်၊ အဲဒီအချိန်လောက်ကစပြီး ဒီမျောက်ဝံ မက လူမကျသေးတဲ့ ရှေးလူဟောင်းတွေ ကွယ်ပျောက်ပြီး၊ ဒီကမ္ဘာရဲ့ ပထမဆုံး လူစင်စစ်လို့ ခေါ်နိုင်တဲ့ ခေတ်လူသားတွေပေါ်လာတယ်လို့ သိပ္ပံပညာရှင်တွေက ခန့်မှန်းကြတယ်။ အဲဒီ လူစင်စစ်တွေ ပေါ်လာတဲ့ အချိန်ကို၊အလယ်ကျောက်ခေတ်လို့ ခေါ်တယ်။ အဲဒီအချိန်မှာ စတုတ္ထ ရေခဲခေတ်ဟာ ကုန်ဆုံးသွားပြီဖြစ်တဲ့အတွက်၊ ဥရောပတိုက်ရဲ့ ရာသီဥတု ဟာ အတော်ကလေး နေသာထိုင်သာ ဖြစ်လာတယ်။

## အလယ်ကျောက်ခေတ်

အခုလူတွေ ဆင်းသက် ပေါက်ဖွားရာဖြစ်တဲ့အတွက်၊ ခေတ် လူသားတွေရဲ့အစလို့ ခေါ်တဲ့လူတွေဟာ၊လွန်ခဲ့တဲ့နှစ်ပေါင်း၄၀,၀၀၀နဲ့ ၂၅,၀၀၀ အတွင်းမှာ ပေါ်ပေါက်လာ တယ်လို့၊ သိပ္ပံပညာရှင်တွေ ခန့်မှန်း ကြတယ်။ ဒီလူတွေကစပြီး၊ ဒီကနေ့အထိ လူတွေ မှန်သမျှကို သိပ္ပံပညာ ရှင် တွေ က **ခေတ်လူသား**[၁] ‘**ဟိုမို စေးပီးယန်း**’ လို့ ခေါ်တယ်။ ‘ဟိုမို’ က ‘လူ’ လို့ အဓိပ္ပါယ် ရတယ်။‘စေးပီးယန်း’ က ‘ဉာဏ် ရှိ သော’ လို့ အဓိပ္ပါယ်ရတယ်။



(ပုံ-၃၂) ကရို-မဂ္ဂနွန် လူ

**ပြင်သစ်နိုင်ငံ ဒေါ်ဒွန်းယယ်**[၂] အရပ်က(ပုံ-၃၂)၊ ကရို-မဂ္ဂနွန်[၃] ဆိုတဲ့ဂူနဲ့**အီတလီနိုင်ငံ** မင်တုန်းနဲ[၄]အနီးက ဂရိမော်လဒီး[၅]ဆိုတဲ့ဂူထဲမှာ ဒီအလယ်ကျောက်ခေတ်တုန်းက၊လူတွေရဲ့အရိုးတွေကို အတော်ကလေး ပြည့်ပြည့်စုံစုံတွေ့ရတယ်။

ကရို-မဂ္ဂနွန်ဂူထဲမှာဆိုယင်၊မိန်းမတဦးရဲ့ အရိုးတစုံ၊ ခပ်အိုအိုအရွယ် လူတယောက်ရဲ့အရိုးတစုံ၊ ခလေးတယောက်ရဲ့ အရိုးအပိုင်း

---

၁။ ခေတ်လူသား = Homo Sapiens (ဟိုမို-စေးပီးယန်း)
၂။ ဒေါ်ဒွန်းယယ် = Dordogne
၃။ ကရို-မဂ္ဂနွန် = Cro-Magnon
၄။ မင်တုန်းနဲ = Mentone
၅။ ဂရိမော်လဒီး= Grimaldi

အစတွေ၊ လူရွယ်ရွယ်နှစ်ယောက်ရဲ့ အရိုးတစုံစီကို တွေ့ရတယ်။မိန်းမရဲ့ ခေါင်းခွံမှာ၊ခပ်ပြင်းပြင်းအရိုက်ခံထားရတဲ့ ဒဏ်ရာတွေကိုတွေ့ရတယ်။ ဒီမိန်းမရဲ့ ဦးနှောက်အိမ်အရ၊ သူ့ ဦးနှောက်ဟာ အခုခေတ်ယောက်ျား တချို့ရဲ့ ဦးနှောက်ထက်ကြီးတယ်။ ခပ်အိုအိုအရွယ်ရဲ့ အရုပ်ဟာ ခြောက် ပေလောက်ရှိတယ်။ သူတို့ကို မြှုပ်တဲ့နေရာမှာ ဒီအလယ် ကျောက်ခေတ် က ရှေးဟောင်း ကျောက်ပစ္စည်းတွေကိုလဲ တွေ့တယ်။ ရှင်စဉ်တုန်းက ရတနာတွေအဖြစ်နဲ့ သူတို့ဝတ်ဆင်သွားတယ်လို့ ယူဆနိုင်တဲ့ ဖောက် **ထားတဲ့ ပင်လယ်ခရုခွံ**တွေကိုလဲ တွေ့တယ်။

ဒီပစ္စည်းတွေနဲ့ ဒီလိုမြှုပ်ထားတာကိုထောက်ပြီး၊ အဲဒီ အလယ် ကျောက်ခေတ်က လူတွေဟာ၊သေပြီးယင် **နောက်ဘဝရှိသေးတယ် ဆို တဲ့ အယူဘာသာကို ယုံကြည်ဟန်** လက္ခဏာ ရှိတယ်လို့၊ တချို့ ပညာရှင်တွေက ခန့်မှန်းကြတယ်။နောက်ပြီးတော့ သူတို့ရဲ့ အရိုးတွေကို ကြည့်ပြီး ဒီလူတွေဟာ **အရပ်ရှေတယ်**၊ **မျက်နှာပြန့်တယ်**၊ **နှာခေါင်း မြင့်တယ်လို့ သိပ္ပံပညာရှင်တွေ** ခန့်မှန်းကြတယ်။

မင်ဝုန်းနဲ့အနီးက ဂရိမောလဒီးဂူထဲမှာကတော့၊ အရိုးနှစ်စုံကို တွေ့ရတယ်။ အဲဒီအရိုးတွေဟာ ကရို-မဂ္ဂနွန် အရိုးတွေနဲ့ တခေတ်ထဲ ဖြစ်ပေမဲ့၊ တမျိုးနဲ့တမျိုး မတူကြဘူး။ လုံးလုံး ဆန့်ကျင်နေကြတယ်။ **ဂရိမောလဒီးအရိုး**တွေမှာ၊ **ကပ္ပလီ ပုံပန်းသဏ္ဌာန်**တွေ ပါနေတယ်။ ဒါပေမဲ့ ဒီနှစ်မျိုးစလုံးရဲ့ ဦးနှောက်အိမ်တွေ၊ လက်ရိုးတွေ၊ လည်ရိုး တွေ၊ သွားတွေဟာ၊အခုခေတ် လူအစစ်တွေရဲ့ ဦးနှောက်အိမ်၊ လက်ရိုး၊ လည်ရိုး၊ သွားတွေနဲ့ အတူတူပါပဲ။

**ပီကင်းမြို့**[၁] အနီး ဂူတခုထဲကလဲ၊လူခေါင်းခွံတခုကို မပျက်မစီး တူးဖော်ရရှိတယ်။ ခေါင်းခွံတွေရှိတဲ့ ကျောက်လွှာဟာ၊နှစ်ပေါင်း ငါး သိန်း၊ သို့မဟုတ် နှစ် တသန်းလောက် ကြာပြီလို့ မှန်းဆ ကြတယ်။

အာဖရိကတိုက်တောင်ပိုင်း **ရိုဒီးရှီးယား**ပြည် ဘရိုးကင်းဟီ[၂] တောင်ကုန်းက ဂူတခုထဲမှာလဲ၊ အောက်မေးရိုးမရှိတဲ့ ဦးခေါင်းခွံတခုနဲ့ အရိုးတွေကို ရတယ်။

---

၁။ ပီကင်းမြို့ = Peking

၂။ ဘရိုးကင်းဟီ၊ ရိုဒီးရှီးယားပြည်၊ အာဖရိကတိုက် တောင်ပိုင်း (Broken Hill, Rhodesia, South Africa)



(ပုံ-၃၃) အလယ်ကျောက်ခေတ် ကျောက်ကရိယာတန်ဆာနဲ့ လက်နက်တွေ။ (ဓါး၊ လှံစွပ်၊ မြားခေါင်း၊ ခြစ်၊ စူးနဲ့ အသွား မျိုးစုံရှိတဲ့ ကျောက်ကရိယာတန်ဆာတွေ။)

အဲဒီ အလယ်ကျောက်ခေတ်က လူတွေဟာ၊ ဒီအမျိုးတွေအပြင် **တခြားအမျိုးတွေလဲ** အများကြီး ရှိလိမ့်အုံးမယ်လို့၊ သိပ္ပံပညာရှင်တွေက ခန့်မှန်းကြတယ်။

ဒီလူတွေရဲ့ခေတ်မှာ၊ ကျောက်ပေါက်ဆိန်တွေကို မသုံးကြတော့ဘူး။ ရှေးခေတ်တုန်းက ကျောက်ပေါက်ဆိန်တွေကို လုပ်တဲ့အခါ၊အချွန်ဖြစ်လာအောင်၊ကျောက်တုံးချင်း ထုပြီး ဖဲ့ကြရတယ်။ အလယ်ခေတ်က လူတွေလက်ထက်မှာတော့၊ကျောက်ကိုအရိုးမာမာနဲ့ရွှေပေါ်တိုက်သလို တိုက်ပစ်ထားတဲ့ လက်ရာမျိုးတွေကို တွေ့ရတယ်။ ဒီ နည်းကို သုံးတဲ့အတွက်၊ **ကျောက်တွေရဲ့အသွားဟာ အင်မတန်ထက်လာပြီး**၊ မာတဲ့ အရိုးတို့၊ ဆတ်ချိုတို့၊ ဆင်စွယ်တို့ကိုတောင် ဖြတ်လို့ရလာတယ်။ ကျောက်ပစ္စည်းတွေကို လုပ်ဘို့အတွက်၊ အခုခေတ် **စူး ဆောက်**တွေ၊ **တူ**တွေလို ကျောက်ကရိယာ တန်ဆာပလာမျိုးတွေကိုတောင်၊ ဒီလူတွေ လုပ်နိုင်လာတာကို တွေ့ရတယ်။

အဲဒီ ကရိယာတန်ဆာပလာတွေကိုသုံးပြီး၊သစ်သား အရိုးရှေတွေမှာ ဆင်စွယ်အသွားတွေတပ်ထားတဲ့ **လှံ**တွေ၊နောက်ပြီးတော့ သူတို့ရဲ့ ခါးမှာ အမြဲဆောင်ထားလေ့ရှိတဲ့ **ကျောက်ဓားမြှောင်** တွေကိုတောင် လုပ်နိုင်လာကြတယ်။ (ပုံ-၃၃)

**လှံရိုးကိုဖြောင့်ဖို့**အတွက် ဆတ်ချိုနဲ့ လုပ်ထားတဲ့ အတော် ချိုးမွမ်းဘို့ကောင်းတဲ့ **ကရိယာ** တွေကိုလဲ သူတို့ လုပ်နိုင်လာကြတယ်။ သူတို့ထွင်သွားတဲ့ ချီးမွမ်းဘို့ကောင်းတဲ့ ကရိယာတခုလဲ ရှိသေးတယ် (ပုံ-၃၄)။ဒီကရိယာကို ဆင်စွယ်နဲ့ဖြစ်ဖြစ်၊ ဆတ်ချိုနဲ့ဖြစ်ဖြစ်လုပ်တတ်ကြတယ်။ အဲဒီ **ကရိယာထဲမှာ လှံထဲ့ပြီးပစ်**လိုက်ယင်၊ လက်နဲ့ရိုးရိုးပစ်တာထက် လှံရဲ့အရှိန်ဟာ ပိုလဲမြန်တယ်၊ ပိုလဲသွားတယ်။ (ပုံ-၃၅)။

သူတို့လုပ်ခဲ့တဲ့ ပစ္စည်းတွေထဲမှာ၊ဆင်စွယ်နဲ့လုပ်တဲ့ **အပ်** တွေကိုလဲ တွေ့ရတယ်။ အမဲလိုက်လို့ရတဲ့ သားရေတွေကို ဒီအပ်တွေနဲ့ **အဝတ် အထည်** ချုပ်ပြီး ဝတ်ပုံပေါ်တယ်။ အဲဒီနည်းနဲ့ လူတွေဟာ အပူ အအေးနဲ့ သစ်ပင်ဝါးပင်တွေရဲ့ ဆူးညှောင့်တွေရဲ့ဘေးက သူတို့ကိုယ်ကို ကာကွယ်သွားကြဟန် လက္ခဏာရှိတယ်။ ဒါပေမဲ့ ဒီ လူ တွေ ဟာ **များသောအားဖြင့် ကိုယ်တုံးလုံးနေကြ**ဟန် တူတယ်လို့၊ တချို့ သမိုင်း ဆရာတွေက ယူဆကြတယ်။

**သူ**တို့ရဲ့အဓိက အလုပ်ကတော့ တခြား မဟုတ်ဘူး၊ **အမဲလိုက်တဲ့ အလုပ်**ပဲ (ပုံ-၃၆)။ သူတို့ လိုက်လေ့ရှိတဲ့ အမဲကတော့၊ **အစွယ်ကြီး** တွေနဲ့**ဆင်ကြီး**တွေ၊**မြင်းရိုင်း**တွေ၊ **ဆတ်**တွေ၊ **ပြောင်**တွေ၊ 'အောရော့'[၁] လို့ခေါ်တဲ့ **နွား** တမျိုးတွေပါပဲ။ သူတို့ရဲ့လက်နက်တွေဟာ ရှေးခေတ်က ကျောက်ပေါက်ဆိန်ထက် ပိုပြီး ထူးခြားလာကြတဲ့အတွက်၊ ဒီလူတွေ အမဲလိုက်တဲ့နေရာမှာ ရှေးခေတ်က လူတွေထက်ပိုပြီး ခရီးရောက်တယ်။ အမဲတွေထဲမှာ သူတို့အကြိုက်ဆုံးကတော့ မြင်းရိုင်းသားပဲ။ **ပြင်သစ် ပြည် ဆော်လူးတေး**[၂]ဆိုတဲ့ သူတို့တတွေ နှစ်ပေါင်းများစွာကြာအောင် နှစ်စဥ်ပွဲလမ်းသဘင်လုပ်လေ့ရှိတယ်လို့ယူဆရတဲ့အရပ်တခုမှာ၊ဆတ်ရိုး

---

၁။ အောရော့ = Auroch

၂။ ဆော်လူးတေး = Solutre

တန်ဆာပလာ = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၅၊ နှာ ၁၃၀)



(ပုံ-၃၄) အလယ်ကျောက်ခေတ်လှံထဲ့ပစ်ကရိယာနှစ်ဘက်ကိုမြင်ရပုံ

ဆင်ကြီးရိုး၊ မြောင်ရိုးတွေအပြင်၊ မြင်းရိုင်း အကောင်ပေါင်း တသိန်း လောက်ရဲ့ အရိုးတွေကိုပါ တွေ့ရတယ်။

ဒီလူတွေဟာ အင်မတန်ကြီး ရိုင်းနေသေးပေတဲ့၊ သူတို့ခေတ်မှာ **ပန်းချီ** [၁] ပညာကို စသွားနိုင်ကြတယ်။ သူတို့ရဲ့အရုပ်တွေကို ခြစ်ပစ်ခဲ့တဲ့ ကျောက်တုံးကလေးတွေကို တွေ့ရတယ်။ လက်ရာကတော့၊ ပန်းချီပညာ သင်စလူတွေ၊ တောင်ခြစ်မြောက်ခြစ်နဲ့ခြစ်ထားတဲ့လက်ရာမျိုးပါပဲ။ တချို့ ကျောက်တုံးတွေမှာတော့၊ မတတ်တတတ် အရမ်းခြစ်ထားတဲ့ ခြစ်ရာ တချို့ကို၊ လက်ရာကောင်းကောင်းနဲ့ ပြင်ထားတာတွေ့ရတယ်။ **စပိန်ပြည်က ဂူတခု**ရဲ့ မျက်နှာကျက်မှာ၊ အဲဒီအလယ်ခေတ်က ဆေးနဲ့ဆွဲပစ်ခဲ့တဲ့ "မြောင်ရုပ်"(ပုံ-၃၇)တွေရဲ့ လက်ရာဟာ အတော်ထူးတယ်။




(ပုံ-၃၅)
လှံထဲ့ပစ် ကရိယာနဲ့
ယခုခေတ် အက်စကီမို မုဆိုး
လှံပစ်ပုံ။

**ပြင်သစ်ပြည်ရဲ့ ဂူ** တချို့တွေထဲမှာလဲ၊ အလယ်ခေတ်ကလူတွေ [၂] ဆွဲပစ်ခဲ့တဲ့ ပန်းချီကားတွေကို တွေ့ရတယ်။ အာဖရိကမြောက်ပိုင်းမှာဆိုယင်လဲ၊အယ်ဂျီးရီးယားပြည်က ဆဟာရသဲကန္တာရကိုဖြတ်ပြီး နိုင်းမြစ် အထက်ပိုင်းအထိ တချို့ဒေသတွေမှာလဲ ဒီအလယ်ခေတ်လူတွေရဲ့ ပန်းချီကားတွေကိုတွေ့ရတယ်။ဒီ**အလယ်ကျောက်ခေတ်ကလူတွေဟာပန်းချီ**

---

၁။ ပန်းချီ = (မြန်မာ့စွယ်စုံကျမ်း၊တွဲ ၇ ၊ နှာ ၂၂)
၂။ ဂူနေ ရှေးလူ = (မြန်မာ့စွယ်စုံကျမ်း၊တွဲ ၃၊ နှာ ၆၅)



ကမ္ဘာဦးလူများ အမဲလိုက်ပုံ

(ပုံ-၃၆)

**ကား**တွေကို ဂူတွေထဲမှာသာမဟုတ်ဘူး၊ **အပြင်ဘက်က ကျောက်တွေပေါ်မှာလဲ ရေးဆွဲပစ်ခဲ့**ကြတာကို တွေ့ရတယ်။ ဒီပန်းချီကားတွေဟာ မြေထဲပင်လယ်တဝိုက်မှာ ဒီလူတွေ နေသွားကြတယ်ဆိုတာကို ဖော်ပြထားတဲ့ ထင်ရှားတဲ့**အထောက်အထား**တွေ ဖြစ်တယ်။

ဒီလူတွေဟာ၊ မြင်းကလွှဲပြီး တခြားတိရစ္ဆာန်တွေကို ယဉ်အောင် မွေးမသွားနိုင်ကြဘူး။ သူတို့မှာ အမဲလိုက်ဘို့ ခွေးလဲ မရှိသေးဘူး။ သူတို့ရဲ့ တခေတ်လုံးမှာ၊အမဲလိုက်ပြီး သူတို့ရဲ့ ငမ်းစာကို ရှာသွားကြရတယ်။ သူတို့မှာ အစားအသောက်ချက်ဘို့အိုးတို့၊ ခွက်တို့ မရှိဘူး။ အဲဒါကြောင့် သူတို့ဟာ အမဲလိုက်လို့ရလာတဲ့ အသားတွေကို **မီးကင်မီးမြှိုက်ပြီးစားကြ** မှာပဲ။

သူတို့ဟာ ကျောက်ကရိယာ တန်ဆာပလာတွေကို လုပ်တဲ့နေရာမှာ အတော်တိုးတက်လာပေမဲ့၊သစ်ခုတ်တဲ့ပေါက်ဆိန်ကိုတော့ လုပ်မသွားနိုင်ကြဘူး။ အဲဒါကြောင့် ဒီလူတွေဟာ၊သစ်တွေကို ခုတ်ပြီး သူတို့နေထိုင်ဘို့အတွက် အိမ်တွေဆောက်သွားနိုင်တဲ့အထိ မတိုးတက်ခဲ့ကြဘူး။ အလွန်တကာ့ အလွန်ဆုံး သူတို့မှာ တိရစ္ဆာန်သားရေနဲ့ လုပ်တဲ့ တဲမျိုးတွေ ရှိကောင်း ရှိမယ်။

ရှေးကျောက်ခေတ်တုန်းက၊လေးနဲ့မြှားကို လုံးဝမသုံးခဲ့ကြဘူး။ ဒီအလယ်ခေတ်မှာလဲ၊ လေးနဲ့ မြှားကို သုံးရမှန်း မသိကြသေးဘူးလို့ တချို့ပညာရှင်တွေက ယူဆကြတယ်။တချို့ပညာရှင်တွေကတော့၊ အဲဒီ အလယ်ကျောက်ခေတ်မှာ တွေ့ရတဲ့ ပစ္စည်းတချို့ဟာ၊ မြှားကို ဖြောင့်အောင်လုပ်တဲ့ ကရိယာတွေဖြစ်တယ်။ ဒါကြောင့် ဒီအလယ်ကျောက်ခေတ်မှာ၊လေးနဲ့မြှားကို စပြီးသုံးပြီလို့ ယူဆကြတယ်။

ဒီအလယ်ကျောက်ခေတ်မှာ လယ်တို့ ယာတို့ကို မစိုက်တတ်ကြသေးဘူး။လူတွေဟာ **အမဲလိုက်ပြီးသစ်သီးသစ်ဥ ရှာဖွေပြီးစားသောက်**ကြတုန်းပဲ ရှိသေးတယ်။ သူတို့ရဲ့ **မိန်းမတွေဟာ မထွားကြိုင်းဘူး၊ ညှက်တယ်**။ ယောကျ်ားတွေထက် အများကြီး ငယ်တယ်။ ဒီလိုညှက်နေတာဟာ တခြားကြောင့် မဟုတ်ဘူး၊ အရွယ်မရောက်ခင် အိမ်ထောင်ကျပြီး ငယ်ငယ်နဲ့ သားမွေးရလို့ ဖြစ်ဟန်တူတယ်။ ရှေးခေတ်က မိန်းမတွေဟာ ယောကျ်ားတွေထားရာက နေရတဲ့ ကျွန် သဘောမျိုးမျှသာ ဖြစ်တယ်။



(ပုံ-၃၇) စပိန်ပြည် ဂူတခုထဲ၌ ရှေးလူဟောင်းတွေ ရေးဆွဲထားတဲ့ ဆေးရောင်ခြယ် ပြောင်ရဲ့ပုံ။

ဒီလူတွေဟာ ရှေးကျောက်ခေတ်က မျောက်ဝံတဝက်-လူတဝက်တွေနဲ့ စာလိုက်ယင်တော့၊ အတော်တိုးတက်လာတာမှန်တယ်။ ဒါပေမဲ့ သိပ်တော့ မယဉ်ကျေးလှသေးဘူး။ ဒီ **လူတွေဟာ၊ မြေထဲပင်လယ်တဝိုက်မှာ နှစ်ပေါင်း ၂၀,၀၀၀ လောက် ဘယ်သူမှ အပြိုင်အဆိုင်မရှိပဲ မင်းမူခဲ့ကြရတယ်**။ အဲဒီလောက်ရှေလျားတဲ့ အချိန်အတွင်းမှာ ဒီလူတွေဟာ တိုးတက်လာအောင် ကြိုးစားဘို့ အခွင့်အရေးတွေ အများကြီး ရခဲ့တယ်။

## နှောင်းကျောက်ခေတ်

လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀,၀၀၀ နဲ့ ၁၂,၀၀၀ လောက်အတွင်း မြေထဲပင်လယ်တဝိုက်မှာ လူသစ်တွေ ပေါ်လာကြတယ်။ ဒီလူသစ်တွေဟာ အလယ်ကျောက်ခေတ်က လူတွေထက် အရည်အချင်းသာတယ်။ အလယ်ကျောက်ခေတ်က လူတွေဟာ နှစ်ပေါင်း ၂၀,၀၀၀ အတွင်း တနေရာမှာ စွဲစွဲမြဲမြဲ နေတယ်လို့ မရှိလှဘူး။ 'ရေကြည်ရာ မြက်နုရာ' ဆိုသလို အမဲကောင်တွေ သွားတဲ့နောက် အမဲလိုက်ရင်း လျှောက်သွားနေကြတာပဲ။ လူသစ်တွေကတော့ ဒီလိုမဟုတ်တော့ဘူး။ **လယ်ယာစိုက်ပျိုးတဲ့** အတတ်ကို တတ်တယ်။

လယ်ယာ စိုက်ပျိုးတယ် ဆိုတော့၊ မုဆိုးတွေလို တတောဝင် တတောင်တက်ပြီး အမဲလျှောက်လိုက်နေလို့ မဖြစ်တော့ဘူး။ သူတို့ရဲ့ လယ်တွေ ယာတွေနားမှာ အတည်တကျနေရတော့မယ်။ အဲဒါကြောင့် ဒီလူသစ်တွေဟာ၊ **မြို့ရွာတွေကိုလဲ တည်ထောင်** တတ်လာကြတယ်။ ဒီလို တနေရာရာမှာ မြို့ရွာတည်ပြီး အတည်တကျ နေထိုင်ကြတယ်ဆိုတော့ မုဆိုးတွေလို လျှော့ရဲရဲနေလို့ မဖြစ်ပြန်ဘူး။ မြို့ရွာ အုပ်ချုပ်ရေးတို့၊ ကာကွယ်ရေးတို့ ဆိုတဲ့ကိစ္စတွေ ပေါ်ပေါက်လာပြန်တယ်။ အဲဒီတော့ ဒီလူသစ်တွေဟာ၊ **အုပ်ချုပ်ရေး** တို့ **ကာကွယ်ရေး** တို့ကိုလဲ အထိုက် အလျောက် တတ်လာကြပြန်တယ်။

လယ်ယာ စိုက်ပျိုးရတာနဲ့ မြို့ရွာ အုပ်ချုပ်ရတာ၊ ကာကွယ် ရတာနဲ့ အမဲလိုက်ဖို့အချိန်လဲ မရှိဘူး။ ဒါပေမဲ့ အသားကိုလဲစားချင် သေးတယ်။ အဲဒီတော့ ဒီလူသစ်တွေဟာ တောနေ တိရစ္ဆာန်အရိုင်း တွေကို၊ အိမ်မွေးတိရစ္ဆာန် အယဉ်တွေ ဖြစ်လာအောင် လုပ်ကြရပြန် တယ်။ အဲဒီလိုလုပ်ရင်းနဲ့ **တိရစ္ဆာန်မွေးမြူတဲ့** အတတ်ကို ဒီလူတွေ တတ်လာကြပြန်တယ်။

အဲဒီလို တိုးတက်တဲ့ လူသစ်တွေ ပေါ်လာတဲ့အခါ၊ အလယ် ကျောက်ခေတ်ကလူတွေဟာ အနှစ် ၂၀,၀၀၀ လောက်ပတ်လုံး သူတို့ ချည်းပဲ အပြိုင်မရှိ မင်းမူခဲ့ရတုန်းက နေခဲ့ကြတဲ့အတိုင်း၊ ကိုယ်တိုးလုံး မုဆိုးကြီးတွေလို၊ ကိုယ်တိုးလုံး မုဆိုးကတော်ကြီးတွေလို၊ နေလို့ မဖြစ်ကြ တော့ဘူး။ ပြောင်းလဲလာတဲ့ခေတ်ကိုမှီအောင် သူတို့ကိုယ်ကိုသူတို့ ပြုပြင် ကြရလိမ့်မယ်။ မပြုပြင်နိုင်ယင်၊ သူတို့တတွေဟာ ရှေးကျောက်ခေတ်က သူတို့ရဲ့ နောင်တော် အစ်မတော်တွေလို သူတို့တတွေ တိမ်ကောပပျောက် သွားမယ်။

နှောင်းကျောက်ခေတ်ဟာ၊ ဥရောပတိုက်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀,၀၀၀ နဲ့ ၁၂,၀၀၀ အတွင်းလောက်မှာ စခဲ့တယ်။ ဒီနှောင်း ကျောက်ခေတ်မှာ၊ရှေးနဲ့အလယ်ကျောက်ခေတ်တွေထက် ထူးတဲ့အချက် ငါးချက်ကို တွေ့ရတယ်။ ဒီအချက် ငါးချက်ကို တချက်စီပြောပြမယ်။

---

စိုက်ပျိုးရေး = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၄၆၁)

၁) ဒီခေတ်မှာ **ကျောက်တွေကိုသွေးပြီး အရောင်တင်ထားတဲ့ ကျောက်ပစ္စည်း**တွေကို တွေ့ရတယ်။ **သစ်သားရိုးတပ်ထားတဲ့ ကျောက်ပေါက်ဆိန်**ကိုလဲ တွေ့ရတယ်။ ဒီကျောက်ပေါက်ဆိန်ဟာ မူလတုန်းက လက်နက်အဖြစ်နဲ့ သုံးခဲ့ဟန်ရှိပေတဲ့၊နောက်တော့ **သစ်ခုတ်တဲ့နေရာမှာ များသောအားဖြင့်** သုံးတာကို တွေ့ရတယ်။ မြှားခေါင်းတွေကိုလဲ တွေ့ရတယ်။ အဲဒါကြောင့် အဲဒီခေတ်မှာ **လေးနဲ့မြှားကို** စသုံးပြီလို့ ယူဆရမယ်။ ဒီခေတ်က အရောင်တင်မထားတဲ့ ရိုးရိုးကျောက်ပစ္စည်းတွေရဲ့ လက်ရာတောင်မှ၊ ရှေးကျောက်ခေတ်က လက်ရာထက်၊ အများကြီး ထူးတာကို တွေ့ရတယ်။

၂) ဒီခေတ်မှာ **လယ်ယာစိုက်ပျိုးရေး** စပြီ။ ဒါပေမဲ့ ဒီခေတ်ရဲ့ **အစမှာတော့** မိန်းမတွေကသာ လယ်ယာစိုက်ပျိုးကြတယ်။ ယောကျ်ားတွေကတော့ အမဲလိုက်ကြတုန်း ရှိသေးတယ်။ နောက်မှ အမဲလိုက်တာကိုစွန့်ပြီး လယ်ယာကို အတည်တကျ လုပ်လာကြတယ်။

၃) **ချက်ဘိုပြုတ်ဘိုအိုးတွေ** ပေါ်လာကြပြီ။အဲဒါကြောင့် ဒီခေတ်က လူတွေဟာ၊အလယ်ခေတ်တုန်းက လူတွေလို အသားကိုမီးမြှိက်မီးကင်ပြီး မစားကြတော့ပဲ၊ကျကျနန ချက်ပြုတ်စားကြတယ်ဆိုတာ သိရတယ်။ ဒီခေတ်မှာ အလယ်ခေတ်ကလို မြင်းသားကို မစားကြတော့ဘူး။

၄) **တိရစ္ဆာန်မွေးမြူရေး**စပြီးပေါ်လာပြီ။ ခွေးလဲပေါ်လာပြီ။ ဒီလူတွေမှာ နွားတို့၊ သိုးတို့၊ ဆိတ်တို့၊ ဝက်တို့ မွေးထားတာ တွေ့ရတယ်။

၅) **ရက္ကန်း**လဲစပြီ။

အဲဒီအချက် ငါးချက်ဟာ၊ ဒီနှောင်းကျောက်ခေတ်ရဲ့ ထူးခြားတဲ့ အချက်ငါးချက်ပဲ။

ဒီ နှောင်းကျောက် ခေတ် က ရှေးလူတွေဟာ၊ ဥရောပတိုက်ကို တောင်ဘက်နဲ့ အရှေ့တောင်ဘက်က ဝင်လာကြတယ်။ ဥရောပတိုက်မှာ ဒီကနေ့ရှိနေကြတဲ့ **ဥရောပတိုက်သားတွေဟာ၊ အခုပြောခဲ့တဲ့ လူတွေက ဆင်းသက်လာကြတယ်**လို့ သမိုင်းဆရာတွေ ယူဆကြတယ်။



(ပုံ-၃၈) ကမ္ဘာဦးလူတွေ လယ်ယာစိုက်ပျိုးနေတဲ့ပုံ

ဒီခေတ်က လူတချို့ဟာ နိုင်းမြစ်ဝှမ်းတလျှောက်မှာ တိုးတက်လာပုံကို၊ သမိုင်းဆရာကြီး ဘရက်စတက်[၁]က ဖေါ်ပြထားတာ အင်မတန်စိတ်ဝင်စားစရာကောင်းတယ်။ အဲဒီသမိုင်းကို အကျဉ်းချုပ်ပြီး ဖေါ်ပြမယ်။

အဘစ်ဆီးနီးယားကုန်းပြင်မြင့်[၂]တွေကို ဖြတ်ပြီး စီးလာတဲ့ နိုင်းမြစ်ရေထဲမှာ နုံးလို့ခေါ်တဲ့ ရွံ့နုန်တွေ ပါလာတယ်။ နှစ်စဉ် နွေရာသီတိုင်း အဘစ်ဆီးနီးယား တောင်ကုန်းတွေပေါ်ကိုမိုးရွာချယင် နိုင်းမြစ်ရေတွေဟာ ကမ်းနှစ်ဘက်ပေါ်ကို လျှံတက်လာတယ်။ မြစ်ရေတွေ ပြန်ကျသွားတဲ့အခါ၊ ကမ်းတွေပေါ်မှာ နုံးတွေကျန်ရစ်ခဲ့တယ်။ အဲဒီ နုံးမြေတွေပေါ်မှာ အင်မတန်ထူထပ်တဲ့ ကိုင်းတောကြီးတွေ ပေါက်နေတယ်။

တခါက သစ်ပင်ဝါးပင်တွေနဲ့ စိမ်းလန်းစိုပြေနေတဲ့ ဆဟာရဒေသကြီးဟာ မိုးပြတ်သွားတဲ့ အတွက် ကြောင့် ခြောက်သွေ့လာတဲ့အခါ၊ အဲဒီဆဟာရတောတွေတောင်တွေထဲမှာနေကြတဲ့ တိရစ္ဆာန်ရိုင်းတွေဟာ၊ အစာရေစာအတွက် နိုင်းမြစ်ဝှမ်းက ကိုင်းတောကြီးတွေထဲကို ပြောင်းရွှေ့လာခဲ့ကြရတယ်။ ဒီကိုင်းတောကြီးတွေဟာ ထူထပ်တယ်ဆိုပေတဲ့၊ ဆဟာရဒေသနဲ့ ဥရောပတိုက်မှာ ရှိတဲ့ တောကြီးတွေ တောင်ကြီးတွေလောက် **မကျယ်ပြန့်ဘူး။** အဲဒါကြောင့် ဒီကိုင်းတောတွေထဲမှာ နေကြတဲ့ တောတိရစ္ဆာန်တွေဟာ၊ လူတွေကို အကြာကြီး ရှောင်နေလို့မရတော့ဘူး။

လူတွေကလဲ ဒီအချက်ကို အခွင့်ကောင်း ယူတဲ့အနေနဲ့၊ ဒီတောတိရစ္ဆာန်တွေကို အုပ်လိုက် မပြီး ကျုံးသွင်းထားကြတယ်။ စားချင်တော့မှ ဒီ**တိရစ္ဆာန်**တွေထဲက စားချင်တဲ့အကောင်တွေကို အသာဘမ်းပြီးသတ်စားကြတယ်။ ဒီအထဲက ခိုင်းကောင်းမဲ့ အကောင်တွေကိုလဲ အသာဘမ်းပြီး ယဉ်အောင် **မွေး**တယ်။ ယဉ်လာတဲ့အခါ သင့်တော်တဲ့ အလုပ်ကို ခိုင်းကြတယ်။ ဒီလို လူတွေနဲ့ နီးနီးစပ်စပ် နေလာတာဟာ ကြာလာတော့၊ ဒီတောတိရစ္ဆာန်တွေဟာ လူတွေကို ကြောက်တဲ့စိတ်တွေပျောက်ပြီး ယဉ်ပါးလာကြတယ်။

ဒီလို အသားကို အိမ်မှာ အလွယ်တကူနဲ့ မရခင်၊ ယောကျ်ားတွေ အမဲလိုက်တဲ့အခါ၊ **မိန်းမတွေက အလေ့ကျပေါက်နေတဲ့ကိုင်းပင်**

---

၁။ သမိုင်းဆရာကြီး-ဘရက်စတက် = Historian J. H. Breasted

၂။ အဘစ်ဆီးနီးယားကုန်းပြင်မြင့် = Abyssinian Plateau

**မြက်ပင်တွေက အစေ့တွေကို လိုက်ပြီး နူးကြ ကောက် ကြ တယ်။** ဒီအစေ့တွေကိုရပြီဆိုတော့၊ အမှုန့်ထောင်းပြီး စားကြတယ်။ အဲဒီလို စားလာကြရင်း ဒီအစေ့တွေကို ဒီလို အမှုန့်ထောင်းပြီး စားပစ်ကြတာ ထက် မြေကြီးမှာ ပြန် **စိုက်ယင်၊ အလေ့ကျပေါက်ထာထက် ပိုလဲပေါက် တယ်၊ အစေ့တွေလဲ ပိုထွက်တယ်ဆိုတာကို** သူတို့ တွေ့သွားကြတယ်။ အဲဒီခေတ်က လူတွေ စိုက်တုန်းက ဘာရယ်လို့သိပြီး စိုက်ကြတာ မဟုတ်ပါဘူး။ စားလို့ရတဲ့ အစေ့တွေအနေနဲ့ စိုက်သွားကြတာပါပဲ။ ဒါပေမဲ့ ဒီအစေ့တွေဟာ ပြောင်းစေ့တွေ၊ဘာလီစေ့တွေ၊ ဂျုံစေ့တွေ ဖြစ်နေတယ်။

အဲဒီလို တိရစ္ဆာန်တွေကို **မွေးမြူပြီး**၊ လယ်ယာ စိုက်ပျိုးတတ်တဲ့ အချိန်ကစပြီး၊ အမဲလျှောက်လိုက်နေကြတဲ့ အလေ့အထတွေဟာ ဒီလူ တွေမှာ တစတစ ပျောက်ကုန်ကြတယ်။ များသောအားဖြင့် ဒီလူတွေ ဟာ တိရစ္ဆာန်တွေကို မွေးလို့ကောင်းမဲ့ နေရာတွေ၊ လယ်ယာ စိုက်လို့ ကောင်းမဲ့နေရာတွေမှာ အခြေစိုက်ကြတယ်။ အဲဒါကြောင့် **ဒီလူတွေ ဟာ၊မုဆိုးတွေဘဝက တောင်သူ လယ်သမားဘဝ၊ တိရစ္ဆာန်မွေးမြူ ရေးသမားဘဝကို တဖြေးဖြေး ပြောင်းလာကုန်ကြတယ်**။အဲဒါကြောင့် အမဲလိုက်၊ သစ်သီး သစ်ဥတွေကို လိုက်ကောက်ပြီး အသက်မွေးခဲ့ရတဲ့ ရှေးကျောက်ခေတ်နဲ့ အလယ်ကျောက်ခေတ်ကို '**အစာရှာခေတ်**' လို့ အချို့သမိုင်းဆရာတွေက ခေါ်ကြတယ်၊ အဲဒီခေတ်နှစ်ခေတ်က လူတွေ ဟာ၊ အစာကို လိုက်လံရှာဖွေ စားသောက်ကြရတယ်လို့ ဆိုလိုတယ်။ နှောင်းကျောက်ခေတ်ကိုတော့ '**အစာထုတ်ခေတ်**'လို့ ခေါ် ကြ တယ်။ ဒီနှောင်းကျောက်ခေတ်က လူတွေဟာ၊ အစာကို လိုက်မရှာတော့ပဲ၊ လယ်ယာစိုက်ပျိုးပြီး၊တိရစ္ဆာန်မွေးမြူပြီး၊ သူတို့အတွက် အစာရအောင် ထုတ်လုပ်ကြတယ်လို့ ဆိုလိုတယ်။ စိုက်ပျိုးရေးဟာ ကမ္ဘာ့ သမိုင်းမှာ အင်မတန်အရေးကြီးတဲ့ အဓိကအချက်ကြီး တချက် ဖြစ်တဲ့အတွက်၊ ဒီ နှောင်းကျောက်ခေတ်ကို တချို့သမိုင်းဆရာတွေက **စိုက်ပျိုးရေးခေတ်လို့** တောင် ခေါ်ကြတယ်။

ရှေးဟောင်း သုတေသန ပညာရှင်တွေကတော့၊ ရှေးကျောက် ခေတ်နဲ့ အလယ်ကျောက်ခေတ်ကို '**ပါလေအိုလစ်သစ်-ခေတ်**'[၁] လို့

၁။ ပါလေအိုလစ်သစ်-ခေတ် = Paleolithic Age



(ပုံ-၃၉) သစ်သားမှာ ကျောက်သွားတွေတပ်ထားတဲ့ တံစဉ်

ခေါ်တယ်၊ ရှေးဟောင်း ကျောက်ခေတ်လို့ အဓိပ္ပါယ်ရတယ်။ နှောင်း ကျောက်ခေတ်ကိုတော့ '**နီယိုလစ်သစ် - ခေတ်**'[၁] လို့ ခေါ်တယ်၊ ကျောက်ခေတ်သစ်လို့ အဓိပ္ပါယ်ရတယ်။

ဒီကျောက်ခေတ်သစ်ကလူတွေရဲ့ **ရှေးအကျဆုံး အိမ်** တွေဟာ ခပ်ရိုးရိုး အိမ်ကလေးတွေပါပဲ။ အကာနဲ့အမိုးပဲရှိတယ်။ ဒီအကာနဲ့ အမိုးဟာလဲ၊သစ်ခက် သစ်ကိုင်းတွေကို ယှက်ပြီး အတွင်းနဲ့ အပြင်က ရွှံ့အုံထားတဲ့ အကာနဲ့အမိုးပဲဖြစ်တယ်။အိမ်တွင်းသုံးပစ္စည်းတွေမှာလဲ ရှေးဟောင်း ကျောက်ခေတ်ကနဲ့ မတူတော့ဘူး။ **မြေခွက်တွေ မြေပန်းကန်ပြားတွေ**၊ **မြေအိုးတွေ**၊ မြေအိုးကြီးတွေကို ဒီလူတွေ လုပ်တတ်လာကြတယ်။ လျှော်ပင်တွေကို စိုက်ပြီး၊ ဒီလျှော်မျှင်တွေနဲ့ **အဝတ်** အထည်တွေ ဖြစ်အောင် ရက်တတ်လာကြတယ်။

ဒီလူတွေ နေသွားတဲ့ခေတ်ဟာ၊အင်မတန်ကြာပြီ ဖြစ်တဲ့အတွက် ဒီလူတွေ တည်သွားတဲ့ ရွာတွေ၊ ဆောက်သွားတဲ့ ရွှံ့အိမ်တွေဟာ ပျက်စီးပြီး၊နှစ်ပေါင်းများစွာ ဖို့ဖို့လာတဲ့ နိုင်းမြစ်နဲ့ နုံးမြေတွေ အောက်ကို ရောက်နေတဲ့အတွက် ၊အခုအခါမှာ ဒါတွေကို တွေ့ဘို့ဆိုတာတော့ မဖြစ်နိုင်တော့ဘူး။ ဒါပေမဲ့ **နိုင်းမြစ်ရေ မရောက်နိုင်တဲ့**၊ခပ်မြင့်မြင့် **ကုန်းမြေတချို့မှာတော့**၊ အခုပြောခဲ့တဲ့ အချက်တွေရဲ့ အထောက်အထားတွေကို အနဲအကျဉ်း တွေ့ကြရတယ်။ ဒီတွေ့ရတဲ့ **အ** ထောက် အထားက တော့၊ တခြားမဟုတ်ပါဘူး၊ သစ်သားမှာ ကျောက်သွားတွေတပ်ထားတဲ့ **တံစဉ်** (ပုံ-၃၉) အကျိုးအပဲ့တွေ၊ ကောက်ပဲသီးနှံ သိုလှောင်ဘို့ အတွက် **အသုံးပြုတဲ့** မြေကြီးထဲမှာ တူးထားတဲ့ **မြေတွင်း ကျီ** တွေနဲ့ **ကောက်ပဲသီးနှံ**တချို့ ဖြစ်တယ်။ ဒီဟာတွေဟာ၊ အဲဒီ ခေတ်တုန်းက လယ်ယာစိုက်ပျိုးရေး စပြီဆိုတဲ့ အင်မတန် ကောင်းတဲ့ ရှေး အကျဆုံး အထောက်အထားတွေ ဖြစ်တယ်။ဒီအထောက်အထားတွေနဲ့ အတူတူ

၁။ နီယိုလစ်သစ်-ခေတ် = Neolithic Age

**ဈူင်** အပိုင်းအစတွေနဲ့ **မြေအိုး မြေခွက်**တွေကိုလဲ တွေ့ရတယ်။ ဒီဟာတွေကလဲ ဒီခေတ်က ရက္ကန်းစပြီး၊မြေအိုးမြေခွက်တွေကို စသုံးကြပြီဆိုတဲ့ အင်မတန်ကောင်းတဲ့ ရှေးအကျဆုံး အထောက်အထားတွေဖြစ်တယ်။

နိုင်းမြစ်ဝှမ်းနဲ့ ဆဟာရသဲကန္တာရ စပ်နေတဲ့ နေရာတွေဟာ အဲဒီအခါတုန်းက၊ နိုင်းမြစ်ရေ မလွှမ်းမိုးနိုင်တဲ့ နေရာတွေ ဖြစ်တယ်။ အဲဒီနေရာတွေကို ရွာသူရွာသားတွေဟာ သင်္ချိုင်းအဖြစ်နဲ့ အသုံးပြုကြတယ်။ နောက်ပိုင်းကျတော့ ဒီနေရာတွေကို နိုင်းမြစ်ရေလွှမ်းမိုးပြီး၊ နှစ်ပေါင်းအတော်ကြာကြာ နုံးတွေတက်လာတဲ့အတွက် ဟိုအခါက မြှုပ်ပစ်ခဲ့ကြတဲ့ ရွာသူရွာသားတွေရဲ့ အလောင်းတွေကို ရှာတွေ့ဘို့ အတော်ကြီးခက်သွားပြီ။

ဒါပေမဲ့ မကြာမီက ရှာတွေ့ရတဲ့ သင်္ချိုင်းတခုမှာ၊ လူသေတွေနဲ့ အတူ မြှုပ်ထားတဲ့ပစ္စည်းတွေက '**ဗူးမားရင်း**'[၁] လို့ခေါ်တဲ့ ပစ်ပြီးယင် ပစ်တဲ့လူဆီကို ပြန်လာတဲ့ သစ်သားနဲ့ လုပ်ထားတဲ့ လက်နက်တမျိုး၊ အသွားက လွှလိုဖြစ်နေတဲ့ **ကျောက်ဓား**၊ ကျောက် နဲ့ လုပ် ထား တဲ့ **မြှားခေါင်း**တွေကို တွေ့ရတယ်။ လေးကိုတော့ မတွေ့ရဘူး။ လေးဟာ အင်မတန်ရှားတဲ့အတွက် ဒါကိုတော့ လူသေနဲ့ ထဲ့မမြှုပ်ဘူးလို့ ယူဆကြတယ်။ **မြေအိုး**၊ **မြေခွက်**၊ နံ့သာထဲ့တဲ့ **ဆင်စွယ်ဗူး**၊ **ဇွန်း**၊ **အပ်**နဲ့ **ကရိယာတန်ဆာပလာ**၊ **ကြေးနီချိတ်** အစရှိတာတွေကိုလဲ လူသေတွေနဲ့ အတူ မြှုပ်ထားတာတွေ့ရတယ်။ (ပုံ-၄၀)

မြေအိုးနဲ့ မြေခွက်ရဲ့ လက်ရာဟာ သိတ်ကောင်းတယ်။ နောက်ခေတ်က အီဂျစ်အိုးလုပ်သမားတွေလိုက်လို့ မမှီနိုင်ဘူး။ ဒီ သင်္ချိုင်း ရဲ့ တွင်းတတွင်းမှာ၊ ဆင်စွယ်ဇွန်းကို လူသေရဲ့လက်ထဲမှာထဲ့ပြီး၊ သူ့ မျက်ခွက်နားမှာ ချထားတာကို တွေ့ရတယ်။ အဲဒါကတော့ တခြား မဟုတ်ပါဘူး။ ဒီသေတဲ့လူဟာ နောင်ဘဝမှာ အစာစားယင်၊ ဒီဆင်စွယ်ဇွန်းနဲ့ စားနိုင်ဘို့ဆိုတဲ့ သဘောပါပဲ။အပ်တွေကတော့ အရိုးနဲ့လုပ်ထားတဲ့ အပ်တွေဖြစ်တယ်။ လျှော်နဲ့ ရက်ထားတဲ့ ချည်ထည်တွေကိုဖြစ်ဖြစ်၊ တိရစ္ဆာန်တွေက ရတဲ့သားရေကိုဖြစ်ဖြစ်၊ အဝတ်အထည် ချုပ်ချင်ယင်၊ ဒီအပ်တွေနဲ့ ချုပ်နိုင်တယ်။ ဒီအပ်တွေကတော့ အလယ်ကျောက်ခေတ် တုန်း က တွေ့ရတဲ့ အပ်တွေနဲ့တူတယ်။

---

၁။ ဗူးမားရင်း = Boomerang

**ကြေးနီချိတ်ကလေးတချောင်းကို** အထောက် အထား ပြုပြီး စိတ်ကူးကောင်းတဲ့ သမိုင်းဆရာကြီး ဘရက်စတက်ကဒီလိုစိတ်ကူးကြည့်တယ်။ အီဂျစ်နိုင်ငံရဲ့ အရှေ့မြောက်က ကြေးနီသတ္တုတွင်းတွေ ရှိတဲ့ ဆိုင်းနိုင်းကျွန်းဆွယ်[၁]ထဲကို အီဂျစ်နိုင်ငံသားတယောက်ဟာ ခရီးလှဲ့ရင်း ရောက်သွားတယ်။ သူစခန်းချတဲ့ မြေကြီးပေါ်မှာ ကြေးနီ သတ္တုရိုင်း အပိုင်းအစတွေ ပြန့်ကြဲနေတယ်။ ညကျတော့ ဒီအပိုင်းအစတွေပေါ်မှာ သူမီးမိုဘယ်။အဲဒီလိုမီးနဲ့အမြှိုက်ခံရတဲ့အခါ ကြေးနီဟာအရည်ပျော်ပြီး သတ္တုရိုင်းထဲက ထွက်လာတယ်။

မနက်မိုးလင်းလို့ ဒီလူဟာ ပြာတွေကို ရှောက် ဆွ တဲ့ အ ခါ၊ ဘောက်ခပြောင်နေတဲ့ ကြေးနီအခဲကလေးတွေကို တွေ့ရတယ်။ ဒီလူဟာ ဒီအခဲကလေးတွေ ကောက်ယူပြီး အံ့ဩတဲ့အနေနဲ့ နေရောင်မှာ ထောင်ကြည့်တယ်၊ အဲဒီလို လေးငါးကြိမ်လောက် မီးမိုပြီးတဲ့အခါ မီးမိုရဲ့ပတ်ဝန်း ကျင် မှာ ရှိ တဲ့ ကျောက် တုံးကျောက် ခဲ လိုလို သတ္တုရိုင်းတွေက၊ တောက်တောက်ပြောင်ပြောင် အခဲကလေးတွေ ထွက်လာတယ်ဆိုတာ သူတွေ့လာတယ်။

ဒီလူဟာ သူ့ဟာသူတော့သိသွားရှာမှာမဟုတ်ပါဘူး။ ဒါပေမဲ့ အခုလိုကြေးနီကိုသူတွေ့သွားတဲ့အချိန်က ဒိကမ္ဘာမှာ **သတ္တုခေတ်**[၂]စခဲ့ တယ်။ဒီလူသာ မြှော် မှန်း ကြည့်နိုင်မယ်ဆိုယင်၊ ဒီကြေးနီ[၃]ခဲကလေး တွေကစပြီး၊ နောင်သောအခါမှာ သံတိုင်တွေနဲ့လုပ်ထားတဲ့အဆောက် အဦတွေ၊ သံတံတားကြီးတွေ၊ စက်သံတွေနဲ့ ဆူညံနေတဲ့ စက်ရုံကြီး တွေ၊မီးရထားတွေ တဝိုးဝိုး တဒိုင်းဒိုင်းနဲ့ ပြေးနေတဲ့ သံလမ်း ရှေကြီး တွေ ဖြစ်ပေါ်လာတော့မယ်ဆိုတာကို သူမြင်ရမှာပဲ။

အကယ်၍သာ အဲဒီနေ့က ဒီကြေးနီခဲကလေးတွေကို ဒီလူ တွေ့ မသွားဘူးဆိုယင်၊ အခုမြင်နေရတဲ့ သံတိုင်နဲ့ အဆောက်အဦကြီးတွေ၊ သံတံတားတွေ၊ စက်ရုံကြီးတွေ၊ မီးရထား သံလမ်းကြီးတွေ အစရှိတဲ့

---

၁။ ဆိုင်းနိုင်းကျွန်းဆွယ် = Sinai Peninsula

၂။ သတ္တုခေတ်=The Age of Metal

၃။ ကြေးနီ=(မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၁၂၀)




(ပုံ-၄၀) နှောင်းကျောက်ခေတ် အိင်္ဂလိပ်သန္ဓိုင်းတခုကရရှိတဲ့ ပစ္စည်းတွေ (၁။ မြေအိုး၊ ၂။ မြေဇလုံ၊ ၃။ မြေခွက်၊ ၄။ ဆင်စွယ်ဗူး၊ ၅။ အရိုးဇွန်း၊ ၆။ အရိုးအပ်၊ ၇။ သစ်- ပူးမားရင်း၊ ၈။ လွှသွားရှိကျောက်ဓါး၊ ၉-၁၀။ သစ်နဲ့ ကျောက်မြှားခေါင်း၊ ၁၁။ ကြေးနီအပ်။)

အခုခေတ်ရဲ့ တိုးတက်မှုတွေ ဖြစ်ပေါ်လာချင်မှ ဖြစ်ပေါ်မယ်။ ရှေးကျောက်ခေတ်တွင်းမှာ၊ မျောက်ဝံတဝက်-လူတဝက် သတ္တဝါတွေဟာ မီးဖြစ်အောင်လုပ်တဲ့နည်းကိုတွေ့ခဲ့တဲ့အချိန်ကစပြီး၊ဒီကြေးနီခဲကလေးကို တွေ့တဲ့အချိန်အထိ၊ ဒီကြားကာလအတွင်းမှာ အဲဒီခေတ်တွေက ရှေးလူတွေဟာ ဒီကြေးနီခဲကလေးတွေတွေ့တာနဲ့ ယှဉ်ပြိုင် လောက် အောင် အရေးပါအရာရောက်တဲ့ အောင်မြင်မှုကို၊ တခုမှ တွေ့မသွားကြဘူးလို့ သမိုင်းဆရာကြီး ဘရက်စတက်က အားရပါးရ ဖော်ပြထားတယ်။

ဒီကြေးနီကို စပြီးတွေ့တာ၊နှစ်ပေါင်း ၇၀၀၀-လောက်ရှိသွားပြီလို့ ရှေးဟောင်းသုတေသနပညာရှင်တွေက ခန့်မှန်းကြတယ်။ ဒီလို ကြေးနီကို စတွေ့တွေ့ချင်း လူသုံး မများသေးဘူး။ နောက်နှစ်ပေါင်း ရာပေါင်းအတော်ကြာလာတော့မှ၊ ကြေးနီကရိယာ တန်ဆာပလာတွေ ကြေးနီလက်နက်တွေ ပေါ်လာကြတယ်။

ဥရောပဘိုက်မြောက်ပိုင်းက စတုတ္တရေခဲပြင်ကြီး ဆုတ်သွားပြီး အခုရှိနေတဲ့ နေရာကို ရောက်နေတာ နှစ်ပေါင်း ၉,၀၀၀ နီးပါးခန့်ရှိပြီ လို့၊ဘူမိဗေဒပညာရှင်တွေက ခန့်မှန်းတယ်။ အဲဒါကြောင့် ဒီနှောင်း ကျောက်ခေတ်မှာ မြေထဲပင်လယ် မြောက်ပိုင်းရဲ့ ရာသီဥတုဟာ၊ ဒီ ကနေ့ ရာသီဥတုလို နေသာ ထိုင်သာ ဖြစ်နေပြီ။ ဒါပေမဲ့ လူတွေက တော့၊ နိုင်းမြစ်ဝှမ်းက လူတွေလို တိုးတက်မှု မရှိကြသေးဘူး။ နိုင်းမြစ် ဝှမ်းက လူတွေဟာ 'အစာထုတ်ခေတ်'ကို ရောက်နေတဲ့အခါ၊ ဒီလူတွေ ကတော့'အစာရှာခေတ်မှာ'ပဲ ရှိကြသေးတယ်။ သူတို့မှာ၊ အိမ် မွေး ကျွဲနွားလဲ မရှိသေးဘူး။ ကောက်ပဲသီးနှံ၊ အိုးခွက်၊ သွေးထားတဲ့ ကျောက်ကရိယာတန်ဆာပလာ၊ ချော်ချည်အဝတ်အထည် ဆိုတာတွေ လဲ မရှိကြသေးဘူး။

အဲဒီအချိန်တုန်းက၊ဂျီဘရော်တာ[၁] နဲ့ စစ်စလီကျွန်း[၂] တဝိုက်မှာ ကုန်းပေါ်ပြီး၊ ဥရောပတိုက်နဲ့ အာဖရိကတိုက်ကို ကုန်းလမ်း ပေါက်နေ သေးတယ်။အဲဒီ ကုန်းလမ်း နှစ်လမ်းက နေပြီး၊နိုင်းမြစ်ဝှမ်းကတိုးတက် မှုတွေဟာ ဥရောပတိုက်ကို ပြန့်ပွားလာကြတယ်။ ဒီကုန်းလမ်း နှစ်လမ်း အပြင် ကရိကျွန်းဘက်က ရေလမ်း တလမ်းလဲ ရှိသေး တယ်။ ဒီရေ လမ်းကနေပြီးတော့လဲ၊နိုင်းမြစ်ရဲ့ တိုးတက်မှု တွေဟာ ဥရောပတိုက်ကို ရောက်လာကြသေးတယ်။

ဒီကရိကျွန်းမှာ ရှေးဟောင်း နန်းတော်နေရာကို တူးကြတုန်းက၊ ဒီနန်းတော်တွေရဲ့အောက်မှာ အိမ်ဟောင်းတွေကို တွေ့ရတယ်၊ ဒီအိမ် တွေထဲမှာ၊ နှောင်းကျောက်ခေတ်က လူတွေ သုံးသွားကြတဲ့ သွေးထား တဲ့ ကျောက်ပေါက်ဆိန်တွေကို တွေ့ရတယ်။ အိမ်တအိမ် ရဲ့ အခန်း တခန်းထဲမှာ၊ အီဂျစ်က ကြေးနီပေါက်ဆိန် တခုကိုလဲ တွေ့ရတယ်။ ဒီ ကြေးနီပေါက်ဆိန်ကို ထောက်ထားပြီး၊ နိုင်းမြစ်ဝှမ်းက ပင်လယ်ကူး လှေတွေဟာ၊ ကရိကျွန်းကို ဘာတွေယူလာတယ်၊ ဥရောပတိုက်မှာတွေ့ ရတဲ့ ရှေးအကျဆုံး သတ္တုပစ္စည်းတွေဟာ၊နိုင်းမြစ်ဝှမ်းက ဘယ်လိုရောက်

---

၁။ ဂျီဘရော်တာ = Gibraltar

၂။ စစ်စလီကျွန်း = Sicily



(ပုံ-၄၁) နှောင်းကျောက်ခေတ်-ကန်ရွာ (ဆွစ်ဇာလန်နိုင်ငံ ကန်ကြီးတကန်ထဲမှာ)

လာကြတယ်ဆိုတာတွေကို ခန့်မှန်းနိုင်တယ်။လေး၊မြှားနဲ့၊ ဝံပုလွေက ဆင်းသက်လာတဲ့ အိမ်ခွေးဆိုတာတွေဟာလဲ၊ နိုင်းမြစ်ဝှမ်းက ဥရောပ တိုက်ကို ပြန့်ပွားလာတယ်လို့၊ ရှေးဟောင်း သုတေသနပညာရှင်တွေ ယူဆကြတယ်။

နိုင်းမြစ်ဝှမ်းရဲ့ တိုးတက်မှုတွေ ပြန့်ပွားလာတဲ့ အချိန်က စပြီး **ဥရောပတိုက်မှာ နှောင်းကျောက်ခေတ်က လူတွေဟာ၊ အမဲလိုက်တာ ကို စွန့်ပြီး၊လယ်ယာစိုက်ပျိုးလို့** ကောင်းမဲ့မြစ်နီးချောင်းနီးနေရာတဝိုက် မှာ အခြေစိုက်ကြတယ်။ ဒီလို အခြေစိုက်သွားတဲ့ နေရာတွေ ထဲမှာ အထင်ရှားဆုံးကတော့ဒဲန်ျုမြစ်[၁] ဝှမ်းပဲ။

အဲဒီ နှောင်းကျောက်ခေတ် အစက၊ လယ်ယာတွေကို ဘယ်သူမှ မပိုင်ကြသေးဘူး။ ဒီလူတွေရဲ့ မိသားစုတွေ အင်အားရှိသလို၊ ဆင်းပြီး ထွန်ယက်ကြတာပဲ။ ဒီလို ထွန်ယက်နေကြရင်းက ကြာလာတဲ့အခါ၊ လက်ရှိ လုပ်ကိုင်နေတဲ့ လူတွေက ဒီလယ်ယာတွေကို ကိုယ်ပိုင်အဖြစ်နဲ့ သိမ်းလိုက်ကြတယ်။ အဲဒီ အချိန်ကစပြီး **လယ်ပိုင်ရှင် ယာပိုင်ရှင် လူ တန်းစား**ဆိုတာ ပေါ်လာတယ်။ ဒီ လယ်ပိုင်ရှင် ယာ ပိုင်ရှင်တွေဟာ

၁။ ဒဲန်ျုမြစ် = R. Danube



(ပုံ-၄၂) ကျောက်ခေတ်သစ် ပြင်သစ်ပြည်က ကျောက်ဂူသင်္ချိုင်းကြီး
(ရှေးလူတွေဟာ သေဆုံးတဲ့သူတို့ရဲ့ အကြီးအကဲတွေကို ကိုးကွယ်တဲ့
အနေမျိုးနဲ့ တရိုတသေမြှုပ်နှံတတ်လာကြတယ်။)

အတော်ကလေး တောင့်တောင့် တင်းတင်းရှိလာတဲ့အခါ၊ သူတို့ လယ်တွေကို သူတို့ကိုယ်တိုင် မလုပ်ကြတော့ပဲ၊ **လယ်ကူလီတွေနဲ့** လုပ်ကြတယ်။ လယ်ပိုင်ရှင် ယာပိုင်ရှင်တွေဟာ လောဘသားတွေ ဖြစ်ကြတဲ့အတိုင်း၊ လယ်ကူလီတွေ ရသင့်ရထိုက်ထာတွေကို မပေးကြတဲ့အတွက် လယ်ပိုင်ရှင် ယာပိုင်ရှင်တွေနဲ့ လယ်ကူလီတွေရဲ့ ရန်ပွဲတွေဟာ၊ အတော်ကလေး ကြာတဲ့အခါ ဥရောပတိုက်မှာ ပေါ်ပေါက်လာကြတယ်။

အဲဒီခေတ်က ဥရောပတိုက်သားတွေရဲ့ အိမ်တွေလဲ၊ အစတုန်းကတော့ သစ်ကိုင်း သစ်ခက်တွေကို ရွှံ့နဲ့အုံပြီး ကာမိုးထားတဲ့အိမ်မျိုးပါပဲ။ နောက်တော့ ဒီလူတွေဟာ အိမ်ဆောက်ကရိယာ တန်ဆာပလာတွေကို တီထွင်လာနိုင်ကြတဲ့အတွက် သူတို့ရဲ့အိမ်တွေဟာ၊ သစ်သားအိမ်တွေဖြစ်လာကြတယ်။ သူတို့ရဲ့ အိမ်ဆောက် ကရိယာတန်ဆာပလာတွေ ထဲမှာ၊ စူး၊ဆောက်၊လွှ၊တူ၊လွှန်၊ဓား၊ ဓားသွေးကျောက် အစရှိတဲ့ လက်သမားကရိယာ တန်ဆာပလာတွေ စုံစုံလင်လင် ရှိနေတာကို တွေ့ရတယ်။ အဲဒီ **နှောင်းကျောက်ခေတ်က ဆောက်သွားကြတဲ့ သစ်သားအိမ်တွေကို၊ဆွစ်ဇာလန်နိုင်ငံ**[၁]က ဆွစ်ဇာလန် ကန်ကြီးထဲမှာ အများကြီးတွေ

၁။ ဆွစ်ဇာလန်နိုင်ငံ = Switzerland



(ပုံ-၄၃) 'စတုန်းဟင့်' ခေါ် ကျောက်တုရှိုင်။ 'ဒရူးအစ်' ခေါ် ရှေးရသေ့ကြီးတွေ နေနတ်ပူဇော်ပွဲ ကျင်းပရာဒေသလို့၊ တချို့က ယူဆကြတယ်။ (ဂူနေရှေးလူတွေဟာ ဂူမှောင်အတွင်းက နေရောင် အလင်းကို မျက်နှာမူစပြုလာကြပြီလို့ ဆိုရပေမယ်။)

ရတယ်။(ပုံ-၄၁) ဒီအိမ်တွေဟာ ရေအောက်မှာ မြုပ်နေတဲ့ အတွက် ၁၈၅၄-ခုနှစ်လောက်အထိ ဘယ်သူမှ မမြင်ကြရဘူး။ ၁၈၅၄-ခုနှစ်မှာ ဆွစ်ဇာလန် ရေကန်ကြီးဟာ ရေခန်းခြောက်သွားတော့မှ ဒီအိမ်တွေ ပေါ်လာကြတယ်။

ဒီလို သစ်သားအိမ်တွေကို ဆောက်ပြီးလို့ အတော်ကြာလေးကြာ လာတဲ့အခါ၊ ဒီလူတွေဟာ ကျောက်နဲ့လုပ်တဲ့အဆောက်အဦတွေအထိ တိုးတက်ပြီး ဆောက်နိုင်ကြတာကို တွေ့ရတယ်။ သူတို့ရဲ့ အကြီးအကဲ တွေ **သေတဲ့အခါမြှုပ်ဘို့အတွက်၊ သူတို့ဆောက်သွားကြတဲ့ ကျောက်ဂူ** တွေဟာ၊မြေထဲပင်လယ်ကမ်းခြေက စပိန်ပြည်ကိုပတ်ပြီး ဒိန်းမတ်နိုင်ငံ တောင်ပိုင်းအထိ၊ ဥရောပ အနောက်ဘက် ကမ်းတလျှောက်မှာ အများ အစား တွေ့နိုင်တယ်။ ပြင်သစ်နိုင်ငံ(ပုံ-၄၂)နဲ့ အင်္ဂလန်နိုင်ငံ(ပုံ-၄၃) တွေမှာလဲ အတော်များများ တွေ့နိုင်တယ်။ ဒီနှစ်နိုင်ငံမှာ တွေ့ရတာ တွေဟာ၊ ပိုပြီးကြီးကျယ်တယ်။ ကျောက်ဂူတွေမှာတွေ့ရတဲ့ လက်ရာတွေ ကတော့။မသေသပ်လှပါဘူး။ **အစလက်ရာတွေဆိုတော့ ခပ်ကြမ်းကြမ်း ပဲ ရှိကြသေးတယ်**။ (ပုံ-၄၄)

ကျောက်ဂူတွေများများစုနေတဲ့နေရာတွေမှာ၊ဒီကျောက်ဂူတွေကို ဆောက်သွားကြတဲ့ လူတွေနေတဲ့မြို့တွေ ရှိခဲ့ဘူးတယ်ဆိုတာ သိနိုင်တယ်။



(ပုံ-၄၄) ကျောက်တုရိုင်ကို အခုအခါတွေ့မြင်ရပုံ
အင်္ဂလန်နိုင်ငံ၊ အိမ်းစဘာရီအရပ်၊ ဆော့စဘာရီလွင်ပြင်မှာ ရှိတယ်။

တချို့ နေရာတွေမှာဆိုယင် ဒီမြို့တွေရဲ့ အစအနတွေကို တွေ့ရတယ်။ ဒီလိုလူတွေ အများကြီးစုဝေးပြီး မြို့တွေတည်နိုင်ဘို့အတွက်၊ ဒီလိုမြို့တည်ပြီးပြန်ယင်လဲ မြို့ကို ကာကွယ်ဘို့ မြေမြို့ရိုးတွေ လုပ်ဘို့အတွက်၊ အကြီးအကဲတွေသေယင် မြှုပ်ဘို့ ကျောက်ဂူကြီးတွေ တည်ဆောက်ဘို့အတွက်၊ အလားတူ အလုပ်ကြီး အကိုင်ကြီးတွေကို မြို့သူမြို့သားတွေ စုပေါင်းပြီး လုပ်ကြဘို့အတွက်၊ မြို့သူမြို့သားတွေရဲ့ ငြိမ်ဝပ်ပိပြားရေး၊ ပဋိပက္ခမှုများကို ဖြေရှင်းပေးရေး၊ ကာကွယ်ရေး တို့အတွက် ဒီမြို့သူမြို့သားတွေအပေါ်က အုပ်ချုပ်တဲ့ စီမံခန့်ခွဲတဲ့ အဖွဲ့အစည်းတခုခု ရှိရ လိမ့်မယ်။ အဲဒါကြောင့် ဒီလိုမြို့တွေတည်တဲ့ အချိန် လောက် မှာ ခေါင်း ဆောင်တယောက်ဦးစီးတဲ့ အစိုးရအဖွဲ့မျိုးတွေ စပြီးပေါ်လာကြပြီ။

ဒီလို အကြီးအကဲတဦးက အုပ်ချုပ်ပြီး၊ မြို့သူမြို့သားတွေ ပိုင်တဲ့ လယ်ယာတွေ ခြံရံနေတဲ့ မြို့ရိုးနဲ့ မြို့တမြို့ဟာ၊ မြန်မာ့သမိုင်းမှာ မကြာခဏပေါ်ခဲ့ဘူးတဲ့၊ မြို့စားတွေ အုပ်ချုပ်ရတဲ့ ပြည်နယ်တွေနဲ့ တူ တယ်။ အဲဒီလို ပြည်နယ်တွေဟာ၊ နှောင်းကျောက်ခေတ်မှာ အများကြီး ပေါ်လာခဲ့ဘူးတယ်။ စွမ်း ရည် သ တ္တိ နဲ့ ပြည့်စုံတဲ့ ခေါင်း ဆောင် ကောင်းတယောက်လောက် ပေါ်လာတဲ့အခါ၊ အ နော် ရ ထာ၊ ဘု ရင့် နောင်၊ အလောင်းဘုရားတို့ မြန်မာနိုင်ငံတော် ထူထောင်သွားကြသလို၊ ဒီခေါင်း

ကျောက်တုရိုင် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၄၃)

ဆောင်ကောင်းဟာ၊ပြည်နယ်တွေကို စုပေါင်းပြီး နိုင်ငံတနိုင်ငံဖြစ်သွား အောင် ထူထောင်လိုက်တယ်။

တောင်သူလယ်သမားတွေရဲ့အကြောင်းကို ပြောပြီးလို့၊တိရစ္ဆာန် မွေးမြူပြီး အသက်မွေးကြတဲ့ လူတွေ(ပုံ-၄၅) အကြောင်းကို ဆက်ပြော ရအုံးမယ်။ **တိရစ္ဆာန်မွေးမြူတဲ့ လူတွေ**ဟာ၊ လူတန်းစားတမျိုး ဖြစ်လာ ကြတယ်။ သူတို့ဟာ ရွာနဲ့အိမ်နဲ့ အတည်တကျနေလို့ မဖြစ်ဘူး။ သူတို့ မွေးထားတဲ့ တိရစ္ဆာန်တွေ အစာဝဝလင်လင် စားနိုင်ကြဖို့အတွက် ရေကြည်ရာ မြက်နုရာကို လိုက်လံရှာဖွေကြရင်း၊သူတို့ဟာ တနေရာပြီး တနေရာ ပြောင်းနေကြရတယ်။ ဒီလူတန်းစားမျိုးကို သမိုင်းဆရာတွေက **ခြေသလုံး အိမ်တိုင်သမားတွေ**လို့ ခေါ်ကြတယ်။ တနေရာပြီး တနေရာ လှည့်လည်သွားလာနေကြသူတွေလို့ အဓိပ္ပါယ်ရတယ်။

ဒီနည်းအားဖြင့်၊ ကောက်ပဲသီးနှံ မျိုးစေ့က တောင်သူ လယ် သမားတွေကို ဖန်တီးပေးပြီး၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တွေက ခြေသလုံး အိမ်တိုင်သမားတွေလို့ ခေါ်တဲ့ ကျွဲကျောင်း သား၊ နွားကျောင်းသား၊ ဆိတ်ကျောင်းသား၊ သိုးကျောင်းသားတွေကို ဖန်တီးပေးလိုက်တယ်။ ဒီအချက်ကို အထူးမှတ်ထားဖို့ လိုတယ်။ သမိုင်းရဲ့ နောက်ဆက် ပြော ရမဲ့အခန်းတွေမှာ၊ **ဒီခြေသလုံးအိမ်တိုင်သမားတွေဟာ** ရေကြည်ရာ မြက်နုရာတွေကို လျှောက်သွားနေကြရင်းက၊တခါတခါ အင်အားတောင့် တင်းလာတဲ့အခါ၊ တောင်သူလယ်သမားတွေနေတဲ့ **မြို့တွေ ရွာတွေကို ဝင်ဝင်ပြီး စီးတဲ့**အကြောင်းတွေ ပါလာလိမ့်မယ်။

ဒီ နှောင်း ကျောက် ခေတ် မှာ **အရောင်းအဝယ်**စပြီ။ ဒါပေမဲ့ ရွှေငွေ မပေါ်သေးတဲ့အတွက် **ကုန်ချင်း လဲလှယ်တဲ့စနစ်**နဲ့ အရောင်း အဝယ်လုပ်ကြရတယ်။

အဲဒီနှောင်းကျောက်ခေတ်က ဥရောပတိုက်သားတွေဟာ၊ မုဆိုး ဘဝက တောင်သူလယ်သမားဘဝကို ကူးပြောင်းလာကြပြီးတဲ့နောက် သူတို့မှာ တိုးတက်မှုဆိုလို့ မရှိသလောက်ပဲ။ **ဒီနှောင်းကျောက်ခေတ် ဟာ၊ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၃,၀၀၀-လောက်မှာ ကုန်ဆုံးသွား တယ်**။ အခုအချိန်က ဆိုယင်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅,၀၀၀-လောက် ရှိသွားပြီ။ အဲဒီခေတ် မကုန်ဆုံးမီ နှစ်ပေါင်းများစွာကထဲက၊အာဖရိက



ဂုံ့ဟ္မါကြီးဇိခန္ဒင်ဇိဗ္ဗလ ဏဲခလ်းဋ္ဌင်ဃိယ (၆၁-ဂုံ့)

မြောက်ပိုင်းနဲ့ ဥရောပတိုက်နဲ့ ဆက်ထားတဲ့ **ဂျီဘရော်တာ ကျွန်းဆက်နဲ့ စစ်စလီကျွန်းတဝိုက်က ကုန်းလမ်း နှစ်လမ်းဟာ၊ ရေမြုပ် ကုန်ကြပြီ။** အဲဒါကြောင့် နိုင်းမြစ်ဝှမ်းက တိုးတက်မှုတွေဟာ၊ ရှေးတုန်းကလို ဥရောပတိုက်ကို မပြန့်ပွားနိုင်တော့ဘူး။

ဒီနှောင်းကျောက်ခေတ်သာ ကုန်သွားရော၊ ဥရောပ တိုက်သားတွေမှာ အရေးအသား စာပေ မရှိသေးဘူး။ သတ္တုကို မသုံးတတ်ကြသေးဘူး။ ရှက်လှေတွေ မရှိသေးဘူး။ အခု ပြောခဲ့တာတွေမရှိပဲ၊ တိုးတက်မှုမဖြစ်နိုင်ဘူး။ ဒီခေတ်နဲ့ တခေတ်ထဲလောက်မှာ၊ **အီဂျစ်နိုင်ငံနဲ့ မြေထဲပင်လယ်ရဲ့ အရှေ့ဘက်ဖျားဆီက နိုင်ငံတွေဟာ၊ အတော် တိုးတက်နေကြပြီ။**

ဒီနိုင်ငံတွေကိုသမိုင်းအသုံးအနှုန်းအရ**ကမ္ဘာ့အနီးအရှေ့ပိုင်း**[၁] လို့ ခေါ်တယ်။ ဥရောပတိုက်နှင့်နီးတဲ့ ကမ္ဘာ့အရှေ့ပိုင်းလို့ အဓိပ္ပာယ်ရတယ်။ တရုပ်နိုင်ငံ၊ ဂျပန်နိုင်ငံတွေကတော့၊ ဥရောပတိုက်နဲ့ဝေးနေတဲ့ ကမ္ဘာ့ အရှေ့ပိုင်း တွေ ဖြစ်နေတဲ့အတွက် သူတို့ကို **ကမ္ဘာ့ အဝေး အရှေ့ပိုင်း**[၂]လို့ ခေါ်တယ်။

အဲဒီ **ကမ္ဘာ့အနီး အရှေ့ပိုင်း နိုင်ငံတွေမှာဆိုယင်၊ ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၄,၀၀၀-က၊ခရစ်တော်မပေါ်မီ နှစ်ပေါင်း၃,၀၀၀ အထိ၊ နှစ်ပေါင်းတထောင်အတွင်းမှာ၊ ယဉ်ကျေးမှုဟာ အတော် တိုးတက်လာတာကို** တွေ့ရတယ်။

ခရစ်တော်ပေါ်တာ နှစ်ပေါင်း ၂,၀၀၀-ခန့်ရှိသွားပြီ။ အဲဒါကြောင့် ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၄,၀၀၀-နဲ့၃,၀၀၀-အတွင်း ဆိုတာဟာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆,၀၀၀-နဲ့ ၅၀၀၀-အတွင်းက အချိန်ကို ဆိုလိုတယ်။ အဲဒီ အချိန်အတွင်းမှာ၊ ကမ္ဘာ့အနီး အရှေ့ပိုင်း နိုင်ငံတွေမှာ၊ ဘယ်လို တိုးတက်လာတယ်ဆိုတဲ့ သမိုင်းကို ရှေ့အခန်းတွေမှာ ဆက်ပြောမယ်။

---

၁။ ကမ္ဘာ့ အနီး အရှေ့ပိုင်း = အရှေ့ အနီးပိုင်း = အနောက် အာရှ
The Near East

၂။ ကမ္ဘာ့ အဝေး အရှေ့ပိုင်း = ကမ္ဘာ့ အရှေ့ တိုင်းဖျား = အရှေ့အာရှ
The Far East

[မှတ်ချက်။ ။ခရစ်တော်ပေါ်တာ နှစ်ပေါင်း ၂၀၀၀-ခန့်ရှိသွားပြီ။ ဒါကြောင့် ခရစ်တော်မပေါ်မီနှစ်လို့ဆိုယင်၊ အဲဒီနှစ်နဲ့နှစ်ပေါင်း၂,၀၀၀-နဲ့ အမြဲပေါင်းရမယ်။ အဲဒီလိုပေါင်းယင်၊ ခုအချိန်အထိ ဘယ်နှစ်နှစ် ရှိပြီဆိုတာ သိရမယ်။ ဥပမာ-ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၆၀၀၀-လို့ ဆိုယင်၊ ခုအချိန်အထိ နှစ်ပေါင်း ၈၀၀၀-ရှိသွား ပြီလို့ ဆိုလိုတယ်။ ခရစ်တော် မပေါ်မီ* ဆိုတဲ့စကားကို အတို ကောက်အားဖြင့် (ဘီ၊စီ) လို့ ခေါ်တယ်။ ခရစ်တော် ပေါ်ပြီး နောက်† ဆိုတဲ့စကားကို အတိုကောက် (အေ၊ဒီ) လို့ ခေါ် တယ်။]

---

## အခန်း ၂။

## ကျောက်ခေတ်

### မှတ်စရာ လေးခု၊ ဂရုပြု။

(၁) ရှေးကျောက်ခေတ်မှာ၊ လူမဖြစ်တဖြစ် သတ္တဝါတွေဟာ ကျောက်ပေါက်ဆိန်လို ကရိယာမျိုး အလွယ်တကူလုပ်နိုင်ဘို့ ကျောက် တောင် ရှိတဲ့၊ ကျောက် တုံးတွေ ပေါ တဲ့၊ မြစ်ချောင်းကမ်းဘေးတွေမှာ နေကြတယ်။ အလွန်ဧတဲ့ ရာသီဥတုနဲ့ သားရဲတိရစ္ဆာန်ဘေးတို့က ကာကွယ်ဘို့၊ မီးကို တဖြေးဖြေး အသုံးပြုတတ်လာကြတယ်။ မိန်းမ

---

* ခရစ်တော်မပေါ်မီ = ဘီ၊စီ = B. C. = Before Christ

† ခရစ်တော်ပေါ်ပြီးနောက် = အေ၊ဒီ = A. D. = Anno Domini (In the year of our Lord)

တွေက ထင်းခွေပြီး၊ ယောကျ်ားတွေက အမဲလိုက်ကြတယ်။ အုပ်စုနဲ့ နေကြပြီး၊ အုပ်စုတစုမှာ ဆို ယင် ယောကျ်ားကြီးတဦးနဲ့ မိန်းမတွေ ခပ်များများ ရှိကြတယ်။ သစ်ဥသစ်ဖုနဲ့ အမဲသားကို (တခါတလေ လူ့အသားကိုတောင်) စားကြတယ်။ တိရစ္ဆာန်သားရေကို အဝတ် အထည်အဖြစ် သုံးတတ်လာပြီ ဆိုရသော်လဲ၊ ကိုယ်တုံးလုံးပဲ အနေ များကြသေးတယ်။ ရှေးကျောက်ခေတ်ကို 'အစာရှာခေတ်' လို့လဲ ခေါ်ကြတယ်။

(၂) **အလယ်ကျောက်ခေတ်မှာ** စူး၊ ဆောက်၊ တူ၊ ဓားမြှောင် တွေကို ကျောက်နဲ့လုပ်ကြတယ်။ ဒါပေမဲ့ ကျောက်ကရိယာတန်ဆာ တွေရဲ့ အသွားဟာ အမတန် ထက်လာတာကို တွေ့ရတယ်။ ဆင်စွယ် အပ်၊ ဆင်စွယ်အသွား တပ်ထားတဲ့လှံတွေအပြင် ချိုးမွှမ်းဘို့ကောင်းတဲ့ လှံထဲ့ပြီးပစ်လို့ရတဲ့ ကရိယာကိုလဲ လုပ်တတ်လာကြပြီ။ သို့သော် သစ် ခုတ်တဲ့ ပေါက်ဆိန်ကို ထွင်မသွားနိုင်ကြတဲ့အတွက် အိမ်ကိုတော့ မဆောက်နိုင်ကြဘူး။ လိုဏ်ဂူတွေထဲမှာ နေရတုန်းရှိသေးတယ်။ အမဲ လိုက်ခြင်းဟာ အဓိကလုပ်ငန်း ဖြစ်တဲ့အတွက်၊ သမိုင်းဆရာတွေက အလယ်ကျောက်ခေတ်ကိုလဲ 'အစာရှာခေတ်' ထဲကိုပဲ သွင်းရလိမ့် မယ်လို့ ဆိုကြတယ်။ အစားအစာအဖြစ် သစ်ဥသစ်ဖုနဲ့ အမဲသားကိုပဲ အားထားကြရတယ်။ အိုးခွက်မလုပ်တတ်ကြသေးတဲ့အတွက်၊ မီးကင် မီးမြှိုက် စားကြတယ်။ အဝတ်အထည်အဖြစ် တိရစ္ဆာန်သားရေကို သုံးကြတယ် ဆိုသော်လဲ၊ အများအားဖြင့် ကိုယ်တုံးလုံးပဲ နေထိုင်ကြ သေးတယ်။ မိန်းမတွေဟာ အရွယ်မရောက်ခင် အိမ်ထောင်ကြတဲ့ အတွက်၊ ထွားထွားကြိုင်းကြိုင်းမရှိကြဘူး။ သူတို့နေတဲ့ လိုဏ်ဂူ မျက် နှာကျက်နဲ့ နံရံတွေပေါ်မှာရော၊ အပြင်ဘက်က ကျောက်တုံးကြီးတွေ ပေါ်မှာရော၊ ပန်းချီလက်ရာတွေ ကျန်ရစ်ခဲ့တယ်။

(၃) **နှောင်းကျောက်ခေတ်မှာ** (က) သစ်သားရိုး တပ်ထားတဲ့ ကျောက်ပေါက်ဆိန်ကို လုပ်တတ်ကြပြီဖြစ်တဲ့အတွက်၊ သစ်ခုတ်နိုင်ပြီး တဖြေးဖြေး အိမ်ဆောက်တတ်လာကြတယ်။ နှောင်အခါ ကျောက် အဆောက်အအုံ ဆောက်လုပ်နိုင်တဲ့အထိ တိုးတက် လာခဲ့ကြတယ်။ လေးနဲ့မြားကိုလဲ အသုံးပြုလာကြပြီ။

( ခ ) အလေ့ကျပေါက်နေတဲ့ ဂျုံ၊ ဘာလီ၊ ပြောင်းစေ့တွေကို လိုက်လံရှာဖွေယူတာထက်၊ ဒါတွေကို စိုက်ပျိုးယူတာ က ပိုကောင်း တယ်ဆိုတာကို သိရှိလာတဲ့အတွက်၊ လယ်ယာစိုက်ပျိုးခြင်းအစပြုပြီလို့ ဆိုရမယ်။

( ဂ ) ချက်ပြုတ် စား သောက် ဘို့ လဲ မြေအိုး၊ မြေခွက်၊ မြေ ပန်းကန်တွေ လုပ်တတ်လာကြပြီ။

(ဃ) တိရစ္ဆာန်မွေးမြူရေးလဲ စတင်ကြပြီ။

( င ) လျှော်နဲ့ရက်တဲ့ အထည်များကိုလဲ ရက်လုပ် နိုင်ကြပြီ။ ကုန်ချင်းဖလှယ်ပြီး အရောင်းအဝယ်လုပ်ကြပြီ။ အဲဒါကြောင့် နှောင်း ကျောက်ခေတ်ကို 'စိုက်ပျိုးရေးခေတ်'၊ 'အစာထုတ်ခေတ်'လို့လဲ သမိုင်း ဆရာများက ခေါ်ကြတယ်။ သင်္ချိုင်းတခုထဲက တူးဖေါ်ရရှိတဲ့ ပစ္စည်း တွေထဲမှာ ကြေးနီချိတ်ကိုလဲ တွေ့ရတဲ့အတွက် 'သတ္တုခေတ်'အစပြုပြီလို့ ဆိုရပေမယ်။

(၄) သို့သော် ကမ္ဘာမှာ တိုက်ကြီးခြောက်တိုက်ရှိတဲ့ အထဲက၊ တတိုက်က ကျောက်ခေတ်နဲ့ အခြားတတိုက်က **ကျောက်ခေတ်ဟာ၊ တပြိုင်ထဲ တချိန်ထဲ တွန်းကားတာ မဟုတ်ဘူး**။တချို့ကရှေးကျတယ်။ တချို့က နှောင်းတယ်ဆိုတာကိုလဲ သတိပြုရပေမယ်။



(မြေပုံ-၁) ကမ္ဘာမှာ ဦးစွာပထမ ယဉ်ကျေးမှု အစပြုတဲ့ဒေသတွေ

၁။ နိုင်း မြစ်ဝှမ်း ၂။ ယူဖရေးတီး နဲ့ တိုက်ဂရစ်မြစ်ဝှမ်း ၃။ အိန္ဒု နဲ့ ဂင်္ဂါ မြစ်ဝှမ်း

၄။ ဟွမ်ဟို နဲ့ ယမ်စီမြစ်ဝှမ်း ၅။ ကရိကျွန်း (အီဂျီအန်ဒေသ)



(ပုံ-၄၆)

## အခန်း ၃။

## အီဂျစ်

အီဂျစ်တနိုင်ငံလုံး၊မြေထဲပင်လယ်[၁]နဲ့ ထိနေတဲ့ ဒေသအနဲငယ်လောက်မှာသာ ဆောင်းတွင်းအခါ မိုးအနဲငယ် ရွာတယ်၊ ကျန်တဲ့ဒေသတွေမှာ မိုးအလျဉ်းမရွာဘူး။

အဲဒါကြောင့် အီဂျစ်နိုင်ငံသူ နိုင်ငံသားတွေဟာ စိုက်ပျိုးရေးအတွက်၊ နိုင်းမြစ်[၂]ကို မှီခိုအားထားနေကြရတယ်။ နိုင်းမြစ်ဟာ အီဂျစ်နိုင်ငံရဲ့ တောင်ဘက်ကနေပြီး မြောက်ဘက်ရှိ မြေထဲပင်လယ်ထဲကို စီးဆင်းသွားတယ်။ နိုင်းမြစ်မှာ ရေတံခွန် ခြောက်ခုရှိတယ်။ ပထမ ရေတံခွန်ဟာ ပင်လယ်က မိုင် ၆၀၀ လောက် ဝေး တယ်။ အဲဒီ ပထမရေတံခွန်အထိ၊လှေနဲ့သင်္ဘောတွေ သွားလာလို့ရတယ်။ ရှေးနှစ်ပေါင်းများစွာကထဲက၊ အီဂျစ်ရဲ့တောင်ပိုင်းမှာရှိတဲ့ အဘစ်ဆီးနီးယားနိုင်ငံမှာ ပူအိုက်တဲ့ရာသီတိုင်း ရွာလေ့ရှိတဲ့ မိုးကြောင့်၊ နိုင်းမြစ် ရေ တွေ ဟာ ကမ်းနှစ်ဘက်ကို အမြဲလျှံတက်လေ့ရှိတယ်။အဲဒီလိုလျှံတက်ပြီးမြစ်ရေလျော့ကျသွားတဲ့အခါ၊ မြစ်ရေနဲ့ အတူပါလာတဲ့ အဘစ်ဆီးနီးယားကုန်းမြင့်တွေက ရွှံ့နုန်းတွေဟာ၊ နိုင်းမြစ်ရဲ့ အရှေ့နဲ့ အနောက်ကမ်းနှစ်ဘက်စလုံးမှာ နုံးမြေတွေအဖြစ်နဲ့ကျန်ရစ်ကြတယ်။

---

၁။ မြေထဲပင်လယ် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၃၉၃)
၂၊ နိုင်းမြစ် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၁၁၆)

အီဂျစ်နိုင်ငံထဲက နိုင်းမြစ်တလျှောက်လုံးမှာ နုံးတက်နေတဲ့ မြေ ရဲ့အကျယ်အဝန်းဟာ၊ အရှေ့ဘက်အစွန်က အနောက်ဘက် အစွန် အထိ ၁၀-မိုင်ခန့်ပဲ ရှိလိမ့်မယ်။ အဲဒီမြေတွေကို စတုရန်းမိုင် အဖြစ်နဲ့ တွက်ကြည့်တဲ့အခါ၊ အီဂျစ် တနိုင် ငံလုံး မှာမှ စ တု ရန်း မိုင်ပေါင်း ၁၂,၀၀၀ လောက်ပဲ ရှိတာကို တွေ့ရတယ်။

နိုင်းမြစ်ရဲ့ အရှေ့အနောက် နှစ်ဘက်စလုံးမှာ၊ နုံးမြေဆုံးတာနဲ့ မြင့်မားတဲ့ ကျောက် ကမ္ဘား ကြီးတွေကို တွေ့ရတယ်။ အဲဒီ ကျောက် ကမ္ဘားကြီးတွေ အလွန်မှာ၊ ဆဟာရသဲကန္တာရ[၁]ကြီး စတာပဲ။ အရှေ့ ဘက်မှာရှိတဲ့ သဲကန္တာရဟာ သိပ်မကျယ်ဘူး၊ နိုင်းမြစ်ဝှမ်း (ပုံ-၄၇) က ပင်လယ်နီအထိပဲ ရှိတယ်။ ဒါပေမဲ့ အနောက်ဘက်က သဲကန္တာရ ကတော့ မိုင်ပေါင်း ရာပေါင်းများစွာ ကျယ်ပြန့်တယ်။

အီဂျစ်နိုင်ငံဟာ၊ အိန္ဒိယနိုင်ငံရဲ့ လေးပုံ တပုံလောက်အထိ ကျယ် ဝန်းပေမဲ့၊ ဆဟာရသဲကန္တာရကြီးက အင်မတန် ကျယ် ပြန့်နေတဲ့ အတွက်၊ အခုပြောခဲ့တဲ့ စတုရန်းမိုင်ပေါင်း ၁၂,၀၀၀ ခန့်ရှိတဲ့ နိုင်းမြစ် ဝှမ်းတလျှောက်မှာပဲ လူနေလို့ဖြစ်တယ်။ အဲဒါကြောင့် အီဂျစ်နိုင်ငံရဲ့ ရှေးသမိုင်းကို ပြောရမယ်ဆိုယင်၊ အခုပြောခဲ့တဲ့နိုင်းမြစ်ဝှမ်းမှာနေသွား ခဲ့ကြတဲ့ အီဂျစ်လူမျိုးတွေရဲ့ အကြောင်းကိုပဲ ပြောရမှာပဲ။

အီဂျစ်မှာ၊ အထက် အီဂျစ်နဲ့ အောက် အီဂျစ်ဆိုပြီး၊အပိုင်း နှစ် ပိုင်းရှိတယ်။ နိုင်းမြစ်ရဲ့ မြစ်ဝကျွန်းပေါ်ဒေသကို **'အောက်အီဂျစ်'** လို့ ခေါ်တယ်၊ **'အီဂျစ်မြောက်ပိုင်း'** လို့လဲ ခေါ်တယ်။ မြစ်ဝကျွန်းပေါ် ဒေသရဲ့ တောင်ဘက်အစွန်က နေပြီး နိုင်းမြစ်ရဲ့ ပထမရေတံခွန်အထိ မိုင်ပေါင်း ၅၀၀ ခန့်ရှိတဲ့ ဒေသကို **'အထက်အီဂျစ်'** လို့ ခေါ် တယ်၊ **'အီဂျစ် တောင်ပိုင်း'** လို့ လဲ ခေါ်တယ်။(မြေပုံ-၂)

ရှေးခေတ် အီဂျစ်လူမျိုးတွေဟာ၊ ကိုယ့်လူအုပ်နဲ့ ကိုယ် နေကြ တယ်။ အဲဒီ လူအုပ်တအုပ်မှာ၊ အမှတ်အသား အဖြစ်နဲ့ တိရစ္ဆာန်ရုပ် တရုပ်စီရှိကြတယ်။ ဒီတိရစ္ဆာန်ဟာ ကြာလာတော့၊ ဒီလူအုပ် ကိုးကွယ် တဲ့နတ်ဖြစ်လာတယ်။ဒီနတ်တွေထဲက ထင်ရှားတဲ့နတ်တွေဟာ **'သော့'**[၂]

၁။ ဆဟာရသဲကန္တာရ = (မြန်မာ့စွယ်စုံကျမ်း၊တွဲ ၄၊ နှာ ၁၃၂)
၂။ သော့=(သစ်တောက်ငှက်နတ်) Thoth



(ပုံ-၄၇) နိုင်းမြစ်ဝှမ်း

လို့ခေါ်တဲ့ **သစ်တောက်ငှက်နတ်**၊ ‘**ဆီဘက်**’[၁]လို့ ခေါ်တဲ့ **မိကျောင်းနတ်**၊ ‘**အနုဘစ်**’[၂]လို့ ခေါ် တဲ့ **ခွေးအနတ်**၊ ‘**ဘက်**’[၃] လို့ ခေါ်တဲ့ **ကြောင်နတ်**တို့ပဲဖြစ်တယ်။ ဒီလူအုပ်တွေဟာ၊ တအုပ်နဲ့တအုပ် အမြဲ တိုက်ခိုက်နေကြတယ်။ တအုပ်က နောက်တအုပ်ကို နိုင်ယင်၊ နိုင်တဲ့လူအုပ်ကိုးကွယ်တဲ့နတ်ကို ရှုံးတဲ့လူအုပ်က ကိုးကွယ်ရတယ်။ သူတို့ရဲ့မူလနတ်ကိုလဲ ကိုးကွယ်နိုင်တယ်၊ ဒါပေမဲ့ သူတို့ရဲ့ မူလနတ်တွေဟာ၊ နိုင်သူတွေရဲ့ နတ်တွေလောက် အတန်းအစားမမြင့်တော့ဘူး။

---

၁။ ဆီဘက် (မိကျောင်းနတ်) = Sebet

၂။ အနုဘစ် (ခွေးအနတ်) = Anubis

၃။ ဘက် (ကြောင်နတ်) = Bast (Bes)
ကြောင် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၁၇၄)

ဘီ၊စီ ၄၃၀၀ လောက်မှာ၊ဒီလူအုပ်စုတွေထဲက အားအကောင်းဆုံး အုပ်စုကြီး နှစ်စုပေါ်ထွက်လာတယ်။ ပထမအုပ်စုက သူတို့တဝိုက်မှာရှိတဲ့ အုပ်စုတွေကို သိမ်းသွင်းပြီး၊မြောက်ပိုင်း အီဂျစ်လို့ခေါ်တဲ့ မြစ်ဝကျွန်းပေါ်ကို အုပ်စိုးကြတယ်။ သူတို့ကိုးကွယ်တဲ့နတ်က၊ **မြွေ ဟောက်နတ်**ဖြစ်တယ်။ ဒီ နတ်ရုပ်ကို မြောက်ပိုင်းရှင်ဘုရင်တွေဟာ သူ တို့ ရဲ့ သရဖူမှာ အမြဲတပ်ထားတယ်။

ဒုတိယ အုပ်စုကလဲ၊ သူတို့ဘဝိုက်မှာရှိတဲ့ အုပ်စုတွေကိုသိမ်းသွင်းပြီး၊ တောင်ပိုင်းအီဂျစ်ကို အုပ်စိုးကြတယ်။ သူတို့ကိုးကွယ်တဲ့ နတ် က **'ဟောရပ်'**[၁] လို့ ခေါ်တဲ့ **သိမ်းငှက်**ဖြစ်တယ်။ ဒါပေမဲ့ သူတို့ရဲ့ အထိမ်းအမှတ် အရုပ်ကတော့ **'နီခီဘက်'**[၂] လို့ ခေါ်တဲ့ **ဋင်းတနတ်သွီး**ဖြစ်တယ်။ ဒီ နတ်တွေဟာ လူထုကိုးကွယ်တဲ့ လူထုနတ်တွေ ဖြစ်တယ်။

အခုပြောခဲ့တဲ့ မြောက်ပိုင်းနဲ့ တောင်ပိုင်း နှစ်ပိုင်းစလုံးမှာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀၀၀ လောက်ကစပြီး၊ ထီးဖြိုင်နန်းဖြိုင် ရှင်ဘုရင်တွေ အုပ်စိုးခဲ့ကြဘူးတယ်ဆိုတဲ့ သက်သေ အထောက်အထားတွေကို တွေ့ရတယ်။ ဒီနှစ်ပိုင်းစလုံးမှာ၊ မင်းဆက်တွေ အတော်များများ အုပ်စိုးသွားခဲ့ကြပေမဲ့၊ တောင်ပိုင်း မင်းဆက်ထဲက ဘယ်မင်းရဲ့ နာမယ်ကိုမှ ရှာမတွေ့ဘူး။ မြောက်ပိုင်း မင်းဆက်ထဲက မင်းခြောက်ပါးရဲ့ နာမယ်ကိုသာ ရှာတွေ့ရတယ်။ မင်းခြောက်ပါးထိ ဖြစ်ပေမဲ့၊ သူတို့ဟာ သမိုင်းရဲ့ ရှေးအကျဆုံးမင်းတွေဖြစ်နေတဲ့အတွက် သူတို့ရဲ့နံမယ်တွေဟာ၊ အင်မတန် တန်ဘိုးရှိတယ်။ အောက်အီဂျစ်ရဲ့ ရှင်ဘုရင်တွေဟာ၊ သူတို့ကိုးကွယ်တဲ့ မြွေဟောက်နတ်ရုပ်တပ်ထားတဲ့ သရဖူအနီကို ဆောင်းတယ်။ အထက် အီဂျစ်ရဲ့ ဘုရင်တွေကတော့၊သူတို့ကိုးကွယ်တဲ့ ဋင်းတနတ်သွီး ရုပ်တပ်ထားတဲ့ သရဖူအဖြူ အရှည်ကြီးကို ဆောင်းတယ်။

## ပထမပြည်ထောင်စု (ဘီ၊စီ ၄၃၀၀-၃၅၀၀)

ဒီအိမ်နီးချင်း နိုင်ငံနှစ်နိုင်ငံဟာ၊တကျက်ကျက်နဲ့ ရန်ဖြစ်နေကြမှာ ဓမ္မဘာပဲ။အဲဒီလို ရန်ဖြစ်နေကြရင်း၊သက္ကရာဇ်တော့ အသေအချာ

၁။ ဟောရပ် (သိမ်းငှက်) = Horus

၂။ နီခီဘက် (ဋင်းတနတ်သမီး) = Nekhebet

မြွေ= (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၁၀၊ နှာ ၄၂၀)

မပြောနိုင်ဘူး၊ ခန့်မှန်းခြေအရ ဘီ၊စီ ၄၃-ရာ စု အ တွင်း လောက် မှာ (အ ခု အ ချိန် က ဆို ယင်၊ နှစ်ပေါင်း ၆,၀၀၀-ကျော် လောက် မှာ) **ဒီ နှစ် နိုင်ငံ စစ်** ဖြစ် ကြ ပါ လိမ့် မယ်။ အဲဒီလို စစ် ဖြစ် တဲ့ **အခါ**၊အောက်အီဂျစ် က အထက်အီဂျစ်ကို နိုင်တဲ့ အ တွက်၊ ဒီ နှစ်ပိုင်းကို ပေါင်းပြီး **အီဂျစ်ပြည်ထောင်စု** ထူ ထော င် လိုက် တယ်။ ဒီပြည်ထောင် စုကို အုပ်စိုးတဲ့ ရှင် ဘု ရင် တွေ ဟာ၊ အီဂျစ်နိုင်ငံ နှစ် ပိုင်း စလုံးရဲ့ ရှင်ဘုရင်တွေ ဖြစ်တယ်ဆိုတာ ထင် ရှားအောင်၊ မြောက်ပိုင်း သရဖူ အနီ အတွင်း မှာ တောင် ပိုင်း သရဖူ အဖြူ တပ် ထားတဲ့၊ နှစ်ထပ် သရဖူကိုဆောင်းကြတယ်။ ဒီနှစ်ထပ် သရဖူမှာမှ မြောက်ပိုင်းရဲ့ မြွေ ဟောက် နတ် ရုပ်နဲ့ တောင်ပိုင်းရဲ့ ငှင်းတ နတ် သ မီး ရုပ် နှစ်ရုပ်စလုံးကို တပ်ထားတယ်။ (ပုံ-၄၀)



(ပုံ-၄၀) မြောက်ပိုင်းရဲ့ မြွေဟောက်ရုပ်နဲ့၊ တောင် ပိုင်းရဲ့ ငှင်းတနတ်သမီးရုပ် တပ်ဆင်ထားတဲ့၊ အီဂျစ် နိုင်ငံ နှစ်ပိုင်းစလုံးရဲ့ရှင်ဘုရင်ဆောင်းတဲ့ သရဖူ။

ဒီ ပ ထ မ ပြည် ထောင် စု ဟာ၊ နှစ် ပေါင်း ၈၀၀-ကျော် ခံတယ် လို့ ခန့် မှန်း ကြတယ်။ ဒီပြည်ထောင်စုရဲ့ နန်း စိုက် ရာ နေပြည်တော်ကို **ဟယ်လီ ယို ပိုလစ်**[၁] လို့ ခေါ် တယ်။ (မြေပုံ ၂-ရှ) 'အာဒိစ္စ ပူရ'၊ သို့မဟုတ်

---

၁။ ဟယ်လီယိုပိုလစ် (အာဒိစ္စပူရ) = **Heliopolis (The Sun City)**

‘နေ-နေပြည်တော်’ လို့ အဓိပ္ပာယ်ရတယ်။ ဒီနေပြည်တော်ဟာ အီဂျစ်ရဲ့ ပထမဆုံး နေပြည်တော်ဖြစ်တယ်။

ဒီလို ပထမပြည်ထောင်စု အီဂျစ်နိုင်ငံတော် ဖြစ်ပေါ်လာပြီးတဲ့နောက်၊ နိုင်ငံတော်အစိုးရကိုးကွယ်တဲ့ နိုင်ငံတော်နတ်နှစ်ပါး ပေါ်လာကြပြန်တယ်။ ပထမ နိုင်ငံတော်နတ်က ‘ရေး’[၁] (ရကောက်သံ) လို့ ခေါ်တဲ့ **နေနတ်** ဖြစ်တယ်။(ပုံ-၄၉) ဒီနေနတ်ဟာ အီဂျစ်နိုင်ငံသူ နိုင်ငံသားတွေကို အလင်းရောင်နဲ့ အပူငွေ့ပေးတယ်။ ဒုတိယနတ်က ‘**အိုဆိုင်းရစ်**’[၂] လို့ ခေါ်တဲ့ **နိုင်းမြစ်နတ်**ဖြစ်တယ်။ ဒီနိုင်းမြစ်နတ်က ရေနဲ့ နုံးမြေပေးတယ်။ ဒီနိုင်ငံတော် နတ်နှစ်ပါးကို၊နိုင်ငံအတွင်းမှာ အကြီးဆုံး နတ်နှစ်ပါးအဖြစ်နဲ့ နိုင်ငံသူနိုင်ငံသားတွေက ကိုးကွယ်ကြတယ်။

ရှင်ဘုရင်တွေဟာ **သက်ဦးဆံပိုင် ဘုရင်တွေ** ဖြစ် တယ်။ အင်မတန် တန်ခိုးကြီးတယ်။ နိုင်ငံသူနိုင်ငံသားတွေက သူတို့ကို ‘**ဖေးရိုး**’[၃] လို့ ခေါ်ရတယ်။ (ပုံ-၅၀) ‘ဖေးရိုး’ ဆိုတာ၊ အီဂျစ်ဘာသာ စကားအရ ‘အိမ်ကြီး’ သို့မဟုတ် ‘နန်းတော်’ လို့ အဓိပ္ပာယ်ရတယ်။ အဲဒီတော့ နိုင်ငံသူနိုင်ငံသားတွေက ဒီရှင်ဘုရင်ကို ‘ရွှေနန်းရှင်တွေ’ လို့ ခေါ်ရတယ်လို့ ဆိုလိုတာပါပဲ။

ဒီရှင်ဘုရင်တွေရဲ့ အာဏာနဲ့ရော၊ ရှင်ဘုရင်တွေက ထောက်ပံ့ထားတဲ့ ဘုန်းကြီးတွေရဲ့ဟောပြောချက်တွေနဲ့ရော စိုင်းပြီးမှိုင်းတိုက်လိုက်ကြတာ၊ နှစ်ပေါင်း အတော်ကလေးကြာတဲ့အခါ **ဒီဖေးရိုးတွေကို နိုင်ငံတော်ရဲ့ အကြီးဆုံးနတ်ဖြစ်တဲ့ နေနတ်က၊ ဆင်းသက် ပေါက် ဖွား လာကြတဲ့ သားတော်တွေ ဖြစ်တယ်လို့**၊ ပြည်သူလူထုက ယုံကြည်လာကြတယ်။

အဲဒီလို နေနတ်ရဲ့ သား စဉ် မြေး ဆက် တွေ ဖြစ် ကြ တာ က တကြောင်း၊ ထီးမွေ နန်း မွေ ကို ဆက်ခံတဲ့ နေရာမှာလဲ အကုအညီ ဖြစ်တာက တကြောင်းကြောင့်၊ မင်းညီမင်းသားတွေ၊ အိမ် ရှေ့ မင်းသားတွေ၊ ဖေးရိုးတွေဟာ၊သူတို့ရဲ့နှစ်မအရင်း၊ဖအေတူ မအေကွဲနှစ်မ၊

---

၁။ ရေး (**နေနတ်**) = **Re (The Sun-god)**
**အမွန်ရေး (Amon Re)** လို့လဲ ခေါ်တယ်။

၂။ အိုဆိုင်းရစ် (နိုင်းမြစ်နတ်) =**Osiris (The Nile-god)**

၃။ ဖေးရိုး=**Pharoah**

အဒေါ်၊လိုလာယင်မိဒွေးတွေကိုတောင်ပြန်ယူကြတယ်။အပြင်ဘက်က မိန်းမတွေကို မယူကြဘူး။ ဒီလို အတွင်းမှာပဲလှည့်ယူတဲ့ စနစ်ကြောင့် မင်းမျိုး မင်းနွယ်တွေရဲ့ကိုယ်ကာယကြံ့ခိုင်ရေးဟာ၊ အများကြီး ယိုယွင်း ဆုတ်ယုတ်ပျက်စီးလာတာကို တွေ့ရတယ်။



ဒီဖေးရိုးတွေပြီးတော့၊နိုင်ငံတော်မှာ တန်ခိုးကြီးတဲ့ သူတွေဟာ တခြားမဟုတ်ဘူး၊ **မင်းညီ မင်းသားတွေ** ဖြစ်တယ်။ ဒီမင်းညီ မင်းသားတွေဟာ၊ နိုင်ငံတော် အတွင်းမှာ ဖေးရိုးတွေပိုင်သလောက်ပဲ လယ်ယာတွေကိုပိုင်ကြတယ်။ ဒါကြောင့် သူတို့ကို 'နယ်စားတွေ'လို့လဲ ခေါ်တယ်။ ဒီနယ်စားတွေဟာ အစိုးရရဲ့ အရေးကြီးတဲ့ဌာနကြီးတွေကိုလဲ အုပ်ချုပ်ကြတယ်။

ဒီ နယ်စားတွေပြီးတော့၊ နိုင်ငံတော် အတွင်းမှာ တန်ခိုးကြီးသူတွေဟာ **ဘုန်းကြီးတွေ**ဖြစ်တယ်။ဘုန်းကြီးတွေအောက်မှာမှ၊အမှုထမ်း အရာထမ်းတွေ၊ စာရေး စာချီတွေ၊စာရင်းထိန်းတွေရှိတယ်။ ဒီသူတွေအောက်မှာမှ၊ ထူးချွန်တဲ့ လက်မှုပညာသည်တွေ ရှိတယ်။ ဒီပညာသည်တွေအောက်မှာမှ၊တောင်သူလယ်သမားတွေ ရှိတယ်။ အဲဒီအတိုင်း နိုင်ငံတော် အတွင်းမှာ လူတန်းစားတွေကို ခွဲခြားထားတယ်။

**ဖေးရိုးတွေရဲ့ နန်းတော်** တွေ ဟာ အင်မတန် ခမ်း နား ကြီး ကျယ် တယ်။

(ပုံ-၄၉) 'အမွန်ရေး'က တူးတင်ခမွန်ကို စောင့်ရှောက်နေပုံ။(နတ်မင်းမှာလက်များ မရှိတော့ဘူး၊ ဘုရင်မှာလဲ ဦးခေါင်းနဲ့ လက်တွေ မရှိတော့ဘူး)

နန်းတော်သူ နန်းတော်သားတွေရဲ့ နေရေး ထိုင်ရေး အဆင့် အတန်း ဟာလဲ သိပ်မြင့်တယ်။ **နယ်စား** တွေရဲ့ အဆင့် အတန်းကလဲ ဖေးရိုး ခေတ်ရဲ့အဆင့်အတန်း နီးနီးလောက် ရှိတာပဲ။ သူတို့ရဲ့ **ဥယျာဉ်ကြီး** တွေနဲ့ ဒီဥယျာဉ်ကြီးတွေထဲမှာ ဆောက်ထားတဲ့ သူတို့ရဲ့တိုက်ကြီးတွေ ကလဲ အင်မတန်ခမ်းနားကြီးကျယ်တယ်။ တချို့တိုက်ကြီးတွေရဲ့ အတွင်း ဘက်ကို တန်ဆာဆင်တဲ့နေရာမှာ၊ ရွှေတွေကိုးတောင် ရက်ရက်ရောရော သုံးထားနိုင်ကြတယ်။ သူတို့တတွေ ဇိမ်ခံချင်တဲ့အခါမှာ၊ အဆိုကျော် အကကျော်တွေ၊ စောင်း[၁]တူရိယာသမားတွေက ဖျော်ဖြေကြရတယ် (ပုံ-၅၀-က)။ဒါပေမဲ့ ပြည်သူလူထုကတော့၊ ဖေးရိုးတွေ နယ်စားကြီး တွေနဲ့ ပြဒါးတလမ်း သံတလမ်း ဖြစ်နေတယ်။ သိပ်ဆင်းရဲကြတယ်။

ဒီ **ပထမပြည်ထောင်စုခေတ်**အတွင်းမှာ၊ တိုးတက်မှုတွေ တီထွင် မှုတွေကို အတော်များများတွေ့ရတယ်။ အခု ကမ္ဘာ့ ယဉ်ကျေးမှုဟာ အခုပြောခဲ့တဲ့ တိုးတက်မှုတွေ တီထွင်မှုတွေကိုမှီပြီး ဖြစ်လာရတယ်။ ဒီတိုးတက်မှုတွေ တီထွင်မှုတွေသာ ဒီခေတ်တုန်းက မပေါ်ထွန်းခဲ့ယင်၊ အခုကမ္ဘာ့ယဉ်ကျေးမှုဟာ မဖြစ်နိုင်ဘူး။အဲဒါကြောင့် ကမ္ဘာ့သမိုင်းကြီး တခုလုံးမှာ၊ဒီပထမ ပြည်ထောင်စုသမိုင်းဟာ အရေးအကြီးဆုံးအခဏ်း ကြီးဖြစ်တယ်လို့ သမိုင်းဆရာ ခပ်များများက ယူဆကြတယ်။ ဒီလိုဆို ယင် ဒီတိုးတက်မှုတွေ တီထွင်မှုတွေဟာ၊ ဘာတွေလဲဆိုတာ ကြည့်ရ အောင်။

## စိုက်ပျိုးရေး[၂]

လူ့ယဉ်ကျေးမှုမှာ၊ စိုက်ပျိုးရေးဟာ အတော်အရေးပါ အရာ ရောက်တယ်။ စိုက်ပျိုးရေး အောင်မြင်လာတဲ့အချိန်ကစပြီး၊ ရှေးခေတ်က လူတွေဟာ အသက်မွေးဝမ်းကျောင်းအတွက် အမဲမလိုက်ရတော့ဘူး။ အမဲလိုက်ရတုန်းက၊ လူတွေဟာ တနေရာရာမှာ အိမ်ခြေ ယာခြေနဲ့ တည်တည်ကျကျမနေနိုင်ကြဘူး။ နောက်ပြီးတော့လဲ၊ အမဲလိုက်ရတာ ဟာ စစ်တိုက်နေရသလိုပဲ။ကိုယ်နိုင်တဲ့အခါ အမဲကိုဖိလိုက်။ အမဲနိုင်တဲ့ အခါ ကိုယ်ထွက်ပြေး။ တခါတခါ ကိုယ် နဲ့ အမဲ လုံးရင်း ထွေးရင်း

---

၁။ စောင်းကောက် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၄၊ နှာ ၁)
၂။ စိုက်ပျိုးရေး = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၄၆၁)

ကိုယ်ကအနိုင်ရယင် အမဲကိုယ့်အစာဖြစ်။ အမဲက အနိုင်ရယင် ကိုယ်အမဲအစာဖြစ်။ အဲဒီလိုနောက် တော်တော်ကြာ ဘာဖြစ်မယ်ဆိုတာ မသိနိုင်တဲ့ ဘဝမျိုးမှာ၊ ဒီရှေးလူတွေဟာ လူ့ယဉ်ကျေးမှုအတွက်၊ စဉ်းစားဘို့ အချိန် ရကြမယ် မဟုတ်ဘူး။ စိုက်ပျိုးရေးအောင်မြင်လာလို့ ဝမ်းစာအတွက် အမဲလိုက်ဘို့မလိုတော့တဲ့အခါ၊ လူတွေဟာ ကိုယ့်လယ် ကိုယ့်ယာ အနီးအနားတပိုက်မှာ၊ အတည်တကျ နေနိုင်လာကြတယ်။ ဒီလို အတည်တကျနေထိုင်တဲ့ လူတွေ များလာတဲ့အခါ၊ရွာကလေးတွေဖြစ်ပေါ်လာတယ်။အဲဒီရွာသူ ရွာသားတွေထဲမှာ၊ အသစ် ထွင်တတ်တဲ့ ဉာဏ်ရှိသူတွေ၊ အ တော်များ များ ရှိတယ်။ အရင်



(ပုံ-၅၀) ဖေးရိုးဘုရင်တပါး ကျောက်ရုပ်ပုံ

တုန်းက အမဲလိုက်ရင်း အချိန်ကုန် နေရတာကြောင့် ဒီဉာဏ်တွေကို မသုံးခဲ့ကြရဘူး။ အခု အတည်တကျနေလာရတဲ့အခါ၊ ဒီ လူတွေဟာ ဒီဉာဏ်တွေကို အသုံးပြုလာကြတယ်။

ဒီလိုဉာဏ်တွေကို သုံးလာကြတဲ့အတွက်၊ ဘယ်လို တိုးတက်မှုတွေ ဖြစ်လာတယ်ဆိုတာ ကြည့်ရအောင်၊ စိုက်ပျိုးရေး စခါစက၊ **လူကိုယ်တိုင် ထယ်ထိုးရတယ်** (ပုံ-၅၁)။ ထယ်ထိုးတယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ မျိုးစေ့စိုက်လို့ရအောင် ဒုတ်ချွန် တချောင်းနဲ့ မြေကြီး

မှာ အကြောင်းတွေလျှောက်ဆွဲရင်း မြေကြီးကို ဆွပေးတာပါပဲ။ ဒီလို နည်းနဲ့ လယ်တွေ ယာတွေကို စိုက်ရတာ၊ အင် မတန် ပင်ပန်းတယ်။ စိုက်တဲ့နေရာမှာလဲ များများမစိုက်နိုင်ဘူး။မကြာခင်ပဲဒီစံနစ်ဟာပျောက် ကွယ်သွားတယ်။

အဲဒီစနစ်နေရာမှာ၊ **နွားနှစ်ကောင်ကို ထွန်တုံးတပ်ပြီး ထွန်တဲ့ စနစ်** ပေါ်လာတယ် (ပုံ-၄၆၊၅၂)။ ဒီစနစ်သစ်ကြောင့် လူတွေဟာ လယ်တွေ ယာတွေကို တိုးချဲ့ပြီး စိုက်ပျိုးလာနိုင်တယ်။ အဲဒီလို တိုးချဲ့ပြီး စိုက်ပျိုးလာနိုင်တဲ့အတွက်၊ လူတွေဟာ ချို့ချို့တဲ့တဲ့ စားသောက်နေရာက ပေါပေါသီသီစားနိုင်လာကြတယ်။ လူတွေ အတော်ခပ်များများဟာလဲ ချို့ချို့တဲ့တဲ့လူဘွေ မဟုတ်ကြတော့ပဲ၊ ခနရှင်ကလေးတွေ ဖြစ်လာကြ တယ်။ ဒီကောက်ပဲသီးနှံတွေကို ထုတ်ပြီး ချေးနိုင်တယ်။ အစိုးရအခွန် ပေးစရာရှိယင်လဲ၊ ဒီကောက်ပဲသီးနှံတွေကိုပဲ ပေးနိုင်တယ်။ ကြွေး ဟောင်းဆပ်စရာရှိယင်လဲ၊ဒီ ကောက် ပဲ သီး နှံ တွေနဲ့ပဲ ဆပ်နိုင်တယ်။ လူအသုံးအဆောင်ပစ္စည်း တခုခုဝယ်ချင်ယင်လဲ၊ဒီကောက်ပဲသီးနှံနဲ့ပဲ ဝယ်နိုင်တယ်။

## အစိုးရဆည်မြောင်းဌာန

ဒါတွေခင် မကသေးပါဘူး။ လယ်တွေယာတွေကို တိုးချဲ့ပြီး စိုက် ပျိုးလာနိုင်ကြတဲ့အတွက်၊ ရေကို ရှေးကထက်ပိုပြီး လိုလာပြီ။ ဒီကိစ္စကို တသီး ပုဂ္ဂလ လယ်ပိုင် ယာပိုင်ရှင်တွေချည်းပဲ မတတ်နိုင်ဘူး။ အဲဒါ ကြောင့် ဒီကိစ္စမှာ ဗဟိုအစိုးရက ဝင်ပြီး ကူရတယ်။ **အစိုးရက ဆည် မြောင်းဆိုင်ရာ ဗဟိုဌာန**တခုဖွဲ့ပြီး၊ ပေါင်းလို့ရတဲ့နေရာမှာ ဆည်မြောင်း တွေကို ပေါင်းပစ်လိုက်တယ်။ ဒီနည်းနဲ့ ရေတွေ အလဟဿ ဖြစ်မှုကို ပိတ်ပင်တားဆီးတယ်။ အသစ်တိုးချဲ့ပြီး တူးပေးသင့်တဲ့ နေရာတွေမှာ ဆည်မြောင်းအသစ်တွေကို တိုးချဲ့တူးပေးတယ်။ ဒီဆည်မြောင်းအုပ်ချုပ် ရေး ဗဟိုဌာနကို၊ ရှင်ဘုရင်ကိုယ်တိုင် အုပ်ချုပ်တယ်။

အဲဒီအရင်ကဆိုယင်၊ ဗဟိုအစိုးရတွေဟာ ကာကွယ်ရေး ငြိမ်ဝပ် ပိပြားရေးတွေမှာသာ ခေါင်းဆောင်လေ့ရှိတယ်။ အဲဒါကြောင့် ငြိမ်း ချမ်းနေတဲ့ အချိန်အခါမျိုး ဆိုယင်၊ ဗဟို အစိုးရတွေမှာ အလုပ် မရှိ သလောက်ဖြစ်နေတယ်။ ဒါပေမဲ့ လယ်ယာတွေ တိုးချဲ့စိုက်ပျိုးကြလို့



(ပုံ-၅၀-က) အိဂျစ်နယ်စားကြီးတဦး ရဲ့ ဥယျာဉ်

နယ်စားကြီးရဲ့မိသားစုဟာ၊ စွန်ပလွံပင်ရိပ်အောက်မှာ အေးအေးလူလူ ထိုင်ပြီး အနားယူနေကြတယ်။ ကျေးကျွန်တွေက အတီး အမှုတ် အကနဲ့ ဖျော်ဖြေနေကြတုန်း၊ အိမ်ဖေါ်မကလေးဟာ သူ့သခင်တွေသုံးဆောင်ဘို့ သစ်သီးခြင်းကို ရွက်ပြီးယူလာတယ်။ နယ်စားကြီး နဲ့ သူ့ကတော်ဟာ ဖွတ်မြီးပုံထိုးထားတဲ့ဖျဉ်ထည်ကို ရိုးရိုးနဲ့ ယဉ်ယဉ်ကလေး ဝတ်ဆင်ပြီး သူတို့ရဲ့ထုံးစံက ခေါင်းရိပ်မှ သန့်ရှင်းတယ်လို့ ယူဆကြတဲ့ အ တွက် ခေါင်းရိပ်ပြီးဦးခေါင်းမှာ ဆံပင်တုကို စွပ်ဆောင်းထားကြတယ်။

ဗဟိုအစိုးရတွေဟာ စိုက်ပျိုးရေးမှာ အ ခု ပြော ခဲ့ သလို ဝင်ပြီးက ကြတဲ့အတွက်၊ ဗဟိုအစိုးရ ဆိုတာဟာ ရှေးကလိုမဟုတ်တော့ပဲ၊ နိုင်ငံ အတွင်းမှာ ရှေးတုန်းကထက် အများကြီးပိုပြီး အရေးပါ အရာရောက် လာကြတယ်။ ဒီဆည်မြောင်း အုပ်ချုပ်ရေးဟာ၊ ဒီကနေ့အထိ သမိုင်း

တလျှောက် ပေါ်ပေါက်လာခဲ့တဲ့ အစိုးရအုပ်ချုပ်ရေး ယန္တရားတွေထဲမှာ၊ရှေးအကျဆုံး အုပ်ချုပ်ရေး ယန္တရား ဖြစ်တယ်လို့၊ သမိုင်းဆရာတွေက ယူဆကြတယ်။

**စိုက်ပျိုးရေးမှာလူအင်အားကိုသုံးနေရာက၊တိရစ္ဆာန်အင်အား**ကို **သုံးလာနိုင်တဲ့စနစ်ဟာ**၊ အခု လူတွေရဲ့ မျက်စိနဲ့ ကြည့်ယင်၊ ဘာမှ ကြီးကျယ်တာ မဟုတ်ဘူး။ ဒါပေမဲ့ ဟိုအခါတုန်းကဆိုယင်၊ဒီစနစ်သစ်ဟာ လူ့ခေတ် တခေတ်လုံးကို အခု ပြောခဲ့တဲ့အတိုင်း ပြောင်းသွားစေနိုင်လောက်အောင် ကြီးကျယ်တဲ့ တိုးတက်မှုကြီး ဖြစ်သွားတယ်။

ဗမာတွေမှာ နွေ၊မိုး၊ဆောင်းဆိုပြီး ရာသီဥတု သုံးမျိုးရှိသလို၊ အီဂျစ်လူမျိုးတွေမှာလဲ ရာသီဥတု သုံးမျိုးရှိတယ်။ ဒီရာသီဥတုတွေကို ၁)ရေလွှမ်းဥတု၊ ၂) ကုန်းပေါ်ဥတု၊ ၃) ကောက်ရိတ်ဥတုလို့ ရှေးအီဂျစ်လူမျိုးတွေ နံမယ်ပေးထားတာတွေ့ရတယ်။ ဒါကို ထောက်ခြင်းအားဖြင့် **အီဂျစ်လူမျိုးတွေမှာ စိုက်ပျိုးရေးဟာ** ဘယ်လောက် **အရေးကြီးတယ်**ဆိုတာ ထင်ရှားတယ်။

## ပြက္ခဒိန် တီထွင်ခြင်း

စိုက်ပျိုးရေးအကြောင်းကို ပြောပြီးတော့၊ ဒီပထမ ပြည်ထောင်စုခေတ်က အီဂျစ်လူမျိုးတွေဟာ **ပြက္ခဒိန်**[၁] ကို ဘယ်လို ထွင်သွားကြတယ်ဆိုတာ နဲနဲပြောအုံးမယ်။ ပထမ ပြည်ထောင်စုခေတ်ကို မရောက်ခင်ကထဲက၊ နိုင်းမြစ်ဝှမ်းမှာနေကြတဲ့ အီဂျစ်လူမျိုးတွေဟာ၊တနှစ်မှာ ရက်ပေါင်း ၃၆၅-ရက် ရှိတယ်လို့ မှတ်ထားကြဟန်တူတယ်။ ဒီပထမပြည်ထောင်စုခေတ်က အီဂျစ်လူမျိုးတွေဟာ၊ တနှစ်အတွင်းမှာရှိတဲ့ ရက် တွေ ကို တွက်တဲ့အခါ၊ ဗမာတွေလိုပဲ လကိုကြည့်ပြီး တွက်ကြတယ်။ ပထမ ပြည်ထောင်စုကို တည်ထောင်ပြီး ဘီ၊စီ ၄၂၄၁-ခုနှစ်ကို ရောက်တဲ့အခါ၊ ပထမ ပြည်ထောင်စုရဲ့ အီဂျစ်လူမျိုးတွေဟာ၊ ပြက္ခဒိန်[၂] အသစ် တခုကို တီထွင်ကြတယ်။ သူတို့ဟာ၊ တနှစ်မှာ လပေါင်း ၁၂-လ ရှိ တယ်၊

---

၁။ ပြက္ခဒိန် (ပက္ခဒိန် = မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၄၀၅)
၂။ The New Pictured Encyclopædia, p. 4675
The New Illustrated World History, p. 10 (John Hammerton)



အီဂျီအန်
ပင်လယ်
ဟစ်တိုက်လူမျိုးများ
ဆီးရီးယား
မြေထဲပင်လယ်
မယ်ဂစ်ဒို
ပါလက်စတိုင်း
လစ်ဘီယား
ရေးတူးမြောင်း
ဂီဇာ
မင်းဖစ်
ဟယ်လီယိုပိုလစ်
ဆိုင်းနိုင်း
အောက်အီဂျစ်
အမားနား
ကာနက်
သီးဗီး
အထက်အီဂျစ်
ဆဟာရ
သဲကန္တာရ
နူးဘီးယား
ပင်လယ်နီ
အီဂျစ် အင်ပိုင်ယာ
အဲသီယိုးပီးယား


(မြေပုံ-၂)

ရက်ပေါင်း ၃၆၅-ရက်ရှိတယ်ဆိုတဲ့ ရှေးလူကြီးများရဲ့အမှတ်အသားကို လဲမပယ်ချင်ကြဘူး။ ဒါပေမဲ့ ရှေးအမှတ်အသားအတိုင်း ဆိုယင်၊ ရက်စုံတဲ့လတွေနဲ့ ရက်မစုံတဲ့လတွေ ရှိနေတဲ့အတွက်၊အမှတ်ရခက်နေတယ်ဆိုတာကိုလဲ သူတို့တွေ့နေကြရတယ်။အဲဒါကြောင့် လွယ်လွယ်နဲ့ မှတ်နိုင်အောင်၊ တနှစ်မှာ၁၂-လရှိတယ်ဆိုတဲ့ ရှေးအမှတ်အသားကို လက်ခံပြီး၊ လတိုင်းမှာ ရက်ပေါင်း ၃၀-စီ ရှိရမယ်လို့ သူတို့သတ်မှတ်ကြတယ်။ အဲဒီတော့ တနှစ်မှာ ရက်ပေါင်း ၃၆၀-သာ ရှိသေးတဲ့အတွက်၊ ၃၆၅ ရက်ပြည့်အောင် ၁၂-လ စေ့တဲ့အခါ ပွဲတော်ရက် ငါးရက်လို့ ထပ်ပြီး သတ်မှတ်ကြပြန်တယ်။ နောက် နှစ်ပေါင်း ရာပေါင်း အတော်ကြာတဲ့အခါ၊ ရောမတိုင်းသားတွေဟာ ဒီပြက္ခဒိန်ကိုပဲ ဆက် သုံး ကြ တယ်။ အဲဒါကြောင့် အခုအခါ ဥရောပတိုက်သားတွေသုံးနေကြတဲ့ ပြက္ခဒိန်ဟာပထမပြည်ထောင်စု အီဂျစ်လူမျိုးတွေ သုံးသွားတဲ့ပြက္ခဒိန်က ဆင်းသက်လာတာ ဖြစ်တယ်။

## စာအရေးအသား တီထွင်ခြင်း

ပြက္ခဒိန်တီထွင်ပုံကို ပြောပြီးတဲ့နောက်၊ဒီအီဂျစ် လူမျိုးတွေဟာ၊ **စာအရေးအသား၊ ကလောင်တံ**[1] **မင်**[2] **စက္ကူ**[3]တွေကို တီထွင်သွားကြပုံကိုလဲ နဲနဲပြောပြအုံးမယ်။

ပထမ ပြည်ထောင်စုခေတ်က အီဂျစ်လူမျိုးတွေမှာ စာဆိုတာ မပေါ်သေးတော့၊ သူတို့ပြောချင်တာ မှတ်ချင်တာတွေကို အရုပ်ကလေးတွေဆွဲပြီး ပြောကြတယ်၊ မှတ်ကြတယ်။ အဲဒီ အရုပ်ကလေးတွေက နေပြီး ရှေ့ကို ဒီလိုတဆင့်တက်ကြပြန်တယ်။ အရုပ်ကားကလေးတွေကို အသံတပ်ပေးလိုက်တယ်။ ဥပမာ- တခုခုကို(ခေါက်)တဲ့အခါ လက်ချောင်း တွေ ဟာ ကွေးနေတယ်။ အဲဒီကွေးနေတဲ့ လက်ချောင်း ရဲ့ ပုံသဏ္ဌာန်အဖြစ်နဲ့ (ᐳ) ဒီပုံကိုဆွဲမယ်။ ပြီးတော့မှ ဒီပုံကို (ခေါက်) ဆိုတဲ့ အသံတပ်ပေးလိုက်တယ်။ဒီပုံကိုမြင်တိုင်း၊ တနိုင်ငံလုံးမှာ(ကွေး)

---

၁။ ကလောင်တံ = (မြန်မာ့စွယ်စုံကျမ်း၊တွဲ ၁၊ နှာ ၁၄၀)

၂။ မင် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၂၁၂)

၃။ စက္ကူ = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၄၄၃)



(ပုံ-၅၁) လူကိုယ်တိုင် ထယ်ထိုးနေပုံ နဲ့ လယ်ထဲရေခပ်သွင်းနေပုံ

လို့ မဖတ်ရဘူး။ လက်ချောင်းလို့ မဖတ်ရဘူး။ (ခေါက်)လို့ ဖတ်ရတယ်။( ⟍ )အဲဒါဟာ တခုခုကို(ဆွဲ)နေတဲ့ ပုံသင်္ကေတနဲ့ပဲ။ဒီပုံကိုမြင်ယင် (ဆွဲ)လို့ဖတ်ရတယ်။ ( Z )အဲဒါဟာ ပါးစပ်ထဲကို စားစရာတခုခုထဲ့နေတဲ့ ပုံသင်္ကေတနဲ့ပဲ။ ဒီပုံကိုမြင်ယင် (စား)လို့ဖတ်ရတယ်။ ( ʎ ) အဲဒါဟာ လူတယောက်လာနေတဲ့ ပုံသင်္ကေတနဲ့ပဲ။ ဒီပုံကိုမြင်ယင် (လာ)လို့ဖတ်ရတယ်။( ʌ )အဲဒါဟာ လူတယောက်(သွား)နေတဲ့ ပုံသင်္ကေတနဲ့ပဲ။ ဒီပုံကိုမြင်ယင် (သွား)လို့ ဖတ်ရတယ်။ အဲဒီလိုရုပ်ပုံတွေမှာ အသံတပ်ပြီးတော့မှ၊ စာရေးတဲ့အခါ ဒီရုပ်ပုံတွေကိုလိုသလိုကြည့်ပြီး တွဲပေးကြတယ်။ အဲဒီတော့ ဟိုအခါတုန်းက အီဂျစ်နိုင်ငံသားတယောက်က မိတ်ဆွေတယောက်ဆီကို ( > ⟍ Z ʎ ) ဒီလိုစာရေးလိုက်ယင်၊ စာရတဲ့မိတ်ဆွေက၊သူ့ကိုခေါက်ဆွဲစားရအောင်လာဘို့ဘိတ်တယ်ဆိုတာ၊ဒီစာကိုဖတ်ပြီးတာနဲ့ ချက်ခြင်းသိတယ်။ အီဂျစ်လူမျိုးတွေမှာ ဒီလိုအသံထွက်တဲ့ အရုပ် ကားပေါင်း ၆၀၀- ကျော်လောက်ရှိတယ်။ ဒီ ၆၀၀ ကျော်ကို မိမိတို့ အလိုရှိတဲ့အတိုင်း အမျိုးမျိုးတွဲပြီး ဒီပထမ ပြည်ထောင်စု အီဂျစ် လူ မျိုး တွေဟာ၊ တယောက်နဲ့



(ပုံ–၅၂) လူကိုယ်တိုင် ထယ်ထိုးရတဲ့စနစ်မှ နွားနှစ်ကောင်ကို ထွန်တုံးတပ်ပြီး ထွန်တဲ့စနစ်သို့

တယောက်စာပေးစာယူလုပ်ကြတာပဲ။မှတ်တမ်းတွေကိုလဲမှတ်ကြတာပဲ။ အစိုးရဆီကို အစီရင်ခံစာတွေဆက်သွင်းကြတာပဲ။ သမီးရည်းစား စာတွေရေးကြတာပဲ။ ဒီ **အရေးအသားပေါ်**တဲ့အခါ၊ ကမ္ဘာ တဝှမ်း လုံးဘယ်နေရာမှာမှ အရေးအသားတွေ မပေါ်သေးဘူး။ အဲ ဒါကြောင့် ဒီအရေးအသားဟာ၊ ကမ္ဘာ့သမိုင်းမှာ ရှေးအကျဆုံး အရေးအသား ဖြစ်တယ်လို့ အနောက်နိုင်ငံသမိုင်းဆရာတွေက ယူဆကြတယ်။ ဒီရေးနည်းကို **ဟီအာရိုဂလစ်**[၁] **ရေးနည်း** လို့ ခေါ်တယ်။

စာကို ဒီလိုရေးနိုင်လာတဲ့အခါ ပထမ ပြည်ထောင်စု အီဂျစ်လူမျိုးတွေဟာ၊ စာရေးစရာ စက္ကူ၊ မင်၊ ကလောင်တံတွေကို တီထွင်ဘို့လိုလာကြပြန်တယ်။ ပေစာတွေကိုမြင်ဘူးကြတယ် မဟုတ်လား။ စက္ကူမပေါ်ခင်တုန်းက၊ ပေရွက်တွေကို စက္ကူအဖြစ်နဲ့ ဒီလို သုံးရတာပဲ။ အဲဒီလိုပဲ ပထမပြည်ထောင်စုခေတ်က အီဂျစ်လူမျိုးတွေလဲ မြစ်ထဲမှာ အလေ့ကျပေါက်တဲ့ **‘ပပိုင်းရပ်’**[၂] လို့ခေါ်တဲ့ ကျူတမျိုးကိုခွဲစိပ်ပြီး **စက္ကူ** အဖြစ်နဲ့သုံးရတယ်။ယခုအခါ စက္ကူကို **‘ပေးပါး’** လို့ခေါ်တဲ့ အင်္ဂလိပ်စကားဟာ၊ ဒီ‘ပပိုင်းရပ်’က ဆင်းသက်လာတဲ့စကားဖြစ်တယ်။ စက္ကူရပြန်တော့၊အိုးတွေမှာကပ်နေတဲ့ အိုးမဲနဲ့ သစ်စေးတမျိုးနဲ့ ရေဖျော်ပြီး မင်လုပ်ကြပြန်တယ်။ မင်နဲ့စက္ကူရတဲ့အခါ ကလောင်တံကမခက်တော့ဘူး။ ကျူရိုးကို အဖျားချွန်လိုက်ယင် **ကလောင်တံ** ဖြစ်ထာပဲ။

ဒီလို အရေးအသားနဲ့ **စက္ကူပေါ်မှာလွယ်လွယ်မှတ်သားနိုင်တဲ့ စနစ်ကို တီတွင်နိုင်တာဟာ၊ လူတွေကို မြှင့်တင်ပေးလိုက်တဲ့နေရာမှာ အင်မတန်ခရီးရောက်တယ်။** လူ့တိုးတက်ရေးအတွက်၊ ဒီကနေ့အထိ လူတွေအမှတ်တရ လုပ်သွားခဲ့ကြတဲ့ တခြားလုပ်ငန်းတွေထက် ပိုပြီး ခရီးရောက်တယ်။ကမ္ဘာ့သမိုင်းတလျှောက်လုံးမှာ ဖြစ်ပွားခဲ့တဲ့စစ်ပွဲတွေ၊ ဒီကနေ့အထိ ရေးဆွဲပြီးခဲ့တဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေတွေထက်၊ ဒီတီထွင်မှုက လူတွေကို မြှင့်တင်ပေးတဲ့နေရာမှာ ပိုပြီး အရေးကြီးတယ်လို့ သမိုင်းဆရာကြီး **‘ဘရက်စတက်’**[၃]က အတိအလင်းဆိုထားတယ်။

---

၁။ ဟီအာရိုဂလစ်= (အရုပ်စာရေးနည်း) =Hieroglyphs

၂။ ပပိုင်းရပ်= (ကျူ) =Papyrus (မြန်မာ့စွယ်စုံကျမ်း၊တွဲ ၆၊ နှာ ၂၄၂)

၃။ သမိုင်းဆရာကြီး ဘရက်စတက်= Historian J. H. Breasted.



(ပုံ-၅၃) ဒီသတ္တုတွင်းတွေဟာ အီဂျစ်ဘုရင်ပိုင်၊ ခိုးတူးတဲ့လူမှန်သမျှ ဒုက္ခရောက်သွားမယ်ဆိုတဲ့သဘောမျိုးနဲ့၊ ဆိုင်းနိုင်းကျွန်းဆွယ်သားတဦးကို ဆံပင်ဆွဲပြီး၊ ကျောက်တင်းပုတ် နဲ့ ရိုက်နေပုံ။

## ဒုတိယ ပြည်ထောင်စု (ဘီ၊ စီ ၃၄၀၀-၂၄၀၀)

ပထမပြည်ထောင်စုဟာ ကြာရှည်မခံဘူး။နှစ်ပေါင်း ၈၀၀-ကျော်လောက်ရှိတဲ့အခါ ပြည်ထောင်စုပျက်သွားပြီး ရှေးတုန်းက အတိုင်းပဲ အထက်အီဂျစ်နဲ့ အောက်အီဂျစ်ဆိုတဲ့ နှစ်နိုင်ငံပြန်ပေါ်လာတယ်။ အဲဒီလိုပေါ်ပြီး အတော်ကြာတဲ့အခါ၊အထက်အီဂျစ်မှာ မီးနီး[၁]ဆိုတဲ့ လက်ရုံးရည်နှလုံးရည်နဲ့ပြည့်စုံတဲ့ ခေါင်းဆောင်တဦးပေါ်လာတယ်။ ဒီခေါင်းဆောင်ဟာ ရှင်ဘုရင်ဖြစ်လို့မကြာခင်ပဲ၊အောက်အီဂျစ်ကို သိမ်းလိုက်ပြီး **ဒုတိယပြည်ထောင်စု**ကို ထူထောင်ပြန်တယ်။

ပထမပြည်ထောင်စုရဲ့ အင်အားတောင့်တင်းမှု စည်ပင်သာယာဝပြောမှုတွေဟာ၊တိရစ္ဆာန်အင်အားကိုအသုံးပြုတဲ့ လယ်ထွန်စနစ်ပေါ်မှာ အခြေစိုက်ခဲ့သလို၊ ဒုတိယပြည်ထောင်စုရဲ့ အင်အားတောင့်တင်းမှု စည်ပင်သာယာဝပြောမှုတွေဟာ၊**သတ္တုတွင်းတူးဖေါ်ရေးလုပ်ငန်း**ပေါ်မှာ အခြေစိုက်ခဲ့တယ်။ ဒီသတ္တုတွင်းလုပ်ငန်းကို ပထမပြည်ထောင်စုခေတ်တုန်းက စရုံလောက်သာ စသွားနိုင်ကြတယ်။ ဒုတိယပြည်ထောင်စုခေတ်ကို ရောက်တော့မှ၊ ဆိုင်းနိုင်းကျွန်းဆွယ်မှာ ကြေးနီသတ္တုတွင်းကို

---

၁။ မီးနီး = Menes




(ပုံ-၅၄) ကိုင်ရိုမြို့ကို မျက်နှာမူနေတဲ့ ဂီဇာအရပ်၊ **မဟာပစ်ရမစ်** ရဲ့ မလှမ်းမကမ်းမှာ၊ ဘုရင်ခဖရာ ( ခက်ဖရင်) ရဲ့ ပစ်ရမစ်ကြီးရှိသေးတယ်။ အဲဒီ ပစ်ရမစ်ကြီးရှေ့မှာ၊ **အစောင့်အနေမျိုး စဖင့်**ရုပ်ကြီးတခုရှိတယ်။ အရင်က ဘာရယ်လို့ တတ်တတ်အပ်အပ် မသိကြဘူး။ အရုပ်စာကို

တွေ့ကြပြီး ကြေးနီသတ္တုတွေကို အမြောက်အမြား တူးဖော်နိုင်ကြတယ်။

ကြေးနီသတ္တုတွင်းတွေမှာ အဲဒီခေတ်က တူးထားတဲ့ လက်ရာတွေကို တွေ့ရတယ်။ နောက်ပြီးတော့ ဒီသတ္တုတွင်းတွေဟာ အီဂျစ်ဘုရင်ပိုင်တဲ့ တွင်းတွေဖြစ်တယ်၊ ခိုးတူးတဲ့ လူမှန်သမျှ ဒုက္ခရောက်သွားမယ်ဆိုတဲ့ သဘောမျိုးပါတဲ့၊ အီဂျစ်ရှင်ဘုရင်က ဆိုင်းနိုင်း ကျွန်းဆွယ်သားတဦးကို ဆံပင်ဆွဲပြီး ကျောက်တင်းပုတ်နဲ့ ရိုက်နေပုံ အရုပ်ကြီးတွေကို အနီးအနားက ကျောက်နံရံပေါ်မှာ ထွင်းထားတာကိုလဲ တွေ့ရတယ်။ ဒီအရုပ်ကြီးတွေဟာ၊ သမိုင်းရဲ့ရှေးအကျဆုံးမှတ်တမ်းတွေဖြစ်တယ်လို့ သမိုင်းဆရာတွေက ယူဆကြတယ်။ (ပုံ-၅၃)



**(ပုံ-၅၄က) မဟာပစ်ရမစ်ရဲ့စနစ်ပုံ**

အဝင်လမ်းပေါက် (A) ဟာ၊ မြေအောက်အခန်း (1) ကို သွားတယ်။ လမ်းခွဲတွေက သွားယင်၊ မိဖုရားဆောင် (2) နဲ့ ဘုရင်ဆောင် (3) ကို ရောက်တယ်။

ဒုတိယပြည်ထောင်စုရဲ့ ခေတ်အစလောက်မှာ၊ **ဆီးရီးယား[၁]နိုင်ငံနဲ့ ပင်လယ်လမ်းခရီးအားဖြင့် ကုန်ရောင်းကုန်ဝယ်မှု** ရှိတယ်ဆိုတဲ့ သက်သေအထောက်အထားများကို တွေ့ရတယ်။ ဆီးရီးယားနိုင်ငံက သစ်တွေကို လိုချင်သလောက်ရတာကို အကြောင်းပြုပြီး၊ အီဂျစ်မှာ သစ်သားအိမ်တွေ၊ သစ်သားလှေတွေ၊ သစ်သားအိမ်ထောင်ပရိဘောဂတွေ ဖြစ်ထွန်းပေါ်ပေါက်လာကြတယ်။

ဒုတိယပြည်ထောင်စုကို တည်ထောင်ပြီးတဲ့နောက် နှစ်ပေါင်း ၄၀၀-လောက်အတွင်းမှာ၊ ရှင်ဘုရင်တွေရဲ့ ဂူတွေကို အုတ်နဲ့လုပ်ထား

---

ဖတ်နိုင်တော့မှပဲ၊ ဒီစဖင့်ရုပ်ကြီးဟာ ဘုရင်ခဖရာရဲ့ ဦးခေါင်းကို ခြင်္သေ့ကိုယ်မှာတပ်ထားတဲ့ ကျောက်ရုပ်ကြီးဖြစ်တယ်ဆိုတာသိရတယ်။ (အခြားစဖင့်ရုပ်တွေဟာလဲ၊ ဆိုင်ရာဘုရင်ရဲ့ဦးခေါင်းကို တပ်ထားကြတယ်)။ ဒီစဖင့်ရုပ်ကြီးဟာ အမြင့် ၆၅-ပေ၊ အလျား ၁၀၉-ပေ ရှိတယ်။

စဖင့်ရုပ်များ = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၃၆၀)

၁။ ဆီးရီးယား = Syria



(ပုံ-၅၅) ရိုဇက်တာကျောက်စာ

အီဂျစ် အရုပ်စာတွေကို၊ အဓိပ္ပါယ်ဖော်နိုင်သွားတာက၊ ဒီလို။ နပိုလီယန်ခေတ်က၊ ပြင်သစ်စစ်တပ်ဟာ 'ရိုဇက်တာ' လို့ ခေါ်တဲ့၊ နိုင်းမြစ်ဝကျွန်းပေါ် မြစ်ခွဲတခုအနားမှာ စခန်းချနေတယ်။

ပြစ်သစ်စစ်ဗိုလ်တဦးဟာ၊ ခပ်ပျင်းပျင်းရှိတာနဲ့ မြစ်ကမ်းပါးပေါ် ပျက်စီးယိုယွင်းနေတဲ့ အဆောက်အဦတခုထဲ လျှောက်ကြည့်တဲ့အခါ၊ ချော်နက်ပြား ကျောက်တုံးတခုကိုတွေ့ရတယ်။ ဒီကျောက်ပြားပေါ်မှာ၊ စာသုံးမျိုးနဲ့ ရေးမှတ်

**တာ** တွေ့ရတယ်။ အုတ်တွေဟာ ရွံ့ကို နေပူလှန်းထားတဲ့ အုတ်တွေဖြစ်တယ်။ ဒီဂူတွေဟာ၊ ဒီကနေ့ အထိ တွေ့ရတဲ့ မင်းနဲ့ ပတ်သက်တဲ့ အဆောက်အဦတွေထဲမှာ ရှေးအကျဆုံး ဖြစ်တယ်။ **ဘီ၊ စီ ၃၀၀၀ လောက်** ဆီကို ရောက်လာတဲ့အခါ၊ ဒီ အုတ်ဂူတွေထဲက ဂူဘခုထဲမှာ ရှင်ဘုရင်အလောင်း မြှုပ်ထားတဲ့ အခန်းကို သဲကျောက်အုတ်ကြီးတွေနဲ့ လုပ်ထားတာ တွေ့ရတယ်။ အဲဒါဟာ အဆောက်အဦတွေမှာ **ကျောက်ကိုရှေးဦးစွာ စပြီးအသုံးပြုသွားခဲ့**တာပဲ။ ဒီလိုအသုံးပြုနိုင်တာလဲ တခြားကြောင့် မဟုတ်ဘူး၊ ဒီသဲကျောက်အုတ်ကြီးတွေကို လိုချင်တဲ့ အတိုင်းဖြတ်နိုင်တဲ့ ကြေးနီကရိယာတန်ဆာပလာတွေ အဲဒီအခါတုန်းက ပေါ်လာလို့ပဲဖြစ်တယ်။



(ပုံ-၅၆) ဦးနှောက်၊ အူ၊ အသဲတွေ ထုတ်ပြီး ဆေးစိမ်ကြပ်စည်းထားတဲ့အလောင်း - မမီ။

အဲဒီ အချိန်လောက်ကစပြီး ရှင်ဘုရင်တွေဟာ၊ဂူတွေနဲ့ ဘာသာရေးအဆောက်အဦတွေကို ကျောက်တွေနဲ့ ဆောက် လာကြ တယ်။

---

ထားတာကို တွေ့ရတယ်။စာတမျိုးက 'ဟီရာရိုဂလစ်'ခေါ်တဲ့အီဂျစ် အရုပ်စာ၊ အခြားတမျိုးက အရုပ်စာကိုပဲ၊ ဟိုစဉ်အခါက အီဂျစ်နိုင်ငံသားတွေ အမြန်ရေးတဲ့စာ၊ကျန်တမျိုးကတော့ ဂရိစာဖြစ်နေတယ်။ ဘာသာစကားနှစ်မျိုးဖြစ်တဲ့ 'ဟီရာရိုဂလစ်'အီဂျစ်အရုပ်စာနဲ့ ဂရိစာကိုယှဉ်ပြီးဖတ်ကြည့်ရယင်၊ အီဂျစ်အရုပ်စာရဲ့အဓိပ္ပါယ်ကိုဖော်နိုင်ကောင်းရယ်လို့၊ ပြင်သစ်စစ်ဗိုလ်ကစဉ်းစားမိတယ်။

၁၈၀၂-အေ၊ဒီ မှာ ပြင်သစ်ပါမောက္ခရှံပိုလီအွန်(Champollion)ဟာ 'ဟီရာရိုဂလစ်'အီဂျစ်အရုပ်စာကို အဓိပ္ပါယ်ဖော်နိုင်အောင် မနားမနေကြိုးစားဘူးတယ်။ အနှစ် ၂၀-ကြာမှ အောင်မြင်ပြီး ဝိရိယလွန်တဲ့ ပါမောက္ခကြီးလဲ အနိစ္စရောက်ရှာတယ်။

'ရိုဇက်တာ-ကျောက်'ဟာ၊ ၃ပေ၊ ၉လက်မ×၂ပေ ရှိပြီး၊ ပဋ္ဌမမြောက်တောလမီဘုရင် (ဘီ၊စီ ၂၀၅—၁၈၁) နန်းတက်တဲ့အကြောင်း ကမ္ပည်းထွင်းထားတယ်။ အခုအခါ လန်ဒန်မြို့ ဗြိတိသျှပြတိုက်မှာထားရှိတယ်။

ရှေးခေတ် အီဂျစ်သမိုင်းကို အခု လောက် သိရတာ၊ ပါမောက္ခကြီးရှံပိုလီအွန်ရဲ့ ကျေးဇူးအများကြီးပါတယ်။

ရိုဇက်တာကျောက်စာ=Rosetta Stone(မြန်မာ့စွယ်စုံကျမ်း၊တွဲ၂၊နှာ၃၀)



(ပုံ-၅၇) ပထမဆုံး ပစ်ရမစ်
လှေခါးထစ်ပုံ ဆောက်လုပ်ထားတယ်၊ အမြင့် ပေ-၂၀၀ ရှိတယ်။

ဒီကျောက်ဂူတွေနဲ့ ကျောက်ဝတ်ကျောင်းတွေဟာ၊ သမိုင်းဆရာတွေ အတွက် အင်မတန်အဘိုးတန်တဲ့ မှတ်တမ်းတွေဖြစ်တယ်။

## ပစ်ရမစ်ခေတ်[၁]

ပစ်ရမစ်ဆိုတာ ကျောက်ဂူကြီးတွေ ဖြစ်တယ်။ ဒီကျောက်ဂူကြီးတွေရဲ့ခေတ်ဟာ၊ဘီ၊စီ ၃၀၀၀-လောက်က ဘီ၊စီ ၂၅၀၀-လောက်အထိ ကျယ်ပြန့်တယ်။ ဒီခေတ်ဟာ နိုင်းမြစ်ရဲ့ မြောက်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တယ်။ အထင်အရှားဆုံး ပစ်ရမစ် (ပုံ-၅၄) တွေကို ကိုင်ရိုမြို့အနီး **ဂီဇဲ**[၂] ဆိုတဲ့ အရပ်ဒေသမှာ တွေ့နိုင်တယ်။ ဂီဇဲဟာ ဒုတိယပြည်ထောင်စုရဲ့ မြို့တော် ဟောင်း ဖြစ်တယ်။ ဒီမြို့တော်ဟောင်းကို နောက်ခေတ်တွေမှာ **မင်းဖစ်**[၃] လို့ ခေါ်ကြတယ်။ (မြေပုံ-၂)။မြို့တော်ရဲ့ အဆောက် အဦတွေကို မြေအုတ်နဲ့သစ်သားနဲ့ ဆောက် သွား ကြတဲ့ အ တွက်၊ အခုအခါမှာ သမိုင်းအတွက် တန်ဘိုးရှိတာဆိုလို့ ဘာ တ ခု မှ မ ကျန် တော့ ပါဘူး။ ပျက်စီးကုန်ကြပြီ။ ဂူကြီးတွေသာ ကျောက်တွေနဲ့ ဆောက်ထားလို့ ကျန်

၁။ ပစ်ရမစ်=Pyramid (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၃၁၀)
၂။ ဂီဇဲ=Gizeh
၃။ မင်းဖစ်=Memphis

ရစ်တယ်။ အဲဒီဂီဇာမှာရှိတဲ့ အကြီးဆုံးကျောက်ရုပ်ကြီးပေါ်ကနေပြီးတောင်ဘက်ကို ကြည့်လိုက်ယင်၊ ကျောက်ရုပ်တွေ တ ခု ပြီး တ ခု စီ တန်း နေတာကို မျက်စိတဆုံး အထိ မြင်နိုင်တယ်။ ဒီကျောက်ရုပ်တန်းကြီးဟာ၊ အလျား မိုင်ပေါင်း ၆၀-လောက်ရှိတယ်။ ဒီကျောက်ရုပ်ကြီးတွေနဲ့ ပတ် ဝန်းကျင် ကျောက် အဆောက် အဦတွေမှာ ထွင်းထားတဲ့ အရုပ်ကားတွေ၊ ကျောက်စာ[1] (ပုံ-၅၅)တွေကို လေ့လာပြီး၊ ဒုတိယ ပြည်ထောင်စု ခေတ်အတွင်း ဖြစ်တဲ့ နှစ်ပေါင်း ၅၀၀-လောက် ရှည်လျားခဲ့တဲ့ ပစ်ရမစ်ခေတ်မှာ နေသွားတဲ့အီဂျစ်နိုင်ငံသူ နိုင်ငံသားတွေရဲ့ သမိုင်း တစောင်ဖြစ်လာ အောင်၊ အခု ခေတ် သမိုင်း ဆရာကြီး တွေ က ဖွဲ့နွဲ့ရေး သားထားကြတယ်။



(ပုံ-၅၈) ရှင်ဘုရင် ဖိုးဆာ

၁။ ကျောက်စာ = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၃၇)

ဒီပစ်ရမစ်တွေက ရှင်ဘုရင်တွေရဲ့ ကျောက်ဂူကြီးတွေ ဖြစ်တယ်။ ဒီကျောက်ဂူကြီးတွေရဲ့ပတ်ဝန်းကျင်မှာမှ ကျောက်ဂူကလေးတွေကိုတွေ့ရမယ်။ ဒီကျောက်ဂူကလေးတွေက ရှင်ဘုရင်ရဲ့ အမျိုးအနွယ်တွေနဲ့နန်းတော်တွင်းမှာ ထင်ရှားတဲ့ မှူးကြီး မတ်ကြီးတွေ ရဲ့ ဂူ တွေ ဖြစ် တယ်။ အသက်ရှင်စဉ်တုန်းက ဒီသူတွေဟာ ရှင်ဘုရင်ကိုဝိုင်းပြီး ခစားကြ သ လို၊ သေပြီးတဲ့နောက်မှာလဲ သူတို့ရဲ့ ဂူကလေးတွေဟာ ရှင် ဘု ရင် ရဲ့ ကျောက်ဂူကြီးကို ဝိုင်း ထား ကြတယ်။



(ပုံ-၅၉) ဘုရင်ခူးဖူး

ဒီလိုကြီးကျယ်တဲ့ကျောက်ဂူကြီးတွေကိုတည်ဆောက်ကြတာဟာ တ ခြား ကြောင့် မဟုတ်ဘူး။**သေပြီးတဲ့နောက်အသက် ပြန်ရှင်တယ် ဆိုတဲ့ သူတို့ရဲ့** ယုံကြည်မှုကြောင့်ပဲဖြစ်တယ်။ ဒီယုံကြည်မှုကြောင့်အသက်ပြန်ဝင်လာတဲ့အခါကိုယ်ကာယဟာမပျက်မစီးပဲတည်ရှိနေအောင်ဦးနှောက်တွေ အူတွေ အသဲတွေကို ထုတ်ပြီး၊ အလောင်းကို ဆေးစိမ်ကြတယ်။ ကျောက်ဂူတွေကိုတော့၊သူတို့သေတဲ့အခါ အသင့်ရှိနေအောင် မသေခင်ကထဲက တည်ဆောက်ထားကြတယ်။

**ဆေးစိမ်ထားတဲ့အလောင်း**[၁] (ပုံ-၅၆)တွေကို ဒီကျောက်ဂူတွေထဲမှာထားပြီး၊ဒီကွယ်လွန်သူတွေဟာ ဘဝသစ်မှာသုံးစွဲနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့၊သူတို့တတွေ အသက်ရှင်စဉ်က အမြတ်တနိုးသုံးစွဲသွား

၁။ (ဦးနှောက်၊ အူ၊ အသဲထုတ်ပြီး)၊ ဆေး စိမ် ထား တဲ့ အ လောင်း = Mummy (မံမီ) = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၃၃၆)

ကြတဲ့ လက်ဝတ်လက်စား ရတနာတွေ၊ အိမ်ထောင် ပရိဘောဂတွေ၊ အစားအသောက်တွေကို ဒီကျောက်ဂူကြီးတွေထဲမှာ ထားကြတယ်။ ဒီမင်းဆက်ရဲ့ အစလောက် တုန်းက၊ ကွယ်လွန်သူတွေ နောင်ဘဝမှာခိုင်းစေဖို့အကွက်ဆိုပြီး၊အစေခံတချို့ကို သတ်ပြီးတော့တောင် ကွယ်လွန် သူ တွေ နဲ့ အတူတူမြှုပ်ထား ခဲ့ကြသေးတယ်။



(ပုံ-၆၀)
တတိယမြောက်-ဆေနူဆရက်

ဒါပေမဲ့ နောက် အတော်ကြာလာတော့၊ ဒီလို မသတ်တော့ပါဘူး။ အစေခံ အရုပ်တွေလုပ်ပြီး ကျောက်ဂူတွေထဲမှာ ထားကြတယ်။ အလောင်းကောင် မပုပ်မသိုးရအောင် ထုတ်ထားတဲ့ အူတွေအသဲတွေ ဦးနှောက်တွေကိုလဲ၊ အိုးကောင်းကောင်းထဲမှာ ချိပ်ပိတ်ပြီး ကွယ်လွန်သူတွေရဲ့ အလောင်းနားမှာ ထားကြတယ်။ နောက်ပြီးတော့ ဒီကွယ်လွန်သူတွေ အသက်ရှင် စဉ်က လုပ်ခဲ့ သမျှ အကုသိုလ်တွေ အတွက် အပြစ်ဒဏ်မခံရအောင်၊ ပပိုင်းရပ်စက္ကူတွေပေါ်မှာ ဂါထာ မန္တာန်တွေကို ဘုန်းကြီးတွေကိုယ်တိုင် ရေးပြီး၊ ဘုန်းကြီးတွေကိုယ်တိုင် မန်းမှုတ်ထားတဲ့စက္ကူလိပ်တွေကိုလဲ၊ အလောင်းတွေ နားမှာ ထားကြသေးတယ်။

ပထမဆုံး ပစ်ရမစ်ဟာ၊ ကျောက်သက်သက် မဟုတ် သေးဘူး။ အလယ်မှာသဲပုံ၊ အဲဒီသဲပုံကို ကျောက် အုတ် ချပ် ကြီး တွေ နဲ့ ကာ ပြီး ကျောက်အုတ်ချပ်ကြီးတွေနဲ့ မိုးထားတယ်။ အဲဒီပထမ အဆောက်အဦပေါ်မှာမှ၊ တဆင့် ပြီး တ ဆင့် သေး သေး သွားတဲ့ အလားတူ သဲနဲ့ ကျောက်နဲ့ အဆောက်အဦတွေကို ထပ်ဆောက်သွားတယ်။ အိမ်ကလေ့ခါးထစ်တွေကို ကြည့်လိုက်ယင်၊ ဒီကျောက်ဂူကြီးရဲ့ ပုံသဏ္ဍာန်ကို ခန့်မှန်းနိုင်ပါတယ်။ (ပုံ-၅၇)။ ဒီပထမ ကျောက်ဂူကြီးရဲ့ အမြင့်ဟာ ပေပေါင်း ၂၀၀-လောက် မြင့်တယ်။ဒီကျောက်ဂူကြီးကို တည်ဆောက်



(ပုံ-၆၁)  ကာနက်အရပ်က ကျောင်းတိုက်ကြီး

(ညာဘက်ကစပြီး ရေတွက်ယင်၊ စတုတ္ထမြောက်ဖြစ်တဲ့ ကျောက်တိုင်ဘေးမှာ ရပ်နေတဲ့ လူရုပ်နဲ့ယှဉ်ကြည့်ပါ)။



(ပုံ-၆၂) ကာနက်အရပ်က ကျောင်းတိုက်ကြီးရဲ့ဗဟိုမှာ
ရှိတဲ့ ရောမ ကျောက်တိုင်လုံးကြီးတွေ။

သွားတဲ့ ဗိသုကာကြီးကို **အင်ဟိုးတက်**[၁] လို့ ခေါ်တယ်။ အင်ဟိုးတက်ဟာ၊ ဒီကျောက်ဂူကြီးကို **သူ့ ရှင်ဘုရင် ဇိုးဆာ**[၂] (ပုံ-၅၀) အတွက် တည်ဆောက်ပေးသွားတာ ဖြစ်တယ်။

ဒီပထမကျောက်ဂူကြီးကို တည် ဆောက် ပြီး တဲ့ အချိန်က စပြီး **ကျောက်ဗိသုကာပညာဟာ** တမဟုတ်ချင်း တိုးတက်လာတယ်။ အဲဒါ

---

၁။ အင်ဟိုးတက် = Imhotep

၂။ ရှင်ဘုရင် ဇိုးဆာ = King Zoser

ကြောင့် ဒီနောက် အနှစ် အစိတ် လောက် ကြာတဲ့အခါ၊ သဲမပါတော့ပဲ ကျောက် သက် သက် နဲ့ ဆောက်ထားတဲ့ ကမ္ဘာပေါ်မှာ အကြီးဆုံး ဖြစ်တဲ့ ကျောက်ဂူကြီးကို **ရှင်ဘုရင် ခူးဖူး**[၁] (ပုံ-၅၉) အတွက် တည်ဆောက်ခဲ့ကြတယ်။ ဒီကျောက်ဂူကြီး တည်ရှိနေတဲ့မြေကွက်ဟာ ၁၃-ဧက ကျယ်တယ်။ ဒီကျောက်ဂူကြီးရဲ့ အောက်ခြေဟာ လေးဒေါင့်ဖြစ်တယ်။ တဒေါင့်ကတဒေါင့်ကို ပေပေါင်း ၇၅၆-ပေ ရှိတယ်။ အမြင့်ဟာ မူလတုန်းက ပေပေါင်း ၄၈၀-ကျော်ရှိတယ်။အခုတော့ ပေ ၄၅၀ ကျော်ပဲ ရှိတော့တယ်။ အောက်ခြေကနေပြီး ပျမ်းမျှ ခြင်း အားဖြင့် တချပ်ကို နှစ်တန်ခွဲလောက်လေးတဲ့ ကျောက်အုတ်ကြီးတွေကို တခုပေါ်တခုဆင့်ပြီး စီသွားတာပဲ။ ကျောက်ဂူကြီးဟာ အောက်ခြေကကားပြီး အပေါ်ကို ချူးတက်သွားတယ်။ ကျောက်ဂူကြီးမှာ လေးဘက်ရှိတဲ့အနက် ဘယ်ဘက်ကပဲကြည့်ကြည့် ကျောက်ဂူကြီးဟာ သုံးမြှောင့်ပုံသဏ္ဍာန် ဖြစ်နေတာကို တွေ့ကြရမယ်။ ဒီကျောက်အုတ်ဂူကြီးမှာ သုံးတဲ့ ကျောက်အုတ်ချပ်ပေါင်းဟာ၊နှစ်သန်းနဲ့ သုံးသိန်းရှိတယ်။ဒီကျောက်ဂူကြီးကို လူပေါင်း တသိန်း၊ အနှစ် ၂၀-ဆောက်ရတယ်လို့၊ ရှေးခေတ်ဟောင်း သမိုင်းဆရာကြီး ဟီရော့ဒိုးတပ်[၂]က မှတ်တမ်းတင်ပစ်ခဲ့တယ်။

ဒီပစ်ရမစ်ကြီးတွေကို တည်ဆောက်သွားတဲ့ မင်းဆက်ရဲ့ နောက်ဆုံး မင်း ဟာ၊ **ဒုတိယမြောက် ပက်ပီဘုရင်**[၃] ဖြစ် တယ်။ ဒီ မင်း ဟာ အသက်တရာ ရှည်တယ်။ ခြောက်နှစ်သားကထဲက ရှင်ဘုရင်ဖြစ်တယ်။ ၉၄-နှစ် အုပ်စိုးရတယ်။ ရှင်ဘုရင်တပါး အဲဒီလောက်အထိ အကြာကြီး အုပ်စိုးနေတာ တိုင်းပြည်အတွက် နာတယ်။ ဒီရှင်ဘုရင်ဟာ သိတ်အိုလာတဲ့အတွက် တိုင်းပြည်ကို ပြန်မကြည့်နိုင်တော့ဘူး။ အဲဒါကြောင့် နယ်စားတွေရဲ့ အင်အားဟာ အင်မတန်ကြီးမားလာတယ်။

ရှင်ဘုရင် နတ်ရွာစံတဲ့အခါ မင်းလောင်းတွေ အများကြီးပေါ်လာပြီး အချင်းချင်း ပဋိပက္ခဖြစ်လာကြတယ်။ ပြည်သူ လူထုလဲ မင်းလောင်း ရှိသလောက် အစိတ်စိတ် အမွှာမွှာ ကွဲပြီး၊ ကိုယ်ကြိုက်တဲ့

၁။ ရှင်ဘုရင် ခူးဖူး=King Khufu
၂။ ဟီရော့ ဒိုးတပ်=Herodotus
၃။ ဒုတိယမြောက် ပက်ပီဘုရင်=King Pepi II
ဗိသုကာပညာ=(မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၇၊ နှာ ၄၃၀)



(ဂ့ၤလၢပှၤဖိခဲ ယးနံၣ်ဝဲၣ်ဒီးပှၤကညီ ဃံးထၢ်ထၢ် ပှၤစှ့ ဝဲၤကနၣ်တၢ်ကတၢ်လၢ ၊းသ့ၣ်ဝဲးအခံၣ်လၢ်)
ဝဲခးလှဝဲဂ့ၤသ့ၣ်ထီဒးဖဲ့အနံၣ်ဂီၤသ့ၣ်တးဝဲ °ပှၤဖိခဲးသ့ၣ်ဝဲးအပှၤကညီ °ပှၤနံၣ်ဂီၤသ့ၣ်တးဝဲ (၆၅-၇)

မင်းလောင်းကို ဝိုင်းပြီးထောက်ခံကြတယ်။ အခွန်အတုပ်တွေပေးစရာရှိတဲ့ သူတွေကလဲ၊ အခွန်တွေ မပေးကြတော့ဘူး။ အဲဒီအထဲမှာ ကပ္ပလီတွေက၊ တောင်ပိုင်းက ဝင်ပြီး တိုက်လိုက်ပြန်တယ်။ အစိပ်စိပ်အမွှာမွှာ ကွဲနေတဲ့ နိုင်ငံဟာ၊ အပြင်ရန်သူကို တလုံးတစည်းထဲ မခုခံနိုင်တော့ဘူး။ဟိုက ထတိုက်၊ ဒီက ထတိုက်နဲ့၊ ဖြစ်သရွေ့ပဲ ခုခံနိုင်တော့တယ်။ အဲဒီလို အကြပ်အတဲနဲ့ တွေ့နေတုန်း၊ တောင်ပိုင်း အီဂျစ်က ပြည်ထောင်စုထဲက ခွဲထွက်သွားပြန်တယ်။ အဲဒီလိုနဲ့ပဲ၊ ပစ်ရမစ်တွေကို တည်ဆောက်သွားတဲ့ မင်းဆက်ဟာ ပြတ်သွားခဲ့ရတယ်။

## နယ်စားခေတ်[၁] (ဘီ၊စီ ၂၄၀၀–၁၀၀၀)

ပစ်ရမစ် မင်းဆက် ပြတ်သွားပြီး အီဂျစ်ပြည်တွင်းမှာ၊ နှစ်ပေါင်း အတော်ကြာကြာ ဘယုတ်ဘယက် ဖြစ်နေသေးတယ်။ တနိုင်ငံလုံးကို ထိန်းသိမ်း အုပ်ချုပ်နိုင်တဲ့ ဘုန်းလက်ရုံးနဲ့ ပြည့်စုံတဲ့ မင်းတွေ မရှိဘူး။ ကိုယ့်နယ်မှာ ကိုယ် ဖေးရိုးအမည်ခံပြီး အုပ်စိုးနေကြတဲ့ သူတွေဟာ အတော်များတယ်။ အဲဒီလို အတော်ကြာကြာ ဘယုတ်ဘယက် ဖြစ်နေရာက၊ ဒီဖေးရိုးတွေထဲမှာ ဘုန်းလက်ရုံးနဲ့ပြည့်စုံတဲ့ ဖေးရိုး တဦးက ကျန်တဲ့ ထီးပြိုင်နန်းပြိုင်တွေကို အနိုင်ရလိုက်ပြီး ဖရိုဖရဲဖြစ်နေတဲ့ အီဂျစ်နိုင်ငံကို ပြန်လည် စည်းရုံးနိုင်ခဲ့တယ်။ ဒီမင်းဆက်ထဲက မင်းတွေဟာ၊ တောင်ပိုင်းသားတွေဖြစ်တဲ့အတိုင်း **နယ်စားခေတ်ဟာ အီဂျစ် တောင်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တယ်။** နှစ်ပေါင်း ၆၀၀ လောက် ရှည်လျားတဲ့နယ်စားခေတ် သမိုင်းဆိုတာလဲ၊ တခြားမဟုတ်ဘူး၊ ဒီမင်းတွေရဲ့ ဂူတွေကို လေ့လာပြီး ရေးထားတဲ့ သမိုင်းပဲဖြစ်တယ်။

သူတို့ရဲ့ အလောင်းတွေကို လေ့လာကြည့်တဲ့အခါ၊ **သူတို့မှာ ကပ္ပလီသွေး** ပါနေတာကို တွေ့ရတယ်။ ဖေးရိုးတပါး နတ်ရွာစံယင် နန်းလုပွဲတွေ ဖြစ်တတ်တဲ့အတွက်၊ ဒီဖေးရိုးတွေဟာ သူတို့ရဲ့ သားတော်တပါးပါးကို **ထီးမွေနန်းမွေ ဆက်ခံမဲ့သူ အဖြစ်နဲ့ရော၊ တွဲဘက်ဘုရင် အဖြစ်နဲ့ရော၊ ကျေညာတဲ့စနစ်ကိုတီထွင်ကြတယ်။** သားတော်တွေဟာ တွဲဘက်ဘုရင်တွေ လုပ်ရတဲ့အတွက် ဖေးရိုးမဖြစ်ခင်ကထဲက ပြည်သူ

---

၁။ နယ်စားခေတ်= The Feudal Age

လူထုနဲ့အရာရှိတွေဟာ နောင်တချေ့ သူတို့ရဲ့ ဖေးရိုးဖြစ်မဲ့သူရဲ့ အအုပ်အချုပ်ကို အစောကြီးကထဲက ကျင့်သားရပြီးသား ဖြစ်နေကြတယ်။



(ပုံ-၆၄) မြင်းနဲ့ဆွဲတဲ့ စစ်ရထား (ဖေးရိုး-'ဧမော'ဟာ၊ အာ ရှ တိုက်က မြင်းနဲ့စစ်ရထားတွေကို မှာယူပြီး၊ သူ့ တပ်မတော်မှာ သုံးတယ်။)

ဒီဖေးရိုးတွေဟာ၊ရှေးတုန်းက ဖေးရိုးတွေထက် နိုင်ငံတော် အုပ်ချုပ်ရေးကို ပိုပြီး ဂရုစိုက်တယ်။ သူတို့လက်ထက်မှာ၊ ပင်လယ်ခြားနိုင်ငံတွေနဲ့ ကုန်သွယ်ရေးဟာ တိုးတက်လာတယ်။ သူတို့ လက်ထက်မှာပဲ၊ပင်လယ်နီရဲ့ မြောက်ဘက်အကျဆုံး အပိုင်းနဲ့ မြစ်ဝကျွန်းပေါ်ရဲ့ အရှေ့ဘက်မှာရှိတဲ့ အနီးဆုံး နိုင်းမြစ်လက်တက်နဲ့ ဆက်မိအောင်၊တူးမြောင်း ဖေါက်သွားခဲ့ကြဘူးတယ်။(မြေပုံ-၂)

ဘီ၊စီ ၁၉-ရာစု လောက်မှာ အုပ်စိုးသွားတဲ့ တတိယမြောက်-ဆေနုဆရက်[၁] (ပုံ-၆၀)လက်ထက်မှာ၊ အီဂျစ်ရဲ့ တောင်ဘက်မှာရှိတဲ့ ချူးဘီးယား[၂] နယ်မြေကို နိုင်းမြစ်ရဲ့ ဒုတိယ ရေတံခွန်အထိ သိမ်းပိုက်နိုင်ခဲ့တယ်။

ပစ်ရမစ်ခေတ်တုန်းက အဆောက်အဦကြီးတွေ၊ အနုပညာတွေ၊ နိုင်ငံတော်ရဲ့အင်အားတွေ၊တိုးတက်လာတာကိုတွေ့ကြရတယ်။ နယ်စား

၁။ တတိယမြောက် ဆေနုဆရက် = King Senusret III
၂။ ချူးဘီးယား = Nubia

ခေတ်မှာတော့၊ ဒီလို တိုးတက်မှုတွေကို မတွေ့ရဘူး။ ဒါပေမဲ့ **စာရိတ္တ မဏ္ဍိုင် ကြံ့ခိုင်ရေးအတွက် ကြိုးပမ်းမှုတွေကို** တွေ့ရတယ်။



(ပုံ-၆၅) ဘုရင်မကြီး၊ ဟက်ရှက်စု

နယ်စားတွေရဲ့ ဂူတွေထဲမှာ၊ စာကြည့်ခန်းတွေရှိတယ်။ ဒီစာကြည့်ခန်းတွေဟာ၊ကမ္ဘာပေါ်မှာရှေးအကျဆုံးစာကြည့်ခန်းတွေပဲ။ ဒီစာကြည့်ခန်း တွေ ထဲက စာအုပ်တွေဟာလဲ၊ ရှေးအကျဆုံး စာအုပ်တွေပဲ။ စာအုပ်ဆိုပေမဲ့ အခုခေတ်စာအုပ်မျိုးတော့ မ ဟုတ် ရှာဘူး။ ဟိုခေတ်က ပေါ်တဲ့ ပ ပိုင်း ရပ် စက္ကူ လိပ်တွေပေါ်မှာ လက်ရေးနဲ့ ရေးထားတဲ့ စာအုပ်တွေ ဖြစ်တယ်။

ဒီစာအုပ်တွေထဲမှာ၊ တချို့စာအုပ်တွေဟာ တခြား မဟုတ်ဘူး။ အုပ်စိုးသူ အာဏာပိုင်များရဲ့ စိတ်တွေဟာ၊ ပြုပြင် ပြောင်းလဲသွားပြီး ဆင်းရဲသားလူထုအပေါ်မှာ တရားသဖြင့် အုပ်စိုးအောင်၊ သနားညှာတာလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့၊ ဆင်းရဲသား လူထုအနှိပ်စက်ခံရပုံ၊ အညှဉ်းဆဲခံရပုံ၊ ဆင်းရဲဒုက္ခ ရောက်နေပုံတွေကို ဖေါ်ပြ ရေးသားထားတဲ့စာအုပ်တွေပဲဖြစ်တယ်။ တချို့စာအုပ်တွေမှာ လူတွေရဲ့ ယုတ်မာပုံတွေ၊ ရှေးအတို့ မြှော်လင့်စရာ မရှိပုံတွေကိုရေးသားထားတာတွေရတယ်။ တချို့စာအုပ်တွေ မှာတော့ ဗမာတွေ စကြာမင်းကို မြှော်လင့်ကြသလို 'မက်ဆိုင်းယား'[၁] ဆိုတဲ့ (ကယ်တင်မည့်သူ)ကို မြှော်လင့်နေကြပုံတွေ ရေးထားတာတွေ့ရပြန်တယ်။

သူတို့ ပေါ်ခဲ့တဲ့ခေတ်နဲ့ နှိုင်းစာကြည့်လိုက်ယင်၊ ဒီစာအုပ်တွေဟာ အင်မတန် အံ့ဩစရာကောင်းတဲ့ စာအုပ်တွေဖြစ်တယ်။ဒီစာအုပ်

၁။ မက်ဆိုင်းယား=Messiah

တွေဟာ၊အာကာဒပိုင်တွေနဲ့လူထုရဲ့စိတ်ကို၊အတော် ပြုပြင်ပြောင်းလဲနိုင်ခဲ့တယ်။ ဒီစာအုပ်တွေရဲ့အရှိန်ကြောင့်၊ဒီဘဝမှာကောင်းတဲ့လူသာလျှင် နောင်ဘဝမှာ ကောင်းရာကို ရောက် နိုင် မယ် ဆို တဲ့ သဘောတရားကို၊ အီဂျစ်လူမျိုးတွေဟာ ဒီနယ်စားခေတ်ကို ရောက်တော့မှပဲ လေးလေးစားစားယုံကြည်လာကြတယ်။ ဒီခေတ်မှာ စာရိတ္တ မဏ္ဍိုင်ကြီး ခိုင်ရေးဟာ ဘယ်လို တိုးတက်လာတယ်ဆိုတာ မှန်းဆကြည့်နိုင်အောင် အောက်ပါစာတမ်းကလေးကို ဖတ်ကြည့်စမ်းပါ။



(ပုံ-၆၅) ယောက်ျားအသွင်
**ဘုရင်မကြီး ဟက်ရှက်စု**
(ဘုရင်မကြီးရဲ့ ဝတ်ကျောင်းနံရံပေါ်ကပုံ)

''တိုင်းသူပြည်သားထဲက မည်သူ၏ သမီးပျိုကိုမှ ကျွန်ုပ် မဖျက်ဆီးခဲ့ဘူးပါ။ မည် သည့် မု ဆိုး မ ကို မှ ကျွန်ုပ် မနှိပ်စက် ခဲ့ဘူးပါ။ မည်သည့် တောင်သူ လယ်သမားကိုမှကျွန်ုပ်နှင်မထုတ်ခဲ့ဘူးပါ။ မည်သည့် သိုးကျောင်းသမားကိုမှ ကျွန်ုပ် အလုပ် မ ဖြုတ် ခဲ့ ဘူး ပါ။ ကျွန်ုပ်၏ လူစုထဲမှမည်သူမျှ မဆင်းရဲပါ။ ကျွန်ုပ်၏လက်ထက်အတွင်း မည်သူမှစားရမဲ့ သောက်ရမဲ့ မဖြစ်ခဲ့ဘူးပါ။ အစာရေစာ ငတ်မွတ်ခေါင်း ပါး သည့် အချိန်ခါမျိုးမှာ၊ ကျွန်ုပ်၏ နယ်အတွင်းရှိ လယ်ယာများကိုကျွန်ုပ် ထွန်

ဖေးရိုးတွေကို နိုင်ငံတော်ရဲ့အကြီးဆုံးနတ်၊ နေနတ်သားက ဆင်းသက် ပေါက်ဖွားလာတဲ့ သားတော်သမီးတော်တွေရယ်လို့ ပြည်သူလူထုက ယုံကြည်ကြတဲ့အတိုင်း အသွင်အမျိုးမျိုးနဲ့ ရုပ်ကြွထုထားကြတယ်။

ပေးခဲ့သည်။ ဤသို့ကောက်ပဲသီးနှံထွက်အောင်လုပ်ပေးခြင်းဖြင့်ကျွန်ုပ်၏ နယ်ထဲတွင် မည်သူမှ မငတ်ရအောင် ကျွန်ုပ်လုပ်ပေးခဲ့သည်။ ငတ်ပြီးသေရမည့်ဘေးက ဤသူများကိုကျွန်ုပ်ကယ်ခဲ့သည်။ ကျွန်ုပ်သည် လင်ရှိသော မိန်းမကို ပေးသလို မုဆိုးမကိုလည်း ပေးသည်။ ကျွန်ုပ် ပေးကမ်းခဲ့ဘူးသမျှတွင် နိမ့်ကျသူထက် တန်ခိုးရှိသူကိုပိုပြီး ပေးလေ့မရှိခဲ့ဘူးပါ''။နယ်စားကြီးတဦးရဲ့ဂူမှာ အခုလို ကမ္ပည်းထိုးထားတာတွေ့ရတယ်။

## ဟစ်ဆိုးတွေ ရောက်လာခြင်း

နယ်စားခေတ်က ဖေးရိုးတွေဟာ အမြော်အမြင်နဲ့ အတော်ပြည့်စုံသူတွေ ဖြစ်တယ်။ ကမ္ဘာတဝှမ်းလုံးမှာ အီဂျစ်နိုင်ငံဟာ ရှေ့တန်းခေါင်းဆောင်နိုင်ငံဖြစ်လာအောင် ဒီဖေးရိုးတွေဟာ အများကြီး လမ်းစထွင်ပေးသွားခဲ့ကြတယ်။

ဘီ၊ စီ ၁၀၀၀ နောက်လောက်ကျတော့၊ **ဟစ်ဆိုး**[၁] လို့ ခေါ်တဲ့ အာရှ တိုက်သားတွေဟာ၊အရှေ့မြောက်ဘက်မှာရှိတဲ့ ဆီးရီးယားနိုင်ငံကို ဖြတ်ပြီးအီဂျစ်နိုင်ငံကိုဝင်ရောက်တိုက်ခိုက်ကြတယ်။ဒီဟစ်ဆိုးတပ်တွေမှာ၊ မြင်းနဲ့ဆွဲတဲ့စစ်ရထားတွေကို အသုံးပြုကြတယ်။ နောက်ပြီးတော့ သံနဲ့လုပ်တဲ့လက်နက်တွေကိုလဲ အသုံးပြုကြတယ်။ အဲဒီအခါက အီဂျစ်နိုင်ငံမှာ၊ မြင်းဆိုတာကြားတောင် မကြားဘူး သေးဘူး။ အဲဒါကြောင့် အီဂျစ် လူမျိုးတွေဟာ စစ်ရေးရာမှာကျွမ်းကျင်ရက်သားနဲ့ ဟစ်ဆိုးတွေကို အညံ့ခံလိုက်ကြရတယ်။

ဒီဟစ်ဆိုးတွေဟာ၊ လုရိုင်းတွေဖြစ်တယ်။ ရွှေ၊ ငွေပစ္စည်းတွေကို လုယူတယ်။ ဝတ်ကျောင်းတွေ၊ နန်းတော်တွေကို ဖျက်ဆီးကြတယ်။ အဲဒါကြောင့်အီဂျစ်လူမျိုးတွေဟာ၊ မခံမရပ်နိုင်အောင်ဖြစ်ပြီးတတ်နိုင်တဲ့နည်းနဲ့ ဒီဟစ်ဆိုးတွေကို ပုန်ကန်ထကြွကြတယ်။ ဒီဟစ်ဆိုးရှင်ဘုရင်တွေဟာ **သိုးကျောင်းသားရှင်ဘုရင်တွေလို့** အမည်ခံပြီးအီဂျစ်မှာနှစ်ပေါင်း ၂၀၀-နီးပါးလောက် အုပ်စိုးသွားတယ်။ ဘီ၊စီ ၁၆၀၀လောက်ဆီကျတော့၊**အေမော**[၂] ဆိုတဲ့ အီဂျစ် ခေါင်းဆောင်တဦး ပေါ်ပေါက်လာပြီး၊

---

၁။ ဟစ်ဆိုး = ( သိုးကျောင်းသား ရှင်ဘုရင်များ ) = The Hyksos (The Shepherd Kings) = (ဘီစီ၊ ၁၀၀၀—၁၆၀၀ )

၂။ အေမော = Amos

ဒီဟာစ်ဆိုး သိုးကျောင်းသား ရှင်ဘုရင်တွေကို အီဂျစ်က မောင်းထုတ်ပစ်လိုက်ကြတယ်။

## နယ်ချဲ့ခေတ် (ဘီ၊ စီ ၁၆၀၀–၁၂၀၀)

နယ်ချဲ့ခေတ်ထွန်းကားရာဒေသဟာ၊ နယ်စားခေတ်ထွန်းကားရာဒေသထက် နိုင်းမြစ်ရဲ့တောင်ဘက်ကိုပိုပြီးကျသေးတယ်။ ကိုင်ရိုမြို့နဲ့ဆိုယင်၊ မိုင်ပေါင်း၄၀၀-လောက်ကွာဝေးတယ်။ နယ်ချဲ့ခေတ်က ဖေးရိုးတွေရဲ့ မြို့တော်ဟာ **သီးဗီး**[၁]ဖြစ်တယ်။ အဲဒီနယ်ချဲ့ခေတ်ကတည်ဆောက်သွားခဲ့တဲ့ ပျက်စီးယိုယွင်းနေတဲ့ ဝတ်ကျောင်းကြီးတွေ၊ ဂူကြီးတွေကို မြို့တော်ဟောင်းရဲ့ နယ်နိမိတ်အတွင်း၊ နိုင်းမြစ်ရဲ့ အရှေ့ဘက်အနောက်ဘက် နှစ်ဘက်စလုံးမှာအခုထက်ထိ တွေ့နိုင်ကြသေးတယ်။ပျက်စီးနေတဲ့အခြေအနေမှာတောင် ဒီအဆောက်အဦကြီးတွေဟာ အင်မတန်ကြီးကျယ်ခမ်းနားနေသေးယင်၊တည်ဆောက်ပြီးစက ဘယ်လောက်အထိများ ကြီးကျယ်ခမ်းနားမယ်ဆိုတာ မှန်းဆကြည့်နိုင်တယ်။

ဒီဝတ်ကျောင်းတွေထဲမှာ **ကာနက်**[၂]အရပ်က ကျောင်းတိုက်ကြီး (ပုံ-၆၁)ဟာ၊ အကြီးကျယ်ဆုံး အခမ်းအနားဆုံးပါပဲ။ဒီကျောင်းတိုက်ကြီးဟာ နိုင်းမြစ်ရဲ့အရှေ့ဘက်မှာ ရှိတယ်။ ဒီကျောင်းတိုက်ထဲက ဝတ်ကျောင်းတွေဟာ၊ သူတို့ကိုးကွယ်တဲ့ **'အမွန်-ရေး'**[၃] အမည်ရှိတဲ့ နေနတ်အတွက် ရည်မှန်းပြီး တည်ဆောက်သွားကြတာ ဖြစ်တယ်။ ဒီကျောင်းတိုက်ကြီးတွေထဲက ရှေးအကျဆုံး ဝတ်ကျောင်းတွေကို၊ နယ်စားခေတ်က ဖေးရိုးတွေကစပြီး ဆောက်သွားခဲ့ကြတယ်။နယ်ချဲ့ခေတ်ကိုရောက်တဲ့အခါ၊ ဖေးရိုးတွေဟာ ဟာစ်ဆိုးတွေဖျက်သွားတဲ့ဝတ်ကျောင်းတွေကိုလဲ ပြုပြင်တယ်။ ပိုပြီး ကြီးကျယ်ခမ်းနားတဲ့ဝတ်ကျောင်းသစ်ကြီးတွေကိုလဲဆောက်ကြတယ်။

နယ်ချဲ့ခေတ်ပြီးတဲ့နောက် အနှစ် ၉၀၀-လောက် ကြာတဲ့အခါ ဂရိနယ်ချဲ့သမားတွေ ရောက်လာကြပြန်ပြီး ဒီကျောင်းတိုက်ကြီးထဲမှာ ဝတ်ကျောင်းတွေကို ထပ်ဆောက်ကြသေးတယ်။အဲဒါကြောင့်ဒီကျောင်း

---

၁။ သီးဗီး = Thebes

၂။ ကာနက် = Karnak

၃။ အမွန်-ရေး = Amon Re

တိုက်ကြီးထဲမှာ ပထမဝတ်ကျောင်းတွေကို စပြီး ဆောက်တဲ့အချိန်က နောက်ဆုံး ဝတ်ကျောင်းတွေ ဆောက်ပြီးတဲ့ အချိန်အထိ နှစ်ပေါင်း ၂,၀၀၀- လောက် ရှည်လျားတယ်လို့ ခန့်မှန်း နိုင်တယ်။ ဒီကျောင်းတိုက်ကြီးရဲ့ အရှေ့အနောက်ဟာ နှစ်ဖာလုံလောက်ရှိတယ်။ ဒီ ကျောင်းတိုက်ထဲမှာ၊ အခမ်းနားဆုံး အဆောက်အဦ က တော့၊ ကာ နက်ခန်းမဆောင်ကြီး ဖြစ်တယ်။ ဒီခန်းမဆောင် ကြီး ဟာ၊ ပေ ပေါင်း ၃၃၈-ပေကျယ်တယ်။ အဝင်ဝက အ ဆုံး အထိ၊ ပေပေါင်း ၁၇၀-ရှိတယ်။ ခန်းမဆောင်ရဲ့ အလယ်မှာ ၇၉-ပေ မြင့်တဲ့ ကျောက် တိုင် ကြီး ၁၂- လုံး (ပုံ-၆၂)ဟာ၊ တဘက်ခြောက်လုံးစီ၊ နှစ်တန်း တန်းနေတယ်။ ဒီကျောက်တိုင်ကြီးတွေရဲ့ ထိပ်ကို ပန်း ပွင့် ပုံ သ ဏ္ဍာန် ရှိ တဲ့ ကျောက်ပြားကြီးတွေနဲ့အုပ်ယှားတယ်။ ဒီကျောက်ပြားကြီးတွေပေါ်မှာ လူတရာမတ်တပ်ရပ်လို့ရတယ်။ ဒီကျောက်တိုင်တန်းကြီးရဲ့ လက်ဝဲလက်ျာမှာမှ၊ သူတို့ထက် နဲနဲငယ်တဲ့ ကျောက်တိုင်တွေရှိတယ်။ ဒီကျောက်တိုင်တွေဟာ ၁၆-တန်းရှိပြီး၊ အားလုံးပေါင်း ၁၃၄-တိုင်ရှိတယ်။



(ပုံ-၆၆) နိုင်းမြစ် ပထမ ရေတံခွန်အနီး၊ နှမ်းဖတ်ကျောက်တွင်းမှာရှိတဲ့အပြီးမသတ်ရသေးတဲ့ မော်ကွန်းကျောက်တိုင်

ဒီ ကျောင်းတိုက်ကြီးထဲက **ဝတ်ကျောင်းတွေရဲ့ နံရံတွေမှာ ထွင်းသားတဲ့ စစ်တိုက်ခန်းတွေ**ဟာ လက်ရာ အင်မတန်ကောင်းတယ်။ သမိုင်းဆရာတွေအတွက် အင်မတန်တန်ဘိုးရှိတယ်။ ဒီစစ်တိုက်ခန်းတွေကိုကြည့်ပြီး အဲဒီခေတ်တုန်းက ဘယ်လိုစစ်တိုက်ကြတယ်၊ ဘယ်လက်နက်မျိုးတွေကို သုံးတယ် အစရှိသဖြင့်ခန့်မှန်းနိုင်ကြတယ်။

ဝတ်ကျောင်းကြီးတွေရှေ့မှာ၊ တည်ဆောက် ထားတဲ့ **ဖေးရိုး**

တွေရဲ့ ကျောက်ရုပ်ကြီး (ပုံ-၅၀) တွေဟာ သိပ်ပြီးကြီးကျယ်တာပဲ။ ဒီကျောက်ရုပ်ကြီးတွေဟာ၊ ကျောက်တုံးကြီးတတုံးထဲက ထွင်းထားတာ။ တချို့ ကျောက်ရုပ် ကြီးတွေရဲ့ အမြင့်ဟာ၊ ပေပေါင်း ၇၀-၉၀-လောက်အထိရှိပြီး ဝတ်ကျောင်းတွေထက်တောင်ပိုပြီး မြင့် သေးတယ်။ တချို့ရဲ့ အလေးချိန်ဟာတန်ချိန် ၁၀၀၀ လောက်အထိတောင် ရှိတယ်။



(ပုံ-၆၆ က) စိုက်ထူပြီးတဲ့ ကလီယို ပါးထရား ကျောက်တိုင်†

လေးမြောင့် လုံးချင်း နှမ်းဖတ်ကျောက်တိုင်ကြီးဖြစ်တယ်၊ထိပ်မှာချွန်နေတယ်(ပြည်ထောင်စုမြန်မာနိုင်ငံမှာ စိုက်ထူတားတဲ့၊ လွတ်လပ်ရေး မော်ကွန်းကျောက်တိုင်မျိုးပဲ။)အလျား၆၇½ပေ၊ အလေးချိန် ၁၀၆ တန် ရှိတယ်။ 'အမွန်-ရေး' နေနတ်သားကို ပူဇော်ရန် နဲ့ တတိယမြောက် တုမို့ဟာ သူရဲ့ဘုန်းတံခိုးကြီးမားကြောင်း ထင်ရှားစေဘို့ စိုက်ထူထားတဲ့ ကျောက်တိုင်ဖြစ်တယ်။

အခုအခါ လန်ဒန်မြို့ ဝိတိုရိယတာပေါ်မှာ စိုက်ထူထားပြီး အောက်ခံ တဘက် တချက်မှာ ကြေးညို 'စဖင့်' ရုပ်တရုပ်စီ ခြံရံထားတယ်။

နိုင်းမြစ်ရဲ့အနောက်ဘက်မှာ၊ ဖေးရိုးတွေ၊ မင်းညီမင်းသားတွေ၊ စစ်ဗိုလ် ချုပ်ကြီးတွေ၊ ဗိသုကာကြီးတွေ၊ အနုပညာသည်ကြီးတွေ အစရှိတဲ့ **နယ် ချဲ့ ခေတ် က ထင်ရှား ကျော်ဇောတဲ့ လူကြီးတွေရဲ့ ဂူတွေ** ရှိတယ်။ ဒီဂူတွေဟာ ပစ်ရမစ်တွေလို မြေကြီးပေါ်မှာ တည် ဆောက် ထားတာ မဟုတ်ဘူး။ **ကျောက်ကမ္ဘားကြီးတွေထဲမှာ ထွင်းထားတဲ့ ဂူတွေ** ဖြစ်တယ်။ ဒီဂူတွေဟာ အစက အဘိုးတန်ပစ္စည်းတွေနဲ့ ပြည့်နေတဲ့ ဂူတွေပါပဲ။ ဒါပေမဲ့ဂူသူခိုးတွေဝင်ပြီး ခိုးကုန်ကြတဲ့အတွက် ဖေးရိုးတူးတင်ခမွန် [၁] ရဲ့ ဂူတခုကလွဲယင် တခြားဂူတွေထဲမှာ ဘာမှမရှိ

၁။ တူးတင်ခမွန် = Tutenkhamon

† ကလီယိုပါးထရားကျောက်တိုင် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၁၊ နှာ ၁၀၉)

တော့ဘူး။ ဂူအားလုံးထဲမှာ တူးတင်ခမွန်ရဲ့ဂူတခုပဲ ကွက်ပြီး ကျန်ရစ်ထာကာ၊ဒီလို။

နောက်ဖေးရိုးတပါး နတ်ရွာစံတော့ ကျောက်ဂူတခုတူးတဲ့အခါ မြေကြီးတွေ၊ ကျောက်စတွေ၊ ကျောက်တုံးတွေဟာ တူးတင်ခမွန်ရဲ့ ဂူပေါ်ကျပြီး ဖုံးထားသလို ဖြစ်နေတယ်။ ဒါကြောင့် ဒီဂူကို ဂူသူခိုးတွေ တွေ့မသွားကြဘူး။ ၁၉၂၂-ခုနှစ်ကို ရောက်တဲ့အခါကျတော့မှ၊ ရှေးဟောင်းသုတေသန ပညာရှင်တွေဟာ ဒီဂူကိုတွေ့ရတယ်။ ဖွင့်ကြည့်တဲ့ အခါ နှစ်ပေါင်း ၃၂၇၀-ကျော်တုန်းက ထားပစ်ခဲ့တဲ့အတိုင်း တူးတင်ခမွန်ရဲ့ အသုံးအဆောင်ပစ္စည်းတွေဟာ မပျက်မစီးပဲ တည်ရှိနေတာကို တွေ့ကြရတယ်။ (ပုံ-၆၃)

အခုပြောခဲ့တဲ့ ဝတ်ကျောင်းကြီးတွေ၊ဂူတွေဟာ သမိုင်းဆရာတွေအတွက် အင်မတန် အဘိုးတန်တယ်။ ဒါတွေကို လေ့လာပြီး သမိုင်းဆရာတွေဟာ နှစ်ပေါင်း ၄၀၀၀-လောက် ရှည်လျားတဲ့ နယ်ချဲ့ခေတ်ရဲ့ သမိုင်းကို ဖွဲ့နွဲ့ရေးသားနိုင်ကြတယ်။

**ဖေးရိုး-မေဘာ** ဟာ ဟစ်ဆိုးတွေကို မောင်းထုတ်ပြီး၊ သူနဲ့အပြိုင်အဆိုင်ဖြစ်တဲ့ မင်းညီမင်းသားတွေနဲ့ တိုက်ရသေးတယ်။ သူပဲ အနိုင်ရတယ်။ အဲဒီလို ပြည်တွင်းပြည်ပ ရန်တွေကို နှိမ်ပြီးတာနဲ့ တပြိုင်နက် ရန်သူဟစ်ဆိုးတွေ အီဂျစ်ကို တိုက်ခိုက်သိမ်းယူသွားတာကို မမေ့နိုင်တဲ့ 'မေဘာ' ဟာ၊ တပ်မတော်တခုကို အထူးဂရုစိုက်ပြီး ထူထောင်တယ်။ ရှေးအခါက တိုက်ရေးခိုက်ရေးမှာ ပေါ့ပေါ့ဆဆ သဘောထားခဲ့ကြတဲ့ မင်းညီမင်းသားတွေနဲ့ ပြည်သူလူထုကလဲ ဟစ်ဆိုးတွေကို အညံ့ခံလိုက်ရတဲ့ အဖြစ်အပျက်တွေက သင်ခန်းစာတွေရလိုက်ပြီး၊ တပ်မတော်မှာ အများကြီး စိတ်ဝင်စားလာကြတယ်။ မေဘာဟာ အာရှတိုက်က **မြင်း နဲ့ စစ်ရထား** (ပုံ-၆၄) တွေကိုမှာပြီး သူ့တပ်မတော်မှာ သုံးတယ်။ သူ့မှာ အင်မတန်အားကိုးရတဲ့ ဗိုလ်ချုပ်တွေရှိတယ်။ ဒီဗိုလ်ချုပ်တွေဟာ အီဂျစ်ကို ထိပါးလာတဲ့ လစ်ဘီယားနိုင်ငံက ရန်သူတွေကို တွန်းလှန်ပစ်လိုက်ပုံတွေ၊ သူတို့ကိုယ်တိုင် အာရှတိုက်ကိုချီတက်ပြီး ဘယ်လိုအောင်ပွဲတွေ ခံခဲ့တယ်ဆိုတာတွေကို ကျကျနန မှတ်တမ်းတင်ထားတယ်။

မေဘာရဲ့သားဟာ **ပထမမြောက်-အမင်ဟိုးတက်**[၁] ဖြစ် တယ်။

---

၁။ ပထမမြောက်-အမင်ဟိုးတက် = Amenhotep I (B.C. 1557-1541)

သူလဲ သူ့အဖေလို ဘုန်းလက်ရုံးနဲ့ ပြည့်စုံတဲ့ ဖေးရိုးပဲ။ သူ့လက်ထက်မှာလဲ အောင်ပွဲအဆင့်ဆင့်ရပြီး အီဂျစ်အင်ပိုင်ယာဟာ နိုင်းမြစ်ရဲ့ တောင်ဘက် နျူးဘီးယားဒေသကနေပြီး၊ အရှေ့ဘက်ကို ယူဖရေးတီးမြစ်ဝှမ်းအထိ ကျယ်ပြန့်ခဲ့တယ်။

ပထမမြောက်-အမင်ဟိုးတက်နတ်ရွာစံပြီးနောက်၊ **ပထမမြောက်-တုမို့**[၁] ဟာ ဖေးရိုးဖြစ်လာတယ်။ သူ့လက်ထက်မှာ နိုင်ငံတော် ချမ်းသာယာတဲ့ အတွက်၊ ဟစ်ဆိုးတွေဖျက်ဆီးသွားတဲ့ ဝတ် ကျောင်း ကြီးတွေကို ပြန်လည် တည်ဆောက်ပေးနိုင်ခဲ့တယ်။ သူ့မိဖုရားကြီးမှာ သားတော်မထွန်းကားဘူး။ အဲဒါကြောင့် မိဖုရားငယ်တွေနဲ့ရတဲ့ သားတော်တပါးဟာ ရှင်ဘုရင်ဖြစ်လာမှာ မလိုလားတဲ့ နန်းတွင်းသူ နန်းတွင်းသားတွေဝိုင်းပြီးလျှောက်ထားကြတဲ့အတွက်၊ ပထမမြောက်-တုမို့ဖေးရိုးဟာ သူ နတ်ရွာမစံမီကထဲက သူ့အရိုက်အရာကို သူ့သမီးတော်ကြီး ဟက်ရှက်စု[၂]ကို လွှဲပေးပစ်ခဲ့တယ်။

ဖေးရိုး တုမို့ (ပထမမြောက်)နတ်ရွာစံပြီးတဲ့နောက်၊သမီးတော်ကြီး **ဟက်ရှက်စု**ဟာ (ပုံ-၆၅)ဖေးရိုး ဖြစ်လာတယ်။ ကမ္ဘာ့သမိုင်းမှာ ဟက်ရှက်စုဟာ အရည်အခြင်းနဲ့ ပြည့်စုံတဲ့ ပထမဆုံး ဘုရင်မကြီး ဖြစ်တယ်။ သူ့ရဲ့ဖအေတူမအေကွဲ မောင်တယောက်ဟာ အရည်အခြင်းနဲ့ ပြည့်စုံတယ်။ သူဟာ ဖေးရိုး သိတ်ဖြစ်ချင်တယ်။ ဟက်ရှက်စုကိုယူယင် သူဖေးရိုးဖြစ်လိမ့်မယ်လို့ထင်ပြီး ယူလိုက်တယ်။ ဒါပေမဲ့ ဟက်ရှက်စုရဲ့ ဘက်တော်သားတွေ ဝိုင်းပြီး ကန့်ကွက်ကြတဲ့အတွက်၊ သူဟာ ဖေးရိုး မဖြစ်ရတော့ပဲ၊ ဘုရင်မရဲ့ ကြင်ရာတော်သာ ဖြစ်ရတယ်။

ဘုရင်မ ဟက်ရှက်စုဟာ သူ့ခမည်းတော်လိုပဲ၊ အဆောက်အဦတွေဆောက်တာမှာ အတော်ဝါသနာပါတယ်။ ရှေးတုန်းက တခါဘူးမှ မပေါ်ဘူးခဲ့တဲ့ အင်မတန်ကြီးကျယ်ခမ်းနားတဲ့ ဝတ်ကျောင်းကြီးတွေကို သူ့လက်ထက်မှာ အများကြီး ဆောက် သွား တယ်။ သူနန်းတက်ထာ ၁၅-နှစ်မြောက်တဲ့ အ ထိမ်း အ မှတ် အ ဖြစ် နဲ့ တန်ပေါင်း ၃၅၀-စီ လောက်လေးတဲ့ **ကျောက်တိုင်ကြီးနှစ်တိုင်**ကို ကာနက်ကျောင်းတိုက်ထဲက သူ့အဖေစခဲ့ပြီး သူ့လက်ထက်မှာ တည်ဆောက်ပြီးသွားတဲ့ ဝတ်

၁။ ပထမမြောက်-တုမို့ = Tumose I (B.C. 1540-1501)
၂။ ဟက်ရှက်စု = Hatshepsut



(ပုံ–၆၇)　ပထမဆုံး ဘုရင်မကြီး ဟတ်ရှက်စုရဲ့ သုံးဆင့်ကျောက်ဂူ
(အထက် နှစ်ဆင့်ကို ပုံမှာရှု)

ကျောင်းကြီး ရဲ့ နောက်မှာ သူ စိုက်ထူထားတယ်။ ဒီကျောက်တိုင်ကြီးတွေကို ကျောက်တောင်ကြီးတွေမှာ ထွင်းယူရတယ် (ပုံ-၆၆)။အဲဒီလို ထွင်းပြီးတဲ့နောက်မှ ဒီကျောက်တိုင်ကြီးတွေကို နိုင်းမြစ်ထဲမှာ ဖောင်တွေနဲ့ ဆွဲယူလာကြတယ်။ ဒီကျောက်တောင်ကြီးတွေကို ထွင်းတာက စပြီး စိုက်ပြီးတဲ့အထိ ခြောက်လအတွင်းပြီးရတယ်။ ဒီကျောက်တိုင်တွေပေါ်မှာမှ သူ့လက်ထက်မှာ ရရှိခဲ့တဲ့ အောင်မြင်မှုတွေကို ထွင်းထားတယ်။ သူပြင်ပေးသွားတဲ့ ရှေးဟောင်း ဝတ်ကျောင်းကြီးတွေအကြောင်းကို အထူးဂုဏ်ဖော်ပြီး ထွင်းထားတာကို တွေ့ရတယ်။

ဘုရင်မကြီး နတ်ရွာစံတဲ့အခါ (ပုံ-၆၇) သူ့ကြင်ရာတော်ဟာ **တတိယမြောက်-တုမို့** (ပုံ-၆၈)အမည်နဲ့ ဖေးရိုးဖြစ်လာတယ်။ သူဟာ ဘုရင်မရဲ့ ကြင်ရာတော် အဖြစ်နဲ့ နေခဲ့ရတာကို တော်တော် စိတ်နာနေတယ်။ ဒါကြောင့် သူဖေးရိုးဖြစ်တာနဲ့ တပြိုင်နက်၊ဘုရင်မဟက်ရှက်စုရဲ့ အောင်မြင်မှုတွေကို နောင်လာနောက်သားတွေ မမြင်ရမကြားရအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့၊ ဘုရင်မကြီးရဲ့ အောင်မြင်မှုတွေ ထွင်းထားတဲ့ ကျောက်တိုင်ကြီးတွေကို အောက်ခြေကစပြီး တိုင်ထိပ်အထိ ကျောက်အင်္ဂတေနဲ့ ဖုံးပစ်လိုက်တယ်။ ဘုရင်မကြီး တည်ဆောက်သွားတဲ့ ဝတ်ကျောင်းကြီးထဲက၊ ဘုရင်မကြီးရဲ့ ကျောက်ရုပ်ပေါင်း တရာကျော်ကိုလဲ ရိုက်ချိုးပစ်လိုက်တယ်။ နေရာတကာတိုင်းမှာပဲ ဘုရင်မကြီးရဲ့နံမယ်နဲ့ ဘုရင်မကြီးကို ဝိုင်းပြီး ကူညီ သွားခဲ့ကြတဲ့ သူတွေရဲ့ နံမယ်တွေကို တတ်နိုင်သလောက် ဖျောက်ဖျက်ပစ်လိုက်တယ်။ ဒါပေမဲ့ ကျောက်တိုင်ကြီးတွေကို ဖုံးထားတဲ့ ကျောက် အင်္ဂတေ တွေဟာ၊ နှစ်ပေါင်းအတော်ကြာတဲ့အခါ ကွာကျကုန်တဲ့အတွက်၊ဘုရင်မကြီးရဲ့အောင်မြင်မှုတွေကို နောင်လာနောက်သားတွေ ထင်ထင်ရှားရှားဖတ်နိုင်ကြတယ်။

ဒီတတိယမြောက်-တုမို့ဟာ လက်ရုံးရည်နဲ့ အတော် ပြည့်စုံသူဖြစ်တယ်။ ရှေးခေတ်က ပေါ်သွားခဲ့ကြတဲ့ ဗိုလ်ချုပ်ကြီးတွေထဲမှာ၊ သူဟာ စွမ်းရည်သတ္တိအရှိဆုံးဖြစ်တဲ့အတွက်၊ ကမ္ဘာ့သမိုင်းရဲ့ထင်ရှားတဲ့ ဗိုလ်ချုပ်ကြီးတွေထဲမှာ၊ သူဟာ ပထမဗိုလ်ချုပ်ကြီးဖြစ်တယ်လို့၊သမိုင်းဆရာတွေက မှတ်တမ်းတင်ကြတယ်။ တချို့ သမိုင်းဆရာတွေက သူ့ကို **‘အီဂျစ်နိုင်ငံရဲ့နပိုလီယံ’**လို့ ခေါ်ကြတယ်။

သူဖေးရိုးဖြစ်လို့ မကြာခင်ပဲ၊ ပယ်လက်စတိုင်နိုင်ငံက ပုန်ကန်ခြား နား တဲ့ အတွက် နှိမ် နင်း ရ အောင် စစ် သည် တပ် သား ပေါင်း ၂၀,၀၀၀ လောက်ရှိတဲ့ တပ်မကြီးကို သူကိုယ်တိုင်ခေါင်းဆောင်ပြီး ချီတက်သွားတယ်။ ရန်သူတွေဟာ သူ့ကို ခုခံတိုက်ခိုက်ဖို့ **မယ်ဂစ်ဒိုး**[၁] မြို့ရဲ့ ရှေ့မှာ အသင့်ရှိနေကြတယ်ဆိုတဲ့ သတင်းကို သူကြားရတဲ့အခါ၊ သူ့ ဗိုလ်ချုပ်တွေနဲ့ အစည်းအဝေးတခုလုပ်တယ်။ မယ်ဂစ်ဒိုးကို သွားတဲ့ လမ်း သုံးလမ်းရှိတဲ့အနက်က၊ တိုက်ရိုက်ရောက်တဲ့လမ်းဟာ ကျဉ်းတဲ့အတွက် ရန်သူဘက်က တပန်းသာနေတယ်။ ဒါကြောင့် တခြားလမ်းက ချီတက်ဖို့ ဗိုလ်ချုပ်တွေက အကြံပေးကြတယ်။ သူက ဒီအကြံတွေကို အကုန်လုံးပယ်ပစ်တယ်။ သတ္တိမရှိတဲ့လူတွေ နေရစ်ခဲ့ကြ၊ မယ်ဂစ်ဒိုးကို အမြန်ဆုံးရောက်နိုင်တဲ့ တိုက်ရိုက်လမ်းက သူကိုယ်တိုင် ခေါင်းဆောင်မယ်ဆိုပြီး၊ တိုက်ရိုက်လမ်းက မယ်ဂစ်ဒိုးကို အတင်း ချီတက်တယ်။ ဒီတိုက်ပွဲမှာ သူအကြီးအကျယ် အောင်ပွဲရတယ်။

တတိယမြောက်-တုမို့ဟာ၊ ဘီ၊စီ ၁၄၇၉ - က စပြီး အနှစ် ၃၀-ကျော်လောက် ဖေးရိုး အဖြစ်နဲ့ အုပ်စိုးသွားခဲ့တယ်။ နှစ်ပေါင်း ၂၀-လောက်အတွင်း အနောက်အာရှနိုင်ငံတွေကို ဘယ်လိုတိုက်ခိုက်အောင်မြင်ခဲ့တယ်၊ ဒီနိုင်ငံတွေကို စုပေါင်းပြီး၊ ခိုင်မာတောင့်တင်းတဲ့ အင်ပိုင်ယာကြီး ဖြစ်လာအောင် သူဘယ်လို စည်းရုံး ပေးခဲ့တယ် ဆိုတဲ့ အတ္ထုပ္ပတ္တိတွေကို ကာနက်ဝတ်ကျောင်းကြီးရဲ့ နံရံတွေမှာ ထွင်းထားတယ်။ သူ့လက်ထက်မှာ **ရေတပ်**ကို စတင်တည်ဆောက်သွားတာကိုလဲ တွေ့ရတယ်။ ဒီရေတပ်ကြောင့် သူရဲ့သြဇာဟာ အီဂျီအန်ပင်လယ်အထိ ပျံ့နှံ့ခဲ့တယ်။

တတိယမြောက်-တုမို့ဟာ လက်ရုံးရည်နဲ့သာပြည့်စုံတာမဟုတ်ဘူး။ **နှလုံးရည်နဲ့လဲပြည့်စုံတယ်**။ သူနိုင်တဲ့နိုင်ငံတွေမှာ စိတ်ချယုံကြည်ရတဲ့ သူတွေကို ဘုရင်ခံတွေအဖြစ်နဲ့ ခန့်ထားတယ်။ ဒီဘုရင်ခံရဲ့ သားတွေကို အီဂျစ်ခေါ်လာပြီး ပညာသင်ကြားပေးတယ်။ ဆွေမျိုးသားချင်းလို ဖြစ်နေအောင် သူ့သားသမီးတွေနဲ့ အတူတူ တခမ်းတနား ပြုစုစောင့်ရှောက်ထားတယ်။ သူတို့အဖေ ဘုရင်ခံတွေ အနိစ္စ ရောက်ကြတဲ့

၁။ မယ်ဂစ်ဒိုး = Megiddo (Armageddon) (ပုံ-၁၀၀ ရှု)




(ပုံ-၆၈).

အခါ၊ ဒီသားတွေကို ဘုရင်ခံတွေအဖြစ်နဲ့ ဆက်ပြီးခန့်ထားတယ်။ ဒီလို
နည်းနဲ့ လက်အောက်ခံ နိုင်ငံတွေဟာ အီဂျစ်နိုင်ငံနဲ့ စည်းလုံးနေအောင်
သူစီစဉ်ခဲ့တယ်။ သူဟာ အသက် ၇၀-ကျော်ကျော်အထိ သူ့တပ်တွေကို
ကိုယ်တိုင်ခေါင်းဆောင်ပြီး ချီတက်တိုက်ခိုက်နိုင်သေးတယ်။

ပြည်ထောင်စုခေတ်တို့၊ နယ်စားခေတ်တို့တုန်းက၊ အီဂျစ်လူမျိုး
တွေရဲ့မြင်ကွင်းဟာ မကျယ်လှဘူး။ အီဂျစ်နိုင်ငံရဲ့ နယ်နိမိတ်အတွင်း
မှာသာ ရှိတယ်။ အဲဒါကြောင့် **သူတို့ကိုးကွယ်တဲ့ နတ်တွေ**ဟာ အီဂျစ်

လောက်နဲ့သာဆိုင်တဲ့ နတ်တွေလို့ ယူဆကြတယ်။ တကမ္ဘာ လုံး ကို အုပ်စိုးတဲ့ တဦးတည်းသော နတ်မင်းကြီးဆိုတဲ့ သဘောကို သူတို့မတွေး မိခဲ့ကြဘူး။ ဒါပေမဲ့ အီဂျစ်အင်ပိုင်ယာ ဖြစ်လာတဲ့အခါ သူ တို့ မြင် ကွင်းဟာ ကျယ်လာတယ်။ အီဂျစ်ဖေးရိုးတဦးတည်းက အီဂျစ် နိုင်ငံ အပြင် တခြားနိုင်ငံတွေကိုပါ အုပ်စိုးနိုင်ယင်၊ တကမ္ဘာလုံးကိုအုပ်စိုးတဲ့ တဦးတည်းသော နတ်မင်းကြီးဆိုတာလဲရှိရမယ်။ အဲဒီလို သူတို့တွေး လာကြတယ်။

အင်ပိုင်ယာဟာ နှစ်ပေါင်း ၂၀၀ လောက်ရှိလာတဲ့အခါ၊ ဒီလို အတွေးအခေါ်တွေဟာ အတော်ကလေး ရင့်သန်လာတယ်။ အဲဒီအချိန် မှာ တတိယမြောက်-အမင်ဟိုးတက်ရဲ့ သား တော် **စတုတ္ထမြောက် အမင်ဟိုးတက်က၊** နေနတ်ဟာ တကမ္ဘာလုံးကို အုပ်စိုးတဲ့ တဦးတည်း သော နတ်မင်းကြီး ဖြစ်တယ်လို့ ယုံကြည်တယ်။ အီဂျစ်ရဲ့ **ပေါရာဏ စကား**နဲ့ဆိုယင်၊ နေကို'အတွန်'[၁]လို့ခေါ်တယ်။ အဲဒါကြောင့် စတုတ္ထ မြောက်-အမင်ဟိုးတက်ဟာ သူ့ရဲ့နေနတ်မင်းကြီးကို'အတွန်'လို့ ခေါ် ပြီး၊ ဘာသာသစ်ကို တီထွင်လိုက်တယ်။ **သူ့အင်ပိုင်ယာ တခုလုံးမှာလဲ၊ 'အတွန်'တပါးတည်းကိုသာ ကိုးကွယ်ရမယ်။** တခြားနတ်တွေကို မေ့ ပစ်ရမယ်လို့ အမိန့်ထုတ်ပြန်တယ်။

ဒီအမိန့်ကို မလိုက်နာပဲ မနေနိုင်အောင်၊ ဝတ်ကျောင်း အားလုံး ကို ပိတ်ပြီး ကျောင်းတိုက်တွေထဲက ဘုန်းကြီးတွေအားလုံးကို နှင်ထုတ် ပစ်တယ်။ ဘာသာဟောင်းရဲ့ နတ်တွေမှန်သမျှ နံမယ်တွေကို၊ တွေ့တဲ့ နေရာတွေက အကုန်လုံးဖျက်ပစ်တယ်။ အထူးသဖြင့် ဝတ် ကျောင်း တွေရဲ့ နံရံတွေပေါ်က ဖျက်ပစ်တယ်။ ဘာသာဟောင်းက နေနတ်ရဲ့ နံမယ်ဟာ'အမွန်-ရေး'ဖြစ်တယ်။ 'အမင်-ရေး'[၂]လို့လဲ ခေါ်တယ်။

စတုတ္ထမြောက်-အမင်ဟိုးတက်ဟာ အထူးသဖြင့် အမွန်-ရေး၊ သို့မဟုတ် အမင်-ရေးဆိုတဲ့ နေနတ်ကို သဘောမကျဘူး။ အမင်ဟိုးတက်

---

၁။ (အတွန်) နေနတ်မင်းကြီး= Aton

၂။ အမွန်-ရေး = Ammon Ra ⎫
အမင်-ရေး= Amen Re ⎬ သတ်ပုံကွဲ
အမန်-ရေး= Amun Re ⎭



(ပုံ-၆၉) စတုတ္ထမြောက်-အမင်ဟိုးတက် (အစ်ခနတွန်)

ဆိုတဲ့ သူ့နာမယ်ဟာ 'အမင်-ရေး'ရဲ့နံမယ်ကိုယူပြီးမှဲ့ထားတာ။ 'အမင်-ကျေနပ်တယ်' လို့ အဓိပ္ပါယ်ရတယ်၊ အဲဒါကြောင့် သူ့ နံမယ် ကို **အမင်ဟိုးတက် ကနေ ပြီး 'အစ်ခနတွန်'[၁] လို့ ပြောင်း လိုက် တယ်၊ (ပုံ-၆၉)** 'အတွန်နတ်မင်းကြီးကို အကျိုးဖြစ်စေသော' လို့ အဓိပ္ပါယ် ရတယ်။

---

၁။ အစ်ခနတွန် (အတွန်နတ်မင်းကြီးကို အကျိုးဖြစ်စေတဲ့)
= Ikhnaton (Profitable to Aton)

အစ်ခနတွန်ဟာ၊ ဘာသာသစ်ကို ဒီလို တည်ထောင်လိုက်တဲ့အတွက် ဘာသာဟောင်းကို ကိုးကွယ်တဲ့သူတွေ၊အထူးသဖြင့် ဘုန်းကြီးတွေဟာ၊ဘယ်လောက်အထိ မခံမရပ်နိုင်အောင်ဖြစ်ကြမယ်ဆိုတာ တွေးကြည့်နိုင်တယ်။ ဘာသာဟောင်းကို အခုလို စွန့်ပစ်လိုက်ပြီး၊ ဘာသာသစ်တရပ် တီထွင်တာ၊ အကြောင်းရှိတယ်။

သူ့မယ်တော်ဟာ၊ဆီးရီးယားက 'တီယီ'[၁] ဆိုတဲ့ ဆင်းရဲသူအမျိုးသမီးချောကလေး ဖြစ်တယ်။ သူ့ ခမည်းတော်ဟာ သူ့ မယ်တော်ကို ကောက်ယူတော်မူတဲ့အခါ၊ နန်းတော်သူ နန်းတော်သားတွေ၊ အထူးသဖြင့် ဘုန်းကြီးတွေဟာ ပြင်းပြင်းထန်ထန် ကန့်ကွက်ကြတယ်။ သူ့မယ်တော်ဟာ အဲဒီကထဲက ဘုန်းကြီးတွေကို စိတ်နာခဲ့တဲ့အတွက်၊ သူ့သားတော် လူလားမြောက်တဲ့ အရွယ်ကစပြီး ဘုန်းကြီးတွေ မကောင်းကြောင်းကို နားသွင်းခဲ့တယ်။ အဲဒါကြောင့် သူ ဖေးရိုးဖြစ်တာနဲ့ တပြိုင်နက် ဘာသာသစ်ကို အခုလိုတီထွင်တယ်လို့၊ အချို့သမိုင်းဆရာတွေက မှတ်တမ်းတင်ထားကြတယ်။

အစ်ခနတွန်ဟာ၊ ဘာသာဟောင်းက ဝတ်ကျောင်းတွေနဲ့ ပြည့်နေတဲ့ သီးဗီးမြို့တော်ဟောင်းကို မကြာခင် စွန့်ပစ်လိုက်ပြီး၊ နိုင်းမြစ်ရဲ့အောက်နားဆီမှာ မြို့တော်သစ်တခုကို အတွန်နေနတ်မင်းကြီးအတွက် ရည်မှန်းပြီး တည်ဆောက်တယ်။ ဒီမြို့တော်ကို အခုအခါ **'အမားနား'**[၂] လို့ ခေါ်တယ်။(မြေပုံ-၂ ရှု)

အစ်ခနတွန်မှာ သားတော်တပါးမှ မထွန်းကားဘူး။ သူ့သမီးတော် နှစ်ပါးကို မင်းညီမင်းသားထဲက မင်းသား နှစ်ပါးနဲ့ ပေးစားတယ်။ သမက်တော်အကြီးဟာ ဆုံးသွားတဲ့အတွက်၊ တူးတင်ခတွန် ဆိုတဲ့ သားမက်တော်အငယ်ကိုပဲ တွဲဘက် ဘုရင်အဖြစ် သူနဲ့အတူ တိုင်းပြည်ကို အုပ်ချုပ်စေတယ်။ တူးတင်ခတွန်[၃]ဆိုတာ(ပုံ-၇၀)'အတွန်နှင့်တူသော' လို့ အဓိပ္ပါယ်ရတယ်။ တွဲဘက်ဘုရင် လုပ်ရတဲ့ အချိန်မှာ

---

၁။ တီယီ = Tii, (Tiyi)

၂။ အမားနား = Amarna

၃။ တူးတင်ခတွန် = (အတွန်နဲ့ ရုပ်ရည်အလွန်တူတဲ့)
(Tutenkhaton)(Living Image of Aton)
= Tutenkhamon တူးတင်ခမွန်



(ပုံ-၇၀) (တူးတင်ခတွန်)၊ တူးတင်ခမွန်

တူးတင်ခတွန်ဟာ အသက် ၁၀-နှစ်လောက်ပဲ ရှိအုံးမယ်။ နောက် တနှစ်လောက်ကြာတဲ့အခါ အစ်ခနတွန် နတ်ရွာစံတယ်။ အဲဒါကြောင့် တူးတင်ခတွန်ဟာ ၁၂- နှစ်သားလောက်မှာ ဖေးရိုးဖြစ်လာတယ်။

တူးတင်ခတွန် အရွယ်မရောက်သေးတာကို အခွင့်ကောင်းယူပြီး ဘာသာဟောင်းက ဘုန်းကြီးတွေဟာ တန်ခိုးပြန် ကြီးလာကြတယ်။ သူတို့ရဲ့ ဆုံးဖြတ်ချက်အရ ဖေးရိုးကလေးဟာ အမားနားမြို့တော်ကို စွန့်ပစ်ပြီး၊ သီးဗီးမြို့တော်ဟောင်းကို ပြန်လာရတယ်။ သူ့နာမယ်ကိုလဲ **'တူးတင်ခတွန်'** က နေပြီး **'တူးတင်ခမွန်'** လို့ (ပုံ-၇၀) ပြောင်းရ တယ်။ ဘာသာသစ်ကနတ်မင်းကြီး 'အတွန်' ရဲ့ နံမယ်ကို ဖြုတ်ပစ်

လိုက်ပြီး၊ ဘာသာဟောင်းက နတ်မင်းကြီး 'အမွန်'ရဲ့နံမယ်ကို အစား ထိုးလိုက်တာပါပဲ။ အဲဒီအချိန်ကစပြီး 'အစ်ခနတွန်' တီထွင်သွားတဲ့ ဘာသာသစ်ဟာ တခါထဲ ကွယ်ပျောက်သွားတယ်။

တူးတင်ခမွန်ဟာ ဘီ၊စီ ၁၃၅၃-မှာ နတ်ရွာစံတယ်။ သူနတ်ရွာ စံတဲ့အခါ အသက် ၁၈-နှစ်လောက်ပဲ ရှိသေးတယ်။ သူအရွယ် ရောက် လာယင် ဘာသာသစ်ကို ပြန်ပြီးထူထောင်မှာစိုးတာနဲ့ ဘုန်းကြီးတွေ တိတ်တဆိတ် သတ်ပစ်တယ်လို့ ယူဆစရာရှိတယ်။ တူးတင်ခမွန် နတ်ရွာ စံတဲ့အချိန်ကစပြီး အီဂျစ်အင်ပိုင်ယာကို စတင် တည် ထောင် သွားတဲ့ မင်းဆက်ဟာ ပြတ်သွားတယ်။ ဒီမင်းဆက်ဟာ အီဂျစ်အင်ပိုင်ယာကို နှစ်ပေါင်း ၂၃၀-လောက် အုပ်စိုးသွားကြတယ်လို့ ခန့်မှန်းရတယ်။

## အင်ပိုင်ယာ ယိမ်းယိုင်စပြုခြင်း

နောက်မင်းဆက် လက်ထက်ကျတော့၊အင်ပိုင်ယာဟာ အတော် ကလေး ဖရိုဖရဲဖြစ်လာပြီ။ ဒီလိုဖြစ်လာရတဲ့ အကြောင်းတွေကို အထင် အရှား တွေ့နိုင်ကြတယ်။ အီဂျစ်အင်ပိုင်ယာဖြစ်လာပြီး တခြားနိုင်ငံက လုယူခဲ့တဲ့ ပစ္စည်းတွေနဲ့ အီဂျစ်လူမျိုးတွေဟာ စည်းစိမ်ယစ်လာကြတဲ့ အတွက် စစ်တိုက်ဘို့ကို စိတ်မပါကြတော့ဘူး။ အီဂျစ် တပ်တွေထဲမှာ နိုင်ငံခြားသားတွေကိုငှားပြီး သူတို့အစား တိုက်ခိုင်းတယ်။ အဲဒါဟာ အင်ပိုင်ယာ ဖရိုဖရဲ ဖြစ်ရတဲ့ အ ကြောင်း တွေ ထဲမှာ၊ အရေးကြီးတဲ့ အကြောင်းကြီးတကြောင်း ဖြစ်တယ်။ အဲဒါကြောင့် မြေထဲပင်လယ် ဘက်ကရန်သူတွေ အင်ပိုင်ယာထဲကို ဝင်တိုက်တဲ့အခါ အီဂျစ် လူမျိုး တွေဟာအင်ပိုင်ယာကို မကာကွယ်နိုင်တော့ပဲ၊ ဘီစီ ၁၁- ရာစု အတွင်း လောက်မှာ အင်ပိုင်ယာဟာ ပြိုပျက်သွားခဲ့ရတယ်။

ဒီမင်းဆက်ထဲမှ အထင်ရှားဆုံး မင်းနှစ်ပါးဟာ၊ပထမမြောက်-စီတီ[၁]နဲ့ သူရဲ့သား **ဒုတိယမြောက်-ရမ်ဆီး**[၂] တို့ပဲ ဖြစ်တယ်။သူတို့လက် ထက်မှာ ဖရိုဖရဲဖြစ်နေတဲ့အင်ပိုင်ယာကို အသင့်အတင့် စည်းရုံးသွား နိုင်ခဲ့တယ်။ ဒါပေမဲ့ အင်ပိုင်ယာရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ဆီးရီးယား

---

၁။ ပထမမြောက်-စီတီ = Seti I

၂။ ဒုတိယမြောက်-ရမ်ဆီး = Ramses II



(ပုံ-၇၁)　တူးတင်ခမွန် နဲ့ မိဖုရား

နိုင်ငံထဲကိုဝင်လာတဲ့ **ဟစ်တိုက်**[၁] ဆိုတဲ့ ရန်သူတွေကိုတော့ သူတို့မောင်းထုတ် မသွားနိုင်ခဲ့ကြဘူး။

နျူးဘီးယားနယ်၊ အဘူဆင်းဘယ်[၂] အရပ်မှာ၊ ဒုတိယမြောက်-ရမ်ဆီး တည်ဆောက်ပစ်ခဲ့တဲ့ ဝတ်ကျောင်းကြီးဟာ အတော်ကြီးကျယ်ခမ်းနားတယ်။ ဒီဝတ်ကျောင်းကြီးကို ကျောက်ကမ္ဘားအတွင်းမှာ ထွင်းထားတယ်။ ဒီဝတ်ကျောင်းကြီးရဲ့ အဝမှာ ကျောက်ကမ္ဘားကြီးတွေကို ထွင်းထားတဲ့ ဒုတိယမြောက်-ရမ်ဆီးရဲ့ ရုပ်ပုံကြီးလေးပုံရှိတယ်(ပုံ-၇၂)။ ဒီရုပ်ပုံကြီးတွေဟာ ၇၅-ပေစီ မြင့်တယ်။ ဒီ ကျောက် ရုပ် ကြီး တွေ ရဲ့ မျက်နှာတွေဟာ၊ ဆေးစိမ်ထားတဲ့ သူ့အလောင်းကမျက်နှာနဲ့ အတော်တူတယ်။

---

၁။ ဟစ်တိုက်လူမျိုး = The Hittites

၂။ အဘူဆင်းဘယ် = Abu Simbel



ဗဒါလဝ်ဂမြဲဂှ်ဗၚ်ဇၞော်ဂှ်-ယုၚ်ဂြိုဟ်ကၠုင်ယဝ်ဗၠောကၞာဲဂှ်ဏံၚ်ခၞော ဂှ်ကောံဂၠိုၚ် (၂၆-၇)

ဒီမင်းဆက်က မင်းတွေရဲ့ အလောင်းတွေကိုလဲ၊ ရှေးမင်းများ နည်းတူ၊ သီးဗီးရဲ့ အနောက်ဘက်ကမ်းက ကျောက်ကမ္ဘားကြီးတွေထဲ မှာ ထွင်းပြီးမြှုပ်ကြတယ်။ ဒါပေမဲ့ ဂူသူခိုးတွေထလွန်းလို့၊ ဒီအလောင်း တွေကို သူတို့ရဲ့ နောင်လာနောက်သားတွေက အကြိမ်ပေါင်းများစွာ တနေရာကတနေရာကိုရွှေ့ပြီး ဝှက်ထားကြရတယ်။ နောက်ဆုံးထားတဲ့ နေရာကိုတော့ ဂူသူခိုးတွေ တွေ့မသွားကြဘူး။ ဒီနေရာဟာ နှစ်ပေါင်း များစွာ တိမ်မြှုပ်နေပြီး၊ အေ၊ ဒီ ၁၈၈၁-ခုကို ရောက်တော့မှ ရှေး ဟောင်း သုတေသန ပညာရှင်တွေ သွားပြီး တွေ့ကြတယ်။ အခုအခါ ဒီအလောင်းတွေ မပျက်စီးရအောင် အီဂျစ်အစိုးရက ကိုင်ရိုမြို့မှာ ရှိတဲ့ ခေတ်မှီပြတိုက်ကြီးထဲမှာ စနစ်တကျသိမ်းထားတယ်။

---

အခန်း ၃။

## အီဂျစ်

### မှတ်စရာငါးခု၊ ဂရုပြု

၁။ ပထမပြည်ထောင်စုခေတ် (ဘီ၊ စီ ၄၃၀၀-၃၅၀၀) လောက် ကထဲက အီဂျစ်မှာ စိုက်ပျိုးရေးဟာ၊ လူကိုယ်တိုင်ထယ်ထိုးရတဲ့ဘဝက၊ နွားနှစ်ကောင်ကို ထွန်တုံးတပ်ပြီး ထွန်တဲ့စနစ်ထိ တိုးတက်လာတယ်။

၂။ အဲဒီခေတ်မှာပဲ၊ စာပေအရေးအသားကို၊ ကမ္ဘာပေါ်မှာ ဦးစွာ သူတို့တီထွင်နိုင်ခဲ့ကြတယ်။ သူတို့ရဲ့စာကို အရုပ်စာ၊ သို့မဟုတ် 'ဟီရာ ရိုဂလစ်' လို့ ခေါ်တယ်။ စာပေအရေးအသား တီထွင်လိုက်တာဟာ၊ လူ့ပညာရေးအတွက် အမတန်အဘိုးတန်တယ်။

၃။ ဘီ၊စီ ၄၂၄၁-တွင်၊တနှစ်မှာ ၃၆၅-ရက်ရှိတယ်ဆိုတဲ့ပြက္ခဒိန် ကို ရှေးခေတ် အီဂျစ် လူမျိုးတွေဟာ တီထွင် နိုင်ခဲ့ကြတယ်။ (ဘီ၊စီ၊ ၄၂၄၁-ခုနှစ်ဟာ၊ ကမ္ဘာ့သမိုင်းမှာ တတ်အပ်သေချာတဲ့ ဦးဆုံးနှစ်ပဲလို့

သမိုင်းဆရာအချို့က ဆိုကြတယ်။) နောင်အခါ ပြက္ခဒိန်ဟာ၊ အနဲ ငယ်လောက်၊ ဒါကိုထပ်မံပြုပြင်ပြီး၊ ကမ္ဘာသုံးဖြစ်လာတယ်။

၄။ ကြေးနီကို အမြောက်အမြား တူးဖော်နိုင်ကြတဲ့အတွက်၊ ရှေး အီဂျစ်လူမျိုးတွေကို 'သတ္တုခေတ်' အစပျိုးခဲ့တဲ့ လူတွေရယ်လို့ ဆိုရပေ မယ်။ ဟိုစဉ်အခါက သတ္တုခေတ်ကို သူတို့စတင်ခဲ့ကြလို့၊ အခုအခါ စက်မှုပညာဟာ၊ ဒီခလောက်ထိ တိုးဘက်နေတာဖြစ်တယ်။

၅။ ကြေးနီ က ရိ ယာ တန် ဆာ နဲ့၊ ကျောက် ကို လို ချင် သ လို ခုတ်ဖြတ်နိုင်တဲ့အတွက်၊ **ကျောက်ဗိသုကာအတတ်**ဟာ၊ အီဂျစ်ပြည်မှာ သိသိသာသာကြီး တိုးတက်လာခဲ့တယ်။



(ပုံ-၇၃)

## အခန်း ၄။

## အနောက်အာရှသမိုင်း (ပထမခေတ်)

အနောက်အာရှသမိုင်းဆိုတာ၊ ယူဖရေးတီး[၁]နဲ့တိုက်ဂရစ်မြစ်[၂] နှစ်မြစ်ကြားမှာ ဖြစ်ပေါ်သွားခဲ့တဲ့ သမိုင်းကို ဆိုလိုတယ်။ ဒီအနောက်အာရှသမိုင်းကို-

၁) လက်ဦး ဘက်ဘီလိုးနီးယား[၃]ခေတ်၊

၂) အဆီးရီးယန် အင်ပိုင်ယာ[၄]ခေတ်၊

၃) ကယ်ဒီးယန် အင်ပိုင်ယာ[၅] ခေတ် ဆိုပြီး

အခန်းကြီး သုံးခန်း ခွဲထားတယ်။

လက်ဦး ဘက်ဘီလိုးနီးယားခေတ်ဟာ၊ဘီ၊စီ ၂၉၀၀ လောက်က ဘီ၊စီ ၁၇၅၀ လောက်အထိရှည်လျားတယ်။ အဆီးရီးယန် အင်ပိုင်ယာ

---

(ပုံ-၇၃) ခြေသလုံးအိမ်တိုင်ပြုနေကြတဲ့ ဆိတ်ကျောင်းသား သိုးကျောင်းသား ဆမ္မိုက်လူမျိုး။

၁။ ယူဖရေးတီးမြစ် = R. Euphrates

၂။ တိုက်ဂရစ်မြစ် = R. Tigris
(မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၅၊ နှာ ၁၁၇)

၃။ လက်ဦး ဘက်ဘီလိုးနီးယား = The First Babylonia

၄။ အဆီးရီးယန် အင်ပိုင်ယာ = The Assyrian Empire

၅။ ကယ်ဒီးယန် အင်ပိုင်ယာ = The Chaldean Empire

ခေတ်ဟာ၊ ဘီ၊စီ ၇၅၀ လောက်က၊ ဘီ၊စီ ၆၁၂ လောက်အထိရှည်လျား တယ်။ ကယ်ဒီးယန် အင်ပိုင်ယာခေတ်ဟာ၊ ဘီ၊ စီ ၆၁၂ လောက်က ဘီ၊စီ ၅၃၈ လောက်အထိ ရှည်လျားတယ်။ ကယ်ဒီးယန် အင်ပိုင်ယာ ခေတ်ဟာ၊ ဘက်ဘီလိုးနီးယား လွင်ပြင်ပေါ်မှာ ဖြစ်ပွားသွားတဲ့ ခေတ် ဖြစ်တဲ့အတွက်၊ ဒီခေတ်ကို 'ဒုတိယ-ဘက်ဘီလိုးနီးယား ခေတ်' လို့လဲ ခေါ်နိုင်ပါတယ်။

ဒီသုံးခေတ်စလုံးကိုထူထောင်သွားတဲ့ သူတွေဟာ ဆမ္မိုက်လူမျိုး တွေက ဆင်းသက်ပေါက်ဖွားလာတဲ့ လူတွေ ဖြစ်တယ်။ ဒီ သုံးခေတ်ရှိ တဲ့အထဲက၊ ပထမ ခေတ်ဖြစ်တဲ့ လက်ဦး ဘက်ဘီလိုးနီးယား ခေတ်ကို စပြီးပြောမယ်။

## (၁) လက်ဦး ဘက်ဘီလိုးနီးယားခေတ်

### မြေသြဇာကောင်းတဲ့ လခြမ်းဒေသ

အနောက်အာရှမှာ၊ ကမ္ဘာ့သမိုင်းအရ ထင်ရှားတဲ့ ဒေသတခု ရှိတယ်။ ဒီဒေသဟာ၊ **တောင်ဘက်ကို လှဲနေတဲ့ လခြမ်းပုံသဏ္ဍာန်** ရှိ တယ်။ ဒီဒေသရဲ့ အနောက်ဘက် အစွန်းဟာ၊ မြေထဲပင်လယ်ရဲ့ အရှေ့ တောင်ဘက်က စတယ်။အလယ်ပိုင်းဟာ အာရေဗျနိုင်ငံရဲ့ မြောက်တဲ့တဲ့ မှာ ရှိတယ်၊ အရှေ့ဘက် အစွန်းဟာ၊ ပါရှန်ပင်လယ်ကွေ့ရဲ့မြောက် ဘက်အဆုံးအထိ ရောက်တယ်။ အနောက်ဘက်အစွန်းဟာ၊ပယ်လက် စတိုင်းနိုင်ငံဖြစ်တယ်။ အလယ်ပိုင်းရဲ့အတော်ခပ်များများဟာ၊ အဆီး ရီးယားနိုင်ငံတွင်းမှာ ရှိတယ်။ အရှေ့ဘက်အစွန်းဟာ၊ ယူဖရေးတီးနဲ့ တိုက်ဂရစ်ဆိုတဲ့ မြစ် နှစ်မြစ်ကြားမှာရှိတဲ့ ရှိုင်းနားလွင်ပြင်[၁]ဖြစ်တယ်။ ဒီဒေသရဲ့မြောက်ဘက်မှာ တောင်တွေရှိတယ်။ တောင်ဘက်မှာ မိုင် ပေါင်း ၅၀၀-လောက်အထိရှည်လျားတဲ့သဲကန္တာရကြီးရှိတယ်။

ဒီသဲကန္တာရရဲ့ မြောက်ပိုင်းမှာ၊ ဆောင်းတွင်းဆိုယင် မိုးအနဲငယ် ရွာချလေ့ရှိတယ်။ ဒီမိုးကလေးကြောင့် သဲကန္တာရရဲ့ မြောက်ပိုင်း တလျှောက်မှာ၊ မြက်ပင်တွေပေါက်ပြီး တနှစ်မှာအချိန်အနဲငယ်လောက် စိမ်းစိမ်းစိုစိုဖြစ်နေတာကိုတွေ့ရတယ်။ သူတို့ရဲ့ ဆိတ်တွေသိုးတွေအတွက်၊

---

၁။ ရှိုင်းနားလွင်ပြင် = Plain of Shinar




(ပုံ-၇၄) 'ပါတေးစီ' ဦးစီးလာတဲ့ 'ဖယ်လန့်' လို့ခေါ်တဲ့ ခြေလျင်တပ်ဖွဲ့

သဲကန္တာရကြီး တလျှောက်မှာ ရေကြည်ရာ မြက်နုရာ အရပ်တွေကို လိုက်လံရှာဖွေနေကြတဲ့၊ ခြေသလုံးအိမ်တိုင် ပြုနေကြတဲ့ ဆိတ်ကျောင်းသား၊ သိုးကျောင်းသားတွေဟာ၊ ဒီမြက်ခင်းပြင်ကိုလဲ တခါတလေ ရောက်လာကြတယ်။

လခြမ်းပုံသဏ္ဍာန်ရှိတဲ့ အခုပြောခဲ့ပြီးတဲ့ ဒေသဟာ၊ မြေဩဇာကောင်းပြီး၊ သစ်ပင်ဝါးပင်တွေနဲ့ စိုစိုပြေပြေဖြစ်နေတဲ့အတွက်၊ ဆိတ်ကျောင်းသား သိုးကျောင်းသားတွေဟာ၊ ဒီဒေသကို အမတန်မျက်စိကျတယ်။ သူတို့မျက်စိကျသလို မြောက်ဘက်က တောင်ပေါ်သားတွေကလဲ ဒီဒေသကို အမတန်မျက်စိကျတယ်။

အနောက်အာရှသမိုင်းဆိုတာ၊ အမှန် စင်စစ်တော့၊ ဒီတောင်ပေါ်သားတွေနဲ့ ဒီသဲကန္တာရထဲက ခြေသလုံး အိမ်တိုင် သမားတွေ၊ ဒီလခြမ်းဒေသကို သူ့ထက်ငါရအောင် လုယက် တိုက်ခိုက် နေကြတာတွေကို ဖော်ပြရေးသားထားတဲ့စာတန်းကြီးပဲ ဖြစ်တယ်။ (မြေပုံ-၃)။

## ဆမ္မိုက် လူမျိုး

သဲကန္တာရထဲက ခြေသလုံးအိမ်တိုင် သမားတွေဆိုတာ၊ အာရေဗျနိုင်ငံက လာတဲ့လူတွေ ဖြစ်တယ်။ ဒီသူတွေဟာ လူမျိုးအားဖြင့် ဆမ္မိုက်လူမျိုး [၁] တွေ ဖြစ်တယ်၊ (ထိပ်စည်းပုံ-၇၃)။ ဒီဆမ္မိုက်လူမျိုး

---

၁။ ဆမ္မိုက်လူမျိုး = The Semites (မြန်မာ့စွယ်စုံကျမ်း၊ တွဲ၄၊ နှာ၁၁၅၄)

ကမှ၊ အာရပ်လူမျိုး[၁]၊ ဟီးဘရူးလူမျိုး[၂]၊ ကေးနန်းနိုက်လူမျိုး[၃]၊ အမ္မိုရိုက်လူမျိုး[၄]၊ ဖီနစ်ရှန်လူမျိုး[၅] အစရှိသဖြင့် လူမျိုးတွေ အတော် ခပ်များများ ထပ်ပြီးကွဲဆင်းသွားကြတယ်။

ဒီဆမ္မိုက်တွေရဲ့ မူလနိုင်ငံဖြစ်တဲ့ အာရေဗျ[၆]နိုင်ငံဟာ၊များသောအားဖြင့် သဲကန္တာရဖြစ်ပြီး၊ လူနေနိုင်တဲ့အပိုင်းက၊ နဲနဲလောက်သာရှိတယ်။အဲဒီနိုင်ငံမှာ မြစ်ဆိုလို့အသျှင်းမရှိဘူး။ဆောင်းအလယ်လောက်မှာပဲ မိုးနဲနဲလောက်ရွာတယ်။

အဲဒါကြောင့်၊ ဆမ္မိုက်လူမျိုးတွေဟာ၊ သဲကန္တာရကြီးကိုစွန့်ပြီး၊ ရေကြည်ရာမျက်နုရာကိုရှာကြရင်း၊ နှစ်ပေါင်း ဘီ၊စီ ၃၀၀၀-လောက်မှာ ပထမအသုတ်ဟာ၊ လခြမ်းဒေသရဲ့ အနောက်ဘက်အစွန်ဖြစ်တဲ့ ပယ်လက်စတိုင်ကို ရောက်သွားကြတယ်။ ဒီအသုတ်ကလူတွေကို၊ **ကေးနန်းနိုက်**တွေလို့ ခေါ်တယ်။ ဒီလူတွေဟာ ပယ်လက်စတိုင်ကို ဟီးဘရူးတွေထက် အရင်ရောက်တယ်။ ပယ်လက်စတိုင်ရဲ့မြောက်ပိုင်းကို ရောက်သွားကြတဲ့သူတွေကို၊ **အမ္မိုရိုက်**တွေလို့ခေါ်တယ်။ **ဖီနစ်ရှန်**တွေကတော့၊ ဆီးရီးယား မြောက်ပိုင်းကို ရောက်သွားကြတယ်။ ဒီလူတွေလိုပဲ ရေကြည်ရာမြက်နုရာကို လိုက်ရှာကြတဲ့ ဆမ္မိုက်လူတစုဟာ၊လခြမ်းဒေသရဲ့ အရှေ့ဘက်က ရှိုင်းနား လွင်ပြင်ကို ရောက်လာကြတယ်။ ဒီလူတွေဟာ ရှိုင်းနား လွင်ပြင်ရဲ့ မြောက်ပိုင်းမှာ ခြေကုပ်ရပြီး၊ မြို့ ရွာတွေကို တည်ထောင်ကြတယ်။ သူတို့ ခြေကုပ်ရတဲ့ဒေသကို **အက်ကက်**[၇]လို့ အမည်ပေးတယ်။ သူတို့လဲ နောင်တော့ **အက်ကက်ဒီးယန်**[၈]လူမျိုးလို့ အမည်တွင်လာကြတယ်။

---

၁။ အာရပ်လူမျိုး = The Arabs
၂။ ဟီးဘရူးလူမျိုး = The Hebrews
၃။ ကေးနန်းနိုက်လူမျိုး = The Canaanites
၄။ အမ္မိုရိုက်လူမျိုး = The Amorites
၅။ ဖီနစ်ရှန်လူမျိုး = The Phoenicians
၆။ အာရေဗျ = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၄၊ နှာ ၁၃၃)
၇။ အက်ကက်= Akkad
၈။ အက်ကက်ဒီးယန်လူမျိုး = The Akkadians


ယူဖရေးတီးမြစ်
တိုက်ဂရစ်မြစ်
စီလီရှား
မီဒီးယား
အဆီးရီးယား
အက်ကက်
ဒမက်စကပ်
မြေထဲပင်လယ်
ဆူမား
အီလမ်
ဘက်ဘီလွန်
ပါရှား
အား
ပါရှန်ပင်လယ်ကွေ့
ကယ်ဒီးယား
အီဂျစ်
ပင်လယ်နီ
အာရေဗျ
သဲကန္တာရ
အနောက်အာရှ
မြေသြဇာကောင်းလှ၊လခြမ်းဒေသ

(မြေပုံ-၃)

ဒီ အက်ကက်ဒီးယန်တွေဟာ **စစ်အတတ်ကိုလဲ** မလေ့လာကြဘူး။ စစ်တိုက်တဲ့အခါမှာလဲ စည်းကမ်းမရှိဘူး။ သူတို့ရဲ့ လေးနဲ့မြားကို အားကိုးပြီး၊စစ်ဖြစ်ယင် အဝေးကြီးက လှမ်းပြီး လေးနဲ့ပစ်ထာပဲ။ မလွဲသာလို့ အနီးကပ်ပြီး တိုက်ရတဲ့အခါမှာလဲ၊ စနစ်မရှိဘူး။ စစ်သားတိုင်းဟာ တိုက်ချင်သလိုတိုက်ကြတာပဲ။

ဆမ်မိုက်လူမျိုးတွေဟာလခြမ်းဒေသထဲကိုတောင်ဘက်ကနေပြီး ဝင်လာသလို၊ မြောက်ပိုင်းကုန်းမြင့်ဒေသက တောင်ပေါ်သားတချို့လဲ၊ မြောက်ဘက်ကနေပြီး ဝင်လာကြတယ်။ ဒီတောင်ပေါ်သားတွေက ဆမ်မိုက်လူမျိုးတွေ မဟုတ်ဘူး။ ဒီလို ဝင်လာတဲ့ တောင်ပေါ်သားတွေထဲမှာ၊ အရေးပါ အရာရောက်တဲ့လူတွေဟာ မြောက်ဘက်က ကုန်းမြင့်ရဲ့ အနောက်ပိုင်းမှာ နေကြတဲ့**ဟစ်တိုက်လူမျိုး**[၁]တွေ ဖြစ်တယ်။ ဒီဟစ်တိုက်နဲ့အခြားတောင်ပေါ်သားတွေဟာ လခြမ်းဒေသထဲက မြေကို ရရှိရေးအတွက် ဆမ်မိုက်လူမျိုးတွေနဲ့ နှစ်ပေါင်း ရာပေါင်းများစွာ အကြိမ်ကြိမ်တိုက်ခိုက်ခဲ့ကြရတယ်။

## ဆူမားရီးယန် ယဉ်ကျေးမှု

အဲဒီရှိုင်းနားလွင်ပြင်ရဲ့တောင်ပိုင်းမှာ နှစ်ပေါင်း ဘီ၊စီ ၄၀၀၀ လောက်ကထဲက၊ မြောက်ဘက် ကုန်းပြင်မြင့်တွေက ဆင်းလာကြတဲ့ လူတမျိုးဟာ အခြေစိုက်နေတယ်။ ဒီလူတွေဟာ၊ဆမ်မိုက်အမျိုး မဟုတ်ဘူး။ ဒါပေမဲ့ ဘယ်အမျိုးက ဆင်းသက်လာကြတယ် ဆိုတာကိုလဲ သမိုင်းဆရာတွေ အခုထက်ထိ စုံစမ်းလို့ မရသေးဘူး။ ဒီလူတွေဟာ၊သူတို့အခြေစိုက်တဲ့နေရာကို **ဆူမား**[၂] လို့ အမည်ပေးကြတယ်။ အဲဒီဒေသကို စွဲပြီးသူတို့လဲ **ဆူမားရီးယန်**[၃] လူမျိုးလို့ အမည်တွင်လာကြတယ်။

သူတို့ဟာ **ဘာလီနဲ့ဂျုံကို စိုက်**တယ်။ သူတို့ရဲ့ ယာတွေကို နွားနဲ့ထွန်တယ်။ သူတို့ဟာ နွား၊သိုး၊ဆိတ်ကိုလဲ မွေးကြတယ်။ ဒီတိရစ္ဆာန်တွေဟာ သူတို့ရဲ့အသက်မွေးဝမ်းကျောင်းအတွက်၊အတော်အရေးကြီးပုံ

၁။ ဟစ်တိုက်လူမျိုး = The Hittites

၂။ ဆူမား = Sumer

၃။ ဆူမားရီးယန် လူမျိုး = The Sumerians



(ပုံ-၇၅) ဘဂ္ဂဒက်မြို့နဲ့ ၁၅ မိုင်အကွာ အရှေ့မြောက်ဖက်မှာ အက်ရှနူးနာ[1] မြို့နေရာဟောင်းကို တူးဖော်နေတုန်း ရိုက်ကူးထားတဲ့ပုံ။ ( မတူး ဖော် ရ သေး ခင် က၊ မြို့နေရာဟောင်းဟာ တောင် ပူ စာ ဖြစ်နေတယ် )

လက္ခဏာရှိတယ်။ သူတို့ကိုးကွယ်တဲ့အထဲက သူတို့ အမတန် လေးစားတဲ့ နတ်သမီးတပါးမှာ နွားမရဲ့ကိုယ်ရှိနေတယ်။ ဒီနတ်သမီးဟာ သူတို့ရဲ့ နွား[2]တွေ၊ သိုးတွေ၊ ဆိတ်တွေကိုစောင့်ရှောက်နေတယ်လို့သူတို့ ယုံကြည်ကြတယ်။

ဘီ၊စီ ၃၀၀၀-ကို ရောက်ပြီး မကြာခင်ပဲ၊ အရှေ့မြောက်ဘက်မှာ ရှိတဲ့ တောင်ကုန်းက မြင်းတွေကို ဆူမားရီးယန်တွေ ရလာကြတယ်။ ဒါပေမဲ့ နောက်နှစ်ပေါင်း တထောင်လောက်အထိ၊ ဒီအရပ်တွေမှာ မြင်းတွေဟာ မပေါသေးဘူး၊ ခပ်ရှားရှားပဲ ရှိသေးတယ်။ ဒီမြင်းတွေနဲ့ မြည်းတွေကို လှည်းနဲ့ ရထားအဆွဲခိုင်းကြတယ်။

ဒီအချိန်မှာ ဆူမားရီးယန်တွေဟာ၊ ကြေးနီကို စပြီး သုံးလာကြပြီ။ အဲဒီခေတ်က ကြေးနီနဲ့လုပ်ထားတဲ့ အိုးခွက်တွေကို တွေ့ရတယ်။ ဒါပေမဲ့ ကျောက်ကရိယာ တန်ဆာပလာတွေကိုလဲ၊ လက်မလွှတ်နိုင်ကြ

၁။ အက်ရှနူးနာ = (**Eshnunna**)
၂။ နွား = (မြန်မာစွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၁၆၂ ).

သေးဘူး။ ဆက်ပြီးသုံးနေကြရတုန်းပဲ ရှိသေးတယ်။ သူတို့နေတဲ့အိမ်တွေဟာ ပထမတုန်းကတော့ ရွှံ့နဲ့ သစ်ခက်သစ်ကိုင်းတွေနဲ့နယ်ပြီး ဆောက်ထားတဲ့ အိမ်မျိုးပါပဲ။ နောက်တော့၊ နေပူလှန်းထားတဲ့ ရွှံ့အုတ်တွေနဲ့ အိမ်တွေဖြစ်လာတာကို တွေ့ရတယ်။

ဆူမားရီးယန်တွေရဲ့ စီးပွားရေးဟာ၊ **လယ်ယာစိုက်ပျိုးရေး**နဲ့ **တိရစ္ဆာန်မွေးမြူရေး**ပေါ်မှာ အများကြီး အခြေတည်နေတယ်။ ဒါပေမဲ့ အတော်ကလေးကြာလာတော့၊ သိုးမွေးနဲ့ **သိုးမွေးအထည်အလိပ်**တွေကို ရက်တဲ့အတတ်ကို တတ်လာကြတဲ့အတွက်၊ သိုးမွေးရက္ကန်းဟာ သူတို့စီးပွားရေးအတွက် မှီခိုအားထားရတဲ့ လုပ်ငန်းတခုဖြစ်လာတယ်။ ကြေးနီအသုံးအဆောင် ပစ္စည်းတွေကို လုပ်တဲ့ လုပ်ငန်းဟာလဲ၊ သူတို့အတွက် မှီခိုအားထားရာ လုပ်ငန်းတခုဖြစ်တယ်။ ဒီသိုးမွေးပစ္စည်းတွေ၊ ကြေးနီပစ္စည်းတွေ၊ **စွန်ပလွံသီး**တွေ၊ ဂျုံဘာလီမျိုးစေ့တွေကို နိုင်ငံခြားမှာ သွားရောင်းတယ်။

အဲဒီအခါတုန်းက သူတို့ရဲ့ **ကုန်သန်းရောင်းဝယ်ရေး**ဟာ၊ အရှေ့ဘက်မှာဆိုယင်၊ အိန္ဒိယက ဣန္ဒုမြစ်ဝှမ်းအထိ ကျယ်ပြန့်ခဲ့ဘူးတယ်။ အနောက်ဘက်မှာဆိုယင်၊ မြေထဲပင်လယ်ရဲ့ အရှေ့ဘက်ကမ်းခြေမှာ ရှိတဲ့ အရပ်ဒေသတွေအထိ ကျယ်ပြန့်ခဲ့ဘူးတယ်။ ဒီကုန်သန်းရောင်းဝယ်ရေးကို အကြောင်းပြုပြီး ကမ္ဘာ့အနီးအရှေ့ပိုင်းမှာရှိကြတဲ့ နိုင်ငံအသီးသီးဟာ၊ တနိုင်ငံနဲ့တနိုင်ငံ ဆက်သွယ်မိကြရုံသာမကသေးဘူး၊ ကမ္ဘာ့အရှေ့ဖျားဖြစ်တဲ့ အာရှနိုင်ငံတွေနဲ့ မြေထဲပင်လယ်တဝိုက်မှာရှိတဲ့ နိုင်ငံတွေလဲ၊ တဦးနဲ့တဦး ဆက်သွယ်မိကြတယ်။ အီဂျစ်နိုင်ငံက ကုန်သည်တွေနဲ့ ဆူမားက ကုန်သည်တွေဟာ မြေထဲပင်လယ်အရှေ့ပိုင်း နိုင်ငံတွေမှာ တွေ့ဆုံကြရင်းက၊ သူတို့နိုင်ငံ အသီးသီးရဲ့ ယဉ်ကျေးမှုနဲ့ အတတ်ပညာတွေကို လဲလှယ်နိုင်ခဲ့ကြတယ်။အဲဒါကြောင့် ဒီနှစ်နိုင်ငံမှာ တူတာတွေ အတော်များများတွေ့ရတယ်။

ဆူမားရီးယန်တွေဟာ၊ နှစ်ပေါင်း ဘီ၊စီ၃၅၀၀လောက်ကစပြီး၊ **စာအရေးအသား**ကို တီထွင်ခဲ့ကြပုံ ပေါ်တယ်။ သူတို့လဲ အီဂျစ်လူမျိုးတွေရဲ့ အရေးအသားလိုပဲ၊ အရုပ်တွေကို လျှောက်ရေးရတာပဲ။ ရေးတဲ့ အတံကို အရိုးနဲ့လဲလုပ်တယ်။ဝါးနဲ့လဲလုပ်တယ်။ဒီအတံရဲ့ အဖျားဟာ



(ပုံ-၇၆) လေနတ်သား 'အင်လီ'အတွက် ရည်စူးပြီးဆောက်ထားတဲ့ **ဆူမားရီးယန် တွေရဲ့ ဝတ်ကျောင်း**

သုံးမြောင့် ပုံသဏ္ဍာန်ရှိတယ်။ အဲဒီ အတံ ကို **စတိုင်လပ်**[၁] လို့ ခေါ်တယ်။ ဒီစတိုင်လပ်နဲ့ ရွှံ့ပြားပျော့ပျော့ပေါ်မှာ ရေးတာပဲ၊ ပြီးတော့မှ နေပူလှန်းတယ်။ ပိုပြီးကြာကြာခံစေချင်ယင်၊ ဒီရွှံ့ပြားကို မီးဖုတ်တယ်။ သူတို့ရေးတဲ့ပုံတွေဟာ၊ သပ်ကလေးတွေနဲ့တူတယ်။ သပ်ဆိုတာ ကြားဘူးတယ် မဟုတ်လား။ တခုခု ချောင်နေယင် ကြပ်သွားအောင် သပ်ရိုက်သွင်းရတယ်။ အဲဒီသပ်ကို ပြောတာ။ ဥပမာ-ငပါးနှံတခု ဆိုယင်၊ သူတို့  ဒီလိုရေးကြတယ်။  ဒီလိုရေးယင် ခြေထောက် လို့လဲ အဓိပ္ပါယ်ရတယ်။ရပ်နေပါ။သွားပါလို့လဲ အဓိပ္ပါယ်ရတယ်။ သူတို့ရေးသမျှ အရုပ်ကလေးတွေဟာ၊ သပ်ကလေးတွေနဲ့ တူတဲ့အတွက်၊ ဒီရေးပုံ ရေးနည်းကို၊ **ကူနီအီဖေါင်**[၂]**ရေးနည်း**လို့ သမိုင်းဆရာတွေက ခေါ်ကြတယ်။ သပ်ကို လက်တင်ဘာသာလို **'ကူနီအပ်'**[၃]လို့ခေါ်တယ်။

---

၁။ စတိုင်လပ် = Stylus (ကညစ်)
၂။ ကူနီအီဖေါင် = Cuneiform (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၁၁)
၃။ ကူနီအပ် = Cuneus

ဒီဆူမားရီးယန်တွေရဲ့ **ပြက္ခဒိန်**ဟာ၊ ဗမာတွေရဲ့ ပြက္ခဒိန်လိုပဲ၊ ကောင်းကင်မှာ လအသစ်ထွက်တိုင်း သူတို့လကို စပြီးတွက်တယ်။ အဲဒီလို လပေါင်း ၁၂ လကို၊ တနှစ်လို့ခေါ်တယ်။ ဒါပေမဲ့ တခါတရံ၊ ၁၂ လ ပြည့်သွားပေမဲ့၊ တနှစ်အတွင်း ဖြစ်ပေါ်ရမဲ့ ရာသီဥတုက မပြောင်းလဲသေးယင်၊ ၁၂ လထဲကို နောက်ထပ်တလ ဖြည့်ထဲ့ကြတယ်။ ဗုဒ္ဓဘာသာ ဗမာတွေမှာ ဝါထပ်တယ်ဆိုပြီး တလ နောက်ထပ်ဖြည့်သလိုပဲ။ ဒီပြက္ခဒိန်ကို ရေဝတီလူမျိုးတွေနဲ့ ပါရှန်လူမျိုးတွေလဲ လိုက်ပြီးသုံးကြတယ်။ ယခုထက်တိုင်လဲ၊ အရှေ့နိုင်ငံရောက် ရေဝတီတွေရော၊ မွတ်စလင်တွေရော၊ အသုံးပြုကြတုန်းပဲ ရှိသေးတယ်။

သူတို့ရေတွက်ပုံကလဲ တခြားလူတွေနဲ့ မတူဘူး။ အခုအခါတကမ္ဘာလုံးမှာ အများအားဖြင့် ရေတွက်နေကြတာဟာ၊ တဆယ်ကို အခြေထားပြီး ရေတွက်တယ်။ ဥပမာ-တရာအထိ ရေတွက်ကြည့်စမ်းပါလား။ တဆယ်ပြည့်တိုင်း ပြည့်တိုင်း၊ တစ်က ပြန်စရတယ်။ အဲဒီ တဆယ်ဟာ တကြိမ်ဆိုယင်၊ တဆယ်။ နှစ်ကြိမ်ဆိုယင်၊ နှစ်ဆယ်။ အဲဒီလိုနဲ့ တဆယ်ဆယ်ကြိမ်ကို တရာလို့ခေါ်တယ်။ တရာဆယ်ကြိမ်ကို တထောင်လို့ ခေါ်တယ်။ တထောင်ဆယ်ကြိမ်ကို တသောင်းလို့ ခေါ်တယ်။ အဲဒီအတိုင်း တိုးသွားတာပဲ။ ဆူမားရီးယန်တွေကတော့၊ **၆၀-ကို အခြေခံထားပြီး ရေတွက်တယ်**။ အခုခေတ် နာရီတွေမှာ စက္ကန့် ၆၀-တမိနစ်၊ မိနစ် ၆၀-တနာရီဆိုပြီး ရေတွက်တာဟာ၊ ဒီ ဆူမားရီးယန်တွေရဲ့ အခြေခံ ၆၀-က ဆင်းသက်လာတာပဲ ဖြစ်တယ်။

## တမြို့တနိုင်ငံခေတ်

အဲဒီခေတ်က မြို့တမြို့ဟာ တနိုင်ငံဖြစ်တယ်။ အဲဒါကြောင့် ဒီခေတ်ကို **တမြို့တနိုင်ငံခေတ်** လို့ သမိုင်းဆရာတွေက ခေါ်ကြတယ်။ နှစ်ပေါင်း ဘီ၊စီ ၂၈၀၀-၂၅၀၀ အတွင်းလောက်မှာ ဒီခေတ် ထွန်းကားခဲ့တယ်။ ဆူမားရီးယန်လူစုထဲမှာ၊ ဒီလိုတမြို့တနိုင်ငံဆိုတဲ့ နိုင်ငံတွေ အများကြီးရှိတယ်။ အခုခေတ်စကားနဲ့ပြောမယ်ဆိုယင်၊ နိုင်ငံတွေကလဲ မြို့တွေလို ပေါ်နေတယ်။ ရှင်ဘုရင်တွေကလဲ မြို့တွေလို ပေါ်နေတယ်လို့ ပြောရမယ်။



(ပုံ-၇၇) သက်တော်စောင့်တွေ၊ အစေခံယောကျ်ား၊ အစေခံ မိန်းမတွေ၊ လှည်းတွေမှာ တပ်ထား ရက်သား ရှိနေသေးတဲ့ နွားတွေရဲ့ အလောင်းတွေကိုပါ ထဲ့မြှုပ်ထားတဲ့ မင်းသားတပါးရဲ့ဂူ။

ဒီနိုင်ငံတနိုင်ငံရဲ့ အကြီးအကဲ၊ သို့မဟုတ် အုပ်ချုပ်သူ၊ သို့မဟုတ် ရှင်ဘုရင်ကို ဆူမားရီးယန် ဘာသာ လို 'ပါတေးစီ'[၁] လို့ ခေါ်တယ်။ ဒီ 'ပါတေးစီ'ဟာ အခွန်ကောက်တဲ့ အခါမှာတော့၊ သူ့ တိုင်းသူပြည်သားတွေကို မညှာဘူး။ ရက်ရက်စက်စက်ကောက်တယ်။ ဒါပေမဲ့ နိုင်ငံတော်ကိစ္စနဲ့ ပတ်သက်လာတဲ့အခါ ခေါင်းရှောင်မနေဘူး။ တိုင်းသူပြည်သားတွေရဲ့ ရှေ့က ထွက်ပြီး တိုက်တယ်။ ဥပမာ-သူ့နိုင်ငံသားတဦးဦး၊ ဒါမှမဟုတ်ယင်လဲ တစုစုရဲ့ လယ်တွေကို အနီးအနားနိုင်ငံက လာပြီး လုတယ်ဆိုယင်၊ 'ပါတေးစီ'ကိုယ်တိုင် အလုံးအရင်းနဲ့ ရှေ့ကထွက်ပြီး တိုက်တယ်။

'ပါတေးစီ' တွေဟာ၊ကမ္ဘာ့သမိုင်းမှာ ရှေးဦးစွာပေါ်တဲ့ မြင်းလေးကောင်ဆွဲတဲ့၊ ဘီးနှစ်ဘီး၊ သို့မဟုတ် လေးဘီးရှိတဲ့ စစ်ရထားတွေကို စီးပြီး၊ ရန်သူတွေကို လိုက်တိုက် တဲ့ အကြောင်းတွေ၊ စစ်သားတွေကို

---

၁။ ပါတေးစီ = Patesi

တကွဲတပြားမနေစေပဲ၊ တနေရာထဲမှာ စုပြီးထားတဲ့၊ **'ဖယ်လန့်'**[၁] လို့ ခေါ်တဲ့ ခြေလျင်တပ် တွေ ကို (ပုံ-၇၄) 'ပါတေးစီ' တွေ ကိုယ်တိုင် ခေါင်းဆောင်ပြီး တိုက်တဲ့ အကြောင်းတွေကို၊ ဆူမားရီးယန်တွေဟာ၊ မှတ်တမ်းတွေထဲမှာလဲ ရေး ထား ပစ် ခဲ့တယ်။ ကျောက်တွေမှာလဲ ထွင်း ထား ပစ် ခဲ့ ကြတယ်။



ပုံ-(၇၀) ရွှေပန်းတိမ်ဆရာလက်ရာ (ရွှေစစ်ခမောက်)



(ပုံ-၇၉) ရွှေပန်းတိမ်ဆရာလက်ရာ (ရွှေဓားမြှောင်နဲ့ ရွှေဓားအိမ်)

ဒီလို ကာကွယ်ရေး လုပ်ငန်း အပြင်၊ 'ပါတေးစီ'တွေ လုပ်ပေးတဲ့ အရေးကြီးတဲ့ တခြား လုပ်ငန်းတခုရှိသေးတယ်။ ဒီလုပ်ငန်း ကတော့၊ **ဆည်မြောင်းလုပ်ငန်း** ဖြစ်တယ်။'ပါတေးစီ'ဟာ၊ သူတို့ နိုင်ငံတွင်းက လယ်တွေရေမှန်မှန် ရအောင် ရေကာတာတွေ၊ တူးမြောင်း တွေ ကို အစဉ် ထာဝရ ဂရုစိုက်ပြီးကြည့်ကြပ်နေရတယ်။ ဒီ 'ပါတေးစီ' ဟာ၊ဘာသာရေး မှာဆိုယင်လဲ **ဂိုဏ်း ချုပ် ဘုန်းကြီး** ဖြစ်သေးတယ်။

သူ့အောက်မှာ၊ အစိုးရအမှုထမ်း အရာထမ်းတွေနဲ့ ဘုန်းကြီးတွေ ရှိတယ်။ သူတို့ဟာ နိုင်ငံအတွင်းမှာ 'ပါတေးစီ' ပြီးယင် အကြီးဆုံး ဖြစ်တယ်။ သူတို့အောက်မှာ၊ လယ်ပိုင်ရှင်တွေ ရှိတယ်။ မြို့ရဲ့ ပတ်လည် မိုင်လေးငါးဆယ်အတွင်းမှာရှိတဲ့ လယ်တွေကို သူတို့ပိုင်တယ်။ ဒီလယ်ပိုင်ရှင်တွေရဲ့အောက်မှာ ကျွန်တွေ၊ လယ်ကူလီတွေ၊ အစေခံတွေရှိတယ်။

ဒီ ဆူမားရီးယန်တွေထဲမှာ တ ချို့ ဟာ၊ **ဆံပင်နဲ့ မုတ်ဆိတ်ကို ပြောင်နေအောင် ရိတ်ထားတာ** တွေ့ရတယ်။ တချို့ကျတော့လဲ ဆံပင်နဲ့

---

၁။ ဖယ်လန့် = Phalanx



(ပုံ-၈၀) ဆတ်ရုပ် နှစ်ရုပ်ပေါ် လွှမ်းနေတဲ့ အလယ်ကအရုပ်ဟာ၊ ခြင်္သေ့ခေါင်းနဲ့ လင်းယုန်ငှက်ရုပ်ဖြစ်တယ်။ တိရစ္ဆာန်ရုပ်တွေကို အဲဒီလို ဘက်ညီအောင် တဘက်တချက် ရေးဆွဲတဲ့ အနုပညာ အတတ်ကို ဆူမားရီးယန်တွေက တီထွင်လိုက်ခြင်းဖြစ်တယ်။ လင်းယုန်ကို ငှက်မြတ်လို့ယူဆပြီး၊ မကောင်းဆိုးရွားတွေ နှင်ထုတ်ဘို့ရယ်၊ ဝတ်ကျောင်းကို စောင့်ရှောက်ဘို့ရယ်၊ နွားနတ်သမီးအတွက် ဆောက်လုပ်ထားတဲ့ ဝတ်ကျောင်းတံခါးဝမှာ တပ်ဆင်ထားဟန် တူတယ်။ ဒီ ကြေးနီရုပ်တုကြီးဟာ၊ ၇ ပေ၊ ၉ လက်မရှည်တယ်။

အဲဒီလိုဘက်ညီအောင် တိရစ္ဆာန်တဘက်တချက် ရေးဆွဲတဲ့အတတ်ဟာ၊ ဆင်ပြင်မှုပန်းချီအဖြစ် ဥရောပတိုက်ကိုပျံ့နှံ့သွားပြီး အခုထက်တိုင် မင်းခမ်း မင်းနား အဆောင်ယောင်တွေမှာ အသုံးပြုဟန်းပဲဖြစ်ကြတယ်။

ဩစတြီးယား၊ ပရပ်ရှားနဲ့ အခြားဥရောပလူမျိုးတွေရဲ့ချပ်ဝတ်တန်ဆာပေါ်မှာ လင်းယုန်ငှက်ရုပ်ဟာရှိတုန်းပဲ။ အမေရိကန် လင်းယုန်ငှက်ဆိုတာလဲ တခြားမဟုတ်ဘူး။ နှစ်ပေါင်း ၅၀၀၀- ကျော်က ဆူမားရီးယန် လူမျိုးတွေ အသုံးပြုခဲ့တဲ့ လင်းယုန်ငှက်ကို အတုယူတာပဲဖြစ်တယ်။

မှတ် ဆိတ် ထားတာကိုတွေ့ရပြန်တယ်။ သူတို့ရဲ့ ဦးခေါင်းဟာ ဝိုင်းတဲ့ ပုံသဏ္ဌာန်ရှိတယ်။

သူတို့ရဲ့အိမ်တွေကို နေပူလှန်းထားတဲ့ ရွှံ့အုတ်တွေနဲ့ ဆောက်ထားကြတယ်။ ဒီရွှံ့အုတ်တွေဟာ၊ မိုးဒဏ်မခံနိုင်လို့ ပြိုကျတဲ့အခါ၊ ဒီအုတ်တွေကို ဖယ်မပစ်ကြဘူး။ ညီသွားအောင် ညှိလိုက်ပြီး၊ အဲဒီအပေါ်မှာပဲ၊ အိမ်သစ် ထပ်ဆောက်ပြန်တယ်။ အဲဒီလိုနည်းနဲ့ ဆောက်လာကြတာ၊ နှစ်ပေါင်းထောင်ပေါင်းများစွာ ကြာလာတော့၊ မြို့နေရာဟာ ပတ်ဝန်း

ကျင်မှာရှိတဲ့လယ်ယာထက် မြင့်တက်လာပြီး၊ တောင်ကုန်းမြင့်ကလေးလို ဖြစ်နေတယ်။ အဲဒီဒေသမှာ အခုထက်ထိ ရှိကြသေးတဲ့ **မြို့ အတော်များများဟာ ဒီလိုတောင်ပူစာတွေပေါ်မှာ တည်ဆောက်ထားတာကို** တွေ့နိုင်ကြသေးတယ်။ တချို့ဒေသတွေကျပြန်တော့လဲ၊ ဒီမြို့ဟောင်းတွေကို စွန့်ပြီး မြို့သစ်တွေ တည်ကြတဲ့အတွက် မြို့နေရာဟောင်း (ပုံ-၇၅) (ပုံ-၁၀၀) တွေမှာ၊ တောင်ပူစာတွေ ဖြစ်ကျန်ရစ်နေတာ အတော်ခပ်များများ တွေ့နိုင်သေးတယ်။

မြို့မှာ အရေးအကြီးဆုံး အပိုင်းဟာ **ဝတ်ကျောင်း** (ပုံ-၇၆) ရှိတဲ့အပိုင်း ဖြစ်တယ်။ ဒီဝတ်ကျောင်းကို **အုတ်တံတိုင်းကြီး** ခတ်ထားတယ်။ ဒီအုတ်တံတိုင်းကြီးထဲမှာ အမြင့်ဆုံး အဆောက်အဦကတော့၊ **မျှော်စင်ကြီး** ဖြစ်တယ်။ ဒီ မျှော်စင်ကြီးရဲ့ ရှေ့ဘက်မှာ၊ ပေပေါင်း ၁၅၀-လောက်အထိ၊ **လှေကားကြီး သုံးခုရှိ**တယ်။ အဲဒီလှေကားတွေ ဆုံးတဲ့နေရာမှာ၊ **တံခါးပေါက်** တခုရှိတယ်။ ဒီတံခါးပေါက်က ဝင်သွားယင်၊ မျှော်စင်ရဲ့ အပေါ်ပိုင်းမှာ ဆောက်ထားတဲ့ **ဝတ်ကျောင်း**ကို ရောက်တယ်။ ဒီဝတ်ကျောင်းမှာ **အမိုးမရှိဘူး**။ ဒီမျှော်စင်ဟာ **လေနတ်သား 'အင်လီ'**[၁] **အတွက် ရည်စူးပြီး ဆောက်တဲ့ ဝတ်ကျောင်း** ဖြစ်တယ်။

ဒီမျှော်စင်ရဲ့ ဘေးမှာမှ၊ **လူအများလာပြီး ဝတ်ပြုကြတဲ့ ဝတ်ကျောင်း** ရှိတယ်။ ဒီဝတ်ကျောင်းကတော့ ခပ်နိမ့်နိမ့်ပါပဲ။ ဒီဝတ်ကျောင်းကို မြို့သူမြို့သားတွေလာပြီး ဝတ်ပြုကြတဲ့အခါ၊ ယစ်ပူဇော်ဘို့ ဆိတ်ဖြစ်ဖြစ်၊ သိုးဖြစ်ဖြစ်ပါလာမယ်။ နောက်ပြီးတော့၊ စွန်ပလွံအရွက်စိမ်းတွေ စိုက်ထားတဲ့ ရေတအိုးပါလာမယ်။ ဒီစွန်ပလွံအရွက်စိမ်းတွေလို၊ တနိုင်ငံလုံးမှာရှိတဲ့ ကောက်ပင်သစ်ပင်၊ ဝါးပင်တွေဟာ စိမ်းလန်းစိုပြေဘို့အတွက်၊ မြစ်ရေတိုးအောင် ကူညီစောင်မပါ။ ကောက်ပဲသီးနှံတွေ ဆထက်ထမ်းပိုး တိုးပြီးထွက်အောင် ကူညီစောင်မပါ။ ရေလွှမ်းမိုးတဲ့ဘေးက လွတ်ကင်းအောင် ကူညီစောင်မပါဆိုပြီး၊ မြို့သူမြို့သားတွေဟာ၊ မြေစောင့်နတ်၊ သစ်ပင်စောင့်နတ်၊ လေစောင့်နတ်၊ ကောင်းကင်စောင့်နတ်၊ ပင်လယ်စောင့်နတ်တွေကို ပူဇော်ပသကြတာပဲ။ ယစ်

---

၁။ အင်လီ = Enlil



(ပုံ-၀၁) (ညာဘက်)'အား'မြို့နိုင်ငံ နောက်ဆုံးဘုရင်'အိုင်ဘီဆင်'က (ဘယ်ဘက်)'အင်လီ'နတ်မင်းရဲ့ နတ်မှူးအား၊ အဘိုးတန်ဆီ ထည့်ထားတဲ့ ခရားငယ်ပေးအပ်နေပုံကို၊ စာချုပ်ပါ ရွှံ့ချပ်ပေါ်မှာ တံဆိပ်တုံး နှိပ်ထားတယ်။

ပူဇော်တဲ့ပစ္စည်းတွေကို ရှင်ဘုရင်လဲဖြစ်၊ ဂိုဏ်းချုပ် ဘုန်းတော်ကြီးလဲဖြစ်တဲ့ ပါတေးစီ အကုန်ရတယ်။

ဘာသာရေးမှာ၊ အီဂျစ်လူမျိုးတွေနဲ့ ဆူမားရီးယန်တွေ ကွဲပြားခြားနားတဲ့ အချက်ကြီးတချက်ရှိတယ်။ အီဂျစ်လူမျိုးတွေက၊ လူသေကို မြို့ပြင်မှာမြှုပ်တယ်။ ဆူမားရီးယန်တွေလဲ မြို့ပြင်မှာ မြှုပ်တာ တွေ့ရှိပါတယ်။ ဒါပေမဲ့ များသောအားဖြင့် သူတို့ရဲ့ အိမ်အောက်မှာ ဖြစ်ဖြစ်၊ အိမ်တိုင်းရဲ့ မြောက်ဘက်မှာရှိတဲ့ အုတ်တံတိုင်း ခတ်ထားတဲ့ မြေကွက်လပ်ထဲမှာ ဖြစ်ဖြစ် မြှုပ်ကြတယ်။ လူတွေသေယင်၊ ဘယ်ကိုရောက်မယ်ဆိုတာ၊ သူတို့ဘာသာထဲမှာ အတိအကျဖော်ပြထားတာမရှိဘူး။ အဲဒါကြောင့်၊ လူတွေသေယင်၊ လူကောင်းဖြစ်ဖြစ်၊ လူဆိုးဖြစ်ဖြစ်၊ ကမ္ဘာကြီး

အောက်ထပ်မှာ ရှိတဲ့ မှောင်မဲမဲနေရာကြီး တခုကို ဆင်းသွားရမှာပဲလို့ သာ၊ ဆူမားရီးယန်တွေဟာ ခပ်ပေါ့ပေါ့ မှတ်ထားကြတယ်။

ဒါပေမဲ့၊ သေတဲ့လူတွေဟာ၊ ဘယ်နေရာကိုပဲရောက်ရောက် သူတို့ ရောက်တဲ့နေရာမှာတော့ အသက်ရှင်စဉ် တုန်းက လို၊ အိမ်နဲ့ လယ်နဲ့ ယာနဲ့၊ သိုးနဲ့ နွားနဲ့၊ အခိုင်းအစေတွေနဲ့ နေရမှာပဲဆိုတာကို သူတို့ အားလုံး တညီတညွတ်ထဲ ယုံကြည်ကြတယ်။ အဲ့ ဒါကြောင့် နောင် ဘဝမှာ ချို့ချို့တဲ့တဲ့ ဖြစ်မနေကြရလေအောင်၊ လူတွေ သေတဲ့အခါ၊ သူတို့ဂူတွေထဲမှာ အသုံးအဆောင်ပစ္စည်းတွေ၊ နွားတွေ၊ အစေခံတွေ ကိုပါ မြှုပ်တတ်ကြတယ်။ 'အား' မြို့မှာ အင်မတန်ရှေးကျတဲ့ ဂူတခုကို တွေ့ရတယ်။ ဒီဂူဟာ မင်းညီမင်းသားတပါးရဲ့ ဂူဖြစ်တယ်။ တူးဖော် ကြည့်တဲ့အခါ၊ ဒီမင်းသားရဲ့ သက်တော်စောင့်တွေ၊ အစေခံယောကျ်ား၊ အစေခံမိန်းမတွေ၊ လှည်းတွေမှာ တပ်ထားရက်သား ရှိနေသေးတဲ့ နွား တွေရဲ့ အလောင်းတွေကိုပါ တွေ့ရတယ်။ (ပုံ-၇၇)

## 'အား' မြို့ နိုင်ငံ

တမြို့ တနိုင်ငံဖြစ်နေတဲ့ ဆူမားရီးယန်မြို့တွေထဲမှာ၊ 'အား'မြို့ [၁] ဟာ(မြေပုံ-၃ ရ) ခေါင်းဆောင်မြို့ ဖြစ်တယ်။ဒီမြို့ဟာ ယူဖရေးတီး မြစ် ကမ်းဥပါမှာ တည်ရှိတယ်။ သူ့နေရာဟာ မြစ်ဝနဲ့ တယ်မဝေးလှဘူး။ အနောက်အာရှမှာ ရှေးဟောင်းသုတေသန ပညာရှင်တွေ ရှာဖွေလို့ တွေ့ရတဲ့မင်းတွေထဲက၊ ရှေးအကျဆုံး မင်းဟာ၊ မက်-အင်နီ-ပက်ဒါး [၂] ဖြစ်ဘယ်။ သူဟာ ဘီ၊ စီ ၂၉၀၀ လောက်က၊ 'အား'နိုင်ငံကို အုပ်စိုး သွားခဲ့တယ်။ဒီမင်းပြီးတဲ့နောက်၊ ဒီမင်းရဲ့ အဆက်အနွယ်ထဲက မင်းလေး ပါး၊ 'အား' နိုင်ငံမှာ အုပ်စိုးသွားခဲ့တယ်။ ဒီမင်းငါးပါးကို၊ 'အား' နိုင်ငံရဲ့ ပထမ မင်းဆက်တွေလို့ သမိုင်းဆရာတွေက ခေါ်ကြတယ်။

အဲဒီရှေးမြို့ဟောင်း'အား'မှာ၊ ရှေးဟောင်းသုတေသနပညာရှင် တွေ တူးဖော်ကြည့်တဲ့အခါ၊ အဆက်ဆက် ပြိုကျနေတဲ့ အိမ်ပြိုတွေရဲ့ အောက်၊ အတော်နက်နက် နေရာမှာ၊ မင်းညီ မင်းသားတွေ၊ မှူးကြီး မတ်ကြီးတွေရဲ့ ဂူတွေကို သွားတွေ့ကြတယ်။ ဒီဂူတွေထဲမှာတွေ့ရတဲ့ ရှေး ဟောင်းပစ္စည်းတွေဟာ၊ သမိုင်းအရ အင်မတန် အဘိုးတန်တယ်။ ခမ်း

---

၁။ 'အား'မြို့ = City of Ur

၂။ ဘုရင် မက်-အင်နီ-ပက်ဒါး = King Mes-anni-padda

နားကြီးကျယ်တဲ့နေရာမှာ၊ ဒီပစ္စည်းတွေဟာ၊ သူတို့နဲ့ တခေတ်ထဲပေါ်ခဲ့ကြတဲ့ အီဂျစ်နိုင်ငံရဲ့ ဂူတွေထဲမှာ တွေ့ရတဲ့ ပစ္စည်းတွေနဲ့ နှင်လား ငါလား ယှဉ်ပြိုင်နိုင်ကြတယ်။

ဒီဒေရှးဟောင်း ပစ္စည်းတွေမှာ တွေ့ရတဲ့ **ရွှေပန်းတိမ်ဆရာရဲ့ လက်ရာ**ဟာ၊ (ပုံ-၇၀၊၇၉) သိပ်ပြီး သိမ်မွေ့တယ်။ ဒီလက်ရာကို တွေ့ရတဲ့အတွက်၊ **အနောက်** အာရှဟာ၊ ကျောက်ခေတ်ဆိုတဲ့ အရိုင်းအစိုင်းခေတ်က၊ ဘယ်လောက် တိုးတက်နေပြီဆိုတာ ထင်ထင်ရှားရှား သိရတယ်။ ကြေးနီကိုလဲ ဆူမားရီးယန်တွေက အတော်နိုင်တယ်။ နွားနတ်သမီးအတွက် ဆောက်ထားတဲ့ ဝတ်ကျောင်းမှာ တွေ့ရတဲ့ကြေးနီရုပ်တွေဟာ၊ အတော်အံ့သြစရာကောင်းတယ်။ (ပုံ-၇၀)

ကြေးနီကိုသာမကသေးဘူး၊ ကျောက်ကိုလဲ ဆူမားရီးယန်တွေ အတော်နိုင်တယ်။ ဒီခေတ်တွေတုန်းက၊ **ချိပ်တံဆိပ်**တွေဟာ(ပုံ-၇၁)၊ အတော်ခေတ်စားနေပြီ။ ဒီတံဆိပ်တွေမှာ ပုံအမျိုးမျိုးရှိတယ်။ ဒီပုံအမျိုးမျိုးကို ကျောက်ထုဆရာတွေက ကျောက်တွေပေါ်မှာ ထုပေးနိုင်တယ်။ စခါစတုန်းကတော့၊ သူတို့ လက်ရာတွေဟာ ဒီလောက် မဟုတ်ပါဘူး။ နောက်တော့ တဖြည်းဖြည်းလုပ်ရည်ဝလာကြပြီး၊ အဲဒီခေတ်က ကမ္ဘာ့အနီး အရှေ့ပိုင်းမှာ ဆူမားရီးယန်တွေရဲ့ လက်ရာဟာ အကောင်းဆုံးဖြစ်တဲ့အထိ တိုးတက်လာတယ်။

ဆူမားဒေသမှာ တမြို့တနိုင်ငံဖြစ်နေတဲ့ မြို့တွေ့အများကြီး ရှိတယ်ဆိုတာကို ရှေးနားတုန်းက ပြောခဲ့ပြီးပြီ။ ဒီမြို့တွေဟာ၊ ထိးပြိုင် နန်းပြိုင်တွေဖြစ်နေကြပြီး၊ မကြာခဏ စစ်ဖြစ်နေကြတာပဲ။ 'အား'မြို့ရဲ့အကြီးဆုံး ရန်ဘက်ကတော့၊ **လေးဂက်မြို့**[၁] ဖြစ်တယ်(မြေပုံ-၃၅)။ သူတို့နှစ်ဦးဟာ၊ သူတပြန် ငါတပြန်တိုက်နေကြရင်း၊ နောက်ဆုံးတော့၊ လေးဂက်က 'အား'ကို အနိုင်ရလိုက်တယ်။ အဲဒီ အချိန်ကစပြီး၊ 'အား'ဟာ နလံမထူနိုင်တော့ပါဘူး။

## ဆာဂွန်ဘုရင်ခေတ်

ဆူမားရီးယန်လူမျိုးတွေဟာ၊ အခုလို အချင်းချင်းတိုက်ခိုက်နေကြရင်းက၊ ဆူမားဒေသရဲ့မြောက်ပိုင်းမှာ ခြေကုပ်ရနေတဲ့ အက်ကက်

---

၁။ လေးဂက်မြို့ = City of Lagash

ဒီးယန်လူမျိုးတွေနဲ့ စစ်ဖြစ်ကြရသေးတယ်။ ဆူမားရီးယန်တွေက၊ စစ်အတတ်မှာလဲသာတယ်။ စည်းကမ်းလဲ ရှိတယ်ဆိုတော့၊ အက်ကက်ဒီးယန်တွေနဲ့တိုက်တဲ့နေရာမှာ သူတို့က အရေးသာတာများတယ်။

ဒါပေမဲ့၊ နှစ်ပေါင်း ဘီ၊စီ ၂၇၅၀ လောက်ဆီကိုရောက်လာတဲ့အခါ၊ **အက်ကက်ဒီးယန်တွေမှာ**၊ ဘုန်းလက်ရုံးနဲ့ပြည့်စုံတဲ့ခေါင်းဆောင်ကောင်း တယောက်ပေါ်လာတယ်။ ဒီခေါင်းဆောင်ကို **ဆာဂွန်**[၁] လို့ခေါ်တယ်။ ဒီခေါင်းဆောင် ဆာဂွန်ရဲ့ လက်ထက်မှာ၊ ဆူမားရီးယန်အားလုံးကို အနိုင်ရတယ်။ သူ့နိုင်ငံတော်ဟာ၊ ပါရှန် ပင်လယ်ကွေ့ရဲ့မြောက်ပိုင်းမှာရှိတဲ့ **အီလမ်မြို့**[၂]ကနေပြီး(မြေပုံ-၃-ရှု)၊ မြေထဲပင်လယ်အထိ ကျယ်ပြန့်တယ်။ မြောက်ဘက်မှာဆိုယင်လဲ၊ ယူဖရေးတီးနဲ့တိုက်ဂရစ်မြစ်ရဲ့အထက်ပိုင်း အတော်ကျကျဒေသတွေအထိ ကျယ်ပြန့်တယ်။

ဒီလို နိုင်ငံထူထောင်ပြီးတဲ့အခါ၊ အက်ကက်ဒီးယန်တွေဟာ၊ရှေးတုန်းကလို ခြေသလုံးအိမ်တိုင် လုပ်ပြီး နေလို့ မဖြစ်ကြတော့ဘူး။ ဒါကြောင့် သူတို့ရဲ့ယာယီဖျင်တဲ့တွေကို စွန့်ပစ်ပြီး၊ ဆူမားရီးယန်တွေလိုနေပူလှန်းထားတဲ့ ရွှံ့အုတ်တွေနဲ့အိမ်တွေကို ဆောက်လာကြတယ်။

သူတို့ဟာ စာမတတ်ဘူး။ အဲဒါကြောင့် ဆူမားရီးယန်တွေရဲ့ ကူနီအီဖောင်ရေးနည်းကို သင်ပြီး၊ သူတို့ရဲ့ဆမ္မိုက်ဘာသာစကားကို ရေးကြတယ်။ ဆမ္မိုက်ဘာသာစကားကို အဲဒီအချိန်မှာမှ၊ စာအဖြစ်နဲ့ စပြီးရေးနိုင်လာကြတယ်။ သူတို့ဟာ အုပ်ချုပ်ရေးကိုလဲ နားမလည်ကြသေးဘူး။ ဒါကြောင့် အုပ်ချုပ်ရေးကိုလဲ ဆူမားရီးယန်တွေဆီကပဲ သင်ကြရတယ်။ ပြက္ခဒိန်၊ အလေးချိန်၊ အတိုင်းအတာ၊ အတွက်အချက်တွေကိုပါ အက်ကက်ဒီးယန်တွေဟာ ဆူမားရီးယန်တွေဆီက သင်ရတယ်။ သူတို့ဟာ ကျောက်ရုပ်ထုတဲ့အတတ်၊ ကျောက်ချိပ်တံဆိပ်ထုတဲ့အတတ်တွေကိုလဲ ဆူမားရီးယန်တွေဆီက သင်ယူကြသေးတယ်။

ဒါတွေဒင်မကသေးဘူး၊ စစ်အတတ်ဘက်မှာလဲ သူတို့ လိုချင်တဲ့အတတ်ကို ဆူမားရီးယန်တွေဆီက သင်ယူကြသေးတယ်။ ဥပမာ၊ စစ်တိုက်တဲ့အခါ၊ ခေါင်းကို အကာအကွယ်ရအောင်၊ သားရေနဲ့ ကြေးနီနဲ့

---

၁။ ဆာဂွန် = Sargon (B.C. 2750—2695)

၂။ အီလမ် = Elam

လုပ်ထားတဲ့ **စစ်ခမောက်** တွေကို(ပုံ-၇၀) ဆူမားရီးယန်တွေ သုံးကြတယ်။ အဲဒါဟာ၊ ကာကွယ်ရေးအတွက် သတ္တုကိုသုံးတာတွေထဲမှာ၊ ရှေးအကျဆုံးပဲ။ ဒီစစ်ခမောက် လုပ်တဲ့အတတ်ကို အက်ကက်ဒီးယန်တွေက ဆူမားရီးယန်တွေဆီက သင်ယူကြတယ်။

အက်ကက်ဒီးယန်တွေဟာ၊ အခုလိုအနိုင်ရပြီး (ပုံ-၇၂)၊ မြို့ရည်ဝလာတာကြာတော့၊ ခြေသလုံး အိမ်တိုင်သမားတွေ ဘဝတုန်းကလို၊ ကြမ်းကြမ်း တမ်း တမ်း၊ သန်သန်စွမ်းစွမ်း မဟုတ်ကြတော့ဘူး။ ချိနဲ့ချူချာလာကြတယ်။ အဲဒါကြောင့် ဆူမားရီးယန်တွေကို အနိုင်ရပြီး၊ နှစ်ပေါင်း ၂၀၀-လောက် ကြာတဲ့အခါ၊ နိုင်ငံရဲ့ ခေါင်းဆောင်မှုဟာ ဆူမားရီးယန်တွေရဲ့လက်ထဲကို ကူးပြောင်းသွားတယ်။

## ဆူမားနဲ့ အက်ကက်

အဲဒီအချိန်မှာ ရှေးတုန်းကလို တမြို့တနိုင်ငံ စနစ်မျိုးမရှိတော့ဘူး။ ဆူမားရီးယန်တွေနဲ့ အက်ကက်ဒီးယန်တွေ စုပေါင်းပြီး **ဆူမားနဲ့ အက်ကက်**ဆိုတဲ့ အမည်နဲ့ နိုင်ငံသစ်တနိုင်ငံ ထူထောင် လိုက်ကြ တယ်။ ဒီနိုင်ငံသစ်မှာ ဆူမားရီးယန်တွေ ရှင်ဘုရင်ဖြစ်တဲ့အခါဖြစ်တယ်။ အက်ကက်ဒီးယန်တွေ ရှင်ဘုရင်ဖြစ်တဲ့အခါ ဖြစ်တယ်။

ဒီရှင်ဘုရင်တွေလက်ထက်မှာ၊ ယူဖရေးတီးမြစ်ရဲ့ မြောက်ဘက်မှာရှိတဲ့ အဆီးရီးယားနိုင်ငံ အပါအဝင်ဖြစ်တဲ့ ဒေသတွေကို သိမ်းယူနိုင်ခဲ့တယ်။ အရှေ့ဘက်မှာဆိုယင် ပါရှန်ပင်လယ်ကွေ့ရဲ့ ထိပ်က အီလမ်ဒေသအထိ၊ အနောက်ဘက်မှာဆိုယင် ပယ်လက်စတိုင်မြောက်ပိုင်း၊ အမြို့ရိုက်တွေရှိတဲ့ နယ်စပ်အထိ၊ သူတို့ရဲ့ နိုင်ငံတော်သစ်ဟာ ကျယ်ပြန့်ခဲ့တယ်။ (မြေပုံ-၃၅)

အဲဒီလိုကျယ်ပြန့်လာတဲ့အတွက်၊ အနောက်အာရှမှာရှိတဲ့ ဒေသအတော်ခပ်များများမှာ၊ အုပ်ချုပ်ရေးဟာ ရှေးတုန်းကလို လျော့ရဲရဲမဟုတ်တော့ပဲ၊ တိုးပြီးစနစ်တကျဖြစ်လာတယ်။ ကူးသန်းရောင်းဝယ်ရေးဟာလဲ၊ ရှေးကထက် အဆပေါင်းများစွာ တိုးတက် ကောင်း မွန် လာတယ်။ ဒီမင်းတွေရဲ့ လက်ထက်မှာ၊ ဆူမားနဲ့ အက်ကက်ရဲ့ ယဉ်ကျေးမှုဟာ ထိပ်ဆုံးတန်းကို ရောက်ခဲ့တယ်။



(ပုံ-၈၂) ဆာဂွန်ဘုရင်ရဲ့မြေးတော် အက်ကက် မင်းသားတပါးဟာ၊ အီလမ်နိုင်ငံတွင်းက တောင်ထဲမှာ အခိုင်အမာ ဆောက် လုပ်ထားတဲ့ ခံတပ်ရောက်အောင်လိုက်လံတိုက်ခိုက်တဲ့ အခါ၊ ရန်သူတွေကအသက်ချမ်းသာ ပေးပါမဲ့အကြောင်း လျှောက်ထား တောင်းပန်နေပုံဖြစ်တယ်။ အသက်ချမ်းသာပေးကြောင်း၊ မင်းသားကသူကိုင်စွဲထားတဲ့ လက်နက်ကို အောက်ကိုနှိမ့်ချပြလိုက်တယ်။ ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့မင်းသားပုံကို သူ့ရန်သူတွေထက်ပိုပြီး ကြီးကြီးထုထားတယ်။

ဆမ္မိုက်လူမျိုးရဲ့ ရှေး အနုပညာလက်စွမ်း။ ဘီ၊စီ ၂၅- ရာစု

(တိုးတက်လာပုံသိရအောင် ပုံ-၇၄ နဲ့ယှဉ်ကြည့်ပါ)

## အီလမ်မိုက်နဲ့ အမိုရိုက်

နှစ်ပေါင်း ဘီ၊စီ ၂၃၂၀-လောက်ဆီကို ရောက်တဲ့အခါ၊ **အီလမ်** ဒေသ က (မြေပုံ ၃-ရှု) **အီလမ်မိုက်လူမျိုး**[၁]တွေဟာ၊ ဆူမားနဲ့ အက်ကက်နိုင်ငံတော်တွင်းကို ထိပါးလာကြတယ်။ သူတို့ဟာ 'အား' နေပြည်တော် ကို သိမ်း ပြီး၊ ရှင်ဘုရင်ကိုတောင် သုံ့ပန်းအဖြစ် ဘမ်း ဆီးနိုင်ကြတယ်။

အဲဒီ တချိန်ထဲလိုလိုမှာပဲ၊ **အမိုရိုက်လူမျိုးတွေ**ကလဲ မြောက်ဘက်ကနေပြီး ဆူမားနဲ့ အက်ကက်နိုင်ငံတော်ထဲကို ဝင်လာ ကြပြန်တယ်။ သူတို့ဟာ ယူဖရေးတီးမြစ်ပေါ်က၊ **ဘက်ဘီလွန်**[၂]ဆိုတဲ့ ရွာကလေးတရွာမှာ အခြေစိုက်ကြတယ်။ ဒီရွာကလေးဟာ၊ တစတစ ကြီးပွားလာပြီး၊ အမိုရိုက်တွေအတွက် မြို့တော်ဖြစ်လာတယ်။

ဒီအချိန်ကစပြီး၊ ဆူမားနဲ့ အက်ကက်နိုင်ငံမှာ၊ နိုင် ငံ ရင်းက လူတွေရဲ့အခကျးဟာ မြုပ်သွားပြီး၊ အီလမ်မိုက်တွေနဲ့ အမိုရိုက်တွေဟာ၊ ဆူမားနဲ့အက်ကက်နိုင်ငံကို ရဘို့အတွက်၊ သူတပြန်ငါတပြန် တိုက်နေကြတာကိုသာ တွေ့ကြရတော့တယ်။ ဘယ်ဘက်ကမှ အပြတ်အသတ်အနိုင်မရပဲ သူတပြန်ငါတပြန် တိုက်နေတဲ့ တိုက်ပွဲကြီးဟာ၊ မင်းဆက်အားဖြင့်ဆိုယင် မင်းခြောက်ဆက်လောက် ကြာတယ်။ နှစ်အားဖြင့်ဆိုယင် နှစ် ၁၀၀-လောက်ကြာတယ်။နှစ်ပေါင်း ဘီ၊စီ ၂၁၂၃-လောက်ရောက်တော့ **ဟမ်မူရာပီ**[၃]ဟာ အမိုရိုက်တွေရဲ့ ရှင်ဘုရင်ဖြစ်လာတယ်။ ဟမ်မူရာပီဟာ အီလမ်မိုက်တွေနဲ့ နှစ်ပေါင်း ၃၀-ကျော်လောက် ပြင်းပြင်းထန်ထန် တိုက်ရတယ်။နောက်ဆုံးမှာ၊ သူဟာ ဒီအီလမ်မိုက်တွေကို ဆူမားနှင့်အက်ကက်နိုင်ငံတော်တွင်းက နှင်ထုတ်ပစ်နိုင်တဲ့အထိ အောင်မြင်သွားတယ်။

## ဟမ်မူရာပီခေတ်

ဟမ်မူရာပီဟာ စစ်တိုက်ရေးမှာစွမ်းရည်သတ္တိရှိသလို၊ အုပ်ချုပ်ရေးမှာလဲ စွမ်းရည်**သတ္တိရှိတယ်**။ ဆမိုက် လူမျိုးထဲမှာ၊ ဆာဂွန်ဟာပထမ၊

---

၁။ အီလမ်မိုက်လူမျိုး = The Elamites

၂။ ဘက်ဘီလွန် = Babylon

၃။ ဟမ်မူရာပီ = Hammurapi

ဟမ်မူရာဗီဟာ ဒုတိယ၊ လက်ရုံးရည်နှလုံးရည်နဲ့ပြည့်စုံတဲ့ ရှင်ဘုရင်တွေ ဖြစ်တယ်လို့ သမိုင်းဆရာတွေက အသိအမှတ်ပြုကြတယ်။ ငြိမ်းချမ်းရေး ရပြီးတဲ့နောက်၊ **နိုင်ငံတော် ထူထောင်ရေးလုပ်ငန်း** တွေ ကို လုပ် ဘို့ အတွက်၊ ဟမ်မူရာဗီဟာ ၁၂-နှစ်ကျော်ကျော်လောက် အချိန်ရသွား တယ်။ အဲဒီအချိန်အတွင်းမှာ **ဘက်ဘီလွန်မြို့တော်**[၁] ကို တနိုင်ငံလုံးမှာ အထင်ရှားဆုံး မြို့တော်ဖြစ်လာအောင်၊ သူ အစွမ်းကုန် ကြိုးစားတယ်။ **အစက** ရွာကလေးတရွာသာဖြစ်ခဲ့တဲ့ ဘက်ဘီလွန်ဟာ၊ ဟမ်မူရာဗီလက် ထက်မှာ နိုင်ငံတော်အုပ်ချုပ်ရေးနဲ့ယဉ်ကျေးမှုတို့ရဲ့ ဗဟိုဌာနဖြစ်လာတဲ့ အတွက်၊ နိုင်ငံတော် တည်ရှိရာဖြစ်တဲ့ ရှုမ်းနား လွင်ပြင်ဟာ အမည် ဟောင်း ပျောက်ပြီး၊ **ဘက်ဘီလိုးနီးယား လွင်ပြင်**လို့ အမည် တွင်လာ တယ်။ အဲဒီခေတ်က ထွန်းကားခဲ့တဲ့ ယဉ်ကျေးမှုဟာလဲ၊ ဘက်ဘီလိုး နီးယန် ယဉ်ကျေးမှုလို့ အမည်တွင်လာတယ်။

ဟမ်မူရာဗီဘုရင်ကြီးဟာ၊ စာ တွေ အများကြီး ရေးပစ်ခဲ့တယ်။ နောက်ပြီးတော့လဲ သူပြုသွားတဲ့ **ဥပဒေ** တွေ ကို၊ (ပုံ-၇၃) ရှစ် ပေ လောက်မြင့်တဲ့ ကျောက်တိုင်ကြီးတတိုင်းမှာ ထွင်းထားတယ်။ စာကြောင်း ရေပေါင်း ၃၆၀၀-ကျော်ရှိတယ်။ ဒီကျောက်တိုင်ကြီးကို၊ ဘက်ဘီလွန် မြို့တော်က **မာဒပ်နတ်မင်းကြီး**[၂]**အတွက် ဆောက်ထားတဲ့ဝတ်ကျောင်း** ထဲမှာ စိုက်ထားတယ်၊ ဒီစာတွေနဲ့ ဒီဥပဒေတွေဟာ၊ အခုခေတ်အထိ မပျက်မစီးပဲ ကျန်ရစ်ခဲ့တဲ့အတွက် ဟမ်မူရာဗီဘုရင်ရဲ့ စိတ်နေစိတ်ထား၊ စွမ်းရည်သတ္တိတွေကို သမိုင်းဆရာတွေ ကောင်းကောင်း အ ကဲ ခတ် နိုင် တယ်။

ဟမ်မူရာဗီဘုရင်ဟာ၊ အင်မတန် လုံ့လဝိရိယ ရှိတယ်။ စည်း ကမ်းကြီးတယ်။ ကျေးသားရင်သားမခွဲခြားပဲ၊ တရားစီရင်တယ်။ လာဘ် ပေး လာဘ်ယူ ကိစ္စကိုလဲ အမတန်စက်ဆုတ်တယ်။ ဘာသာရေးမှာလဲ ကိုင်းရှိုင်းတယ်ဆိုတာဟာ သူ့ စာတွေထဲမှာ အထင်းသားပေါ်နေတယ်။

သူ့ဥပဒေမှာ မုဆိုးမ၊ မိဘမဲ့ခလေး၊ လူဆင်းရဲတွေကို တရား ဥပဒေအရ ကာကွယ် စောင့်ရှောက်ဘို့ ဆိုတာ ကို အ ထူး ဖော် ပြ

---

၁။ ဘက်ဘီလွန်မြို့ = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ဂ၊ နှာ ၁၀၀)
၂။ မာဒပ်နတ်မင်းကြီး = Marduk



(ပုံ-၈၃) ဘက်ဘီလွန်မြို့တော်၊ မာဒပ် နတ်မင်းကြီး ( ညာဘက်က ပုံ ) ဝတ်ကျောင်းထဲမှာ၊ ဟမ်မူရာဗီဘုရင် ( ဘယ်ဘက်က ပုံ ) ပြု စု သွား တဲ့ ဥပဒေတွေကို ရေးထွင်းထားတဲ့ ကျောက်စာတိုင်ရဲ့ အထက်ပိုင်း။

ထားတယ်။ ဒါပေမဲ့၊ သူ့ဥပဒေတွေ ထဲမှာ အခုခေတ်နဲ့မလျော်တာတွေကိုလဲ တွေ့ရတယ်။ ဥပမာ၊ မောင်ဘဟာ မောင်ခရဲ့ သွားတချောင်းကို ချိုးယင်၊ မောင်ဘဟာ သူ့သွားတချောင်းကိုလဲ ပြန်ပြီး အချိုးခံရမယ်။ မျက်လုံးတလုံးကိုဖောက်ယင်၊သူ့မျက်လုံးတလုံးကိုလဲ ပြန်ပြီးအဖောက်ခံရမယ်။ပန်းရံဆရာရဲ့လက်ထဲက လွတ်ကျသွားတဲ့ အုတ်တချပ်ဟာ အိမ်ရှင်ရဲ့ ခလေးခေါင်းပေါ်ကျပြီး ခလေးသေသွားယင်၊ ပန်းရံဆရာရဲ့ ခလေးဟာလဲ၊ သူ့ခေါင်းပေါ်ကို အုတ်တချပ်အချခံပြီး၊ သေစားသေရမယ်။ တရားတာကို အင်မတန်လိုချင်လို့ ဒီဥပဒေမျိုးကို လုပ်တာပါပဲ။ ဒါပေမဲ့ တရားရာမရောက်ပဲ၊ မဆိုင်သူတွေ ဒုက္ခရောက်တာမျိုးတွေကိုလဲ တခါတရံတွေ့ရတယ်။

အဲဒီရှေးခေတ်တုန်းက၊ မိန်းမတွေရဲ့ အတန်းအစားဟာ မနိမ့်ကျဘူး။ မိန်းမတွေဟာ ကိုယ်တိုင်စီးပွား ရှာ နိုင် တယ်။ စာရေးစာချီအလုပ်ကိုတောင် ဝင်လုပ်နိုင်တယ်။

ဟမ်မူရာဗီလက်ထက်မှာ၊ **တိုင်းသူပြည်သားတွေရဲ့ စီးပွားရေး**ဟာ အထူးတိုးတက်တယ်။ သူတို့ရဲ့ အဓိကထုတ်ကုန်ကတော့ **ကောက်ပဲသီးနှံ**နဲ့ **စွန်ပလွံသီး**ပါပဲ။ ဒါပေမဲ့ သူတို့ရဲ့ သိုးတွေဆီက **သိုးမွေး**နဲ့ **သားရေ**ကိုလဲ ရသေးတယ်။ သိုးမွေးရက္ကန်းလုပ်ငန်းဟာ အတော်ကြီးတဲ့ လုပ်ငန်းတခုဖြစ်တယ်။အဲဒီခေတ်မှာကြေးနီအစား **ကြေးညို**[၁]ကိုသုံးလာကြတာကို တွေ့ရတယ်။ **နိုင်ငံတော်ရဲ့ အမြဲတမ်းတပ်မတော်ကြီး**ကလဲ နယ်ခြားဒေသတွေကို စောင့်ရှောက် ပေးကြ တဲ့ အ တွက်၊ နိုင်ငံတော်တဝှမ်းမှာ ချမ်းသာယာဝပြောတယ်။

ဘာသာရေးမှာ ဆိုယင်၊ တိုင်းသူ ပြည် သား တွေ ဟာ ဆူမားရီးယန်နတ်တွေကိုပဲ ဆက်ပြီး ကိုးကွယ်ကြတာပါပဲ။ ဒါပေမဲ့၊ အမျိုးရိုက်တွေဟာ၊ နိုင်ငံတော်ကို အုပ်စိုးသူတွေ ဖြစ်နေကြတဲ့အတွက်၊ နိုင်ငံတော်နတ်တွေမှန်သမျှထဲမှာ၊ သူတို့ကိုးကွယ်တဲ့ **မာဒပ်နတ်မင်းကြီး**ကို အကြီးဆုံးအဖြစ်နဲ့ ပြဋ္ဌာန်းထားတယ်။နတ်သမီးထဲမှာဆိုယင်လဲ၊ **အစ်ရှတာ**[၂] ဆိုတဲ့ **ဗီယနတ်သမီး**ကို အကြီးဆုံးအဖြစ်နဲ့ ပြဋ္ဌာန်းတယ်။

---

၁။ ကြေးညို = Bronze (ကြေးနီနဲ့ သံဖြူရောထားတဲ့ သတ္တုရော)

၂။ အစ်ရှတာ = Ishtar

ဆူမားနဲ့ အက်ကက်မင်းတွေ လက် ထက် လောက် က ထဲ က ဆူမားရီးယန် ဘုန်းကြီးတွေဟာ၊ လူတွေရဲ့ ရှေ့ဖြစ်ကို ဟောကြတယ်။ **ဗေဒင်**[၁] မေးချင်တဲ့လူတွေဟာ သိုးတွေကို ယူလာရတယ်။ ဒီသိုးကို နတ်စင်ရှေ့မှာပူဇော်ပြီး သတ်တယ်။ ပြီးတော့မှ၊ သိုးရဲ့အသဲမှာ ပေါ်နေတဲ့ အမှတ်အသားတွေကို ကြည့်ပြီး ဘုန်းကြီးက ရှေ့ဖြစ်ဟောတယ်။ ဗမာနိုင်ငံအတွင်း တချို့အရပ်တွေမှာလဲ၊ ကြက်ရိုးထိုးတယ်[၂]ဆိုတာ ရှိတယ်။ အဲဒါဟာ သိုးရဲ့အသဲက အမှတ်အသားကိုကြည့်ပြီး ဟောတာမျိုးနဲ့ ခပ်ဆင်ဆင်တူတယ်။ တချို့ ဘုန်းကြီးတွေကျတော့လဲ၊ ကြယ်တွေ ဂြိုဟ်တွေရဲ့ အသွားအလာကိုကြည့်ပြီး ဟောတယ်။ အဲဒါဟာ ကမ္ဘာမှာ ပေါ်ထွန်းနေတဲ့ **နက္ခတ္တဗေဒရဲ့ အစ**ပဲ ဖြစ်တယ်။

ဒီရှေးခေတ်က၊စာရေးတတ် သားတတ်တဲ့လူတွေဟာ၊အင်မတန်ရှားတယ်။ ဒါကြောင့် စာရေးစာချီရဲ့ အလုပ်ဟာ အထက်တန်းကျတဲ့ အလုပ်ဖြစ်တယ်။ စာရေးစာချီအလုပ်ကို ဒီခေတ်ကလူတွေဟာ ဘယ်လို သဘောထားတယ်ဆိုတာ၊ 'အရေးအသားမှာ ကျွမ်းကျင်တဲ့ သူဟာ နေလို ထွန်းလင်းတောက်ပပါလိမ့်မယ်'ဆိုတဲ့ သူတို့ရဲ့ စကားပုံတခုကို ကြည့်ခြင်းဖြင့်သိနိုင်တယ်။ အဲဒါကြောင့် ခလေးတွေကို အရေးအသား သင်ပေးဘို့ ကျောင်းတွေကိုဖွင့်ပေးထားတယ်။ ဒီလို ရှေးခေတ်မျိုးမှာ **စာသင်ကျောင်း** ဆိုတာ အတော်ထူးတာပဲ၊ (ပုံ-၀၄)။

## ဘက်ဘီလွန် ပြိုကွဲပျက်စီးခြင်း

ဟမ်မူရာဗီဘုရင်ကြီး နတ်ရွာစံပြီးတဲ့နောက်၊ မကြာခင်ပဲ ဘက်ဘီလိုးနီးယားလွင်ပြင်ရဲ့ အရှေ့ဘက်နဲ့ မြောက်ဘက်မှာရှိတဲ့ ကုန်းပြင်မြင့်တွေပေါ်မှာနေကြတဲ့ **ကက်ဆိုက်လူမျိုး**[၃]တွေဟာ၊ သူတို့နေရာဟောင်းတွေကိုစွန့်ပြီး၊ ဘက်ဘီလိုးနီးယား လွင်ပြင်ထဲမှာ အခြေလာစိုက်ကြတယ်။ ဟမ်မူရာဗီဘုရင်ကြီးရဲ့ ထီးနန်းကိုဆက်ခံတဲ့ နောက်မင်းတွေဟာ ဒီကက်ဆိုက်တွေကို ဘယ်လိုမှ မလုပ်နိုင်ဘူး။ လက်ပိုက် ကြည့်နေခဲ့ကြရတယ်။

---

၁။ ဗေဒင် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၈၊ နှာ ၂၂)
၂။ ကြက်ရိုးထိုးခြင်း = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၁၇၀)
၃။ ကက်ဆိုက်လူမျိုး=The Kassites




(ပုံ-၁၄) ဟမ်မူရာဗီဘုရင် လက်ထက်က ရှေး ဘက်ဘီလိုးနီယန် ကျောင်းအဆောက်အဦ

ညာဘက်ကစနစ်ပုံဟာ၊ ၅၅ပေ စတုရန်းပုံရှိတဲ့ ကျောင်းအဆောက်အဦ မြေရဲ့ စနစ်ပုံဖြစ်တယ်။

ကျောင်းသားများဟာ A တံခါးကဝင်ကြပြီး၊ အခန်းရှည် B ကိုဖြတ်ကျော်ရတဲ့အခါ၊ တံခါးစောင့်က ဒီနေရာမှာ နောက်ကျတဲ့ ကျောင်းသားတွေရဲ့စာရင်းကို ရွှံ့တုံးပေါ်မှာ ရေးမှတ်နေပေလိမ့်မယ်။ ကျောင်းသားတွေဟာ ကစားကွင်း C ကိုရောက်တဲ့အခါ၊ ကျား၊မ၊ကလေးလို့ ခွဲခြားပြီး၊ သတ်မှတ်ပေးထားတဲ့ အခန်းအသီးသီးကို ဝင်သွားကြဟန်တူတယ်။

ကျောင်းအဆောက်အဦတနေရာရာမှာ၊ ခုဒင်ကပြောတဲ့ကစားကွင်းမှာ ရွှံ့စေးတသေတ္တာကို ထားရှိကောင်း ထားရှိပေလိမ့်မယ်။ ဒီတော့မှသာ ကျောင်းသားဟာ သပ်-ပုံသဏ္ဍာန်ရှိတဲ့အရေးအသားတွေနဲ့ သူ့ရွှံ့သင်ပုန်း ပြည့်သွားတဲ့အခါ၊ ရွှံ့တုံးအသစ်တချပ်ကို ထပ်လုပ်နိုင်ပေမယ်။ ဘယ်ဘက်ကပုံကိုကြည့်ယင်၊ ကမ္ဘာမှာ ရှေးအကျဆုံးဖြစ်တဲ့ ကျောင်းအဆောက်အဦရဲ့ တံခါးတခုအတွင်းကို ကြည့်လျက်သားဖြစ်နေမယ်။ တံခါးဝမှာရပ်နေတဲ့ လူနှစ်ယောက်ဟာ ဒီကျောင်းအဆောက်အဦကို တူးဖော်ပေးတဲ့ လုပ်သားအာရပ်နှစ်ဦးရဲ့ပုံဖြစ်တယ်။ နေလှန်းအုတ်နဲ့ ဆောက်လုပ်ထားတဲ့ ကျောင်းနံရံတံတိုင်းတွေဟာ အခုထက်တိုင် ၇-ပေ ၉-ပေ အမြင့် ရှိသေးတယ်။

ဟမ်မူရာဗီဘုရင်ကြီး နတ်ရွာစံပြီးလို့ နှစ်ပေါင်း ၂၀၀-ကျော် လောက်ကြာတဲ့အခါ၊ ဘက်ဘီလိုးနီးယားလွင်ပြင်ရဲ့ အနောက်မြောက် ပိုင်းမှာ နေကြတဲ့ **ဟစ်တိုက်လူမျိုးတွေဟာ**၊ ယူဖရေးတီးနဲ့ တိုက်ဂရစ် မြစ်နှစ်သွယ်ကြားက ဆင်းလာပြီး၊ ဘက်ဘီလွန်မြို့တော်ကို သိမ်း ကြ တယ်။ သူတို့ဟာ ဘက်ဘီလွန်မှာကြာရှည်မနေဘူး။ ရသမျှ ပစ္စည်း ကို လုယက်ပြီးတာနဲ့၊ သူတို့နိုင်ငံကို ပြန်သွားကြတယ်။ သူ တို့ ထွက် သွားတဲ့အခါ၊ ဟမ်မူရာဗီ ထားပစ်ခဲ့တဲ့ မင်းဆက်ဟာ တခါထဲ ပြတ် သွားပြီး၊ နိုင်ငံကို ခေါင်းဆောင်နိုင်တဲ့သူ မရှိတဲ့အထိ ဖြစ်သွားတယ်။ အဲဒီအချိန်ဟာ ဘီ၊စီ ၁၇၄၆ လောက်ရှိပြီ။ အဲဒါကြောင့် **ကက်ဆိုက် လူမျိုးတွေဟာ ဘက်ဘီလိုးနီးယားနိုင်ငံရဲ့** အချုပ်အခြာ အာဏာကို **အခက်အခဲမရှိပဲ သိမ်းယူနိုင်ခဲ့ကြတယ်။** အမတန် တိုးတက် လာတဲ့ ဘက်ဘီလွန် ယဉ်ကျေးမှုဟာ၊ အဲဒီအချိန်ကစပြီး နှစ်ပေါင်းတထောင် ကျော်လောက် တခါထဲ ကိမ်မြုပ်သွားတယ်။

## အခန်း ၄။

## လက်ဦး ဘက်ဘီလိုးနီးယားခေတ်

### မှတ်စရာခြောက်ခု၊ ဂရုပြု

၁။ ဘီ၊စီ ၃၅၀၀ လောက်မှာ၊ ဆူမားရီးယန်တွေဟာ ' ကူနီအီ ဖောင်'ခေါ် **စာအရေးအသားကို**၊ အသုံးပြုလာကြတယ်။ ရွှံ့ပြားပျော့ ပျော့ပေါ်မှာ၊ သုံးခြောင့်ပုံရှိတဲ့ 'စတိုင်လပ်' ခေါ်တဲ့ ကညစ်နဲ့ရေးကြ တယ်။

၂။ **ဆူမားရီးယန် ပြက္ခဒိန်ဟာ**၊ ဗမာပြက္ခဒိန်နဲ့ တထေရာထဲပဲ။ လဆန်း တရက်နေ့က လကွယ်နေ့ထိ တလ၊ ၁၂-လ တနှစ်၊ ဗမာ ဝါ ထပ်သလို သူတို့လဲ နောက်ထပ် တလ ထပ်ဖြည့်ကြတယ်။အခုထက်တိုင်

အရှေ့နိုင်ငံရောက် ရေဝတီတွေရော၊ မှတ်စလင်တွေပါ၊ အ သုံး ပြုကြ တုန်းပဲ ရှိသေးတယ်။

၃။ ဆူမားရီးယန်တွေဟာ၊ **၆၀-ကို အခြေခံထားပြီး၊ ရေတွက်**ကြတယ်။ စက္ကန့် ၆၀-တမိနစ်၊ မိနစ် ၆၀-တနာရီ၊ ရေတွက်တာဟာ ဆူမားရီးယန်တွေဆီက ဖြစ်ပေါ်လာတယ်။

၄။ **တံဆိပ်တုံး**တွေကို၊ ဆူမားရီးယန်ခေတ်မှာ စတင်အသုံးပြုလာကြတယ်။

၅။ အမ္ဘိုရိုက်တွေရဲ့ဘုရင်- **ဟမ်မူရာဗီဟာ**၊ ရာဇသတ်၊ ဓမ္မသတ်၊ **ကျင့်ထုံးဥပဒေ**တွေကို ပြုပြီးတဲ့နောက်၊ ဘီ၊စီ ၂၀၉၀ မှာ ကျောက်ထက် အက္ခရာတင်ခဲ့တယ်။

၆။ ဘက် ဘီ လိုး နီး ယား မြို့တော် မှာ၊ **ရှေးအကျဆုံး ကျောင်းအဆောက်အဦ** တခုကို၊ ရှေးဟောင်းသုတေသန ပညာရှင်တွေ တူးဖော်တွေ့ရှိကြတယ်။



(ပုံ-၀၅)

အခန်း ၅။

## အနောက်အာရှသမိုင်း (ဒုတိယခေတ်)

## (၂) အဆီးရီးယန်အင်ပိုင်ယာခေတ်

### အဆီးရီးယား

ဘက်ဘီလိုးနီးယားလွင်ပြင်ရဲ့ အထက်ကို တက်သွားတဲ့အခါ လခြမ်းဒေသရဲ့ တောင်ဘက်မှာ ရှိနေတဲ့ သဲကန္တာရရဲ့ အရှေ့မြောက်ဒေါင့်မှာ **အဆူး**[၁] ဆိုတဲ့ ဒေသရှိတယ်(မြေပုံ-၃၅)။ 'အဆူး' ဆိုတဲ့နာမယ်ဟာ၊ ဒီဒေသမှာ ကိုးကွယ်တဲ့နတ်ရဲ့ နံမယ်ကို အစွဲပြုပြီး ခေါ်ထားတာဖြစ်တယ်။ ဒီဒေသကို နောင်တော့ **အဆီးရီးယား**[၂] လို့ ခေါ်တယ်။

---

(ပုံ-၀၅) အဆီးရီးယန်စစ်သား

၁။ အဆူး = Assur

၂။ အဆီးရီးယား = Assyria

ဒီဒေသက လူတွေကိုလဲ **အဆီးရီးယန်လူမျိုး**တွေလို့ ခေါ်တယ်၊ အဆီးရီးယန်လူမျိုးတွေ ပြောတဲ့ ဘာသာစကားဟာ၊ အက်ကက်ဒီးယန်လူမျိုးတွေ ပြောတဲ့ ဘာသာစကားနဲ့ ခပ်ဆင်ဆင်တူတယ်။ ဒါပေမဲ့ သူတို့ဟာ အက်ကက်ဒီးယန် တွေလို ဆမ္မိုက်လူမျိုးက ဆင်းသက် လာတယ်လို့ အတိအကျ မပြောနိုင်ဘူး။ နောက်ပြီးတော့ ဒီအဆီးရီးယန်တွေဟာ ဒီဒေသကို ဘယ်အချိန်လောက်က ရောက်နေတယ် ဆိုတာကိုလဲ အတိအကျ မပြောနိုင်ဘူး၊

ဘီ၊စီ ၂၉၀၀ လောက်မှာ အဆီးရီးယန်တွေဟာ **တမြို့တနိုင်ငံ** နိုင်ငံအသေးစားကလေး တခုကို ထူ ထောင် တယ်။ အဲဒီ အချိန်က၊ ဒီနိုင်ငံမှာ အဆီးရီးယန်တွေ အပြင်၊ ဆူမားရီးယန် တွေ နဲ့ တခြား လူမျိုးတွေလဲ ရှိနေကြတယ်။ ဒီနိုင်ငံကလေးဟာ အင်အားချိနဲ့ နေတဲ့ အတွက်၊ အင်အားကြီးမားတဲ့ ဟစ်တိုက်လူမျိုးတွေ မြောက်ဘက် က ဆင်းလာယင်လဲ အညံ့ ခံ လိုက် ရ တာပဲ။ ဘုန်းလက်ရုံးနဲ့ ပြည့်စုံတဲ့ ဆာဂွန်၊ ဟမ်မူရာဗီ အစရှိတဲ့ တောင်ဘက်က မင်းတွေ ချီတက်လာပြန် ယင်လဲ၊ အညံ့ခံလိုက်ရတာပဲ။

ဒီ သင်္ခန်းစာတွေကို ရပြီး၊ မြောက်ဘက်နဲ့ တောင်ဘက်က လူမျိုးကြီးတွေရဲ့ရန်ကို ခုခံနိုင်အောင်၊ အားအင်တောင့်တင်းဘို့အတွက် အားကိုးရတဲ့ **စစ်တပ်** ကိုလဲ (ပုံ-၈၅) အဆီးရီးယန်မင်း အဆက်ဆက် ဟာ ဂရုစိုက်ပြီး ထူထောင်သွားကြတယ်။

အင်အား ကြီးမားတဲ့ ဘက်ဘီလိုးနီးယား အင်ပိုင်ယာကြီးကို အမြစ်ကပါ မြိုခွင်းပစ်ခဲ့တဲ့၊ ပြည်တွင်း ထီးပြိုင် နန်းပြိုင်စနစ်ဟာ၊ အဆီးရီးယားမှာ လာပြီး အမြစ်မတွယ်နိုင်အောင်လဲ ဒီမင်းအဆက်ဆက်ဟာ အထူးကြိုးပမ်းသွားခဲ့တယ်။

ဒီနိုင်ငံရဲ့ စစ်မက်အင်အားနဲ့ စည်းလုံးရေးကို တောင့်တင်း အောင်၊ ဒီလိုတဘက်ကကြိုးပမ်းရင်း၊ **နိုင်ငံရဲ့ စီးပွားရေး တောင့်တင်း** လာအောင်လဲ၊ တခြားတဘက်က ကြိုးပမ်းကြသေးတယ်။ အဆီးရီးယန် ကုန်သယ်တွေဟာ၊ အာရှမိုင်းနားရဲ့ အရှေ့တောင်ပိုင်းက၊ စီလီရှား ဒေသမှာ ရှိတဲ့ ငွေတွင်းတွေကိုတောင် ရောက်ခဲ့ဘူးတယ်ဆိုတဲ့ သက်သေ အထောက်အထားတွေကို တွေ့ရတယ်။



(ပုံ-၈၆) ချက်လက်မှတ် အာမခံ စနစ် သဘောပါတဲ့ အရောင်းအဝယ် လောကမှာအသုံးပြုတဲ့ ရွှံ့ချပ်များ။

ငွေတွေကို ရလာတဲ့အတွက် သူတို့အရောင်းအဝယ်ဟာ ရှေးက ထက် ဖွံ့ဖြိုးလာတယ်။ ရှေးက အရောင်းအဝယ်လုပ်ချင်ယင်၊ ကောက်ပဲ သီးနှံကို ရွှေငွေအဖြစ်နဲ့ အသုံးပြုရတယ်။ ဥပမာ၊ လှေ တစင်းကို ၁၀၀ဝိဆိုယင်၊ ဝယ်သူက ၇၀ဝိ တန် ကောက်ပဲသီးနှံနဲ့၊ ၃၀ဝိ တန် သိုးတွေကို ပေးရတယ်။ ဒီပစ္စည်းတွေကို တနေရာက တနေရာကိုသယ် ရတာ သိတ်ဝန်လေးတယ်။ ငွေ¹ပေါ်လာပြီးတဲ့နောက်၊ ဒီစနစ်ဟောင်း ပျောက်သွားတယ်။

ငွေတုံးအရှည်ကလေးတွေမှာဖြစ်စေ၊ အဝိုင်းကလေးတွေမှာဖြစ် စေ၊ ငွေတုံးရဲ့ အလေးချိန်အမှတ်အသားနဲ့ ဒီငွေတုံးကို ထုတ်ပေးတဲ့ ဝတ်ကျောင်းရဲ့ နံမယ်ကို နှိပ်ထားတယ်။ အရောင်းအဝယ် လုပ်တဲ့ နေရာမှာ အဲဒီငွေကို သုံးကြတယ်။

ဒါဒင်မကသေးဘူး၊ ဒီငွေကို သုံးတဲ့စနစ်နဲ့အတူတူ၊ အခုခေတ် အရောင်းအဝယ် လောကမှာ အသုံးပြုနေကြတဲ့ ချက်လက်မှတ်တို့၊ **ငွေ အာမခံစနစ်တို့ရဲ့ သဘောမျိုးပါနေတဲ့ စနစ် တ မျိုး** လဲ ပေါ်လာ သေးတယ်။ နိုင်ငံခြားမှာ ကုန်မှာချင်ယင်၊ အမှာစာနှင့်အတူတူ၊ ဒီရွှံ့ ချပ်ဟာ (ပုံ-၈၆)ငွေအလေးချိန် ဘယ်လောက်အတွက် အာမခံတယ် လို့ ရေးထားတဲ့ ရွှံ့ချပ်ကို ပို့လိုက်တာပဲ။ နောက်ကို ကုန်သည်ချင်းတွေ ကြုံတော့မှ၊ ဒီရွှံ့ချပ်နဲ့ငွေတုံးနဲ့ လဲယူကြတယ်။ အရောင်းအဝယ်မှာဒီ လို ငွေတုံးနဲ့ အာမခံ ရွှံ့ချပ်ကို သုံးတဲ့စနစ်ဟာ၊ ဂရိနိုင်ငံကို ရှေးဦးစွာ

၁။ ငွေအသပြာ= (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၂၅၅)

ရောက်သွားတယ်။ ဂရိနိုင်ငံကမှ ဒီစနစ်ဟာ ဥရောပတတိုက်လုံးကို ပျံ့နှံ့သွားတယ်။

## အနောက်ဘက်က အပြိုင်မြို့နိုင်ငံများ

အဆီးရီးယားနိုင်ငံကလေးဟာ၊အစတုန်းကတော့ မြောက်ဘက်နဲ့တောင်ဘက်က နိုင်ငံကြီးတွေ အမျိုးခံရမှာကို ကြောက်ပြီး တောင့်တင်းအောင် ကြိုးပမ်းခဲ့တာပဲ။ ဒါပေမဲ့ အားအင် တောင့်တင်းလာတော့၊ သူကိုယ်တိုင်နယ်ချဲ့ချင်လာပြန်တယ်။

သူဟာ ကုန်းရဲ့အတွင်းဘက်ကို ရောက်နေတယ်။ အဲဒါကြောင့် အနောက်နိုင်ငံတွေနဲ့ အဆက်အသွယ် လုပ်ဖို့အတွက်၊ အထူးသဖြင့် အနောက်နိုင်ငံတွေမှာ ထွက်တဲ့ သတ္တုတွေကို သူလိုချင်သလောက် ရနိုင်ဖို့ အတွက်၊ မြေထဲပင်လယ် ပင်လယ်ကမ်းရိုးတန်းမှာ သင်္ဘောဆိပ်ကောင်းကောင်းတွေကို သူလိုချင်တယ်။ နောက်ပြီးတော့လဲ၊ မြေထဲပင်လယ်မှာ သင်္ဘောဆိပ်ကောင်းကောင်း မရှိပဲ၊ အနောက်အာရှမှာ သူနယ်ချဲ့ဖို့ ခက်မယ်ဆိုတာကိုလဲ သူမြင်လာတယ်။

ဒါပေမဲ့ မြေထဲပင်လယ်မှာ သင်္ဘောဆိပ်ကောင်းကောင်း ရဖို့ဟာ သူ့အတွက် မလွယ်လှဘူး။ သူ့အကြံအောင်ဖို့အတွက် ရှေးဦးစွာ **မိတန်းနီနိုင်ငံ**[၁]ကို သူနိုင်အောင် တိုက်ရမယ်။ မိတန်းနီနိုင်ငံဟာ ယူဖရေးတီးမြစ်ရဲ့မြောက်ဘက် အကွေ့ထဲမှာ ရှိပြီး၊ အဆီးရီးယားက မြေထဲပင်လယ်ကို သွားချင်ယင်၊ မိတန်းနီက ဖြတ်သွားရမယ်။မိတန်းနီနိုင်ငံကို အုပ်စိုးနေတဲ့လူတွေဟာ **အင်ဒို-ဥရောပတိုက်သား**[၂]တွေ ဖြစ်တယ်။သူတို့ဟာ အနောက်အာရှရဲ့မြောက်ပိုင်းတလျှောက်မှာ ခြေသလုံးအိမ်တိုင်လုပ်ပြီး ရေကြည်ရာ မြက်နုရာ လိုက်ရှာနေကြရင်း မိတန်းနီဒေသကို ရောက်လာကြတဲ့ လူတွေဖြစ်တယ်။သူတို့ဟာမြင်းဆွဲစစ်ရထားတွေကို စပြီးသုံးကြသူတွေ ဖြစ်တဲ့အတိုင်း၊ ဒီစစ်အတတ်မှာ သူတို့အမတန်ကျင်လည်ကြတယ်။တခါတုန်းကဆိုယင် ဒီမိတန်းနီယန် လူမျိုးတွေဟာ၊ အင်အားကြီးမားတဲ့ ဟစ်တိုက်နိုင်ငံကိုတောင် အနိုင်ရခဲ့ဘူးတယ်။ အဆီးရီးယား နိုင်ငံကိုယ်တိုင်လဲ၊ တခါတုန်းက မိတန်းနီကို

---

၁။ မိတန်းနီနိုင်ငံ = Mitanni Kingdom

၂။ အင်ဒို-ဥရောပတိုက်သား = The Indo-Europeans

အညံ့ခံလိုက်ရပြီး၊ လက်အောက်ခံ နိုင်ငံအဖြစ်နဲ့ မိတန်းနီရဲ့ လက်အောက်မှာ အတော်ကြာကြာနေခဲ့ရဘူးသေးတယ်။

ဒီမိတန်းနီနိုင်ငံ အပြင်၊ နယ်ချဲ့ချင်နေတဲ့ အဆီးရီးယားဟာ၊ မြေထဲပင်လယ်ကမ်းခြေမှာရှိကြတဲ့ **ဖီနစ်ရှန်နိုင်ငံ**ကလေးတွေရဲ့အင်အားကိုလဲ ထဲ့တွက်ရသေးတယ်။ သူနယ်ချဲ့လာယင်၊ ဒီနိုင်ငံကလေးတွေကလဲ၊ ခေါင်းငုံ့ခံမှာ မဟုတ်ဘူး။ ခံချမှာပဲ။

နယ်ချဲ့ချင်နေတဲ့ အဆီးရီးယား ထဲ့တွက်စရာ နိုင်ငံ သုံးနိုင်ငံ ကျန်နေသေးတယ်။ ဒီသုံးနိုင်ငံဟာ၊ ပယ်လက်စတိုင်၊ ဆီးရီးယားနဲ့ အီဂျစ်နိုင်ငံတွေ ဖြစ်တယ်။ ဒီသုံးနိုင်ငံစလုံး မြေထဲပင်လယ်ပေါ်မှာရှိတယ်။ **ပယ်လက်စတိုင်**မှာ ဟီးဘရူးလူမျိုးတွေရှိတယ်။ ဒီဟီးဘရူးတွေဟာ လခြမ်းဒေသရဲ့အနောက်တခြမ်းလုံးကို သိမ်းပိုက်ထားနိုင်အောင် အင်အားတောင့်တင်းတဲ့ လူမျိုးတွေဖြစ်တယ်။ **ဆီးရီးယား**မှာ အာရမီးယန်[၁] လူမျိုးတွေရှိတယ်။ ဒီအာရမီးယန်လူမျိုးတွေဟာ ဆီးရီးယားမှာ တမြို့တနိုင်ငံ နိုင်ငံကလေးတွေ ထူထောင်ထားကြတယ်။ အဲဒီ နိုင်ငံကလေးတွေထဲမှာ အား အတောင့်ဆုံးဟာ **ဒမက်စကပ်**[၂] ဖြစ်တယ်။ (မြေပုံ-၄ ရှု)။ ဆီးရီးယားနဲ့ အဆီးရီးယားဟာ တခြားစီ ဖြစ်တယ်ဆိုတာကို မှတ်ထားပါ။ ဆီးရီးယားက ပယ်လက်စတိုင် မြောက်ဘက်က မြေထဲပင်လယ်ကမ်းပေါ်မှာရှိတယ်။ အဆီးရီးယားက၊ ကုန်းတွင်းပိုင်းမှာ ရှိတယ်။

နယ်ချဲ့ချင်တဲ့ အဆီးရီးယား ထဲ့တွက်ရမဲ့ နောက်ဆုံး နိုင်ငံကတော့၊ **အီဂျစ်**ဖြစ်တယ်။

အခုပြောခဲ့တဲ့ နိုင်ငံတွေကို ကြည့်ပြီး၊ တော်ရုံတန်ရုံ နယ်ချဲ့ချင်တဲ့နိုင်ငံဟာ ကြောက်ဒူးတွေတုန်နေမှာ အမှန်ပဲ။ ဒါပေမဲ့ အဆီးရီးယားနိုင်ငံဟာ နယ်ချဲ့ဘို့ အခွင့်ကောင်းရချင်တော့၊ သူ့ရန်ဘက် နိုင်ငံတွေဟာ ပျက်ပေးရတယ်။ ဘယ်လိုပျက်ပေးရတယ်ဆိုတာ အခု ပြောပြမယ်။

ဘီ၊ စီ ၁၄၀၀ လောက် မှာ **ဟစ်တိုက် အင် ပိုင် ယာ** ဟာ (မြေပုံ-၆ရှု) အီဂျစ်နဲ့ ပခုံးချင်း ယှဉ်နိုင် လောက် အောင်၊ အား အင်

၁။ အာရမီးယန်လူမျိုး = The Arameans

၂။ ဒမက်စကပ် = Damascus




(မြေပုံ-၄)

ကြီးမားလာတယ်။ ဒီအင်ပိုင်ယာကြီး နှစ်ခုဟာ၊ တခုနဲ့တခု အကြိတ်အနယ်တိုက်ကြရင်း၊ နှစ်ခုစလုံး အားအင်တွေ အတော် ကုန်ခန်းကုန်ကြတယ်။ ဘီ၊ စီ ၁၂၁၀ လောက်ဆီကို ရောက်တဲ့အခါ၊ ရန်သူတွေ နောက်က ဝင်တိုက်ထာကို ခံရတဲ့အတွက်၊ အားအင်ချိနဲ့နေတဲ့ ဟစ်တိုက်အင်ပိုင်ယာကြီး ပြိုကျသွားတယ်။ နောက် အနှစ် ၁၀၀ လောက်ကြာတဲ့အခါ၊ အီဂျစ်အင်ပိုင်ယာကြီးပြိုလဲကျသွားပြန်တယ်။ မိတန်းနီနိုင်ငံဟာ အီဂျစ်အင်ပိုင်ယာဘက်က ဝင်တိုက်တဲ့အတွက်၊ အီဂျစ်ပြိုတဲ့အခါ၊ မိတန်းနီလဲပြိုကျသွားရတယ်။



(ပုံ-၇၇) အာဆီးရီးယန်တွေ ရက်စက်ပုံ
အညံ့ခံလိုက်ရတဲ့ မြို့တွေကို၊ တခါထဲ ဖြိုချဖျက်ဆီးပစ်ပြီး၊ ရွာ
အဘိုးတန်ပစ္စည်းတွေကိုလဲ ထုပ်ပိုး သယ်ယူသွားကြသေးတယ်။

ဒါပေမဲ့၊ ပယ်လက်စတိုင်၊ ဆီးရီးယား၊ဖီနစ်ရှားနိုင်ငံသုံးနိုင်ငံက အားအင်တောင့်တင်းနေသေးတဲ့အတွက်၊ နောက် နှစ်ပေါင်း ၄၀၀ လောက်အထိ အာဆီးရီးယားဟာ မြေထဲပင်လယ် ကမ်းခြေဘက်ကို နယ်မချဲ့နိုင်သေးပဲ လက်ပိုက် ကြည့်နေခဲ့ရတယ်။အဲဒီ အတောအတွင်း တောင်ဘက်၊ အရှေ့ဘက်၊မြောက်ဘက်က အိမ်နီးချင်း နိုင်ငံတွေရဲ့ ရန်တွေကို ကောင်းကောင်း နှိမ်နင်းခဲ့တယ်။ ဒီနိုင်ငံတွေထဲမှာ အာဆီးရီးယားကို တခါတုန်းက အုပ်စိုးခဲ့ဘူးတဲ့ **ဘက်ဘီလွန်နိုင်ငံ**ဟာ သိပ်နာတာပဲ၊ ကြေမွသွားတယ်။(ပုံ-၇၇)

အဲဒီ ရန်တွေ အေးသွားတာနဲ့၊ အာဆီးရီးယားဟာ၊ ဘီ၊ စီ ၇၅၀ လောက် က စ ပြီး မြေထဲပင်လယ် ဘက် ကို ခြေဦးလှည့်တာပဲ။

ဒမက်စကပ်ကို ခေါင်းဆောင်တင်ပြီး မြေထဲပင်လယ် ကမ်းခြေကနိုင်ငံတွေဟာ၊ အဆီးရီးယားကိုပြင်းပြင်းထန်ထန် ခံချပါသေးတယ်။ ဒါပေမဲ့ ဘီ၊ စီ ၇၃၂-လောက်ကျတော့ ဒမက်စကပ် အရေး နိမ့် ပြီး တဲ့နောက်၊ တခြားနိုင်ငံကလေး တွေလဲ အဆီးရီးယား ကို အညံ့ခံလိုက်ကြရတယ်။



(ပုံ-၁၁) မြင်းရထား စီးနင်း လိုက်ပါလာတဲ့
**ဒုတိယမြောက်-ဆာ္ဂွန်ဘုရင်။**

ဒီအချိန် က စ ပြီး မထင် မ ရှား တဲ့ အဆူးမြို့[၁]ကလေးနဲ့စခဲ့ရတဲ့ အဆီးရီးယားနိုင်ငံဟာ၊ အနောက်အာရှ အင်ပိုင်ယာကြီးရဲ့ အထွဋ်အထိပ်နိုင်ငံဖြစ်လာတယ်။ (မြေပုံ-၄)

## ဒုတိယမြောက်-ဆာဂွန်

အနောက်ဘက်မှာ ဒီလိုစစ်ကြောင်းတွေချီနေရတုန်း၊ အဆီးရီးယားရှင်ဘုရင်ဟာ ဘီ၊ စီ ၇၂၂-လောက်မှာ နတ်ရွာစံသွားတယ်။ သူ့သားတော်ဟာ **ဒုတိယမြောက်-ဆာဂွန်** အမည်နဲ့ (ပုံ-၁၁) နန်းတက်လာတယ်။ အဲဒီမင်းလက်ထက်မှာ၊ အဆီးရီးယန်အင်ပိုင်ယာနဲ့ ဘုန်းတန်ခိုးကို အထွဋ်အထိပ်ရောက်အောင် မြှင့်တင်ပေးနိုင်ခဲ့တယ်။ ဒုတိယမြောက်-ဆာဂွန်ဟာ နင်းအီဗီမြို့[၂]ရဲ့ အရှေ့မြောက်ဘက်မှာ၊ နေပြည်တော် အသစ်တခုကို ဆောက် ပြီး၊ (ပုံ- ၁၉၊၉၀) **ဒူး-ရှာရူကင်း**[၃] လို့ အမည်ပေးတယ်(မြေပုံ-၃'ရှ)။'ဆာဂွန်-နေပြည်တော်'လို့အဓိပ္ပာယ်

---

၁။ အဆူးမြို့ = Assur
၂။ နင်းအီဗီမြို့ = Nineveh (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၁၀၇)
၃။ ဒူး-ရှာရူးကင်း = Dur-Sharrukin



(ပုံ-၇၉) ဒုတိယမြောက်-ဆာဂွန်ရဲ့ နေပြည်တော်၊ ဒူး-ရှာရူးကင်းမြို့

ရတယ်။ နေပြည်တော်သစ်ဟာ၊ အဲဒီအချိန်အထိ အာရှတတိုက်လုံးမှာ ပေါ်ပေါက်ခဲ့ဘူးတဲ့ နေပြည်တော်မှန်သမျှထက်၊ ကြီးကျယ်တဲ့ ခမ်းနား တဲ့ခနေရာမှာ၊ မပြောနိုင်လောက်အောင် ထူးကဲသာလွန်တယ်။

## ဘုရင်ဆနက်အာရစ်

ဘီ၊ စီ ၇၀၅-မှာ သူ့သားတော် **ဆနက်အာရစ်**[၁] နန်းတက် တယ်(ပုံ-၈၁)။ဒီမင်းလဲ ဘုန်းလက်ရုံးနဲ့ပြည့်စုံတဲ့ မင်းတပါးဖြစ်တယ်။ သူနန်းတက်ပြီးလို့ ငါးနှစ်လောက်ကြာတဲ့အခါ၊ လခြမ်းဒေသကြီး တခု လုံးကို အဆီးရီးယန် အင်ပိုင်ယာထဲ သိမ်းသွင်းနိုင်ခဲ့တယ်(မြေပုံ-၄)။ မျှားမကြာခင်ပဲ၊ အီဂျစ်နယ်စပ်အထိ၊ မြေထဲပင်လယ်ကမ်းရိုးတန်းက နိုင်ငံတွေကို သိမ်းသွင်းနိုင်ခဲ့တယ်။

အီဂျစ်နိုင်ငံထဲကို ဝင်တော့မယ် လုပ်နေတုန်း၊ သူ့စစ်သားတွေ ဟာ ကူးစက်တတ်တဲ့ရောဂါတမျိုးနဲ့ အတော်များများ သေကြေပျက်စီး ကြတယ်။ ဒါကြောင့် တပ်ခေါက်ပြီး နေပြည်တော်ကို ပြန်လာခဲ့ရတယ်။

မကြာခင် တောင်ဘက်မှာ **ဘက်ဘီလွန်**က ခေါင်းဆောင် ပြီး သူပုန်ထပြန်တဲ့ အတွက်၊ ချီတက်ပြီး နှိမ်နင်းရတယ်။ အနိုင်ရတဲ့အခါ

---

၁။ ဆနက်အာရစ် = Sennacherib



(ပုံ-၉၀) လူဦးခေါင်းနဲ့တောင်ပံ တပ်ထားတဲ့အဆီးရီးယန်ကျောက် နွား ရုပ် တွေ ကို၊ ဒု- ဆာဂွန် ရဲ့ နန်းတော် လမ်း တ လျှောက် မှာ တွေ့ရတယ်။

သူပုန်ထချင်တဲ့လူတွေ နောက် ထပ် ခေါင်းထောင် မထဝံ့အောင် ဆိုပြီး လူတွေကိုလဲ အတော်ရက်ရက် စက် စက် သတ်ပစ်တယ်။(ပုံ-၉၂၊၉၃) မြို့တော်သူ မြို့တော်သား နှစ် သိန်း လောက်ကိုလဲစစ်သုံ့ပန်းတွေအဖြစ် နဲ့ ဘမ်းသွားတယ်၊ (ပုံ-၁၂၄)။ ရှင်ဘုရင်ကြီး ဟမ်မူရာ ဗီ တည် ဆောက်သွားတဲ့ မြို့ တော် ဟောင်း ဘက်ဘီလွန် တခုလုံးကိုလဲ အမှိုက် ပုံကြီးဖြစ်နေအောင် ဖျက် ဆီး ပစ် လိုက်တယ်၊ (ပုံ-ဂ၇)။ ဒါတွေဒင် မကသေးဘူး၊ ယူဖရေးတီး မြစ် က ရေတွေကိုသယ်ယူလာတဲ့ တူးမြောင်းကြီးတခုကိုလဲ၊အမှိုက်ပုံကြီး ဖြစ်နေတဲ့ ဘက်ဘီလွန်မြို့တော်ပေါ်ကို ဖေါက်ချ လိုက်သေးတယ်။ဒီမင်းဟာ အမတန် ရက်စက်တယ်။သူ့နာမည်ကို ကြားရရုံနဲ့သူ့ရန်သူတွေဟာ ဖိန့်ဖိန့်တုန်နေတယ်။

ဘုရင်ဆနက်အာရစ်ဟာ၊ သူ့ ခမည်းတော် ဘိုးတော်များ တည် ဆောက် သွားတဲ့ နန်းတော်အဆောက်အဦတွေကို ထပ်မံပြီး ကိုးချဲ့တယ်။ နောက်ပြီးတော့၊ အဆူး မြို့တော် ရဲ့ မြောက်ဘက်က **နင်းဧိဗိမြို့ကို** **အဆီးရီးယန် အင်ပိုင်ယာရဲ့** **မြို့တော်ကြီး** ဖြစ်လာအောင်၊ မွမ်းမံ ပြုပြင်တယ် (ပုံ-၉၄)။



(ပုံ-၉၁) ရာဇပလ္လင်ပေါ်မှ ဆနက်အာရစ် ဘုရင်

ဒီမြို့တော်သစ်ရဲ့ ပတ်ဝန်းကျင် မှာ ရှိ တဲ့ လယ်တွေအတွက် ရေ ရ အောင်၊ မိုင် ပေါင်း ၃၀- လောက်ဝေးတဲ့ တောင်တွေက ရေကို တူးမြောင်းနဲ့သယ်ယူလာတယ်။ ရေတွေဟာ တနေရာမှာ၊ပေ ၁၀၀၀-လောက်ကျယ်တဲ့ မြစ်ဝှမ်းတခုကိုဖြတ်ရမယ်။ ဒီမြစ်ဝှမ်းရဲ့အလယ်မှာ



(ပုံ-၉၂) **အဆီးရီးယန်တွေရက်စက်ပုံ။** သတ်ခဲ့တဲ့ ဦးခေါင်း အရေအတွက်ကိုစာရင်းကောက်ယူနေတယ်။
(ရုပ်ကြွ နံရံမှ)

မြစ်ကလေးတခုရှိတယ်။ အဲဒါကြောင့်၊ ဒီမြစ်ဝှမ်းနဲ့ မြစ်ပေါ်ကိုဖြတ်ပြီး၊ အရှည်ပေ ၉၀၀၊ အကျယ်ပေ ၇၀-လောက်ရှိတဲ့ **ကျောက်တူးမြောင်း** တခုကို တည်ဆောက်တယ် (ပုံ-၉၃)။ ကျောက်တူးမြောင်းရဲ့ ဟိုဘက် ဒီဘက် ကျောက်တံတိုင်းဟာ ကိုးပေစီထူတယ်။အဲဒီကျောက်တူးမြောင်း ထဲကမှ၊ မြစ်ဝှမ်းလွတ်နေတဲ့ နေရာအထိ ရေကိုသယ်ပေးတယ်။ ရေ သယ်တဲ့နေရာမှာ မြစ်နဲ့မြစ်ဝှမ်းခံနေတဲ့အတွက်၊ တံတားတခုကို မြစ်နဲ့ မြစ်ဝှမ်းပေါ်မှာ တည်ဆောက်ပြီး၊ ရေသယ်တဲ့ သဘောမျိုးပါပဲ။ အခု အချိန်အထိတွေ့ရတဲ့ ကျောက်တူးမြောင်းတွေထဲမှာ၊ ဒီတူးမြောင်းဟာ ရှေးအကျဆုံးပဲ။

နင်းအီဗိမြို့တော်မှာ၊ အတွင်းမြို့ရိုး က တထပ်၊ အဲဒီမြို့ရိုးကိုမှ အပြင်ကတားထားတဲ့ မြို့ရိုးကြီးကတထပ်၊ အဲဒီလို မြို့ရိုးနှစ်ထပ်ရှိတယ်။ အပြင် မြို့ရိုးကြီးဟာ၊ တိုက်ဂရစ် မြစ်ကမ်းပေါ်မှာချည်းပဲ နှစ် မိုင် ခွဲ လောက်ရှည်တယ်။ မြို့တွင်းဘက်မှာ ရှစ်မိုင်လောက် ရှည်တယ်။ အဲဒီ မြို့ရိုးနှစ်ထပ် အတွင်းမှာရှိတဲ့ နန်းတော်ကြီးထဲမှာစံတော်မူပြီး ဆနက် အာရစ်ဘုရင်ကြီးဟာ သူ့အင်ပိုင်ယာကြီးကို တင်းတင်း ကြပ်ကြပ် အုပ်စိုးတာပဲ။



(ပုံ-၉၃) **အဆီးရီးယန်တွေရက်စက်ပုံ။ စစ်သုံ့ပန်းတွေကို အမျိုးမျိုး နှိပ်စက်ညှဉ်းပန်း နေကြတယ်။** (ရုပ်ကြွန်ရုံမှ)

ဒီရှင်ဘုရင်ရဲ့ ခမည်းတော် ဒုတိယမြောက်-ဆာဂွန် လက်ထက် အထိ၊ အာရှမှာ လမ်းတွေကို အခုခေတ်လမ်းတွေလိုစနစ်တကျ ဖေါက်ပေးတဲ့ အလေ့အထ မရှိသေးဘူး။ ဒုတိယမြောက်-ဆာဂွန် လက်ထက်မှာ **လမ်းတွေကို စနစ်တကျ စပြီးဖေါက်တယ်။** ဒီလမ်းတွေထဲက အခုအထိ ကျန်ရစ်တဲ့ ရှေးအကျဆုံး လမ်းဟာ၊ ဒုတိယ-ဆာဂွန်လက်ထက်က၊ နင်းအီဗီမြို့တော်ကနေပြီး၊ သူ့နေပြည်တော်သစ်ဖြစ်တဲ့ 'ဆာဂွန်-နေပြည်တော်' အထိ ဖေါက်ထားတဲ့ လမ်းဖြစ်တယ်။

အဲဒီလို လမ်းဖေါက်ပြီးတော့မှ ဒီလမ်းမကြီးရဲ့ အရေးကြီးတဲ့ နေရာတွေမှာ၊ အရာထမ်းတယောက်စီ ခန့်ထားတယ်။ သူတို့ရဲ့ တာဝန်ဟာ တခြားမဟုတ်ဘူး။ နင်းအီဗီမြို့တော်က၊နေပြည်တော်သစ်ကို ပို့သမျှစာတွေ၊ ပစ္စည်းတွေကို အဖိတ်အစင်မရှိရအောင်၊ ကြပ်မပြီး တဆင့်စီ ပို့ပေးဘို့ တာဝန်ပဲ ဖြစ်တယ်။ ဒီအစီအစဉ်ဟာ၊ ရှေးခေတ် ကမ္ဘာ့အနီး အရှေ့ပိုင်းမှာ နှစ်ပေါင်း ရာပေါင်းများစွာ အသုံးပြုခဲ့ဘူးတဲ့ **စာတိုက်**[၁] **စနစ်ရဲ့ အစ**ဖြစ်တယ်။

အဲဒီလို သူ့ခမည်းတော်ဒုတိယမြောက်-ဆာဂွန် တီထွင်ပေးသွားတဲ့ **လမ်းဖေါက်လုပ်ငန်း**နဲ့ စာပို့ လုပ်ငန်းကို၊ ဆနက် အာရစ်ဘုရင်ဟာ အများကြီး တိုးချဲ့တယ်။ ငြိမ်းချမ်းနေတဲ့အချိန်မှာ လမ်းတွေဟာ၊ တနိုင်ငံနဲ့တနိုင်ငံ ကူးသန်းရောင်းဝယ်ဘို့ အတွက် အသုံးပြုနိုင်တယ်။ စာပေးစာယူ လွယ်လွယ်ကူကူ လုပ်နိုင်ဘို့အတွက် အသုံးပြု

၁။ စာတိုက် = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၃၀၀)

နိုင်တယ်။ စစ်ဖြစ်တဲ့အခါ၊ စစ်တပ်တွေကို တနေရာကတနေရာကိုလျင်လျင် မြန်မြန် သယ်ယူနိုင်ဖို့အတွက် အသုံးပြုနိုင်တယ်။ ဒီလမ်းတွေကို အသုံးပြုပြီး အင်ပိုင်ယာအတွင်းမှာရှိတဲ့ ဘုရင်ခံပေါင်း ၆၀-ကျော်နဲ့၊ သူ့လက်အောက်ခံရှင်ဘုရင်တွေက၊ ဆနက်အာရစ်ဘုရင်ကြီးဆီကို အစီရင်ခံစာတွေ၊ ဆက်သနေကျ လက်ဆောင်ပဏ္ဏာတွေကို အချိန်မှန်မှန် ဆက်သကြရတယ်။

ဆနက်အာရစ်ဘုရင်ကြီးဟာ၊ **ဥယျာဉ် စိုက် ပျိုး ရေး** ကို လဲ **ဝ**ါသနာပါတယ်။ နင်းဒီဗီမြို့တော်ရဲ့ အထက်နဲ့အောက်၊ တိုက်ဂရစ်မြစ်ကမ်းတလျှောက်မှာ အမတန်လှပတဲ့ ဥယျာဉ်တွေကို ပြုပြင်ထားတယ်။ ဒီဥယျာဉ်တွေထဲမှာ သူ့အင်ပိုင်ယာအတွင်းမှာရှိတဲ့ ထူးဆန်းတဲ့ သစ်ပင်ပန်းပင်တွေကိုယူပြီး စိုက်ထားတယ်။ ဒီသစ်ပင်တွေထဲမှာ **ဝါဂွမ်းပင်**တွေလဲပါတယ်။ ဒီဝါဂွမ်းပင်တွေဟာ၊ အိန္ဒိယကယူလာတာ ဖြစ်တယ်။ **ဝ**ါဂွမ်းကို အဲဒီခေတ်ကစပြီး ကမ္ဘာ့အနီး အရှေ့ပိုင်းက လူတွေဟာ အသုံးပြုတတ်လာကြတယ်။

ဆနက်အာရစ်ဘုရင်ကြီးရဲ့ သားတော် **အီဆာဟက်ဒွန်**[၁] ဟာ၊ (ပုံ-၉၆)ခမည်းတော်နတ်ရွာစံတဲ့နှစ် ဘီ၊စီ ၆၈၁-မှာ နန်းတက်တယ်။ သူ့လက်ထက်မှာ၊ အီဂျစ်နိုင်ငံဟာ၊ အဆီးရီးယန် အင်ပိုင်ယာထဲက လက်အောက်ခံ နိုင်ငံတွေကို သူပုန်ထအောင် မြှောက် ပင့် ပေးနေတဲ့ အတွက်၊ အီဂျစ်ကိုဆုံးမဖို့ ချီတက်တိုက်ခိုက်တယ်။ အီဂျစ်ရဲ့အောက်ပိုင်းဖြစ်တဲ့ မြစ်ဝကျွန်းပေါ်ဒေသကို တိုက်လို့ အောင်ခါနီးမှာ၊ အီဆာဟက်ဒွန်ဘုရင် နတ်ရွာစံတယ်။ အဲဒါကြောင့် သူ့ သား တော် **အဆူဘားနီပေါ်**[၂] နန်းတက်ပြီး(ပုံ-၉၇)၊ သူ့ခမည်းတော်ကိုယ်စား အီဂျစ်ကို ချီတက်တိုက်ခိုက်ရတယ်။ အီဂျစ်လဲ မခုခံနိုင်တဲ့အတွက် အညံ့ခံလိုက်ရတယ်။

## အဆီးရီးယန် တပ်မတော်

ဒုတိယမြောက် - ဆာဂွန်လက်ထက်က တည်ဆောက်ပေးခဲ့တဲ့ **အဆီးရီးယန် တပ်မတော်**ကြီး ဟာ၊ သူ့ မြေး အီဆာဟက်ဒွန်

---

၁။ အီဆာဟက်ဒွန် = Esarhaddon

၂။ အဆူဘားနီပေါ် = Assurbanipal



(ပုံ-၉၄) အဆီးရီးယန် အင်ပိုင်ယာရဲ့ မြို့တော်ကြီး 'နင်းအီဗီ'

လက်ထက်မှာအတော် တောင့်တင်းတဲ့ အဆီးရီးယန် တပ်မတော်ကြီး ဖြစ်နေပြီ။ဒီတပ်မတော်ကြီးဟာ၊ **သံလက်နက်** တပ်ဆင် ပေးထားတဲ့ တပ်မတော်ကြီးဖြစ်တယ်။

တပ်မတော်ရဲ့ အများစုကတော့၊ **လေးသမားတွေ** ဖြစ်တယ်၊ (ပုံ-၉၇)။ဒီလေးသမားတွေရဲ့ ကျောထောက် နောက်ခံတွေ အဖြစ်နဲ့၊ **လှံရှည်ကြီးနဲ့ ဒိုင်းကို ကိုင်တဲ့ခြေလျင်တပ်သား** တွေရှိတယ် (ပုံ-၉၉)။ ဒီခြေလျင်စစ်သားတွေအပြင်၊ **မြင်းတပ်နဲ့ မြင်းဆွဲစစ်ရထားတပ်**လဲ ရှိ သေးတယ်။ ဒီမြင်းတပ်နဲ့စစ်ရထားတပ်သားတွေဟာ အင်မတန် ရက် စက်တဲ့အတွက်၊ သူတို့ကို အရှေ့ဘက်တလွှားမှာ ရောဂါဆိုးတွေအနေနဲ့ လူတွေက အသိအမှတ်ပြုထားတယ်။

ဒီတပ်တွေအပြင်၊မြို့ရိုးဖျက် **သံချပ်ကာရထားတွေ** လဲ ရှိ သေး တယ်(ပုံ-၁၀၀)၊ ဒီသံချပ်ကာ ရထားတွေဟာ၊ အခုခေတ်တင့်ကားမျိုး နဲ့တူတယ်၊ သူတို့မှာ များသောအားဖြင့် ဘီး ခြောက်ဘီး ပါတယ်။ မြို့ရိုးပေါ်က လေးနဲ့ပစ်တာတွေ၊ ရေနွေးပူနဲ့ လောင်းချ တာ တွေ၊ မီးတုတ်နဲ့ ပစ်တာတွေ အစရှိတဲ့ ရန်သူအသုံးပြုသမျှ အန္တရာယ်တွေကို ခုခံနိုင်အောင်၊ ရထားဘီးတွေရဲ့ အပေါ်ပိုင်းအထိ ဒီရထားကို သံချပ်နဲ့ ကာထားတယ်။ ရထားရှေ့မှာမှ မြို့ရိုးကို ဆောင့်ဖျက်ဖို့ သံပြားနဲ့ အုပ်ထားတဲ့ ယက်မကြီးတခုကို တပ်ထားတယ်။ ဒီရထားမှာ မျှော်စင် နှစ်ခုပါတယ်။ တခုက ခပ်နိမ့်နိမ့်ပါပဲ။ နောက် တခုကတော့ မြို့ရိုး လောက်မြင့်တယ်။ မျှော်စင်နှစ်ခုစလုံးကိုလဲ သံချပ်နဲ့ ကာထားတယ်။ ခပ်နိမ့်နိမ့်မျှော်စင်ထဲမှာ အုပ်ချုပ်သူအရာရှိပါတယ်။ သူ့အမိန့်ပေးတဲ့ အတိုင်း ရထားထဲက တပ်သားတွေက ရထားကို ရွှေ့ပေးရတယ်။ မျှော်စင်အမြင့်ထဲမှာ၊ လေးသမားတွေပါတယ်။ သူတို့က သူတို့ရဲ့လေး တွေနဲ့ မြို့ရိုးပေါ်က လူတွေကို ပစ်တယ်။ ဒီသံချပ်ကာရထားနဲ့ ဆောင့် ဖျက်လိုက်ယင်၊ နေပူလှန်းထားတဲ့ ရွှံ့အုတ်တွေနဲ့ လုပ်ထားတဲ့ မြို့ရိုးမှန် သမျှ ကြာရှည်မခံနိုင်ဘူး၊ ပြိုကျရတာပဲ။

ဒီလို စစ်လက်နက်တွေ၊ခြေလျင်တပ်တွေ၊မြင်းတပ်တွေ၊စစ်ရထား တပ်တွေ၊ မြို့ဖျက်သံချပ်ကာ ရထားတပ်တွေအပြင်၊ အရှေ့ဘက်တလွှား မှာ ဖိန့်ဖိန့်တုန်အောင် ကြောက်တဲ့ အချက်တချက်လဲ၊ အဆီးရီးယန်

(၀၀ ၈၁ ဂှ်ကယဴဇ ၊၀၀၅ ၈၁ ဍာ်မ်ၚဇ) ဂှ်ဒုင်ကြဵုဟ်ယုင်ကော်ဓ ထ်ုမွၚ်ဂၠိုင်နွံလဝ်ဓမ္မဒွေးဒုန် (၆၅-၇)



တပ်မတော်မှာ ရှိသေးတယ်။ ဒီ အချက်ဟာ တခြား မ ဟုတ် ဘူး၊ တပ်မတော်သားတွေရဲ့ **ရက်စက်ကြမ်းကြုတ်မှုပဲ** ဖြစ်တယ် (ပုံ-၁၀၁)။

သူတို့တတွေ ဘယ် ဒေ သ ကိုပဲ ဖြတ်သွားသွား၊ သူတို့ရဲ့ နောက်မှာ လောင်စာနဲ့ ပြာပုံပဲ ကျန်ရစ်ထာပဲ။ မြို့တွေကိုဖြိုချပြီးရုံနဲ့လဲ ကိစ္စ မတိုး သေးဘူး။ သူတို့ကို ခုခံတိုက်ခိုက်တဲ့ ရှင်ဘုရင်တွေကို၊ မျောသား အရှည် တွေမှာ အရှင်လတ်လတ် တံစို့ထိုး ပြီး၊ ဒီတံစို့တံတွေကို လောင်စာနဲ့ ပြာပုံတွေဘေးမှာ စီတန်းစိုက်ထား လိုက်သေးတယ်(ပုံ-၁၀၂)။ဒါနဲ့လဲ ကိစ္စမတိုးသေးဘူး။ သတ်ထားတဲ့ မြို့ သူ မြို့သားတွေကိုလဲ၊ အစုလိုက်အစု လိုက်အပုံကြီးတွေပုံထားလိုက်သေး တယ်။ အဲဒီလို ရက်ရက် စက်စက် သတ်ဖြတ်ပြီးတော့မှ၊ အညံ့ခံလိုက်ရ တဲ့ နိုင်ငံတွေက၊ နွားတွေ၊မြင်းတွေ၊ ဆိတ်တွေ၊ သိုးတွေကိုလဲ၊ အုပ်လိုက် အုပ်လိုက်မ,သွားတယ်(ပုံ-၁၂၄)။ လုယက်လို့ရသမျှ ရွှေငွေ အစရှိတဲ့ အဘိုးတန် ပစ္စည်း မှန် သ မျှ ကိုလဲ



(ပုံ-၉၆) အီဆာဟက်ဒွန်

ကုလားအုပ် ကြီးငယ်တွေပေါ်မှာ အကုန်တင်ပြီးမျက်ရည်ပေါက် ကြီး ငယ်ကျနေရှာတဲ့ တိုင်းသူပြည်သားတွေရဲ့ ရှေ့မှာပဲ၊ အဆီးရီးယန်စစ် သားတွေ သယ်ယူသွားလိုက်ကြသေးတယ်။ ဒါနဲ့လဲကိစ္စမတိုးသေးဘူး။ အဲဒီလို သယ်ယူသွားတဲ့ တပ်မတော်ရဲ့ ရှေ့မှာမှ၊ အညံ့ခံလိုက်ရတဲ့ နိုင်ငံတွေက ဝန်ကြီးတွေဟာ၊ ဖြတ်ထားတဲ့ သူတို့ရှင်ဘုရင်တွေရဲ့ခေါင်း တွေကို၊ လည်ပင်းမှာဆွဲပြီး ခြေလျင် လျှောက်လိုက်ရသေးတယ်။

**အင်ပိုင်ယာ ယိမ်းယိုင်လာအောင် ဖန်တီးမှုများ**

ဒီလို နိုင်ငံတကာကို လျှောက်တိုက်လို့ အနိုင်ရပြီး၊ အဆီးရီးယန်

အင်ပိုင်ယာကြီးကျယ်ပြန့်လာတာနဲ့အမျှ၊ **အဆီးရီးယန်တပ်မတော်ကြီးကိုလဲ တိုးချဲ့လာရတယ်။** ရှေးတုန်းက ဆိုယင်၊ အဆီးရီးယန် နိုင်ငံကလေး တခုထဲကိုပဲ ကာကွယ်ဘို့၊ အရေး ကြုံလာယင် အဆီးရီးယန် တောင်သူလယ်သမားတွေကို စစ်ထဲ သွင်းလိုက်ထာပဲ။ အရေး ကိစ္စပြီး သွားတဲ့အခါ သူတို့ကိုစစ်တပ်ထဲက ထုတ်ပြီး၊လယ်တွေယာတွေဆီကိုပြန် ပို့လိုက်ထာပဲ။


(ပုံ-၉၇) အဆူဘားနီပေါ

အင်ပိုင်ယာကြီးကျယ်ပြန့်လာတဲ့ အခါ၊ တပ်မတော်ကို ဒီလို ယာယီ သဘောမျိုးလုပ်လို့ မရတော့ဘူး။ အဲ ဒါကြောင့်၊ တောင်သူ လယ်သမား တွေဟာ၊ သူတို့ရဲ့ **လယ်ယာတွေကို တခါထဲ စွန့်ပစ်ထားခဲ့ရပြီး**၊ တပ်မ တော်ထဲကို ဝင်ကြရတယ်။ လက် အောက်ခံ နိုင်ငံတွေမှာလဲ ဒီလိုပဲ။ တောင်သူလယ်သမားတွေ၊ အလုပ် သမားတွေဟာ၊ သူတို့ရဲ့ လယ်တွေ ယာတွေ၊ လုပ်ငန်းတွေကို စွန့်ပစ် ထားခဲ့ကြပြီး၊ တပ်မတော်ထဲကိုဝင် ကြရတယ်။ အဲဒါကြောင့်၊ အဆီးရီး ယားမှာရော၊ လက်အောက်ခံ နိုင်ငံတွေမှာပါ၊ **လယ်တွေ ယာ တွေ** လုပ်ငန်းတွေဟာ၊ထွန်မဲ့ ယက်မဲ့ **လုပ်မဲ့ကိုင်မဲ့ သူတွေမရှိပဲ၊ အလဟဿ ဖြစ်နေကြရတယ်။**

အဲဒါကြောင့် အင်ပိုင်ယာရဲ့ စီးပွားရေးဟာ၊ ဆုတ်ယုတ်လာ တာကို မြင်ရတယ်။ နောက်ပြီးတော့လဲ၊ စီးပွားရေးမှာ အမတန်အမြင် ကျယ်တဲ့ **အာရမီးယန်လူမျိုး**[၁] တွေဟာ၊ တစတစ **စီးပွားရေး နယ်ချဲ့**

၁။ အာရမီးယန်လူမျိုး = The Arameans
ဆီးရီးယန်လူမျိုး = The Syrians

လာလိုက်ကြတာ၊အတော်ကလေးကြာတဲ့အခါ၊ အင်ပိုင်ယာရဲ့ကူးသန်းရောင်းဝယ်ရေးကို သူတို့ လက်ဝါးကြီး အုပ်နိုင်တဲ့ အခြေအနေ အထိ ရောက် လာ ကြ တယ်။ အင် ပိုင် ယာ ထဲ က မြို့တော် တွေ မှာ လဲ၊ **အာရမီးယန် ဘာ သာ စကား**ကို၊အဆီးရီးယန် ဘာ သာ စ ကား ထက် ပိုပြီးအပြောအဆို များ လာတယ်။ နင်းအီဗီ မြို့ တော်လို နေရာမျိုးမှာ တောင်၊ ပိုပြီး အပြော များ လာတယ်။ ဒီ အ ချက် တွေကို ထောက်ပြီး အဆီးရီးယန်အမျိုးသား တွေရဲ့ ပင်ကိုယ် အင် အား ကတိမ်း ကပါး ဖြစ်လာပြီ ဆိုတာ၊အကဲ ခတ်နိုင်တယ်။



(ပုံ-၉၀) အဆီးရီးယန်လေးသမား

ဒီအချက်တွေအပြင်၊ အင်ပိုင်ယာကြီး ပြိုပျက်သွားအောင် လုပ်ပေးတဲ့ တခြားအချက်တွေလဲ ရှိသေးတယ်။ ဒီအချက်တွေကိုလဲ နဲနဲပြောပြအုံးမယ်။ လခြမ်းဒေသရဲ့ တောင်ဘက်မှာရှိတဲ့ သဲကန္တာရကြီးထဲက၊ အာရမီးယန် လူအုပ်ကြီး တွေဟာ၊ အဆီးရီးယန် အင်ပိုင်ယာထဲကို လှိမ့်ဝင်လာပြီး၊ အခြေစိုက် ကြတယ်။ သူတို့နဲ့ တချိန်ထဲမှာလိုလိုပဲ၊ သဲကန္တာရထဲက၊ **ကယ်ဒီးယန် လူမျိုးတွေ**[၁] ဖြစ်ကြတဲ့ လူအုပ်ကြီးတွေကလဲ၊ ပါရှန် ပင်လယ်ကွေ့ ဘက်ကဝင်လာကြပြီး ပါရှန်ပင်လယ်ကွေ့ကမ်းရိုးတန်းရဲ့ အရှေ့ဘက် မှာရှိတဲ့ တောင်ခြေတွေမှာ ဦးစွာ အခြေစိုက်ကြတယ်။ ဒီခြေသလုံး

၁။ ကယ်ဒီးယန်လူမျိုး = The Chaldeans

အိမ်တိုင်သမားတွေဟာ၊ အက်ကက်ဒီးယန်တွေက အက်ကက်ဒေသထဲကို ဝင်လာသလို၊ အမ္ဘိုရိုက်တွေက ဘေဘီလွန်ဒေသထဲကို ဝင်လာသလို၊ ဝင်လာကြတာမျိုးပါပဲ။ (မြေပုံအချက်းတွေကို ပြန်ကြည့်ပါ။)



(ပုံ-၉၉) လှံရှည်ကြီးနဲ့ ဒိုင်းကိုကိုင်တဲ့ အဆီးရီးယန် ခြေလျင်တစ်သား။

မြောက်ဘက်မှာရှိတဲ့ တောင်ကုန်းမြင့်တွေပေါ်ကလဲ၊ **အင်ဒို ဥရောပ တိုက်သား**[၁] တွေ ဟာ၊ အင်ပိုင်ယာထဲကို လှိမ့်ဝင်လာကြပြန်တယ်။ ဒီလူအုပ်တွေကို၊ **မီးဒီးလူမျိုး**[၂] တွေနဲ့ **ပါရှန်လူမျိုးတွေ**[၃] ကခေါင်းဆောင်တယ်။ အင်ပိုင်ယာရဲ့တောင်ဘက်နဲ့မြောက်ဘက်ကခြေသလုံး အိမ်တိုင်သမားလူအုပ်ကြီးတွေ အခုလို လှိမ့်ဝင်လာလိုက်တာဟာ အင်ပိုင်ယာကြီးကိုအောက်ခြေကကိုင်လှုပ်သလို ဖြစ်သွားတယ်။

အင်ပိုင်ယာပြိုပျက်အောင်လုပ်ပေးတဲ့ နောက်တချက်က၊ တခြားမဟုတ်ပါဘူး။ **အဆီးရီးယန် တစ်မတော်ကြီးထဲမှာ၊ နိုင်ငံခြားသားတွေ**ဟာ ဘေးအန္တရာယ် ဖြစ်လောက်အောင် များပြားလာတာပဲဖြစ်တယ်။

---

၁။ အင်ဒို-ဥရောပတိုက်သား = The Indo-Europeans
၂။ မီးဒီးလူမျိုး = The Medes
၃။ ပါရှန်လူမျိုး = The Persians



(ပုံ–၁၀၀) အာဆီးရီးယန်တပ်မတော်ဟာ အခိုင်အလုံလုပ်ထားတဲ့ မြို့ကိုတိုက်ခိုက်နေပုံ။ (ရှေ့ဆုံးက သံချပ်ကာရထားဟာ မြို့ရိုးကို ဆောင့်ဖျက်နေတာ မြင်နိုင်တယ်)

အခုပြောခဲ့တဲ့ အချက်တွေထဲမှာ၊ အရေးအကြီးဆုံး အချက်ရှိတယ်။ အဲဒီအချက်ကိုလဲ နဲနဲပြောအုံးမယ်။ အာဆီးရီးယန် အင်ပိုင်ယာကြီးကို ဒုတိယ ဂြောဂ် - ဆာဂွန် ဟာ ဘီ၊စီ ၇၂၂–၇၀၅ အထိ အုပ်စိုးသွားတယ်။ သူ့သားတော် ဆနက်အာရစ်က ဘီ၊စီ ၇၀၅–၆၈၁ အထိ အုပ်စိုးသွားခဲ့တယ်။ သူ့သားတော် အီဆာဟက်ဒွန်က ဘီ၊စီ ၆၈၁–၆၆၉ အထိ အုပ်စိုးသွားခဲ့တယ်။ သူ့သားတော် အဆူဘားနီပေါ်က ဘီ၊စီ ၆၆၉–၆၂၆ အထိ အုပ်စိုးသွားခဲ့တယ်။ ဒီမင်းလေးပါးပဲ၊လက်ရုံးရည် နှလုံးရည်နဲ့ ပြည့်စုံတယ်။ နောက်မင်းတွေကျတော့၊ အင်ပိုင်ယာကြီးကို ထိန်းထား နိုင်လောက်အောင် **လက်ရုံးရည် နှလုံးရည်မရှိကြတော့ဘူး။**

## အင်ပိုင်ဟာ ပြိုကွဲပျက်စီးခြင်း

အဲဒါကြောင့်၊ တောင်ဘက်က လှိမ့်ဝင်လာတဲ့**ကယ်ဒီးယန်လူမျိုး**တွေထတိုက်တဲ့ အခါ၊ အာဆီးရီးယန်ရှင်ဘုရင်တွေ မနှိမ်နင်းနိုင်တော့ဘူး။ ဘီ၊စီ ၆၁၆-မှာ၊ ကယ်ဒီးယန်တွေက ဘက်ဘီလွန် မြို့တော်ဟောင်းအထိ သိမ်းပိုက်နိုင်တယ်။ ကယ်ဒီးယန်တွေရဲ့ ခေါင်းဆောင် ဖြစ်တဲ့ **နဘိုပေါ်လက်ဆာ**[၁] ဟာ၊ 'အက်ကက်ရှင်ဘုရင်'[၂] ဆိုတဲ့ အမည်ကိုခံယူပြီး ဘက်ဘီလွန်မှာပဲ နန်းစိုက်နေတယ်။

---

၁။ နဘိုပေါ်လက်ဆာ = Nabopolassar

၂။ အက်ကက်ဘုရင် = King of Akkad



(ပုံ-၁၀၁) အဆီးရီးယန်တွေ ရက်စက်ပုံ။
စစ်သုံ့ပန်းတွေကို အရှင်လတ်လတ် အရေခွာနေတယ်။ (အဆီးရီးယန်နန်းတော် ရုပ်ကြွန်ရုံမှ)



(ပုံ-၁၀၂) အဆီးရီးယန်တွေရက်စက်ပုံ။
သူတို့ကို ခုခံ တိုက်ခိုက်တဲ့ရှင်ဘုရင်တွေကို မျောသားအရှည်တွေမှာ
အရှင်လတ်လတ် တံစို့ထိုးပြီး စီတန်းစိုက်ထားတယ်။

နောက်နှစ် ရောက်တဲ့အခါ၊ အဆူးမြို့တော်ဟောင်းအထိ တက်တိုက်ကြပြန်တယ်။ မြို့တော်ကိုမသိမ်းနိုင်ပေတဲ့ နဘိုပေါ်လက်ဆာဟာ အဆီးရီးယန် တပ်မတော်ကို နှစ်ကြိမ်တိုင်တိုင် အနိုင် ရလိုက်တယ်။ ဘီ၊ စီ ၆၁၄-ကို ရောက်တော့၊ **မီးဒီးတွေ** ခေါင်း ဆောင် တဲ့ အင်ဒို-ဥရောပတိုက်သားတွေဟာ၊ တိုက်ဂရစ်မြစ်ရဲ့ အောက်ပိုင်းကို ဆင်းလာပြီး၊ အဆူး မြို့တော်ဟောင်းကို သိမ်း လိုက် တယ်။ ကယ် ဒီး ယန် ရှင်ဘုရင် နဘိုပေါ် လက် ဆာ ဟာ၊ မီးဒီးရှင်ဘုရင် **စီအက်ဆီရီး**[၁] နဲ့ မဟာမိတ်ဖွဲ့ပြီး၊ နင်းအီဗီမြို့တော်ကို ဝိုင်းတိုက်ကြတယ်။

တခါတုန်းက၊ တိုက်ပွဲတိုင်းမှာ အနိုင်ရခဲ့တဲ့ အဆီးရီးယန် တပ်မတော်လဲ၊ နှစ်နှစ် တိုင်တိုင် ရွပ်ရွပ်ချွံချွံ ခုခံပါသေးတယ်။ ဒါပေမဲ့ နှစ်နှစ်သာ ခံနိုင်တယ်။ ဘီ၊ စီ ၆၁၂-မှာ နင်းအီဗီမြို့တော်ဟာ၊ ရန်သူတွေကို အညံ့ခံလိုက်ရတယ်။ 'ကာလဝိပါက်၊ နောက်ပိုးတက်' ဆိုတဲ့ စကားလို၊ နန်းတော်ကြီးတွေ၊ ဝတ်ကျောင်းကြီးတွေ အဆောက်အဦကြီးတွေနဲ့ ဖိန့်ဖိန့်တောက်နေတဲ့ နင်းအီဗီမြို့တော်ကြီးလဲ၊ အညံ့ခံလိုက်ရပြီးမကြာခင် လောင်စာနဲ့ပြာပုံကြီး ဖြစ်သွားတာပါပဲ။ ရောဂါဆိုးကြီးလို ကြောက်နေကြရတဲ့ အင်ပိုင်ယာကြီး ပြိုပျက်ထာနဲ့တပြိုင်နက်၊

၁။ စီအက်ဆီရီး = Cyaxares

အနှိပ်စက်ခံထားရတဲ့ နိုင်ငံသူနိုင်ငံသားတွေရဲ့ ဝမ်းသာအားရဖြစ်တဲ့ အသံကြီးဟာ၊ ကက်စပီယန် ပင်လယ်ကနေပြီးနိုင်းမြစ်ဝှမ်းအထိ၊ တခဲနက်ပေါ်ထွက်လာတယ်လို့ သမိုင်းတချို့မှာ မှတ်တမ်း တင် ထားတာတွေ့ရတယ်။

အခန်း ၅။

**အဆီးရီးယန် အင်ပိုင်ယာခေတ်**

**မှတ်စရာခုနစ်ခု၊ဂရုပြု**

၁။ အဆီးရီးယန်တွေဟာ၊ **အားကိုးရမဲ့ တပ်မတော်ကြီး**ကို ထူထောင်ပြီးတဲ့နောက်၊ နယ်ချဲ့ချင်လာကြတယ်။ မြို့ ရိုး ဖျက် သံ ချပ် ကာ ရထားကိုလဲ၊ တီထွင်ကြတယ်။ ကြမ်းကြုတ် ရက်စက်လှတဲ့ ဒ တွက်၊ သူတို့ရဲ့နံမယ်ကြားရုံနဲ့၊ ရန်သူတွေဟာ ဖိန့်ဖိန့်တုန်နေတယ်။

၂။ **ငွေအသပြာ**ကို၊ အရောင်းအဝယ်မှာ အဆီးရီးယန်တွေဟာ စတင် အသုံးပြုတယ်။

၃။ အ ရောင်း အ ဝယ် လော က မှာ အ ခု ခေတ် **ချက် လက်မှတ် ငွေအာမခံသဘော**ချိုးနဲ့ ရှိချပ်ကိုလဲ၊ အဆီးရီးယန်တွေဟာ အသုံးပြုခဲ့ကြသေးတယ်။

၄။ ဒုတိယ မြောက်- ဆာ ဂွန် ဘု ရင် လက် ထက် (ဘီ၊ စီ ၇၂၂-၇၀၅)မှာ၊ လမ်းတွေကို စနစ်တကျ ဖေါက်လုပ်ပြီး၊ **စာတိုက်စနစ်ကို ဦးစွာ အသုံးပြု**ခဲ့တယ်။

၅။ **နင်းအီဗီမြို့**တော်အနီး၊ ရှေးအကျဆုံး **ရေသွယ် ကျောက်တူး မြောင်း**ကို၊ အဆီးရီးယန်တွေဟာ လုပ်နိုင်ခဲ့ကြတယ်။ ဘုရင်-ဆနက်အာရစ်လက်ထက် (ဘီ၊ စီ ၇၀၅—၆၈၁)မှာ ဖြစ်တယ်။

၆။ အိန္ဒိယပြည်က **ဝါဂွမ်း**ကိုယူလာပြီး၊ အဲဒီခေတ်ကစပြီး ကမ္ဘာ့အနီး အရှေ့ပိုင်းကလူတွေဟာ၊ ဝါဂွမ်းကို အသုံးပြုတတ်လာကြတယ်။

၇။ ဘီ၊ စီ ၆၁၂-မှာ၊ **နင်းဗားဗီ မြို့တော်ကျဆုံး**တဲ့အခါ၊ ညှဉ်းပန်းနှိပ်စက်ခံထားရတဲ့လူတွေရဲ့ ဝမ်းသာအားရတဲ့ အသံကြီးဟာ၊ ပွဲတင်ထပ်မျှရှိတယ်လို့ ဆိုကြတယ်။



(ပုံ-၁၀၃)

အခန်း ၆။

## အနောက်အာရှသမိုင်း (တတိယခေတ်)

### (၃) ကယ်ဒီးယန်အင်ပိုင်ယာခေတ်

ကယ်ဒီးယန်တွေနဲ့ မီးဒီးတွေဟာ၊ အဆီးရီးယန် အင်ပိုင်ယာကြီးကို ဖြိုဖျက်ပြီးတဲ့နောက်၊ ကယ်ဒီးယန်တွေက လခြမ်းဒေသကို ယူတယ်၊ မီးဒီးတွေက မြောက်ဘက်မှာရှိတဲ့ ကုန်းမြင့်ဒေသကိုယူတယ်။

**ကယ်ဒီးယန်**တွေဟာ၊ ဘက်ဘီလွန်မှာ နန်းစိုက်ပြီး၊ ပျက်စီးနေတဲ့မြို့တော်ကို ပြန်လည်ထူထောင်တယ်။ ဒီကယ်ဒီးယန်မင်းတွေထဲမှာ၊ **နက်ဘူကက်နက်ဇာ**[၁] ဆိုတဲ့ မင်းဟာ၊ အထင်ရှားဆုံး မင်း

---

(ပုံ-၁၀၃) ဘက်ဘီလွန်မြို့တော်က လမ်းတလမ်းပေါ်မှာ။

၁။ နက်ဘူကက်နက်ဇာ = Nebuchadnezzar



(ပုံ-၁ဝ၄) ဘက်ဘီလွန်မြို့တော်မှာ ဗိယနတ်သမီးကြီး 'အစ်ရှတာ' အတွက် ဆောက်လုပ်ထားတဲ့၊ ဝတ်ကျောင်းရပ်ကွက်မှ နန်းတော်အထိ ဖောက်ထားတဲ့၊ ပွဲတော်လမ်းက 'အစ်ရှတာ' မုခ်ဝကြီး။

ဖြစ်တယ်။ ဒီမင်းဟာ၊ ဘီ၊စီ ၆ဝ၄-မှာ နန်းတက်ပြီး ဘီ၊စီ ၅၆၁-မှာ နတ်ရွာစံတယ်။ သူ့လက်ထက်မှာ ဘက်ဘီလွန်မြို့တော်ဟာ(ပုံ-၁ဝ၃)၊ ရှေးမင်းများ လက် ထက် မှာ တုန်း က ထက် တောင်၊ အများကြီး ပိုပြီး ကြီးကျယ်ခမ်းနားလာတယ်။

မြို့ခတ်ရဲ့တောင်ဘက်မှာ၊ တံတိုင်းခတ်ထားတဲ့ **ဝတ်ကျောင်းရပ်ကွက်ကြီး**ရှိတယ်။အဲဒီတံတိုင်းကြီးအတွင်းမှာ၊တိုင်းသူပြည်သားတွေ ကိုးကွယ်တဲ့ နတ်တွေအတွက် ဝတ်ကျောင်းတွေကို နက်ဘူကက်နက်ဇာ ဘုရင်ကြီးဟာ၊ အသစ်ထပ်ဆောက်ပေးတယ်။ ဒီဝတ်ကျောင်းရပ်ကွက် ကြီးကမှ နန်းတော်အထိ၊ လမ်းမကြီးတခု ဖေါက် ပေး ထား တယ်။ ဒီလမ်းမကြီးကို '**ပွဲတော်လမ်း**' လို့ ခေါ် တယ်။ ဒီ လမ်းမကြီး ဟာ ဗိယနတ်သမီးကြီး အစ်ရှတာ[၁] အတွက် ဆောက်ထားတဲ့၊ **အစ်ရှတာ တံခါးပေါက်ကြီး** အောက် က ဖြတ်သွား တယ် (ပုံ-၁ဝ၄၊ ၁ဝ၆)။ ဒီတံခါးပေါက်ကြီးရဲ့ နောက်ဘက်မှာ၊ အမတန် ကြီးကျယ်ခမ်းနားတဲ့ နန်းတော်နဲ့ အစိုးရအဆောက်အဦတွေ ရှိတယ်။

၁။ အစ်ရှတာ = Ishtar



(ပုံ-၁၀၅) ပါရှန်ပြည်သူ မိဖုရားဟာ၊ သူ့ပြည်က တောင်တန်း တောင်ကုန်းတွေကို မကြာခဏ အောက်မေ့လွမ်းဆွတ်တဲ့အတွက်၊ တောင်ကုန်းမဲ့ ဘက်ဘီလွန် မြို့တော်ကြီးမှာ ဘုရင်ကြီး နက်ဘူကက်နက်ဇာက ဆောက်ထားပေးတယ်ဆိုတဲ့ 'မိုးပျံဥယျာဉ်' ။

တောင်ကမ္ဘားတွေမှာ၊ မြေတန်းတွေကို အဆင့်ဆင့် လုပ်ပြီး ယာစိုက်သလို၊ နန်းတော်ကြီးရဲ့ ခေါင်မိုးပေါ်မှာ ကမ္ဘာ့ အပူပိုင်းက လှပဆန်းကြယ်တဲ့ သစ်ပင်တွေကို၊ အမတန်မြင့်မားတဲ့ ဥယျာဉ်ကြီးတခုလို ဖြစ်နေအောင် အဆင့်ဆင့်စိုက်ထားတယ်။ ဒီဥယျာဉ်ကို **'မိုးပျံဥယျာဉ်'**[၁] လို့ခေါ်တယ်။ မြေကြီးက ပေါက်ထားမဟုတ်ပဲ၊ 'ကောင်းကင်က တွဲလွဲကျနေတယ်' လို့ အဓိပ္ပါယ်ရတယ်။ ဒီဥယျာဉ်ကို **ကမ္ဘာ့ရဲ့ အံ့ဘွယ်ရာကြီး ခုနစ်ခုထဲမှာ တခု** အဖြစ်နဲ့ အသိအမှတ်ပြုထားတယ်။ (ပုံ-၁၀၅)

ဒီကာလဒီးယန်ခေတ်မှာ၊ **နက္ခတ်ပညာ**ဟာ အတော် တိုးတက်

၁။ မိုးပျံဥယျာဉ် = The Hanging Gardens



(ပုံ-၁၀၆) ဘက်ဘီလွန်မြို့တော်က 'အစ်ရှတာ မုခ်ဝကြီး'ကို အခုအခါ တွေ့မြင်ရပုံ။

လာတယ်။ အဲဒီခေတ်မှာ ဂြိုဟ်ကြီးငါးလုံးကိုပဲ တွေ့ရသေးတယ်။ ဒီဂြိုဟ်ကြီး ငါးလုံးကို သူတို့ကိုးကွယ်တဲ့ နတ်သမီးနတ်သား ငါးပါး ရဲ့ နံမယ်တွေ ပေးထားတယ်။

ရောမလူမျိုးတွေရဲ့ခေတ်ကို ရောက်တဲ့အခါ၊ ရောမလူမျိုးတွေက ဒီနံမယ်တွေကို ဖျောက်လိုက်ပြီး၊ ဂြိုဟ်ကြီးငါးလုံးကို သူတို့ရောမနံမယ်တွေ ပေးလိုက်တယ်။ ဥပမာ - ကယ်ဒီးယန်တွေ ခေတ်က၊ ပီယ နတ်သမီး အစ်ရှတာကို အစွဲပြုပြီး၊ အစ်ရှတာလို့ခေါ်တဲ့ဂြိုဟ်ကို၊ ရောမလူမျိုးတွေ လက်ထက်မှာ **ဗီးနပ်**[၁]လို့ ပြောင်းခေါ်လိုက်တယ်။ မာဒပ်စစ်နတ်သား[၂] ကို အစွဲပြုပြီး မာဒပ်လို့ ခေါ်တဲ့ ဂြိုဟ်ကို၊ **ဂျူပီတာ**[၃]လို့ ပြောင်း ခေါ် လိုက်တယ်။

ဒီနတ်သမီးနတ်သားငါးပါးနဲ့၊နေနတ် လနတ်နှစ်ပါးကို ပေါင်း လိုက်ယင်၊ သူတို့ကိုးကွယ်တဲ့ နတ်သမီး နတ်သား ခုနစ်ပါးရတယ်။ ဒီ နတ်သမီး နတ်သား ခုနစ်ပါးကို၊နေ့စဉ် တပါးစီ ပူဇော်ပသပွဲလုပ်တယ်။

၁။ ဗီးနပ် = Venus
၂။ မာဒပ် စစ်နတ်သား = Marduk
၃။ ဂျူပီတာ = Jupiter

အဲဒီလို လုပ်တဲ့အခါ၊ နတ်တပါး တပါးဟာ ခုနစ်ရက်မှာ တရက်စီ အလှဲ့ကျတယ်။ အဲဒါကြောင့်၊ရက်သတ္တတပတ်မှာ၊ ခုနစ်ရက်ရယ်လို့ ဖြစ်လာတယ်။ သူတို့အလှဲ့ကျတဲ့ နေ့တွေကိုလဲ သူတို့ရဲ့နံမယ်တွေ ပေး ထားလိုက်ကြတယ်။ဥပမာ-နေနတ်သားအလှဲ့ကျတဲ့နေ့ကို ကယ်ဒီးယန် ဘာသာစကားနဲ့ နေနတ်သားနေ့၊ လနတ်သား အလှဲ့ ကျတဲ့ နေ့ကို လနတ်သားနေ့လို့ ခေါ်ကြတယ်။

ကာလရွေ့လျောလာတဲ့အခါ၊ ဒီကယ်ဒီးယန်နံမယ်တွေ ပျောက် ပြီး၊ 'ဆန်းဒေး'၊ 'မန်းဒေး'အစရှိတဲ့ အခုခေတ်သုံးစွဲ ခေါ်ဝေါ်နေတဲ့ နေ့အမည်တွေဖြစ်လာကြတယ်။'ဆန်းဒေး'ဆိုတာ၊ နေနတ်သားကို အစွဲ ပြုပြီး ခေါ်ထားတဲ့နေ့ပဲ။ 'မန်းဒေး' ဆိုတာ၊ လနတ်သားကို အစွဲပြုပြီး ခေါ်ထားတဲ့နေ့ပဲ။

အစတုန်းကတော့၊ ဂြိုဟ်တွေကို လူတွေရဲ့ ရှေ့ဖြစ်ဟောရုံ အတွက် သက်သက်လေ့လာကြတာပါပဲ။ နောက်တော့ နက္ခတ်ပညာ ဟာ တဖြေးဖြေး တိုးတက်လာပြီး ရှေ့ဖြစ် ဟောရုံအတွက် သက်သက် မဟုတ်တော့ပဲ၊ နေ လ ကြယ်တွေရဲ့အသွား အလာတွေကို လေ့လာတဲ့ အထိ တိုးတက်လာတယ်။

ကယ်ဒီးယန် လူမျိုးတွေထဲမှာ အထင်ရှားဆုံး နက္ခတ်ပညာရှင် နှစ်ဦးပေါ်ပေါက်ခဲ့ဘူးတယ်။ ပထမ တဦးက၊ **နဘူးရီးမန်းနု**[၁]ဖြစ်တယ်။ သူက ဘီ၊စီ ၅၀၀လောက်မှာ ပေါ်ခဲ့တယ်။ ဒုတိယ တဦးက **ကီဒင်းနု**[၂] ဖြစ်တယ်။ သူက ဘီ၊စီ ၄၀၀ လောက်မှာ ပေါ်ပေါက်ခဲ့တယ်။ သူတို့ နှစ်ဦးဟာ၊ ကမ္ဘာပေါ်မှာ အကြီးဆုံး နက္ခတ္တဗေဒ ပညာရှင်ကြီးများရဲ့ စာရင်းထဲမှာ ပါထိုက်သူတွေဖြစ်တယ်လို့၊ အခုခေတ် နက္ခတ္တဗေဒပညာ ရှင်ကြီး တဦးက ထုတ်ဖော် ပြောဆိုဘူးတယ်။ ရှေးဟောင်း ကမ္ဘာ့ သမိုင်းထဲမှာ ထင်ရှားခဲ့တဲ့ ရှင်ဘုရင်တွေကို ကမ္ဘာသူ ကမ္ဘာသားတွေ မေ့သွားသည့်တိုင်အောင်၊နက္ခတ်ပညာကို အခုလို စတင်ထူထောင်ပေး ပစ်ခဲ့တဲ့နက္ခတ်ပညာရှင်ကြီးတွေကို ကမ္ဘာသူ ကမ္ဘာသားတွေဟာအစဉ်

၁။ နဘူးရီးမန်းနု = Naburimannu
၂။ ကီဒင်းနု = Kidinnu

ထ၁၀ရ အမြတ်တနိုး သတိရနေဘို့ ကောင်းတယ်လို့၊ သမိုင်းဆရာကြီး တွေက အမိန့်ရှိဘူးတယ်။ ဒီနက္ခတ်ပညာဟာ၊ ကယ်ဒီးယန်တွေဆီကမှ ဂရိလူမျိုးတွေဆီကို ရောက်သွားတယ်။

အခန်း ၆။

## ကယ်ဒီးယန် အင်ပိုင်ယာခေတ်

### မှတ်စရာလေးခု၊ ဂရုပြု

၁။ ကယ်ဒီးယန် ဘုရင်-နက်ဘူကက်နက်ဇာဟာ၊ **ဘက်ဘီလွန်မြို့တော်**မှာ နန်းစိုက်ပြီး၊ မြို့တော်ကြီးကို တခမ်းတနား ပြန်လည်မွမ်းမံတယ်။ မီယနတ်သမီး-အစ်ရှတာကို ရည်မှန်းပြီး၊ ပွဲတော်လမ်းမကြီးမှာ ဆောက်လုပ်ထားတဲ့ '**အစ်ရှတာ**'မုခ်ဝကြီးဟာ၊ခမ်းနားလှပါပေတယ်။

၂။ ဘက်ဘီလွန် မြို့တော်မှာ၊ ချစ်လှတဲ့ တောင်တန်းပြည် မိဖုရားအတွက် သူတည်ဆောက်ခဲ့တဲ့၊ အဆင့်ဆင့်အထပ်ထပ်နဲ့ '**မိုးပျံဥယျာဉ်**' ဟာ၊ အံ့မခန်းဘွယ် ကမ္ဘာ့အံ့ဘွယ် ခုနစ်ရပ်ထဲ ပါဝင်တယ်။

၃။ ဘီ၊စီ ၅၀၀ နက္ခတ္တ ဗေဒဆရာကြီး-နဘူးရီးမန်းနု။ ဘီ၊စီ၄၀၀ နက္ခတ္တ ဗေဒ ဆရာကြီး- ကီဒင်းနု။ ကယ်ဒီးယန်အင်ပိုင်ယာ ခေတ်မှာ **နက္ခတ်ပညာ**ဟာ၊ သိသိသာသာ တိုးတက်လာတယ်။

၄။ ဘက်ဘီလိုးနီးယား ခေတ်က၊ ဂြိုဟ်ကြီး ငါးလုံးကိုပဲ တွေ့ကြသေးတယ်။ ဒီဂြိုဟ် ငါးလုံးရော၊ နေ၊ လ ရော၊ စုစုပေါင်းခုနစ်ခုကို အစွဲပြုပြီး၊ **ရက်သတ္တတပတ်မှာ ခုနစ်ရက်** ရှိတယ်လို့ ဖြစ်လာတယ်။



(ပုံ-၁၀၇)

အခဏ်း ၇။

## အနောက်အာရှသမိုင်း၊

## (၄) ဟီးဘရူးလူမျိုး*

မြေထဲပင်လယ်ရဲ့ အရှေ့တောင်ဒေါင့် ကမ်းရိုးတန်းပေါ်မှာ အလျားမိုင် ၁၅၀ လောက်၊ အကျယ်အဝန်း စတုရန်း မိုင် ပေါင်း ၁၀,၀၀၀ နီးနီးလောက် ရှိတဲ့၊ ပယ်လက်စတိုင်[၁] နိုင်ငံကလေးရှိတယ်။ ဒီနိုင်ငံကလေးဟာ၊ အနောက်ဘက်က မြေထဲပင်လယ်ခံနေသလို၊ အရှေ့ဘက်ကလဲ အာရေဗျ သဲကန္တာရကြီး ခံနေတယ်။ ရှေးအခဏ်းတွေမှာ တုန်းက ပြောခဲ့တဲ့ လခြမ်းဒေသဆိုတာကို၊ မှတ်မိကြလိမ့်အုံးမယ်လို့ ထင်တယ်။ ပယ်လက်စတိုင်ဟာ၊ အဲဒီလခြမ်းဒေသရဲ့ အနောက်ဘက်စွန်း ဖြစ်တယ်။ (မြေပုံ-၅)

ပယ်လက်စတိုင်မှာ၊ တောင်ပိုင်းနဲ့ မြောက်ပိုင်းဆိုပြီး၊ နှစ်ပိုင်းရှိတယ်။ **တောင်ပိုင်းဟာ** သဲကန္တာရနီးနီးဖြစ်နေတဲ့အတွက် စိုက်ပျိုးလို့ မကောင်းဘူး။ **မြောက်ပိုင်းမှာတော့** စိမ်းလန်းစိုပြေတဲ့ တောင်ကြား ဒေသတွေ ရှိတဲ့အတွက် စိုက်ပျိုးလို့ကောင်းသလောက် ကောင်းတယ်။ အဲဒါကြောင့် တောင်ပိုင်းက လူတွေဟာ ဆင်းရဲကြပြီး၊ မြောက်ပိုင်းက လူတွေက စားနိုင်သောက်နိုင်ရှိကြတယ်။

### ပယ်လက်စတိုင်မှာ အရင်ကျတဲ့ လူမျိုးတွေ

အဲဒီလို ဆင်းရဲရတဲ့ အထဲမှာ၊ မြောက်ပိုင်း ကမ်းရိုးတန်းကို ဖိနစ်ရှန်လူမျိုးတွေက သိမ်းထားပြီး၊ တောင်ပိုင်းကမ်းရိုးတန်းကို မြေထဲ

---

(ပုံ-၁၀၇) ဂျရူးဆလမ်မြို့။

*ဟီးဘရူးလူမျိုး = The Hebrews

၁။ ပယ်လက်စတိုင် = Palestine (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၆၊ နှာ ၃၅၇)

ပင်လယ်မှာရှိတဲ့ ကရိကျွန်းက ပြောင်းရွှေ့လာကြတဲ့ ဖိလစ်စတင်း[၁] ဆိုတဲ့ မြေထဲပင်လယ်သားတွေက သိမ်းထားပြန်တဲ့အတွက်၊ 'ရှင်နဲ့ရာအဂ္ဂလူထွက်'ဆိုသလို အလိုလိုမှ ဆင်းရဲနေရတဲ့ ပယ်လက်စတိုင်နိုင်ငံကလေးဟာ၊ ပင်လယ်နဲ့ အဆက်ပြတ်နေပြန်တယ်။ ဒါတွေတင်မကသေးဘူး၊ ဒီ ဆင်းရဲတဲ့ ပယ်လက်စတိုင်နိုင်ငံလေးဟာ အီဂျစ်အင်ပိုင်ယာ၊ ဟစ်တိုက်အင်ပိုင်ယာ၊ အဆီးရီးယန်အင်ပိုင်ယာ၊ ဘက်ဘီလိုးနီးယန်း အင်ပိုင်ယာကြီးတွေရဲ့စစ်လမ်းကြောင်းပေါ်မှာလဲ တည်ရှိနေတဲ့အတွက်၊ ဒီအင်ပိုင်ယာကြီးတွေရဲ့ စစ်တပ်ကြီးတွေ၊ ဒီဆင်းရဲတဲ့ ပယ်လက်စတိုင်နိုင်ငံထဲမှာ ဖြတ်သန်းသွားကြတာကိုလဲ မကြာခဏ ခံလိုက်ရသေးတယ်။ (ပုံ-၁၀၀)




(မြေပုံ-၅)

နိုင်ငံရေးဘက်က ကြည့်လိုက်ပြန်ယင်လဲ၊ ဟီးဘရူးတွေဟာ အီဂျစ်လူမျိုးတွေ၊ ဟစ်တိုက်လူမျိုးတွေ၊ အဆီးရီးယန်လူမျိုးတွေ၊ကယ်ဒီးယန်လူမျိုးတွေလို၊အထက်တန်းကို မြင့်မြင့်မားမားမရောက်ခဲ့ ရှာပါဘူး။ သူတို့ရဲ့သက်တမ်းတခုလုံးမှာမှ၊ ပတ်ဝန်းကျင်နိုင်ငံတွေ အလယ်မှာ နှစ်ပေါင်း ၅၀-လောက်ပဲ နိုင်ငံရေးတောင့်တင်းမှုကို ပြနိုင်ခဲ့ရှာတယ်။

၁။ ဖိလစ်စတင်းလူမျိုး = The Phillistines

ဒါပေမဲ့ ဒီ**ဟီးဘရူးတွေဟာ၊ ဘာသာရေးမှာ အထက်တန်းကို ရောက်ခဲ့ဘူး**တဲ့ လူတွေဖြစ်တယ်။ သူတို့တတွေ ဘာသာရေးမှာ ဘယ်လို အထက်တန်း ရောက်ခဲ့ဘူးကြတယ်ဆိုတာကို နားလည်ဘို့အတွက် သူတို့ရဲ့နိုင်ငံရေးသမိုင်းကိုအနဲအကျဉ်းသိထားဘို့ လိုတယ်။အဲဒါကြောင့် သူတို့ရဲ့ ဘာသာရေးသမိုင်းကို မပြောခင်၊ နောက်ခံကားအနေနဲ့ သူတို့ရဲ့ **နိုင်ငံရေးသမိုင်း**ကို အကျဉ်းချုံးပြီး ပြောပြမယ်။

ဘီ၊စီ ၃၀၀၀-လောက် က စပြီး၊ ဒီပယ်လက်စတိုင်နိုင်ငံကို ဆမ္မိုက်အနွယ်တွေ ဖြစ်တဲ့ အာရေဗျသဲကန္တာရထဲမှာ ခြေသလုံးအိမ်တိုင်ပြုနေကြတဲ့ **ကေးနန်းနိုက်**လူစုတွေ ရောက်လာကြတယ်။ ဘီ၊စီ ၂၅၀၀-လောက်ဆီရောက်တော့၊ ဒီကေးနန်းနိုက်တွေဟာ၊ ပယ်လက်စတိုင်မှာ မြို့ရိုးကာ မြို့တွေနဲ့ နေထိုင်ကြတဲ့အထိ၊ တိုးတက်လာတာကို တွေ့ကြရတယ်။

ဘီ၊စီ ၁၄၀၀-နဲ့ ၁၂၀၀-အတွင်းမှာ ကေးနန်းနိုက်တွေ လိုပဲ၊ အာရေဗျသဲကန္တာရထဲမှာ ခြေသလုံးအိမ်တိုင် ပြုနေကြတဲ့ ဆမ္မိုက်အနွယ်ဖြစ်တဲ့ **ဟီးဘရူး**လူစုတွေ၊ ပယ်လက်စတိုင်ကိုရောက်လာကြပြန်တယ်။ နောက်တစုကတော့၊ ဟစ်ဆိုးလူမျိုး တွေ အီဂျစ်မှာ ကြီးစိုးနေတဲ့ အချိန်လောက်က၊ အီဂျစ်ကို **ရောက်သွားတယ်**။ ဟစ်ဆိုးလူမျိုးတွေလဲ၊ သူတို့လိုပဲ ဆမ္မိုက်အနွယ်တွေ ဖြစ်နေတဲ့အတွက်၊ အဲဒီအချိန်အခါမှာ သူတို့ဟာ အတော်ကောင်းစားခဲ့တယ်။ သူတို့အထဲက ဂျိုးဇက်[၁]ဆိုတဲ့ပုဂ္ဂိုလ်တဦးဟာ(ပုံ-၁၀၉)၊အီဂျစ်ဘုရင်ခံအထိတောင် တက်ဖြစ်သေးတယ်။ ဘုရင်ခံဟာ၊ ဖေးရိုးပြီးတဲ့နောက် အီဂျစ်နိုင်ငံမှာ အကြီးဆုံးပဲ။

ဒါပေမဲ့၊ ဟစ်ဆိုးတွေ အရေးနိမ့်ပြီး၊ အီဂျစ်ပြည်က ဆုတ်ခွာသွားကြရတဲ့အခါ၊ အီဂျစ်ပြည်တွင်းမှာ ကျန်ရစ်တဲ့ ဟီးဘရူးတွေဟာ အီဂျစ်လူမျိုး ဖေးရိုးတွေ လက်အောက်မှာ သိပ်ပြီး အနှိပ်စက်ခံကြရတယ်။ အဲဒါကြောင့်၊ ဒုတိယမြောက်-ရမ်ဆီးဖေးရိုး လက်ထက်ကို ရောက်တဲ့အခါ၊ ဟီးဘရူးခေါင်းဆောင်ကြီး **မိုးဇက်**[၂]ဟာ (ပုံ-၁၁၀)

---

၁။ ဂျိုးဇက် = Joseph
၂။ မိုးဇက် = Moses (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၁၅၃)



(ပုံ-၁၀ဂ) မက်ဂစ်ဒိုခံတပ်မြို့ (အာမဂက်ဒွန်)[၁] တည်ရာ တောင်ပို့ကို လေယာဉ်ပေါ်ကမြင်ရပုံ။

ဒီမြို့ဟာ ပယ်လက်စတိုင်မှာ ရှိတယ်။ အီဂျစ်၊ ဘက်ဘီလိုးနီးယား၊ အဆီးရီးယားနိုင်ငံတွေဆီကိုသွားတဲ့ တောင်ကြားလမ်းရဲ့မြောက်ဘက်မှာ ရှိတယ်၊အဲဒါကြောင့် အာဖရိက နဲ့ အာရှတိုက်ကိုသွားတဲ့ ရှေးလမ်းမကြီး ပေါ်မှာ ခံတပ်မြို့သဘော အလိုအလျောက် ဖြစ်နေတယ်။

နှစ်ပေါင်း ထောင်ပေါင်းများစွာကထဲက အာရှနဲ့ အာဖရိကစစ်တပ် တွေဟာ၊ မယ်ဂစ်ဒိုလွင်ပြင်ပေါ်မှာ မကြာခဏတိုက်ခဲ့ကြတယ်။ တတိယ တုမိ့ ဘုရင်ကစပြီး (ပ) ကမ္ဘာ စစ်ကြီးအတွင်း လော့-အယ်လင်ဘီ[၂] အထိပဲ ဖြစ်တယ်။ အဲဒါကြောင့် စစ်တလင်း မကြာခဏဖြစ်တဲ့ နေရာကို 'အာမဂက်ဒွန်'လို့ တင်စားပြီး၊ အခုအခါ ခေါ်ကြတယ်။

အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ပြီး၊ သူ့လူမျိုးတွေကို အီဂျစ်နိုင်ငံတွင်းက ထုတ်ယူလာခဲ့တယ်။ သူတို့လဲ သဲကန္တာရထဲမှာ ရေကြည်ရာမြက်နုရာကို ရှာကြရင်း၊ တဖြေးဖြေးနဲ့ ပယ်လက်စတိုင်ကို ရောက်လာကြပြန်တယ်။

ဟီးဘရူးတွေဟာ ပယ်လက်စတိုင်ကို ရောက်လာတဲ့အခါ၊ ကေး နန်းနိုက်တွေကို တွေ့တဲ့နေရာမှာ အတင်းဝင်တိုက်တာပဲ။ ဒါပေမဲ့ ကေး နန်းနိုက်တွေရဲ့ ယဉ်ကျေးမှုဟာ၊ ဘီ၊ စီ ၂၅၀၀-လောက်ကထဲက စလာ တယ်ဆိုတော့၊ အတော်တိုးတက်နေပြီ။ နောက်ပြီးတော့လဲ ကေးနန်း နိုက်တွေရဲ့မြို့တိုင်းမှာ မြို့ရိုးတွေ ရှိနေတယ်။ အဲဒါကြောင့်၊ ခြေသလုံး

---

၁။ အာမဂက်ဒွန် = Armageddon

၂။ လော့-အယ်လင်ဘီ = Lord Allenby



(ပုံ-၁၀၉) ဂျိုးဇက် နဲ့ ဘင်ဂျမင်

ဂျိုးဇက်ဟာ၊အီဂျစ်ဘုရင်ခံအဖြစ်နဲ့ ကောင်း စားနေပြီ ဖြစ်တဲ့အတွက်၊ ဟိုတုန်းက အီဂျစ် လူမျိုးတွေ ဝတ်လေ့ရှိတဲ့၊ ခါးပတ်ပတ်ထားရတဲ့ ခါးဝတ်အထည်ကို သူဝတ်ထားပြီး၊ ဆံပင်တု ကိုလဲ သူ့ဦးခေါင်းမှာ ဆောင်း ထား တာကို ပုံထဲမြင်ရမယ်။

မတ်တတ်ရပ်နေတဲ့ကလေးဟာ သူ့ညီထွေး ဘင်ဂျမင်ဖြစ်ပြီး၊ ထိုင်နေတဲ့ လူတွေကတော့ ပယ် လက် စ တိုင် ပြည် မှာ အငတ်ဘေး နဲ့ ရင်ဆိုင်နေရတဲ့ အတွက်၊ ဘင်ဂျမင်နဲ့ အတူ ဆန်ဝယ်တွက်လာကြတဲ့ သူ့အစ်ကို ၁၀ ဦးပဲ ဖြစ်ကြတယ်။ သူ့အရှိန်အဝါနဲ့ သူ့မိသားအား လုံးကို ဂျိုးဇက်ဟာ အီဂျစ်နိုင်ငံမှာ နေ ရာ ချ ထား ပေးနိုင်ခဲ့တယ်။

အိမ် တိုင် ပြု နေကြ တဲ့ အခြေ အနေမှာ ရှိနေကြ သေးတဲ့ ဟီးဘရူး တွေ ဟာ၊ကေးနန်းနိုက်တွေကို နိုင် အောင် မ တိုက် နိုင် ကြဘူး။

နောက် ပြီး တော့ လဲ ဟီးဘရူးတွေဟာ၊ နိုင် အောင် မတိုက် နိုင် တဲ့ အကြောင်း ကြီး တ ကြောင်းရှိသေးတယ်။ သူ တို့ဟာ တစုထဲတဝေးထဲ ကေး နန်း နိုက် တွေ ကို တိုက်ထာမဟုတ်ဘူး။ **လူစု တွေ အစိပ်စိပ် အမွှာမွှာ ကွဲပြီး**၊ အဲဒီ ကွဲနေတဲ့ အ တိုင်း ဖြစ်သလို ထတိုက် ကြတယ်။ ဒါကြောင့်လဲ ကေးနန်းနိုက်တွေ၊ အဓ တန် အားပျော့တဲ့ နေရာ အနဲ အကျဉ်းလောက်မှာ သာ၊ ဟီးဘရူး တွေ က အနိုင်ရပြီး၊နေရာ ခပ်များ များမှာ ဟီးဘရူးတွေ ရှုံး ကြတာပဲ။

ဟီး ဘရူး တွေ ဟာ ကေးနန်းနိုက်တွေရဲ့ လက် ထဲကမြို့တွေကိုနိုင်အောင် မလုပ်နိုင်တဲ့အခါ၊မြို့ရိုးတွေ



(ပုံ-၁၁၈)မိုးဇက်

အပြင်ဘက်က ကွက်လပ်တွေမှာဖြစ်သလိုပဲ နေရာယူကြတယ်။ ဒီဟီး ဘရူးတွေထဲက၊ **မြောက်ပိုင်း** ကို ရောက်သွားကြတဲ့သူတွေဟာ၊ သူတို့ရဲ့ ခြေသလုံးအိမ်တိုင်ပြုတဲ့ အလေ့အထတွေကို စွန့်ပစ် လိုက်ကြပြီး၊ ကေးနန်း နိုက်တွေရဲ့ ယဉ်ကျေးမှုကို လက်ခံ ကြတယ်။ အဲဒါကြောင့် သူတို့နေရာမှာ တဲတွေ ပျောက်ကုန် ကြပြီး၊ အိမ်ကောင်း ယာကောင်း တွေ ပေါ်



(ပုံ-၁၁၁) နှာခေါင်းမြင့်မြင့်ကြီးတွေနဲ့ ဟစ်တိုက်နဲ့ ဟီးဘရူး။

လာကြတယ်။ အဝတ်ဝတ်တဲ့နေရာမှာဆိုယင်လဲ၊ သိုးအရေခွံ အဝတ်အစားကြမ်းကြီးတွေပျောက်ကုန်ကြပြီး၊ သိုးမွေးနဲ့ ရက်ထားတဲ့ တောက်ပြောင်လှတဲ့၊ အဝတ်အစားတွေ ပေါ်လာတယ်။ အတော်ကလေးကြာလာတဲ့အခါ၊ ဒီမြောက်ပိုင်းက ဟီးဘရူးတွေဟာ၊ အသွင်အပြင် အနေအထိုင် အပြောအဆို အသွားအလာမှစပြီး၊ အစစအရာရာမှာ ကေးနန်းနိုက်တွေနဲ့ တထေရာထဲ ဖြစ်လာတယ်၊ ခွဲခြားလို့မရတော့ဘူး။

ဒါပေမဲ့ **တောင်ပိုင်း**မှာ ရှိနေတဲ့ ဟီးဘရူးတွေကတော့၊ ဒီလိုမဟုတ်ဘူး။ ဒေသကိုယ်တိုင်က သဲကန္တာရလိုလို ဖြစ်နေတဲ့အတွက်၊ ဒီ တောင်ပိုင်းက ဟီးဘရူးတွေဟာ၊ ခြေသလုံးအိမ်တိုင်ပြုတဲ့ အလေ့အထကိုစွန့်မပစ်ကြသေးဘူး။ အဲဒါကြောင့် ပယ်လက်စတိုင်နိုင်ငံကလေးထဲမှာပဲ၊ ဟီးဘရူးတွေဟာ၊ နှစ်မျိုးနှစ်စား ကွဲပြားနေကြပြီး၊ နှစ်ပေါင်းအတော်ကြာအောင် ဒီနှစ်မျိုးဟာ ပဋိပက္ခဖြစ်နေတာကို တွေ့ရတယ်။

## နှာခေါင်း မြင့်မြင့်ကြီးတွေ

ဒီဟီးဘရူးတွေလိုပဲ ပယ်လက်စတိုင် နိုင်ငံထဲမှာ၊ **ဟစ်တိုက် လူမျိုး**တွေ အများအပြား ရောက်နေကြတယ်။ ဟစ်တိုက်လူမျိုးတွေဟာ နှာတံသိပ်မြင့်တဲ့ လူမျိုးတွေဖြစ်တယ်။ အဲဒီလူမျိုးတွေနဲ့ ဟီးဘရူးတွေ

အိမ်ထောင်ကျပြီး၊ သူတို့က ဆင်းသက် ပေါက်ဖွားလာကြတဲ့ ဟီးဘရူး တွေမှာ၊ နှာတံမြင့်မြင့်ကြီးတွေ ပါလာကြတယ်။ (ပုံ-၁၁၁)

**ဟီးဘရူးစည်းရုံးရေး**

ဘီ၊ စီ ၁၁၀၀ ကို ရောက်ခါနီးလောက် မှာ၊ ဟီးဘရူးတွေ စည်းလုံး ညီညွတ် ဘို့ အကြောင်း တခု ပေါ်လာတယ်။ ပယ်လက်စတိုင်ရဲ့ တောင်ဘက် ပင်လယ်ကမ်းရိုးတန်းကိုသိမ်းပိုက်ထားတဲ့ ဖိလစ်စတင်း တွေဟာ၊ ဟီး ဘ ရူး တွေဘက်ကို ဖိပြီး ဝင်လာကြတယ်။ အစမှာတော့၊ ဟီးဘရူးအုပ်စု ခေါင်းဆောင် တွေဟာ၊ အချင်းချင်းစည်းရုံးလို့ မရသေးဘူး။ အုပ်စု တွေဟာ တကွဲ တပြားစီ ဖြစ်နေကြ သေးတာပဲ။ ဒါပေမဲ့ 'ဆော' [၁] ဆိုတဲ့ ခေါင်းဆောင် ပေါ်လာတဲ့ အခါ၊ ဖိလစ်စတင်းတွေကို တစုတဝေးထဲ တိုက်အောင်၊ အစိပ်စိပ် ကွဲနေတဲ့ ဟီးဘရူးတွေကို စည်းရုံးနိုင်လာတယ်။



(ပုံ-၁၁၂) ဒေးဗစ်ဘုရင်။

'ဆော'ဟာ အောင်မြင်မှု အတော်ရလာတဲ့အခါ၊ ရှင်ဘုရင် အမည်ခံပြီး၊ အစိပ်စိပ်ကွဲနေတဲ့ ဟီးဘရူးတွေကို အဇ္ဇရေး [၂] တမျိုးသား

---

၁။ ဆော = Saul

၂။ အဇ္ဇရေး = Israel

ထဲ ဖြစ်လာအောင် သူကြိုးစားတယ်။ သူ့မှာ ဒေးဗစ်[၁] ဆိုတဲ့ သမက်ရှိတယ်။ ဒီသမက်ဟာ အတိုက်အခိုက် အမတန် ကောင်းတယ်။ အဲဒါကြောင့် သူ့နန်းကို လုမှာ၊ ယောက္ခမ ရှင်ဘုရင်ကြီးက စိုးရိမ်တယ် ထင်ပါရဲ့၊ သမက်ဒေးဗစ်ကို ရာဇဝတ်သားလို့ ကျေညာပြီး၊ သူ့တိုင်းပြည်က နှင်ထုတ်ထားတယ်။

ဒေးဗစ်နောက်ကို၊ သတ္တိရှိတဲ့ လူတွေ တော်တော်များများ ပါသွားတဲ့အတွက်၊ သူတို့ဟာ အဖွဲ့အစည်းကြီးတခုလို ဖြစ်နေတယ်။သူတို့ တဝိုက်မှာရှိတဲ့ လူတွေက သူတို့ကို ဆက်ကြေးပေးရတယ်။ ဒီလူတွေကို ဘေးဥပါဒ်မရှိအောင် သူတို့က ကာကွယ်ပေးတယ်။ ဖိလစ်စတင်းတွေနဲ့ တိုက်ပွဲတခုမှာ၊ ရှင်ဘုရင်'ဆော'ရဲ့ စစ်တပ်တွေဟာ မရှုမလှ ရှုံးတဲ့အပြင်၊ သူ့သားတော် **ဥနိနာသန်**လဲ တိုက်ပွဲမှာ ကျသွားတဲ့အတွက်၊ ရှင်ဘုရင်ကြီးဟာ စိတ်မချမ်းမသာဖြစ်ပြီး၊ သူ့ကိုယ်သူ သတ်သေလိုက်တယ်။

ရှင်ဘုရင် ဆော နတ်ရွာစံပြီးတဲ့နောက်၊ **ဒေးဗစ်**နဲ့ (ပုံ-၁၁၂) သူ့ လူစုတွေဟာ၊ ဖိလစ်စတင်းတွေကို ပြန်တိုက်တဲ့အခါ၊ ဖိလစ်စတင်းတွေရဲ့ လက်ထဲက တမြို့ပြီး တမြို့ ပြန်ရလာတယ်။ ဒီစွမ်းရည်သတ္တိကို မြင်တဲ့အတွက် တောင်ပိုင်း ဟီးဘရူးတွေဟာ၊ ဒေးဗစ် လက်အောက်ကို ဝင်လာကြတယ်။ သူတို့ရဲ့ အကူအညီနဲ့ ဂျရူးဆလမ်မြို့[၂] ကို တိုက်တဲ့အခါ၊ ကေးနန်းနိုက်တွေရဲ့လက်ထဲက **ဂျရူးဆလမ်**ကို (ထိပ်စည်းပုံ-၁၀၇) သူတို့ အနိုင်ရတယ်။ ဒီမြို့ဟာ တောင်ကုန်းပေါ်မှာလဲ တည်ရှိတယ်၊ မြို့ရိုးလဲရှိတယ်၊ ခံတပ်ကလဲ ကောင်းတယ်ဆိုတော့၊ အဲဒီခေတ်က စစ်မျက်စိနဲ့ ကြည့်မယ်ဆိုယင်၊ ဒီမြို့ကို ဒေးဗစ် အနိုင်ရလိုက်တာဟာ အမတန် ကြီးကျယ်တဲ့ အောင်ပွဲဖြစ်တယ်။

ဒီ အောင်ပွဲကို မြင်ရပြီး၊ မြောက် ပိုင်း ဟီးဘရူးတွေ က လဲ ဒေးဗစ်ရဲ့ လက်အောက်ကို ဝင်လာကြပြန်တယ်။ ဒေးဗစ် ဟာ **ဂျရူးဆလမ်** ကို ပဲ **အစ္စရေးနိုင်ငံသစ်ရဲ့ မြို့တော်** လုပ်လိုက်တယ်။ အဲဒီလို လုပ်လိုက်တာလဲ၊ သူရဲ့နှလုံးရည်ကို ပြလိုက်တာပဲ။ ဂျရူးဆလမ်ဟာ

---

၁။ ဒေးဗစ် = David

၂။ ဂျရူးဆလမ် = Jerusalem (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၃၊ နှာ ၁၁၃)

မြောက်ဘက်လဲမကျ၊ တောင်ဘက်လဲမကျ၊ ကြားဒေသမှာ တည်ရှိနေတယ်။ ဒီလိုကြားဒေသကို ရွေးလိုက်တဲ့အတွက်၊ သူဟာတောင်နဲ့မြောက်ရှိတဲ့ အနက် ကျောသားရင်သား မခွဲခြားဘူး ဆိုတာကို လက်တွေ့ ပြပြီးသား ဖြစ်သွားတယ်။



(ပုံ-၁၁၃) ဆော်လမွန်ဘုရင် သားတရားစီရင်ခဏ်း (မဟောသဓ သားတရားစီရင်ခဏ်းနဲ့ တထေရာထဲပဲ ဖြစ်တယ်။)

ဒေးဗစ်ဟာ ရှင်ဘုရင် ဖြစ်လာတဲ့အခါ၊ သူ့ယာဝေးနတ်[၁] ကို မမေ့ဘူး။ ရှေးကလို ဟိုရွှေ့ဒီရွှေ့ရွှေ့လို့ရတဲ့နတ်စင် အရှင်ကလေးကို သူ မကြိုက်ဘူး။ အဲဒါကြောင့် ယာဝေးအတွက်၊ ဝတ်ကျောင်းတကျောင်းကို ဂျရူးဆလမ်တောင် ကုန်း ပေါ်မှာတည်ဆောက်ရအောင် အစီအစဉ်တွေ လုပ်တယ်။ ဘီ၊ စီ ၁၀၅၆ က ဘီ၊ စီ ၁၀၁၅ အထိ၊ အနှစ်-၄၀ လောက် ရှင်ဘုရင်အဖြစ်နဲ့ အုပ်စိုးသွားတယ်။ ဟီးဘရူး လူစွမ်းကောင်းတွေထဲမှာ၊ ဟီးဘရူး တမျိုးသားလုံးရဲ့ အများဆုံး အကြည်ညိုခံရတဲ့ သူဟာ ဒေးဗစ်ပဲ ဖြစ် တယ်။

---

၁။ ယာဝေးနတ်=Yahveh (Jehovah)



(ပုံ-၁၁၄) ဘုရင်ဆော်လမွန် တည်ဆောက်ခဲ့တဲ့ ခမ်းနားကြီးကျယ်လှတဲ့ ဘုရားဝတ်ကျောင်းဟာ၊ အခုအခါ နံရံဟောင်းတခုသာ ကျန်နေရစ်တော့တယ်။ ဂျူးဆလမ်မြို့ကို ရောက်လာကြတဲ့ ရေဝတီ (ယဟူဒီ) ဘုရားဖူးတွေဟာ၊ သောကြာနေ့တိုင်း ဒီနံရံကို နဖူး နဲ့ ကပ်ပြီး 'ရှေး ခေတ်ဟောင်း အောက်မေ့ဘွယ်' သဘောမျိုးနဲ့ လွမ်းဆွတ်တသ ငိုကြွေး မြည်တမ်းလေ့ရှိတဲ့အတွက်၊ ငိုကြွေးရာနံရံလို့ အခုအခါ ခေါ်နေကြတယ်။

စစ်သားအဖြစ်နဲ့ သူပြခဲ့တဲ့ နှလုံးရည်တွေကို ဟီးဘရူးအမျိုးသားတွေဟာ ဒီနေ့တိုင်အောင် မမေ့နိုင်သေးဘူး။

အင်္ဂလိပ်ရှေးရှင်ဘုရင်တွေလဲ၊ မြန်မာရှင်ဘုရင်တွေလို၊ မိဖုရား တွေ မောင်းမမိဿံတွေ အများကြီး ထားတဲ့အတွက်၊ သူတို့မှာ သားတော် သမီးတော်တွေ သိပ်များတယ်။ အဲဒီသားတော် သမီးတော်တွေဟာ ခမည်းတော် နတ်ရွာစံတဲ့အခါ၊ နန်းလုဘက်တွေ ဖြစ်လာကြတာပဲ။

အဲဒါကြောင့် ဒေးဗစ်ဘုရင်ကြီး နတ်ရွာစံတဲ့အခါ၊ နန်းလုဘက်တွေ သိပ်များတယ်။ သားတော်ဆော်လမွန်[၁] ဟာ ရှင်ဘုရင်ဖြစ်တာနဲ့

၁။ ဆော်လမွန် = Solomon (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၄၊ နှာ ၂၁၂)

တပြိုင်နက်၊ နန်းလုဘက်တွေကို အတော်သုတ်သင်ပစ်လိုက်ရတယ်။ ဒီ ဆော်လမွန်ရှင်ဘုရင်လဲ၊ မိဖုရား မောင်းမမိဿံတွေ များတဲ့နေရာမှာ နံမယ်ကြီးပဲ။ နိုင်ငံခြားတွေနဲ့ ချစ်ကြည်ရေးဟာ ခိုင်မာတောင့်တင်း အောင်ဆိုတဲ့ အကြောင်းပြချက်နဲ့၊ နိုင်ငံခြားသူတွေကို သူအများကြီး ယူထားတယ်။ သူ့မယားတွေထဲမှာ၊ အီဂျစ်ဘုရင်ရဲ့ သမီးတော်တပါး တောင် ပါလိုက်သေးတယ်။ သူ့မယားတွေရဲ့ အရေအတွက်များတာ ဟာ၊ ဥဒါန်းတွင်ပြီး ကျန်ရစ်ခဲ့တယ်။

ဆော်လမွန်ဟာ၊ ဉာဏ်ပညာကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးအဖြစ်နဲ့ ကမ္ဘာ့သမိုင်းမှာ ထင်ရှားတယ်၊ (ပုံ-၁၁၃)။ သူ့ကြောင့် အစ္စရေး နိုင်ငံဟာ၊ ရှေးခေတ်ဟောင်း ကမ္ဘာ့အလယ်မှာ၊ အထူး မြင့်မားတဲ့ နေရာအထိ တက်ရောက်ခဲ့ရတယ်။ ဒါပေမဲ့၊ သူရဲ့ ချို့ယွင်းချက် တချို့ ကြောင့် အစ္စရေးနိုင်ငံမှာ နှစ်ခြမ်းကွဲဘို့အတွက်၊ အက်ကြောင်းကြီးဖြစ် ပေါ်လာခဲ့ရတယ်။ ဘယ်လို ပေါ်လာတယ်ဆိုတာကလေးကို နဲနဲပြော ပြလိုက်အုံးမယ်။

ဘုရင် ဆော်လမွန်ဟာ၊ ခမ်းနားကြီးကျယ်တာကို ကြိုက်တယ်။ အထူးသဖြင့် အဆောက်အဦဘက်မှာ ဝါသနာပါတယ်။ အဲဒါကြောင့်၊ နိုင်ငံတော်တွင်းမှာရှိတဲ့ မြို့ကြီး ပြကြီးတွေကို၊ **ခံတပ်မြို့**တွေ ဖြစ်အောင် တည်ဆောက်ပေးတယ်။ **ဂျေရုဆလမ်မြို့တော်**ကိုလဲ၊ တခြားနိုင်ငံတွေရဲ့ မြို့တော်တွေလို ခမ်းနားကြီးကျယ်အောင် ပြုပြင်တယ်။ သူ့အဖေစပ်ခဲ့တဲ့ **ယာဝေးဝတ်ကျောင်း** (ပုံ-၁၁၄)ကိုလဲ ပြီးအောင် ဆောက်ပေး တယ်။ဒီလုပ်ငန်းတွေကြောင့်၊ ဘုရင်ဆော်လမွန်ဟာ တိုင်းသူပြည်သား တွေဆီက အခွန်အတုပ်တွေ အများကြီးကောက်ရတယ်။ လူတွေကိုလဲ ချွေးတပ်သားတွေအဖြစ်နဲ့ အများကြီးဆွဲရတယ်။ အဲဒါကြောင့် တိုင်းသူ ပြည်သားတွေ မကျေမနပ်ဖြစ်လာကြတယ်။

ဘုရင် ဆော်လမွန် နတ်ရွာစံပြီး၊ သူ့သားတော် **ရီးဟိုးဘိုးအမ်**[၁] လက်ထက်၊ ဘီ၊စီ ၉၇၅ လောက်မှာ မြောက်ပိုင်းဟာ တောင်ပိုင်းက ခွဲထွက်သွားတယ်။ အဲဒီလို ကွဲသွားကြပြီးတဲ့နောက်၊ မြောက်ပိုင်းက အစ္စရေးအမည်ခံတယ်၊ တောင်ပိုင်းက ဂျူးဒါး[၂] အမည်ခံတယ်။

၁။ ရီးဟိုးဘိုးအမ်=Rehoboam

၂။ ဂျူးဒါး=Judah ယဟူဒီလူမျိုး=(မြန်မာ့စွယ်စုံကျမ်း၊တွဲ၁၀၊နှာ၄၄၀)



(ပုံ-၁၁၅) အေဘရာဟမ်ရဲ့ မွေးရာဇာတိဟာ၊ ကယ်ဒီးယားနိုင်ငံ 'အာဒ' မြို့တော်ဖြစ်တယ်။ ဘယ်ဘက်ကပုံဟာ အေဘရာဟမ်ရဲ့နေအိမ် ကို၊ရှေးဟောင်း သုတေသန ပညာရှင်တွေက ပြန်လည်ဆောက်လုပ်ပြထားတယ်။ညာဘက်ကပုံကတော့၊ အေဘရာဟမ် နေအိမ်ရဲ့ တည်ရာ အမှတ် ၁- ဆိတ်ငြိမ်လမ်း ဖြစ်တယ်။



အဆီးရီးယန် ရှင်ဘုရင် ဒုတိယမြောက်-ဆာဂွန်လက်ထက်မှာ၊ အဇ္ဇရေးနိုင်ငံဟာ အဆီးရီးယား လက်အောက်ကို ရောက်သွားတယ်။

အဆီးရီးယား ဘုရင် **ဆနက်အာရစ်** လက်ထက်ကို ရောက်တဲ့အခါ၊ ဆနက်အာရစ်ဟာ၊ ဂျူးဒါးရဲ့မြို့တော် ဂျရူးဆလမ် အနားကို ရောက်ပြီးမှ၊ တပ်သားတွေမှာ ကူးစက်တတ်တဲ့ရောဂါ ဖြစ်လာတာနဲ့ တပ်ခေါက်ပြီး ပြန်သွားရတယ်။

ဒါပေမဲ့၊ ဂျူးဒါးနိုင်ငံရဲ့ ဒုက္ခကတော့ မအေးသေးပါဘူး။ ဘီ၊စီ ၅၉၇ လောက်မှာ၊ **နက်ဘူကက်နက်ဇာ** ဘုရင်ဟာ၊ ဂျူးဒါးနိုင်ငံကို သိမ်းလိုက်ပြီး၊ ရှင်ဘုရင်ရော၊ သူ့မိဖုရားတွေ မောင်းမဒိဿံတွေကိုရော၊ ပိုက်ဆံရှိတဲ့ လူတွေရော၊ လက်မှုပညာသယ်တွေရော အကုန်လုံး သိမ်းကြုံးဘမ်းပြီး၊ စစ်သုံ့ပန်း[၁] အဖြစ်နဲ့ ဘေဘီလွန်မြို့တော်ကို ခေါ်သွားတယ်။

ဂျူးဒါးမှာတော့ ဟီးဘရူးလူမျိုးထဲက၊ **ဇယ်ဒီကီးယား**[၂] ဆိုတဲ့ သူကို သစ္စာတော်ရေတိုက်ပြီး၊ ရှင်ဘုရင် တင်မြှောက်ပစ်ခဲ့တယ်။ ဒီ ဇယ်ဒီကီးယားဟာ အီဂျစ်နိုင်ငံနဲ့ ပေါင်းပြီး၊ သစ္စာဖေါက်တာနဲ့ **နက်ဘူကက်နက်ဇာဟာ၊ ဘီ၊ စီ ၅၈၆-လောက်မှာ ဂျူးဒါးကို ပြန်သိမ်းရတယ်။**

ရှင်ဘုရင် ဇယ်ဒီကီးယားကိုလဲနန်းချ၊ သူ့သားတွေကိုလဲ သူ့ရှေ့မှာ သတ်ပြ၊ ပြီးတော့မှ သူ့မျက်လုံးတွေကိုဖေါက်ပြီး၊ အင်မတန်ဝေးတဲ့ ဘက်ဘီလွန်မြို့တော်ကို ကုန်းကြောင်းဆွဲခေါ်သွားတယ်။ ဟီးဘရူးလူမျိုးတွေ အတော်များများကိုလဲ၊ စစ်သုံ့ပန်းအဖြစ်နဲ့ ထပ်ခေါ်သွားတယ်။ ဂျရူးဆလမ်မြို့တော်ကိုရော၊ ယာဝေနတ်စင်ကိုရော၊ ကြေမွသွားအောင် ဖျက်ဆီးပစ်ခဲ့တယ်။

**ဘီ၊စီ ၅၃၈-မှာ ပါရှန်တွေက ဘက်ဘီလွန်ကို သိမ်းပိုက်ခဲ့တဲ့** အခါမှ၊ ဟီးဘရူးစစ်သုံ့ပန်းတွေဟာ၊ ဂျူးဒါးနိုင်ငံကိုပြန်ခွင့်ရကြတယ်။

---

၁။ စစ်သုံ့ပန်းအဖြစ်နဲ့ ဘက်ဘီလွန်မြို့တော်ကို ခေါ်သွားတယ် = Babylonian captivity.

၂။ ဇယ်ဒီကီးယား = Zedekiah

သူတို့အထဲကတချို့လဲ ဘက်ဘီလွန်မှာ ကြီးပွားပြီး နေရစ်ခဲ့ကြတယ်၊ တချို့လဲ ဂျူးဒါးကိုပြန်ကြတယ်။

## ဘာသာရေး

ဟီးဘရူးတွေက၊ သူတို့ဟာ 'အား' မြို့တော်သား တဦး ဖြစ်တဲ့ **အေဘရာဟမ်**[၁] က ဆင်းသက်လာသူတွေဖြစ်တယ်လို့ ယုံကြည်ကြတယ် (ပုံ-၁၁၅)။ အဲဒီနေရာမှာ ဟီးဘရူးတွေဟာ၊ အာရပ်တွေနဲ့ တူတယ်။ အာရပ်တွေကလဲ၊ သူတို့ဟာ အေဘရာဟမ်ကဆင်းသက်လာတယ်လို့ပဲ ယုံကြည်ကြတယ်။('အား' မြို့ဟာ၊ ဆူမားရီးယန်နိုင်ငံရဲ့မြို့တော်ဆိုတာ၊ ရှေးအခန်းတွေမှာ ပြောခဲ့ပြီးပြီ၊ ပြန်ကြည့်ပါ။)

ဒီ အေဘရာဟမ်ဆိုသူမှာ ယုံကြည် ကိုးကွယ်နေတဲ့ နတ်တပါး ရှိတယ်။ ဒီနတ်ရဲ့အမည်က **ယာဝေး**တဲ့၊ **ဂျီဟိုဗား**[၂] လို့လဲ တချို့က ခေါ်တယ်။ အေဘရာဟမ် ဟာ၊ 'အား' မြို့မှာ နေတုန်းကတော့၊ တခြားနတ်တွေကိုလဲ ကိုးကွယ်သေးတယ်။ အဲဒီအခါက၊ ဒီယာဝေးနတ်ဟာ သူ ကိုးကွယ်တဲ့နတ်တွေထဲမှာ၊ တတိယတန်းစား အောက်ဆုံးက နတ်သာဖြစ်တယ်။ ဒါပေမဲ့ 'အား' မြို့က ထွက်ခွာလာတဲ့အခါ၊ ဒီ အေဘရာဟမ် ဟာ တခြားနတ်တွေကို စွန့်ပစ်ပြီး၊ ယာဝေးကို သူရဲ့ တဦးတည်းသောအသက်သခင် ကျေးဇူးရှင် နတ်အဖြစ်နဲ့ ကိုးကွယ်ခဲ့တယ်။

ဒီ **ယာဝေး**နတ်ကို ကိုးကွယ်မှုဟာ၊ ဟီးဘရူးတွေကို အီဂျစ် က ကယ်ထုတ်လာခဲ့တဲ့ ခေါင်းဆောင်ကြီး မိုးဇက်လက်ထက်မှာ အတော် ထင်ရှားလာတယ်။ မိုးဇက်ဟာ အီဂျစ်နိုင်ငံမှာ အတော်ကြာကြာနေခဲ့ ဘူးတဲ့အတွက်၊ အစ်ခနတွန် ဖေးရိုး တီထွင်သွားတဲ့ 'အတွန်' ဘာသာ အကြောင်းကို ကောင်းကောင်း သိခဲ့ဟန် ရှိတယ်။ 'အတွန်' ဘာသာ မှာ၊ 'အတွန်' နတ်မင်းကြီး တပါးသာ ရှိတယ်။ တခြား နတ်တွေကို အားလုံးပယ်တယ်။ ဒီ 'အတွန်' နတ်မင်းကြီးဟာ၊ တကမ္ဘာလုံးကို အုပ်စိုးသူဖြစ်တယ်လို့၊ အစ်ခနတွန်ကယုံကြည်တယ်။

မိုးဇက် လက်ထက်မှာ၊ ဟီးဘရူးလူမျိုးတွေ လိုက်နာဘို့အတွက်၊

၁။ အေဘရာဟမ် = Abraham

၂။ ဂျီဟိုဗား = Jehovah



(ပုံ-၁၁၆) ပညတ်တော် ၁၀-ပါး၊ ရေးထွင်းထားတဲ့ ကျောက်ပြားနှစ်ချပ်ကို
မိုးဇက်ဟာ၊ ဆိုင်းနိုင်းတောင်ပေါ်က ယူဆောင်လာပုံ။

**ပညတ်တော်ဆယ်ပါး**[၁]ဆိုတာပေါ်လာတယ်(ပုံ-၁၁၆)။ဒီပညတ်တော်ဆယ်ပါးကို ယာဝေးနတ်က မိုးဇက်ကိုပြောပြတယ်လို့ အဆို ရှိ တယ်။ ဒီဆယ်ပါးဟာ တခြားမဟုတ်ပါဘူး။ ဟီးဘရူးတွေ လိုက်နာကျင့်သုံးဖို့ အတွက်၊ ဆယ်ပါးသီလတမျိုးပါပဲ။ ဟီးဘရူးတွေဟာ၊ ဒီပညတ်တော်ဆယ်ပါးကို ကျောက်ပြားတွေမှာ ထွင်းထားပြီး၊ သူတို့ရဲ့ နတ်စင်ထဲမှာ အမြဲထဲ့ထားလေ့ရှိတယ်။

ခေါင်းဆောင်ကြီး မိုးဇက်က၊ **ယာဝေးဟာ တဦးတည်း နတ်ဖြစ်တယ်**လို့ ညွှန်ကြားပေတဲ့လဲ၊ သူ့နောက်လိုက် ဟီးဘရူးတွေဟာ၊ တဦးတည်းနတ် ဆိုတဲ့သဘောကို၊ အဲဒီအခါတုန်းက ကောင်း ကောင်း နားလည်ကြဟန် မပေါ်သေးဘူး။ သူတို့ရဲ့ စိတ်ထဲမှာ ယာဝေး ဟာ **စစ်နတ်**ဖြစ်တယ်။ သဲကန္တာရထဲမှာ သူတို့တတွေ ခြေသလုံးအိမ်တိုင်ပြုပြီး၊ လှဲ့လည်သွားလာနေကြရင်း၊လူတစုနဲ့တစုတိုက်ခိုက်နေကြတုန်းကသာ၊ သူတို့ကိုကူညီစောင်မနိုင်တယ်။ သူတို့တတွေ မြို့တွေရွာတွေမှာ အခြေစိုက်ပြီး တောင်သူလယ်သမားတွေ ဖြစ်လာကြတဲ့အခါ၊ ဒီယာဝေး ဆိုတဲ့နတ်ဟာ၊ မြေဩဇာ နတ်လောက် သူတို့ကို ကူညီစောင်မ နိုင်မှာ မဟုတ်ဘူး။

နောက်ပြီးတော့လဲ၊ နောင်ဘဝဆိုတဲ့သဘောကို ဒီဟီးဘရူးတွေ ကောင်းကောင်း သဘော မပေါက်ကြသေးဘူး။ လူ တွေ သေ ပြီး ယင်၊ မြေကြီးအောက်က မှောင်မဲမဲနေရာကြီးကို ရောက်သွားတာပဲ။ ယာဝေး နတ်ဟာ၊ အဲဒီလိုမှောင်မဲမဲနေရာကြီးကို ရောက်တဲ့လူတွေကို၊ တခြား နတ်တွေထက် ထူးထူးခြားခြား ပိုပြီး ကယ်နိုင်မှာမဟုတ်ဘူးလို့ ယူဆ ကြတယ်။ အဲဒါကြောင့်၊ ပယ်လက်စတိုင်မှာ အခြေစိုက်ပြီး လာကြတဲ့ အခါ၊ ဟီးဘရူးတွေခပ်များများဟာ၊ သူတို့ရဲ့ မူလနတ်ဖြစ်တဲ့ ယာဝေး ကိုလဲ ကိုးကွယ်တယ်။ တိုင်း ရင်း သား တွေ ဖြစ် တဲ့ ကေးနန်းနိုက်တွေ ကိုးကွယ်တဲ့ 'ဘေးအယ်'[၂]ဆိုတဲ့ မြေဩဇာနတ်ကိုလဲ သူတို့ကိုးကွယ် ကြတယ်။

---

၁။ ပညတ်တော်ဆယ်ပါး = The Ten Commandments

၂။ ဘေးအယ် = Baal



(ပုံ-၁၁၇) **ဟီးဘရူးသံတမန်က၊ အဆီးရီးယန် ဘုရင်မင်းမြတ်ထံ လက်ဆောင်ပဏ္ဏာတွေကို ရှိခိုးဆက်သနေပုံ။**

(ဘယ်ဘက်မှာ) အဆီးရီးယန်ဘုရင်ဟာ၊ နောက်လိုက်နောက်ပါနှစ်ဦးနဲ့ အတူ ရပ်နေတယ်။ ဘုရင်မင်းမြတ်ရဲ့ရှေ့မှာ- တောင်ပံတပ်ထားတဲ့ နေကြာ တံဆိပ်ပြားဝိုင်း၊ အထက်က လွှမ်းနေတာကို မြင်နိုင်တယ်။

ဘီ၊ စီ ၉-ရာစုအတွင်း၊ အဆီးရီးယန်ဘုရင်ဟာ ဒမတ်စကပ်မြို့ကို တိုက်ခိုက်နေတဲ့အခါ၊ မြောက်ပိုင်းက ဟီးဘရူးတွေဟာ၊ထိတ်လန့်လာတဲ့အတွက်၊သံအဖွဲ့ လွှတ်ပြီး၊ ရွှေငွေအစရှိတဲ့ လက်ဆောင်ပဏ္ဏာတွေကို ဘုရင်မင်းမြတ်ထံ ခြေတော်ဦးတိုက် ဆက်သစေတယ်။

ရုပ်ပုံတွင် ဟီးဘရူးသံနောက်မှာ ရပ်နေတဲ့လူနှစ်ဦးဟာ အဆီးရီးယန်နှစ်ဦး ဖြစ်တယ်။ (ဟီးဘရူး သံအဖွဲ့ ကျန်လူတွေဟာ၊ ဒီရုပ်ပုံထဲ မပါဘူး။) ဒီရုပ်ပုံကို အဆီးရီးယန် နန်းတော်အတွင်း၊ ကျောက်မဲတခုပေါ်မှာ ထွင်းထုထားတာကို တွေ့ရတယ်။

တဦးတည်းသောနတ်ဖြစ်တယ်ဆိုတဲ့သဘောတွေကို ဟီးဘရူးတွေ နားလည်လာအောင် ကြိုးပမ်းပေးခဲ့တဲ့ သူတွေဟာ၊ **ဟီးဘရူး တမန်တော်တွေ** ဖြစ်တယ်။ ဒီ တမန်တော်တွေရဲ့ သင်ကြားမှုအရဆိုယင်၊ ယာဝေးနတ်ဟာ၊ တကမ္ဘာလုံးမှာရှိတဲ့ လူမျိုးပေါင်းစုံထဲကမှ၊**ဟီးဘရူး လူမျိုးတမျိုးထဲကိုသာ၊ သူ့လူတွေအဖြစ်နဲ့ရွေးချယ်ပြီး**[၁]၊ **အထူးစောင့်ရှောက်နေတယ်။** ဒီဟီးဘရူးတွေရဲ့ ဖခင်ကြီးဖြစ်တဲ့ အေဘရာဟမ်နဲ့ ယာဝေးနတ်တို့ဟာ၊ ဒီလို**ကတိစာချုပ်**[၂]တခု လုပ်ထားတယ်။ ယာဝေးနတ် အလိုတော်ရှိတဲ့ အတိုင်း၊ သူ့နောက်လိုက် ဟီးဘရူးတွေဟာ၊

---

၁။ ယာဝေးက ရွေးချယ်ထားတဲ့လူမျိုး= The Chosen People

၂။ ကတိစာချုပ် = Covenant

ကိုယ်ကျင့်တရားနဲ့ပြည့်စုံရမယ်။အဲဒီလို လူတွေဘက်က ကတိတည်ယင်၊ ယာဝေးနတ်ကလဲ သူ့ကတိအတိုင်း သူ့နောက်လိုက် ဟီးဘရူးတွေကို ကမ္ဘာမှာ အထွဋ်အထိပ် ရောက်အောင် ကူညီစောင်မမယ်။ တမန်တော် အဆက်ဆက် ဟောပြောချက်အရ၊ ဟီးဘရူးတွေကလဲ ဒီအတိုင်းပဲယုံကြည်နေကြတယ်။



(ပုံ-၁၁၈) ဟီးဘရူးတမန်တော်
မေဗဲ

တမန်တော်တွေထဲမှာ အတော်များများဟာ၊ ယာဝေးနတ်ပြောတာကိုကြားနိုင်တဲ့ (**အကြား**) နဲ့၊ ယာဝေးနတ်ကို မြင်နိုင်တဲ့(**အမြင်**)ရှိတယ်လို့ဆိုကြတယ်။ ဒီတမန်တော်တွေ ခပ်များများဟာ၊ နတ်ဝင်ပူးသလို မကြာခဏဖြစ်တယ်။ တချို့ဗမာတွေဟာ နတ်ဆိုင်းကြားယင်၊ နတ်ဝင်ပူးသလို၊ ဒီတမန်တော်တွေလဲ၊အတီးအမှုတ်တမျိုးကို ကြားရယင်၊နတ်ဝင်ပူးသလို ဖြစ်လာတယ်။ နတ်ပွဲတွေမှာ၊ နတ်ကတော်ကို နတ်ဝင်ပူးရာက၊ တဖြည်းဖြည်း ကူးစက်ပြီး၊ နတ်ပွဲကြည့်နေတဲ့လူတွေကိုပါ နတ်ဝင်ပူးကြသလို၊ တမန်တော်ဟာ နတ်ပူးသလို ဖြစ်လာရင်းက နေပြီး၊ ဘေးကကြည့်နေတဲ့ ဟီးဘရူးလူအုပ်ကြီး တအုပ်လုံးပါ၊ ရိုဖန်ရံခါ နတ်ဝင်ပူးသလို ဖြစ်လာတတ်တယ်။ တမန်တော်တွေဟာ အဲဒီလိုနတ်ဝင်ပူးသလိုဖြစ်ပြီး၊ ရှေ့ဖြစ်တွေကို ဟျှောက်ပြောလေ့ရှိတယ်။

ဒီလိုပြောတာဟာ၊ ယာဝေးနတ်ကသူတို့ကိုပြောတာကို၊ သူတို့က တဆင့် ပြန်ပြောတယ်လို့ ဆိုကြတယ်။

## ဟီးဘရူး တမန်တော်တွေ

**ဟီးဘရူးတမန်တော်**တွေဟာ အများကြီးရှိတယ်။ ဒီတမန်တော်တွေထဲမှာ၊ **အယ်လိုင်ဂျာ**[၁] ဆိုတဲ့ တမန်တော်ကြီးဟာ အတော်ထင်ရှားတယ်။ မြောက် ဘက် က အစ္စရေးနဲ့ တောင် ဘက် က ဂျူးဒါးဆိုပြီး နှစ်နိုင်ငံကွဲပြီးတဲ့နောက်၊ နှစ်ပေါင်း၁၀၀-လောက်မရှိခင်၊ အယ်လိုင်ဂျာ တမန်တော်ကြီး ပေါ်ပေါက်လာတယ်။ တနေ့ကျတော့ မြောက်ဘက် အစ္စရေးနိုင်ငံရဲ့ **ရှင်ဘုရင် အေးဟက်**[၂] ဟာ၊ 'နဘော့'[၃] ဆိုတဲ့ စပြစ်ခြံ ပိုင်ရှင်တဦးကို သတ်ပြီး၊ စပြစ်ခြံကို သိမ်းလိုက်တယ်။ တမန်တော်ကြီး အယ်လိုင်ဂျာဟာ၊ ဒီသတင်းကို ကြားတဲ့အခါ၊ စိတ်ထဲမှာ အတော် ထိခိုက်ပြီး၊ ရှင်ဘုရင်အာဟက်ကို သူကိုယ်တိုင်လာပြီး အပြစ်တင်တယ်။ တမန်တော်ရဲ့ လူစုတွေဟာ နန်းတော်ထဲ အတင်းဝင်ပြီး၊ ရှင်ဘုရင်နဲ့ သူ့တဆွေလုံးတမျိုးလုံးကို သတ်ပစ်လိုက်ကြတယ်။

နောက်နှစ်ပေါင်း တ ရာ လောက် ကြာ တဲ့ အ ခါ၊ ဘီ၊စီ ၇၅၀- လောက်မှာ၊ **ဧမော**[၄] ဆိုတဲ့ တမန်တော် တဦး ပေါ် လာ ပြန် တယ် (ပုံ-၁၁၈)။ ဒီတမန်တော်လဲ၊ တမန်တော်အယ်လိုင်ဂျာလိုပဲ။ မတရားမှုကိုမနှစ်သက်သူဖြစ်တယ်။ ဆင်းရဲသားတွေအပေါ်မှာ၊ **ငွေရှိသူ၊ အာဏာရှိသူတွေက၊ လူညွန့် ခူးစားနေတာကို အထူးစက်ဆုပ်သူ**ဖြစ်တယ်။

သူဟာ တောင်ပိုင်းသားဖြစ်ပေတဲ့၊ မတရားမှုတွေ များပြားနေတဲ့ မြောက်ပိုင်းကိုသွားပြီး၊ 'မတရားလုပ်နေတဲ့လူတွေ ကောင်းကောင်း သတိထား၊ တရားတာကိုသာ လိုလားတော်မူတဲ့ ယာဝေး နတ် ဟာ၊ မတရားတဲ့ **မြောက် ပိုင်း သား တွေ နဲ့ သူတို့ရဲ့ နိုင်ငံကို ဖျက်ဆီးပစ်ဘို့ အဆီးရီးယန် စစ်တပ်တွေကို မကြာခင် လွှတ်လိုက်လိမ့်မယ်**။ မသေပဲ

---

၁။ အယ်လိုင်ဂျာ = Elijah
၂။ အေးဟက် = Ahab
၃။ နဘော့ = Naboth
၄။ ဧမော = Amos

ကျန်နေတဲ့လူဘွေကိုလဲ စစ်သုံ့ပန်းတွေအဖြစ်နဲ့ ခေါ်သွားလိမ့်မယ်’ လို့ သတိပေးခဲ့တယ်။ သူဟောနေတဲ့တရားတွေ ပျောက်ပျက်သွားမှာစိုးတဲ့ အတွက်၊ တမန်တော်ကြီးမောဟာ သူ့တရားတွေကို ရေးသားပစ်ခဲ့တဲ့ အတွက်၊ ယနေ့ အထိ ဒီ တရား စာတွေကို ဖတ်နိုင်တယ်။



(ပုံ-၁၁၉) ဟီးဘရူး တမန်တော်-အိဇေးယ။ ပညတ်တော် ဆယ်ပါးကို ကိုင်ယူပြီး၊အဆီးရီးယန်စစ်အင်အားကို ဆန့်ကျင်တဲ့ သဘောနဲ့ “တရား မှန် ကန် တဲ့ ဘက် က အောင်နိုင်ရမယ်” လို့ ဟောပြောနေတယ်။

နောက် မကြာခင် **ဟိုဇီးအား**[၁] ဆိုတဲ့ တမန်တော် တဦး ပေါ်လာပြန်တယ်။ သူလဲမတရားမှုကို မကြိုက်သူ တဦးပဲ။ ဒါပေမဲ့၊ သူက တော့ မတရားမှု ပပျောက် ရေး အတွက်၊ ဒီလောက် မဟောဘူး။ဟီးဘရူးတွေဟာ ယာဝေး အပေါ်မှာ တဦး တည်း သော နတ် အဖြစ်နဲ့၊ လေးလေး စားစားမရှိ၊ ပေါ့ ပေါ့ ဆဆ ဖြစ်နေကြတာကိုပဲ အပြစ်ပြပြီး ဆုံးမတယ်။လူတွေ တိရစ္ဆာန်တွေကိုသတ်ပြီး ယဇ်နတ် ပူဇော်တာကိုလဲ အားကြီး တားမြစ်တယ်။ **ယာဝေးကို တဦးတည်း သော နတ်အဖြစ်နဲ့ ကိုးကွယ် ဆည်း ကပ် ကြဘို့** အထူး တိုက်တွန်းတယ်။

---

၁။ ဟိုဇီးအား = Hosea

ဘီ၊စီ ၈ - ရာ စု ကုန်ခါနီးလောက် ရောက် တော့၊ **အိဇေးယ**[၁] ဆိုတဲ့ တမန်တော်တဦးပေါ်လာပြန်တယ်(ပုံ-၁၁၉)။ သူ့လက်ထက်ကျတော့၊ တခြားတမန်တော်တွေနဲ့ မတူတော့ဘူး။ သူ့ရဲ့ ယုံကြည်ချက်အရ၊ **ယာဝေးဟာတလောကလုံးကိုအုပ်စိုးတဲ့** ယာဝရသခင်ဖြစ်တယ်။ တကမ္ဘာလုံးမှာရှိတဲ့နိုင်ငံတွေ အားလုံးဟာ၊ သူ့လက်ထဲမှာ ကိုင်ထားတဲ့ လက်နက်တွေလိုဖြစ်နေတယ်။ ဆိုးတဲ့နိုင်ငံတွေကို ဖျက်ဆီးပစ်ဖို့၊ ဒီနိုင်ငံတွေကို လှဲသုံးသွားတယ်လို့ သူယုံကြည်တယ်။

အဲဒါကြောင့်၊ နိုင်ငံကြီးတွေရဲ့ ကျူးကျော် စော်ကားမှုတွေကလွတ်ကင်းအောင်၊ တခြားနိုင်ငံတွေနဲ့ မဟာမိတ်စာချုပ်တွေ ချုပ်ဆိုဖို့ မလိုဘူး။ ယာဝေး ထာဝရသခင်ကိုသာ မမှိတ်မသုံယုံကြည်ဖို့ လိုတယ်လို့ သူဟောပြောတယ်။ ဂျူးလူမျိုးတွေကို ကယ်တင်မဲ့ '**မက်ဆိုင်းယား**'[၂] လို့ ခေါ်တဲ့ ပုဂ္ဂိုလ်တဦး ပေါ်ပေါက်ရမယ် လို့ ဒီတမန်တော် စတင်ဟောပြောခဲ့တယ်။

နောက် တမန်တော်တဦးက၊ **ဂျာရီမီးယ**[၃]ဖြစ်တယ်။ ယာဝေးကို ကိုးကွယ်ဆည်းကပ်တဲ့ နေရာမှာ၊ အပြင်ပန်းက ပူဇော်ပသမှုတွေထက် စိတ်တွင်းယုံကြည်မှုက ပိုပြီး အရေးကြီးတယ်လို့ တမန်တော် ဂျာရီမီးယက အမြဲတမ်း ဟောလေ့ရှိတယ်။ ဂျရူးဆလမ် မြို့တော်ဟာ အဖျက်ဆီးခံရမယ်။ မြို့တော်နဲ့အတူ **ယာဝေးရဲ့ နတ်ကွန်းဟာလဲ အဖျက်ဆီးခံရမယ်**ဆိုတာ ဂျာရီမီးယ တမန်တော် ကြိုပြီးမြင်တယ်။ အဲဒါကြောင့် ၊ ဟီးဘရူးတိုင်းဟာ၊ **ယာဝေးကို မိမိတို့ရဲ့နှလုံးအိမ်ဆိုတဲ့ နတ်ကွန်းထဲမှာ အစဉ်ထားပြီး ကိုးကွယ်ရမယ်။** ဒီနှလုံးအိမ် ဆိုတဲ့ နတ်ကွန်းဟာ ဂျရူးဆလမ်မှာ တည်ဆောက်ပေးထားတဲ့ နတ်ကွန်းထက် ပိုပြီး ကြာရှည်ခံမယ်လို့လဲ ဂျာရီမီးယ တမန်တော်ကြီးက မကြာခဏ ဟောလေ့ရှိတယ်။

တမန်တော်ကြီး **အိဇီကီးအယ်**[၄]ကလဲ (ပုံ-၁၂၀)၊ **ဂျရူးဆလမ် မြို့တော် အဖျက်ခံရမယ်**ဆိုတာကို ကြိုပြီး မြင်တယ်။ တခြား တမန်တော်

---

၁။ အိဇေးယ = Isaiah

၂။ မက်ဆိုင်းယား = Messiah

၃။ ဂျာရီမီးယ = Jeremiah

၄။ အိဇီကီးအယ် = Ezekiel

တွေ့ထက်၊ အိဇီကီးအယ်တမန်တော်က အကြားအမြင်တန်ခိုးပိုရှိတယ်။ မကြာခဏ နတ်ပူး သလိုဖြစ်တတ်တယ်။ ရှင်ဘုရင်ဒေးဗစ်ကဆင်းသက်



(ပုံ-၁၂၀) ဟီးဘရူးတမန်တော်- အိဇီကီးအယ်

လာသူ တဦးဟာ၊ တနေ့ သောအခါ၊ သိုး ကျောင်း သားအဖြစ်နဲ့ ပေါ်လာရ အုံးမယ်။အဲဒီသိုးကျောင်း သားဟာ၊ ဂျူးလူမျိုးတွေ ရဲ့ ရှင်ဘုရင် ဖြစ်ရ မယ် ဆိုတာကိုလဲ သူ မကြာ ခဏ ဟောလေ့ ရှိ တယ်။ **ဂျူး လူ မျိုး တွေ ဟာ၊ ယာဝေးရဲ့ကျေးဇူးစောင်မ ချက်အရ၊ နောင်အခါမှာ ကြီးကျယ်တဲ့ လူမျိုးတမျိုး ဖြစ်လာရမယ်** ဆိုတာကို လဲ၊ ဒီ တမန်တော် ကြီး ဟာ အ ထူး ယုံ ကြည် တယ်။

အဲဒီလို တမန်တော် ကြီးတွေရဲ့ ကြိုးပမ်းချက် ကြောင့်၊ ယာ ဝေး ကို သဲ က န္တာ ရ တ ဝိုက် လောက်မှာသာ တန်ခိုး ရှိတဲ့ စစ်နတ် အနေ နဲ့ စပြီး ယုံကြည် ကိုး ကွယ် နေရာက၊ ယာဝေး နတ် ဟာ တလောက လုံး ကို အုပ်စိုးတဲ့ တ ဦး တည်း သော ထာဝရ သခင်အဖြစ်နဲ့ ဟီးဘရူးတွေဟာ တဖြေးဖြေးတစတစ ယုံကြည်လာကြတယ်။

ရှေးအခဏ်းတွေမှာ ပြောခဲ့ပြီးတဲ့အတိုင်း၊ **ပါရှန်လူမျိုး**တွေက ဘက်ဘီလွန်မြို့တော်ကို သိမ်းပြီးတဲ့နောက်၊ **စစ်သို့ပန်း**အဖြစ်နဲ့ ဘက်ဘီလွန်မှာနေကြရတဲ့ ဟီးဘရူးတွေဟာ၊ သူတို့ရဲ့နိုင်ငံဖြစ်တဲ့ ဂျူးဒါးကို ပြန်ခွင့်ရတယ်။ အဲဒီအခါ တချို့ပြန်ကြတယ်။ တချို့ကတော့လဲ ဘက်ဘီလွန်မှာ ကြီးပွားနေတဲ့အတွက်၊ အဲဒီမှာပဲ နေရစ်ကြတယ်။

ဂျူးဒါးကို ပြန်ရောက်တဲ့အချိန်ကစပြီး၊ ဟီးဘရူးလူမျိုးတွေမှာ အမည်ဟောင်း တိမ်မြုပ်သွားပြီး **ဂျူးလူမျိုး**လို့ အမည်တွင်လာတယ်။ ဂျူးဒါးကိုပြန်ရောက်ပြီး၊ ဂျူးခေါင်းဆောင်တွေဟာ၊ **ဂျူးတွေ လိုက်နာကျင့်သုံးရမဲ့ ဘာသာရေးဥပဒေတွေကို ပြဋ္ဌာန်းကြတယ်**။ အဲဒီဥပဒေတွေကို ပြဋ္ဌာန်းပြီးတဲ့ အချိန်ကစပြီး၊ ဂျူးတွေကိုးကွယ်တဲ့ ဘာသာကိုလဲ ဟီးဘရူးဘာသာလို့ မခေါ်ကြတော့ပဲ၊ **'ဂျူးဒါးအဇ္ဇင်း'**[၁] လို့ ခေါ်တယ်။ ဒီဘာသာအရ ပြန်လည်ထူထောင်တဲ့ ဂျူးဒါး နိုင်ငံသစ်မှာ ရှေးကလို ရှင်ဘုရင်မရှိတော့ဘူး၊ **ဘာသာရေးဂိုဏ်းချုပ်**က ရှင်ဘုရင်အဖြစ်နဲ့ နိုင်ငံကို အုပ်စိုးရတယ်။

ဒီဂျူးခေါင်းဆောင်တွေဟာ၊ သူတို့ရဲ့လက်ထဲမှာ ကျန်ရစ်တဲ့ ဟီးဘရူး **ရှေးဟောင်းစာပေ**တွေကို အထူးလေ့လာကြတယ်။ နောက်ပြီးတော့၊ ရှေးခေတ်အဆက်ဆက်က ဟီးဘရူး **တမန်တော်ကြီးတွေရဲ့ ဟောပြောချက်တွေ**၊ အရေးအသားတွေကို ရှာဖွေစုဆောင်းပြီး၊ အသစ်ကူးရေးထားကြတယ်။ နောက်အတော်ကြာတဲ့အခါ၊ ရှေးဟီးဘရူးပညာရှိ အဆက်ဆက် ရေးသားထားခဲ့တဲ့ **ရှေးဟောင်းသီချင်း** ပေါင်း ၁၅၀-လောက်ကို၊ ဒီဂျူးခေါင်းဆောင်တွေ စုမိကြပြန်တယ်။ ဒီသီချင်းတွေထဲမှာ၊ တချို့ဟာ၊ ဝတ်ကျောင်းထဲမှာ ဝတ်ပြုရင်းဆိုကြတဲ့ **ဘာသာရေးသီချင်း**တွေ ဖြစ်တယ်။ တချို့တော့လဲ၊ 'မိုးပေါ်က နှိုးဆော်လို့ ကြဲလိုက်မယ်၊ ပွဲနောက်ပိတ်ဆုံး' ဆိုတဲ့ ဦးကျော်လှသံချိုလို၊ တနေ့သောအခါ ဖြစ်လာရမဲ့ အဖြစ်အပျက်တွေကို သီကုံးထားတဲ့ သီချင်းတွေဖြစ်တယ်။ ဒီသီချင်းတွေကို **'ဆာမ်း'**[၂] လို့ ခေါ်တယ်။

ခရစ်ယန်ဘာသာ ပေါ်လာပြီး၊ အတော်ကလေး ကြာတဲ့အခါ၊ အခုပြောခဲ့တဲ့ (၁) ဘာသာရေးဥပဒေတွေ၊ (၂) တမန်တော်ရဲ့

---

၁။ ဂျူးဒါးအဇ္ဇင်း = Judaism

၂။ ဆာမ်း = Psalms



(ပုံ-၁၂၁) ဖမ်းမိခဲ့တဲ့ ဟီးဘရူးတွေကို အဆီးရီးယန် ဘုရင် ဆနက်အာရစ်တံ ဆက်သနေပုံ။

ပယ်လက်စတိုင် တောင်ပိုင်းဟာ တောင် ထူ ထပ်ကြောင်းပြလိုတဲ့ အတွက်၊ ရုပ်ပုံမှာ ငါးကြေးကွက် နဲ့ ပြထားတယ်။ ဘုရင် ဆနက်အာရစ် ဟာ၊ ပလ္လင် ပေါ် ထိုင်နေတယ်၊ မင်းမြတ် ထိုင်နေရာ တောင်ကုန်း ဆီ ကို အဆီးရီးယန် စစ်သား တစုဟာ တက်လာကြပြီး၊ ဖမ်းမိခဲ့တဲ့ ဟီးဘရူးတွေ ပါလာတဲ့ အကြောင်း ဖော်ပြသံတော်ဦးတင်နေတယ်။

စစ်သားတွေရဲ့ နောက်မှာ၊ အဖမ်းခံသုံးဦးဟာ မြေပေါ် ဒူးထောက်ပြီး လက်မြှောက်ကာ အသနားခံနေကြတာကို မြင်နိုင်တယ်။ ဘုရင် ဆနက်အာရစ် ဟာ ဟီးဘရူးမြို့တချို့ကိုသိမ်းပိုက်နိုင်တဲ့အတွက်၊ ဟီးဘရူးနှစ်သိန်း လောက်ကို ဖမ်းမိခဲ့တယ်၊ ဂျရုဆလမ် မြို့တော်ကို သိမ်းပိုက်နိုင်တယ်လို့တော့၊ သူ့ မှတ်တမ်းမှာတောင် မပါဘူး။

ဘုရင် ဆနက်အာရစ်ရဲ့ တန်ခိုးအာဏာဟာ၊ ဘယ်လောက်ပျံ့နှံ့ခဲ့တယ် ဆိုတာကို ပြလိုတဲ့ အတွက်၊ နင်းအီဗီ မြို့တော် နန်းတော် အ တွင်း ဒီပုံကို ကျောက်ဖြူနှ အပြားကြီး တချပ်ပေါ်မှာ ထုတွင်းထားတယ်။

ဟောပြောချက်တွေ၊ ရေးသားချက်တွေ၊ (၃) 'ဆမ်း'ဆိုတဲ့ ရှေးသီချင်းဟောင်းတွေကို စုပေါင်းပြီး၊ စာတအုပ်ထဲအဖြစ် ပုံနှိပ်ကြတယ်။ အဲဒီ စာအုပ်ဟာ၊ ဂျူးတွေအတွက်၊ 'ဘိုင်ဘယ်'[၁] လို့ ခေါ် တဲ့ သမ္မာကျမ်း ဖြစ်လာတယ်။

ရှေးနားဆီမှာ ပြောခဲ့တဲ့ ဟီးဘရူးတွေရဲ့ နိုင်ငံရေး သမိုင်းကို ပြန်ကြည့်ယင်၊ ဟီးဘရူးလူမျိုးတွေဟာ၊ **အမတန် ဆင်းရဲ တာကို ရော၊**

---

၁။ ဘိုင်ဘယ် = Bible

**မကြာခဏ အနှိပ်စက်ခံကြရ** တာကိုရော၊ တွေ့ရလိမ့်မယ်။ သူတို့လဲ တော်တော်သတ္တိကောင်းတဲ့ လူတွေပါပဲ။

ရောမသမိုင်းကို ပြောတဲ့အခါ၊ ကြားရပါလိမ့်မယ်။ ရောမ အင်ပိုင်ယာ အတွင်းမှာရှိတဲ့ လူတွေဟာ၊ ဒီရောမ ကေရာဇ် ဘုရင်တွေကို နတ်တွေအဖြစ်နဲ့ ကိုးကွယ်ရတယ်။ ဂျူးတွေကတော့ ရှင်းရှင်းပဲ။ လုပ်ချင်တာလုပ်။ သူတို့ရဲ့ ယာဝေးကလွဲယင် ဘယ်သူ့ကိုမှ နတ်အဖြစ်နဲ့ မကိုးကွယ်ဘူး။ သတ္တိကောင်းတဲ့နေရာမှာ ဒီလိုကောင်းတယ်။ ဒါပေမဲ့၊ သူတို့ရင်ဆိုင်ရတဲ့ ပတ်ဝန်းကျင်အခြေအနေ၊ ရင်ဆိုင်ရတဲ့ရန်သူတွေဟာ၊ သူတို့နဲ့ အဆမတန်အောင် များပြားလှတဲ့အတွက်၊ သူတို့ဟာ အားကိုးရမဲ့ ပုဂ္ဂိုလ်တဦးဦးကိုမြော်ကြမှာဟာ၊ ဓမ္မတာပါပဲ။ ဟီးဘရူးဘာသာကို လေ့လာကြည့်ယင်၊ ဒီဘာသာဟာ၊ အနှိပ်စက်ခံနေရတဲ့ အားကိုးရာမဲ့ ဖြစ်နေတဲ့ **ဟီးဘရူးတွေရဲ့စိတ်နှလုံးကို အတော်ကြီး ချမ်းမြေ့စေတဲ့ ဘာသာ**ဆိုတာကို တွေ့ရတယ်။

ဂျူးလို့လဲခေါ်တဲ့ ဟီးဘရူးတွေဟာ၊ ၁၉၄၈-ခုနှစ်လောက်ကမှ အစ္စရေးဆိုတဲ့ နိုင်ငံကလေးကိုရခဲ့တယ်။ ဒါ့အယင်ကဆိုယင်၊ ကိုယ်ပိုင်နိုင်ငံမရှိပဲ၊ တကမ္ဘာလုံးမှာ အတော်ကြီး ပျံ့နေခဲ့တယ်။ အဲဒီလို၊ မိမိတို့ရဲ့နိုင်ငံကိုလဲ အကြိမ်ကြိမ် အဖျက်ခံရတယ်။ သူတို့ရောက်လေရာ နိုင်ငံတွေမှာလဲ၊ အနှိပ်စက် ခံလိုက်ရသေးတယ်။ အတော်ကြာကြာကြီး ကိုယ်ပိုင်နိုင်ငံ မရှိပဲလဲ နေခဲ့ကြရသေးတယ်။ အဲဒါနဲ့တောင်၊ ဒီဂျူးလူမျိုးဟာ၊ ကမ္ဘာမှာ ပျောက် မ သွား တဲ့ အ ကြောင်း တွေ ထဲ မှာ၊ အကြောင်းကြီး တကြောင်းဟာ တခြားမဟုတ်ဘူး။ **သူတို့ကိုးကွယ်တဲ့ ဘာသာက၊ သူတို့အားလုံးကို တပေါင်းတစည်းထဲဖြစ်နေအောင် ထိန်းပေးထားတဲ့၊ အကြောင်းကြီး**ပဲ ဖြစ်တယ်။

ဂျူး တွေ ထဲ မှာ၊ အကြမ်း အား ဖြင့် လူနှစ်မျိုးနှစ်စားရှိတယ်။ တစားက၊ ဘာသာရေးမှာ **အယူသိပ်သီးတဲ့ သူတို့အမျိုးမှအမျိုးလို့ထင်တဲ့ အယူအဆကျဉ်းမြောင်းတဲ့ ဂျူးတွေ** ဖြစ်တယ်။ ဥပမာ-သူတို့ဘာသာထဲမှာ၊ စနေနေ့ကို ဥပုသ်နေ့လို့ ပြဋ္ဌာန်းထားတယ်။ အဲဒီနေ့မှာ ဘာအလုပ်ကိုမှ မလုပ်ရဘူး။



(ပုံ-၁၂၂) 'နက်ဖြန်ခါ စနေဥပုသ်နေ့ ဖြစ်တယ်၊ သူတော်ကောင်း အပေါင်းတို့ သီတင်းသီလ ဆောက်တည်ကြကုန်လော့' ဟု သတိပေး နှိုးဆော်တဲ့ အနေမျိုးနဲ့ 'ရှိုဖာ'ခေါ် သိုးထီးချိုကို နိဗ္ဗာန်ဆော်က သောကြာနေ့ ညနေတိုင်း မှုတ်နေပုံ။

စတုတ္ထမြောက်-အန်တီးအိုခပ်[၁]ဟာ၊ဂျရုးဆလမ်မြို့တော်ကို ဝိုင်းထားတဲ့ အခါတုန်းက၊ စနေနေ့မှာ ဂျူးတွေဟာ သူတို့မြို့တော်ကို

၁။ စတုတ္ထမြောက်-အန်တီးအိုခပ် = Antiochus IV

မကာကွယ်ဘူး။ ဥပုသ်နေ့ဆိုပြီး အ နား ယူ ကြ တယ်။ အဲဒါကြောင့် မြို့တော်ဟာ ရန်သူလက်ထဲကို ကျသွားခဲ့ရဘူးတယ်။

ရောမ ခေါင်းဆောင်ကြီး ပွမ်ပီ[၁] ဟာ ဂျရူးဆလမ်ကို ဝိုင်းထား တုန်းကလဲ၊ ဂျူးတွေဟာပွမ်ပီရဲမြို့ရိုးဖျက်ရထားကို ဖျက်ဆီးပစ်ဘို့ အခွင့် ရလျက်သားနဲ့ စနေနေ့ဟာ ဥပုသ်နေ့ဆိုပြီး၊ အနားယူနေတဲ့အတွက်၊ ဂျရူးဆလမ်ဟာ ပွမ်ပီရဲ့ လက်ထဲကို ကျသွားခဲ့ရပြန်တယ်။

အခုလဲ အဇ္ဇရေးနိုင်ငံသစ်မှာ ဆိုယင်၊ ဂျူးတွေဟာ စနေနေ့မှာ ဘာမှ မလုပ်ဘူး။ စနေနေ့စားဘို့ အစားအသောက်တွေကို သောကြာနေ့ ကထဲက စီစဉ်ထားကြတယ်။ စနေနေ့မှာ ဂျူးတယောက်လောက် ကားမောင်းလာတာကို တွေ့ရယင်၊ ဂျူးအရပ်သားတွေက ခဲနဲ့ ဝိုင်း ပေါက်ကြတယ်။

ဒီလို အယူသီးတဲ့ ဂျူးတွေနဲ့ **ဆန့်ကျင်ဘက်ဖြစ်တဲ့ ဂျူးတွေလဲ ရှိပါသေးတယ်။** ဒီဂျူးတွေကျတော့၊ ထာဝရတည်မြဲတဲ့ ဘဝ ရှိတယ် ဆိုတာကို မယုံကြဘူး။ ဒီလူတွေဟာ၊ ထာဝရသခင်က လူတမျိုးထဲကို ရွေးပြီး ကျေးဇူးပြုမယ်ဆိုတဲ့ အယူကို ကျဉ်းမြောင်းတယ်လို့ ယူဆ တယ်။ သူတို့အယူအဆအရ၊ ဘယ်လူမျိုးမဆို သူတို့ဘာသာကို ယုံကြည် ယင်၊ သူတို့ဘာသာထဲကို ဝင်လာပြီး ထာဝရသခင် ယာဝေးရဲ့ ကျေးဇူး တော်မတာကို ခံယူနိုင်ရမယ်လို့ ယုံကြည်ကြတယ်။

ဒီလူတွေကျပြန်တော့လဲ၊ သဘောထားကြီးသလောက်၊ မျိုးချစ် စိတ်ဓာတ်တို့၊ ဘာသာရေးကိုင်းရှိုင်းမှုတို့မှာ၊ ပေါ့ပေါ့ဆဆ ဖြစ်နေကြ ပြန်တယ်။ ဒီလူတွေဟာ ဂျူးတွေဖြစ်ပြီး၊ ဟီးဘရူးစာကို မတတ်ဘူး။ တချို့ အင်္ဂလိပ်စာတတ် ဗုဒ္ဓဘာသာ ဗမာ တချို့ဟာ၊ ဗုဒ္ဓဘာသာ အကြောင်းကို သိချင်ယင်၊ ဗမာလို ရေးထားတဲ့ ကျမ်းစာအုပ်တွေကို မဖတ်နိုင်ကြပဲ၊ အင်္ဂလိပ်လို ရေးထားတဲ့ စာအုပ်တွေကိုဖတ်ကြရသလို၊ အခု ပြောခဲ့တဲ့သဘောထားကြီးတဲ့ ဂျူးတွေဟာ၊ သူတို့ရဲ့ 'ဘိုင်ဘယ်'ကို ဖတ်ချင်ယင်၊ အင်္ဂလိပ်လို ဖြစ်ဖြစ်၊ ဂရိလို ဖြစ်ဖြစ် ဘာသာပြန်ထားတဲ့ 'ဘိုင်ဘယ်'ကို ဖတ်ကြရတယ်။

---

၁။ ပွမ်ပီ = **Pompey**

ယာဝေးဟာ တဦးတည်းသော ထာဝရသခင် ဖြစ်တယ်လို့ ယုံကြည်ယူဆတဲ့အတွက်၊ ဟီးဘရူးဘာသာ၊ သို့မဟုတ် 'ဂျူးဒါးအငွှင်း' ကို **'မိုနိုသီအငွှင်း'**[၁] လို့ ခေါ်တယ်။ ခရစ်ယန်ဘာသာမှာလဲ 'ဂေါ့'[၂] ကို တဦးတည်းသော ထာဝရသခင်အဖြစ်နဲ့ ကိုးကွယ်တယ်။ မွတ်စလင် ဘာသာမှာလဲ 'ခိုဒါ' ကို တဦးတည်းသော ထာဝရသခင် အဖြစ်နဲ့ ကိုးကွယ်တယ်။ အဲဒါကြောင့် ဒီဘာသာကြီး နှစ်ခုကိုလဲ၊ 'မိုနိုသီအငွှင်း' လို့ပဲခေါ်ရတယ်။

ဂျူးဒါးအငွှင်း၊ ခရစ်ယန် ဘာသာ၊ မွတ်စလင် ဘာသာဆိုပြီး၊ မိုနိုသီအငွှင်း ဘာသာကြီး သုံးရပ်ရှိတဲ့အထဲက၊ ဂျူးဒါးအငွှင်းဟာ ရှေးအကျဆုံး ဖြစ်တယ်။ ဂျူးဒါးအငွှင်းထဲက၊ အချက်ခပ်များများကို ခရစ်ယန်ဘာသာနဲ့ မွတ်စလင်ဘာသာတွေက လက်ခံထားကြတယ်။

ခရစ်ယန်'ဘိုင်ဘယ်'ထဲမှာဆိုယင်၊ **ဓမ္မဟောင်းကျမ်း**[၃] **နဲ့ ဓမ္မသစ်ကျမ်း**[၄] ဆိုပြီး၊ အပိုင်းကြီး နှစ်ပိုင်းရှိတယ်။

ဓမ္မဟောင်း ဆိုတာ၊ ခရစ်တော် မပေါ်မီ၊ ဟီးဘရူး ခေါင်းဆောင်ကြီး မိုးဇက်နှင့်ဆိုင်တဲ့ရှေးဟောင်း ဘာသာရေးအပိုင်းလို့ဆိုလိုတယ်။ အဲဒီအပိုင်းဟာ တခြားမဟုတ်၊ ဂျူးတွေရဲ့ ဘိုင်ဘယ် တခုလုံးကို ဘာသာပြန်ထားတဲ့အပိုင်းပဲ ဖြစ်တယ်။

ဓမ္မသစ်ကျမ်းကတော့၊ ခရစ်တော်နဲ့ ဆိုင်တဲ့အပိုင်း ဖြစ်တယ်။ ခရစ်တော်ပေါ်ပြီးတဲ့နောက်မှ၊ ဖြစ်ပေါ်လာတဲ့ ဘာသာရေးအပိုင်းသစ်လို့ ဆိုလိုတယ်။

---

၁။ မိုနိုသီအငွှင်း = Monotheism
၂။ ဂေါ့ = God
၃။ ဓမ္မဟောင်းကျမ်း = The Old Testament
၄။ ဓမ္မသစ်ကျမ်း = The New Testament

အခန်း ၇။

## ဟိးဘရူးလူမျိုး

### မှတ်စရာ ငါးခု၊ ဂရုပြု

၁။ ဟီးဘရူးလူမျိုးဟာ၊ ဆူမားရီးယန်လူမျိုး၊ အဆီးရီးယန်လူမျိုး၊ ကယ်ဒီးယန်လူမျိုး၊ ဟစ်တိုက်လူမျိုးတွေလို **တိမ်ကောပပျောက်မသွား** ပဲ၊ အခုထက်တိုင် ကမ္ဘာအနှံ့အပြားမှာ ထင်ထင်ရှားရှား ရှိကြသေး တယ်။

၂။ **သူတို့ကိုးကွယ်တဲ့ဘာသာက**၊ သူတို့လူမျိုးအားလုံးကို တပေါင်း တစည်းထဲ ဖြစ်နေအောင် ထိန်းသိမ်း ပေးတယ်။ **'ဂျူးဓါးအခွင်း'** ဆိုတာဟာ၊ ဂျူးလူမျိုးတွေ လိုက်နာကျင့်သုံးကြဘို့ ပြဋ္ဌာန်းထားတဲ့ ဘာသာရေး ဥပဒေတွေ ဖြစ်တယ်။ မိုးဇက်ရဲ့ ပညတ်တော် ၁၀-ပါး ဆိုတာဟာလဲ၊ သူတို့ လိုက်နာကျင့်သုံးရမဲ့ ၁၀-ပါးသီလပဲ ဖြစ်တယ်။

၃။ ယာဝေး(ဂျီဟိုဗာ)ဟာ၊ **တလောကလုံးကိုအုပ်စိုးတဲ့ ထာဝရ သခင်**ဖြစ်တယ်။ သူတို့လူမျိုး တဦးတည်းကိုသာ၊ သူ့လူတွေ အဖြစ်နဲ့ ယာဝေးက ရွေးချယ်ထားတယ်လို့လဲ သူတို့ယုံကြည်ကြတယ်။

၄။ သူတို့လူမျိုးဟာ၊ **စနေဥပုသ်နေ့မှာ ဘာမှ မလုပ်ရဘူးရယ်လို့**၊ **အမတန် အယူသီးကြတယ်။**

၅။ ဟီးဘရူးတွေဟာ၊ **အေဘရာဟမ်က ဆင်းသက်လာတယ်လို့** ယုံကြည်ကြတယ်။ အာရပ်တွေကလဲ၊ သူတို့လိုပဲ၊ အေဘရာဟမ်က ဆင်းသက်လာကြတယ်လို့ ယုံကြည်ကြတယ်။



(ပုံ-၁၂၃)

# အခန်း ၈။

## အ နောက် အာ ရှ သ မိုင်း

### ဆီးရီးယား[၁] နှင့် ဖီနစ်ရှား[၂]

### ၁။ ဆီးရီးယား

ရှေးခေတ်တုန်းက၊ ဟစ်တိုက်အင်ပိုင်ယာ၊ အဆီးရီးယန် အင်ပိုင်ယာ၊ အီဂျစ်အင်ပိုင်ယာဆိုပြီး၊ အင်ပိုင်ယာ သုံးခု ပေါ်ပေါက်ခဲ့တဲ့ အနက်၊ အဆီးရီးယန်နဲ့ အီဂျစ်အင်ပိုင်ယာတွေရဲ့ အကြောင်းကို ရှေးအခန်းတွေမှာ ပြောခဲ့ပြီးပြီ။ အဲဒီအကြောင်းတွေကို ပြောတုန်းက၊ ဆီးရီးယားနဲ့ ဖီနစ်ရှားနိုင်ငံကလေးတွေရဲ့အကြောင်းတွေကိုလဲ၊ သက်ဆိုင်တဲ့နေရာမှာ အနဲအကျဉ်း ပြောခဲ့ပြီးပြီ။ ဟစ် တိုက် အင် ပိုင် ယာ အကြောင်းကို နောက်အခန်းကျတော့မှပဲ ပြောတော့မယ်။

ဆီး ရီး ယား ဟာ၊ ဟစ်တိုက် အင်ပိုင်ယာ ရဲ့ တောင် ဘက်၊ အဆီးရီးယား အင်ပိုင်ယာရဲ့ အနောက်ဘက်၊ အီဂျစ် အင်ပိုင်ယာရဲ့ အရှေ့မြောက်ဘက်မှာ တည်ရှိတယ်။ ဆီးရီးယားဟာ၊မြေထဲပင်လယ်ရဲ့ အရှေ့ဘက်ကမ်းရိုးတန်းပေါ်မှာ၊မိုင်ခပါင်း၄၀၀ ခန့် ရှည်ပြီး၊မိုင်၁၀၀ ခန့် ကျယ်ဝန်းတဲ့နိုင်ငံကလေး ဖြစ်တယ်။ ဒီနိုင်ငံဟာ တောင်ထူထပ်တယ်။

---

(ပုံ-၁၂၃) ရှေးခေတ် ဒမက်စကပ်မြို့။ (စိတ်ကူးပန်းချီ)

၁။ ဆီးရီးယား = Syria (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၄၊ နှာ ၁၅၄)

၂။ ဖီနစ်ရှား = Phoenicia




(ပုံ-၁၂၄) အာရမီးယန် နဲ့ အဆီးရီးယန်စာရေး နှစ်ယောက်ဟာ၊ အညံ့ခံလိုက်ရတဲ့ မြို့နိုင်ငံတခုက တိုက်ရာပါ ပစ္စည်း တွေ ကို စာရင်း တင်ပြနေတယ်။

အဖမ်းခံရတဲ့ မိန်းမတွေနဲ့ ကလေးတွေဟာ၊ နွားလှည်းပေါ်လိုက်ပါလာကြရပြီး အဆီးရီးယား ရောက်တဲ့အခါ ခမြာတွေဟာ၊ ကျေးကျွန် အဖြစ် အရောင်းခံကြရမှာဖြစ်တယ်။ သိုးအုပ်ဆိတ်အုပ်တွေကိုလဲ သိုးကျောင်းသား တယောက်က မောင်းနှင်သွားတာကို ပုံထဲမှာမြင်နိုင်တယ်။

ဘယ်ဘက်ကရပ်နေတဲ့ အဆီးရီးယန်အရာရှိတဦးက ရွှံ့ပြားချပ်ပေါ်မှာ သူမှတ်စုလုပ်ခဲ့တာတွေကို ဖတ်ပြနေပြီး၊ စာရေးနှစ်ယောက်က စာရင်းတင် နေကြတယ်။

အဆီးရီးယန်လူမျိုး ပထမစာရေးက၊ သူ့ဘယ်ဘက်လက်မှာ ရွှံ့ပြားချပ်ကို ကိုင်ထားပြီး၊ သူ့ညာဘက်လက်က ကညစ်ကိုကိုင်ထားတယ်။ အာရမီးယန်လူမျိုး၊ ဒုတိယစာရေးက၊ သူ့ဘယ်ဘက်လက်မှာ ပပိုင်းရပ်အလိပ်ကို ကိုင်ထားပြီး၊ သူ့ညာဘက်လက်က ကလောင်တံနဲ့ အာရမေးအစ်ဘာသာ စကားနဲ့ စာရင်းတင်နေတယ်။ ဟိုတုန်းက ရေးနည်းနှစ်မျိုးကို အနောက် အာရှမှာ အသုံးပြုနေကြတယ် ဆိုတာကိုပြတယ်။ တနည်းက ခေတ်တိမ် လာတဲ့ ရွှံ့ပြားချပ်ပေါ်မှာရေးနည်းနဲ့၊ အခြား တနည်းကတော့၊ ခေတ်စား လာတဲ့၊ စက္ကူပေါ် မင်နဲ့ ကလောင်တံနဲ့ ရေးနည်းဖြစ်တယ်။

ပယ်လက်စတိုင်က၊ ဆီးရီးယားရဲ့ တောင်ဘက်မှာရှိပြီး၊ ဖီနစ်ရှားက မြောက်ဘက်မှာရှိတယ် (မြေပုံ-၄ ရှု)။

စစ်တပ်တွေဖြစ်ဖြစ်၊ ကုန်သည်တွေ ဖြစ်ဖြစ်၊ ခရီးသည်တွေ ဖြစ်ဖြစ်၊ အင်ပိုင်ယာ တခုက၊ တခြားအင်ပိုင်ယာတွေကို သွားချင်ယင်၊ ဒီနိုင်ငံကလေး သုံးခုကို ဖြတ်သွားရတယ်။ အဲဒါကြောင့် အင်ပိုင်ယာကြီး သုံးခု စစ်မဖြစ်တဲ့အခါ၊ ဒီနိုင်ငံကလေး သုံးနိုင်ငံဟာ၊ အင်ပိုင်ယာကြီး သုံးခုရဲ့ ကုန်ပစ္စည်းတွေ **လဲလှယ်ရာ၊ရောင်းဝယ်ရာဌာနတွေ** ဖြစ်တယ်။ အင်ပိုင်ယာကြီးသုံးခုရဲ့ ယဉ်ကျေးမှုသုံးခု တွေ့ဆုံရာဌာနတွေ ဖြစ်တယ်။ ဒါပေမဲ့၊ ဒီအင်ပိုင်ယာကြီးသုံးခုစစ်ဖြစ်တဲ့အခါ၊ ဒီနိုင်ငံကလေး သုံးနိုင်ငံဟာ **စစ်တလင်းတွေ** ဖြစ်တယ်။

ရှေးအကျဆုံး ခေတ်ကစပြီးတော့ပဲ၊ ဆီးရီးယားမှာ လူတွေနေထိုင်ခဲ့ကြဘူးတယ်ဆိုတဲ့ အထောက်အထားတွေကို တွေ့ရတယ်။ ဒါပေမဲ့ လူတွေဟာ အတည်တကျ မနေကြဘူး။ လူတမျိုး ထွက်သွားလိုက်၊ နောက်တမျိုးဝင်လာလိုက်။ အဲဒီလို ထွက်ချီ ဝင်ချီဖြစ်နေတယ်။ မိုးခေါင်ရေရှားတဲ့အခါ၊ အာရေဗျ သဲကန္တာရကြီးထဲက ဆမ္မိုက် ခြေသလုံးအိမ် တိုင် ပြု သမားတွေ လဲ၊ ဆီးရီးယားရဲ့ မြေဩဇာ ကောင်းတဲ့ တောင်ကြားဒေသတွေထဲကို ဝင်လာပြီး အခြေစိုက်တတ်ကြတယ်။

## ကူးသန်း ရောင်းဝယ်ရေး

အခုပြောခဲ့သလို အင်ပိုင်ယာကြီး သုံး ခု ကို သွား တဲ့ လမ်းကြောင်းပေါ်မှာ ကျနေတဲ့အတွက်၊ စစ်မဖြစ်တဲ့ အချိန်အခါတွေမှာ ဆိုယင်၊ ဒီအင်ပိုင်ယာကြီး သုံးခုက ထွက်တဲ့ ကုန်ပစ္စည်းတွေကို၊ ဆီးရီးယားမှာ လာပြီး အရောင်းအဝယ် လုပ်ကြတယ်၊ လဲလှယ်ကြတယ်။ ဒီနိုင်ငံကြီး သုံးနိုင်ငံအပြင်၊ မြေထဲပင်လယ်ရဲ့ အနောက်ဘက်မှာ ရှိတဲ့ နိုင်ငံတွေက ကုန်ပစ္စည်းတွေကိုလဲ၊ ဆီးရီးယားမှာ လာပြီး ရောင်းကြတယ်၊ လဲလှယ်ကြတယ်။

ဆီးရီးယားမှာ၊ဘီ၊စီ ၄၀၀၀ လောက်ကထဲက၊ **ကြေးနီကို အသုံးပြုခဲ့ကြတယ်။** ဘီ၊စီ ၂၀၀၀လောက် ရောက်တဲ့အခါ၊ ဆီးရီးယားမှာ မြင်းမွေးမြူရေးလုပ်ငန်း စတင်ပေါ်ပေါက်လာတာကို တွေ့ရတယ်။ အဲဒီခေတ်လောက်မှာပဲ၊ ပင်လယ်နက် အနီးအနားမှာ သံကို တူးဖော်ရတဲ့ရှိ



(ပုံ-၁၂၅) အာရမေးအစ် ဘာသာစကား နဲ့ ရေးသားထားတဲ့ လျှောက်လွှာတစောင်။

စာပါ အကြောင်းရပ် က တော့၊ မလိုမုန်းထားကြတဲ့ အီဂျစ် လူမျိုး ဘုန်းကြီးတသိုက်ဟာ ဟီးဘရူးဝတ်ကျောင်းကို ဝင်ရောက်မီးရှို့ပြီး၊ ရွှေခွက် ငွေခွက်တွေကို လုယက်သွားတဲ့အကြောင်း၊ လွန်ခဲ့တဲ့ သုံးနှစ်လုံးလုံး ဒီ ဝတ်ကျောင်းကို ပြန်လည်တည်ဆောက်ခွင့် တောင်းဆိုခဲ့တာလဲ အချည်းနှီးဖြစ်ခဲ့ရကြောင်းပဲဖြစ်တယ်။

အဲဒါကြောင့် ဘီ၊စီ ၄၀၇မှာ ဟီးဘရူး ခေါင်းဆောင်တွေဟာ၊ ပါရှန် လူမျိုးဖြစ်တဲ့ ပယ်လက်စတိုင် ဘုရင်ခံဆီကို လျှောက်လွှာတစောင် ပို့တယ်။ ဒီ လျှောက်လွှာထဲမှာ၊ သူတို့ရဲ့ ဝတ်ကျောင်းကို ပြန်ဆောက်ခွင့် ပြု အောင် ပယ်လက်စတိုင်ဘုရင်ခံက၊ ပါရှန်လူမျိုးပဲဖြစ်တဲ့ အီဂျစ် ဘုရင်ခံဆီမှာ၊ သူတို့ ကိုယ်စား မေတ္တာရပ်ပေးဘို့ အသနားခံထားကြတယ်။

ဒီလျှောက်လွှာကို၊ပပိုင်းရပ်ပေါ်မှာ မင်ကလောင်တံနဲ့၊ဟီးဘရူးဘာသာ စကားထက် ပိုမိုခေတ်စားလာတဲ့၊ (ဗီနစ်ရှန် အက္ခရာကို အသုံးပြုတဲ့) အာရမေးအစ် ဘာသာစကားနဲ့၊ ရေးသားထားတာကို တွေ့ရတယ်။

အတွက်၊ ဆီးရီးယားရဲ့ ကူးသန်းရောင်းဝယ်ရေးဟာ ရှေးကထက် တိုးတက်ဖွံ့ဖြိုးလာပြန်တယ်။

ဘီ၊စီ ၁၄၀၀လောက်ဆီ ရောက်တော့၊အာရေဗျသဲကန္တာရကြီးထဲက၊ **အာရမီးယန်**[၁] လို့ ခေါ်တဲ့ ခြေသလုံး အိမ်တိုင်သမားတွေဟာ၊ ဆီးရီးယားနိုင်ငံထဲကို လှိမ့်ဝင်လာကြပြီး အခြေစိုက်ကြတယ်။ဒီလူတွေဟာ၊ အီဂျစ်နဲ့ ဟစ်တိုက်လူမျိုးတွေဆီက ဗဟုသုတတွေကို ရကြတဲ့အတွက်၊ ဆီးရီးယားနိုင်ငံထဲမှာ၊ တမြို့တနိုင်ငံဆိုတဲ့ နိုင်ငံတွေကို ထူထောင်ကြတယ်။ **ဒမက်စကပ်**[၂] နိုင်ငံဟာ၊ အဲဒီ နိုင်ငံတွေထဲမှာ အတောင့်တင်းဆုံး၊ တန်ခိုးအရှိဆုံး နိုင်ငံဖြစ်တယ်။

ဒီအာရမီးယန်လူမျိုးတွေ ရောက်လာပြီးတဲ့နောက်၊ဆီးရီးယားရဲ့ ကူးသန်းရောင်းဝယ်ရေးဟာ၊ ရှေးကထက် တိုးတက် ဖွံ့ဖြိုးလာတယ်။ **ဒီအာရမီးယန်တွေဟာ၊ အဲဒီခေတ်က ကူးသန်း ရောင်းဝယ်ရေးမှာ ခေါင်းဆောင်တွေ ဖြစ်တယ်။ ဘဏ်တိုက်**[၃]တွေဟာ၊ဒီအာရမီးယန်တွေ လက်ထက်ကစပြီး ပေါ်ပေါက်လာတယ်လို့၊ သမိုင်းဆရာတွေက ယူဆကြတယ်။

## အာရမေးအစ် အရေးအသား

ဘီ၊စီ ၁၀၀၀-လောက်မှာ၊ ဒီအာရမီးယန် လူမျိုးတွေဟာ၊ **အရေးအသား** တမျိုးကိုစပြီး အသုံးပြုတာ တွေ့ရတယ်(ပုံ-၁၂၅)။ ဒီအရေးအသားဟာ၊ သူတို့စပြီး တီထွင်တာတော့ ဟုတ်မယ်မထင်ဘူး။ ကေးနန်းနိုက်လူမျိုးတွေဖြစ်ဖြစ်၊ **ဖီနစ်ရှန်**လူမျိုးတွေဖြစ်ဖြစ်၊ စပြီး တီထွင်ထားတာကို၊ သူတို့ကထပ်ပြီး ချဲ့လိုက်ပုံပေါ်တယ်။ဒီအရေးအသားဟာ၊ 'ဟီအာရိုဂလစ်' အရုပ်စာ အရေးအသားမျိုး၊ 'ကူနီအီဖေါင်' သပ်နဲ့တူတဲ့ အရေးအသားမျိုးနဲ့ လုံးဝမတူဘူး။ အာရမေးအစ် အရေးအသားမှာ၊ အရုပ်တွေ၊ အမှတ်အသားတွေကို လုံးဝမသုံးကြတော့ပဲ၊ က၊ခ၊ဂ တို့လို၊ အေ၊ဘီ၊စီ တို့လို၊အက္ခရာ သက်သက်တွေကိုသာ သုံးကြတာကို တွေ့ရတယ်။

---

၁။ အာရမီးယန်လူမျိုး = The Arameans
၂။ ဒမက်စကပ် = Damascus (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၅၊ နှာ ၂၄၆)
၃။ ဘဏ်နှင့် ဘဏ်လုပ်ငန်း = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၈၊ နှာ ၃၅၄)

ဒီအရေးအသားဟာ၊ အနောက်အာရှ တခုလုံးကိုလဲ ပျံ့သွားတယ်။ နောက်ပြီးတော့ ပါရှားနိုင်ငံကိုလဲ ရောက်သွားတယ်။ အိန္ဒိယနိုင်ငံရဲ့ အရှေ့ပိုင်းဒေသကိုတောင် ရောက် သွား တယ်။ အဲဒီအခါက အိန္ဒိယအရှေ့ပိုင်းဒေသမှာနေကြတဲ့ လူတွေအသုံးပြုတဲ့ **သသ်ကရိုက်ဘာသာစကားရဲ့** အက္ခရာတွေဟာ၊ အခုပြောခဲ့တဲ့ အ က္ခ ရာ တွေ က ဆင်းသက်လာတယ်လို့၊ သမိုင်းဆရာတွေ အယူရှိကြတယ်။



(ပုံ-၁၂၆)

## ၂။ ဖိ နစ် ရှား

ပင်လယ်နီ ကမ်းရိုးတန်း တ လျှောက်မှာ နေကြတဲ့၊ ဆမ္မိုက်အနွယ်တွေဖြစ်ကြတဲ့၊ ကေးနန်းနိုက် ခြေသလုံးအိမ်တိုင်သမားတွေဟာ၊ ဘီ၊ စီ ၃၀၀၀-လောက်က၊ ဖိနစ်ရှားနိုင်ငံထဲကိုဝင်လာပြီး၊ အခြေစိုက်ကြတယ်။ ဂရိလူမျိုးတွေက၊ ဒီလူတွေကို 'လူနီ'တွေလို့ ပြောင်ပြီးခေါ်ကြတယ်။ **ဒီဖိနစ်ရှန် လူမျိုး**[၁]တွေလဲ၊ တမြို့ တ နိုင် ငံ ဆို တဲ့ နိုင်ငံတွေကို ထူထောင်ကြတယ်။

အဲဒီ နိုင်ငံတွေထဲမှာ၊ **တိုင်ရာ**[၂] (ပုံ-၁၂၇)၊ **ဆီဒွန်**[၃]၊ **ဘစ်ဘလော့**[၄]၊ **အာရဒပ်**[၅]ဆိုတဲ့ နိုင်ငံတွေဟာ (မြေပုံ-၄ ရှု) အထင်ရှား

---

**(ပုံ-၁၂၆) ဖိနစ်ရှန်ကုန်သည်သင်္ဘောစု။**

၁။ ဖိနစ်ရှန်လူမျိုး = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၇၊ နှာ ၂၇၀)

၂။ တိုင်ရာ = Tyre

၃။ ဆီဒွန် = Sidon

၄။ ဘစ်ဘလော့ = Byblos

၅။ အာရဒပ် = Aradus



(ပုံ-၁၂၇) တိုင်ရာမြို့ဆိပ်ကမ်းကို ကုန်းဘက်ကနေပြီး မြင်ရပုံ

ဆုံးဖြစ်တယ်။ ဒီနိုင်ငံတွေဟာ၊ တနိုင်ငံနဲ့တနိုင်ငံ အကြီးအကျယ် အပြိုင်အဆိုင်တွေဖြစ်ကြပြီး၊ တဦးနဲ့တဦး မသင့်မြတ်ကြဘူး။ ဒီဖီနစ်ရှန်တွေဟာ ကမ္ဘာ့သမိုင်းမှာ၊ ရှေး အကျဆုံး ပင်လယ် နဲ့ အ သက် မွေး သူ တွေ ဖြစ်တယ်။

## ဖီနစ်ရှန်တွေ ပင်လယ်မှာ ကျက်စားလာခြင်း

အစပထမတုန်းကတော့၊ ကုန်းပေါ်မှာ အစာဝအောင် မစားရတဲ့အတွက် ဒီဖီနစ်ရှန်တွေဟာ၊ ပင်လယ်ထဲကို အစာရှာထွက်ကြတာပါပဲ။ မြေထဲပင်လယ်ထဲမှာ ငွေးလို အမတန်ကြီးတဲ့ 'တန်းနီး'[၁] လို့ ခေါ်တဲ့ ငါးကြီးတမျိုး ရှိတယ်(ပုံ-၁၂၈)။ ဒီငါးကြီးမျိုး တကောင်လောက်ကိုမိလိုက်ယင်၊ မိသားစုတွေ အများကြီး အတော် ကြာ ကြာ စားလို့မကုန်နိုင်ဘူး။ ဒီမြေထဲပင်လယ် ကမ်းရိုးတန်းတပိုက်မှာ နေကြတဲ့ သူတွေဟာ၊ ဒီငါးကိုအစာအဖြစ်နဲ့ နှစ်ပေါင်း ထောင်ပေါင်းများစွာ စားသောက်ခဲ့ကြတယ်။

ဒီဖီနစ်ရှန်တွေဟာ၊ သစ်ပင်ကိုထွင်းထားတဲ့ လုံးထွင်းလှေတွေကို စပြီးအသုံးပြုကြတယ်။ ဖောင်တွေကို အသုံးပြုကြတယ်။ အစမှာတော့၊ လှေကို လှော်တက်နဲ့ ရိုးရိုးလှော်ကြတာပါပဲ။ နောက်တော့မှ၊ လှော်တက်တွေကို ခတ်ကွင်းထဲထဲ့ပြီး ခတ်တဲ့အတတ်ကို ရလာကြတယ်။

---

၁။ တန်းနီးငါး = Tunny (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၅၊ နှာ ၁၄၁)



(ပုံ-၁၂၀) အဆီများပြီး အမတန်ကြီးတဲ့ ပင်လယ်ငါးကြီး 'တန်းနီး'
(ပေါင်ချိန် ၁၅၀၀ ထိ တခါတရံရှိတယ်။)

နောက်တဆင့် တက်ပြီး၊ နွားရေ၊ ပပိုင်းရပ်စက္ကူအစရှိတာတွေနဲ့လုပ်တဲ့ **ရွက်**ကို အသုံးပြုလာတတ်ကြပြန်တယ်။ နောက်တဆင့်တက်ကြပြန်ပြီး၊ **စစ်လှေကြီး**တွေကို တည်ဆောက်ကြပြန်တယ်။ ဒီစစ်လှေတွေမှာ ရွက်ရှိတယ်။ လှေတလှေမှာ၊ကြီးကြီးသလို၊ငယ်ငယ်သလို၊ လှေခတ်တဲ့လူတွေဟာ သုံးဆယ်အထိရှိတယ်။ (ပုံ-၁၂၉)

ဒီစစ်လှေတွေကို တည် ဆောက် ဖို့ အ တွက်၊ အ ကောင်း ဆုံး သစ်သားကို **လယ်ဘနန်တောင်**[၁] ရဲ့ ကျောဘက်က တောထဲကရတယ်။ လုံးထွင်း လှေ တွေ ကို သုံးခါစတုန်းက၊ ဒီဖိနစ်ရှန်တွေဟာ၊ ပင်လယ် ကမ်း ရိုး တလျှောက် လောက်ကိုသာ သွား နိုင် တယ်။ သမ္ဘန်တွေ တည်ဆောက်ပြီးတဲ့အခါ၊ ပင်လယ်ခြားမှာရှိတဲ့ အရပ်ဒေသတွေအထိ သူတို့သွားနိုင်ကြတယ်။သူတို့အခုလိုမသွားမလာနိုင်ခင်တုန်းက၊ပင်လယ် ခြား သယ်ယူပို့ဆောင်ရေး လုပ်ငန်းဟာ ကရိကျွန်းသူကျွန်းသားတွေရဲ့ လက်ထဲမှာ ရှိတယ်။ သူတို့အခုလို သွားလာနိုင်တဲ့အခါ၊ ဒီလုပ်ငန်းဟာ သူတို့ရဲ့ လက်ထဲကို ရောက်လာတယ်။

## ကုန်ရောင်းကုန်ဝယ် လုပ်ခြင်း

အဲဒီအခါတုန်းက၊ **သင်္ဘောအိမ်မြှောင်**[၂] လဲ မရှိ၊ မြေပုံလဲမရှိ ဆိုတော့၊ ပင်လယ်ခရီးဟာ အမတန် ကြောက် စ ရာ ကောင်း တယ်။ ဒီဖိနစ်ရှန်တွေကတော့၊ အမြတ်ရဖို့လမ်းမြင်ယင်၊ အသက်ကို ပမာဏ

၁။ လယ်ဘနန်တောင် = Mt. Lebanon
၂။ သင်္ဘောအိမ်မြှောင် = Mariner's Compass

မထားဘူး၊ သွားကြတာပဲ။ အဲဒါကြောင့် သူတို့ရဲ့ စွမ်းရည်နဲ့သတ္တိဟာ၊ အနီးအဝေးနိုင်ငံတွေမှာ အခုတော်ပျံ့နှံ့သွားတယ်။ စခါစတုန်းကတော့၊ သူတို့ဟာ နေ့မှာသာ ခရီးသွားလေ့ရှိတယ်။ နောက်တော့၊ ကြယ်တာရာတွေရဲ့ အသွားအလာကို လေ့လာနိုင်လာကြတဲ့အခါ၊ ညဘက်ပါ ခရီးသွားကြတယ်။

## ကိုလိုနီ ထူထောင်ခြင်း

ဒီဖိနစ်ရှန်တွေဟာ၊ မြေထဲပင်လယ်မှာ ခရီးသွားတာ အတော်ကျင် လည် လာ တဲ့ အ ခါ၊ မြေထဲပင်လယ်တခုလုံးရဲ့ ကမ်း ရိုး တန်း တလျှောက်မှာ၊ သူတို့လူမျိုးတွေကို ဖြန့်ထားတယ်။ အစမှာတော့၊ ဒီလိုဖြန့်ထားတဲ့ လူတွေဟာ၊ လက်တဆုပ်လောက်ပါပဲ။ နောက်တော့ တဖြေးဖြေး များလာတယ်။ ဒီလို သူတို့ လူမျိုးအတွက် ကိုလိုနီတွေ လျှောက်ဖွဲ့ပေးတာဟာ၊ သူတို့မှာ အကျိုးအများကြီးရှိတယ်။

ဒီလို ကိုလိုနီတွေဟာ၊ သူတို့သင်္ဘောတွေ ဆိုက်လာတဲ့အခါ၊လိုတဲ့ ကုန်ပစ္စည်းတွေ ဝယ်ပေးတယ်၊ သတင်းပေးတယ်၊ တခြားလိုတဲ့အကူအညီတွေကိုလဲ ပေးတယ်။ ဒါ့အပြင်၊ ဒီလို လူပိုတွေကို အပြင်ထုတ်လိုက်ရတဲ့အတွက်၊ အမတန် သေးတဲ့ ဖိနစ်ရှန်နိုင်ငံကလေးမှာလဲ သူတို့ကို စောင့်ရှောက်ဘို့ တာဝန် ပေါ့သွားတယ်။ ဒီလို ကိုလိုနီအဖွဲ့တွေဟာ၊ အာဖရိက ကမ်းရိုးတလျှောက်မှာ ရှိတယ်။ စစ်စလီကျွန်းမှာ ရှိတယ်။ ပြင်သစ်ရဲ့ အရှေ့တောင် ကမ်းရိုးတန်းမှာ ရှိတယ်။ မြေထဲပင်လယ်ရဲ့ အနောက်ဘက်စွန်းမှာရှိတဲ့ စပိန်လိုနိုင်ငံမှာအထိ ရှိတယ်။

## ဖိနစ်ရှန်အက္ခရာ

ဖိနစ်ရှန်တွေဟာ၊ အီဂျစ်လူမျိုးတွေရဲ့ **အရုပ်စာ** အရေးအသားကို မှီပြီး၊ **အက္ခရာတွေကို တီထွင်ကြတယ်။** အနောက် နိုင်ငံတွေမှာ အခုသုံးနေကြတဲ့ အေ၊ဘီ၊စီ၊ဒီ ဆိုတဲ့ အက္ခရာတွေဟာ၊ ဖိနစ်ရှန်တွေ စတင်တီထွင်သွားတဲ့ အက္ခရာတွေက ဆင်းသက်လာကြတာ ဖြစ်တယ်။ ဖိနစ်ရှန်အက္ခရာတွေဟာ၊ ရှေးဦးစွာ ဂရိနိုင်ငံကို ရောက်သွားတယ်။ ဂရိနိုင်ငံကမှ၊ ဥရောပကို ပျံ့နှံ့သွားတယ်။ (ပုံ-၁၃၀)

ဒီဖိနစ်ရှန်တွေဟာ၊ နတ်တွေအများကြီးကို ကိုးကွယ်တယ်။ သူတို့မှာ နေနတ်သား၊ လနတ်သမီး၊ မြေဩဇာနတ်သမီး အစရှိတဲ့ နတ်တွေ



(ပုံ-၁၂၉) လှေခတ်သမား ၃၀ အထိရှိတဲ့၊ ရွက်လဲ တပ်ဆင်ထားတဲ့၊ ဖိနစ်ရှန်လှေကြီး။

အများကြီးရှိတယ်။ အဲဒီနတ်သားတွေ၊ နတ်သမီးတွေ အများကြီးထဲမှာ၊ **ဘေးအယ်**[၁] ဆိုတာဟာ အကြီးဆုံးဖြစ်တယ်။ ဒီနတ်တွေကို သူတို့ပူဇော်ပသပုံဟာ သိပ်ပြီး ကြမ်းတယ်။ ခလေးတွေကိုတောင် ယစ်နတ် ပူဇော်ကြတယ်ဆိုတဲ့ အထောက်အထားတွေကို တွေ့ရတယ်။

ဒီဖိနစ်ရှန်တွေဟာ၊ပင်လယ်ထဲမှာ ကုန်ရောင်းကုန်ဝယ်လုပ်ရင်း (ပုံ-၁၃၁)၊ သယ်ယူပို့ဆောင်ရင်း၊ လစ်ယင်လစ်သလို၊သူများနိုင်ငံတွေက မိန်းမတွေကို ခိုးယူပြီး၊ ကျွန်တွေအဖြစ်နဲ့ ရောင်းတတ်တယ်။

ဒီအကျင့်ဆိုးကြောင့်၊ အိမ်နီးနားချင်းဖြစ်တဲ့ ဟီးဘရူးတွေဟာ ဖိနစ်ရှန်တွေဆိုယင် နဲနဲကလေးမှ မယုံကြဘူး။ ဒီဖိနစ်ရှန်တွေကို မယုံကြည်ရာက စပြီး၊ ဟီးဘရူးတွေမှာ ပင်လယ်ကိုအကြောက်ကြီး ကြောက်တဲ့ ကြောက်စိတ်တွေ ဖြစ်ပေါ်လာကြတယ်။ သူတို့ရဲ့ ရှေးဟောင်းသမိုင်းကို လေ့လာယင်၊ ဟီးဘရူးတွေမှာ ပင်လယ်ဆိုယင် သိပ်ကြောက်တတ်တဲ့ ကြောက်စိတ်တွေ ရှိတယ်ဆိုတာ တွေ့ရမယ်။

---

၁။ ဘေးအယ် = Baal

ဒီဖိနစ်ရှန်တွေဟာ၊ ပင်လယ်ကို လက်ဝါးကြီးအုပ်ထားချင်တဲ့ အတွက်၊ တခြားနိုင်ငံသားတွေ ပင်လယ်ထဲမှာ ခရီးမသွားဝံ့အောင်၊ ပင်လယ် ရဲ့ ကြောက်စရာ ကောင်းပုံတွေကို ချဲ့ထွင်ပြီး၊ နိုင်ငံခြားသားတွေနဲ့ တွေ့တိုင်း ပြောလေ့ရှိကြတယ်။

ခေါင်းခြောက်လုံးရှိတဲ့ **ဆီးလား**[၁] နဲ့ **ကာရစ်ဘဒစ်**[၂] ဆိုတဲ့ ရေနဂါးကြီး နှစ်ကောင်ဟာ မက်ဆီးနား ရေလက်ကြားရဲ့၊ ဟိုဘက်ကမ်း ဒီဘက်ကမ်းမှာ စောင့်နေတဲ့အတွက်၊ လှေမှန်သမျှဟာ ဒီရေလက်ကြားကိုဖြတ်လို့မရဘူး။ ဒီရေနဂါးကြီးတွေကြောင့်




(ပုံ-၁၃၀) (1) ရှေးအီဂျစ်စာက အခုအခါ ဥရောပတိုက်မှာ အသုံးပြုနေတဲ့ အက္ခရာ ဖြစ်ပေါ်လာအောင် (3) ဖိနစ်ရှန် လူမျိုးတွေက၊ ဘယ်လို အမွေပေးခဲ့ပုံကို ဒီဇယားမှာပြထားတယ်။

အီဂျစ်အရုပ်စာကို မြန်မြန်ရေးတဲ့အခါ၊ ဇယားကွက် (2) မှာလိုဖြစ်လာတယ်။ ရှေးဂရိစာကိုညာဘက်က ဘယ်ဘက်ကိုရေးပြီး၊ နောင်းဂရိစာကို ဘယ်ဘက်က ညာဘက်ကိုရေးတဲ့ အတွက် ဇယားကွက် (4) နဲ့ (5) ခြားနားနေတာ တွေ့ရမယ်။ ဇယားကွက် (6)က၊ လက်တင် အက္ခရာ၊ ဇယားကွက် (7)က၊အခုခေတ် **အင်္ဂလိပ်အက္ခရာဖြစ်တယ်။**

၁။ ဆီးလား = Scylla　　၂။ ကာရစ်ဘဒစ် = Charybdis



(ပုံ-၁၃၁) (ညာဘက်က) ဗီနစ်ရှန်ကုန်သည်တွေဟာ၊ သူတို့ရဲ့ကုန်ပစ္စည်းတွေကို တည်ခင်းပြသရောင်းချနေတယ်။

တဘက်ကမ်းကိုကပ်သွားယင်၊ လှေမှန်သမျှဝဲထဲမှာမြုပ်ရမယ်။ တခြားဘက်ကမ်းကိုကပ်သွားပြန်ယင်လဲ၊ ကျောက်ဆောင်ပေါ်မှာ ပျက်ရမယ်ဆိုတဲ့ပုံပြင်တခုဟာ ရှေးဟောင်းပုံပြင်တွေထဲမှာအတော်ထင်ရှားတယ်။ အဲဒီပုံပြင်ဟာ၊ ဗီနစ်ရှန်တွေ ထွင်သွားတဲ့ ပုံပြင်တွေထဲက ပုံပြင်တခု ဖြစ်တယ်လို့၊ သမိုင်းဆရာတွေက ယူဆကြတယ်။

ဒီဖိနစ်ရှန်တွေဟာ၊ ဇွဲနဲ့သတ္တိမှာ တော်တော်ကောင်းတဲ့ လူမျိုးတွေပဲ။ ဒါပေမဲ့၊ ပါရှား နဲ့ **မက် ဆီ ဒိုး နီး ယား** နိုင်ငံတွေရဲ့ စစ်မက်အင်အားတွေဟာ၊ အမတန်ကြီးမားလွန်းတဲ့အတွက် သူတို့မခံနိုင်ရှာဘူး။ ဒီနိုင်ငံကြီး နှစ်နိုင်ငံရဲ့လက်အောက်ကို ဖိနစ်ရှား ရောက်သွားရရှာသေးတယ်။

အာဖရိကတိုက်မှာ သူတို့အခြေစိုက်ပစ်ခဲ့တဲ့ သူတို့ရဲ့ကိုလိုနီတွေကတော့၊ ပျက်မသွားဘူး။ ဒီကိုလိုနီတွေထဲက ကိုလိုနီတခုဟာ၊ နှစ်ပေါင်းအတော် ကြာတဲ့အခါ၊ **ကာသေ့**[၁] အမည်နဲ့ နိုင်ငံတနိုင်ငံဖြစ်လာပြီး၊ အနောက်ဘက် မြေထဲပင်လယ်ကို လက်ဝါးကြီးအုပ်ဘို့ ကိစ္စအတွက်၊ အင်အားကြီးမားတဲ့ ရောမနိုင်ငံနဲ့တောင် အားချင်းယှဉ်ပြိုင်ခဲ့ဘူးတယ်။

## အခန်း ဂ။

## မှတ်စရာခုနစ်ခု၊ ဂရုပြု

## ဆီး ရီး ယား

၁။ ဘီ၊ စီ ၁၄၀၀-လောက်မှာ၊ **အာရမီးယန်တွေဟာ**၊ ဆီးရီးယားနိုင်ငံထဲ လှိမ့်ဝင်လာကြပြီး၊ တမြို့တ နိုင်ငံ ထူ ထောင် ကြ တယ်။ **ဒမက်စကပ်မြို့**ဟာ အထင်ရှားဆုံးဖြစ်တယ်။

၂။ အာရမီးယန်တွေဟာ၊ကုန်သန်းရောင်းဝယ်ရေးမှာခေါင်းဆောင်ဖြစ်တယ်။ **ဘက်တိုက်စနစ်ဟာ**၊ သူတို့လက်ထက်ကစပြီး ပေါ်ပေါက်လာတာဖြစ်တယ်။

၃။ **အာရမေးအစ်အရေးအသားကို**၊ အာရမီးယန်တွေဟာ (ဖိနစ်ရှန်ကစပြီး တီထွင်ခဲ့တဲ့ အက္ခရာကို၊ သူတို့က ထပ်ချဲ့လိုက်ပြီး) စတင်

---

၁။ ကာသေ့=Carthage

အသုံးပြုလာကြတယ်။ ဒီအရေးအသားဟာ၊ အတော် ပျံ့နှံ့ သွားတဲ့ အတွက်၊ ဟိုတုန်းက အိန္ဒိယမှာအသုံးပြုတဲ့၊ သသ်ကရိုက် ဘာသာ ဟာ၊ အာရမေးအစ် အရေး အသားက ဆင်း သက် လာ တယ် လို့ ဆိုကြတယ်။

## ဗိ နစ် ရှား

၁။ ဗိနစ်ရှန်တွေဟာ၊အစာရှာထွက်ရင်းက၊ **ပင်လယ်မှာကျက်စား** လာကြတယ်။

၂။ သူတို့ရဲ့ကိုလိုနီတွေကို၊ **မြေထဲပင်လယ်ကမ်းရိုးတန်းတလျှောက်** ထူထောင်ထားကြတယ်။ သူတို့ရဲ့ ကိုလိုနီတွေအထဲမှာ 'ကာသေ့'ဟာ၊ အထင်ရှားဆုံးဖြစ်တယ်။

၃။ ဗိနစ်ရှန်တွေဟာ၊ **ပင်လယ်ထဲမှာ ကုန်ရောင်းကုန်ဝယ်**လုပ်ရင်း၊ သူများနိုင်ငံက မိန်းမတွေကိုခိုးယူပြီး၊ ကျေးကျွန်အဖြစ် ရောင်းစားတတ်ကြတယ်။

၄။ **ဗိနစ်ရှန်အက္ခရာကို** တီထွင်ခဲ့တယ်။ အခုအခါ အနောက်နိုင်ငံတွေမှာ အသုံးပြုနေကြတဲ့ အက္ခရာတွေဟာ၊ ဒီအက္ခရာကစပြီး ဆင်း သက်လာတာဖြစ်တယ်။



(ပုံ-၁၃၂)

အခန်း ၉။

## အနောက်အာရှသမိုင်း

## ဟစ်တိုက်အင်ပိုင်ယာ

ရှေးခေတ်က ကမ္ဘာ့အနီး အရှေ့ပိုင်းမှာ၊ ပေါ်ပေါက်ခဲ့ဘူးတဲ့ အင်ပိုင်ယာကြီး သုံးခုရှိတဲ့အနက်၊ အီဂျစ် အင်ပိုင်ယာနဲ့ အဆီးရီးယန် အင်ပိုင်ယာတွေရဲ့အကြောင်းကို ရှေးအခန်းတွေမှာပြောခဲ့ပြီးပြီ။ အခု ဟစ်တိုက် အင်ပိုင်ယာအကြောင်းကို ပြောမယ်။

အာရေဗျ သဲကန္တာရကြီးရဲ့ မြောက်ပိုင်းက မြက်ခင်းပြင်တွေ ပေါ်မှာ သိုးကျောင်းရင်း ခြေသလုံးအိမ်တိုင် ပြုနေကြတဲ့၊ ဆမ္မိုက်ဆိုတဲ့

---

(ပုံ-၁၃၂) **ဟစ်တိုက် အနုပညာလက်ရာ။** ခြင်္သေ့ကျောက်ရုပ် ပေါ်မှာ ကျောက်စာ ထုထားတယ်။ ဟစ်တိုက်ဘုရင်တွေ ကျောက် အဆောက် အဦ တည်ဆောက်လာတဲ့အခါကျမှ၊ အီဂျစ်နိုင်ငံမှာလို ကျောက်ထက် အက္ခရာတင် ထား ချင်တဲ့ အတွက်၊ ဟစ်တိုက် အ ရုပ်စာ ကို တီထွင် လာ ကြ တယ်။ (ဟစ်တိုက်အရုပ်စာကို အခုတိုင် အဓိပ္ပါယ် မဖေါ်နိုင်ကြသေးဘူး။ကျောက်ဆစ် ထု အတတ်မှာ၊အီဂျစ်ရဲ့အငွေ့ အသက်မကင်းတဲ့ပြင်၊ ဆန်းသစ် တီထွင်မှုမရှိဘူး ရယ်လို့၊သမိုင်းဆရာ တချို့က ဝေဘန်ကြတယ်)။

မိဘလူမျိုးကြီးက (၁) ပယ်လက်စတိုင်မှာ ဟီးဘရူးလူမျိုး၊ (၂) ဆီးရီးယားမှာ အာရမီးယန်လူမျိုး၊ (၃) ဖီနစ်ရှား နဲ့ ဖီနစ်ရှန်ကိုလိုနီတွေမှာ ဖီနစ်ရှန်လူမျိုး၊ (၄) အဆီးရီးယားမှာ အဆီးရီးယန်လူမျိုး၊ (၅) ဘက်ဘီလိုးနီးယားမှာ ဆူမားရီးယန်လူမျိုး နဲ့ အက်ကက်ဒီးယန်လူမျိုးတွေ ဆင်းသက် ပေါက်ဘွားလာကြတာကို ရှေးအခန်းတွေမှာ ပြောခဲ့ပြီးပြီ။

## အင်ဒို-ဥရောပ လူမျိုးတွေ

အခုအခန်းမှာ **'အင်ဒို-ဥရောပတိုက်သား'**[၁] ဆိုတဲ့ မိဘလူမျိုးကြီးက၊ ဆင်းသက် ပေါက်ဘွားလာ တဲ့ လူမျိုးတွေအကြောင်းကို နဲနဲလောက် ပြောပြချင်တယ်။

အာခရေ့ဗျ သဲကန္တာရကြီးရဲ့ မြောက်ဘက်မှာ သိုးဆိတ်တွေရဲ့ စားကျက်တွေဖြစ်တဲ့ မြက်ခင်းပြင်တွေရှိသလို၊ ဒဲနျူမြစ်ရဲ့အောက်ပိုင်းဒေသက၊ ပင်လယ်နက် နဲ့ တောင်ပိုင်းရုရှားကိုဖြတ်ပြီး၊ ကက်စပီယန်ပင်လယ်ရဲ့ မြောက်ဘက် နဲ့ အရှေ့ဘက်မှာရှိတဲ့ အာရှ နယ်မြေ ရဲ့ အတွင်းပိုင်းတွေအထိ ကျယ်ပြန့်တဲ့မြက်ခင်းပြင်တွေရှိကြတယ်။ ဆမ္ဗိုက်တွေဟာ၊ သူတို့ရဲ့မြက်ခင်းပြင်တွေကိုစွန့်ပစ်ကြပြီး ရေကြည်ရာမြက်နုရာဖြစ်တဲ့လခြမ်းဒေသထဲမှာအခြေလာစိုက်ကြသလို၊အခုပြောခဲ့တဲ့မြက်ခင်းတွေမှာ သိုးဆိတ်ကျောင်းရင်း ခြေသလုံးအိမ်တိုင်ပြုနေကြတဲ့ သိုးကျောင်းသား ဆိတ်ကျောင်းသားတွေလဲ၊ သူတို့ရဲ့ မြက်ခင်းပြင်တွေကို စွန့်ပစ်ကြပြီး၊ဥရောပတိုက် နဲ့ အနောက်ဘက်အာရှမှာ တဖြေးဖြေးအခြေလာစိုက်ကြတယ်။

ဒီသိုးကျောင်းသား နွားကျောင်းသားတွေထဲမှာ၊ လူမျိုးတမျိုး ပါလာတယ်။ ဒီလူမျိုးကို 'အင်ဒို-ဥရောပလူမျိုး'လို့၊ သမိုင်းဆရာတွေက အမည်ပေးကြတယ်။ ဒီကနေ့ ဥရောပတိုက်မှာ တွေ့ရတဲ့ ဥရောပတိုက်သားတွေ နဲ့၊ အာရှမှာ တွေ့ရတဲ့ အာရိယန် လူမျိုးတွေဟာ၊ ဒီအင်ဒို-ဥရောပလူမျိုးက ဆင်းသက်ပေါက်ဘွားလာကြသူတွေဖြစ်တယ်။ဒီအင်ဒို-ဥရောပလူမျိုးတွေ စတင်ပေါ်ထွန်းရာ မူလဒေသကို၊ သမိုင်းဆရာတွေ အခုထက်ထိ လွေ့လာလို့ မရသေးဘူး။ ဒါပေမဲ့၊ အ တော် ခပ်များ

၁။ အင်ဒို-ဥရောပတိုက်သား = The Indo-Europeans

များကတော့၊ ဒီမူလဒေသဟာ၊ ကက်စပီယန်ပင်လယ်ရဲ့အရှေ့ဘက်နဲ့ အရှေ့မြောက်ဘက်မှာရှိတဲ့ မြက်ခင်းပြင်ဒေသတွေ ဖြစ်တန်ကောင်းတယ်လို့ ယူဆကြတယ်။

ဒီအင်ဒို-ဥရောပ လူမျိုးတွေဟာ၊ လူစုမကွဲပဲ၊ ဒီမူလဒေသမှာ ဘီ၊ စီ ၃၀၀၀-လောက် အ ထိ နေခဲ့ကြပုံ ပေါ် တယ်။ အဲဒီလို တစု တဝေးထဲနေကြတုန်းကတော့၊ သူတို့အားလုံးဟာ၊ စကားတမျိုးတဲကိုပဲ ပြောခဲ့ကြတယ်။ ဘီ၊ စီ ၃၀၀၀-လောက်မှာ၊ ရေကြည်ရာမြက်နုရာကို ရှာကြရင်း ဒီအင်ဒို-ဥရောပ လူမျိုးတွေဟာ၊ လူစုတွေ အ များ ကြီး ကွဲသွားကြတဲ့အတွက်၊ သူတို့ရဲ့စကားတွေလဲ အမျိုးမျိုးကွဲကုန်ကြတယ်။

ဒီလူစုတိုင်းမှာ သိုး၊ နွား၊ ဆိတ် အစရှိတဲ့ အိမ်မွေးတိရစ္ဆာန်တွေ အ များ ကြီး ပါတယ်။ အဲဒီ တိရစ္ဆာန်တွေထဲမှာ၊ အ ရေး အပါဆုံး တိရစ္ဆာန်ကတော့ **မြင်း**[၁]ဖြစ်တယ်။ လခြမ်းဒေသမှာ မြင်းကို ရှေးအခါ တုန်းက မမြင်ဘူးကြဘူး။ ဘီ၊ စီ ၃၀၀၀-လောက်မှာ၊ အင်ဒို-ဥရောပ လူမျိုးတချို့ ရောက်လာတော့မှပဲ မြင်ဘူး ကြတယ်၊ အင်ဒို-ဥရောပ လူမျိုးတွေဟာ၊ မြင်းကိုစီးလဲစီးတယ်၊ လှည်းလဲအဆွဲခိုင်းတယ်။ **နွား**ကို တော့ လယ်ထွန်ခိုင်းတယ်။ သူတို့ဟာ အဲဒီအချိန်လောက်က အရေး အသားကို နားမလည်ကြသေးဘူး။ ဒါကြောင့် သူတို့မှာ အဖွဲ့အစည်း ကျကျနနမရှိဘူး၊ အစိုးရကျကျနနမရှိဘူး။

ဒီအင်ဒို-ဥရောပ လူမျိုးတွေဟာ၊ တဖြည်းဖြည်း လူစု ကွဲသွား လိုက်ကြတာ အတော်ကြာလာတဲ့အခါ၊ ဒီလူမျိုးတွေဟာ အိန္ဒိယနိုင်ငံရဲ့ အရှေ့ဘက်နယ်စပ်က၊ ဥရောပတတိုက်လုံးကို ဖြတ်ပြီး အတ္တလန္တိတ် ပင်လယ်ကမ်းခြေအထိ၊ အမတန်ကျယ်ပြန့်တဲ့ ဒေသကြီး တခုလုံးမှာ အခြေစိုက်မိပြီးသား ဖြစ်လာကြတယ်။ အဲဒီလိုအိန္ဒိယက၊ ဥရောပတိုက် အထိ၊ ဖြန့်ပြီးအခြေစိုက်နေကြတဲ့အတွက်၊ ဒီလူမျိုးကို '**အင်ဒို-ဥရောပ လူမျိုး**'လို့ သမိုင်းဆရာတွေက အမည်ပေးတာဖြစ်တယ်။

ဒီအင်ဒို-ဥရောပ လူမျိုးတွေဟာ၊ လူစုကွဲသလောက် စကားတွေ ကွဲသွားကြပေတဲ့၊ တချို့စကားလုံးတွေကျတော့၊ ဒီကနေ့အထိ ဆင်တူ

---

၁။ မြင်း = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၄၄၂)

ရှိးမှားဖြစ်နေကြသေးတာကို တွေ့ရတယ်။ အောက်မှာပြထားတဲ့ ဥပမာ တွေကိုကြည့်ပါ။

| **အနောက်** | | | **အရှေ့** | | |
|---|---|---|---|---|---|
| အင်္ဂလိပ် | ဂျာမန် | လက်တင် | ဂရိ | ပါရှန် | အရှေ့ အိန္ဒိယ (သသ်ကရိုက်) |
| ဘရားသား | ဘရူးဒါး | ဖရားတား | ဖရားတား | ဘရားတား | ဘရားတား |
| မားသား | မတ်တား | မာတား | မေတား | မာတာ | မာတာ |
| ဖားသား | ဗားတား | ပေတာ | ပေတား | ပိတာ | ပိတာ |

## ဟစ်တိုက် နဲ့ မီတန်းနီယန်

ဒီအင်ဒို-ဥရောပ လူစုတွေထဲက၊ လူတစုဟာ၊ ဘီ၊ စီ ၂၅၀၀ လောက်မှာ အာရှမိုင်းနားထဲကို ရောက် လာ ကြ တယ်။ ဒီလူစုကို **'ဟစ်တိုက်'** လို့ ခေါ်တယ်။ နောက် လူတစု က တော့၊ တောင် ဘက် ခပ်ကျကျဆင်းသွားပြီး၊ ဆီးရီးယားနိုင်ငံရဲ့ မြောက်ဘက်၊ ယူဖရေးတီး မြစ်ရဲ့ အနောက်ဘက် အကွေ့အတွင်းမှာရှိတဲ့ ဒေသမှာ အခြေစိုက် ကြတယ်။ အဲဒီလူတွေရဲ့နိုင်ငံကို **မီတန်းနီ**[၁] လို့ခေါ်တယ်။ ဒီနိုင်ငံကို အစွဲ ပြုပြီး၊ ဒီလူတွေကို **မီတန်းနီယန်**တွေလို့ ခေါ်ကြတယ်။ တခြားလူစုတွေ ကတော့၊ ဘီ၊ စီ ၂၀၀၀ လောက်မှာ ဒဲန်ျူမြစ်ဝှမ်းကိုဖြတ်ပြီး၊ ဘော် လကန်ကျွန်းဆွယ် နဲ့ အီတလီကျွန်းဆွယ်ထဲကို ဝင်သွားကြတယ်၊ ဒီလူစု တွေကနေပြီး၊ **ဂရိ** နဲ့ **ရောမ**လူမျိုးတွေ ဆင်းသက် ပေါက် ဘွား လာ ကြတယ်။

အခုပြောခဲ့တဲ့လူစုတွေထဲမှာ၊ ကမ္ဘာ့သမိုင်းအရ၊ ရှေးအကျဆုံး သိရတဲ့ လူတွေဟာ၊ ဟစ် တိုက် လူ မျိုး တွေ ဖြစ် တယ်။ ဒီလူမျိုးတွေ အကြောင်းကို မပြောခင်၊ ဒီလူစုတွေဝင်လာတဲ့ ဒေသ အကြောင်းကို နဲနဲလောက် ဖော်ပြလိုက်ကြအုံးစို့။

---

၁။ မီတန်းနီ = Mitanni Kingdom




(မြေပုံ-၆)

အနောက်အာရှမှာ၊ **ကုန်းမြင့်ဒေသလို့** ခေါ်တဲ့ ဒေသကြီးတခု ရှိတယ် (ပုံ-၁၃၇)။ ဒီကုန်းမြင့် ဒေသကြီးဟာ၊ အီဂျီအန် ပင်လယ် ကမ်းခြေက၊ လခြမ်းဒေသရဲ့ မြောက် ပိုင်း ဒေ သ နဲ့ ကက်စပီယန် ပင်လယ်နဲ့ ပါရှန်ပင်လယ်ကွေ့အတွင်းမှာရှိတဲ့ ဒေသကိုဖြတ်ပြီး၊ အီရန် ကုန်းပြင်မြင့်အထိ ကျယ်ပြန့်တယ်။ ဒီကုန်းမြင့်ဒေသကြီးထဲမှာ **အနာ့တိုးလီးယား**[၁] သို့မဟုတ် ဟစ်တိုက် အာရှမိုင်းနား၊ အာမီးနီးယား၊ မီးဒီးယား၊ ပါရှ ားဆိုတဲ့ လေးနိုင်ငံ ပါဝင်နေတယ်။ (မြေပုံ-၆ ရှု)

၁။ အနာ့တိုးလီးယား = Anatolia

## ရှေးအနာ့တိုးလီယန်

**'အနာ့တိုးလီယား'** ဆိုတာ၊ ဂရိ ဘာ သာ စ ကား ဖြစ်တယ်။ (အရှေ့) လို့ အဓိပ္ပါယ်ရတယ်။ ဒီအနာ့တိုးလီယားဟာ၊ မိုင်ပေါင်း ၆၅၀-က၊ ၇၀၀-ခန့်အထိ ရှည်ပြီး၊ မိုင်ပေါင်း ၃၀၀-က ၄၀၀-ခန့် အထိကျယ်ပြန့်တဲ့ ကျွန်းဆွယ်ကြီး ဖြစ်တယ်။ ဒီကျွန်းဆွယ်ရဲ့ အတွင်း ပိုင်းဟာ၊ ကုန်းမြင့်ဖြစ်ပြီး၊ ဒီကုန်းမြင့်ရဲ့ ဗဟိုဒေသဟာ၊ စိုက်ပျိုးရေး အတွက် သဲကန္တာရထက် နဲနဲကလေးပဲ ပိုပြီးကောင်းတယ်။ ဒီကုန်းမြင့် တခုလုံးလိုလိုကို၊ တောင် တွေ ဝိုင်း ရံ ထား တယ်။ ဒီတောင်တွေရဲ့ ဟိုဘက်ဒီဘက် နှစ်ဘက်စလုံးမှာ မြေဩဇာကောင်းတဲ့ တောင်ကြား တွေနဲ့ လွင်ပြင်တွေရှိတယ်။ ဒီတောင်တွေက ပင်လယ်ဘက်ကို ဆင်း သွားတဲ့ဒေသတွေမှာ၊ အထူးသဖြင့် ပင်လယ်နက်ရဲ့ ကမ်းရိုးတန်းဘက် ဆီမှာ၊ **သစ်တော**တွေ ထူထပ်ပေါများတယ်။ အနာ့တိုးလီးယားရဲ့ မြောက်ဘက်က **ဟယ်လစ်မြစ်**[၁] ရဲ့ အရှေ့ဘက်မှာ၊ သတ္တုတွင်းတွေ အထူးသဖြင့် **သံသတ္တုတွင်း**တွေ ရှိတယ်။

ဟစ်တိုက်တွေ ဝင်မလာခင်၊ နှောင်း ကျောက် ခေတ် လောက် ကထဲက၊ ဒီအနာ့တိုးလီးယားမှာ နေခဲ့ကြတဲ့ လူတွေရှိတယ်။ ဒီလူတွေ ဟာ ဘယ်အမျိုး ဘယ်အနွယ်ဆိုတာနဲ့ ဘယ်က ရောက်လာကြတယ် ဆိုတာကို၊ အခုထက်ထိ သမိုင်းဆရာတွေ မသိကြသေးဘူး။ အဲဒါ ကြောင့် ခပ်လွယ်လွယ်ပဲ၊ ဒီလူတွေကို **'ရှေးအနာ့တိုးလီယန်'**တွေလို့ ခေါ်ကြ ရအောင်။ တူးဖော်ရရှိတဲ့ ဒီရှေးအနာ့တိုးလီယန်တွေရဲ့ အရိုးတွေကို လေ့လာကြည့်တဲ့အခါ၊ ဒီလူတွေရဲ့ **ခေါင်းဟာ လုံး**တာကိုတွေ့ရတယ်။ **အင်ဒို ဥရောပလူမျိုးတွေရဲ့ ခေါင်းက** မလုံးဘူး၊ **ရှည်တယ်**။ ဒါကြောင့် ဒီရှေးအနာ့တိုးလီယန်တွေဟာ၊ အင်ဒို-ဥရောပလူမျိုးတွေ မဟုတ်ဘူး ဆိုတာသေချာတယ်။ ဒီရှေးအနာ့တိုးလီယန်တွေဟာ၊ အနာ့တိုးလီးယား (သို့မဟုတ် အာရှမိုင်းနား)ရဲ့ အစွန်းနှစ်ဘက်စလုံးမှာ နေကြတယ်။

အနောက်ဘက်စွန်းမှာနေကြတဲ့လူတချို့ဟာ၊ နှောင်း ကျောက် ခေတ်လောက်မှာ ကရိကျွန်းကို ပြောင်းရွှေ့သွားကြတယ်။ တချို့က ဂရိ မြေပေါ်အထိ ပြောင်းရွှေ့သွားကြတယ်။ အရှေ့ဘက်စွန်းမှာ နေကြတဲ့

---

၁။ ဟယ်လစ်မြစ် = R. Halys

လူ အ တော် များ များ က တော့၊ ပယ်လက် စ တိုင် ကို ပြောင်းရွှေ့သွားကြတယ်။ အဲဒီပယ်လက်စတိုင်မှာ ဟီးဘရူးတွေနဲ့ အိမ်ထောင်ကျပြီး၊ သူတို့က ဆင်းသက်ပေါက်ဘွားလာကြတဲ့ သူတွေမှာ၊ သူတို့ရဲ့ **နှာတံမြင့်မြင့်ကြီး**တွေ ပါလာကြတယ်(ပုံ-၁၁၁)။ ဒီကနေ့အထိ နှာတံမြင့်မြင့်ကြီးတွေနဲ့တွေ့ကြရတဲ့ဂျူးတွေဟာ၊ ဒီရှေးအနွာတိုးလီယန်တွေနဲ့ ဟီးဘရူးတွေက ဆင်းသက်ပေါက်ဘွားလာကြတဲ့လူတွေလို့၊ သမိုင်းဆရာတွေက ယူဆကြတယ်။

## မြင်း

ဘီ၊ စီ ၂၅၀၀ လောက်မှာ၊ မြောက် ဘက် နဲ့ အရှေ့ဘက်က **အင်ဒို-ဥရောပလူမျိုး** တွေဟာ၊ အနွာတိုးလီယား၊ သို့မဟုတ် အာရှမိုင်းနားထဲကို ဝင်လာကြတယ်။ ဒီ အင် ဒို - ဥ ရော ပ လူမျိုး တွေ ဟာ ကော်ကေးဆပ် တောင်တန်းတွေကို ဖြတ်ပြီး လာကြပုံပေါ်တယ်။ ဒီလို ဝင် လာ ကြ တဲ့ အ ခါ၊ သူ တို့ မှာ မြင်း တွေ ပါလာကြတယ်။ ရှေးအနွာတိုးလီယန်တွေဟာ၊ ဒီ အင်ဒို-ဥရောပလူစုတွေ သူတို့ နိုင်ငံထဲကို ဝင်လာတော့မှပဲ၊ မြင်းကိုစပြီး မြင်ဘူးကြတယ်။အင်ဒို-ဥရောပလူစုတွေ အများကြီးရှိတဲ့ အထဲက၊ ဒီလူစုဟာ သမိုင်းမှာ ရှေးဦးစွာ ထင်ရှားလာတဲ့ လူစုဖြစ်တယ်။ ဒီလူစုတွေဟာ နောင်တော့ **ဟစ်တိုက်လူမျိုး**တွေလို့ နံမယ်တွင်လာတယ်။

## ဟစ်တိုက် ယဉ်ကျေးမှု

ဟစ်တိုက်တွေဟာ၊ အနွာတိုးလီယန် လူမျိုးတွေကို သုတ်သင်မပစ်ကြဘူး။ သူတို့ရဲ့ လက်အောက်ခံလူမျိုးတွေ အဖြစ်နဲ့ပဲ၊ ဆက်ပြီးနေခွင့်ပြုတယ်။ အချိန် အတော်ကြာတဲ့အခါ၊ ဟစ်တိုက်တွေ ပြောတဲ့စကားတွေထဲမှာ၊ အနွာတိုးလီယန်တွေ ပြောတဲ့စကားတွေ ရောနှောလာကြတယ်။ အဲဒီလို ရောနှောနေတဲ့ ဟစ်တိုက်စကားဟာ၊အနောက်အာရှတဝိုက်မှာ၊ နှစ်ပေါင်း တထောင်ကျော်လောက်၊ အရေးပါ အရာရောက်တဲ့ စကားတမျိုးဖြစ်လာတယ်။

အနွာတိုးလီယား ထဲကို ဝင်လာစတုန်းက၊ ဟစ်တိုက်တွေဟာ လူရိုင်းသက်သက်တွေဖြစ်တယ်။ နောက်တော့မှ သူတို့နဲ့ ကုန်ရောင်းကုန်ဝယ်လုပ်ဘို့ ရောက်လာတဲ့၊ ဘက်ဘီလိုးနီးယန်နဲ့ အဆီးရီးယန်

ကုန်သည်တွေဆီက တဆင့်၊ ယဉ်ကျေးမှုကို ဟစ်တိုက်တွေရလာကြတယ်။ ဒီကုန်သည်တွေနဲ့ အဆက်အသွယ် ဖြစ်ပြီးလို့ မကြာခင်ပဲ၊ ဟစ်တိုက်တွေလဲ **ကူနီအီဖောင် အရေးအသား**တွေကို ရေးသား တတ် လာကြတယ်။ ရှေးဟောင်း ပစ္စည်းများ တူး ဖော် ရ ရှိ တဲ့ အ ခါ၊ အဲဒီ ရှေး ခေတ်က အသုံး ပြုသွားတဲ့၊ **ရွှံ့ပြားတွေပေါ်မှာ ရေးထားတဲ့ အဘိဓာန်**တွေရဲ့ အပိုင်းအစတွေကို တွေ့ရတယ်။ အဲဒီအစတွေထဲမှာ အကွက် သုံးကွက်ရှိတယ်။ ပထမအကွက်ထဲမှာ ဆူမားရီးယန်စကားကို တွေ့ရတယ်။ ဒုတိယ အကွက် ထဲမှာ ဘက်ဘီလိုးနီးယန် စကားကို တွေ့ရတယ်။ တတိယ အကွက်ထဲမှာ ဟစ်တိုက်စကားကို တွေ့ရတယ်။ ဥပမာ၊ အင်္ဂလိပ်-ဟိန္ဒူ-ဗမာ အဘိဓာန်ထဲက၊ အကွက်သုံးကွက် ရှိတဲ့ အနက်၊ ပထမ အကွက်မှာ (ဝါးတား)လို့ တွေ့ရမယ်။ ဒုတိယ အကွက်မှာ (ပန်နီ)လို့ တွေ့ရမယ်။ တတိယ အကွက်မှာ (ရေ) လို့ တွေ့ရမယ်။ ဒီသဘောမျိုးပါပဲ။

ဒီဟစ်တိုက်တွေဟာ အစမှာတော့၊ ကူနီအီဖောင်အရေးအသားနဲ့ ဘက်ဘီလိုးနီးယန် ဘာသာစကားကိုသာ ရေးသားတတ်ကြတယ်။ နောက်ကျတော့၊ ကူနီအီဖောင် အရေးအသားနဲ့ သူတို့ရဲ့ ဟစ်တိုက် ဘာသာစကားကိုပါ ရေးတတ်လာကြတယ်။ ဒီလို အရေးအသားကို တတ်လာကြပြီးတဲ့နောက်၊ ဟစ်တိုက်တွေရဲ့ တိုးတက်မှုဟာ သိသိသာသာကြီး ထူးခြားလာတာကို တွေ့ရတယ်။ ဘယ်လောက် ထူးထူးခြားခြား တိုးတက်လာကြသလဲဆိုယင်၊ ဘီ၊စီ ၂၀၀၀ လောက်မှာ ဒီ ဟစ်တိုက်တွေရဲ့ ယဉ်ကျေးမှု၊ စစ်မက်အင်အား၊ ကုန်သန်းရောင်းဝယ်ရေး ဆိုတာတွေဟာ ထိပ်တန်းကို ရောက်လာပြီး၊ အဲဒီအခါက အမတန် ကြီးကျယ် ခမ်းနားနေတဲ့ အီဂျစ်နဲ့ အဆီးရီးယန် အင်ပိုင်ယာကြီးတွေကို ပခုံးချင်းယှဉ်နိုင်တဲ့အထိ တိုးတက်လာတယ်။

## ဟစ်တိုက် အင်ပိုင်ယာ

ဟစ်တိုက်သမိုင်းမှာ၊ ဒီလို တိုးတက်လာတဲ့ခေတ်ကို နှစ်ပိုင်းပိုင်းပြီး၊ ပထမပိုင်းကို **ပထမဟစ်တိုက် အင်ပိုင်ယာခေတ်လို့** ခေါ်တယ်။ ဒီခေတ်ဟာ ဘီ၊စီ ၁၈၀၀ လောက်က၊ ဘီ၊စီ ၁၆၅၀လောက်အထိ ကြာတယ်။ ဒုတိယ အပိုင်းကို **ဒုတိယ ဟစ်တိုက် အင်ပိုင်ယာခေတ်**လို့

ခေါ်တယ်။ ဒီခေတ်ကတော့၊ ဘီ၊စီ၁၄၀၀ လောက်က ဘီ၊စီ ၁၂၀၀ လောက်အထိ ကြာတယ်လို့၊ သမိုင်းဆရာတွေ ခန့်မှန်းကြတယ်။

ဟစ်တိုက်တွေဟာ၊ အန္တာတိုးလီယားထဲကိုဝင်လာကြပြီး ကိုယ့်အုပ်စုနဲ့ကိုယ်အခြေစိုက်ကြတယ်။ဒီအစုတွေဟာ၊ နိုင်ငံတနိုင်ငံစီဖြစ်လာကြတယ်၊ ဒီနိုင်ငံ တနိုင်ငံမှာ၊ရှင်ဘုရင်တပါးစီ အုပ်စိုးတယ်။ သူတို့လဲ ရှေးအခါကတွေတုန်းက ပြောခဲ့တဲ့၊ တမြို့တနိုင်ငံစနစ်မျိုးပဲ။ဒီနိုင်ငံကလေးတွေဟာ၊ တဦးနဲ့တဦး ဘယ်တော့မှ မသင့်မြတ်ကြဘူး။ အမြဲလိုလို စစ်ဖြစ်နေကြတာပဲ။ ဒီ နိုင်ငံကလေးတွေထဲမှာ၊ အန္တာတိုးလီယားရဲ့ အလယ်ပိုင်း၊ ဟယ်လစ်မြစ်ကွေ့ အတွင်းမှာ တည်ရှိတဲ့ **ဟက်တိုင်နိုင်ငံကလေး**[1]က(ပုံ-၁၃၃)ရှင်ဘုရင်တွေဟာ၊ လက်ရုံးရည်နှလုံးရည်နဲ့ ပြည့်စုံသူတွေဖြစ်တယ်။ ဒီရှင်ဘုရင်တွေဟာ၊ ကျန်တဲ့နိုင်ငံကလေးတွေကို လျောက်တိုက်ပြီး၊အစိပ်စိပ်အမွှာမွှာဖြစ်နေတဲ့သူတို့ရဲ့အမျိုးသားတွေကို တမျိုးတဲ၊ မှီလိုပေါ်နေတဲ့ နိုင်ငံတွေကိုလဲ တနိုင်ငံတဲ ဖြစ်အောင် စည်းရုံးလိုက်ကြတယ်။

အဲဒီလို ပြည်တွင်းမှာ အင်အားတောင့်တင်းလာပြီးတဲ့ နောက်၊ ဟက်တိုင်ရှင်ဘုရင်တွေ ခေါင်းဆောင်ပြီး၊ ပြင်ပနိုင်ငံတွေကို လိုက်တိုက်ကြပြန်တယ်။ ပွဲတိုင်းမှာလိုပဲ အနိုင် ရခဲ့ကြတဲ့ အတွက်၊ မကြာခင်ပဲ သူတို့ဟာ အင်ပိုင်ယာတခုကို ထူထောင် နိုင်ခဲ့ကြတယ်။ ဒီဟက်တိုင်ရှင်ဘုရင်တွေ ခေါင်းဆောင်ပြီး တမျိုးတဲ ဖြစ်အောင် စည်းရုံးပေးခဲ့တဲ့ အတွက်၊ ဒီအမျိုးသားတွေကို ဟစ်တိုက်အမျိုးသား၊ ဒီအမျိုးသားတွေ နေတဲ့နိုင်ငံကို **ဟစ်တိုက်နိုင်ငံ**၊ ဒီ အမျိုးသားတွေရဲ့ အင်ပိုင်ယာကို **ဟစ်တိုက်အင်ပိုင်ယာ**လို့သမိုင်းဆရာတွေက နံမယ်ပေးကြတယ်။ဒါပေမဲ့ ဒီဟစ်တိုက် အင်ပိုင်ယာဟာ၊ ဘယ်လောက်အထိ ကျယ်ပြန့်ခဲ့တယ်ဆိုတာကိုတော့၊ သမိုင်းဆရာတွေ ဒီကနေ့အထိ ရှာမတွေ့ကြသေးဘူး။

ရှေးအခါကတွေမှာတုန်းက၊ အဆီးရီးယန်တွေဟာ၊ ရန်သူနိုင်ငံ တနိုင်ငံကို အနိုင်ရပြီးယင်၊ စစ်ရှုံး နိုင်ငံသူ နိုင်ငံသားတွေကို ဘယ်လို ရက်ရက်စက်စက် သတ်တယ်ဆိုတာ ပြောခဲ့ပြီးပြီ။ ဟစ်တိုက်တွေလဲ အတော်တော့ ရက်စက်တာပဲ။ ဒါပေမဲ့ သူတို့က၊ လူတွေကိုတော့

---

၁။ ဟက်တိုင်နိုင်ငံ = The Kingdom of Hatti



(ပုံ-၁၃၃) အာရှမိုင်းနား အလယ်ပိုင်းရှိ ဟစ်တိုက်နိုင်ငံရဲ့ ရှေးမြို့တော်။

အောက်ပုံဟာဘီ၊စီ ၁၃ ရာစု ဟစ်တိုက်မင်းတွေလက်ထက် ဟက်တူးရှားမြို့တော်ရဲ့ မြို့ရိုး တံတိုင်း ဖြစ်တယ်။ အထက်ပုံ ကတော့၊ တောင်ပူစာတွေပေါ် တည်ဆောက်ထားတဲ့ ဟက် တူးရှားမြို့တော်ဟာ၊ပျက်စီးယိုယွင်းနေတဲ့ မြို့ရိုးအကာအရံက

လွဲပြီး ဘာတခုမှမကျန်ရစ်တော့။ဟက်တူးရှားအနီးအနားမှာ ရှိတဲ့*'ဘိုဂက်ကုအီ' ရွာကလေးကို အစွဲပြုပြီး၊'ဘိုဂက်ကုအီ' လို့ပဲ ဒီနေရာကို အခုအခါ ခေါ်နေကြတော့တယ်။

*(Boghaz-Koi) (Boghaz K.eui)

ရက်ရက်စက်စက် မသတ်ဘူး။ စင်ရှီးနိုင်ငံက လူတွေကို အကုန်လုံး သိမ်းကြုံးခေါ်သွားပြီး၊ ကျွန်တွေအဖြစ်နဲ့ သူတို့နိုင်ငံမှာ ခိုင်းတယ်။

ဒါ့အပြင် အဲဒီစစ်ရှုံးတဲ့နိုင်ငံရဲ့ သိုး နွား တိရစ္ဆာန်တွေ၊ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေ မှန်သမျှကိုလဲ သိမ်းယူသွားတယ်။ ဒီနိုင်ငံရဲ့ မြို့တော်ကတော့ မသက်သာဘူး။ အဆောက်အဦမှန်သမျှ၊ တခုမှမကျန်အောင်၊ ဒီဟစ်တိုက်တွေဟာ အကုန်လုံး ဖျက်ဆီးပစ်တာပဲ။ ဒီလို ဖျက်ဆီးပစ်ပြီးတော့မှ၊ ဟစ်တိုက် ရှင်ဘုရင်က၊ ဒီမြို့ကို ပြန်လည်ထူထောင်တဲ့ လူမှန်သမျှ သေကြေပျက်စီးကြပါစေဆိုတဲ့ ကျိန်စာမျိုးကို အခမ်းအနားနဲ့ကျိန်ဆဲပြီး ထားပစ်ခဲ့တယ်။ အဲဒီပျက်စီးနေတဲ့မြို့ထဲမှာမှ ဆူးရှိပြီး အပွားမြန်တဲ့ အပင်တမျိုးကို စိုက်ပစ်ခဲ့ကြသေးတယ်။

## အုပ်ချုပ်ရေး

ဟစ်တိုက် အင်ပိုင်ယာကို **နယ်စား စနစ်မျိုး**နဲ့ အုပ်ချုပ်တယ်။ အင်ပိုင်ယာရဲ့ထိပ်မှာ **ရှင်ဘုရင်ကြီး**က အုပ်ချုပ်တယ်။ သူ့အောက်မှာမှ အင်ပိုင်ယာထဲက နယ်အသီးသီးကို အုပ်ချုပ်ဘို့၊ **ရှင်ဘုရင်ကလေးတွေ** ရှိတယ်။ မြန်မာရှင်ဘုရင်တွေရဲ့ လက်ထက်တုန်းက၊ အုပ်ချုပ်ပုံစနစ်မျိုး လိုပါပဲ။ ဒါပေမဲ့ မြန်မာ ရှင်ဘုရင်တွေရဲ့ အုပ် ချုပ် ရေး မှာ တော့၊ ရှင်ဘုရင်ကလေးတွေလို့ မခေါ်ဘူး၊ မြို့စားနယ်စားတွေလို့ ခေါ်တယ်။ ဒါပဲ ခြားနားတယ်။ ဒီရှင်ဘုရင်ကလေးတွေဟာ၊ များသောအားဖြင့် ရှင်ဘုရင်ကြီးရဲ့ ညီတွေ အစ်ကိုတွေ သားတွေပဲဖြစ်တယ်။ ဒီရှင်ဘုရင်ကလေးတွေဟာ(ပုံ-၁၃၄) ရှင်ဘုရင်ကြီးရဲ့ သစ္စာတော်ကို စောင့်သိရိုသေပါ့မယ်လို့ ကျမ်းသစ္စာ ကျိန်ဆိုထားကြရတယ်။

**ရှင်ဘုရင်ကြီးရဲ့ တာဝန်**ဟာ မသေးလှဘူး။ စွမ်းရည်သတ္တိနဲ့ ပြည့်စုံတဲ့ သူမှသာ၊ ရှင်ဘုရင်ကြီးဖြစ်နိုင်တယ်။ ဒီရှင်ဘုရင်ကြီးဟာ၊ သူ့ အင်ပိုင်ယာအတွင်းမှာ သာယာဝပြောအောင်၊ စားရမဲ့ သောက်ရမဲ့ ဖြစ်နေတဲ့အခြေအနေမျိုး မရှိအောင်၊ ကျောသား ရင်သား မခွဲခြားပဲ၊ ဆင်းရဲ ချမ်းသာ မရွေးပဲ၊ အားလုံး ညီတူညီမျှ တရားသဖြင့် အအုပ်အချုပ်ခံရအောင်၊ လုံးဝတာဝန် ယူရတယ်။ သူဟာ တပ်မတော်ရဲ့ **သေနာပတိချုပ်**ဖြစ်ပြီး၊ စစ်ဖြစ်တဲ့အခါ ကိုယ်တိုင် ခေါင်းဆောင်တယ်။ **ဘာသာရေး**မှာလဲ ဒီရှင်ဘုရင်ကြီးပဲ **ခေါင်းဆောင်**တယ်။



(ပုံ-၁၃၄) **ဟစ်တိုက်မင်းသားတပါး သမင်လိုက်နေပုံ**

ရထားမောင်းနဲ့ အတူ စီးနင်းလိုက်ပါလာတဲ့ မင်းသားဟာ၊ ပြေးလွှား သွားတဲ့သမင်ကို ရထားပေါ်ကနေပြီး၊ လိုက်လံပစ်ခတ်နေတယ်။ မြင်းရဲ့ ဘေးမှာလဲ သမင်လိုက်ခွေးပါတယ်။ ဒီပုံရဲ့အထက်ပိုင်းမှာ ဟစ်တိုက်ကျောက်စာကိုလဲ ထွင်းထားတယ်။ အတော် ကြမ်းသေးတဲ့ ဟစ်တိုက် အနုပညာလက်ရာတရပ် ဖြစ်တယ်။

ဆိုင်ရာ ပိုင်ရာ အရှင်သခင်နတ်တွေဟာ၊ တိုင်းသူ ပြည်သား လူအများကို ကောင်းစွာ စောင့်ရှောက်အောင် သူပဲတာဝန်ယူရတယ်။ အဲဒါကြောင့်၊ ဒီရှင်ဘုရင်ကြီးဟာ၊ တခါတလေ ကိုယ်တိုင် စစ်ချီ ထွက်စရာ ရှိတာတောင် မထွက်နိုင်ဘူး။ သူ့ စစ်ဗိုလ်ချုပ်တွေနဲ့ စစ် ထွက်ရေးကိစ္စကို လွှဲလိုက်ပြီး၊ **ဘာသာရေး** အခမ်းအနား တချို့ကို သူကိုယ်တိုင် ခေါင်းဆောင်ရတယ်။ သူများနဲ့လွှဲလို့ဖြစ်တဲ့ ဘာသာရေး အခမ်းအနားတချို့ကျတော့၊ ဒီ ရှင် ဘု ရင် ကြီး ကိုယ် တိုင် မတက်ပဲ၊ သူကိုယ်တိုင် ပွတ်သပ်မန်းမှုတ်လုပ်ပေးလိုက်တဲ့ပေါင်မုန့်တလုံးက၊ သူ့ကို ကိုယ်စားပြုရတယ်။

**တရားစီရင်ရေး** မှာလဲ၊ ဒီရှင်ဘုရင်ကြီးဟာ အကြီးအကဲပဲ။ အင်ပိုင်ယာအတွင်းမှာရှိတဲ့ တရားရုံးတော်တွေ အားလုံးရဲ့ **အကြီးဆုံး တရားသူကြီး** ဖြစ်တယ်။ ဥပဒေပြုတဲ့ နေရာမှာလဲ၊ ဒီ ရှင်ဘုရင်ကြီးပဲ ကြီးစိုးတယ်။ အင်ပိုင်ယာ အတွင်းမှာရှိတဲ့ဥပဒေတွေကို ဒီရှင်ဘုရင်ကြီး ကိုယ်တိုင် ရေးဆွဲပြီး၊ အင်ပိုင်ယာအတွင်းမှာကျေညာတယ်။

**ဒီရှင်ဘုရင်ကြီး**ဟာ၊ အသက်ရှင်စဥ်မှာတော့၊ လူစင်စစ်ပါပဲ။ ဒါပေမဲ့ **သူသေတာနဲ့တပြိုင်နက်** သူဟာ **နတ်ဖြစ်သွားတယ်လို့** သူ့တိုင်းသူပြည်သားတွေက ယူဆကြတယ်။ အဲဒါကြောင့် 'ရှင်ဘုရင်ကြီးသေတဲ့အခါတုန်းက' လို့ ပြောချင်ယင်၊ သူ့တိုင်းသူ ပြည်သားတွေဟာ 'ရှင်ဘုရင်ကြီး နတ်ဖြစ်သွားတုန်းက' လို့ ပြောကြတယ်။ မြန်မာရှင်ဘုရင်တွေသေတဲ့အခါ၊ 'မင်းတရားကြီး နတ်ရွာစံတယ်' လို့ တိုင်းသူပြည်သားတွေ ပြောကြသလိုပါပဲ။

**ဟစ်တိုက်အင်ပိုင်ယာမှာ မိန်းမ**တွေဟာ ဘုရင်မတွေ အဖြစ်နဲ့ မအုပ်စိုးနိုင်ဘူး။ ရှင်ဘုရင်ကြီးမှာ ထီး မွေ နန်းမွေ ဆက်ခံမဲ့ သားယောကျ်ားမရှိယင်၊ သမက်တော်တဦးဦးကိုပဲ၊ ထီးမွေနန်းမွေ ဆက်ခံမည့်သူအဖြစ်နဲ့ ရှင်ဘုရင်ကြီးက ကျေညာတယ်။ မြန်မာ ရှင်ဘုရင်တွေမှာ၊ မိဖုရား၊ ကိုယ်လုပ်တော်၊ မောင်းမတော် အစရှိသဖြင့် မိန်းမအမျိုးမျိုးရှိသလို၊ ဒီရှင်ဘုရင်ကြီးတွေမှာလဲ မိန်းမ လေးမျိုး လေးစားရှိတယ်။ ပထမအမျိုးကတော့ မိဖုရားကြီး ဖြစ်တယ်။ မိဖုရားကြီး ပြီးတဲ့နောက်၊ ပထမတန်းစား မိဖုရားတွေ၊ ဒုတိယ တန်း စား မိဖုရားတွေ၊ တတိယတန်းစား မိဖုရားတွေ ဆို ပြီး၊ မယားတွေ သုံး မျိုး သုံး စား ရှိသေးတယ်။

မိဖုရားကြီးမှာ သားတော် မထွန်းကားယင်၊ ပထမတန်းစား မိဖုရားတွေရဲ့ သားတော် တပါးပါး ကို ထီးမွေနန်းမွေ ဆက်ခံမည့်သူ အဖြစ်နဲ့ ကျေညာတယ်။ တခြား အတန်းအစားထဲက သားတော်တွေဟာ၊ ထီးမွေနန်းမွေကို မဆက်ခံနိုင်ဘူး။ ဟစ်တိုက်တွေဟာ အီဂျစ်လူမျိုးတွေလို၊ မောင်နှမအချင်းချင်း၊ ဆွေမျိုး အချင်း ချင်း၊ ပြန်မယူရဘူး။ ဒီအချက်နဲ့ပတ်သက်ပြီး၊ ဟစ်တိုက်တွေအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေဟာ အမတန်ပြင်းထန်တယ်။

## ဟစ်တိုက် တပ်မတော်

ဟစ်တိုက်**ရှင်ဘုရင်ကြီး**ဟာ၊ တပ်မတော်ရဲ့ **စစ်သေနာပတိချုပ်** ဖြစ်တဲ့ အကြောင်းကို ရှေးနားဆီတုန်းက ပြောခဲ့ပြီးပြီ (ပုံ-၁၃၅)။ သူ့အောက်မှာ **ရှင်ဘုရင်ကလေးတွေ**ဆိုတဲ့ နယ်စားတွေက **ဗိုလ်ချုပ်တွေ** အနေနဲ့ စစ်မှုထမ်းရတယ်။ ဒီနယ်စား ဗိုလ်ချုပ်တွေအောက်မှာ

**စစ်ရထားတွေ**ရှိတယ်။ စစ်ရထားတိုင်းမှာ၊ ရထားထိန်းတဦး၊ ဒိုင်းကိုင်တဦး၊ လှံနဲ့လေးကိုင်စစ်သား တဦးစီပါတယ်။ ဒီစစ်ရထားတွေအပြင်၊ **မြေလျင်တပ်သားတွေ**လဲ ရှိသေးတယ်။

စစ်တိုက်ပြီးလို့ နိုင်တဲ့အခါ၊ စစ်ရှုံးနိုင်ငံက ရသမျှပစ္စည်းတွေကို နယ်စားတွေလဲ သူတို့နဲ့ ထိုက် သ လောက် ဝေ စု ရ တယ်။ စစ် သား တိုင်းလဲ ဝေစုရတယ်၊

တပ်မတော်ထဲမှာ တိုင်းရင်းသားတွေသာ မက၊ နိုင်ငံခြားက အထူးသဖြင့် ခြေသလုံးအိမ်တိုင် ပြုနေသူတွေထဲက၊ **ကြေး တမ်း စား စစ်သားတွေ**လဲ အမြောက်အမြား ပါရှိ ကြ သေး တယ်။ ဟစ် တိုက် တပ်မတော်မှာ၊ အရည်အခြင်းနဲ့ပြည့်စုံတဲ့ အင်ဂျင်နီယာတွေ ရှိတယ်။

နောက်ပြီးတော့လဲ သူတို့လက်နက်တွေဟာ၊ **သံနဲ့လုပ်ထားတဲ့ လက်နက်**တွေ ဖြစ်တယ်။ **သံလက်နက်ကရိယာတွေကို ကမ္ဘာပေါ်မှာ ဦးစွာအသုံးပြုတဲ့ သူတွေဟာ ဟစ်တိုက်တွေဖြစ်တယ်**။ အဲဒါကြောင့်၊ ဟစ်တိုက်တွေဟာ ရန်သူတွေအပေါ်မှာ အမြဲလိုလို တပန်း သာ နေ တယ်။ ဟစ်တိုက်တွေဟာ၊ နွေရာသီတွေမှာသာ စစ်တိုက်လေ့ရှိတယ်။ ဆောင်းရာသီဆိုယင်၊ ရန်သူတွေရဲ့ နယ်နိမိတ်အတွင်းမှာပဲ၊ စခန်းချနေ တတ်ကြတယ်။ **နိုင်ငံတကာနဲ့ ချုပ်ဆိုတဲ့ စာချုပ်**တွေကို၊ ဟစ် တိုက် တွေဟာ သိပ်ဂရုစိုက်ကြတယ်။ ဒီစာချုပ်တွေကို ရွှေ ပြား ငွေ ပြား သို့မဟုတ် သံပြားတွေပေါ်မှာ၊ သေသေချာချာထွင်းထားလေ့ရှိကြတယ်။

## လူမှုရေးရာ

ဟစ် တိုက် တွေ ဟာ၊ **ခေါင်း ဝတ် တန် ဆာ** မြင့်မြင့်ကြီးတွေကို ဝတ်တတ်ကြတယ်။ သူတို့ဟာ တဦးကိုတဦး **နှုတ်ဆက်**တဲ့အခါ၊လက်သီးကိုဆုပ်၊ လက်ကိုတန်းပြီး နှုတ်ဆက်ကြတယ်။ အလုပ်သမား၊ လယ်သမား၊ လက်မှုပညာသည်တွေကို၊ ဆူ မား ရီး ယန် စ ကား နဲ့ ပဲ၊ **'မုရှကင်းနူး'** လို့ ခေါ်တယ်။ စစ်ရှုံးနိုင်ငံတွေက စစ်သုံ့ပန်းအဖြစ်နဲ့ ခေါ်လာတဲ့ **ကျွန်တွေ**လဲ အများကြီးရှိတယ်၊

**အိမ်ထောင်ပြုတဲ့အခါ**၊ လူဘန်းစားပြဿနာမရှိဘူး။ သတို့သမီးတဦးကို သုတ်ပြေးတဲ့အခါ၊ သတို့သားဟာ သတို့သမီးရဲ့ ဘခင်ဆီကို ထိုးစံရှိတဲ့အတိုင်း မင်္ဂလာလက်ဆောင် ပို့ရ တယ်။ ဒီသတို့သမီးဟာ



* ဂွံနဒေၚ်ဂြဲဒဳမ် ဗှ်ုးလဆေၚ်ဒဳပ္ဍဲသွ်ဓဝ်ဒုၚ် (၆၄၀-၇)

တခြားလူတဦးဦးနဲ့ ကြောင်းလမ်းစေ့စပ်ထားတာဆိုယင်၊ ဒီစေ့စပ်ကြောင်းလမ်းထားတဲ့သူဆီကို၊ သတို့သားက မင်္ဂလာလက်ဆောင်ပို့ရတယ်။ အိမ်ထောင်ကျပြီးတဲ့အခါ၊ အမျိုးသမီးဟာ၊ သူ့ယောကျ်ားအိမ်မှာဖြစ်ဖြစ်၊ သူ့မိဘအိမ်မှာပဲဖြစ်ဖြစ် နေနိုင်တယ်။ လင်ငယ်နေယင်၊ သေဒဏ် အပြစ်ပေး ခံရတယ်။ လင်မယား မသင့်မြတ်လို့ကွာချင်ယင်၊ ကွာနိုင်တယ်။ ဒီလို လင်ကွာမယားကွာတွေ သိပ်ပေါတယ်။ မုဆိုးမတဦးဟာ သူ့ယောကျ်ားရဲ့ ဘခင်နဲ့သော်ရင်း၊ ညီအစ်ကိုတဦးဦးနဲ့သော်ရင်း၊ ပြန်ပြီး အိမ်ထောင်ပြုရတယ်။

**လူသတ်မှုဖြစ်**ယင်၊ အသတ်ခံရတဲ့သူရဲ့ ဆွေမျိုးတွေကို၊ သတ်တဲ့သူက လူစားတဦး ပြန်ပေးရတယ်။ လူသတ်မှုဟာ ဒေါသအလျောက် တန္ဒေတဲမှာ သတ်လိုက်တာမျိုး မဟုတ်ပဲ၊ ကြိုတင်ကြံစည်ပြီး သတ်တဲ့လူသတ်မှုမျိုးဆိုယင်၊ လူစားလေးဦးပြန်ပေးရတယ်။ တရားခံမပေါ်ယင်၊ တမြို့လုံးမှာရှိတဲ့ လူတွေအားလုံးက၊ ပြန်ပေးရမဲ့ လူစားတွေအတွက်၊ တာဝန်ယူရတယ်။ တော့မှာ အသတ်ခံရတဲ့လူသတ်မှုမျိုးကျတော့၊ ဘာလျော်ကြေးမှ မရဘူး။ ဒဏ်ရာ ရအောင်လုပ်တဲ့ အမှုမျိုးမှာ ဆိုယင်၊ တရားခံဟာ၊ တရားလို အလုပ်သမားရဲ့ နေရာမှာ အလုပ်ဝင် လုပ်ပေးရတယ်။ လျော်ကြေးလဲ ပေးရတယ်။ ဆေးဘိုးဝါးခလဲ ပေးရတယ်။ လျော်ကြေးဟာ ဒဏ်ရာရတဲ့ကိုယ်အစိတ်အပိုင်းကို လိုက်ပြီး၊ အရေးကြီးကြီးသလို ပိုပေးရတယ်။ သွေးထွက်သံယို ဖြစ်စေတဲ့အကြမ်းဖက်မှုတွေမှာ ဆိုယင်၊ တရားခံတွေကို နယ်နှင်ပစ်တာ များတယ်။

**ဟစ်တိုက်တွေကိုးကွယ်တဲ့နတ်**တွေဟာ အများကြီးပဲ(ပုံ-၁၃၆)။ ဒီနတ်တွေထဲမှာ၊ သူတို့ရဲ့ မူလနတ်တွေလဲ ပါတယ်။ အိမ်နီးနား

---

* အောင်ပွဲရခဲ့တဲ့ဟစ်တိုက်တပ်မတော်ကြီးကိုကြိုဆိုဘို့ဘုရင်နဲ့သားတော်တချို့ဟာ ထွက်လာကြတယ်။ မှန်ကူကွက်ရဲ့ အထက်ပိုင်းကို ကြည့်ယင်၊ ဘုရင့်သားတော်တွေဟာ အိန္ဒြေရရဘုရင့်နောက်က စီတန်း လိုက်ပါလာကြတာရယ်၊ မှန်ကူကွက်ရဲ့ အောက်ပိုင်းကို ကြည့်ယင်၊ ဘုရင့်သားတော် သမီးတော်ကလေးတွေဟာ၊ ကလေးတို့ဘာဝ၊ မြူးတူးကစားနေကြတာရယ် တွေ့နိုင်တယ်။ နောက်ဆုံးမှာအထိန်းတော်ဟာ၊ ကလေးငယ်ကိုချီပြီး အချစ်တော် သိုးကိုဆွဲလာတာကို မြင်ရမယ်။ သိုးရုပ်ရဲ့အထက်မှာ ကမ္ပည်းထိုးထားတာကတော့ သိုးရဲ့နံမယ်လို့ ဆိုတယ်။



(ပုံ-၁၃၆) ကျောက်ဆစ်ထုထားတဲ့ **ဟစ်တိုက်နတ်ရုပ်**

နိုင်ငံတွေမှာ ကိုးကွယ်တဲ့ နတ်တွေလဲ ပါတယ်။ သူတို့ အနိုင်ရခဲ့တဲ့ နိုင်ငံတွေက နတ်တွေလဲပါတယ်။အဲဒီနတ်တွေထဲမှာ အကြီးဆုံးကတော့၊ **လေမုန်တိုင်းနတ်**ရဲ့ မိန်းမဖြစ်တဲ့ **နေနတ်သမီး**ဖြစ်တယ်။ ဒီနေနတ်သမီး အပြင်၊ **နေနတ်သား**တွေလဲ အများကြီးရှိသေးတယ်။

နောက်ပြီးတော့လဲ၊ ဟစ်တိုက်တွေအားလုံးဟာ၊ လေမုန်တိုင်း နတ်ကို ကိုးကွယ်ကြတယ်ဆိုပေမဲ့၊ မြို့တမြို့မှာ လေမုန်တိုင်းနတ်တမျိုးစီကို ကိုးကွယ်ကြတယ်။တမြို့က လေမုန်တိုင်းနတ်နဲ့တခြားမြို့က လေမုန်တိုင်း

နတ်ဟာ မတူကြဘူး။ အဲဒါကြောင့် ဟစ်တိုက်တွေ ကိုးကွယ်ကြတဲ့ နတ်တွေဟာ၊ အမှန်အတိုင်း ပြောရယင်၊ ရာပေါင်းများစွာ ရှိတယ်။ ဟစ်တိုက်တွေဟာ၊ နွားသိုးကိုလဲ မြင့်မြတ်တဲ့တိရစ္ဆာန်အဖြစ်နဲ့ ကိုးကွယ်ကြသေးတယ်။

သူတို့ရဲ့ နတ်တွေဟာ နေထိုင်စားသောက်တဲ့နေရာမှာ လူတွေလိုပဲလို့ ယုံကြည်တဲ့အတွက်၊ ဟစ်တိုက်တွေဟာ သူတို့ရဲ့နတ်ရုပ်တွေကို နေ့တိုင်းရေချိုးပေးတယ်။ အဝတ်အစား လဲပေးတယ်။ ဆွမ်းတင်တယ်။ ဒီနတ်ရုပ်တွေ ရှေ့မှာ၊ ကိုးကွယ်ကြတဲ့ သူတွေဟာ လိုရာ ဆုတွေကိုလဲ တောင်းကြတယ်။ သူတို့ လွန်ကျူးခဲ့တဲ့အပြစ်တွေ၊ အမှားအယွင်းတွေကိုလဲ ဖွေမယူအောင် ချမ်းသာပေးအောင် တောင်းပန်တိုးလျှိုးကြတယ်။

ဒီနတ်တွေက အတိတ်နိမိတ်တွေကို ပြတယ်။ ဒီအတိတ်နိမိတ်တွေကို လေ့လာပြီး၊ ရှေ့ဘာယ်လိုဖြစ်မယ်ဆိုတာ သိနိုင်တယ်လို့ ဟစ်တိုက်တွေ ယုံကြည်ကြတယ်။ နောက်ပြီး တော့ လဲ၊ ဆုမာ းရီး ယန် တွေ လို ပဲ၊ ဟစ်တိုက်တွေဟာ နတ်ပူဇော်တဲ့ တိရစ္ဆာန်တွေကို သတ်ပြီး၊ ဒီ တိရစ္ဆာန်တွေရဲ့ အသဲတွေမှာ ပေါ်နေတဲ့ အမှတ်အသားတွေ အရ၊ ရှေ့ ဘာဖြစ်မယ်ဆိုတာ နိမိတ်ဖတ်ကြတယ်။ ဒါတွေ့ အပြင်၊ ဝတ်ကျောင်းတွေ ထဲမှာ၊ သူတို့ မြင့်မြတ်တယ်လို့ ယူဆပြီး ကိုးကွယ် ထား ကြတဲ့ ငှက်တွေရှိသေးတယ်။ ဒီငှက်တွေရဲ့အသွားအလာတွေကိုကြည့်ပြီး၊ ဘုန်းကြီးတွေက ရှေ့ဖြစ်ကိုဟောကြသေးတယ်။

## ပထမ ဟစ်တိုက်အင်ပိုင်ယာ

ဟစ်တိုက် ရှင်ဘုရင်တွေအကြောင်းကို ကောင်းကောင်း မသိရဘူး။ တူးဖော်လို့ရတဲ့ သက်သေခံ ပစ္စည်းတွေအရ သိရတဲ့ ပထမဆုံး ရှင်ဘုရင်ဟာ **'အနစ်တာ'**[၁] ဖြစ်တယ်။ ဒီရှင်ဘုရင်ဟာ၊ **ကပ်ဆာ**[၂] နိုင်ငံရဲ့ ရှင်ဘုရင်ဖြစ်တယ်။ ဒီ ရှင် ဘု ရင် အုပ် စိုး တဲ့ အချိန်အခါဟာ၊ ဟစ်တိုက်အမျိုးသားတွေ အစိပ်စိပ်အမွှာမွှာကွဲပြီး၊ သူတစ်ပိုလ်ငါတမင်း လုပ်နေကြတဲ့ အချိန်အခါပဲ။

---

၁။ အနစ်တာ = Anitta
၂။ ကပ်ဆာ = Kussar

နောက်ထပ်သိရတဲ့ ရှင်ဘုရင်ကတော့၊ **ပထမမြောက်-မာဆီ**[၁] ဖြစ်တယ်။ ဒီရှင်ဘုရင်ဟာ၊ ဘီ၊စီ ၁၈-ရာစုရဲ့ အစလောက်က၊ အုပ်စိုးသွားခဲ့ဘူးတယ်။ ဒီရှင်ဘုရင်ရဲ့လက်ထက်မှာ၊ ဟစ်တိုက်လူမျိုးတွေဟာ အတော် စည်းစည်း လုံးလုံး ဖြစ်နေကြပြီ။ သူတို့ရဲ့ အင်ပိုင်ယာဟာလဲ အတော် အရှိန် ရလာပြီ။ အဲဒါကြောင့် ပထမမြောက်-မာဆီဟာ၊ ဘက်ဘီလွန်မြို့တော်ကို သိမ်းပိုက်ပြီး၊ ဟမ်မူရာဗီမင်းဆက်ရဲ့ နောက်ဆုံးမင်းကိုနန်းချနိုင်တဲ့အထိ အင်အားကြီးမားခဲ့တယ်။

အဲဒီလောက်အထိ အင်အားတောင့်တင်းခဲ့တဲ့ ဟစ်တိုက် အင်ပိုင်ယာဟာ၊ ပထမမြောက်-မာဆီ နတ်ရွာစံပြီးတဲ့နောက်၊ နောင်လာနောက် သား တွေ လက် ထက် မှာ၊ အတော်အားအင် ချိနဲ့လာတယ်။ နောက်ပြီးတော့လဲ၊ ဘီ၊စီ ၁၇-ရာစု ထဲမှာ၊ ဟစ်တိုက် အင်ပိုင်ယာဟာ ဟစ်ဆိုးလူမျိုးတွေ ဝင်ရောက်တိုက်ခိုက်တာကို မကြာခဏ ခံကြရတယ်။ အဲဒီအကြောင်းကြီး နှစ်ကြောင်းကြောင့်၊ ဟစ်တိုက် ပထမအင်ပိုင်ယာဟာ၊ ဘီ၊စီ ၁၇-ရာစု ထဲမှာပဲ ပြိုကျသွားခဲ့ရတယ်။

## ဒုတိယ ဟစ်တိုက်အင်ပိုင်ယာ

ဟစ်ဆိုးတွေ ဟစ်တိုက်အင်ပိုင်ယာထဲက ထွက်ခွာသွားကြပြီးတဲ့နောက်၊ ဘီ၊ စီ ၁၄၀၀-ကုန်ပြီးတဲ့ အချိန်အခါလောက်မှာ၊ ဟစ်တိုက်တွေဟာ ဒုတိယ ဟစ်တိုက်အင်ပိုင်ယာကို ထူထောင် နိုင်ကြပြန်တယ်။ (မြေပုံ-၆)ဒီဒုတိယ အင် ပိုင် ယာ ဟာ နှစ် ပေါင်း ၂၀၀-လောက်၊ အနောက် အာရှမှာ၊ အ ကြီး ဆုံး အင် အား စု ကြီး ဖြစ်ခဲ့ရဘူးတယ်။ ဒီ ဒုတိယဟစ်တိုက်အင်ပိုင်ယာရဲ့ ရှင်ဘုရင်ကြီးတွေ အမြောက်အမြားရှိကြတဲ့အထဲက၊ အထင်အရှားဆုံး ရှင်ဘုရင်ကြီးဟာ၊ **'စုပ်ပီးလူးယူမား'**[၂] ဖြစ်တယ်။

## ဘုရင်-စုပ်ပီလူးယူမား

ဟစ်တိုက်နိုင်ငံ နဲ့ အီဂျစ်နိုင်ငံတို့ဟာ၊ ရှင်ဘုရင်ကြီး စုပ်ပီလူးယူမား နဲ့ အစ်ခနတွန်တို့ လက်ထက်မှာ၊ အ တော် ရင်း နှီး ကြ တယ်။

---

၁။ ပထမမြောက်-မာဆီ = Mursil I

၂။ စုပ်ပီလူးယူမား = Suppilulyuma

အီဂျစ်မှာ အစ်ခနတွန်နန်းတက်စက၊ ဗွပ်ပီလူးယူမားက ချစ်ကြည်ရေး သဝဏ်လွှာနဲ့ လက်ဆောင်တွေကို ပို့ခဲ့ဘူးတယ်။

အီဂျစ်မှာ အစ်ခနတွန် နတ်ရွာစံပြီး၊ သူ့သမက်တော် တူးတင်ခမွန်နန်းတက်တယ်။ တူးတင်ခမွန်ဟာ မကြာမီနတ်ရွာစံတဲ့အခါ၊ ထီးမွေနန်းမွေ ဆက်ခံဖို့ သားသမီး မကျန်ရစ်ခဲ့ဘူး။ အစ်ခနတွန်ဟာ သူတို့ဘာသာကိုဖျက်ပြီး ဘာသာ အ သစ် ထူ ထောင် တဲ့ အ တွက်၊ အီဂျစ်ဘုန်းကြီးတွေက အစ်ခနတွန်ကိုရော၊ သူနဲ့ပတ်သက်တဲ့ သူတွေကိုရော၊ မကြိုက်ဘူး။ တူးတင်ခမွန်ကိုတောင် သူတို့ တိတ်တိတ်သတ်ပစ်တယ်လို့ ထင်စရာ အကြောင်းရှိတယ်။

ကျန်ရစ်သူ မိဖုရားဟာ အားကိုးရာမဲ့ ဖြစ်ပြီး၊ အား ကိုး ရာ ကို ကြည့်တဲ့အခါ၊ ရှင်ဘုရင်ကြီး ဗွပ်ပီလူးယူမားကို သွား ပြီး မြင် တယ်။ အဲဒါကြောင့်၊ သားတော်တပါးအမြန်လွှတ်ပေးပါ။ သူနဲ့လက်ထပ်ပြီး၊ အီဂျစ်နိုင်ငံကို အုပ်ချုပ်ရအောင်လို့၊ ရှင်ဘုရင်ကြီးဆီကို **တူးတင်ခမွန်ရဲ့** ကျန်ရစ်သူ မိဖုရားက စာတစောင်ရေးပြီး အကူအညီ တောင်းတယ်[၁]။

ရှင်ဘုရင်ကြီးဟာ စာကိုရတဲ့အခါ၊ ယုံရမှာအခက်ဖြစ်နေတယ်။ အဲဒါကြောင့် သားတော်ကို မလွှတ်လိုက်သေးပဲ၊ အခြေအနေ စုံစမ်းရအောင်၊ သူ့သံတမန်တွေကို အရင်လွှတ်လိုက်တယ်။ အခြေအနေမှန်ကိုသိရပြီး၊ သံတမန်တွေပြန်မယ်လို့လုပ်တဲ့အခါ၊ ဒီလောက် အရေးကြီးနေတဲ့အထဲ၊ ဒီလိုနှေးနှေးကွေးကွေးလုပ်နေတာကို မြင်ရတဲ့အတွက်၊ ဝမ်းနဲကြောင်းနဲ့ သားတော်တပါးကို အမြန်ဆုံးပို့လိုက်ဖို့အကြောင်း၊ အမတန် အရင်စလိုဖြစ်နေတဲ့ တူးတင်ခမွန်ရဲ့ ကျန်ရစ်သူ မိဖုရားက နောက်ထပ်စာတစောင် ရေးပေးလိုက်ပြန်တယ်။

ဒီစာကို ရတော့မှ၊ ရှင်ဘုရင်ကြီးလဲ ဝမ်းသာ အားရ ဖြစ်ပြီး၊ **သူ့သားတော်တပါးကို ပို့လိုက်တယ်**။ ဒါပေမဲ့ ဒီသားတော်မှာ၊ တူးတင်ခမွန်ရဲ့ ကျန်ရစ်သူဇနီးနဲ့ လက်ဆက်ဖို့ဖူးစာမပါဘူးထင်ပါရဲ့၊ အီဂျစ်ကို ရောက် တာ နဲ့ သူ့ခမြာ **နတ်ရွာစံသွားရှာတယ်**။ ဒီအကြောင်းကို ရှင်ဘုရင်ကြီးကြားရတဲ့အခါ၊ သူ့သားတော်ကို အီဂျစ်ကလူတွေ သတ်ပစ်တယ်လို့ မယုံသင်္ကာဖြစ်ပြီး၊ သိပ်ဒေါသထွက်တယ်။ အီဂျစ်ကလူတွေ

---

၁။ Tutankhamen (C. Desroches-Noblecourt) P.275




(ပုံ-၁၃၇) ကုန်းမြင့်ဒေသဆီက ရှေးခေတ် အိုးခွက် နဲ့ တံဆိပ်တုံးပုံ
(ဘယ်ဘက်က) A B C အစုဟာ၊ အန္တာတိုးလီယား နိုင်ငံက ဖြစ်ပြီး၊
ကုန်းမြင့်ရဲ့ အနောက်ပိုင်းမှာနေကြတဲ့ ဟစ်တိုက်လူမျိုးတွေရဲ့ လက်ရာဖြစ်တယ်။
ညာဘက် D E F အစု ကတော့၊ ပါရှားနိုင်ငံ က လက် ရာ ဖြစ် တယ်။
ဒီနှစ်စုရဲ့ လက်ရာကို ယှဉ်ကြည့်ယင်၊ အန္တာတိုးလီယား နိုင်ငံမှ ပါရှားနိုင်ငံထိ
ကုန်းမြင့်ဒေသယဉ်ကျေးမှုဟာ တူနေပုံကိုမြင်ရမယ်။

ကလဲ၊ သားတော်ဟာ သူ့ဟာသူ ရိုး ရိုးနတ် ရွာ စံ တာ ပါ လို့ ရှင်းပြပါသေးတယ်။ ဒါပေမဲ့၊ မရဘူး။ ရှင်ဘုရင်ကြီးဟာ **အီဂျစ်နိုင်ငံကို စစ်ကျေညာ**ပြီး၊ အီဂျစ်နိုင်ငံရဲ့မြောက်ပိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသအထိ ချီတက်တယ်။ ရောက်တဲ့နေရာတိုင်းမှာ၊ အီဂျစ်လူမျိုးတွေဟာ၊ သူ့ကို နိုင် အောင် မ တိုက် နိုင် ဘူး။ အခုလို အားရအောင် တိုက်ပြီးတော့မှ၊

သယ်နိုင်သမျှပစ္စည်းတွေကို သိမ်းယူပြီးပြန်လာတယ်။ နောက်ပြီးတော့၊ အီဂျစ်အင်ပိုင်ယာရဲ့ မြောက်ဘက် အစွန်းဒေသဖြစ်တဲ့ ဆီးရီးယားကို သိမ်းယူလိုက်တယ်။

ဒီ ဒုတိယ ဟစ်တိုက်အင်ပိုင်ယာဟာ၊ နှစ်ပေါင်း ၂၀၀လောက် ကြာတဲ့အခါ၊ ယိမ်းယိုင်စပြုလာတယ်။ ပင်လယ်ဘက်ကလဲ လူတမျိုးက အင်ပိုင်ယာထဲကို ဝင်တိုက်တယ်။ ကုန်းဘက်ကလဲ၊ ခြေသလုံးအိမ်တိုင် ပြုသမားတွေက ဝင်တိုက်တယ်။ အဲဒီအထဲမှာ၊ အဆီးရီးယားနိုင်ငံဟာ အင်အား တောင့်တင်းလာပြီး၊ ဒုတိယမြောက်-ဆာဂွန် လက်ထက်ကို ရောက်တဲ့အခါ၊ အလုံးအရင်းနဲ့ ဟစ်တိုက်အင်ပိုင်ယာကို ချီတက်တိုက်ခိုက်ပြန်တယ်။အဲဒီအချိန်ကထဲက၊ ဟစ်တိုက်အင်ပိုင်ယာကြီးဟာ ပြိုကျသွားပြီး၊ ဟစ်တိုက်လူမျိုးတွေ အကြောင်းကိုလဲ၊ နောက်ထပ် မကြားရတော့ဘူး။

## အခန်း ၉။

## ဟစ်တိုက် အင်ပိုင်ယာ

### မှတ်စရာလေးခု၊ ဂရုပြု

၁။ ဘီ၊စီ ၂၅၀၀ လောက်တွင်၊ အင်ဒို-ဥရောပ လူမျိုးစု ထဲက ဟစ်တိုက်တွေဟာ အာရှမိုင်းနားကို ဝင်ရောက်လာကြတယ်။ သူတို့နဲ့ အတူ မြင်းတွေလဲပါလာတယ်။

၂။ အာရှမိုင်းနား မြောက်ဘက်၊ ပင်လယ်နက် ကမ်းခြေမှာ၊ သံသတ္တုတွင်းကို တွေ့ရှိပြီး၊ ဟစ်တိုက်တွေဟာ သံလက်နက် ကရိယာ တန်ဆာကို ကမ္ဘာမှာ ဦးစွာ အသုံးပြုခဲ့ကြတယ်။

၃။ ဟစ်တိုက်တွေရဲ့ တရားဥပဒေဟာ၊ ဟိုစဉ်အခါက အခြား လူမျိုးတွေရဲ့၊ ဥပဒေနဲ့ နှိုင်းစာကြည့်ယင်၊ ပိုမိုကြင်နာတဲ့ သဘော ရှိတယ်။

၄။ ဟစ်တိုက် ယဉ်ကျေးမှုကို၊ အီဂျီအန်လူမျိုးတွေက အမွေခံပြီး၊ အီဂျီအန်တွေဆီက ဥရောပလူမျိုးတွေက အမွေခံကြတယ်။အဲဒါကြောင့်၊ ဟစ်တိုက် အင်ပိုင်ယာဟာ **အာရှ နဲ့ ဥရောပ ယဉ်ကျေးမှု အတွက် ကွင်းဆက်**ဖြစ်တယ်။

---

* သူတို့တတွေဟာ၊သူတို့ရဲ့ နွားအုပ်တွေအတွက် ရေကြည်ရာ မြက်နုရာ ဒေသတွေကိုရှာကြရင်း၊ တစတစပြောင်းရွှေ့လာခဲ့ကြတယ်။ သူတို့ရဲ့မိသားစုကို လဲ တပါတဲကုန်တင် နွားလှည်း တွေပေါ်မှာ ခေါ်ဆောင်လာကြတယ်။ သစ်လုံး ကြီးတွေကိုခုတ်ဖြတ်ပြီး လှည်းဘီးလုပ်ထားကြတယ်။

စားကျက်ဟောင်းတခုခုကို ရောက်တဲ့အခါ သစ်ခက်တွေကိုရက်၊ ရွှံ့ နဲ့ မံပြီး၊ယာယီတဲတွေကို ဆောက်လုပ်စခန်းချကြတယ်။မြက်တွေ ကုန်သွားတဲ့အခါ ကျတော့မှ၊ ဒီယာယီတဲတွေကို စွန့်ပစ်ခဲ့ကြပြီးရေကြည်ရာ မြက်နုရာအခြားတနေ ရာဆီကို ပြောင်းရွှေ့သွားကြပြန်တယ်။

အာရိယန်တစုဟာ၊ အရှေ့တောင်ဘက် အိန္ဒိယထဲကို ဝင်သွားကြတယ်။ ကျန် တစု ကတော့၊ အနောက်တောင်ဘက် ပါရှန်ပင်လယ်ကွေ့ဘက်ကို ဆင်း လာကြပြီး၊ တသိုက်က မီးဒီးလူမျိုး၊ နောက် တသိုက် က ပါရှန် လူမျိုး ရယ်လို့ နောင်အခါ နံမယ်ရလာကြတယ်။



(ပုံ-၁၃၈-က)

## အခန်း ၁၀။

## အနောက်အာရှသမိုင်း

## အာရိယန်လူမျိုး[၁]

ဟစ်တိုက်လူမျိုးတွေဟာ၊ အင်ဒို-ဥရောပလူမျိုးကြီးက ဆင်းသက်လာတယ်ဆိုတာ၊ ရှေးအခန်းတုန်းက သိခဲ့ကြရပြီးပြီ။ ဒီဟစ်တိုက်တွေလိုပဲ၊ **အင်ဒို-ဥရောပလူမျိုးကြီးက ဆင်းသက်လာတဲ့** လူမျိုး တမျိုး ရှိသေးတယ်။ ဒီလူမျိုးဟာ မိဘ သို့မဟုတ် မူလလူမျိုးကြီးက ခွဲထွက်စတုန်းကတော့ လူစုတစုလောက်ပဲ ရှိသေးတယ်။ ဘီ၊စီ ၂၀၀၀ လောက်မှာ ဒီလူစုဟာ ကက်စပီယန်ပင်လယ်ရဲ့ အရှေ့ဘက်မှာရှိတဲ့ မြက်ခင်းပြင်

---

(ပုံ-၁၃၈-က) ခြေသလုံး အိမ်တိုင်ပြုနေကြတဲ့ အာရိယန်တွေ။*

၁။ အာရိယန်လူမျိုး = The Aryans

တွေပေါ်မှာ အခြေ စိုက်မိကြတယ်။ အဲဒီ နေရာမှာပဲ၊ ဒီလူစုဟာ တဖြည်းဖြည်း ကြီးပွားလာပြီး၊ **'အာရိယန်လူမျိုး'** လို့ အမည်တွင်လာကြတယ်။

ဒီ အာရိယန် လူမျိုးတွေက ဆင်းသက်လာကြတဲ့ လူမျိုးတွေ ကိုးကွယ်ကြတဲ့ ဘာသာတွေကို လေ့လာကြည့်ရခြင်းအားဖြင့်၊ ဒီ အာရိယန်တွေမှာ၊ **အထက်တန်းကျတဲ့ ဘာသာ**တရပ် ရှိခဲ့တယ်ဆိုတာ ခန့်မှန်းနိုင်တယ်။ သူတို့ဘာသာရဲ့အဓိကအချက် နှစ်ချက်ဟာ၊ 'ကောင်းသောအကြံအစည် နဲ့ ကောင်းသောအလုပ်'ပဲဖြစ်တယ်။ သူတို့ ပူဇော်ပသကြတဲ့နေရာမှာ၊ မီးဟာ အမတန် အရေးပါ အရာရောက်တယ်။ သူတို့မှာ ဘုန်းကြီးတွေရှိတယ်။ ဒီဘုန်းကြီးတွေကို 'မီးကိုပူဇော်သူတွေ'[၁] လို့ သူတို့ ခေါ်ကြတယ်။

ဘီ၊စီ ၁၀၀၀ လောက်မှာ၊ ဒီအာရိယန်လူမျိုးတွေဟာ နှစ်စုကွဲသွားကြပြန်တယ်။ တစုဟာ တောင်ဘက်ကို ဆင်းသွားပြီး၊ နောက်ဆုံးမှာ အိန္ဒိယကို ရောက်ကြတယ်။ ဒီလူစုရဲ့ ဘာသာရေး ကျမ်းစာအုပ်တွေကို **ဗေဒ**[၂]ကျမ်းစာအုပ်တွေလို့ခေါ်တယ်။ ဒီဗေဒကျမ်းတွေကို သင်္သကရိုက်ဘာသာနဲ့ ရေးထားကြတယ်။

နောက်တစုကလဲ သူတို့ကိုယ်သူတို့ အာရိယန်လို့ ခေါ်တာပဲ။ ဒါပေမဲ့၊ အသံထွက်တဲ့ အခါတော့၊ **အီရန်**[၃]လို့ ထွက်တယ်။ ဥပမာ မြန်မာ လူမျိုးတွေကို တိုင်းရင်းသားတွေက ( ဗမာ )လို့ ခေါ်တယ်။ ဂျပန်တွေက (ဘီးရူးမာ)လို့ ခေါ်တယ်။ တရုပ်တွေက ( မြန် )လို့ ခေါ်တယ်။ မြန်မာ၊ ဗမာ၊ ဘီးရူးမာ၊ မြန် ဆိုတဲ့ စကားလေးမျိုးဟာ အတူတူပဲ။ မြန်မာလူမျိုးကို ခေါ်တာချည်းပဲ။ အဲဒါကြောင့် အီရန် ဆိုတာလဲ အာရိယန်လူမျိုးပဲလို့ မှတ်ထားကြစေချင်တယ်။ ဒီ ဒုတိယ အစုကို၊ သမိုင်းဆရာတွေက **အီရေးနီးယန်**[၄]လို့ ခေါ်ကြတယ်။

---

၁။ မီးကိုပူဇော်သူတွေ = Fire-Kindlers

၂။ ဗေဒ=The Vedas
(ဒီအကြောင်းကို၊ အိန္ဒိယသမိုင်းရောက်တော့မှ ကျယ်ကျယ် ဝန်းဝန်း ပြောပြမယ်။)

၃။ အီရန် = Iran

၄။ အီရေးနီးယန် = The Iranians

အဲဒီ အစုဟာ အနောက်ဘက်နဲ့ အနောက် တောင်ဘက်ကို ထွက်သွားကြပြီး၊ လခြမ်းဒေသကို ဝိုင်းထားတဲ့တောင်တွေမှာ ရှေးဦးစွာ အခြေစိုက်ကြတယ်။ ဒီလူစုတွေထဲကမှ၊ လူသုံးစုခွဲပြီး ထွက်ကြပြန်တယ်။

ပထမ အစုဟာ **မိတန်းနီနိုင်ငံ** ထူထောင်ပြီး၊ **မိတန်းနီယန် လူမျိုး**တွေဖြစ်လာကြတယ်။ ဒီမိတန်းနီယန်တွေရဲ့အကြောင်းကို ရှေး အခဏ်းတွေမှာ ပြောခဲ့ပြီးပြီ။ ကျန်နှစ်စုထဲက၊ တစုက **မီးဒီးလူမျိုး**[၁] နဲ့ အခြားတစုက **ပါရှန်လူမျိုး**တွေ ဖြစ်လာကြတယ်။

## မီးဒီးယန်အင်ပိုင်ယာ

ဒီလူမျိုးနှစ်စုမှာမီးဒီးက ပိုပြီးအားကောင်းတဲ့အတွက်၊ပါရှန်တွေ ဟာ မီးဒီးတွေရဲ့လက်အောက်ခံတွေ ဖြစ်လာတယ်။ဘီ၊စီ ၇၀၀လောက် မှာ ဒီမီးဒီးတွေဟာ၊ တိုက်ဂရစ်မြစ်ရဲ့အရှေ့ဘက်မှာရှိတဲ့ တောင်ကြား တွေမှာ၊ အားအင်တောင့်တင်းခိုင်မာတဲ့ **အင်ပိုင်ယာတခုကို ထူထောင်** ခဲ့ကြတယ်။ ဒီအင်ပိုင်ယာရဲ့မြို့တော်က **အက်ဘက်တနာ**[၂] ဖြစ်တယ် (မြေပုံ-၇)။

ဒီမြို့တော်ဟာ ဘက်ဘီလွန် မြို့တော်ကို တိုက်ရိုက် ရောက်တဲ့ **ဇာဂရော့**[၃]တောင်ကြားလမ်းရဲ့ ရှေ့တဲ့တဲ့မှာ တည်ရှိတယ်။ ဒီနေရာက နေပြီး၊ဒီမီးဒီးတွေဟာ တဖြည်းဖြည်းနယ်ချဲ့လာလိုက်တာ၊နောက်ဆုံးမှာ သူတို့ရဲ့ အင်ပိုင်ယာဟာ၊ ပါရှန်ပင်လယ်ကွေ့က၊ မြောက်ဘက်မှာရှိတဲ့ တောင်တန်းတွေကို ဖြတ်ပြီး၊ပင်လယ်နက်ဒေသအထိ ကျယ်ပြန့်ခဲ့တယ်။

အဲဒီ အင်ပိုင်ယာရဲ့တောင်ဘက်စွန်းက၊ ပါရှန်ပင်လယ်ကွေ့ရဲ့ မြောက်ဘက်မှာရှိတဲ့ အီလမ်နိုင်ငံ[၄]ကို၊ (မီးဒီးတွေရဲ့ လက်အောက်ခံ အဖြစ်နဲ့)ပါရှန်တွေက အုပ်စိုးတယ်။(ဒီမီးဒီးတွေ နဲ့ ကယ်ဒီးယန်တွေ ပေါင်းပြီး၊ အဆီးရီးယန် အင်ပိုင်ယာကို ဘယ်လို ဖြိုခွင်းတယ်ဆိုတာ ရှေးအခဏ်းတွေမှာ ပြောခဲ့ပြီးပြီ)။

---

၁။ မီးဒီးလူမျိုး = The Medes (မြန်မာ့စွယ်စုံကျမ်း၊တွဲ ၉၊ နှာ ၃၁)
၂။ အက်ဘက်တနာ = Ecbatana
၃။ ဇာဂရော့ = The Zagros Mountains
၄။ အီလမ် = Elam


မီးဒီးယန် အင်ပိုင်ယာ
(၇၀၀–၆၀၀ ဘီစီ)
ဝင်လယ်နက်
ကက်စပီယန် ပင်လယ်
အာရယ် ပင်လယ်
မိတန်နီ
တိုက်ဂရစ်မြစ်
အက်ဘက်တနာ
မီး ဒီး ယား
နင်ဗီဗီ
အဆူး
ဇာဂရော့တောင်
အီလမ်
ဘက်ဘီလွန်
ကယ်ဒီးယား
ပါရှား
ပါရှန်ပင်လယ်ကွေ့
အီရေးနီးယန်
ကုန်းမြင့်မြေ

(မြေပုံ-၇)

## ဇိုရိုအက်စတာ[၁]

မီးဒီးလူမျိုးတွေမှာ၊ **ဇိုရိုအက်စတာ**ဆိုတဲ့ပညာရှိကြီးတဦး ထွန်းကား ပေါ်ပေါက် လာခဲ့ ဘူး တယ် (ပုံ-၁၃၉)။ ဒီပညာရှိကြီးဟာ၊ ဘီ၊စီ ၅၇၀ လောက်မှာ မွေးဖွားတယ်လို့ သမိုင်းဆရာတွေက ယူဆကြတယ်။ သူ့ယုံကြည်ချက်အရဆိုယင်၊တလောကလုံးမှာ အကောင်းနဲ့အဆိုးဟာ၊ အစဉ်ထာဝရ ပဋိပက္ခဖြစ်နေတယ်။ ဒီအကောင်းဆိုတာ ကလဲ တခြားမဟုတ်ဘူး။ ထာဝရသခင်ပဲ ဖြစ်တယ်။ အဲဒါကြောင့် ဒီထာ ဝ ရသ ခင် ကို၊ ဇို ရို အက် စ တာ က၊ **မတ်ဇဒါ**[၂] သို့မဟုတ် **အဟူးရာ-မတ်ဇဒါ**[၃]လို့ ခေါ်တယ်။ 'အသိဉာဏ်ပိုင်ရှင်'လို့အဓိပ္ပါယ်ရတယ်။

အဟူးရာ-မတ်ဇဒါဆိုတဲ့ ထာဝရသခင်မှာ၊ နတ်သမီးနတ်သားတွေလို အခြွေအရံတွေ အများကြီးရှိတယ်။ ဒီ အခြွေအရံတွေထဲမှာ အကြီးဆုံးဟာ **မစ်ထရား**[၄]လို့ခေါ်တဲ့**အလင်းရောင်နတ်သား**ဖြစ်တယ်။ ဒီထာဝရသခင် အဟူးရာ- မတ်ဇဒါနဲ့ သူ့အခြွေအရံတွေကို အတိုက်အခံလုပ်နေတဲ့ နတ်ဆိုးတွေလို ပုဂ္ဂိုလ်တစုရှိတယ်။ ဒီ ပုဂ္ဂိုလ်တွေရဲ့ ခေါင်းဆောင်က၊ မာရ်နတ်လို နတ်တပါး ဖြစ်တယ်။ အဲဒီ နတ်ကို **အာရီးမန်**[၅]လို့ ခေါ်တယ်။ ဂျူးနဲ့ ခရစ်ယန်တွေရဲ့ဘာသာတွေထဲမှာ **ဆေတန်**[၆] ဆိုတဲ့ နတ်ဆိုးဆိုတာ၊ ဒီအာရီးမန် ကို ခေါ်တာပဲဖြစ်တယ်။

ဒီဘာသာအရ၊ အကောင်းနဲ့အဆိုး နှစ်မျိုးရှိတဲ့အထဲက၊မည်သူမဆို ကြိုက်ရာဘက်ကို ပါနိုင်တယ်။ ဒါပေမဲ့ လူမှန်သမျှ သေပြီးလို့ နောင်ဘဝကျယင်၊ ထာဝရသခင်ရဲ့ အစစ်ဆေးကိုခံရမယ်။ ကောင်းတဲ့ဘက်ကို ပါခဲ့ယင်လဲ၊ ကောင်းတဲ့အတိုင်း စံရမယ်။ ဆိုးတဲ့ ဘက်ကို ပါခဲ့ယင်လဲ၊ ဆိုးတဲ့အတိုင်း ခံရမယ်။ ဒီအချက်ကို လူတိုင်းသိထားဘို့

---

၁။ ဇိုရိုအက်စတာ = Zoroaster (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၄၊ နှာ ၃၄၄)
၂။ မတ်ဇဒါ = Mazda
၃။ အဟူးရာ- မတ်ဇဒါ = Ahura-Mazda
၄။ မစ်ထရား = Mithras
၅။ အာရီးမန် = Ahriman
၆။ ဆေတန် = Satan



(ပုံ-၁၃၉) ပါဆက်ပိုလစ်မြို့တော်အနီး ဘိလပ်မြေမသုံးပဲ၊ ကျောက်ဖြူတွေနဲ့ ဆောက်လုပ်ထားတဲ့ ဇိုရိုအက်စတာရဲ့ ကျောက်ဂူ။
(၁၇ပေ စတုရန်း၊ အမြင့် ၂၇ပေ၊ ကျောက်ထရံအထူမှာ ၄ ပေခွဲ ရှိတယ်။)

ဇိုရိုအက်စတာရဲ့ ဘာသာထဲမှာ သတိပေးထားတယ်။ နောင်တမလွန်ဘဝမှာ လူတိုင်းအစစ်ဆေးခံရမယ်ဆိုတဲ့ ဒီသဘောတရားဟာ၊ ကမ္ဘာ့သမိုင်းအရ၊ ဇိုရိုအက်စတာက စတင်ပြီး ဟောကြားခဲ့တာ ဖြစ်တယ်။

ဇိုရိုအက်စတာရဲ့ ဘာသာဟာ၊ သူ့လူမျိုးတွေ ယုံကြည်ခဲ့ကြတဲ့ အယူတွေနဲ့ ကိုးကွယ်ခဲ့ကြတဲ့နတ်တွေကို၊ သူ့စိတ်ကူးနဲ့ ကိုက်ညီအောင် အသစ်ပြင်ထားတဲ့ ဘာသာဖြစ်တဲ့အတိုင်း၊ ရှေးမူဟောင်းတချို့ကို သူ့

ဘာသာသစ်ထဲမှာ၊ ဇိုရိုအက်စတာက လက်ခံထားတယ်။ သူတို့ လူမျိုးတွေဟာ မီးကိုပူဇော်ကြတယ်။ သူ့ဘာသာသစ်ထဲမှာလဲ၊ မီးကို ပူဇော်တာကို လက်ခံထားတယ်(ပုံ-၁၄၀)။ မီးကို ပူဇော်တဲ့ 'မဲဂျိုင်'[၁] ဆိုတဲ့ ဘုန်းကြီးတွေကိုလဲ အသိအမှတ်ပြုထားတယ်။ သူ့ဘာသာအရ ရုပ်တုဆိုယင် ဘယ်ရုပ်တုကိုမှ မကိုးကွယ်ရဘူး၊ နောက်ပြီးတော့လဲ ဒီဘာသာအရ၊ လူသေယင် မမြှုပ်ရဘူး။ စင်မြင့်ကြီးတွေ ပေါ်မှာတင် ထားကြရတယ်။

ဒီဘာသာကို မီးဒီးတွေဟာ လေးလေးစားစား မရှိတာနဲ့၊ ဇိုရိုအက်စတာဟာ ပါရှန်တွေဆီကို ပြောင်းလာတယ်။ ပါရှန်တွေက ဒီဘာသာကို အထူးယုံကြည်ကိုးကွယ်ကြတယ်။

---

၁။ မဲဂျိုင် = Magi



(ပုံ-၁၄၀) ပါဆက်ပိုလစ်မြို့တော်အနီး 'အဟူးရာ-မတ်ဇဒါ'ကို ရည်မှန်းပြီး မီးကိုပူဇော်တဲ့ ဘုရားစင်လို ကျောက်စင်မြင့်။



(ပုံ-၁၃၈)

## ပါရှန် သမိုင်း

**ဘီ၊စီ** ၆-ရာစု ဟာ ကမ္ဘာ့သမိုင်းမှာ အမတန် အရေးကြီးတဲ့ အချိန်ကာလတခု ဖြစ်တယ်။ ယူဖရေးတီး နဲ့ တိုက်ဂရစ်မြစ် နှစ်မြစ်ကြားမှာရှိတဲ့ မက်ဆိုပိုဲတေးမီးယား[၁] ဒေသကြီးတခုလုံးမှာ နှစ်ပေါင်းရာပေါင်းများစွာ ကြီးကြီးကျယ်ကျယ်ထွန်းကားလာခဲ့တဲ့ နိုင်ငံတွေဟာ၊ ဒီ-၆-ရာစု အတွင်းမှာ ကြက်ပျောက် ငှက်ပျောက် ပျောက်ပျက်ကုန်ကြတယ်။ ဒီ-၆-ရာစု အတွင်းမှာ၊ ပါရှန်အင်ပိုင်ယာကြီးဟာ တဟုန်တဲ တိုးတက်ကြီးပွားလာတယ်။ ဒီ-၆-ရာစု အတွင်းမှာ၊ ပါရှန်တွေ နဲ့ ဂရိလူမျိုးတွေ၊ ပထမဆုံးအကြိမ် တွေ့ဆုံမိကြတယ်။ ဒီ ၆-ရာစု အတွင်းမှာ ရောမသမတနိုင်ငံစနစ် စတင်ပေါ်ပေါက်ခဲ့တယ်။

ပါရှန်အင်ပိုင်ယာရဲ့ ပထမ ရှင်ဘုရင် သုံးပါး လက်ထက်မှာ၊

---

(ပုံ-၁၃၈) ပါဆက်ပိုလစ်မြို့တော် ခမ်းနားလှတဲ့ ကျောက်လှေခါးကြီးရဲ့နံရံပေါ် ရုပ်ကြွထုထားတဲ့ပုံတပုံ။ လက်အောက်ခံ အရှေ့ပြည်နယ် ၂၈ နယ်က သံတမန်တွေကို ဝင်ခွင့်ပြုပြီမို့၊ စီလီရှားပြည်နယ်က သံဟာ၊ ကြီးမားလှတဲ့ သိုးထီး ၂ ကောင်ကိုပါ လက်ဆောင်အဖြစ်ယူ လာခဲ့တယ်။

၁။ မက်ဆိုပိုတေးမီးယား = Mesopotamia (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၉၊ နှာ ၁၉၃)

တနိုင်ငံနဲ့တနိုင်ငံ ကူးသန်းသွားလာရေးဟာ အထူးတိုးတက်ကောင်းမွန်လာတဲ့အတွက်၊ **ကူးသန်း ရောင်းဝယ်ရေးဟာ အထူးထွန်းကား**လာတယ်။ အဲဒီ တိုးတက်လာတဲ့ လမ်းပန်းဆက်သွယ်ရေးကြောင့်၊ အဲဒီ ၆-ရာစုအတွင်းမှာ၊ တနိုင်ငံရဲ့ အတွေးအခေါ် အယူအဆတွေဟာ၊ တခြားနိုင်ငံတွေကို ရှေးကထက်ပိုပြီး လွယ်လွယ်ကူကူ ကူးစက်ပြန့်ပွားလာတယ်။

ဒီ-၆-ရာစုထဲမှာ၊ ကွန်ဖြူးဇီယပ် [1] (ကွန်ဖြူးဇီ)နဲ့ လအိုဇီ [2] ဆိုတဲ့ တရုပ်ပညာရှိကြီးနှစ်ဦး တရုပ်ပြည်မှာ ပေါ်ပေါက်လာတယ်။ အိန္ဒိယမှာ ဆိုယင်လဲ ဒီ-၆-ရာစုထဲမှာပဲ ဂေါတမမြတ်စွာဘုရားပွင့်တော်မူတယ်။ အဲဒီအချိန်မှာပဲ ဂျိန်း အယူဝါဒလဲ [3] အိန္ဒိယမှာ ထွန်းကားခဲ့တယ်။ ဒီ-၆-ရာစုထဲမှာပဲ၊ ပါရှားမှာ ဇိုရိုအက်စတာ ပေါ်ပေါက်ခဲ့တယ်။

ဒီ-၆-ရာစုအတွင်းမှာ၊ ပါရှန်အင်ပိုင်ယာဟာ ဘယ်လို စတင်ပေါ်ပေါက်လာတယ်ဆိုတာ အခုအချိန်ကစပြီး ပြောပြမယ်။ မီးဒီးတွေရဲ့ လက်အောက်ခံတွေ အဖြစ်နဲ့ ပါရှန်တွေ အုပ်ချုပ်နေတဲ့ **အီလမ်**နိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းဟာ သဲကန္တာရသာသာကလေးရှိတယ်။ ဒါပေမဲ့ ဒီနိုင်ငံရဲ့ အတွင်းပိုင်းက တောင်ကြား မြေတွေကတော့၊ မြေဩဇာကောင်းတယ်။ ဒီတောင်ကြားဒေသတွေထဲက၊ မိုင်ပေါင်း ၄၀ ဝလောက်ရှည်တဲ့ ဒေသတခုမှာ၊ **ပါရှန်**တွေဟာ အခြေစိုက်ကြတယ်။

အဲဒီ အချိန်က ပါရှန်တွေဟာ၊ သိုး နွား မွေးမြူ၊ လယ်ယာစိုက်ပျိုးပြီး နေကြတဲ့ တောင်သူ လယ်သမား ရိုးရိုးတွေပါပဲ။ သူတို့မှာ အရေးအသား မရှိ။ စာပေမရှိ။ လက်မှုပညာ မရှိ။ ဒါပေမဲ့၊ သူတို့မှာ အတိတ်သမိုင်းအရ၊ ဇာတိသွေး ဇာတိမာန်တွေတက်ကြွနေတဲ့ လူမျိုးတွေ ဖြစ်တယ်။

## ဆိုင်းရပ်-ဘုရင်ခေတ်

ဒီပါရှန်တွေဟာ၊ သူတို့ကိုယ်သူတို့ မီးဒီးတွေရဲ့ လက်အောက်ခံတွေ ဖြစ်တယ်ဆိုတာ အသိအမှတ် ပြုတယ်။ အဲဒီ ပါရှန်တွေထဲက၊

---

၁။ ကွန်ဖြူးဇီယပ် (ကွန်ဖြူးဇီ) = Confuscius ( Kung Fu Tze=The Philosopher Kung)

၂။ လအိုဇီ = Laotse

၃။ ဂျိန်းအယူဝါဒ (ဂျိုင်းလို့လဲ တချို့ဘတ်ကြတယ်) = Jainism

လူတစုဟာ သူတို့အချင်းချင်း စည်းလုံးမိကြပြီး၊ **အန်ရှန်**[၁] အမည်နဲ့ **နိုင်ငံကလေး**တခုထူထောင်ကြတယ်။နင်းအီမိမြို့တော်ပျက်ပြီး၊နှစ်ပေါင်း ၆၀-လောက် ရှိတဲ့ အခါ၊ ဒီ အန်ရှန် နိုင်ငံမှာ၊ **ဆိုင်းရပ်**[၂] ဆိုတဲ့ **ရှင်ဘုရင်** တပါး ပေါ်လာတယ် (ပုံ-၁၄၁)။ ဆိုင်းရပ်ဟာ '**အက်ကီးမင်း နီ**' [၃] ဆို တဲ့ ရှင်ဘု ရင် ရဲ့ သား တော်ဖြစ်တယ်။ ဒါကြောင့် မြန်မာရာဇဝင်မှာ အလောင်းဘုရားရဲ့သားတော် မြေး တော် တွေ ကို အ လောင်း ဘု ရား ဆက်လို့ ခေါ်ကြသလို၊ဆိုင်းရပ်နဲ့တကွ သူ့ရဲ့သားတော်မြေးတော်တွေကို'**အက်ကီးမင်းနစ်**'[၄] တွေလို့ ခေါ်တယ်။



(ပုံ-၁၄၁) ဆိုင်းရပ်-ဘုရင်

ဆိုင်းရပ်ရှင်ဘုရင်ဟာ၊ လက်ရုံးရည် နှလုံးရည် ရှိတဲ့ အတွက်၊ အစိပ်စိပ်ကွဲနေတဲ့၊ သူ့နိုင်ငံရဲ့ ပတ်ဝန်းကျင်မှာ ရှိကြတဲ့ ပါရှန်လူစုတွေကို၊ တမျိုးတဲ တစည်းလုံးတဲဖြစ်အောင် စည်းရုံးနိုင်ခဲ့တယ်။ အဲဒီလို စည်းရုံးပြီး၊ အင်အားတောင့်တင်းတာနဲ့တပြိုင်နက် ဆိုင်းရပ် ရှင်ဘုရင်ဟာ၊ မီးဒီးတွေကိုပုန်ကန်တယ်။ သုံးနှစ်အတွင်းမှာ၊ မီးဒီးတွေကို အနိုင်ရပြီး၊ဆိုင်းရပ်ဟာ မီးဒီးယန်အင်ပိုင်ယာရဲ့ အထွဋ်အထိပ်ဖြစ်လာတယ်။

---

၁။ အန်ရှန် = Anshan
၂။ ဆိုင်းရပ် = Cyrus (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၄၊ နှာ ၂၅၆)
၃။ အက်ကီး မင်းနီ = Achaemenes
၄။ အက်ကီးမင်းနစ် = Achaemenids

သူရဲ့ တိုက်ပုံတိုက်နည်းဟာ အမှန်စင်စစ်တော့၊ အရှေ့ဘက် တလွှားမှာ၊ အကောင်းဆုံးစစ်သားတွေလို့ အခေါ်ခံရတဲ့ အဆီးရီးယန်လူမျိုးတွေ အသုံးပြုတဲ့ နည်းပါပဲ။ ဒါပေမဲ့၊ **ပါရှန် စစ် သား တွေ က၊ လေးပစ်တဲ့ နေရာမှာ သိတ်ပြီးစွမ်းတယ်**။ ဒီစစ်သားတွေဟာ၊အဝေးကနေပြီး၊ ရန်သူအုပ်ထဲကိုမြှားတွေတခဲနက် ပစ်သွင်းတာပဲ။ ရန်သူတွေဟာ မြှားဒဏ်ကြောင့်ဖရိုဖရဲဖြစ်နေတုန်း၊ ဘေးနှစ်ဘက်က အသင့်စောင့်နေတဲ့ မြင်းတပ်က ရန်သူတွေကို အတင်း လိုက်တိုက်တယ်။ အဲဒီနည်းနဲ့ တိုက်ပွဲမှန်သမျှမှာဆိုင်းရပ်အနိုင်ရတာပဲ။ (ပါရှန် စစ်သည်တော် ပုံ-၁၄၂)



(ပုံ-၁၄၂) ပါရှန် စစ်သည်တော်

ဆိုင်းရပ်ရဲ့ အောင်မြင်မှုတွေဟာ၊ အမတန်ထူးခြားလှတဲ့အတွက် အနောက်ဘက်မှာ ရှိတဲ့ နိုင်ငံတွေ အားလုံးဟာ၊ သူ့ကို မအံ့ဩပဲမနေနိုင်ကြဘူး။ သူတို့နိုင်ငံတွေရဲ့ နောင်ရေးအတွက်၊ မ စိုး ရိမ် ပဲ မ ထိတ်လန့်ပဲ မနေနိုင်ကြတော့ဘူး။ အဲဒါကြောင့်၊ ဆိုင်းရပ်ရဲ့ရန်ကိုတွန်းလှန်ဖြိုဖျက်ဘို့အတွက်၊ ကယ်ဒီးယားနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ အာရှမိုင်းနားရဲ့ အနောက်ဘက်မှာရှိတဲ့ **'လစ်ဒီးယား'**[၁] နိုင်ငံဆိုတဲ့ နိုင်ငံ သုံးနိုင်ငံဟာ၊ မဟာမိတ် ဖွဲ့ကြတယ်။

ဒီမဟာမိတ် အဖွဲ့ထဲမှာ၊ ဂရိတွေထဲက စပါတားကတောင်၊ အဆစ် ပါလိုက် သေး တယ်။ ဒီလို မဟာမိတ်ဖွဲ့ဖြစ်အောင် လှုံ့ဆော်

---

၁။ လစ်ဒီးယား = Lydia

ပေးတဲ့သူကတော့ တခြားမဟုတ်ပါဘူး။ **လစ်ဒီးယား ရှင်ဘုရင် ကရိုးဆပ်**[၁] ပဲ ဖြစ်တယ်။

ကရိုးဆပ်ဟာ ပါရှားကို သွားပြီး တိုက်ချင်တယ်၊ အဲဒီလို သွားတိုက်ယင်၊ နိုင်-မနိုင်ဆိုတာကို သူ အမတန် သိချင်တယ်။ အဲဒါကြောင့်၊ သူ့အမတ်တွေကို ဒယ်လဖီကနတ်ကွန်းနဲ့ တခြားနံမယ်ကြီး နတ်ကွန်းတွေဆီလွှတ်ပြီး နတ်အမေးခိုင်းတယ်။ နတ်တွေကိုပူဇော်ပသဘို့ အဘိုးတန်ပစ္စည်းတွေလဲ အများကြီးပေးလိုက်တယ်။နတ်တွေအားလုံးက သူနိုင်မယ်လို့ ဟောကြတယ်။

နတ်တွေဟောတာကိုယုံပြီး၊ကရိုးဆပ်ဟာဆိုင်းရပ်ကိုတိုက်တယ်။ **တားရီးယား**[၂] အနီးမှာ၊ ပထမဆုံးတိုက်တဲ့ တိုက်ပွဲဟာ၊ သရေဖြစ်သွားတယ်။ ဆိုင်းရပ်က ဒီတိုက်ပွဲအပြီး၊ အတင်းဖိလိုက်တာနဲ့၊ ကရိုးဆပ်နောက်ဆုတ်ပေးပြီး၊ သူ့**မြို့တော် ဆာဒစ်**[၃] အပြင်ကခံတယ်။ ကရိုးဆပ်ဟာ သူ့မြင်းတပ်ကိုအားကိုးတယ်။ဆိုင်းရပ်ဟာ၊ ကရိုးဆပ်ရဲ့ မြင်းတပ်အကြောင်း ကြားဘူးတဲ့အတွက်၊ နဲနဲရွံ့တယ်။ အဲဒါကြောင့် **ဟာပဂေါ့**[၄] ဆိုတဲ့ မီးဒီးက ပညာရှိတဦးနဲ့ တိုင်ပင်တယ်။ ပညာရှိရဲ့ အကြံပေးချက်အရ၊ ဆိုင်းရပ်ဟာ သူ့တပ်ထဲမှာ ရိက္ခာသယ်ရအောင် ခေါ်လာတဲ့ **ကုလားအုပ်တွေ**ပေါ်က၊ ရိက္ခာတွေ အကုန် ချတယ်။ ပြီးတော့မှ ဒီကုလားတွေပေါ်မှာ လက်နက်ကိုင် တပ်သားတွေ တင်ပြီး၊ တပ်ရဲ့ ရှေ့ဆုံးက ချီရတယ်။

ဒီကုလားအုပ်တွေ နောက်ကမှ၊ခြေလျင်တပ်၊ခြေလျင်တပ်နောက်ကမှ သူ့မြင်းတပ်ကို ချီစေတယ်။ တပ်သားတွေကိုလဲ၊ ကရိုးဆပ်ရဲ့ တပ်သားတွေမှန်သမျှ၊ တယောက်ကိုမှ ချမ်းသာမပေးနဲ့၊ ကရိုးဆပ် တယောက်ကိုတော့၊ 'ခုခံသည့်တိုင်အောင်၊ အရှင်ဘမ်းခဲ့' လို့ဆိုင်းရပ်က မှာလိုက်တယ်။ မြင်းတွေဟာ ကုလားအုပ်ကို ကြည့်လဲမကြည့်ရဲဘူး၊ ကုလားအုပ်ရဲ့ အနံ့ကိုလဲ မခံနိုင်ဘူး။ အဲဒါကြောင့် ကုလားအုပ်တပ် အနားကို ရောက်လာတာနဲ့ တပြိုင်နက်၊ ကရိုးဆပ် အားကိုး ထားတဲ့

၁။ ကရိုးဆပ် = Croesus

၂။ တားရီးယား = Pteria

၃။ ဆာဒစ် = Sardis (Sardes)

၄။ ဟာပဂေါ့ = Harpagos



(ပုံ-၁၄၃) စစ်ရှုံးသွားတဲ့ လစ်ဒီးယားပြည်ဘုရင်
ကရီးဆပ်ကို ထင်းပုံကြီးပေါ်မှာ မီးတင်ရှို့နေပုံ။

မြင်းတပ်ဟာ၊ တခါတဲလန့်ပြီးပြေးတော့တာပဲ။ အဲဒီတိုက်ပွဲမှာ ကရီးဆပ် မရှုမလှရှုံးသွားပြီး၊ စစ်သုံ့ပန်းအဖြစ်နဲ့ အဘမ်းခံရတယ်။ မြို့တော်လဲ ပြာကျသွားတယ်။

ရှင်ဘုရင်ဆိုင်းရပ်ဟာ၊ ကရီးဆပ်ကို ထင်းပုံကြီးပေါ် တင်ပြီး မီးရှို့သတ်ပစ်ဘို့ အမိန့်ချလိုက်တယ် (ပုံ-၁၄၃)။ ဒီလိုလုပ်တာဟာ၊ စစ်ပွဲနိုင်တဲ့အတွက် ယဇ်နတ်ပူဇော်တာလဲဖြစ်နိုင်တယ်။နောက်ပြီးတော့၊ ကရီးဆပ်ဟာ နတ်ကိုယုံကြည်တဲ့သူလို့ သတင်းကြားရတဲ့အတိုင်း၊ ဒီလို မီးရှို့တဲ့အခါ၊ သူ့နတ်တွေက သူ့ကို ကယ်မလား၊ မကယ်ဘူးလား ဆိုတာ၊သိချင်လို့လဲ ဖြစ်နိုင်တယ်။

အဲဒီအခါ ထင်းပုံကြီးပေါ်ကနေပြီး၊ ကရီးဆပ်က'ဆိုလွန်'[၁] လို့ သုံးကြိမ်အော်တယ်။ ဆိုင်းရပ်က၊ ဒီလိုအော်တာ ဘာအဓိပ္ပါယ်လဲလို့

၁။ ဆိုလွန်=Solon

စုံစမ်းတယ်။ 'ဆိုလွန်'ဟာပညာရှိဖြစ်တယ်။သူ့နန်းတော်ကိုတခါတုန်းက အလည်လာပြီး၊ ထီးတွေ၊ နန်းတွေ၊ စည်းစိမ်တွေဆိုတာ ဘယ်ဟာမှ မမြဲပါဘူး။ လူတွေလဲ မမြဲပါဘူး။ တနေ့ကျယင်၊ ဒီထီးတွေ၊ နန်းတွေ စည်းစိမ်တွေကို ပစ်ပြီးသွားရမှာပဲလို့၊ ဒီပညာရှိကြီး 'ဆိုလွန်'ပြောခဲ့ ဘူးတာ၊ ပြေးသတိရပြီး၊ 'ဆိုလွန်'ပြောတဲ့ အတိုင်း သူဖြစ်နေရတာကို တွေ့ရတဲ့အတွက်၊ 'ဆိုလွန်'ရဲ့ နံမယ်ကို အခုလို သုံးကြိမ်အော်လိုက် မိတယ်လို့ ကရီးဆပ်က ဖြေတယ်။

ဒီစကားကို ကြားရတဲ့အခါ၊ ရှင်ဘုရင်ဆိုင်းရပ်ဟာ အများကြီး သံဝေဂရသွားတယ်။ အဲဒါကြောင့် ကရီးဆပ်ကို လွှတ်စေလို့ အမိန့် ပေးလိုက်တယ်။ဒါပေမဲ့ဒီအချိန်မှာ၊ ကရီးဆပ်အောက်က ထင်းပုံကြီးကို မီးအတော် လောင်နေပြီ။ လူတွေ ပိုင်းငြိမ်းလို့ မရဘူး။ ကရီးဆပ်လဲ ထင်းပုံပေါ်ကနေပြီး၊ "အပေါ်လို[၁]အရှင်ကြီး၊ကျွန်တော်ဟာအရှင်ကြီး ကိုပူဇော်ပသခဲ့ဘူးပါတယ်။ ဒီလို ပူဇော်ပသတာကို အရှင်ကြီးကျေနပ် တော်မူပါယင်၊ ကျွန်တော့်ကိုမီးဘေးက လွတ်အောင်ကယ်တော်မူပါ" လို့ အသံကုန် ဟစ်ပြီး လျှောက်တယ်။ အဲဒီ ခဏအတွင်းမှာပဲ၊ ကောင်းကင်ကလဲ ကြည်လင်၊ လေလဲ ငြိမ်နေရာက လေပြင်းမုန်တိုင်း ကျလာပြီး၊ မိုးအကြီးအကျယ် ရွာချတယ်။ မီးလဲငြိမ်းသွားတယ်။

ဒီစစ်ပွဲပြီးတဲ့နောက်၊ ဆိုင်းရပ်ဟာ အာရှမိုင်းနားရဲ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်း တခုလုံးကိုလဲ သိမ်းယူနိုင်ခဲ့တယ်။ ဒီပင်လယ် ကမ်းရိုးတန်းမှာရှိတဲ့ တမြို့တနိုင်ငံ သဘောမျိုး ထူထောင်ထားတဲ့ ဂရိ နိုင်ငံကလေးတွေထဲက၊ တချို့ကိုလဲ လက်အောက်ခံနိုင်ငံအဖြစ်၊တချို့ကိုလဲ မဟာမိတ်အဖြစ်၊ သိမ်းယူနိုင်သေးတယ်။ အီလမ်တောင်ကြားတွေထဲမှာ နိုင်ငံငယ်ကလေးအဖြစ်နဲ့ စခဲ့တဲ့ ပါရှန်အင်ပိုင်ယာဟာ၊ ဆိုင်းရပ်ရဲ့ နှလုံးရည် လက်ရုံးရည်ကြောင့်၊ ငါးနှစ် အတွင်းမှာ အာရှမိုင်းနားကို ဖြတ်ပြီး၊ မြေထဲပင်လယ်အထိ ကျယ်ပြန့်ခဲ့တယ်။ အဲဒီ **အချိန်က တကမ္ဘာလုံးရဲ့ ခေါင်းဆောင် အင်ပိုင်ယာကြီး**လဲ ဖြစ်ခဲ့ရသေးတယ်။ (မြေပုံ-၈)

ဘီ၊စီ ၅၃၈ မှာ၊ ဆိုင်းရပ်ဟာ ကယ်ဒီးယန်နိုင်ငံကို သိမ်းယူ

---

၁။ အပေါ်လို = Apollo



(ပုံ-၁၄၄) ပဆားဂဒီးမြို့ ဆိုင်းရပ်ဘုရင်ရဲ့ ကျောက်ဂူ
ဆိုင်းရပ်ဘုရင်ရဲ့ နန်းတော် နဲ့ ဝတ်ကျောင်း ပရဝုဏ်အနီးမှာ ရှိတယ်။

နိုင်ခဲ့တယ်။ အဲဒီအချိန်ကစပြီး၊ ယူဖရေးတီး နဲ့ တိုက်ဂရစ်မြစ် နှစ်မြစ်ကြားမှာ နှစ်ပေါင်း ရာပေါင်းများစွာ အရှိန်အဝါ ကြီးမားလာခဲ့ကြတဲ့ ဆမ့်မိုက်တွေရဲ့ တန်ခိုးသြဇာဟာ၊ နလံမထူနိုင်အောင် တခါတဲ ပြိုကျသွားခဲ့တယ်။

ဒီနိုင်ငံကို သိမ်းယူပြီး၊ ကိုးနှစ်လောက်အကြာ၊ အီရန်ရဲ့အရှေ့မြောက်ဘက်က ခြေသလုံး အိမ်တိုင်ပြူသမားတွေနဲ့ တိုက်နေတုန်း၊ တိုက်ပွဲ တခုမှာ ဆိုင်းရပ် ကျဆုံး သွား တယ်။ သူရဲ့ အလောင်းကို **ပဆားဂဒီး**[၁] မြို့တော်အနီးမှာပဲ၊ တရိုတသေ မြှုပ်နှံ ထား တယ်။ (ပုံ-၁၄၄)

## ပါရှန်အင်ပိုင်ယာနဲ့ ဒရိုင်းယပ်ဘုရင်

ဆိုင်းရပ်နတ်ရွာစံပြီး လေးနှစ် အကြာမှာ၊ သူ့ သားတော် **ကမ်ဘိုင်ဆီး**[၂]ဟာ အီဂျစ်နိုင်ငံကို သိမ်းယူနိုင်ခဲ့တယ်။ အဲဒီအချိန်ကစပြီး၊ ပါရှန်အင်ပိုင်ယာကြီးဟာ၊ အနောက်တောင်ဘက်မှာ နိုင်းမြစ်ဝှမ်းအထိ

---

၁။ ပဆားဂဒီး = Pasargadae
၂။ ကမ်ဘိုင်ဆီး = Cambyses

ကျယ်ပြန့်တယ်။အနောက် မြောက်ဘက်မှာမြေထဲပင်လယ်ရဲ့အရှေ့ဘက် ကမ်းမှာရှိတဲ့ ဒေသတွေအားလုံးကို ဖြတ်ပြီး၊ အီဂျီအန် ပင်လယ်အထိ ကျယ်ပြန့်တယ်။ အဲဒီ အနောက်ဘက် ဒေသတွေက နေပြီး၊ အရှေ့ဘက်ကို ဆိုယင် အိန္ဒိယမြောက်ပိုင်းက ဣန္ဒုမြစ်ဝှမ်းအထိ ကျယ်ပြန့်တယ်။ အဲဒါကြောင့် **ပါရှန်အင်ပိုင်ယာ**ဟာ၊ သူ့ရှေ့က ပေါ်ပေါက်ခဲ့ပြီးတဲ့ အီဂျစ်အင်ပိုင်ယာ၊ မီးဒီးယန်အင်ပိုင်ယာ၊ ကယ်ဒီးယန် အင်ပိုင်ယာတို့ ထက် ပိုပြီးကျယ်ဝန်းတယ်။ ဆိုင်းရပ်ဟာ မီးဒီးတွေကို တွန်းလှန် ဖြိုဖျက်ပြီးတဲ့အချိန်က စပြီး၊ ၂၅-နှစ် အတွင်းမှာ ပါရှန်တွေဟာဒီအင်ပိုင်ယာကြီးကိုထူထောင်လာနိုင်ခဲ့တယ်(မြေပုံ-ဂ)။



(ပုံ-၁၄၅) ပါရှန်ဘုရင် ဒရိုင်းယပ်

ဒီလောက်ကျယ်ပြန့်တဲ့ အင်ပိုင်ယာကြီးဟာ၊ ကမ်ဘိုင်ဆီးနတ်ရွာစံတဲ့အခါ၊ပြည်တွင်းပုန်ကန်ထကြွသောင်းကျန်းမှုကြောင့် ပြိုကျလုမတတ် ဖြစ်သွားလိုက်သေးတယ်။ဒါပေမဲ့၊ ကံအားလျော်စွာ၊ကမ်ဘိုင်ဆီး နတ်ရွာစံပြီး နန်းတက်လာတဲ့ ဆိုင်းရပ်ရဲ့ ဒုတိယ သားတော်ရှင်**ဘုရင်ဒရိုင်းယပ်**[1](ပုံ-၁၄၅)ရဲ့လက်ရုံးရည်နှလုံးရည်တို့ကြောင့်၊ပြည်တွင်းပုန်ကန်ထကြွသောင်းကျန်းမှုကြီးကို အချိန်မှီ သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့တယ်။

သူပုန်ရန် ငြိမ်းသွားတဲ့အခါ(ပုံ-၁၅၁)၊ဒရိုင်းယပ်ဟာ ပါရှန်အင်ပိုင်ယာရဲ့ မြောက်ပိုင်းကို မကြာခဏ လာရောက်နှောက်ယှက်နေတဲ့ **ဆစ်သီယန်**[2] လူမျိုးတွေကို တိုက်ဘို့ ပြင်ဆင်ရပြန်တယ်။ ဒီဆစ်သီယန်

---

၁။ ဒရိုင်းယပ် = Darius

၂။ ဆစ်သီယန် = The Scythians

(ပ-ဂံ့ကြိမ)



လူမျိုးတွေဟာ၊ ဥရောပတိုက်က၊ ဒဲနျူမြစ်ဝှမ်းတလျှောက်မှာ ခြေသလုံးအိမ်တိုင် ပြုနေကြတဲ့ လူမျိုးတွေဖြစ်တယ်။ သူတို့ရဲ့ ရန်ကို တခါတဲ့ ခြေမှုန်းပစ်ချင်ယင်၊ သူတို့အခြေစိုက်နေတဲ့ ဒဲနျူမြစ်ဝှမ်းဒေသကိုသွားပြီး တိုက်ရမယ်လို့ ဒရိုင်းယပ်ယူဆတယ်။

ဒါကြောင့် ပါရှန်တပ်တွေကို သူကိုယ်တိုင် ခေါင်းဆောင်ပြီး၊ ဒဲနျူမြစ်ဝှမ်းဆီကို ချီတက်တယ်။ ဒီတိုက်ပွဲတွေမှာ ဒရိုင်းယပ်ဟာ အောင်မြင်မှု ကြီးကြီးကျယ်ကျယ် မရခဲ့ဘူး။ **သရေး**[1] ဆိုတဲ့ ဂရိပြည်နယ် တနယ်ကိုသာ ပါရှန်အင်ပိုင်ယာထဲ၊ သွပ်သွင်းနိုင်ခဲ့တယ်။ အဲဒီအကြိမ်ဟာ ပါရှန်တပ်တွေ ဥရောပမြေကြီးပေါ်ကို ပထမဆုံးခြေချမိတဲ့အကြိမ် ဖြစ်တယ်။ အင်ပိုင်ယာရဲ့အရှေ့ဘက်မှာတော့၊ ဒရိုင်းယပ်ဟာ၊ မြောက်ဘက်မှာထက် ပိုပြီးအောင်မြင်တယ်။ ဣန္ဒုမြစ်ဝှမ်းတဝိုက်က၊ **သိန္ဓု**[2]နဲ့ **ပန်ဂျပ်**ဒေသတွေရဲ့ အပုံတော်တော်များများကို၊ အင်ပိုင်ယာထဲ သွပ်သွင်းနိုင်ခဲ့တယ်။

ဘီ၊ စီ ၄၉၉-မှာ၊ အာရှမိုင်းနား ကမ်းရိုးတန်းတလျှောက်က၊ **လက်အောက်ခံ ဂရိလူမျိုးတွေ ထကြွပုန်ကန်ကြတယ်။** ဒီဂရိလူမျိုးတွေကို၊ သူတို့ရဲ့ ဆွေမျိုးသားချင်းတွေဖြစ်တဲ့ အက်သင်းနိုင်ငံက ဂရိတွေက အကူအညီပေးတယ်။ အဲဒါကြောင့် လက်အောက်ဂရိတွေကို နှိမ်နင်းပြီးတဲ့အခါ၊ အက်သင်းက ဂရိတွေကို ဆုံးမရအောင်၊ ဥရောပတိုက်ကို ဒုတိယအကြိမ် ချီတက်တိုက်ခိုက်ဘို့၊ ဒရိုင်းယပ်ဆုံးဖြတ်တယ်။

ပြင်ဆင်မှုအားလုံး ပြီးတဲ့အခါ၊ ပါရှန်တပ်တွေကို သူ့ညီတော် **အာတာဖားနီး**[3] က ခေါင်းဆောင်တယ်။ **အီဂျီအန် ပင်လယ်တဝိုက်မှာ ဂရိတွေကို** ပါရှန်တွေက အနိုင်ရတယ်။ ဒါပေမဲ့ **မာရသွန်တိုက်ပွဲ** ကျတော့ ပါရှန်တွေဟာ ရှေ့တိုးလို့မရတော့ဘူး၊ အဲဒါကြောင့် ညီတော် အာတာဖားနီးဟာ၊ တိုက်လို့ရသမျှပစ္စည်းတွေနဲ့ ဂရိစစ်သုံ့ပန်းတွေကို သိမ်းယူပြီး၊ နေပြည်တော်ကို ပြန်သွားခဲ့ရတယ်။

ဒီလိုအရေးမလှပဲ ပြန်လာရတဲ့အတွက်၊ သူ့ရဲ့တန်ခိုးဩဇာဟာ အတော် မှေးမှိန်သွားတယ်လို့ ယူဆပြီး၊ နောက်တကြိမ် ထပ်တိုက်

---

၁။ သရေး = Thrace

၂။ သိန္ဓု (သိန္ဓ) = Sindh

၃။ အာတာဖားနီး = Artaphernes

ရအောင်၊ အမတန်ကြီးမားတဲ့ အလုံးအရင်းကို၊ ဒရိုင်းယပ်ကိုယ်တိုင် ပြင်ဆင်တယ်။ ဒါပေမဲ့ အက်သင်းဟာ ကံကောင်းချင်တော့၊ အဲဒီ အချိန်မှာ **အီဂျစ်က ပုန်ကန်**ပေးရတယ်။ အဲဒါကြောင့်၊ အက်သင်းကို တိုက်ဖို့အတွက် အလုံးအရင်းကို၊ အီဂျစ်နိုင်ငံဘက် ဦးလှည့်လိုက်ရ တယ်။ ဘီ၊ စီ ၄၈၆-မှာ ဒရိုင်းယပ် နတ် ရွာစံတယ်။ အဲ ဒါကြောင့် မာရသွန်တိုက်ပွဲမှာ ပါရှန်တွေ အရေးမလှဖြစ်ခဲ့ရတာကို ပြန်ပြီးအနိုင် ရအောင် လုပ်ဖို့တာဝန်ဟာ **သားတော် ဇပ်ဆီး**[၁] အပေါ် ကျရောက် သွားတယ်။

ဆိုင်းရပ်ဟာ တိုက်တဲ့ခိုက်နေရာမှာ ဒရိုင်းယပ်ထက် သာတယ်။ ဒရိုင်းယပ်က အုပ်ချုပ်တဲ့နေရာမှာ ဆိုင်းရပ်ထက်သာတယ်။ ဒရိုင်းယပ် လက်ထက်မှာ၊ ပါရှန် အင်ပိုင်ယာဟာ အကျယ်အပြန့်ဆုံး ဖြစ်လာ တယ်။ သူတို့တည်ထောင်ပစ်ခဲ့တဲ့ အင်ပိုင်ယာဟာ၊ နှစ်ပေါင်း ၂၀၀- ကျော်ကြာအောင် ခံတယ်ဆိုတာ၊ တခြားကြောင့်မဟုတ်ဘူး၊ ဆိုင်းရပ်က စတင်တီထွင်ပြီး၊ ဒရိုင်းယပ်က တိုးတက်ကောင်းမွန်အောင် ပြုပြင် ပေးနိုင်တဲ့ **အုပ်ချုပ်ရေးစနစ်**ကြောင့်ပဲ ဖြစ်တယ်။ သူတို့ရဲ့ အုပ်ချုပ်ရေး ဟာ ဘယ်လိုလဲဆိုတာ ကြည့်ကြရအောင်။

## အုပ်ချုပ်ပုံစနစ်

ပါရှန်အင်ပိုင်ယာကို၊ ပြည်နယ်ပေါင်း ၂၀-အထိ ခွဲထားတယ်။ အင်ပိုင်ယာတခုလုံးမှာ၊ မြို့တော်ကြီးလေးခုရှိတယ်။ ဒီမြို့တော်ကြီးတွေ ဟာ၊ ဘက်ဘီလွန်၊ **ဆူးဆာ**[၂]၊ **ပဆားဂဒီး**[၃] နဲ့ **ဟမာဒန်း**[၄]တို့ဖြစ်တယ်။ ဒီပြည်နယ်တွေထဲမှာ၊ ပထမတန်းစား ပြည်နယ် သုံးနယ်ဟာ၊ ပါရှား၊ မီးဒီးယားနဲ့ အီလမ်တို့ဖြစ်တယ်။ ဒီနယ်သုံးနယ်နဲ့ **ပါးသီးယား**[၅]၊ **အာမီးနီးယား**[၆]၊ **ကက်ပဒိုးရှီးယား**[၇] ဆိုတဲ့ ပြည်နယ် သုံး နယ် က

---

၁။ ဇပ်ဆီး = Xerxes

၂။ ဆူးဆာ = Susa

၃။ ပဆားဂဒီး = Pasargadae

၄။ ဟမာဒန်း = Hamadan (Ecbatana)

၅။ ပါးသီးယား = Parthia

၆။ အားမီးနီးယား = Armenia

၇။ ကက်ပဒိုရှီးယား = Cappadocia

အကောင်းဆုံး **စစ်သား**တွေ ရတယ်။ **အချမ်းသာဆုံး** ပြည်နယ် **သုံးခု** ကတော့၊ ဘက်ဘီလွန်၊ အီဂျစ်နဲ့ အိန္ဒိယတို့ ဖြစ်ကြတယ်။ ဒီပြည်နယ် ၂၀-ကို အုပ်ချုပ်ရတဲ့ဘုရင်ခံတွေကို **ဆက်ထရက်**[၁] တွေလို့ ခေါ်တယ်။

ဒီဘုရင်ခံတွေဟာ၊ ပါရှန် သို့မဟုတ် မီးဒီးလူမျိုးတွေ ဖြစ်တယ်။ ဒီဘုရင်ခံတွေဟာ ပြည်နယ်တွေနဲ့စစ်တပ်ကို အုပ်ချုပ်ပြီး၊ ပြည်နယ် တွေရဲ့ ငြိမ်ဝပ်ပိပြားရေးကို တာဝန် ယူရတယ်။ ဒီဘုရင်ခံတွေဟာ၊ ပြည်နယ်သူ ပြည်နယ်သားတွေကို မနှိပ်စက် မညှဉ်းပန်းရဘူး။ တရား သဖြင့် အုပ်ချုပ်ရတယ်။ ဒီဆက်ထရက်ဆိုတဲ့ဘုရင်ခံတွေဟာ၊ ပြည်နယ်သူ ပြည်နယ်သားတွေဆီက၊ အခွန်ကောက်ရတယ်။

ဒီဘုရင်ခံတွေရဲ့ အလုပ်တွေကို **ဘုရင်ရဲ့ 'မျက်စိ'**လို့ ဘွဲ့တံဆိပ် ရတဲ့ အရာရှိကြီးတွေက၊ အခါအားလျော်စွာ စစ်ဆေးတယ်။ ဒီနည်းနဲ့ ဘုရင်ခံတွေ သစ္စာမဖောက်နိုင်အောင်၊ မဟုတ်တာတွေ မလုပ်နိုင်အောင်၊ အထက်က ထိန်းထားတယ်။

ဒါတွေအပြင်၊ အင် ပိုင် ယာ တ ခု လုံး မှာ၊ လမ်း ကောင်း တွေ အများကြီး ဖေါက်ထားတယ်။ ဒီလိုဖေါက်ထားတဲ့ အတွက်၊ ပြည်နယ် တခုဟာ ဘယ်လောက်ဝေးဝေး၊ အရေးအကြောင်းရှိယင်၊ ဗဟိုက ချက် ခြင်း ရောက် နိုင် တယ်။ ပြည်နယ်တွေက သတင်းတွေလဲ ဗဟိုကို ချက်ခြင်းရောက်နိုင်တယ်။ ဒီလမ်းတွေထဲမှာ အကောင်းဆုံးလမ်းဟာ၊ **လမ်းမတော်** ဖြစ်တယ် (မြေပုံ ၀-၅)။ ဒီလမ်းမတော်ဟာ ဆူးဆာ မြို့တော်ကစတယ် (ပုံ-၁၄၆)။ ဇာဂရော့နဲ့ **တောရစ်တောင်**[၂] ကြား တွေကိုဖြတ်ပြီး၊ **အာရှမိုင်းနား**ရဲ့ မြို့တော် **ဆာဒစ်**ကိုရောက်တယ်။ ဒီမြို့ တော်ကမှ ပင်လယ်ကမ်းခြေအထိ ဆက်သွားပြန်တယ်။ ဒီလမ်းမတော် ဟာ၊ မိုင်ပေါင်း ၁၇၀၀-ရှည်တယ်။ လမ်းတလျှောက်မှာလဲ ခရီးသည် တွေ အရာရှိတွေ နားစရာ ရိပ်သာတွေ၊ ထမင်းဆိုင်တွေ အပြည့်အစုံ ရှိတယ်။

အခုလို ကုန်း လမ်း ဆက်သွယ်ရေးဟာ တိုးတက်ကောင်းမွန် လာတဲ့အတွက်၊ အုပ်ချုပ်ရေးဘက်မှာရော၊ ကူးသန်း ရောင်း ဝယ် ရေး

---

၁။ ဆက်ထရက် = Satrap

၂။ တောရစ်တောင် = The Taurus Mountains



(ပုံ-၁၄၆) ဆူးဆာမြို့တော်က ကျောက်တိုင်ထိပ်ဖူး

ဘက်မှာရော၊ အကျိုးတွေ အများကြီးရှိတယ်။ ဒီအကျိုးတွေ အပြင်၊ တခြား အကျိုးတွေလဲ ရှိသေးတဲ့အကြောင်းကို၊ ဒီနေရာမှာ အလျဉ်းသင့်လို့ ပြောရအုံးမယ်။

အစတုန်းက၊ မြေထဲပင်လယ်တဝိုက်မှာ ကြက်[၁]ဆိုတာ မကြားဘူးဘူး။ ဒီကြက်ဟာ မူလက တောထဲမှာနေတဲ့ ကြက်ရိုင်းတမျိုးပဲ။ အိန္ဒိယအရှေ့ပိုင်းကလူတွေဟာ၊ဒီကြက်ကိုဘမ်းပြီး အိမ်မှာ ယဉ်အောင်မွေးထားကြတယ်။ ပါရှန်လမ်းတွေရဲ့ကျေးဇူးကြောင့် အရှေ့နဲ့အနောက် အဆက်အသွယ် များလာပြီး၊ ကူးသန်း သွားလာနေကြတဲ့ လူတွေနဲ့

---

၁။ ကြက်ငှက်မွေးမြူခြင်း = (မြန်မာ့စွယ်စုံကျမ်း၊ တွဲ ၂၊ နှာ ၁၅၀)

အတူတူ၊ ဒီကြက်တွေဟာ မြေထဲပင်လယ်ဒေသကို တစတစ ရောက်ရှိလာကြတယ်။

ပါရှန် အင်ပိုင်ယာထဲက **လက်အောက်ခံပြည်နယ်တွေ** ကို သူတို့ပြည်နယ်တွေနဲ့ဆိုင်တဲ့ ကိစ္စတွေမှာသူတို့သဘောရှိသလိုလွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ခွင့် ပေးထားတယ်။ ပြည်နယ်တိုင်းက ဗဟိုအစိုးရကိုဝေပုံကျအတိုင်း ပေးရတဲ့ **ဆက်ကြေး**ကို မှန်မှန်ပေးပြီး၊ အင်ပိုင်ယာတပ်မတော် အတွက် **စစ်သား**တွေကို စုဆောင်းပေးနေသရွေ့ ကာလပတ်လုံး၊ ဗဟိုကပြည်နယ်တွေရဲ့ကိစ္စထဲမှာ ဝင်ပြီးမနှောက်ယှက်ဘူး။



(ပုံ-၁၄၇) ဒရိုင်းယပ်ဘုရင်ခေတ် သွန်းလုပ်တဲ့ ရွှေဒင်္ဂါး

အင်ပိုင်ယာအတွင်းက လယ်ယာတွေကို၊ တန်ခိုး သြဇာ ကြီးမားတဲ့မင်းညီမင်းသားတွေနဲ့ **လယ်ပိုင်ကြီးတွေ**ကို၊ ရှင်ဘုရင်က ခွဲဝေပေးထားတယ်။ အင်ပိုင်ယာထဲမှာ လယ်ပိုင်ရှင်ကလေးတွေဆိုတာ၊မရှိသလောက်ပဲ။ပြည်နယ်တွေကဝေပုံကျဆက်ရတဲ့**ဆက်ကြေး**တွေကို ပြည်နယ်သူပြည်နယ်သားတွေဆီက ရသမျှကောက်ခံပြီးယင်၊ လိုသမျှကို ဒီလယ်ပိုင်ရှင်ကြီးတွေက ဖြည့်ပေးရတယ်။

အင်ပိုင်ယာရဲ့ အရှေ့ပိုင်းမှာ ကုန်ပစ္စည်းတွေကို တန်ဘိုးဖြတ်ပြီး၊ ဆက်ကြေးအဖြစ် ပေးကြတယ်။ အနောက်ဘက်မှာ၊ အထူးသဖြင့် လစ်ဒီးယားနဲ့ အာရှမိုင်းနားက ဂရိရပ်ကွက်တွေမှာ၊ ဆက်ကြေးကို **ငွေဒင်္ဂါး**၊ **ရွှေဒင်္ဂါး**တွေနဲ့ ပေးကြတယ်။ဒီဒေသတွေမှာ၊ ဘီ၊ စီ ၆၀၀-လောက်ကထဲက၊ ငွေဒင်္ဂါး၊ရွှေဒင်္ဂါးတွေကို အတော်များများ အသုံးပြုနေကြပြီ။ ဒရိုင်းယပ်လက်ထက်မှာ၊ ဗဟိုအစိုးရကရွှေဒင်္ဂါးလုပ်တယ်၊ (ပုံ-၁၄၇)။ ပြည်နယ် ဘုရင်ခံတွေကို ငွေဒင်္ဂါးလုပ်ဘို့ ခွင့်ပြုတယ်။ ငွေဒင်္ဂါး ၁၃-ပြားဟာ၊ ရွှေဒင်္ဂါးတပြားနဲ့ ညီမျှတယ်။ အဲဒီနည်းနဲ့ ကမ္ဘာ့အနီးအရှေ့ပိုင်း ဒေသကြီးတခုလုံးမှာ၊ ငွေဒင်္ဂါးရွှေဒင်္ဂါးတွေကို သုံးတဲ့စနစ်ဟာ ပြန့်ပွားလာတယ်။

ဒရိုင်းယပ်မှာ အမတန်ကောင်းတဲ့ ဝါသနာတခုရှိတယ်။ **သူ့ပတ်ဝန်းကျင်မှာ** ရှိတဲ့ **နိုင်ငံအသီးသီး လူမျိုးအသီးသီးတွေရဲ့ ယဉ်ကျေးမှုတွေထဲက၊ ကောင်းတာမှန်သမျှ အားလုံးအတုယူတယ်**။ အင်ပိုင်ယာအတွင်း၊ အစိုးရကိစ္စနဲ့ ကူး သန်း ရောင်း ဝယ် ရေး အ တွက်၊ ပါရှန်ဘာသာကို အသုံးပြုတယ်။ နောက်ပြီးတော့၊ အဲဒီအချိန်အခါက၊ ကမ္ဘာ့အနီး အရှေ့ပိုင်းမှာ အတော်အသုံးများနေတဲ့ **အာရမေးအစ်** ဘာသာလိုလဲ အသုံးပြုတယ်။ အာရမေးအစ် **အ** ရေး အ သား ဟာ အတော် တိုးတက်နေတဲ့အတွက်၊ ပါရှန်ဘာသာကို ရေးနေတဲ့နေရာ**မှာ**၊ ပါရှန်တွေဟာ **အာရမေးအစ်အက္ခရာ**တွေကို **အသုံး**ပြုကြတယ်။ ဥပမာ- အေ၊ဘီ၊စီ ဆိုတဲ့ အက္ခရာတွေဟာ၊ ရောမလူမျိုးတွေရဲ့ အက္ခရာဖြစ်တယ်။ အင်္ဂလိပ်ဘာသာကိုရေးတဲ့အခါ၊ ဒီရောမအက္ခရာကို အသုံးပြုကြတယ်။

နောက်ပြီးတော့၊ ရက်ပေါင်း ၃၀-ကိုတလ၊ ၁၂-လကို တနှစ်လို့ ခေါ်တဲ့ အီဂျစ်ပြက္ခဒိန်ရဲ့ အသုံးဝင်ပုံကိုလဲ ဒရိုင်းယပ် သဘောပေါက်တယ်။ ဒါကြောင့် အရင်ကအသုံးပြုခဲ့တဲ့၊ ဆူမားရီးယန်ပြက္ခဒိန်အစား၊ ဒီ**အီဂျစ်ပြက္ခဒိန်**ကို၊ ပါရှန်အစိုးရပြက္ခဒိန်အဖြစ်နဲ့ ပြဋ္ဌာန်းတယ်။

ဒါ့ါဒင်မကသေးဘူး။ **အီဂျစ်လူမျိုးတွေရဲ့ ဆေး ပ ညာ** ကို လဲ ဒရိုင်းယပ်ဟာ သိပ် သ ဘော ကျ တယ်။ အဲဒါကြောင့် ပျက်စီးနေတဲ့ ဆေးကျောင်းကို ပြန်လည်ထူထောင်ပေးတယ်။ ဒီဆေးကျောင်းမှာလိုတဲ့ ကရိယာတန်ဆာပလာတွေကို ပြည့်ပြည့်စုံစုံထားပေးတယ်။

**ကယ်ဒီးယန်လူမျိုးတွေရဲ့ နက္ခတ်ပညာ**ဟာ၊ အမတန်တိုးတက်နေတာကို တွေ့ရတဲ့အတွက် နက္ခတ်ပညာရှိကြီးတွေ ဖြစ်ကြတဲ့ **နဘူးရီမန်းနု**နဲ့ **ကီဒင်းနု**တို့ စပ်စစ်ခဲ့တဲ့ နက္ခတ်ပညာကို တိုးတက်ကြီးပွားအောင် ဆောင်ရွက်ဘို့အတွက်၊ လိုအပ်တဲ့အကူအညီကို **အစိုးရက** ပေးတယ်။

အင်ပိုင်ယာဟာ အမတန်ကြီးမားလာပြီဖြစ်တဲ့အတွက်၊ ကုန်းတပ်နဲ့ မလုံလောက်တော့ဘူး။ ရေတပ်ပါရှိဘို့လိုလာပြီဆိုတာ ဒရိုင်းယပ် သဘောပေါက်တယ်။ ဒါပေမဲ့၊ ပါရှန်တွေဟာ ကုန်းတွင်းသားတွေဖြစ်ပြီး ပင်လယ်အကြောင်းကောင်းကောင်းမသိတဲ့အတွက်၊ ဒရိုင်းယပ်ဟာ ပင်လယ်အကြောင်း ကောင်းကောင်းသိတဲ့ နိုင်ငံခြားသားတွေကို ငှား ပြီး၊ **ပါရှန် ရေ တပ် မ တော်** ကို ထူထောင်ရတယ်။ **နိုင်းမြစ် နဲ့**

**ပင်လယ်နီနဲ့ ဆက်ထားတဲ့ တူးမြောင်းကြီး** တိမ်ကော ပျက်စီးနေတာကိုလဲ ပြန်လည်ပြုပြင်ပေးတယ်။

ဖီနစ်ရှန်တွေဟာ အဲဒီအချိန်က ပင်လယ်ရေကြောင်းခရီးမှာ အမတန် ကျွမ်းကျင်တဲ့ လူမျိုးတွေ ဖြစ်နေတယ်။ အဲဒီလူမျိုးတွေဟာ အဆီးရီးယန် ရှင်ဘုရင်တွေလက်အောက်မှာတုန်းက၊ အညှဉ်းခံရတယ်။ ဒါပေမဲ့ ရေတပ်မတော် ကောင်းကောင်းတခုကို လိုချင်နေတဲ့ ဒရိုင်းယပ်ဟာ၊ သူကိုယ်တိုင် ဖီနစ်ရှန်တွေကို မြှောက်စားတယ်။ ဖီနစ်ရှန်တွေကလဲ အလိုက်သိစွာနဲ့ စိတ်ရောကိုယ်ပါကူညီကြတဲ့အတွက်၊ ဒရိုင်းယပ်ဟာ၊ သူလိုချင်တဲ့ ရေတပ်မတော်ကြီး တခုကို စိတ်တိုင်းကျ ရသွားတယ်။

ရေတပ်မတော်ကြီးတခုကို အခုလို စိတ်တိုင်းကျ တည်ဆောက်ထားနိုင်တဲ့အတွက်၊ ဒရိုင်းယပ်ရဲ့သား ဇပ်ဆီးလက်ထက်မှာ၊ ဂရိနိုင်ငံကို ချီတက်တိုက်ခိုက်တဲ့အခါ၊ မြေထဲပင်လယ်အရှေ့ပိုင်းမှာ အသုံးပြုဘို့အတွက် တိုက်လှေတွေနဲ့ သယ်ယူပို့ဆောင်ရေး လှေတွေဟာ ရာပေါင်းများစွာ အသင့်ဖြစ်နေတယ်။ ဒရိုင်းယပ်ဟာ အဲဒီလို အမြင်ကျယ်တဲ့အတွက်၊ ရှေး အင်ပိုင်ယာတွေထဲမှာ တခါမှ မဖြစ်ပေါ်ခဲ့ဘူးသေးတဲ့၊ အဲဒီအချိန်အထိ **အာရှတတိုက်လုံးမှာ အကြီးဆုံးဖြစ်တဲ့ ရေတပ်မတော်ကြီး**ဟာ၊ ပါရှန်အင်ပိုင်ယာထဲမှာ ပေါ်ပေါက်လာတယ်။

**ဆူးဆာ**ဟာ ပါရှန်အင်ပိုင်ယာရဲ့**မြို့တော်**ဖြစ်တယ်၊ ဒီမြို့တော်ကို ဇာဂရော့တောင်ကြားတွေထဲမှာ တည်ဆောက်ထားတယ်။ ရှင်ဘုရင်ဆိုင်းရပ်ဟာ၊ မီးဒီးတွေကို အနိုင်ရခဲ့တဲ့ စစ်တလင်းအနီးက **ပဆားဂဒီးမြို့တော်** အနီးမှာ နန်းတော် တည်ဆောက်ခဲ့ဘူးတယ်။ ဒရိုင်းယပ်လက်ထက်ကျတော့၊ ပဆားဂဒီးရဲ့တောင်ဘက် မိုင်၄၀-လောက် ဝေးကွာတဲ့ **ပါဆက်ပိုလစ်မြို့တော်**[၁]မှာ အမတန် ခမ်းနားကြီး ကျယ်တဲ့ နန်းတော်တခုကို ထပ်မံတည်ဆောက်ပြန်တယ် (ပုံ-၁၄၉)။

ဘီ၊စီ ၄၈၆ မှာ ဒရိုင်းယပ် နတ်ရွာစံတယ်။ သူ့အလောင်းကို ပါဆက်ပိုလစ် မြို့တော် အနီးက ကျောက် ကမ္ဘားကြီးကို ထွင်းပြီး တရိုတသေ မြှုပ်နှံထားကြတယ် (ပုံ-၁၄၈)။ မျိုးချစ် စိတ်ဓာတ်တွေ ပြင်းထန်နေတဲ့ ဒရိုင်းယပ်ဟာ၊ နတ်ရွာမစံမီကထဲက၊ သူ့ကို မြှုပ်နှံရမဲ့

---

၁။ ပါဆက်ပိုလစ် = Persepolis



(ပုံ-၁၄၈) ပါဆက်ပိုလစ်မြို့၊ နန်းတော် နောက်ဘက်၊ တောင် ကျောက် ကမ်းပါးမှာ ထွင်းလုပ်ထားတဲ့ ဘုရင်ဒရိုင်းယပ်ရဲ့ကျောက်ဂူ။ (ဒရိုင်းယပ်ရဲ့အမည်ကို ကမ္ပည်းထိုးထားတယ်။) တိုင်လုံးတွေထုထားတဲ့မျက်နှာ ပြင်ရဲ့ အလယ်ဟာ ဂူဝဖြစ်တယ်။ တိုင်လုံးတွေ အထက်က စတုရန်းကွက်မှာ 'အဟူးရာ-မတ်ဇဒါ' ကို ရည်စူးပြီး မီးကိုပူဇော်နေတဲ့ ဘုရင်ရဲ့ ရုပ်ပုံ ကိုလဲ ထွင်းထားသေးတယ်။

ကျောက် ဂူကြီး ပေါ် မှာ၊ သူ ဟာ "ပါရှန် မိဘက ပေါက် ဖွား လာတဲ့ ပါရှန်တဦးဖြစ်တယ်။ အာရိယန် လူမျိုးက ဆင်းသက်လာတဲ့ အာရိယန်တဦး ဖြစ်တယ်" ဆိုတဲ့ ကျောက်စာကို ကမ္ပည်း ထိုး ခိုင်း ထားတယ်။

## ဇပ်ဆီးဘုရင်နဲ့ ဆက်ခံသူတွေ

ဒရိုင်းယပ်နတ်ရွာစံပြီးတဲ့နောက် သားတော် **ဇပ်ဆီး** နန်းတက်တယ်။ ဇပ်ဆီးဟာ အီဂျစ်သူပုန်တွေကို နှိမ်နင်းပြီးတာ နဲ့ တပြိုင်နက်၊ သူ့အပေါ်မှာ သူ့အဖေထားပစ်ခဲ့တဲ့ တာဝန်ကို ထမ်းရွက်တဲ့အနေနဲ့၊ ဂရိတွေကို ခြေမှုန်းဘို့ လုပ်ငန်း ကို၊ စနစ်တကျ ပြင်ဆင်ရတယ်။ ဟီရော့ဒိုတပ်[၁]ဆိုတဲ့ ရှေးခေတ်တုန်းက ဂရိသမိုင်းဆရာကြီး နဲ့ တခြား ဂရိလူမျိုးတွေရဲ့ ခန့်မှန်းခြေအရဆိုယင်၊ ဇပ်ဆီးရဲ့ စစ်သည်တော်တွေဟာ၊ **ငါးသန်းနှစ်သိန်း ငါးသောင်း**ရှိတယ်၊

အခုခေတ် သမိုင်းဆရာတွေက၊ ပါရှန် အင်ပိုင်ယာတခုလုံးမှာ စစ်သည်တော်ပေါင်းဟာ ငါးသန်း ကျော်ကျော်လောက်ပဲ ရှိမယ်။ နောက်ပြီးတော့လဲ၊ ဒီငါးသန်းကျော်ကျော်လောက်ရှိတဲ့ စစ်သည်တော်တွေဟာ၊ ဒါဒင်နယ်ရေလက်ကြားကိုဖြတ်ကူးဘို့ဆိုတာ၊ဟိုခေတ်အခါက အမတန်ခက်မယ်။ ဒီလောက်များတဲ့ ပါရှန်စစ်သားတွေကို၊ ငါဒို့ ဂရိစစ်သားနဲနဲကလေးနဲ့ တွန်းလှန်လိုက်တယ်ဆိုပြီး ဂုဏ်ယူချင်တဲ့အတွက်၊ ဂရိတွေဟာ ပါရှန်စစ်သားတွေရဲ့ အရေအတွက်ကို သိပ်ချဲ့ပြီး ပြောတယ်လို့၊ အခုခေတ် သမိုင်းဆရာ တချို့က ယူဆကြတယ်။

ဂရိကို သွားတိုက်တုန်းက၊ ဇပ်ဆီး လက်အောက်မှာ ရှိတဲ့ စစ်သည်တော် ဦးရေဟာ နဲတော့မနဲဘူး။ ဂရိတွေနဲ့ စာလိုက်ယင်၊ များတာတော့ အမှန်ပဲ။ စုစုပေါင်း **နှစ်သိန်း**လောက် ရှိလိမ့်မယ်လို့ ခန့်မှန်းကြတယ်။ ဒီစစ်သည်တော်တွေထဲမှာ၊ **ပါရှန် မြင်းတပ်**တွေနဲ့ **'အင်မော်တယ်'**[၂] (မြန်မာလို-မသေသော၊ အရှုံးမရှိသောလို့ အဓိပ္ပါယ်ရတယ်) ခေါ်တဲ့ ခြေလျင်တပ်တွေပါတယ်။ **ရေတပ်**မှာ၊ ဖီနစ်ရှန် တိုက်လှေတွေက ဦးဆောင်တယ်။ အားလုံး တိုက်လှေ ပေါင်း ၇၅၀-လောက် ရှိမယ်၊ ပစ္စည်းသယ်ယူရေး လှေကြီး လှေငယ်တွေ ရှိသေးတယ်။

---

၁။ ဟီရော့ဒိုတပ် = Herodotus

၂။ အင်မော်တယ် = Immortal



(ပုံ-၁၄၉) ပါဆက်ပိုလစ်မြို့တော်က အရှည်ပေ ၃၀၀ ရှိတဲ့ ခမ်းနားလှတဲ့လှေကားကြီးပုံ †

တိုက်ပွဲစတဲ့အခါ၊ ဟော့ပလိုက်[၁]ဆိုတဲ့ ဂရိခြေလျင်တပ်တွေက၊ 'အင်မော်တယ်'တွေကို အနိုင်ရလိုက်တယ်။ အက်သင်း ရေတပ်ကလဲ ဖိနစ်ရှန်ရေတပ်ကို အနိုင်ရလိုက်တယ်။

အခုလို မရှုမလှ စစ်ရှုံးနေရတဲ့အထဲ၊ ပါရှန်နန်းတော်တွင်းမှာ နန်းလုဘို့အတွက် တိတ်တိတ်ပုန်းကြံစည်မှုတွေ ပေါ်လာတယ်။ ပါရှန် ဘုရင်တွေမှာလဲ မိဖုရားတွေ၊ ကိုယ်လုပ်တော်တွေ၊ မောင်းမမိဿံတွေ သိပ်များတယ်။ သူတို့က မွေးတဲ့ သားတော် သမီးတော်တွေဟာ၊ နန်း လုဘက်တွေဖြစ်လာပြီး၊ နန်းလုရအောင် တိတ်တိတ်ပုန်းကြံစည်ကြတာပဲ။ ဒီတိတ်တိတ်ပုန်းကြံစည်မှုတွေထဲက ရန်သူတဦးရဲ့ လက်ချက်နဲ့ ဇပ်ဆီး ဟာ နတ်ရွာစံရတယ်။ ထီးနန်းကို ဆက်ခံမဲ့ သူ့သားတော်လဲ၊ အသတ် ခံရတယ်။

နောက်တက်တဲ့ ရှင်ဘုရင်တွေလဲ၊ ဆိုင်းရပ်တို့ ဒရိုင်းယပ်တို့လို လက်ရုံးရည် နှလုံးရည်နဲ့ ပြည့်စုံသူတွေ မဟုတ်ကြဘူး။ အပျော်အပါး များပြီး၊ တိုင်းပြည်အုပ်ချုပ်ရေးကို မှူးမတ်တွေ ဘုရင်ခံတွေနဲ့ လွှဲထား ကြတယ်။ အဲဒီလိုနဲ့ တခါတုန်းက၊ ကမ္ဘာ့အနီး အရှေ့အပိုင်းမှာ ရန်သူမှန်သမျှ ဖိန့်ဖိန့်တုန်နေ့ရတဲ့ ပါရှန်အင်ပိုင်ယာကြီးဟာ၊ လျော့ရဲရဲ ပြိုကွဲချင်ချင်ဖြစ်လာတယ်။

နောက် နှစ်ပေါင်း တရာကျော်ကျော် ကြာပြီးတဲ့နောက်၊ ဂရိ နိုင်ငံမှာ လက်ရုံးရည် နှလုံးရည်နဲ့ပြည့်စုံတဲ့ အလက်ဇန္ဒာ ပေါ်ပေါက် လာတဲ့အခါ၊ အလက်ဇန္ဒာကို ရင်ဆိုင်ဘို့ အတွက်၊ ပါရှန်တွေမှာ ဆိုင်းရပ်တို့လို၊ ဒရိုင်းယပ်တို့လို အာဇာနည်ရှင်ဘုရင်တွေ မရှိတော့ပဲ၊

---

၁။ ဟော့ပလိုက် = Hoplite

† ဘုရင်မင်းမြတ်ရှေ့တော်ဝင်ခွင့်ရတဲ့၊ ညွှန့်သည်တော်တွေဟာ၊ ကျယ် ဝန်းလှတဲ့ ညွှန့်ဆောင်ခန်းမကြီးဆီကို ဒီလှေကားကြီးနဲ့ တက် ခဲ့ ကြရတယ်။ (ညွှန့် ဆောင် ခန်းမ ကြီး ဆီ က ကျန်ရစ်တဲ့ တိုင်လုံးတချို့ကို ပုံထဲမှာ မြင်နိုင် သေးတယ်။)

ဒီလှေကားကြီးရဲ့နံရံပေါ်မှာ လှပတဲ့ရုပ်ကြွတွေနဲ့ တန်ဆာဆင်ထားပြီး၊ ဒရိုင်းယပ်ခေတ်က ထွန်းကားတဲ့ ပါရှန် ပန်းတမော့ ပညာ လက်စွမ်းကို ပြသ ထားတယ်။



(ပုံ-၁၅၀) ပဆားဂဒီးမြို့ ဆိုင်းရပ်ဘုရင်ရဲ့ နန်းတော်နဲ့ ကျောက်ဂူ နားမှာ တွေ့ရှိရတဲ့ **ရှေးအကျဆုံး ပါရှန် ဝတ်ကျောင်းပရဝုဏ်**။

နန်းတွင်းနန်းလုမှုတွေကြောင့်၊ ချိနဲ့ချုချာတဲ့ရှင်ဘုရင်တပါးသာရှိတော့ တာကို တွေ့ရတယ်။

ဘီ၊ စီ ၃၃၀-မှာ၊ တတိယမြောက် ဒရိုင်းယပ် နတ်ရွာစံတယ်။ အဆီးရီးယန် နဲ့ ဘက်ဘီလိုးနီးယန် အင်ပိုင်ယာတွေ ပြိုကျတုန်းက၊ ဗျုံးဗျုံးဒိုင်းဒိုင်း နဲ့ အပြိုကျမြန်သလိုပဲ၊ တတိယမြောက် ဒရိုင်းယပ် နတ်ရွာစံပြီးတဲ့နောက်၊ ပါရှန်အင်ပိုင်ယာကြီးလဲ ဗျုံးဗျုံးဒိုင်းဒိုင်းနဲ့ ပြိုကျသွားတာ သိပ်မြန်တယ်။ ဒါပေမဲ့၊ ဒီအင်ပိုင်ယာကြီးရဲ့ အောင်မြင်မှုတွေကတော့ အများကြီးကျန်ရစ်တယ်။ ဒီအောင်မြင်မှုတွေထဲက တချို့ ကို နဲနဲဆက်ပြောလိုက်အုံးမယ်။

## ပါရှန်အင်ပိုင်ယာက ကျန်ရစ်တဲ့အမွေများ

စာပေနဲ့ဗိသုကာပညာဘက်မှာတော့၊ ပါရှန်တွေရဲ့ အောင်မြင်မှုဟာ မရှိပါဘူး။ ပါရှန်တွေဟာ ဘက်ဘီလိုးနီးယန် လူမျိုးတွေဆီက ကူနီအီဖေါင် အရေးအသားကို ရတယ်။ နောက်ပြီးတော့ ကျောက်စာ ထွင်းဘို့အတွက် အာရမေးအစ်ဘာသာကို လက်ခံခဲ့ကြတယ်။ သူတို့ရဲ့ မြို့တော်ကြီးတွေဖြစ်တဲ့ ပဆားဂဒီး နဲ့ ပါဆက်ပိုလစ်မှာရှိတဲ့ နန်းတော် အစရှိတဲ့ အဆောက်အဦကြီးတွေမှာလဲ ဘက်ဘီလွန်၊ အီဂျစ်၊ ဂရိနိုင်ငံ တွေရဲ့ ဗိသုကာပညာတွေကိုပဲ တွေ့ရတယ်။

ဒါပေမဲ့၊ အင်ပိုင်ယာဟာ နှစ်ပေါင်း ၂၀၀-ကျော်လောက် တည် တံ့ ခဲ့ တဲ့ အ တွင်း၊ **ပါရှန်လူမျိုးတွေရဲ့ ဇာတိမာန်**ဟာ အတော် ခိုင်ခံ့တဲ့အခြေအနေကို ရောက်ခဲ့တယ်။ 'သစ်ငုပ်မြင့်တိုး၊ မြက်မြင့်တိုး'

ဆိုတဲ့ လောကစံတရားအတိုင်း၊ အင်ပိုင်ယာကြီးကို ထူထောင်နိုင်ခဲ့တဲ့ ပါရှန်တွေဟာ၊ နောင်အခါမှာ လူများရဲ့ လက်အောက်ကို ကျရောက်ခဲ့ရသေးတယ်။ အဲဒီကျရောက်ရတဲ့အခါမှာ၊ နှစ်ပေါင်း ၂၀၀-အတွင်း သူတို့ တည်ဆောက်ခဲ့တဲ့ ဇာတိသွေး ဇာတိမာန်တွေဟာ ကျိုးကျမသွားဘူး။ ပါရှန်လူမျိုးတွေဟာ ကျွန်ဘဝကို စက်ဆုတ်ရွံရှာအောင် လုပ်ပေးတဲ့နေရာမှာ၊ ဇာတိသွေး ဇာတိမာန်ဟာ အမတန် အရေးပါ အရာရောက်ခဲ့တယ်။

အင်ပိုင်ယာဟာ နှစ်ပေါင်း ၂၀၀-ကျော် တည်တံ့ခိုင်မြဲနိုင်ခဲ့တဲ့ အကြောင်းတွေထဲမှာ၊ **ပါရှန်မင်းညီမင်းသားတွေရဲ့ လက်ရုံးရည် နှလုံးရည် ပြည့်ဝမှုလဲ** အတော်ပါတယ်။ တနေ့သောအခါ၊ ပြည်နယ်ဘုရင်ခံတွေ၊ စစ်ဗိုလ်ကြီးတွေ၊ အထက်တန်းအရာရှိကြီးတွေဖြစ်လာရမဲ့ မင်းညီမင်းသားတွေကို၊ ငယ်စဉ်ကထဲကစပြီး လက်ရုံးရည် နှလုံးရည်နဲ့ ပြည့်စုံတဲ့သူတွေ ဖြစ်လာအောင်၊ ဗဟိုအစိုးရက သေသေချာချာ လေ့ကျင့်ပေးတယ်။

ဒီ မင်းညီမင်းသား ကလေးတွေဟာ၊ မြင်းစီးသင်ရတယ်။ အမဲလိုက်သင်ရတယ်။ လေးပစ်သင်ရတယ်။ 'ရိုးရိုးကျင့်ပြီး၊ မြင့်မြင့်ကြံ၊ မြင့်မြင့်ပြော၊ မြင့်မြင့်လုပ်'အောင်၊ အထူးဂရုစိုက်ပြီး သင်ပေးတယ်။ **သူတို့အတွက် ဆောင်ပုဒ် ၃-ပုဒ်**ဟာ တခြားမဟုတ်ပါဘူး၊ (၁)ဖြောင့်ဖြောင့်စီး၊ (၂) ဖြောင့်ဖြောင့်ပစ်၊ (၃) ဖြောင့်ဖြောင့်ပြော ဆိုတဲ့ ခပ်ရိုးရိုး ဆောင်ပုဒ် ၃-ပုဒ်ပဲဖြစ်တယ်။

ပြည်နယ်တွေမှာ၊ တန်ခိုးဩဇာရှိတဲ့သူတွေကို ဖျက်ဆီးမဲ့ ရွှေငွေမိန်းမ အရက် ဆိုတာတွေ သိပ်ပေါတယ်။ အဲဒီ အဖျက်အဆီးတွေကို ခံနိုင်အောင်၊ ဒီမင်းညီမင်းသားကလေးတွေကို ငယ်ငယ်ကတဲက၊ ဗဟိုအစိုးရကြိုက်သလို ပုံသွင်းပေးလိုက်တယ်။ ဒီမင်းညီမင်းသားတွေရဲ့ လက်ရုံးရည်နဲ့ နှလုံးရည်ပြည့်ဝမှုကို၊ ရန်သူတွေဖြစ်တဲ့ ဂရိလူမျိုးတွေကတောင် မအံ့ဩပဲ မနေနိုင်ဘူး။ ဒီလိုလက်ရုံးရည် နှလုံးရည်နဲ့ ပြည့်စုံတဲ့ **အင်ပိုင်ယာ အမှုတော်ထမ်းတွေ**ဟာ၊ အင်ပိုင်ယာကပေးပစ်ခဲ့တဲ့ အမွေကောင်းတွေ ဖြစ်တယ်။

အခုခေတ် တချို့နေရာတွေမှာ ကစားကြတဲ့ ပိုလိုဆိုတာ၊ ပါရှန်တွေ ထွင်ပစ်ခဲ့တဲ့ ကစားနည်းတမျိုး ဖြစ်တယ်။

အခုအခါမှာ၊ **ဇိုရိအက်စတာ** တည်ထောင်ပစ်ခဲ့တဲ့ ဘာသာဟာ၊ ပါရှားမှာ ကွယ်ပျောက်သလောက်ဖြစ်နေပါပြီ။ လက်တဆုပ်စာလောက်ရှိတဲ့ ပါရှန်တွေသာ ကိုးကွယ်ကြတော့တယ် (ပုံ-၁၅၀)။ ဒီဘာသာကို ယနေ့တိုင် ကိုးကွယ်နေတဲ့ လက်တဆုပ်စာလောက်ရှိတဲ့ ပါရှန်တွေကို **ပါစီ**[၁] လို့ ခေါ်တယ်။

ပါရှားမှာ လူများစုကတော့၊ မွတ်စလင်ဘာသာကို ကိုးကွယ်နေကြတယ်။ ဒါပေမဲ့ ဇိုရိအက်စတာရဲ့ ဘာသာဟာ၊ ပါရှန်တွေရဲ့ စိတ်ထဲမှာ၊ **ထာဝရသခင် တဦးတည်းကိုသာ** ယုံကြည်မှု နဲ့ **ဆင်းတု ရုပ်တုမှန်သမျှကို အမုန်းကြီးမုန်းမှု**တွေ စွဲကျန်ရစ်အောင် လုပ်ပေးတဲ့ နေရာမှာ၊ အမတန် အရေးပါအရာရောက်တယ်။

ဂရိလူမျိုး အလက်ဇန္ဒာဟာ အရှေ့တလွှားမှာ အင်ပိုင်ယာ ထူထောင်ပြီးတဲ့အခါ၊ ပါရှန်တွေရဲ့ အုပ်ချုပ်ပုံစနစ်တွေကို အများကြီး အတုယူတယ်။ ပါရှန်မင်းညီမင်းသားတွေကို လဲ၊ အမတန် အားရနှစ်သက်တော်မူတဲ့အတွက် မက်ဆီဒိုးနီးယန်တွေ၊ ဂရိတွေနဲ့အတူတူ၊ ဗိုလ်ချုပ်တွေ၊ အထက်တန်း အရာရှိကြီးတွေအဖြစ် ခန့်အပ်တော်မူတယ်။

ပါရှန် နန်းတော်တွင်းမှာ လိုက်နာဆောင်ရွက်ရမြဲဖြစ်တဲ့ အဆောင်အယောင် အသုံးအနှုန်းတွေကို၊ အလက်ဇန္ဒာနဲ့ သူရဲ့ ထီးမွေနန်းမွေ ဆက်ခံတဲ့သူတွေဟာ၊ အမတန် နှစ်ခြိုက်တော်မူကြပြီး သူတို့ရဲ့ နန်းတော်တွင်းမှာလဲ၊ ဒါတွေအတိုင်း ဆက်လက်ဆောင်ရွက်စေတယ်။ နောက်အတော်ကြာလို့၊ ရောမဧကရာဇ်ဘုရင်တွေ ပေါ်လာတဲ့ အခါမှာလဲ၊ ဒီအဆောင်အယောင် အသုံးအနှုန်းတွေကို ပဲ ဆက်လက်ပြီး လက်ခံကြပြန်တယ်။

ဆိုင်းရပ် နဲ့ ဒရိုင်းယပ်တို့စပြီးတီထွင်သွားခဲ့တဲ့ **လမ်းပန်း ဆက်သွယ်ရေးစနစ်**ဟာ၊ အနောက်အာရှကို အနိုင်ရတဲ့ ဥရောပတိုက်သားတွေအတွက်၊ အမတန်အဘိုးတန်တဲ့ သင်္ခန်းစာတွေ ဖြစ်လာကြတယ်။

---

၁။ ပါစီ = Parsi

ရောမလူမျိုးတွေလဲ၊ ဒီပါရှန် လမ်းပန်း ဆက်သွယ်ရေး စနစ်ကို အတုယူပြီး၊ သူတို့ရဲ့ အင်ပိုင်ယာထဲမှာ လမ်းတွေ အများကြီး ဖေါက်ပေးသွားခဲ့ကြတယ်၊

ရှေးက ပြိုကျသွားခဲ့တဲ့ အင်ပိုင်ယာတွေရဲ့ ရှင် ဘု ရင် တွေ နဲ့စာယင်၊ ပါရှန်ရှင်ဘုရင်တွေဟာ၊ အင်ပိုင်ယာအတွင်းမှာရှိတဲ့ တိုင်းသူပြည်သားတွေကို တရားသဖြင့် အုပ်ချုပ်တာကိုတွေ့ရတယ်။ ကြင်ကြင်နာနာအုပ်ချုပ်တာတွေကို တွေ့ရတယ်။

သဘောထားကြီးတာကိုလဲ တွေ့ရတယ်။ ပါရှန် ဘုရင်တွေဟာ ဇိုရိုအက်စတာရဲ့ အယူဝါဒကို ကိုးကွယ်သူတွေ ဖြစ်တယ်။ ဒါပေမဲ့ အင်ပိုင်ယာအတွင်းမှာ တခြားဘာသာတွေကိုလဲ သက်ဆိုင်ရာ ဘာသာဝင်တွေက လွတ်လွတ်လပ်လပ် ကိုးကွယ်ဘို့ ခွင့်ပြုထားတယ်။ရှင်ဘုရင်ကြီး ဆိုင်းရပ်ဆိုယင်၊ တခြား ဘာ သာ တွေ ကို ငွေရေးကြေးရေးနဲ့ ထောက် ပံ့ တာ တောင် တွေ့ရတယ်။ ဘက်ဘီလွန် ရှင်ဘုရင် နက်ဘူကက်နက်ဇာလက်ထက်က ဂျူးတွေကိုဘမ်းပြီး၊ဘက်ဘီလွန်ကိုခေါ်လာခဲ့တဲ့အကြောင်း၊ ရှေးအခန်းတွေမှာ ပြောခဲ့ပြီးပြီ။ ဆိုင်း ရပ် ဟာ ဘက်ဘီလွန်ကို အနိုင်ရတဲ့အခါ၊ ဂျရုးဆလမ်မြို့တော်ကို ဒီဂျူးတွေ ပြန်လွှတ်ပြီး၊ သူတို့ရဲ့ ယာဝေးဝတ်ကျောင်းကြီးကို ပြန်လည် တည်ဆောက်ခွင့် ပြုခဲ့တယ်။



(ပုံ-၁၅၁) ဒရိုင်းယပ်ဘုရင်ရဲ့ သူပုန်နှိုင် 'ဘေဟစ္စတွန်-ကျောက်စာ'

ဘေဟစ္စတွန်မြို့အနီး၊ ကျောက်ကမ်းပါးပေါ်မှာရှိတဲ့အတွက် 'ဘေဟစ္စတွန်ကျောက်စာ' လို့ ခေါ်ကြတယ်။ ဒီကျောက်စာမှာ လေးပိုင်းရှိတယ်။

ပေးထားတဲ့ပုံဟာ၊ အနီးကပ် ရိုက်ထားတဲ့ ပုံ ဖြစ်တဲ့ အတွက် (က) အပိုင်းဖြစ်တဲ့ ရုပ်ကြွပုံကိုပဲ ထင်ထင်ရှားရှား မြင်ရတယ်။ ကျန်အပိုင်းတွေက မြုပ်နေတယ်။

( ခ ) အပိုင်းဟာ၊ ဒီရုပ်ကြွပုံရဲ့အောက်ဘက်မှာရှိတယ်။ ဘုရင်ဒရိုင်းယပ် နန်းတက်ခါစမှာ အန္တအပြား ထကြွပုန်ကန်ကြတဲ့အတွက်၊ သူ အောင်အောင် မြင်မြင် နှိမ်နင်းလိုက်ရတဲ့အကြောင်း၊ ကျောက်ထက် အက္ခရာ တင် ထား တယ်။ ကော်လံအလိုက် ရေးထွင်းထားတယ်။ မီးဒီးလူမျိုးတွေ အားထုတ်ကြံစည်သွား တဲ့၊ ကူနီအီဖောင် အက္ခရာ သစ် ၃၉ လုံး ပါတဲ့ **ပါရှန် ဘာသာစကား** နဲ့ ဖြစ်တယ်။

(ဂ) (ဃ) အပိုင်းနှစ်ခုဟာ၊ (က) (ခ) အပိုင်းတို့ရဲ့ဘယ်ဘက်မှာ ရှိတယ်။ (ခ) အပိုင်းပါအကြောင်းရပ်ရဲ့ ဘာသာပြန်ပဲ ဖြစ်ကြတယ်။ (ဂ) အပိုင်းဟာ၊ ရာပေါင်း အများအပြားပါရှိတဲ့ ဘက်ဘီလိုးနီးယန် ကူနီအီဖောင် အက္ခရာနဲ့ ရေးထားတဲ့ **'ဘက်ဘီလိုးနီးယန်ဘာသာစကား'** ဖြစ်တယ်။

(ဃ) အပိုင်းဟာ၊ (ဂ) အပိုင်းရဲ့ အောက်ဘက်မှာရှိတယ်။ အီလမ်ပြည် မှာအသုံးပြုတဲ့ ကူနီအီဖောင်အက္ခရာပါတဲ့ **အီလမ်မိုက် ဘာသာစကား** နဲ့ ရေးထွင်းထားတယ်။

ဘုရင်ဒရိုင်းယပ်ဟာ၊ သူ့အောင်နိုင်မှုကို အနောက်အာရှရဲ့ အရှေ့တနို မှာ ဟိုတုန်းက ခေတ်စားနေတဲ့ ဘာသာစကားသုံးမျိုးနဲ့ကျောက်ထက်အက္ခရာ တင်ထားတယ်။ အီရေးနီးယန် ကုန်းပြင်မြင့်နဲ့ဘက်ဘီလွန်မြို့ အကြား ကူးသန်း သွားလာ ရောင်းဝယ်နေကြတဲ့ ခရီးသွားကုန်သည်စုတွေဟာ လှမ်းပြီးကြည့်ယင် မြင်နိုင်တဲ့ ဘေဟစ္စတွန်မြို့၊ လမ်းမကြီးကစီးပြီး အမြင့် ပေ ၃၀၀ ရှိ ကျောက် ကမ္ဘားပေါ်မှာ ရေးထွင်းထားတယ်။ အမြင့် ပေ ၂၅၊ အကျယ် ပေ ၅၀ ရှိ တဲ့ ကျောက်စာဖြစ်တယ်။

ဒီကျောက်စာနေရာကိုရောက်ချင်ယင်၊ အမတန် ခဲခဲယဉ်းယဉ်း တက်ကြရ တယ်။ **ဆာ-ဟင်နရီ-ရောလင်ဆန်** ဟာ၊ ဒီ ကူနီအီဖောင် စာသုံးမျိုးစလုံးကို သက်ဦးဆံဖျား မိတ္တူကူးယူခဲ့ပြီး ရှေးဘက်ဘီလိုးနီးယန် ကူနီအီဖောင်အက္ခရာကို အဓိပ္ပါယ်ဖော်နိုင်ခဲ့တယ် (၁၈၃၅-၁၈၄၇ အေဒီ)။ အဲဒီလို အဓိပ္ပါယ် ဖော် နိုင်တဲ့အတွက် **တိမ်ကောသွားပြီဖြစ်တဲ့ ဘက်ဘီလိုးနီးယန်၊ အဆီးရီးယန် ဘာသာစကားတွေ** နဲ့ **ဒီနိုင်ငံတွေရဲ့သမိုင်းကို**၊ အခုခေတ် သမိုင်းဆရာတွေ ပြန်လည်လေ့လာနိုင်ကြတယ်။ အီဂျစ်နိုင်ငံသမိုင်းအတွက် ရိုဇက်တာကျောက်စာ ဟာ အရေးပါသလို၊ အနောက်အာရှသမိုင်းအတွက် ဘေဟစ္စတွန် ကျောက်စာ ဟာလဲ အရေးကြီးတယ်။

## အခန်း ၁၀။

# အာရိယန် လူမျိုး

## မိုးဒိုးယန် နဲ့ ပါရှန်အင်ပိုင်ယာ

## မှတ်စရာကိုးခု၊ ဂရုပြု

၁။ အကောင်းနဲ့အဆိုးဟာ အစဉ် ပဋိပက္ခဖြစ်နေတယ်။ ဘယ်သူမဆို ကြိုက်ရာဘက်ကို လိုက်နိုင်တယ်။ ဒါပေမဲ့ သေပြီးတဲ့နောက်၊အစစ်ဆေးခံကြရမယ်။ ကောင်းယင်၊ ကောင်းတဲ့အတိုင်း စံရမယ်။ ဆိုးယင်၊ ဆိုး တဲ့ အ တိုင်း ခံရမယ်လို့၊ **ဇိုရိုအက်စတာက** ဟောကြားတော်မူတယ် (ဘီ၊စီ-၅၇၀)။

၂။ ဘီ၊ စီ ၅၂၁-မှာ၊ ဒရိုင်းယပ်ဘုရင်လက်ထက် ပါရှန်အင်ပိုင်ယာဟာ၊ ဟိုတုန်းက **အကြီးဆုံး** ဖြစ်တယ်။

၃။ **ကုန်းလမ်းဆက်သွယ်ရေး ကောင်းမွန်တာ**နဲ့အမျှ၊ အရောင်းအဝယ် စည်ကားလာရုံသာမက၊ အုပ်ချုပ်မှုလဲ ထိရောက်လာတယ်။

၄။ ဒရိုင်းယပ် ဘုရင်လက်ထက်မှာ၊ ဗဟိုအစိုးရဟာ **ရွှေဒင်္ဂါး** သွန်းလုပ်ပြီ။

၅။ ဒရိုင်းယပ်ဘုရင်ဟာ၊ နိုင်ငံအသီးသီး လူမျိုးအသီးသီးတို့ရဲ့ ယဉ်ကျေးမှုတွေထဲက၊ **ကောင်းတာမှန်သမျှ အားလုံးအတုယူတယ်။**

၆။ ပါရှန်အင်ပိုင်ယာ အုပ်ချုပ်မှု အောင်မြင်ရခြင်းဟာ၊ **ပါရှန်အမှုထမ်းတွေရဲ့ လက်ရုံးရည် နှလုံးရည်၊ ဇာတိသွေး ဇာတိမာန်တွေကြောင့်** ဖြစ်တယ်။

၇။ ပါရှန်ဘုရင်တွေဟာ၊ တိုင်းသူပြည်သားတွေပေါ်မှာ **ကြင်ကြင်နာနာ အုပ်ချုပ်**ရုံသာမက သဘောထားလဲကြီးတယ်။ **လွတ်လပ်စွာ ကိုးကွယ်ခွင့်** ပြုတယ်။(ဘက်ဘီလွန်ကို နိုင်တဲ့အခါ၊ ဂျူးတွေကို နေရပ်ပြန်လွှတ်ပြီး၊ သူတို့ရဲ့ ယာဝေးဝတ်ကျောင်းကို ပြန်လည်တည်ဆောက်ခွင့် ပြုတယ်။)

၈။ ပါရှန်တွေ ထွင်ပစ်ခဲ့တဲ့ကစားနည်းမျိုးဟာ၊ **ပိုလို**။

၉။ **ပါရှန် မင်းခမ်းမင်းနား အဆောင်အယောင်** တွေ ကို၊ ဂရိတွေက ဆက်လက်အမွေခံကြတယ်။

## ကမ္ဘာ့အနီး အရှေ့ပိုင်းရဲ့ အမွေများ

ကမ္ဘာ့အနီး အရှေ့ပိုင်းရဲ့ သမိုင်းကို၊ အီဂျစ် အင်ပိုင်ယာ နဲ့ စခဲ့တယ်။ ပါရှန် အင်ပိုင်ယာဟာ ဒီကမ္ဘာ့အနီး အရှေ့ပိုင်းသမိုင်းရဲ့ အဆုံးဖြစ်တယ်။ ဒီသမိုင်းရဲ့ အချိန်ကာလဟာ နှစ်ပေါင်း ၃၅၀၀-လောက် ကြာခဲ့တယ်။ အဲဒါကြောင့်၊ ဒီကမ္ဘာ့အနီး အရှေ့ပိုင်းဟာ ကမ္ဘာ့သူကမ္ဘာ့သားတွေအတွက်၊ နှစ်ပေါင်း ၃၅၀၀-အတွင်း ဘယ်လို အမွေတွေပေးခဲ့တယ်ဆိုတာ ပြန်ကြည့်ရအောင်။

ကမ္ဘာ့အနီး အရှေ့ပိုင်းက လူတွေဟာ၊ ဒီနှစ်ပေါင်း ၃၅၀၀-အတွင်း....

၁။ နွား၊ ဆိတ်၊ သိုးတွေကို အရိုင်းအဖြစ်က၊ **အိမ်တွင်းမွေးမြူလို့ ရတဲ့ တိရစ္ဆာန်အယဉ်တွေ** ဖြစ်လာအောင် လုပ်ပေးနိုင်ခဲ့တယ်။

၂။ အလေ့ကျပေါက်နေတဲ့ သီးနှံပင်တွေထဲက၊ လူတွေစားလို့ ရတဲ့ ဂျုံ၊ ဘာလီအစရှိတဲ့ **ကောက်ပဲသီးနှံ**ပင်တွေကို ရှာ လို့ တွေ့ကြတယ်။

၃။ လူတွေအစား၊ **နွားတွေကို လယ်ယာအထွန်ခိုင်းတဲ့အတတ်**ကိုလဲ တတ်လာကြတယ်။

ဒီသုံးခုဟာ၊ အခုခေတ် မျက်စိနဲ့ကြည့်ယင်၊ ဘာမှ အရေးမကြီးဘူးလို့ ထင်ရမယ်။ ဒီသုံးမျိုးကို မတွေ့သရွေ့ ကာလပတ်လုံး၊ ရှေးခေတ်က လူတွေဟာ၊ အိမ်နဲ့ယာနဲ့ အတည်တကျနေနိုင်ကြမှာမဟုတ်ဘူး။ ဝမ်းစာအတွက် အမဲလိုက်ကြရင်း၊ တတောဝင် တတောင်တက်နဲ့သာ အချိန်ကုန်ကြရမှာပဲ။ ဒီလိုအချိန်ကုန်နေသရွေ့ ကာလပတ်လုံး၊ ဒီလူတွေမှာ တိုးတက်မှုတို့၊ ယဉ်ကျေးမှုတို့ဆိုတာတွေ၊ ဘယ်တော့မှ ရှိမှာမဟုတ်ဘူး။ အခုပြောခဲ့ပြီးတဲ့ ကမ္ဘာ့အနီး အရှေ့ပိုင်းသမိုင်းအတွင်းမှာ၊ အင်ပိုင်ယာကြီးတွေကို ထူထောင်နိုင်တဲ့အထိ၊ လူတွေဟာ ဘယ်လို တိုးတက်လာတယ်ဆိုတာ တွေ့ခဲ့ကြရပြီ။ ဒီလို တိုးတက်လာနိုင်တာဟာ၊ အခုပြောခဲ့တဲ့ အချက် သုံး ချက် ကြောင့် ပဲ ဖြစ် တယ် ဆို တာ မှတ် ထား သင့်တယ်။

အခုပြောခဲ့တဲ့ သုံးမျိုးအပြင်၊ ကမ္ဘာ့အနီး အရှေ့ပိုင်းက လူတွေ ဟာ····။

၁။ ရွှံ့တုံးက **အိုးခွက်**ဖြစ်အောင် လှဲ့ပေးရတဲ့ ကရိယာတမျိုးနဲ့ ဒီရွှံ့အိုးခွက်တွေကို မီးဖုတ်တဲ့ မီးဖိုတမျိုးကိုလဲ တီထွင်နိုင်ခဲ့တယ်။

၂။ **ရက္ကန်း**ကိုလဲ တီထွင်နိုင်ခဲ့တယ်။

၃။ **သတ္တု**ကို လူသုံးပစ္စည်းဖြစ်အောင် လုပ်တဲ့ **အတတ်**ကိုလဲ တီထွင်နိုင်ခဲ့တယ်။

၄။ ဖလ်လုပ်ငန်း၊**စက္ကူ**လုပ်ငန်းအစရှိတဲ့ **လူသုံးပစ္စည်းလုပ်ငန်း**တွေကိုလဲ တီထွင်နိုင်ခဲ့တယ်။

၅။ **ပင်လယ်ကူးရွက်လှေ**တွေလိုလဲ တီထွင်နိုင်ခဲ့တယ်။

၆။ အခုခေတ်အတွက်တောင်၊အမတန်ကြီးမားနေတဲ့ ကျောက်ဂူကြီးတွေ၊ ကျောက်ဝတ်ကျောင်းကြီးတွေအစရှိတဲ့ အမတန်ကြီးကျယ်တဲ့ အဆောက်အဦကြီးတွေကို တည်ဆောက် ပေးနိုင်တဲ့ **အင်ဂျင်နီယာအတတ်**ကိုလဲ တီထွင်နိုင်ခဲ့တယ်။

၇။ အမတန်ကြီးကျယ်တဲ့ ကျောက်ရုပ်ကြီးတွေကစပြီး၊အမတန်သိမ်မွေ့တဲ့ ဘက်ဘီလွှန်ကျောက်တံဆိပ်တုံးတွေအထိ၊ ထုလုပ်ပေးနိုင်တဲ့ **ကျောက်ပန်းပုပညာ**ကို တီထွင်နိုင်ခဲ့တယ်။

၈။ အရေးအသား နဲ့ ရေးအကျဆုံး **အက္ခရာစာလုံး** တွေကို တီထွင်နိုင်ခဲ့တယ်။

၉၊ **စာပေ**ဘက်မှာလဲ၊ ရှေးခေတ်ပုံပြင်တွေကို စကားပြေနဲ့ ရေးထားတဲ့ စာတွေ၊လက်ာနဲ့ရေးထားတဲ့စာတွေ၊ သမိုင်းစာတွေ၊ လူမှုရေးရာ ဆွေးနွေးချက်တွေကို ဖော်ပြထားတဲ့စာတွေကို ရေးသားနိုင်ခဲ့ကြတယ်။ ပြဇာတ်ကိုတောင် ရေးသားနိုင်ခဲ့တယ်။

၁၀။ အခုခေတ်မှာ အသုံးပြုနေကြတဲ့ **ပြက္ခဒိန်**ကို တီထွင်နိုင်ခဲ့တယ်။

၁၁။ အခုခေတ် **သင်္ချာ** နဲ့ **နက္ခတ်ပညာ**တို့အတွက်အုတ်မြစ်ကို ချပေးနိုင်ခဲ့တယ်။

၁၂။ **ခွဲစိတ်ကုသတဲ့ ပညာ** အတွက် ကိုလဲ အုတ် မြစ် ချပေး နိုင်ခဲ့တယ်။

၁၃။ **သီးခြားနိုင်ငံ**အတွက်ဖြစ်စေ၊ နိုင်ငံတွေ စုပေါင်းထားတဲ့ **အင်ပိုင်ယာ**အတွက်ဖြစ်စေ၊ အရေးကြီးတဲ့ ဌာနတွေကို ထိထိရောက်ရောက် အုပ်ချုပ် **နိုင်တဲ့ အုပ်ချုပ်ရေး စက်ယန္တယား**ကြီး ကို တီ ထွင်နိုင်ခဲ့တယ်။

၁၄။ ဘာသာရေးဘက်မှာ ဆိုယင်လဲ၊ နတ်တွေ အများကြီးကို ကိုးကွယ်နေရာက၊ **ထာဝရ သခင်တဦးတည်းကို ယုံ ကြည် ကိုး ကွယ် လာကြ**တဲ့အထိ တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့တယ်။

အခုပြောခဲ့တဲ့ အချက်တွေအတွက်၊ အနီးအရှေ့ပိုင်း ကမ္ဘာသူ **ကမ္ဘာသား**တွေရဲ့ ကျေးဇူးဟာ၊ ကျန်ကမ္ဘာသူ ကမ္ဘာသားတွေပေါ်မှာ **အမတန် ကြီးကျယ်လှ**ပေတယ်လို့၊ သမိုင်းဆရာကြီး ဘရက်စတက်က မှတ်တမ်းတင်ထားတယ်။

အီဂျစ်၊ **အနောက်အာရှ**နဲ့၊ တချိန်တဲ့လိုလိုပဲ၊ မြေထဲပင်လယ်ရှိ ကရိကျွန်း အီဂျီအန်ဒေသမှာရော၊ **အာရှတိုက်ရှိအိန္ဒိယ**မှာရော၊ ကမ္ဘာ့ **အဝေးအရှေ့ပိုင်း** (ကမ္ဘာ့အရှေ့တိုင်းဖျား) ထဲမှာပါတဲ့ တရုပ်ပြည်မှာရော၊ ယဉ်ကျေးမှု စတင် ထွန်းကားခဲ့ကြတယ်။ အဲဒီဒေသတွေမှာ ယဉ်ကျေးမှု ဘယ်လိုစတင်တယ်ဆိုတဲ့အကြောင်းကို ရုပ်စုံအခြေခံသမိုင်း အတွဲ (၂) မှာ ဆက်လက် ဖတ်ရှုကြစေလိုပါတယ်။

# မှီငြမ်းစာအုပ်များ


၁။ အင်္ဂုတ္တိုရ်-ပထမတွဲ (မြန်မာပြန်)
တိကနိပါတ်-အာနန္ဒဝဂ်-စူဠနိကာသုတ်

၂။ အင်္ဂုတ္တိုရ်-ဒုတိယတွဲ (မြန်မာပြန်)၊ သတ္တသူရိယသုတ်

၃။ ဒီဃနိကာယ်-ပါတိကဝဂ်-အဂ္ဂညသုတ် (မြန်မာပြန်)
[အထက်ပါသုတ်တော်များမှ၊ မြတ်စွာဘုရား ဟောကြားတော်မူသော ကမ္ဘာနှင့် သတ္တဝါတွေ ဖြစ်ပေါ်လာပုံကို ထုတ်နုတ်ပြသည်။]

၄။ သဂြိုဟ်ဘာသာဋီကာ (အရှင်ဇနကာ ဘိဝံသ)

5. The Outline of History by H.G. Wells
6. Ancient Times - A History of the Early World by J.H. Breasted
7. A History of the World edited by W.M. Weech
8. The Mysterious Universe (Sir James Jeans)
9. The Nature of Universe (Fred Hoyle)
10. The Limitations of Science (J.W.N. Sullivan)
11. Introduction to Science (Alan Issacs)
12. LIFE Nature Library-THE EARTH (by Arthur Beiser and The Editors of LIFE)
13. LIFE Nature Library-THE UNIVERSE (by David Bergamini and The Editors of LIFE)
14. The Readers' Digest Great Wall Atlas (F. Debenthene)
15. The Epic of Man (by the Editors of Life)
16. The New Pictured Encyclopædia (edited by Sir John Hammerton.)
17. The New Illustrated World History (edited by J. Hammerton)
18. Outlines of the World's History (by E. Sanderson)
19. The Universe & Dr. Einstein (by Lincoln Barnett)
20. Tutankhamen (C. Desroches Noblecourt)

# ပြက္ခဒိန်

၁။ **ကမ္ဘာရဲ့ သက်တမ်းဟာ....**

(က) ကမ္ဘာ့အပေါ်ယံမြေလွှာ၊ အစိုင်အခဲမဖြစ်ခင်က နှစ်ပေါင်းသန်းပေါင်း .... ၁,၀၀၀

( ခ ) ကမ္ဘာ့အပေါ်ယံမြေလွှာ၊ အစိုင်အခဲ ဖြစ်ပြီးခါမှ နှစ်ပေါင်းသန်းပေါင်း .... ၃,၀၀၀

( ဂ ) ကျောက်လွှာ ကွေ ထဲ ကျောက် ဖြစ် ရုပ် ကြွင်း ကျန်ရစ်ခဲ့တဲ့ကာလက နှစ်ပေါင်း သန်းပေါင်း ၆၀၀

အစုစု နှစ်ပေါင်း သန်းပေါင်း ၄,၆၀၀

ရယ်လို့၊ သိပ္ပံပညာရှင်တချို့က တွက်ချက်အဖြေပေးကြတယ်။

၂။ **သက်ရှိပေါ်ခဲ့တာဟာ** နှစ်ပေါင်း သန်းပေါင်း ၁,၅၀၀-မှ ၂,၀၀၀-ထိလို့လဲ၊ တချို့က ခန့်မှန်းကြတယ်။ သက်ရှိကို အောက်ပါအတိုင်း နှစ်ပိုင်းခွဲကြပြန်တယ်။

(က) မထင်ရှားတဲ့ သက်ရှိပေါ်လာတဲ့နှစ်ပရိစ္ဆေဒဟာ၊ ကျောက်လွှာ ဦးဆုံးပေါ်လာကတဲက အစပြုပြီး၊ နှစ်ပေါင်းသန်းပေါင်း ၆၀၀-ထိလို့ ဆိုတယ်။

( ခ ) ထင်ရှားမျက်မြင်ဖြစ်တဲ့ သက်ရှိပေါ်လာတာဟာ၊ နှစ်ပေါင်း သန်းပေါင်း ၆၀၀-လို့ ဆိုတယ်။

၃။ **ကျောက်ခေတ်**

| | |
|---|---|
| ရှေးကျောက်ခေတ်<br>အလယ်ကျောက်ခေတ်<br>နှောင်းကျောက်ခေတ် | ကျောက် ခေတ် ဟာ၊ တပြိုင်တဲ တချိန်တဲ့ နေရာတကာမှာ ထွန်းကားတာ မဟုတ်။ တချို့ဒေသမှာရှေးကျတယ်။ တချို့ဒေသမှာ နှောင်းတယ်။ အဲဒါကြောင့် ခုသက္ကရာဇ် အတိအကျတမျိုးတဲနဲ့ပြလို့ မဖြစ်ဘူး။ |

ဘီ၊ စီ

၄၃၀၀ အီဂျစ် (၁) ပြည်ထောင်စုခေတ် စတင်၊ 'ဟီအာရိုဂလစ်' စာအရေးအသား။
၄၂၄၁ အီဂျစ်ပြက္ခဒိန်။
၄၀၀၀ ဆူမားရီးယန်တွေ၊ ရှိုင်းနားလွင်ပြင်မှာ အခြေစိုက်။
၃၅၀၀ ဆူမားရီးယန်တွေရဲ့ 'ကူနီအီဖေါင်' စာအရေးအသား။
၃၄၀၀ အီဂျစ် (၃) ပြည်ထောင်စုခေတ်၊ ဖေးရိုး-မိးနီး။
၃၀၀၀ ကေးနန်းနိုက်တွေ ပယ်လက်စတိုင်မှာ အခြေစိုက်။
အင်ဒို-ဥရောပလူမျိုးတွေ၊ ကက်စပီယန် ပင်လယ်အနီး နေထိုင်ကြပြီ။
၂၈၀၀ ဖေးရိုး-ဇိုဆာ။
ဘုရင်-မက်-အင်နီ-ပက်ဒါး။
ဆူမားရီးယန်တွေ နဲ့ အဆီးရီးယန်တွေ တမြို့တနိုင်ငံ တည်ထောင်။
၂၁၈၁ ဖေးရိုး-ခူးဖူး။
၂၁၁၅ မဟာ ပစ်ရမစ်။
၂၁၆၇ ဖေးရိုး-ခဖရာ (ခဖရင်)။
၂၇၅၀ အက်ကက်ဒီးယန်ဘုရင်-ဆာဂွန်။
၂၅၃၁ ဖေးရိုး (၃) ပက်ပီ။
၂၅၀၀ ဟစ်တိုက်တွေ အာရှမိုင်းနားထဲမှာ အခြေစိုက်။
မိတန်းနီနိုင်ငံ ထူထောင်။
၂၄၀၀ အီဂျစ်နိုင်-နယ်စားခေတ်။
၂၃၂၁ 'အား'မြို့ကို အီလမ်မိုက်တွေ သိမ်းပိုက်။
၂၁၂၃ ဟမ်မူရာပီဘုရင်၊ အီလမ်မိုက်တွေကို နှင်ထုတ်။
၂၀၈၀ ဟမ်မူရာပီဘုရင်ရဲ့ ကိုဓဥပဒေ။
၂၀၀၀ အေဘာရာဟမ်။
အင်ဒို-ဥရောပလူမျိုးတသိုက်ဟာ၊ ဘော်လကန် နဲ့ အီတာလျံကျွန်းဆွယ်ထဲဝင်ပြီး၊ ဂရိ နဲ့ ရောမလူမျိုးတို့ ဖြစ်လာကြ။

ဘီ၊စီ

၁၉၀၀ (ပ) ဟစ်တိုက် အင်ပိုင်ယာ။

၁၈၈၇ ဖေးရိုး(တ)ဆေနုဆရက်။

၁၈၀၀ အာရိယန်ထဲကတစု၊ အီရေးနီးယန်။ အီရေးနီးယန်ထဲက သုံးစု၊ (၁) မိတန်းနီယန်၊ (၂) မီးဒီးယန်၊ (၃) ပါရှန်။ အီဂျစ်မှာ ‘ဟစ်ဆိုး’ သိုးကျောင်းသားဘုရင်ခေတ်။

၁၇၄၆ ကက်ဆိုက်တွေ ဘက်ဘီလွန်ကို တိုက်ခိုက်သိမ်းယူ။

၁၆၅၀ ‘ဟစ်ဆိုး’တွေ ဝင်တိုက်၍၊ (ပ) ဟစ်တိုက်အင်ပိုင်ယာပြိုကျ။

၁၅၈၀ ဖေးရိုး-ဧမော ‘ဟစ်ဆိုး’ တွေ ကို မောင်း ထုတ်၊ အီဂျစ် နယ်ချဲ့ခေတ်။

၁၅၀၁ (ပ)အီဂျစ်ဘုရင်မ-ဟက်ရှက်စု။

၁၅၀၀ မီနစ်ရှန်တွေ ပယ်လက်စတိုင်မှာ အခြေစိုက်။

၁၄၉၁ မိုးဇက်ဟာ ဟီးဘရူးတွေကို အီဂျစ်မှ ခေါ်ဆောင်ထုတ်ယူလာ။

၁၄၇၉ ဖေးရိုး(တ)တုမို့၊ မယ်ဂစ်ဒိုးတိုက်ပွဲ။

၁၄၀၀ ဟီးဘရူးတွေ ပယ်လက်စတိုင်ထဲ အခြေစိုက်။ အာရမီးယန်တွေ ဆီးရီးယားထဲကို လှိမ့်ဝင်လာ။ (ဒု) ဟစ်တိုက်အင်ပိုင်ယာ။

၁၃၉၅ ဟစ်တိုက်ဘုရင်-စွပ်ပီလူးယူမား။

၁၃၇၅ ဖေးရိုး(စ) အမင်ဟိုးတက် (အစ်ခနတွန်)

၁၃၅၈ ဖေးရိုး-တူးတင်ခမွန် (တူးတင်ခတွန်)

၁၃၂၀ ဖေးရိုး(ပ)စီတီ။

၁၃၀၀ ဖေးရိုး(ဒု)ရမ်ဆီး။

၁၂၀၀ ပင်လယ်ဘက်က လူမျိုးတွေ ဝင်တိုက်ပြီး၊ ကုန်းဘက်ကလဲ ခြေသလုံး အိမ်တိုင်သမားတွေ ဝင် တိုက် ကြ တဲ့ အတွက် (ဒု)ဟစ်တိုက် အင်ပိုင်ယာပြိုကျ။

| ဘီ၊စီ | |
|---|---|
| ၁၁၀၀ | ဖိလစ်စတင်းတွေ ဟီးဘရူးတွေဆီကို ဖိဝင်လာ။ |
| ၁၀၉၅ | ဘုရင် ဆော-တိုက်ထုတ်၊ ဟီးဘရူးတွေကို စည်းရုံး။ |
| ၁၀၉၀ | အီဂျစ်အင်ပိုင်ယာ ပြိုကွဲစပြု။ |
| ၁၀၅၆ | ဘုရင်-ဒေးဗစ်။ |
| ၁၀၁၅ | ဘုရင်-ဆော်လမွန်။ |
| ၁၀၀၀ | အာရမေးအစ် အရေးအသား ခေတ်စားလာ။ |
| ၉၇၅ | အဇ္ဇရေးမှ ဂျူးဒါးခွဲထွက်။ |
| ၈၀၀ | ကာသေ့မြို့ တည်ထောင်။ |
| ၇၅၀ | ဟီးဘရူး တမန်တော်-ဧမော။ |
| ၇၃၂ | ဒမက်စကပ်မြို့ အဆီးရီးယန်တွေကို အရေးနိမ့်။ |
| ၇၂၂ | ဘုရင် (၃)-ဆာဂွန် အဇ္ဇရေးကို တိုက်ခိုက်သိမ်းပိုက်။ |
| ၇၂၁ | တိုင်ရာမြို့က (၃)-ဆာဂွန်ဘုရင်ကို အောင်မြင်စွာခုခံ။ |
| ၇၀၅ | ဘုရင်-ဆနက် အာရစ်။ |
| ၇၀၀ | မီးဒီးယန်အင်ပိုင်ယာ။ |
| ၆၈၁ | ဘုရင်-အီဆာဟက်ဒွန်။ |
| ၆၆၉ | ဘုရင်-အဆူဘာနီပေါ်။ |
| ၆၁၆ | ဘုရင်-န ဘို ပေါ် လက် ဆာ၊ ဘက် ဘီ လွန် ကို သိမ်းပိုက်နန်းစိုက်။ |
| ၆၁၄ | နင်းအီဗီမြို့ကို နဘိုပေါ်လက်ဆာ နဲ့ စီအက်ဆီရီးတို့ ပူးတွဲတိုက်ခိုက်။ |
| ၆၁၂ | နင်းအီဗီမြို့တော်ကျဆုံး။ |
| ၆၀၄ | ဘုရင်-နက်ဘူကက်နက်ဇာ။ |

ဘီ၊စီ

၅၈၆ နက်ဘူကက်နက်ဇာဟာ၊ ဟီးဘရူးတွေကို စစ်သုံ့ပန်းအဖြစ် ဘက်ဘီလွန်ဆီကို ခေါ်ဆောင်သွား။

၅၇၀ ဇိုရိုအက်စတာ။

၅၅၀ ဘုရင်-ဆိုင်းရပ်၊ မီးဒီးယန်အင်ပိုင်ယာကိုသိမ်းပိုက်။

၅၃၈ ဘုရင်-ဆိုင်းရပ်ဟာ၊ ဘက်ဘီလွန်ကို တိုက်ခိုက် သိမ်းယူ၊ ဟီးဘရူး စစ်သုံ့ပန်းတွေကို ပြန်လွှတ်။

၅၂၅ ဘုရင်-ကမ်ဘိုင်ဆီး အီဂျစ်ကိုသိမ်းပိုက်။

၅၂၂ ဘုရင်-ဒရိုင်းယပ်။

၅၂၁ ဘုရင်-ဒရိုင်းယပ်လက်ထက် ပါရှန်အင်ပိုင်ယာ။

၅၀၀ နက္ခတ္တဗေဒဆရာကြီး၊ နဘူးရိမန်းန့်။

၄၈၆ ဘုရင်-ဇပ်ဆီး။

၄၀၀ နက္ခတ္တဗေဒဆရာကြီး၊ ကီဒင်းနူ။

၃၃၀ (တ) ဒရိုင်းယပ်ဘုရင် နတ်ရွာစံ။

# ရုပ်စုံအခြေခံသမိုင်း

| အီဂျစ် | ပယ်လက်စတိုင်၊ ဆီးရီးယား၊ အာရှမိုင်းနား |
|---|---|
| ဘီ၊စီ ၅၀၀၀ | ဘီ၊စီ ၅၀၀၀ |
| | ရှေးအန္တာတိုးလီယန်တွေ၊ အာရှမိုင်းနား မှာနေထိုင်ကြ။ |
| ၄၃၀၀–၃၅၀၀ = ပထမပြည်ထောင်စု ခေတ်။ စိုက်ပျိုးရေးမှာ နွားနှစ်ကောင်နဲ့ လယ်ထွန်နေကြပြီ။ 'ဟီအာရိုဂလစ်' စာပေ အရေးအသား။ | |
| ၄၂၄၁=တ နှစ် မှာ ၃၆၅ ရက် ရှိတယ် ဆို တဲ့ ပြက္ခဒိန် မျိုးကို တီထွင်။ (ကမ္ဘာ့ သမိုင်း မှာ တတ် အပ် သေချာ သိရတဲ့ ဦးဆုံး နှစ်)။ | |

## သမိုင်းအချိန်ဇယား

| ဘက်ဘီလိုးနီးယား၊<br>အဆီးရီးယား | ပါရှား (အီရန်) |
| --- | --- |
| ဘီ၊စီ ၅၀၀၀ | ဘီ၊စီ ၅၀၀၀ |

# ရုပ်စုံအခြေခံသမိုင်း

| အီဂျစ် | ပယ်လက်စတိုင်၊ ဆီးရီးယား၊ အာရှမိုင်းနား |
|---|---|
| ဘီ၊စီ ၄၀၀၀ | ဘီ၊စီ ၄၀၀၀ |
| ၃၄၀၀-၂၄၀၀=ဒုတိယ ပြည်ထောင်စု ခေတ်။<br>၃၄၀၀=ဘုရင်မီးနီး<br>ပထမ မင်းဆက်တည်ထောင်၊ အထက် နဲ့ အောက် အီဂျစ် စည်းရုံး၊ မင်း ဖစ် မြို့တော် ကို ပြန်လည်တည်ထောင်။ | |

# သမိုင်းအချိန်ဇယား

| ဘက်ဘီလိုးနီးယား၊ အဆီးရီးယား | ပါရှား (အီရန်) |
|---|---|
| ဘီ၊စီ ၄၀၀၀ | ဘီ၊စီ ၄၀၀၀ |
| ၄၀၀၀=ဆူမားရီးယန်တွေ၊ ရွှံ့နွား လွင်ပြင်မှာ အခြေစိုက်။ | |
| ၃၅၀၀=ဆူမားရီးယန်တွေ၊ 'ကူနီအီဖောင်'စာ အရေးအသားကို အသုံးပြုလာကြ။ | |

# ရုပ်စုံအခြေခံသမိုင်း

| အီဂျစ် | ပယ်လက်စတိုင်၊ ဆီးရီးယား၊ အာရှမိုင်းနား |
| --- | --- |
| ဘီ၊စီ ၃၀၀၀ | ဘီ၊စီ ၃၀၀၀ |
| ၃၀၀၀-၂၅၀၀=ပစ်ရမစ်ခေတ်<br>၂၉၀၀=ဘုရင်ဖိုးဆာ<br>၂၀၉၀-၂၀၇၅=ဘုရင်ခူးဖူး<br>၂၀၀၅=မဟာပစ်ရမစ်<br>၂၀၆၇-၂၀၁၁=ဘုရင်ခဖရာ(ခဖရင်) | ၃၀၀၀=ကေးနန်းနိုက်တွေ၊ပယ်လက်စတိုင် ထဲကိုဝင်။ |
| ၂၅၃၀-၂၄၄၄=ဘုရင်(ဒု)ပက်ပိ<br>၂၄၀၀-၁၀၀၀=နယ်စားခေတ် | ၂၅၀၀=ဟာစ်တိုက်တွေ၊ အာရှမိုင်းနား ထဲကိုဝင်ရောက်လာ။ |

# သမိုင်းအချိန်ဇယား

| ဘက်ဘီလိုးနီးယား၊ အဆီးရီးယား | ပါရှား (အီရန်) |
| --- | --- |
| ဘီ၊စီ ၃၀၀၀ | ဘီ၊စီ ၃၀၀၀ |
| ၂၉၀၀=အဆီးရီးယန်တွေ၊ တမြို့ တနိုင်ငံ တည်ထောင်။ ဘုရင်-မက်အင်နီ-ပက်ဒါး ‘အားး’ မြို့နိုင်ငံစိုးစံ။ | ၃၀၀၀အထိ=အင်ဒို-ဥရောပ လူမျိုးတွေ ကက်စပီယန် ပင်လယ် အနီး မြက်ခင်းတွေ မှာ နေကြ။ |
| ၂၉၀၀-၂၅၀၀=ဆူမားနီးယန် တွေရဲ့ တမြို့တနိုင်ငံခေတ်။ | |
| ၂၇၅၀-၂၆၉၅=ဘုရင်-ဆာဂွန် | |
| ၂၃၂၈=အီလမ်မိုက်တွေ ‘အားး’ မြို့နိုင်ငံ သိမ်းပိုက်။ | |
| ၂၁၂၃-၂၀၈၀=အမိုရိုက်တွေရဲ့ ဘုရင် ဟမ်မူရာပီ-အီလမ်မိုက် တွေကို နှင်ထုတ်ပစ်။ | |
| ၂၀၉၀=ဟမ်မူရာပီရဲ့ ‘ကိုဒဥပဒေ’ | |

# ရုပ်စုံအခြေခံသမိုင်း

| အီဂျစ် | ပယ်လက်စတိုင်၊ ဆီးရီးယား၊ အာရှမိုင်းနား |
|---|---|
| ဘီ၊စီ ၂၀၀၀ | ဘီ၊စီ ၂၀၀၀ |
| ၁၉၉၇-၁၉၄၈=ဘုရင် (တ) ဆေနုဆရက်။<br>၁၉၀၀-၁၆၀၀=‘ဟစ်ဆိုး’ သိုးကျောင်းသား ဘုရင်ခေတ်။<br>၁၆၀၀-၁၂၀၀=နယ်ချဲ့ခေတ်၊ မြို့တော်သီးဗီး၊ ကာနက်ဝတ်ကျောင်း။ | အေဘာရာဟမ်<br>၁၈၀၀-၁၆၅၀=ပထမ-ဟစ်တိုက် အင်ပိုင်ယာ။ |
| ၁၅၉၀-၁၅၅၇=ဘုရင်-ဧမော<br>၁၅၀၁-၁၄၇၈=ဘုရင်မ-ဟက်ရှက်စု<br>၁၄၇၈-၁၄၄၇=ဘုရင် (တ) တုမို့ | ၁၅၀၀ မတိုင်မီ၊ ဗီနစ်ရှန်တွေ၊ ပယ်လက်စတိုင်မှာ အခြေစိုက်။<br>၁၄၈၁=မိုးဇက်ဟာ၊ ဟီးဘရူးတွေကို အီဂျစ်ကထုတ်ယူလာခဲ့။<br>၁၄၀၀=အာရမီးယန်တွေ၊ ဆီးရီးယားထဲလိုမ့်ဝင်။ |
| ၁၃၇၅-၁၃၅၉=ဘုရင် (စ) အမင်ဟိုးတက် (အစ်ခနတွန်)။<br>၁၃၅၉-၁၃၅၃=ဘုရင်-တူးတင်ခမွန် (တူးတင်ခတွန်)။<br>၁၃၂၀-၁၃၀၀=ဘုရင် (ပ) စီတီ<br>၁၃၀၀-၁၂၂၅=ဘုရင် (ဒု) ရမ်ဆီး | ၁၄၀၀-၁၂၀၀ = ဟီးဘရူးတွေ၊ အာရေဗျသဲကန္တာရမှ ပယ်လက်စတိုင် ထဲကိုဝင်။<br>၁၄၀၀-၁၂၀၀=ဒုတိယ-ဟစ်တိုက် အင်ပိုင်ယာ။<br>၁၃၈၅-၁၃၅၀=ဟစ်တိုက်ဘုရင်-စွပ်ပီလူးယူမား။<br>၁၁၀၀=ဖိလစ်စတင်းတွေ ဖိဝင်လာ။ |
| ၁၀၈၀=အီဂျစ်အင်ပိုင်ယာပေါ်မ်းယိုင်ပြိုကွဲ | ၁၀၈၅-၁၀၅၆=ဘုရင် ဆော၊ တိုင်းပြည်ကိုစည်းရုံး။<br>၁၀၅၆-၁၀၁၅=ဘုရင်ဒေးဗစ်<br>၁၀၀၀=အာရမေးအစ် အရေးအသား။ |

# သမိုင်းအချိန်ဇယား

| ဘက်ဘီလိုနီးယား၊ အဆီးရီးယား | ပါရှား(အီရန်) |
|---|---|
| ဘီ၊စီ ၂၀၀၀ | ဘီ၊စီ ၂၀၀၀ |
| | ၂၀၀၀=အာရိယန်တွေဟာ ခွဲထွက်ပြီး၊ ကယ်စပီယန်ပင်လယ်ရဲ့၊ အရှေ့ဘက်မြက်ခင်းပြင်တွေပေါ်မှာ အခြေစိုက်ကြ။ |
| | ၁၈၀၀=အာရိယန် တစုဟာ၊ အိန္ဒိယရောက်။ အခြားတစုဟာ အီရန်ရောက်။ |
| ၁၇၄၆=ကက်ဆိုက်တွေ၊ ဘက်ဘီလိုနီးယားကိုသိမ်း။ | |

# ရှပ်စုံအခြေခံသမိုင်း

| အီဂျစ် | ပယ်လက်စတိုင်၊ ဆီးရီးယား၊<br>အာရှမိုင်းနား |
|---|---|
| ဘီ၊စီ ၁၀၀၀ | ဘီ၊စီ ၁၀၀၀ |
| | ၁၀၁၅-၉၇၅=ဘုရင်ဆော်လမွန်<br>၉၇၅=အစ္စရေးမှ ဂျူးဒါးခွဲထွက်<br>၈၀၀=ကာသေ့မြို့တည်ထောင်<br>၇၅၀=ဟီးဘရူးတမန်တော်—ဧမော<br>၇၂၂=(ဒု)-ဆာဂွန်ဟာ၊ အစ္စရေးကို သိမ်းပိုက်။<br>၇၂၁-၇၁၇=တိုင် ရာ မြို့ ဟာ (ဒု)-ဆာဂွန်ကိုခံတိုက်။<br>၇၁၇=(ဒု)-ဆာဂွန် ဟင်တိုက်အင်ပိုင်ယာ ကို ဝင် ရောက် သိမ်းပိုက်။ ဆ နက်  အာ ရစ် ဟာ၊ ဂျူးဒါးကိုတိုက်။<br>၅၈၆=နက် ဘူ ကက် နက် ဇာ ဟာ၊ ဂျူးဒါးကပုန်ကန်တဲ့ ဇက်ဒီကီးယားကို နှိမ်နင်းပြီး၊ ဟီးဘရူးတွေကို စစ်သုံ့ပန်းအဖြစ်၊ဘက်ဘီလွန်ကို ခေါ်ဆောင်သွား။ |
| ခရစ်တော်မွေး | ခရစ်တော်မွေး |

# သမိုင်းအချိန်ဇယား

| ဘက်ဘီလိုးနီးယား၊<br>အဆီးရီးယား | ပါရှား(အီရန်) |
|---|---|
| ဘီ၊စီ ၁၀၀၀ | ဘီ၊စီ ၁၀၀၀ |
| | အာရိယန်တွေ နှစ်စုကွဲပြီး၊ တစုဟာ<br>အီရေးနီးယန်တွေဖြစ်လာ<br>အီရေးနီးယန် { (က) မီတန်းနီယန် / (ခ) မီးဒီး / (ဂ) ပါရှန် |
| ၇၂၂-၇၀၅=(ဒု)ဆာဂွန်ဘုရင်<br>၇၀၅-၆၈၁=ဘုရင်-ဆာနက်အာရစ်<br>၆၈၁-၆၆၉=ဘုရင်-အီဆာဟက်ဒွန်<br>၆၆၉-၆၂၆=ဘုရင်-အဆူဘာနီပေါ်<br>၆၂၅-၆၀၅=ဘုရင်-နဘိုပေါ်လက်ဆာ<br>၆၁၂=နင်းအီဗီမြို့တော်ကျဆုံး<br>၆၀၄-၅၆၁=ဘုရင်နက်ဘူကက်နက်ဇာ | ၇၀၀=မီးဒီးယန်အင်ပိုင်ယာ<br>၅၇၀=ဗိုရှိအက်စတာ<br>၅၅၀-၅၂၉=ပါရှန်ဘုရင်ဆိုင်းရပ်<br>၅၅၀=ဘုရင် ဆိုင်း ရပ် ပုန် ကန် ပြီး<br>မီးဒီးယန်အင်ပိုင်ယာ ကိုသိမ်း။<br>၅၄၆=ဘုရင် ဆိုင်းရပ်၊ ဘုရင် ကရီးဆပ်<br>ကိုအောင်နိုင်။ |
| ၅၀၀=နက္ခတ္တ ဗေဒ ဆရာကြီး - နဘူ<br>ရီးမန်းနု။<br>၄၀၀=နက္ခတ္တဗေဒဆရာကြီး-ကီဒင်းနူ။ | ၅၃၈=ဘုရင် ဆိုင်းရပ်၊ ဘက် ဘီ လွန်<br>ကိုသိမ်း။<br>၅၂၉-၅၂၂=ပါရှန်ဘုရင် ကမ်ဘိုင်ဆီး။<br>၅၂၅=ကမ်ဘိုင်ဆီးဘုရင်၊အီဂျစ်ကိုသိမ်း။<br>၅၂၂-၄၈၆=ပါရှန်ဘုရင် ဒရိုင်းယပ်<br>၅၂၁=ဟို တုန်း က အ ကြီး ဆုံး ဖြစ် တဲ့<br>ပါရှန်အင်ပိုင်ယာ<br>၄၈၆-၄၆၅=ပါရှန်ဘုရင် ဇပ်ဆီး |
| | ၃၃၆-၃၃၀=(တ)ဒရိုင်းယပ် |
| ခရစ်တော်မွေး | ခရစ်တော်မွေး |

# ဖြည့်စွက်ချက်

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

ရုပ်စုံအခြေခံသမိုင်းကို၊ ရဟန်းရှင်လူ ပြည်သူ လူထုအားတင်ဆက်တဲ့နေရာမှာ၊ တိကျနိုင်သလောက်တိကျရမယ်၊ ပြည့်စုံနိုင်သလောက် ပြည့်စုံရမယ်ရယ်လို့ ရည်မှန်းချက် ထားတဲ့အတိုင်း၊ စာအုပ် စက်ပေါ်မရောက်မီကတဲက သက်ဆိုင်ရာဗဟုသုတအသစ်တွေကို ရနိုင်သလောက် ရှာဖွေပြီး စာအုပ်ရဲ့နေရာ အတော်များများမှာ ဖြည့်စွက်ခဲ့ပါတယ်၊ အသစ်ပြန်လည်ရေးသားခဲ့ပါတယ်။

အဲဒါနဲ့လဲ ရောင့်ရဲ တင်းတိမ်ခြင်း'မရှိသေးပဲ၊ စာအုပ်စက်ပေါ်ရောက်ပြီးတဲ့ နောက်မှာတောင်မှ၊ စာအုပ်နဲ့ သက်ဆိုင်ရာ ဗဟုသုတအသစ်တွေကို တတ်အားသရွေ့ ဆက်လက်စုံစမ်းခဲ့ပါတယ်။

(က) 'တိုင်း'မဂ္ဂဇင်း[၁]၊ စာအုပ်ဝေဘန်ချက်တခုမှာ၊ ရုပ်စုံအခြေခံသမိုင်း အတွဲ ၁ စာမျက်နှာ ၇၅ မှာဖော်ပြထားတဲ့ 'စတယ်ဒီ-စတိတ်-သီအိုရီ'ကို ထူထောင်တဲ့ နက္ခတ်ပညာရှင်၊ ဖရက်-ဟွိုင် ဟာ၊ သူ့ရဲ့ 'စတယ်ဒီ-စတိတ်-သီအိုရီ'ကို စွန့်ပစ်လိုက်ပြီရယ်လို့ သိရတယ်။ ဒီအချက်ဟာ၊ သိပ္ပံလောကမှာ အမတန်အရေးကြီးတဲ့ အချက်တချက်ဖြစ်တဲ့အတွက်၊ ဒုတိယနှိပ်ခြင်းကိုစောင့်ဆိုင်းမနေတော့ပဲ၊ စက်တင်ပုံနှိပ်ရင်း မှီရာ နေရာမှာပဲ ဒီအကြောင်းကို ဖော်ပြ လိုက်ရပါတော့တယ်။ ဒီအချက်ဟာ'သိပ္ပံသဘောတရားတွေ၊ မနိုင်လုံသေး'ဆိုတာကိုထောက်ခံနေတဲ့ သာဓကတရပ်လဲဖြစ်ပါတယ်။

(ခ) ဖော်ပြဘို့ နောက်တချက် ရှိသေးတာကတော့၊ ဒီစာအုပ်စာမျက်နှာ ၁၆၀–၁၆၂ မှာ၊ အီဂျစ်ဘုရင် ဖေးရိုးအစ်ခနတွန်(စတုတ္ထမြောက်-အမင်ဟိုးတက်)ဟာ၊ ဘာသာဟောင်းကို ဖျက်ဆီးပစ်ပြီး၊ ဘာသာသစ်ကို တီထွင်တာဟာ တခြားကြောင့်မဟုတ်၊ သူ့မယ်တော်ရဲ့ သွေးဆောင်ချက်ကြောင့် ဖြစ်တန်ကောင်းတယ်ရယ်လို့ ဖော်ပြထားတယ်။

---

၁။ တိုင်း မဂ္ဂဇင်း = Time Magazine

၂၂-၇-၆၀ ရက်နေ့ထုတ် 'လိုက်'[၁] မဂ္ဂဇင်းမှာ၊ မယ်တော် တီယီဟာ၊ ဘာသာဟောင်းကို ကြည်ညိုသူ ဖြစ်တယ်။ အစ်ခနတွန်ရဲ့ မိဖုရားကြီး နီဖါတီတီ ကသာ ဘာသာသစ်ကို ထောက်ခံတယ်။

မယ် တော် တီ ယီ ဟာ၊ သားတော်ရဲ့ နေပြည်တော်သစ်ဖြစ်တဲ့ အမားနဲ့ားမြို့တော်ကိုလိုက်သွားပြီးတဲ့နောက်၊ များမကြာမီ၊ ချွေးမတော် နီဖါတီတီ နယ်နှင်ခံရရှာတယ်။

အစ်ခနတွန်ဟာ၊ သူရဲ့ သို့းတော်တပါးကိုပဲ၊ တောင်ညာတင်ပြီး ခပ်စေနေနှ်းစံတော်မူတယ်။ အဲဒီ အချိန်ကစပြီး၊ အစ်ခနတွန်ဟာ ဘာသာ ဟောင်းကို အတိုက်အခံဆက်ပြီး မလုပ်တော့ဘူး။

ဒီအချက်အတွက်၊ တိုက်ရိုက် သက်သေ အ ထောက် အ ထား မဟုတ်သော်လဲ၊ သွယ်ဝိုက်တဲ့ အထောက်အထား ခိုင်ခိုင်လုံလုံ ရှိတယ် ရယ်လို့ ဖော်ပြထားပါတယ်။ သမိုင်း လောကမှာ၊ ဒီ အ ချက် ဟာ အရေးကြီးတဲ့ အချက်တချက် ဖြစ်တဲ့အတိုင်း၊ ဒုတိယနှိပ်ခြင်း အထိ ဆိုင်းငံ့ခနေတော့ပဲ၊ စက်တင်ပုံနှိပ်ရင်း မှီရာနေရာမှာပဲ အခုလို ဖော်ပြ လိုက်ရခြင်းဖြစ်ပါတယ်။

နု
၂၄-၉-၆၀

---

၁။ လိုက် မဂ္ဂဇင်း = Life Magazine – Ancient Egypt, Part IV. (Tom Prideaux)

# အမှားပြင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၄ | ၉ | ရှေးခရီးတေးရှပ်-ယုဂ် | နှောင်းခရီးတေးရှပ်-ယုဂ် |
| ၁၄ | ၁၀ | နှောင်းခရီးတေးရှပ်-ယုဂ် | ရှေးခရီးတေးရှပ်-ယုဂ် |
| ၂၀ | ၁၀ | သိပ္ပံလော | သိပ္ပံလောက |
| ၃၂ | ၂ | မြောက်ဝံ | မျောက်ဝံ |
| ၄၉ | အောက်ခြေမှတ်စု | ဗွယ်စုံ-နှာ ၂၄ | ဗွယ်စုံ-နှာ ၂၀၄ |
| ၅၂ | မျက်နှာ ထိပ်စည်း | အခြေခံရုပ်စုံသမိုင်း | ရုပ်စုံအခြေခံသမိုင်း |
| ၅၄ | ။ | ။ | ။ |
| ၅၀ | ။ | ။ | ။ |
| ၆၃ | အောက်ခြေမှတ်စု | ဗွယ်စုံ-နှာ ၂၀၄ | ဗွယ်စုံ-နှာ ၂၁၄ |
| ၀၁ | မျက်နှာထိပ်စည်း | ကမ္ဘာ နဲ့သတ္တဝါအစ | ကျောက်ခေတ် |
| ၀၅ | ။ | ။ | ။ |
| ၀၉ | ။ | ။ | ။ |
| ၉၃ | ။ | ။ | ။ |
| ၁၁၉ | ၁၀ | မင်းခြောက်ပါးထိ | မင်းခြောက်ပါးတဲ |
| ၁၂၂ | ပုံစာ | လက်မျှား | လက်ဖျားမိုင်း |
| ၁၄၉ | ပုံအမှတ် | ၆၅ | ၆၅ (က) |
| ၁၅၃ | ပုံစာ | တံခိုး | တန်ခိုး |
| ၁၅၉ | ပုံစာ | တ-တုမိုး | တ-တုမို့ |
| ၂၀၄ | ၂၂ | အင်ပိုင်ယာနဲ့ | အင်ပိုင်ယာရဲ့ |
| ၂၀၆ | ပုံစာ | တောပံ | တောင်ပံ |
| ၂၂၉ | ။ | မက်ဂစ်ဒိုး | မယ်ဂစ်ဒိုး |
| ၂၃၁ | ။ | ။ | ။ |
| ၂၃၀ | အောက်ခြေမှတ်စု | ဗွယ်စုံ-နှာ ၂၁၂ | ဗွယ်စုံ-နှာ ၂၀၂ |
| ၂၄၁ | ၁၁ | ဘောဘီလွှန် | ဘက်ဘီလွှန် |
| ၂၄၇ | ၁၂ | ဘုရင်အောဟက် | ဘုရင်-အေးဟက် |
| ၂၆၀ | အောက်ဆုံး | ရတဲ့ရှိ | ရှိတဲ့ |
| ၂၆၂ | အောက်ခြေမှတ်စု | ဗွယ်စုံ-နှာ ၃၅၄ | ဗွယ်စုံ-နှာ ၃၇၄ |
| ၂၉၄ | ။ | စားကျက်ဟောင်း | စားကျက်ကောင်း |
| ၃၀၇ | ၁၀ | ဒိုကုလား | ဒိုကုလားအုပ် |
| ၃၁၀ | ၇ | ဘာသာလိုလဲ | ဘာသာကိုလဲ |
| ၃၂၃ | ၁၅ | အရှေ့အပိုင်း | အရှေ့ပိုင်း |
| ၃၃၄ | ၁၁ | Introduction to Science | Introducing Science |

(ရုပ်ပုံ၊မြေပုံပါရှိတဲ့ **စာမျက်နှာကို** စာလုံးမဲနဲ့ ဖေါ်ပြထားပါတယ်။ မျက် = မျက်နှာစာပုံ)

## က


ကတီစာချုပ် (အောဘရာဟမ် - ရှု)
ကမ္ဘာဖြစ်ပေါ်လာပုံ၊ဘုရားဟောအရ ၆၃၊၆၄
ကမ္ဘာဖြစ်ပေါ်လာပုံ၊ သိပ္ပံပညာအရ မျက်၊ ၂-၅၊ ၆၊၇၊ ၈
ကမ္ဘာ၊ မီး/ရေ/လေ ဖျက် ၇၀၊ ၇၁
ကမ္ဘာမြေကြီးရဲ့သက်တမ်း ၆၉၊ ၇၉
ကမ္ဘာ့အနီးအရှေ့ပိုင်း (အီဂျစ်၊အနောက်အာရှ) ၁၁၁
ကမ္ဘာ့အဝေးအရှေ့ပိုင်း ၁၁၁
ကမ္ဘာ့အံ့ဘွယ်၊ခုနစ်ရပ် (မိုးပျံဥယျာဉ် - ရှု)
ကရိကျွန်း ၁၀၄၊ ၁၁၅၊၂၆၅၊၂၇၇
ကရီးဆပ် ၃၀၇၊ ၃၀၈
ကရိ-မဂ္ဂနွန်၊ ဂူ၊ လူ ၈၇
ကလောင်တံ၊ရေးခေတ်ဟောင်း ၁၂၉
ကာနက် ကျောင်းတိုက်ကြီး ၁၂၈၊ ၁၄၂၊ ၁၄၃၊ ၁၅၁
ကာဗွန်နီယုဂ် (ပဌမ- ကျောက်လွှာငယ်) သက်ဦး ၁၂၊၁၅
ကာရစ်ဘဒစ် ၂၆၈-
ကာသေ့ ၂၇၀
ကီဒင်းန ၂၂၆၊ ၂၂၇၊ ၃၁၈
ကုလားအုပ် ၃၀၇
ကူနီအပ် ၁၇၇
ကူနီအီဖေါင်ရေးနည်း ၁၇၇၊ ၁၈၆၊ ၁၉၅၊ ၂၇၉
ကေးနန်း ၁၇၃
ကေးနန်းနိုက်လူမျိုး ၁၇၂၊ ၂၃၀-၂၃၄၊၂၄၄၊၂၆၃
ကယ်ဒီးယား (ကယ်ဒီးယန် အင်ပိုင်ယာ) (ဒု-ဘက်ဘီလိုးနီးယန်အင်ပိုင်ယာ) ၁၆၉၊ ၁၇၀၊ ၁၇၃၊ ၂၀၂၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၅၊ ၂၄၀၊ ၃၀၆
ကယ်ဒီးယန်လူမျိုး ၂၂၆၊ ၂၂၇
ကိုးပိုနီ၊ ဗီနစ်ရှန် ၂၆၆
ကက်ဆိုက် ၁၉၃၊ ၁၉၅
ကက်ပဒိုးရှီးယား ၃၁၄
ကင်နီဗိုးအစ် (သက်နှောင်း) ကပ်/ ကျောက်လွှာကြီး ၁၂၊ ၁၄၊ ၂၃-၂၅၊ ၃၇၊ ၃၉၊ ၄၁၊ ၄၂
ကန်ရွာ၊ နှောင်းကျောက်ခေတ် ၁၀၅
ကပ် ၁၅
ကပ်ဆာနိုင်ငံ ၂၈၉
ကမ်ဗရီယန်ယုဂ် (ပ-ကျောက်လွှာငယ်) သက်ဦး ၁၃၊၁၅
ကမ်ဘိုင်ဆီးဘုရင် ၃၁၀၊ ၃၁၁
ကျောရိုးရှိသတ္တဝါ ၁၈
ကျောက်လွှာ ၁၀
ကျောက်ခေတ်၊ နှောင်း (နီယိုလစ်သစ်ခေတ် - ရှု)
ကျောက်ခေတ်၊ ရှေး (ပါလေအိုလစ်သစ်ခေတ် - ရှု)
ကျောက်ခေတ်၊ အလယ် (ပါလေအိုလစ်သစ်ခေတ် - ရှု)
ကျောက်ဂူကြီး (ပစ်ရမစ - ရှု)
ကျောက်စာ၊ဘေဟစ္စတွန် ၃၂၈၊၃၂၉
ကျောက်စာ၊ ရိုဇက်တာ ၁၃၆၊ ၁၃၇

ကျောက်တူး မြောင်း ၂၀၇၊ ၂၁၂၊
၂၂၀၊
ကျောက်တိုင်၊ မော်ကွန်း/
ကလီယိုပါထရား ၁၅၂၊ ၁၅၃၊
၁၅၅၊ ၁၅၇
ကျောက်တုရိုင် (စတုန်းဟင့်-ရှု)
ကျောက်နွားရုပ်၊ အဆီးရီးယန် ၂၀၆
ကျောက်ပစ္စည်း၊ လက်လုပ် ၄၃၊ ၈၀၊
၈၉၊ ၁၇၅
ကျောက်ပေါက်ဆိန် ၄၀၊ ၈၀၊ ၉၆၊
၁၀၄၊၁၁၂၊၁၁၃
ကျောက်ဖြစ်ရုပ်ကြွင်း ၉၊ ၂၉
ကျောက်ဖြစ်ရုပ်ကြွင်းဗေဒ
(ပါလီအွန်တော်လောဂျီ- ရှု)
ခကျောက်၊ ဗဟန်း
(အိုင်ယန်-ဗီရိုင်တီး-ရှု)
ကျောက်မိသုကာအတတ်၁၃၄၊၁၃၈-
၁၄၂၊၁၄၃-၁၄၆၊၁၆၈
ကျောက်မီးသွေးဖြစ်ဘိုသစ်တော ၂၀၊
၂၄
ကျောက်လက်နက် ၄၃၊ ၈၉
ကျောက်လွှာ ၇၊ ၉၊ ၁၀၊ ၄၂၊ ၄၇၊
၆၀၊ ၆၉
ကျောက်လွှာစမ်းသပ်နည်း ၁၁
ကျောက်သံဒိုက်
(အိုင်ယန်-ဗီရိုင်တီး-ရှု)
ကျောက်၊ အနည်ကျ ၁၁
ကြေးညို ၁၉၂
ကြေးနီ ၁၀၂၊ ၁၀၃၊ ချိတ် ၁၀၁၊
၁၃၅၊ ၁၆၀၊ ၁၇၅၊ ၁၀၅
ကြယ် ၃၊၅၊၆၀၊၆၁၊၆၆၊၇၄၊၂၂၆
ကြယ်စုံတဲ့ ၄၊ ၆
ကြယ်အုပ်စုကြီး ၆၅၊ ၇၇
ကြက် ၃၁၆
ကုန်ချင်းလဲလှယ်တဲ့စနစ် ၁၀၉၊ ၁၁၄
ကုန်းမြင့်ဒေသ ၂၇၇၊
ယဉ်ကျေးမှု ၂၉၂
ကွန်ဖြူးဇီယပ် (ကွန်ဖြူးဇီ)၃၀၄

## ခ

ခဗရာ (ခဗရင်) ဘုရင် ၁၃၄
ခရီးတေးရှပ်-ယုဂ်၊ နှောင်း (စ-ကျောက်လွှာငယ်) သက်လယ် ၁၂၊၁၄၊၁၅
ခရီးတေးရှပ်-ယုဂ်၊ရှေး (တ-ကျောက်လွှာငယ်) သက်လယ် ၁၂၊၁၄
ခရစ်တော် ၁၀၉၊၁၁၁၊၁၁၂၊၂၅၆
ခေတ် ၁၅
ခေတ်၊ သတ္တု၊ ၁၀၂
ခူးဖူးဘုရင် ၁၄၀၊ ၁၄၄
ခိုဒါအရှင် ၂၅၆
ချင်းပန်ဇီး ၂၀
ချိပ်တံဆိပ်၊ ဆူမားရီးယန်
၁၀၃၊ ၁၀၅၊ ၁၉၆
ခြေသလုံးအိမ်တိုင်သမား
၁၀၉၊ ၁၆၉၊ ၁၇၁၊ ၂၉၅

## ဂ

ဂရိလူမျိုး ၃၁၃၊ ၃၂၀
ဂရိမောလဒိဂ္ဂ ၀၇၊ ၀၀
ဂရဲမီးတေးရှင်း (ဒြမ်ဆွဲအား) အာကမုနသတ္တိ ၅၊၅၂-၅၄၊ ၅၆၊၆၁၊၆၃
ဂီဇာ ၁၂၀၊၁၃၄၊၁၃၀
ဂေါတမမြတ်စွာဘုရား ၃၀၄

ဂိရိုးလ ၂၈၊၄၄
ဂျရူးဆလမ် ၂၂၈၊ ၂၂၉၊ ၂၃၆-
၂၃၉၊၂၄၁၊၂၄၉၊၂၅၄၊၂၅၅
ဂျာရီမိုးယ ၂၄၉
ဂျိဩလောဂျိ (ဘူမိဗေဒ) ၉၊၂၆၊၄၀၊
၄၇၊၄၉၊၆၉
ဂျိဟိုဗား (ယာဝေး-ရှု)
ဂျိအင်း၊ ဆာ၊ ဂျိမ်း ၂၊၃၊၅၀
ဂျူပီတာဂြိုဟ် မျက်၊ ၇
ဂျူပီတာနတ် ၂၂၅
ဂျူးဒါး ၂၂၉၊၂၃၉၊၂၄၁၊၂၅၁
ဂျူးဒါးအဖွင်း ၂၅၁၊၂၅၆
ဂျူးလူမျိုး ၂၅၁၊၂၅၃-၂၅၅
ဂျိုးဇက် ၂၃၀၊ ၂၃၂
ဂျိန်း (ဂျိုင်း) အယူဝါဒ ၃၀၄
ဂြိုဟ် မျက်၊ ၃၊၆၆၊၇၄၊၂၂၆၊၂၂၇
ဂြိုဟ်ကြီး မျက်၊ ၇
ဂြိုဟ်ငယ် မျက်၊ ၇
ဂြိုဟ်၊ မူလ ၅၊ ၈
ဂြိုဟ်သိမ်ဂြိုဟ်မွှား မျက်
ဂြိုဟ်၊ အရံ မျက်၊ ၇
ဂြိုဟ်အဖွဲ့ မျက်၊ ၆၅
ဋ္ဌန်နာသန် ၂၃၆

င

ငါး ၁၈၊၁၉၊၃၀
ငါးခေတ် ၁၉၊၂၃
ငိုကြွေးရာနံရံ ၂၃၈
ငွေ ၁၉၉၊ ၂၂၀
ငွေဒင်္ဂါး (ပါရှန်) ၃၁၇
ငှက်၊ ရှေး အကျဆုံး ၂၂၊ ၃၃

စ

စကျူ (ပဝိုင်းရပ်—ရှု)
စကြာဝဠာ မျက်၊ ၇၇၊ အနန္တ၊ ၅၆၊
၆၄၊ ၇၄၊ ၇၇
စတယ်ဒီ-စတိတ်-သီအိုရီ ၇၃၊ ၃၅၀
စတိုင်လပ် (ကညစ်) ၁၇၇၊ ၁၉၅
စတုန်းဟင့် (ကျောက်တုရိုင်) ၁၀၇၊
၁၀၈
စနေ ဥပုသ် ၂၅၄
စဖင့် ၁၃၄၊ ၁၅၃
စမစ်၊ ဝါသင်တန် ၈၂
စာကြည့်ခန်း၊ ရှေးခေတ်အီဂျစ် ၁၄၈
စာတိုက်စနစ် ၂၀၈၊ ၂၂၀
စာသင်ကျောင်း၊ လက်ဦး ဘက်ဘီလိုး
နီးယန်ခေတ် ၁၉၃၊ ၁၉၄
စီတီ၊ ပထမမြောက် ၁၆၄
စီလီဗျား ၁၇၃၊ ၁၉၈၊ ၂၀၂
စီအက်ဆီးရီး ၂၁၉
စူပါဒင့်-သီအိုရီ ၇၄၊ ၇၅
စွပ်ပီလူးယူမား ၂၉၀၊ ၂၉၁

ဆ

ဆနက်အာရစ် ၂၀၅၊ ၂၀၆၊ ၂၁၇၊
၂၄၁
ဆမားရီးယား ၂၂၉
ဆမ္ဗိုက်လူမျိုး ၁၆၉၊ ၁၇၀၊ ၁၇၁၊
၁၇၄၊၂၃၀၊၂၆၁၊၂၆၃၊၂၇၂၊
၃၁၀၊ ဘာသာစကား ၁၈၆၊
အနုပညာ ၁၇၁၊ ၁၈၈၊
ဆာဂွန် ၁၈၅၊၁၉၈၊ မြေး ၁၈၈
ဆာဂွန်၊ ဒုတိယမြောက် ၂၀၄၊ ၂၀၈
၂၁၇၊၂၄၁၊၂၉၃
ဆာဒစ်မြို့ ၃၀၇၊၃၁၅

ဆီဒွန်မြို့ ၂၀၂၊၂၆၃
ဆံဘက် (မိကျောင်း) နတ် ၁၁၈
ဆီးရီးယား ၁၂၈၊၁၃၅၊၁၅၀၊၁၆၂၊ ၁၆၄၊ ၁၇၃၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၂၉၊၂၅၈–၂၆၃
ဆီးလား ၂၆၈
ဆူမား ၁၇၃၊၁၇၄၊၁၈၅၊၂၀၂
ဆူမား နဲ့ အက်ကက် ၁၇၃၊ ၁၈၇၊ ၁၉၃၊၂၀၂
ဆူမာရီးယန်လူမျိုး ၁၇၄၊ ၁၇၅၊ ၁၉၈၊ ၂၇၃၊ ဝတ်ကျောင်း ၁၇၇၊ ပြက္ခဒိန် ၁၇၈၊ မင်းသားရူ ၁၇၉၊ ၁၈၄၊ အနုပညာ ၁၈၀၊ ၁၈၁၊ မြို့နေရာဟောင်း (တောင်ပူစာ) ၁၇၅၊ ၁၈၂၊တံဆိပ်တုံး ၁၈၃၊၁၈၅၊ စစ်ခမောက် ၁၈၀၊ ၁၈၇၊ နတ် ၁၉၂
ဆူးဆာမြို့ ၃၁၄၊ ၃၁၅၊ကျောက်တိုင် ထိပ်ဖူး ၃၁၆၊ ၃၁၉
ဆေနဲ့ဆရက်၊တတိယမြောက် ၁၄၁၊ ၁၄၇
ဆေးပညာ၊ အီဂျစ် ၃၁၈
ဆော်လမွန် ၂၃၇၊ဘုရားဝတ်ကျောင်း ၂၃၈၊ ၂၃၉
ဆော်လူးတေး ၉၀
ဆောဘုရင် ၂၃၅၊ ၂၃၆
ဆော့စဘာရီလွင်ပြင် (ကျောက်တုရိုင်၊ စဟုန်းဟင့်-ရှု)
ဆင့်ကဲဖြစ်လာခြင်း (အီဗေါလျူးရှင်း-ရှု)
ဆည်မြောင်းဌာန ၁၂၅၊လုပ်ငန်း၁၈၀
ဆိုလွန် ၃၀၈၊၃၀၉
ဆက်တန်ဂြိုဟ် မျက်၊ ၇
ဆက်ထရက် ၃၁၅
ဆစ်လူရီယန်ယုဂ် (တ-ကျောက်လွှာငယ်) } သက်ဦး ၁၃၊၁၅
ဆိုင်နိုင်ကျွန်းဆွယ်၊အီဂျစ် ၁၀၂၊၁၂၈
ဆိုင်းရပ်ဘုရင် ၃၀၄၊ ၃၀၅၊ ၃၀၇၊ ၃၀၉၊ ၃၁၉၊ ၃၂၃၊ ၃၂၆၊ ကျောက်ရု ၃၁၀
ဆစ်သီယန်လူမျိုး ၃၁၁
ဆမ်း၊ ကဗျာ ၂၅၁


## ဇ


ဇာဂရော့တောင် ၂၈၇
ဇိုရိုအက်စတာ ၂၉၉၊ ၃၀၄၊ ၃၂၆၊ ကျောက်ရု ၃၀၀၊
ဇိုးဆာဘုရင် ၁၃၉၊၁၄၃
ဇက်ဒီကီးယားဘုရင် ၂၄၁
ဇပ်ဆီးဘုရင် ၃၁၄၊၃၁၉၊၃၂၁


## တ


တမန်တော်တွေ (ဟီးဘရူး-ရှု)
တမြို့တနိုင်ငံ၁၇၈၊၁၈၄၊၁၉၈၊၂၀၀
တာရှရီယုဂ် (ပ-ဒု-တ-စ ကျောက်လွှာငယ်) } သက်နှောင်း ၁၄
တားရီးယားတိုက်ပွဲ ၃၀၇
တီကောင် ၁၆
တီယီဘုရင်မ ၁၆၂၊ ၃၅၁
တုမို့၊ပထမမြောက် ၁၅၅
တုမို့၊တတိယမြောက် ၁၅၇၊၁၅၉
တူးတင်ခမွန် (တူးတင်ခတွန်) ၁၄၅၊ ၁၅၃၊ ၁၅၄၊ ၁၆၂၊ ၁၆၃၊၁၆၅၊ ၂၉၁
တယ်လီစကုပ် ၄၉
တောရပ်တောင် ၃၁၅

တောလဲမိ-ပဥ္စမမြောက် ၁၃၇
တော်ရစ်ဗိုးနီးယန်ယုဂ် (ဒု- ကျောက်လွှာငယ်) } သက်စ ၁၃၊၁၅
တိုင်ရာမြို့ ၂၀၂၊၂၆၃၊၂၆၄
တွားသွားကောင် ၁၆၊၂၁၊၂၆၊၃၀၊ ၃၁
တန်းနီးငါး ၂၆၄၊၂၆၅

ထ

ထရိနို (ဂျာဗာ) ၃၄
ထရိုင်ယဆစ်ယုဂ် (ပ-ကျောက်ယွှာငယ်) } သက်လယ် ၁၂၊၁၄
ထရိုင်လိုဘိုက်-ရေသတ္တဝါ ၉၊၁၈၊၁၉

ဒ

ဒမက်စကပ်မြို့ ၁၇၃၊ ၂၀၁၊ ၂၀၂၊ ၂၀၄၊၂၅၈၊၂၆၂
ဒရိုင်းယပ်ဘုရင် ၃၁၁၊ ၃၁၉၊ ၃၂၀၊ ၃၂၃၊ ၃၂၆
ဒရိုင်းယပ်၊ တတိယမြောက် ၃၂၄
ဒရှုးအစ်ရသေ့၊ အင်္ဂလန် ၁၀၇
ဒါဒင်နယ်ရေလာက်ကြား ၃၂၁
ဒါဝင်၊ချား ၉၊၁၀
ဒီဗိုနီယန်ယုဂ် (စ-ကျောက်လွှာငယ်) } သက်ဦး ၁၂၊၁၅
ဒီရေ ၃
ဒူး-ရှာရူးကင်းမြို့ ၁၇၃၊ ၂၀၄၊ ၂၀၅
ဒေးဗစ်ဘုရင် ၂၃၅၊၂၃၆၊၂၃၈
ဒေါ်ဆင်၊ ချား ၃၆
ဒေါ်ဒွန်းယယ်၊ ပြင်သစ်နိုင်ငံ ၈၇
ဒိုင်နိုဆော ၂၂၊ ၂၉၊ ၃၁
ဒပ်ဆဲယ်ဒေါ့၊ ဂျာမဏီ ၈၁
ဒြဗ် ၂၇၊၅၇
ဒြဗ်ဆွဲအား (ဂရဲဗီတေးရှင်း-ရှု)

ဓ

ဓါတ်ငွေ့၊ အာကာသ ၅၊၆၊၈
ဓမ္မသစ်ကျမ်း ၂၅၆
ဓမ္မဟောင်းကျမ်း ၂၅၆

န

နဘိုပေါ်လက်ဆာ ၂၁၉
နဘော့ ၂၄၇
နဘူးရိမ်းနဲ့ ၂၂၆၊၂၂၇၊၃၁၈
နယူတန် ၅၂၊၅၃၊၅၅၊၅၈၊၅၉၊ ၆၁၊၆၂
နိခိဘက် (ငွင်းတ) နတ်သမီး ၁၁၉
နီယိုလစ်သစ်ခေတ် (နှောင်း ကျောက်ခေတ်) ၄၅၊ ၈၀၊၉၄၊၉၆၊၁၁၁၊ ၁၁၃၊ လယ်ယာစိုက် ၉၇၊ တံစဉ် ၁၀၀၊ ပစ္စည်း ၁၀၃-၁၀၅၊ဂူ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉
နီအန်ဒါသယ်- လူ (ဟိုမို-နီအန်ဒါ- သယ်လင်စစ်-ရှု)
နေ မျက်၊ ၃၊၅၊၆၊၅၈၊၂၂၆၊၂၂၇
နေကြွတ် ၆၀
နို့တိုက်သတ္တဝါ ၂၂၊၂၃၊ ၂၉၊ ၃၇၊ ၃၉၊ ၄၁
နက္ခတ်ပညာရှင် (အက်းထရွန်နောမာ-ရှု)
နက္ခတ္တဗေဒ (အက်စထရွန်နောမီ-ရှု)
နက်ပကျွန်း မျက်၊ ၇၊ ၅၄
နက်ဘူကက်နက်ဇာ ၂၂၂-၂၂၄၊၂၄၁
နယ်စားခေတ်၊အီဂျစ် ၁၄၆
နယ်ချဲ့ခေတ်၊ အီဂျစ် ၁၅၁

နင်းအိမ်မြို့ ၁၇၃၊၂၀၂၊၂၀၄၊၂၀၇၊ ၂၀၈၊၂၁၀၊ ၂၁၅၊ ၂၁၉၊ ၂၂၁၊ ၂၅၂
နျူးဘီးယား ၁၂၈၊၁၅၅၊၁၆၅
နွား၊ အောရော့ ၃၀
နှစ်၊ အလင်းရောင် ၄၊၆၄

ပ

ပဆားဂဒီးမြို့ ၃၁၀၊ ၃၁၂၊ ၃၁၄၊ ၃၁၉၊ ၃၂၄
ပညတ်တော် ၁၀ ပါး ၂၄၃၊၂၄၄
ပဝိုင်းရပ် (ပေပါး) (စတူး) ၁၂၉၊ ၁၃၂၊၁၄၁
ပရိုတာအိုဗိုအစ် (သက်စ) ကပ် / ကျောက်လွှာကြီး ၁၁၊၁၃၊၁၅၊၁၈
ပလိုမာ-မောင့် ၅၉၊၆၁၊၆၄
ပလိုင်စတိုဆင်းယုဂ် (ပ-ကျောက်လွှာငယ်) } သက်နှောင်း ၁၂၊၁၄၊၂၃၊၃၇၊၃၉၊၄၂
ပလိုင်အိုဆင်းယုဂ် (စ-ကျောက်လွှာငယ်) } သက်နှောင်း ၁၂၊၁၄၊၂၃၊၄၁၊၄၂
ပါစီလူမျိုး ၃၂၆
ပါဆက်ပိုလစ်မြို့ ၃၁၉၊၃၂၀၊၃၂၂
ပါတေးစီ ၁၇၁၊၁၇၉၊၁၈၀
ပါမီယန်ယုဂ် (ဆ-ကျောက်လွှာငယ်) } သက်ဦး ၁၂၊၁၅
ပါရှား ၁၇၃၊ ၂၆၃၊ ၂၇၀၊ ၂၇၆၊ ယဉ်ကျေးမှု ၂၉၂၊ အင်ပိုင်ယာ ၃၀၃-၃၃၀၊ ၃၁၂
ပါရှန်လူမျိုး ၁၇၈၊ ၂၁၆၊ ၂၄၁၊ ၂၅၁၊၂၆၁၊ ၃၀၃၊ စစ်သည်ဘော် ၃၀၆၊ ဘုရင် ၃၀၅၊၃၁၁၊အုပ်ချုပ်ရေး ၃၁၄၊ ၃၂၇၊ ကူးသန်းရောင်း ဝယ်ရေး၃၁၅၊ရေတပ်မတော် ၃၁၈၊ ဝတ်ကျောင်း ၃၂၄၊ ဇာတိမာန် ၃၂၄၊၃၂၅၊ မင်းညီမင်းသား၃၂၅၊ အမှုထမ်း၃၂၅၊ပိုလို၃၂၆၊ ဘာသာရေး သဘောထား ၃၂၇
ပါလေအိုအွန်တော်လောဂျီ (ကျောက်ဖြစ်ရုပ်ကြွင်းဒေဗ) ၇၊၃၈၊၄၇၊၄၉
ပါလေအိုဇိုးအစ် (သက်ဦး) ကပ် / ကျောက်လွှာကြီး ၁၂၊၁၅၊၁၇၊၁၈
ပါလေအိုလစ်သစ်ခေတ် (ရှေးကျောက်ခေတ်) ၄၅၊ ကျောက်ပေါက်ဆိန် ၈၀၊ လူ ၈၁-၈၄၊ ၈၆ (အလယ်ကျောက်ခေတ်)၄၅၊၈၆-၉၄၊ လူ ၈၇၊ ကျောက်ကရိယာတန်ဆာ ၈၉၊လှံထဲ့ပစ်ကရိယာ၉၁၊ အမဲလိုက် ၉၂၊ ၉၃၊ ပန်းချီ ၉၁၊ ၉၃၊ ၉၄
ပါးသီးယား ၃၁၂၊ ၃၁၄
ပိသီကန်သရိုပတ်-အီရက်တတ် (လူမကျ မျောက်မကသတ္တဝါ) ၃၄၊ ၄၈၊ ၈၁၊ ၈၂၊၈၅၊ ၈၆၊ ၉၄
ပယ်လက်စတိုင် ၁၂၈၊ ၁၅၈၊ ၁၇၂၊ ၁၇၃၊၂၀၁၊၂၀၃၊ ၂၂၈-၂၅၇၊ ၂၆၁၊၂၇၃
ပက်ပီ၊ဒုတိယမြောက် ၁၄၄
ပင်လယ် ၁၀၊၁၁
ပင်လယ်ငှက်မွေးကောင် ၁၈၊၁၉၊၂၁
ပစ်ရမစ်ခေတ် ၁၃၈-၁၄၆
ပစ်ရမစ်၊ ပထမဆုံး ၁၃၈၊၁၄၁
ပစ်ရမစ်၊ မဟာ ၁၃၄၊ ၁၃၅၊ ၁၄၄
ပစ်လဒေါင်း၊ အင်္ဂလန် ၃၄
ပန်ဂျပ် ၃၁၃

ပြကွဒိန်၊ အိဂျစ် ၁၂၇၊၁၂၉၊၁၆၇
ပြကွဒိန်၊ ဆူမားရီးယန် ၁၇၈၊၁၉၅
ပွမ်ပီ ၂၅၅

ဖ

ဖယ်လန့်ခြေလျင်တပ် ၁၇၁၊ ၁၈၀
ဖိနစ်ရှား ၁၇၃၊ ၂၀၁၊ ၂၀၃၊ ၂၆၃-၂၇၁
ဖိနစ်ရှန်လူမျိုး ၁၇၂၊ ၂၂၈၊ ၂၆၂၊ ၂၇၃၊၃၁၉၊ ကုန်သည်သင်္ဘောတစု ၂၆၃၊ကိုလိုနီ၂၆၆၊အကွရာ ၂၆၆၊ ၂၆၈၊ စပ်လျှေကြီး ၂၆၇
ဖိလစ်စတီးယား ၂၂၉
ဖိလစ်စတင်း ၂၂၉၊၂၃၅၊၂၃၆
ဖေးရိုး ၁၂၁၊ ၁၂၂၊ ၁၂၄၊ ၁၄၆၊ ၁၄၇၊၁၅၀၊၁၅၂၊၂၃၀

ဗ

ဗဟန်းရွှေဝါ (ကျောက်သံဒိုက်) (အိုင်ယန်-ဗိရိုင်တီး-ရှု)
ဗာလကန် ၅၆
ဗီးနပ်ဂြိုဟ် မျက်၊ ၇
ဗီးနပ် နတ်သမီး ၂၂၅
ဗူးမားရင်း ၁၀၁၊ ၁၀၃

ဘ

ဘရက်ကီယာပေါ့ရေသတ္တဝါ၁၈၊၂၀
ဘရက်စတက်၊ သမိုင်းဆရာကြီး ၉၈၊ ၁၀၂၊၁၀၃၊၁၃၂
ဘရိုးကင်းဟီ၊ ရှိဒီးရှီးယား၊ တောင်အာဖရိက ၈၈
ဘုရင့်မျက်စိ ၃၁၅
ဘူမိဗေဒ (ဂျီဩလောဂျီ-ရှု)
ဘိုဂက်ကုအီ (ဟက်တူးရှား-ရှု)
ဘေဟာစွတွန်ကျောက်စာ ၃၂၈၊၂၃၉
ဘေးအယ် (မြေဩဇာ) နတ်မင်းကြီး ၂၄၄၊၂၆၇
ဘက်(ကြောင်နက်)နတ် ၁၁၈
ဘက်ဘီလိုးနီးယန်အင်ပိုင်ယာ (လက်ဦး ဘက်ဘီလိုး နီးယား) ၁၆၉၊ ၁၇၀၊ ၁၇၃၊ ၂၃၁၊ မြို့တော် ၁၈၉၊၂၀၂၊ ၂၄၁၊ လွင်ပြင် ၁၉၀၊ ၁၉၇၊ ကျောင်း အဆောက် အဦ ၁၉၄၊ ပြိုကွဲပျက်စီး ၁၉၃၊ ၁၉၅၊ ၁၉၈၊ ၂၀၃၊ သူပုန်ထ ၂၀၅၊ ၂၀၆ ဘက်ဘီလိုးနီးယန် အင်ပိုင်ယာ-ဒု (ကယ်ဒီးယန် အင်ပိုင်ယာ-ရှု)
ဘဂ္ဂဒက်မြို့(အက်ရှနူးနာ-ရှု)
ဘိုင်ဘယ် (သမ္မာကျမ်း) ၂၅၂၊၂၅၅၊ ၂၅၆
ဘင်ဂျမင် ၂၃၂
ဘစ်ဘလော့မြို့ ၂၀၂၊ ၂၆၃

မ

မနုဿဗေဒ (အန်သရိုပေါ်လောဂျီ-ရှု)
မာကျူရီဂြိုဟ် မျက်၊၇၊ ၅၅၊၅၆၊ ၅၈-၆၀
မာဆီ၊ ပထမမြောက် ၂၉၀
မာဒပ်နတ်မင်းကြီး ၁၉၀၊၁၉၁၊ ၁၉၂၊ ၂၂၅
မာရသွန်တိုက်ပွဲ ၃၁၃
မားဂြိုဟ် မျက်၊ ၇
မိတန်းနီနိုင်ငံ ၁၇၃၊၂၀၀၊၂၀၂၊ ၂၇၅၊ ၂၉၇

မိုးကိုပူဇော်သူတွေ ၂၉၆၊၃၀၁၊ ၃၀၂
မိုးကိုသုံးတတ်လာ ၈၃
မိုးတောင် ၁၁
မိုးဒိုးယား ၁၇၃၊၂၀၂၊၂၇၆
မိုးဒိုးယာန်အင်ပိုင်ယာ ၂၉၇၊ ၂၉၈-၃၀၂
မိုးဒိုးလူမျိုး ၂၁၆၊၂၁၉၊၂၂၂၊၂၉၇
မိုးနီးဘုရင် ၁၃၃
မဲဂျိုင် ၃၀၁
မော်လပ်စက သတ္တဂါ ၁၈၊ ၂၀
မိုနိုသီအဖွင်း ၂၅၆
မိုဟန်ဂျို-ဒါရို ၄၈
မိုး၊ ကမ္ဘာအစ ၁၀၊ ၁၁
မိုးဇက် ၂၃၀၊၂၃၃၊၂၄၂၊၂၅၆
မိုးပျံဥယျာဉ် ၂၂၄၊၂၂၇
မယ်ဂစ်ဒိုး (အာမေဂက်ဒွန်) ၁၂၈၊ ၁၅၈၊၂၂၉၊၂၃၁
မက်စိုဇိုးအစ် (သက်လယ်) ကပ်/ ကျောက်လွှာကြီး ၁၂၊၁၄၊၂၁၊၂၂၊ ၂၉၊၃၁၊၃၃၊၃၅၊၄၂
မက်ဆိဒိုးနီးယား ၂၇၈၊၃၂၆
မက်ဆီနာ ရေလက်ကြား ၂၆၈
မက်ဆိုပိုတေးမီးယား ၃၀၃
မက်ဆိုင်းယား ၁၄၈၊၂၄၉
မက်-အင်နီ-ပက်ဒါး ၁၈၄
မင်တုန်းနဲ့၊ အီဘလီ ၈၇၊၈၈
မင်းဖစ် ၁၂၈၊၁၃၈
မိုင်ကရိုစကုပ် ၄၉
မိုင်အိုဆင်းယုဂ် (တ- ကျောက်လွှာငယ်) } သက်နှောင်း ၁၂၊ ၁၄၊၄၁
မမ်ထရားနတ် ၂၉၉
မဟ်ဗဒါ၊ အဟူးရာ ၂၉၉
မံမီ ၁၃၇၊၁၄၀
မမွတ်ဆင်ကြီး ၄၁၊၄၂၊၈၀၊၈၄၊၈၅
မျောက်ဝံ ၂၇၊၂၈၊၊၃၀၊၃၂၊၃၈၊၄၄
မျောက်ဝံလဲမက၊လူလဲမကျ ၂၆၊၂၇၊ ၃၂၊၃၈၊၃၉၊၄၁၊၄၃၊၁၀၃၊၁၁၂
မြင်း ၈၄၊၉၀၊ ၁၇၅၊ ၂၇၄၊၂၇၈
မြင်းတပ် ၂၁၁
မြင်းဆွဲရထား ၁၄၇၊ ၁၅၀၊ ၁၅၄၊ ၁၇၉၊၂၀၀၊၂၀၄၊ ၂၁၁
မွတ်စလင် ၁၇၈၊၂၅၆၊၃၂၆
မွေးမြူရေး၊တိရစ္ဆာန် ၉၅၊၉၆၊ ၉၈၊ ၉၉၊၁၁၀၊၁၁၄၊၁၇၆
မြွေဟောက်နတ် ၁၁၉၊ ၁၂၀

## ယ

ယဟူဒီ (ရေဝတီ-ရှု)
ယာဝေးနတ် ၂၃၇၊ ဝတ်ကျောင်း ၂၃၈၊၂၄၂၊၂၄၄၊၂၅၀၊၂၅၅
ယုဂ် ၁၄၊၁၅
ယူရဆစ်ယုဂ် (ဒု- ကျောက်လွှာငယ်) } သက်လယ် ၁၂၊၁၄၊၂၂
ယူရာနပ်ဂြိုဟ် မျက်၊၇၊၅၄
ယူရေးနီယမ် ၆၈

## ရ

ရက္ကန်း (နှောင်းကျောက်ခေတ်) ၉၆၊ ၁၁၁၊ ၁၁၄
ရီလေတစ်ဗစ်တီ-သာဘောတရား ၆၀
ရိုးဟိုးဘိုးအမ် ၂၃၉
ရေခဲခေတ် ၂၅၊၈၁၊၈၅၊၈၆၊၁၀၄
ရေတပိုင်း၊ ကုန်းတပိုင်းသတ္တဝါ ၂၀၊ ၂၆၊ ၃၀၊ ၃၁
ရေဒီယိုတယ်လီစကုတ်ကြီး ၆၁၊၆၅

ရေမှော်တဝက်၊သတ္တဝါတဝက် ၁၈၊၂၀၊၂၁
ရေဝတီ(ယဟူဒီ) ၁၇၈၊၂၃၈
ရေးနတ်(အမွန်ရေး) ၁၂၁၊ ၁၂၂၊ ၁၅၃၊၁၆၀
ရမ်ဆီး၊ဒုတိယမြောက် ၁၆၄၊ ၁၆၆၊ ၂၃၀
ရှေးဟောင်းသုတေသနဗေဒ (အာကီယောလောဂျီ-ရှု)
ရှံပိုလီအွန်၊ပြင်သစ်ပါမောက္ခ ၁၃၇
ရှိဟာ(သိုးထိန်းချီ) ၂၅၄
ရှိုင်းနားလွင်ပြင် ၁၇၀၊ ၁၇၃၊ ၁၉၀၊ ၂၀၂
ရွှေဒင်္ဂါး၊ ပါရှန် ၃၁၇
ရွှံ့ချပ်၊ ချက်လက်မှတ်အာမခံမျိုး ၁၉၉

လ

လ ၃၊၇၊၁၇၈၊၂၂၆၊၂၂၇
လခြမ်းဒေသ ၁၇၀၊ ၁၇၁၊ ၂၀၅၊ ၂၂၂၊၂၂၈
လဒိုဇီ ၃၀၄
လမ်း ၂၈၈၊၂၂၀
လမ်းမတော် ၃၁၂၊၃၁၅၊၃၂၆
လီဗားရီးယား ၅၄၊၅၆
လစ်ဒီးယား ၃၀၆၊ ဘုရင် ၃၀၇၊ ၃၀၈၊၃၁၇
လစ်ဘီးယား ၁၂၈၊ ၁၅၄
လူနီ(ဗီနစ်ရှန်-ရှု)
လူ့ဖြစ်ပေါ်လာပုံ၊ ဘုရားဟောအရ ၆၄၊၆၆၊၇၂-၇၄၊၇၇၊၇၉
လူဖြစ်ပေါ်လာပုံ၊သိပ္ပံပညာအရ ၇၊၉၊ ၂၇၊၂၈၊၃၀၊၃၂၊၃၄-၃၈၊၄၃၊ ၅၅၊၄၇၊၇၉
လူ့ပီကင်း ၈၈

လူမကျ၊မျောက်မက သတ္တဝါ (ပီသီကန်သရိုပဘ်-အီရက်တတ်-ရှု)
လူဝီးစီးယန်ယုဂ် (ပ-ကျောက်လွှာခေတ်) သက်စ ၁၃၊ ၁၅
လေ ၁၁
လေးဂက်မြို့ ၁၇၃၊ ၁၈၅
လှံထဲ့ပစ်ကိရိယာ ၉၀၊၉၁၊၁၁၃
လယ်ဘာနန်တောင် ၂၆၅
လယ်ယာစိုက်ပျိုးရေး၊ ကမ္ဘာဦးလူ ၉၄၊၉၆၊၉၇၊၉၉၊၁၁၄
လယ်ယာစိုက်ပျိုးရေး၊ အီဂျစ် ၁၂၃-၁၂၇၊၁၃၀၊၁၃၁၊၁၆၇
လယ်ယာ စိုက်ပျိုးရေး၊ ဆူမားရီးယန် ၁၇၆
လင်းယုန်ငှက်၊ ဆူမားရီးယန် ၁၈၁

ဝ

ဝါဠွမ်း ၂၀၉၊ ၂၂၁
ဝီလဆင်-မောင့် ၆၄

သ

သမိုင်းသင်္ချိုင်းစာ ၂
သရေးနယ် ၃၁၃
သီးဗီး ၁၂၈၊၁၅၁၊၁၆၂
သက်ရှိပေါ်လာတဲ့ကာလ လျှိုငှက် ၁၃
သက်ရှိပေါ်လာတဲ့ကာလ မျက်မြင် ၁၃
သော့ (သစ်တောက်ငှက်)နတ် ၁၁၇
သဘော်အိမ်မြောင် ၂၆၅
သတ္တဝါဖြစ်ပေါ်လာပုံ၊ ဘုရား ဟောအရ ၆၃၊၆၄၊၆၆၊၇၉
သတ္တဝါဖြစ်ပေါ်လာပုံ၊ သိပ္ပံပညာအရ ၇၊ ၉၊ ၁၆-၂၇၊ ၃၀၊ ၃၁-၃၃

-၃၅-၃၇၊ ၃၈၊ ၃၉၊ ၄၁၊ ၄၂-
၄၄၊ ၄၇၊ ၄၈
သတ္တုခေတ် ၁၀၂၊၁၁၄၊၁၆၈၊တွင်း ၁၃၃
သန္တာကောင် ၁၉၊၂၂
သံချပ်ကာရထား၊ အဆီးရီးယန် ၂၁၁ ၂၁၇
သံသတ္တုတွင်း ၂၇၇
သံလက်နက် ၁၅၀၊၂၁၁
သံလိုက်စက်ကွင်း ၆၂
သမ္ဘာကျမ်း (ဘိုင်ဘယ်-ရှု)
သိန္ဓု(သိန္ဓု) ၃၁၃

ဟ

ဟာမာဒန်း ၃၁၄
ဟာပဂေါ် ၃၀၇
ဟာရပ္ပ ၄၈
ဟီရော့ဒိုးတပ် ၁၄၄၊၃၂၁
ဟီအာရိုဂလစ် (အရုပ်စာ) ၁၂၉၊ ၁၃၀၊ ၁၃၂၊ ၁၃၇၊၁၆၇၊၂၆၂
ဟီးဘရူးလူမျိုး ၁၇၂၊ ၂၂၈-၂၃၄၊ ၂၃၅-၂၃၇၊၂၅၃-၂၅၇အဖမ်းခံ ၂၄၁၊ ၂၅၁၊ ၂၅၂၊ သံ ၂၄၅၊ တမန်တော်တွေ ၂၄၅-၂၅၁
ဟယ်လစ်မြစ် ၂၀၂၊ ၂၇၆၊ ၂၇၇
ဟယ်လီယိုပိုလစ်မြို့ ၁၂၀၊၁၂၈
ဟော့ပလိုက် ၃၂၃
ဟောရပ်(သိမ်းငှက်) နတ် ၁၁၉
ဟိုဗီးအား၊ တမန်တော် ၂၄၈
ဟိုမိုစေးပီးယန်း(ခေတ်လူသား) ၈၇
ဟိုမို-နီအန်ဒါ-သယ်လင်စစ် (နီအန်ဒါသယ်-လူ) ၈၁
ဟက်တူးရှား (ဘိုဂက်ကုအီ) ၂၈၁
ဟက်တိုင်နိုင်ငံ ၂၀၂၊၂၇၆၊၂၈၀
ဟက်ရှက်စု ဘုရင်မ ၁၄၈၊ ၁၄၉၊ ၁၅၅၊၁၅၆၊၁၅၇
ဟိုက်ဒယ်လဗတ်၊ ဂျာမဏီ ၃၄
ဟစ်ဆိုးဘုရင်တွေ ၁၅၀၊၁၅၄၊၁၅၅၊ ၂၃၀၊၂၉၀
ဟစ်တိုက်လူမျိုး ၁၆၅၊ ၁၇၄၊ ၁၉၅၊ ၁၉၈၊၂၀၀-၂၀၂၊၂၂၉၊၂၃၄၊ ၂၆၂၊၂၇၅
ဟစ်တိုက် အင်ပိုင်ယာ ၂၇၂-၂၉၄ ပထမ ၂၈၉၊ ၂၉၀၊ ဒုတိယ ၂၇၆၊ ၂၇၉၊ ၂၉၀-၂၉၃၊ အာရှမိုင်းနား ၂၇၆၊ ယဥ်ကျေးမှု၊ စကား ၂၇၈၊၂၇၉၊ အုပ်ချုပ်ရေး ၂၈၂၊ ၂၈၃၊ဘုရင် ၂၈၄၊၂၈၆၊ ၂၉၀-၂၉၃၊ မိန်းမ ၂၈၄၊ တပ်မတော် ၂၈၄၊ ၂၈၅၊လူမှုရေး ၂၈၅-၂၈၇၊ နတ် ၂၈၇-၂၈၈၊ ၂၈၉
ဟပ်စလီ ၅၁၊၅၂၊၆၃
ဟာမ်မူရာပီ ၁၈၉၊၁၉၁၊၁၉၃၊၁၉၅၊ ၁၉၆၊၁၉၈၊၂၉၀
ဟွိုင်၊ဖရက် ၄၊၅၊၆၅၊၆၈၊၇၅၊၃၅၀

ဠ

ဠင်းတနတ်သမီး (နီဒီဘက်-ရှု)

အ

အစာထုတ်ခေတ် ၉၉၊၁၀၄၊၁၁၄
အစာရှာခေတ် ၉၉၊၁၀၄၊၁၁၃
အဆီးရီးယန်လူမျိုး ၁၉၈၊ ၂၀၃၊ ၂၀၇၊၂၀၈၊၂၁၈၊ ၂၁၉၊၂၇၃၊ စစ်တပ် ၁၉၇၊၁၉၈၊၂၁၁၊၂၁၅၊ ၂၁၆၊ ၂၁၇၊ အရောင်းအဝယ် ၁၉၉

အဆီးရီးယန် အင်ပိုင်ယာ (အဆီးရီး ယား) ၁၆၈၊ ၁၇၃၊ ၁၈၇၊ ၂၀၀၊ ၂၀၂၊ ၂၀၄၊ ၂၇၈၊ မြို့တော် ၂၀၅၊ ၂၁၀၊ ၂၁၈၊ ၂၂၁၊ ဘုရင် ၂၀၄၊ ၂၀၆၊ ၂၀၈၊ ၂၁၃၊ ၂၁၄၊ ၂၁၇၊ ကျောက်နွားရုပ် ၂၀၆၊ လမ်း ၂၀၉၊ ကျောက်တူးမြောင်း ၂၀၇၊ ၂၁၂
အဆူးမြို့ ၁၇၃၊ ၁၈၇၊ ၂၀၂၊ ၂၀၄
အဆူဘာနီပေါ ၂၀၈၊ ၂၁၄၊ ၂၁၇
အတွန်နတ်မင်းကြီး ၁၆၀၊ ၁၆၃၊ ၂၄၂
အနုဘာစ်(ခွေးအ)နတ် ၁၁၉
အနုမြူ (အက်တမ်-ရှု)
အနစ်တာဘုရင် ၂၀၈
အနောက်အာရှ ၁၆၈၊ ၁၇၁၊ ၁၇၃၊ ၁၈၇၊ ၂၀၂၊ ၂၂၂၊ ၂၂၉၊ ၂၂၈၊ ၂၅၉၊ ၂၇၂၊ ၂၈၅
အပေါ်လို ၃၀၈
အဘူဆင်းဘယ်၊ ချူးဘီးယား ၁၆၅၊ ၁၆၆
အမားနားမြို့ ၁၂၉၊ ၁၆၂၊ ၁၆၃
အမဲလိုက်၊ ကမ္ဘာ့ဦးလူ ၈၂၊ ၈၃၊ ၁၁၃
အမင်ဟိုးတက်၊ ပထမမြောက် ၁၅၄
အမင်ဟိုးတက်၊ စတုတ္ထမြောက် (အစ်ခနတွန်) ၁၆၀၊ ၁၆၁၊ ၁၆၂ ၃၅၀၊ ၃၅၁
အမ္ဗိုရိုက်လူမျိုး ၁၇၂၊ ၂၀၂
အမွန်ရေး (ရေး-ရှု)
အရေးအသား ၁၂၈၊ ၁၃၀၊ ၁၃၂၊ ၁၆၇၊ ၁၇၆၊ ၁၈၃
အရံဂြိုဟ် ၇
အလက်ဇန္ဒာဘုရင် ၃၂၃၊ ၃၂၆
အလင်းရောင် ၅၊ ၆၀၊ ၆၁၊ နှစ် ၄
အာကဆုနသတ္တု (ဂရဲမီတေးရှင်း-ရှု)
အာကဆုနနယ် ၅၇၊ ၅၉
အာကာသ ၃၊ ၅၊ ၆၅၊ ၇၅၊ ၇၇
အာကီယောလောဂျီ (ရှေးဟောင်းသုတေသနဗေဒ) ၄၀၊ ၄၃၊ ၄၈
အာတာဖားနီး ၃၁၃
အာမဂက်ဒွန် (မယ်ဂစ်ဒိုး-ရှု)
အာမီးနီးယား ၂၇၆၊ ၃၁၄
အာရဒပ်မြို့ ၂၀၂၊ ၂၆၃
အာရီးမန် ၂၈၈
အာရေဗျ ၁၇၂၊ ၁၇၃၊ ၂၀၂၊ ၂၂၉၊ ၂၃၀၊ ၂၆၀၊ ၂၇၂၊ ၂၇၃
အာရပ်လူမျိုး ၁၇၂
အာရမီးယန် ၂၁၄၊ ၂၁၅၊ ၂၅၈၊ ၂၆၂၊ ၂၇၃
အာရမေးအစ် ဘာသာစကား ၂၆၁၊ ၂၆၂၊ ၃၁၉
အာရိယန်လူမျိုး ၄၉၊ ၂၇၃၊ ၂၈၅၊ ၂၈၆
အား ၅၇
အားမြို့နိုင်ငံ ၁၉၃၊ ၁၉၄၊ ၁၉၈၊ ၂၄၀
အားသရိပေါ့ သတ္တဝါ ၂၀၊ ၂၃
အီဂျစ်၊ နိုင်ငံမြစ် ၁၁၆၊ ၁၁၉၊ အထက် အောက် ၁၁၇၊ ၁၂၉၊ နတ် ၁၁၇-၁၁၈၊ ၁၂၁၊ ၁၂၂၊ (ပ) ပြည်ထောင်စု ၁၁၈-၁၃၂၊ ၁၂၀၊ စိုက်ပျိုးရေး ၁၂၃-၁၂၇၊ ၁၃၀၊ ၁၃၁၊ ပြက္ခဒိန် ၁၂၇-၁၂၈၊ ၃၁၉၊ အရေးအသား ၁၂၈-၁၃၂၊ ၁၃၆၊ (ဒု) ပြည်ထောင်စု ၁၃၃-၁၄၆၊ သတ္တုတွင်း လုပ်ငန်း ၁၃၃၊ ၁၃၅၊ အရောင်း အဝယ် ၁၃၅၊ ဗိသုကာ ၁၃၄၊ ၁၃၇၊ ၁၄၂၊ ၁၄၃၊ ပစ်ရမစ်ခေတ် ၁၃၄၊ ၁၃၅၊ ၁၃၉-၁၄၆၊ နယ်စား ခေတ် ၁၂၆၊

၁၄၆-၁၅၀၊ဟာစ်ဆိုး ၁၅၀၊၁၅၁၊ နယ်ချဲ့ခေတ် ၁၂၈၊ ၁၅၁-၁၆၇၊ ၁၈၃၊၂၀၁၊၂၀၂၊ ၂၀၅၊ ၂၂၉၊ ၂၃၁၊၂၆၁၊၂၆၂၊ ၂၇၉၊ ၂၉၁၊ ၂၉၂၊၃၀၆
အီဂျိအန် ပင်လယ် ၁၁၅၊ ၁၂၈၊ ၁၅၈၊၃၁၃
အီဆာဟက်ဒွန်ဘုရင် ၂၀၉၊ ၂၁၃၊ ၂၁၇
အီဇီကီးအယ်၊ တမန်တော် ၂၄၉၊ ၂၅၀
အီဇေးယ၊ တမန်တော် ၂၄၈၊ ၂၄၉
အီဗေါ်လျူးရှင်း (ဆင့်ကဲဖြစ်လာခြင်း) ၉၊၄၇၊၄၉
အီရန် ၂၉၆
အီရေးနီးယန်လူမျိုး ၂၉၆
အီလမ် ၁၇၃၊ ၁၈၆၊ ၁၈၉၊ ၂၀၂၊ ၂၉၇၊၃၀၄၊၃၀၉
အီလမ်မိုက်လူမျိုး ၁၈၉
အီအိုဆင်းယုဂ် (ပ- } သက်နှောင်း ကျောက်လွှာငယ်) } ၁၂၊၁၄၊၃၇
အေဘာရာဟမ် ၂၄၀၊ ၂၄၂၊ ကတိစာချုပ် ၂၄၅
အေဖိုးအစ် (သက်မဲ့) ကပ်/ကျောက်လွှာကြီး ၁၁၊၁၃၊၁၅၊၁၆
အေးဟက်ဘုရင် ၂၄၇
အယ်လိုင်ဂျာ ၂၄၇
အောရော့နွား ၉၀
အိုဆိုင်းရစ်နတ် ၁၂၁
အိုရန်းဦးတန်း ၂၈
အက်ကက် ၁၇၂၊၁၇၃၊၁၈၇၊၁၉၃၊ ၂၀၂၊၂၁၆
အက်ကက်ဒီးယန်လူမျိုး ၁၇၂၊၁၈၆၊ ၁၈၇၊ ၂၁၆၊ ၂၇၃
အက်ကီးမင်းနီ ၃၀၅
အက်ကီးမင်းနစ်မင်းဆက် ၃၀၅
အက်စထရွန်နောမီ ( နက္ခတ္တဗေဒ ) ၂၁၇၊၁၉၃၊၂၂၄၊၂၂၆
အက်စထရွန်နောမာ (နက္ခတ်ပညာရှင်) ၂၁၄၊၇၇
အက်တမ် (အနုမြူ) သီအိုရီ ၂၇၊၅၀၊ ၇၆
အက်ဘက်တနာ ၂၉၇၊ ၂၉၈
အက်ရှုန်းနာမြို့၊ ဘဂ္ဂဒက်မြို့အနီး ၁၇၅
အင်ဒရာဒေး ၅၁၊၆၃
အင်ဒို-ဥရောပ လူမျိုးတွေ ၂၀၀၊ ၂၁၆၊ ၂၇၃၊၂၇၄၊၂၇၇၊၂၇၈
အင်နားရှား (နေမြဲ) ၅၈
အင်မော်တယ် ၃၂၁၊၃၂၃
အင်လီ (လေ) နတ်သား ဝတ်ကျောင်း ၁၇၇၊၁၈၂၊ ၁၈၃
အင်ဟိုးတက်၊မိသုကာကြီး ၁၄၃
အိုင်စတိုင် ၅၆၊၅၇၊၆၀
အိုင်ယန်-ဗီရိုင်တီး (ကျောက်သံဒိုက်) (ဗဟန်းကျောက်) ၈၃
အစ်ခနတွန် (အမင်ဟိုးတက်၊ စတုတ္ထ မြောက်-ရှု)
အစ်ရှတာ (ဗီယ) နတ်သမီး ၁၉၂၊ မုခ်ဝကြီး ၂၂၃၊၂၂၅၊ ၂၂၇
အဇ္ဇရေး ၂၂၉၊၂၃၅၊၂၃၆၊ ၂၃၈၊ ၂၃၉၊၂၄၁၊၂၅၃၊၂၅၅
အန်သရိုပေါ်လောဂျီ (မနုဿဗေဒ) ၃၈၊၄၉

အန်သရိုပေါ်လောဂျစ် (မနုဿဗေဒ ပညာရှင်) ၃၀
အန်တီးအိုခပ်၊ စတုတ္ထမြောက် ၂၅၄
အန္တာတိုးလီယား ၂၀၂၊၂၇၆၊၂၇၇၊ ၂၉၂
အန္တာတိုးလီယန်လူမျိုး၊ ရှေး ၂၇၇
အန်ရှန် ၃၀၅
အိပ်စရေး ၅၃
အမ္ဘိုရိုက်လူမျိုး ၁၀၉၊၁၉၆၊၂၁၆

ဉ

ဥစ္ဆေဒဝါဒ ၉၊၂၀
ဥသျှောင်၊ မိုးပျံ (မိုးပျံဥသျှောင်-ရှု)

ဧ

ဧမော၊ တမန်တော် ၂၄၆၊၂၄၇
ဧမော၊ ဘုရင် ၁၄၇၊၁၅၀၊၁၅၄

ဩ

ဩဒိုမစ်ရှင် ယုဂ် (ဒု-ကျောက်လွှာခေတ်) သက်ဦး ၁၃၊ ၁၅၊ ၁၇-၂၀၊ ၂၁၊ ၂၂၊ ၄၂
ဩလီဂိုဆင်းယုဂ် (ဒု-ကျောက်လွှာခေတ်) သက်နှောင်း ၁၂၊ ၁၄၊ ၂၃၊၃၇၊၃၉


ပထမတွဲပြီးပြီ။